လောကသားအားလုံး၏ အကျိုးစီးပွားအတွက် ဟောကြားထားသော

# ပုံတော်စုံ ၃၈-ဖြာမင်္ဂလာဝတ္ထု

ဦးအောင်ညွန့်ဝင်း

ခင်ချိုထွန်း စာပေ
အမှတ်-၈၆၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

GRAPHIC NAY WINN AUNG 0973108398

လောကသားအားလုံးတို့ကြီးပွားချမ်းသာရေးအတွက်
ဟောကြားတော်မူခဲ့သော

# ပုံတော်စုံ
# ၃၈ - ဖြာ မင်္ဂလာဝတ္ထု

ဦးအောင်ညွှန့်ဝင်း

ခင်ချိုထွန်းစာပေ
အမှတ် ၈၆၊ ၃၇ လမ်း၊ ရန်ကုန်မြို့။

အမှတ် ၂၈၁၃၄၅

## ကျေးဇူးတင်လွှာ

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးကြသော ဦးကျော်လင်း (ဓမ္မာစရိယ၊ ပါဠိပါရဂူ)၊ ဦးအောင်ညွန့်(ဓမ္မာစရိယ)၊ ဦးသန်းဆွေ၊ ဦးမျှားနီ တို့အား လည်းကောင်း၊ ကွန်ပျူတာစာစီပေးသော မောင်မျိုးနှင့်အဖွဲ့အားလည်းကောင်း၊ ပန်းချီနေဝင်းအောင်၊ ကိုစိုးစံတို့အားလည်းကောင်း၊ ခင်ချိုထွန်းစာပေတိုက်မှ ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဦးသိန်းထွန်း
ခင်ချိုထွန်းစာပေ
အမှတ်(၈၆)၊ ၃၇-လမ်း၊ ရန်ကုန်မြို့။

စာမူခွင့်ပြုချက်အမှတ်-၆၀၀၆၂၄၀၇၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ်-၆၀၀၅၉၁၀၈၁၂

အုပ်ရေ - ၁၀၀၀
ထုတ်ဝေသည့်ကာလ - ၂၀၁၂-ခုနှစ်၊ ဩဂုတ်လ
အကြိမ် - ပထမအကြိမ်
တန်ဖိုး

ထုတ်ဝေသူ
ဦးမောင်မောင်မြင့်အေး
လာဘ်မိုးဆွေစာပေ
အမှတ်-၂၀၅၊ ဗိုလ်တောက်ဂျ-လမ်း၊ အင်းစိန်၊ ရန်ကုန်။

အဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးသိန်းထွန်း(၀၄၈၂၂)၊ သိန်းထွန်းအော့ဖ်ဆက်
အမှတ်-၅၀/၅၂၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်း၊
တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၁-၅၄၂၀၅၆

"ထုတ်ဝေသည့် ကတ်တလောက်အညွှန်း"(CIP)

ဦးအောင်ညွန့်ဝင်း၊ 294.3

၃၈-ဖြာ မင်္ဂလာဝတ္ထု
လာဘ်မိုးဆွေစာပေ၊ ပထမအကြိမ်၊ ၂၀၁၂
၄၀၀ - စာ၊ ၁၆½ x ၂၄ စင်တီ
(၁) ၃၈-ဖြာ မင်္ဂလာဝတ္ထု

- ခင်ချိုထွန်းစာပေ -
အမှတ်(၈၆)၊၃၇-လမ်း၊ရန်ကုန်မြို့။
ဖုန်း-၀၁-၅၄၂၀၅၆၊၀၁-၅၄၀၅၆၅

- ဖြန့်ချိရေး -
သန်းမြင့်မြင့်ပိဋကတ်စာအုပ်ဆိုင်၊
အမှတ်(၃၇)၊ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊ရန်ကုန်မြို့။
ဖုန်း-၀၁-၃၈၃၅၁၁၊လိုင်းခွဲ-၁၇၅၊
၀၉-၅၀၉၉၃၇၆

# မင်္ဂလာနိဒါန်း

မင်္ဂလာသည် ရှေးလွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက လူနတ်ဗြဟ္မာတို့ အလွန်အလိုရှိသော "အရာတစ်ခု"ဖြစ်ခဲ့သည်၊ အလိုရှိခဲ့သဖြင့်လည်း မင်္ဂလာနှင့်စပ်လျဉ်း၍ အမျိုးမျိုးငြင်းခုန်နေခဲ့ကြသည်၊ အချို့က မိမိမြင်လို၊ တွေ့လိုသော အရာဝတ္ထုစသည်ကို မြင်ရခြင်း၊ တွေ့ရခြင်းသည် မင်္ဂလာဟု ဆိုခဲ့ကြသည်၊ ယင်းကို "ဒိဋ္ဌ"မင်္ဂလာဟု သတ်မှတ်ကြသည်၊ အချို့က မိမိကြားလိုသောအသံ စသည်ကို ကြားရခြင်းကသာ မင်္ဂလာဟု သတ်မှတ်ကြသည်၊ ယင်းကို "သုတ" မင်္ဂလာဟု သတ်မှတ်ကြသည်။

အချို့ကမူ ထိုနှစ်မျိုးလုံးကို လက်မခံ၊ မိမိခံစားလိုသည်ကို ခံစားရခြင်းသည်သာ မင်္ဂလာဟု သတ်မှတ်ကြသည်၊ ယင်းကို "မုတ"မင်္ဂလာဟု သတ်မှတ်ခဲ့ကြသည်။

သို့ရာတွင် မည်သူ၏မည်သည့်သတ်မှတ်မှုကိုမျှ အများက သဘောမတူ၊ "မင်္ဂလာ"ဟု သတ်မှတ်ခြင်းမပြု၊ တစ်ယောက်တစ်မျိုးစီသာ ဖြစ်နေခဲ့ကြသည်။

## မင်္ဂလာငြင်းခုန်မှု ကျယ်ပြန့်လာပြီ

ဤသို့ မတူမညီဖြစ်နေကြရာမှ မင်္ဂလာနှင့်စပ်လျဉ်းသော ငြင်းခုန်မှုမှာ တစ်စထက်တစ်စ ကျယ်ပြန့်လာခဲ့သည်၊ လူများမှတစ်ဆင့် နတ်များ၊ နတ်များမှ တစ်ဆင့် ဗြဟ္မာများအထိ ကျယ်ကျယ်ပြန့်ပြန့် ငြင်းခုန်လာကြသည်၊ သို့သော် အများသဘောတူလက်ခံနိုင်သော မင်္ဂလာကို မည်သူမျှအဖြေမထုတ်နိုင်ကြပေ၊ နောက်ဆုံးသိကြားမင်းထံမေးကြပြန်သည်၊ သိကြားမင်းသည်လည်း လူနတ်ဗြဟ္မာတို့ အများသဘောကျလက်ခံနိုင်သော မင်္ဂလာကို ရှာဖွေမပေးနိုင်ခဲ့ပေ။

(၁)

# မင်္ဂလာနိဒါန်း

## အတ္တပရအကျိုးနှစ်ပါးရှိမှ မင်္ဂလာ

သို့ဖြင့် လူ့လောက၊ နတ်လောကနှင့် ဗြဟ္မာလောကဟူသော လောက သုံးပါး၏ "အထွတ်အထိပ်"ဖြစ်တော်မူသော ဘုရားရှင်ထံ နတ်သားတစ်ပါးက သွားရောက်လျှောက်ထားမေးမြန်းသည်၊ ထိုအခါ ဘုရားရှင်က ယခုသတ်မှတ် နေကြသော ဒိဋ္ဌ၊ သုတနှင့် မုတတို့သည် မင်္ဂလာများ မဟုတ်ကုန်၊ မင်္ဂလာ ဟူသည် လောကအကျိုး၊ တမလွန်အကျိုးကိုပါ ဖြစ်စေနိုင်ရမည်၊ မကောင်းမှု ကို ဖျက်ဆီးနိုင်ရမည်၊ လိုက်နာပြုကျင့်သူတို့အတွက် အတ္တ၊ ပရနှင့် ပစ္စုပ္ပန် သံသရာ အကျိုးနှစ်ပါးလုံး ရှိစေနိုင်ရမည်၊ ထိုသို့သော တရားများမှသာ မင်္ဂလာဟု မိန့်ကြားတော်မူလျက် သုံးဆယ့်ရှစ်ဖြာသော မင်္ဂလာတရားကို ဟောကြားတော်မူသည်။

ဘုရားရှင်ဟောကြားသော သုံးဆယ့်ရှစ်ဖြာမင်္ဂလာကို အားလုံးတစ်ခု တည်း၊ တစ်မျိုးတည်း ပြုလျက် မင်္ဂလသုတ်ဟု စုစည်းထားခဲ့ကြသည်၊ မင်္ဂလ သုတ်သည် သုတ္တန္တပိဋကတ်တော်၌ ပါဝင်သည်။

## မင်္ဂလာ၏အဓိပ္ပာယ်

လူနတ်ဗြဟ္မာဟူသော သုံးလောကသားတို့ အလွန်သိချင်နေခဲ့သော၊ အပြင်းအထန်ငြင်းခုန်လျက် အဖြေရှာနေခဲ့ကြသော မင်္ဂလာဟူသည် အဘယ် နည်း၊ မင်္ဂလာ၏ အဓိပ္ပာယ်ကို အများသူငါတို့ လွယ်ကူစွာမှတ်နိုင်၊ သိနိုင် စေရန် ပညာရှင်တို့က ဤသို့ သတ်မှတ်ပေးခဲ့ကြသည်၊ **"ကြီးပွားချမ်းသာ၊ ကြောင်းများစွာ၊ မင်္ဂလာဟုခေါ်"** ဤဆောင်ပုဒ် လင်္ကာအရ မင်္ဂလာဟူ သည် "ကြီးပွားချမ်းသာကြောင်းတရား"များကို မင်္ဂလာဟု ခေါ်ကြောင်း လွယ်ကူစွာ သိနိုင်ပေပြီ။

## မင်္ဂလသုတ်၏အဓိပ္ပာယ်

မင်္ဂလသုတ်၏အဓိပ္ပာယ်ကိုအလွယ်တကူသိမှတ်နိုင်ရန်အတွက်အောက်ပါ ရှင်းလင်းပေါ်လွင်သော ကဗျာလင်္ကာကလေးဖြင့် မှတ်သားထားနိုင်ပါသည်၊

**"ချမ်းသာကြီးပွား၊ အကြောင်းများကို၊ ပြထားဖော်ထုတ်၊ တရားကြုတ်၊ မင်္ဂလသုတ်ဟုခေါ်"၊** ရှင်းလွန်း၊ ပေါ်လွင်လွန်းကာ သိသာလှသော လင်္ကာ ဖြစ်သဖြင့် အဓိပ္ပာယ်ကိုပင် ရှင်းပြ ရေးပြစရာမလိုသော ကဗျာကလေး ဖြစ်ပါသည်။

မင်္ဂလာသည် ၃၈-မျိုးရှိသည်၊ ထိုသုံးဆယ့်ရှစ်မျိုး စလုံးသော မင်္ဂလာကို တန်ဖိုးမဖြတ်နိုင်သော "ရွှေကြုတ်"နှင့်တူသည့် မင်္ဂလသုတ်အဖြစ် စုစည်းပြဆိုထားသည်၊ ဤရွှေကြုတ်ကို ဖွင့်ကြည့်လိုက်လျှင် သုံးဆယ့်ရှစ်ဖြာမင်္ဂလာကို တွေ့ရမည်။

လောကီအရေးများဖြစ်သော လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးစသည်တို့တွင် အဆင့်အတန်းမြင့်မြင့် အထက်တန်းကျကျ နေလိုသူတို့သည် ဤမင်္ဂလာရွှေကြုတ်ကို ဖွင့်ကြည့်ရပေမည်၊ ဖွင့်ကြည့်လိုက်လျှင် ထိုအရေးပေါင်းစုံတို့၌ အထက်တန်းကျကျ နေနိုင်စေသောနည်းများ၊ အကျင့်များကို တွေ့ရပေမည်၊ တွေ့လျှင်တွေ့သည့်အတိုင်း လက်တွေ့ ကျင့်သုံးကြည့်ပါ၊ ဘဝတစ်လျှောက်၌ အောင်ပွဲများ တစ်ခုပြီးတစ်ခုရမည်ဟု မင်္ဂလသုတ်နိဂုံး၌ ပြဆိုထားသည်။

## စီစဉ်ဖော်ပြထားပုံ

ဤ ပုံတော်စုံ ၃၈-ဖြာ မင်္ဂလာဝတ္ထုစာအုပ်တွင် မင်္ဂလာတရားများကို အောက်ပါအတိုင်း စီစဉ်ဖော်ပြ ရေးသားထားပါသည်။

သုံးဆယ့်ရှစ်ဖြာသော မင်္ဂလာများကို မင်္ဂလသုတ်လာ ဂါထာတစ်ပုဒ်စီ အလိုက် အရေအတွက် ထုတ်ပြထားသည်၊ ထုတ်ပြထားသော မင်္ဂလာ၏ အဓိပ္ပာယ်ကို သိလွယ်မှတ်လွယ်စေရန် ပညာရှင်တို့ စပ်ဆိုထားသော ကဗျာလင်္ကာဖြင့် ဖော်ပြပေးသည်၊ အဓိပ္ပာယ်ပိုမိုရှင်းလင်းစေရန် စကားပြေဖြင့်လည်း ထပ်မံရေးပြသည်။

ထို့နောက် မင်္ဂလာတစ်မျိုးစီနှင့် သက်ဆိုင်သော ပုံဝတ္ထုများကို ဓမ္မပဒ၊ ဇာတ်တော် ငါးရာ့ငါးဆယ်၊ ရာဇဝင်၊ မဟာဝင်နှင့် ဟိတောပဒေသ စသည်တို့မှ ဝတ္ထု၏ကျောရိုးကိုယူကာ ဖတ်ချင်စဖွယ်ဖြစ်အောင် တန်ဆာဆင် ရေး

သားဖော်ပြသည်၊ ဤသို့ရေးပြရာ၌ မင်္ဂလာနှင့်အညီ လိုက်နာ၊ ကျင့်ကြံနေထိုင်သူတို့ ရရှိနိုင်သောကောင်းကျိုးများ၊ မင်္ဂလာနှင့်အညီ လိုက်နာ၊ ကျင့်ကြံနေထိုင်ခြင်းမပြုသူတို့ ခံစားရနိုင်သည့် ဆိုးကျိုးများကိုလည်း သိသာပေါ်လွင်အောင် ဝတ္ထုကြောင်းများဖြင့် တွဲလျက်ဖော်ပြထားသည်။

ဤသို့ဖော်ပြခြင်း၏ ရည်ရွယ်ချက်မှာ မင်္ဂလာ၏တန်ဖိုးကိုသိ၍ မင်္ဂလာရှိအောင် လုပ်ကိုင်၊ ကြံစည်နေထိုင်တတ်စေရန်ဖြစ်သည်။

## မင်္ဂလာအမျိုးမျိုး

မင်္ဂလာသည် အစဉ်အလာအရ၊ ဓလေ့ထုံးတမ်းအရ၊ ဒေသအရ၊ လူမျိုးတို့၏ယဉ်ကျေးမှုအရ အမျိုးမျိုးသတ်မှတ်ထားသည်များ ရှိသည်၊ ဥပမာအားဖြင့် ဝိဇာတမင်္ဂလာခေါ် မွေးနေ့မင်္ဂလာ၊ နားထွင်းမင်္ဂလာ၊ လက်ထပ်မင်္ဂလာ၊ အိမ်တက်မင်္ဂလာ စသည်တို့ ဖြစ်ကြသည်၊ ထိုမင်္ဂလာများမှာ လူနတ်ပြဟ္မာအားလုံး လက်ခံ ကျင့်သုံးနိုင်သော မင်္ဂလာများမဟုတ်ကြပေ။

မင်္ဂလသုတ်လာ သုံးဆယ့်ရှစ်ဖြာမင်္ဂလာမှာမူ လူသားအားလုံးတို့ အသက်အရွယ်မရွေး၊ လူမျိုးမရွေး၊ ဘာသာမရွေး၊ ဒေသမရွေး၊ လူ့အဆင့် အတန်းမရွေး အားလုံးလိုက်နာကျင့်သုံးနိုင်သည့် မင်္ဂလာဖြစ်သည်၊ ထို့ကြောင့်ပင် ကမ္ဘာ့ဒေသအသီးသီးရှိ ပညာရှင်တို့က မိမိတို့ဘာသာစကားများဖြင့် မင်္ဂလာကို ဘာသာပြန်ဆို ရေးသားဖော်ပြနေကြခြင်းဖြစ်သည်။

အထူးသဖြင့် သားသမီးများကို လိမ္မာစေလိုလျှင်၊ လူတော် လူကောင်းဖြစ်စေလိုလျှင်၊ မိမိအကျိုးကိုရော သူတစ်ပါးအကျိုးကိုပါ သိတတ်သူ၊ ရွက်ဆောင်သယ်ပိုးတတ်သူဖြစ်စေလိုလျှင် ဤသုံးဆယ့်ရှစ်ဖြာသော မင်္ဂလာများကို သင်ကြားပေးပါ၊ နားလည်လိုက်နာကျင့်သုံးသူဖြစ်အောင် လေ့ကျင့်ပေးပါဟု တိုက်တွန်းလိုပါသည်။

အဘယ့်ကြောင့် ဤသို့ တိုက်တွန်းရပါသနည်း၊ သုံးဆယ့်ရှစ်ဖြာသော မင်္ဂလာတို့တွင် ပေါင်းသင်းဆက်ဆံရေး မင်္ဂလာ ၃-ပါး၊ နေထိုင်ရေးမင်္ဂလာ

၃-ပါး၊ သင်ကြားမှုဆိုင်ရာ မင်္ဂလာ ၄-ပါး၊ မိဘစသည်ကို ပြုစုရေးမင်္ဂလာ ၃-ပါး၊ လိုက်နာကျင့်ကြံရေးမင်္ဂလာ ၄-ပါး၊ ရှောင်ကြဉ်ရေးမင်္ဂလာ ၄-ပါး၊ စိတ်ထားကောင်းမွန်ရေးမင်္ဂလာ ၅-ပါး၊ စိတ်ထိန်းကျောင်းရေးမင်္ဂလာ ၄-ပါးနှင့် စိတ်ဓာတ်ကို ကြံ့ခိုင်စေရေးမင်္ဂလာ ၄-ပါးတို့ ပါဝင်သောကြောင့်ဖြစ်ပါသည်။

## လောကီ၊ လောကုတ်မင်္ဂလာ

အမှတ်စဉ် ၁ မှ ၂၁ အထိကို အခြေခံ လောကီကြီးပွားရေးမင်္ဂလာ၊ အမှတ်စဉ် ၂၂ မှ ၃၀ အထိကို အထက်တန်းလောကီကြီးပွားရေးမင်္ဂလာနှင့် အမှတ်စဉ် ၃၁ မှ ၃၈ အထိကို အမြတ်ဆုံး လောကုတ္တရာချမ်းသာ ရရှိရေးမင်္ဂလာဟူ၍လည်း ခွဲခြားသတ်မှတ်ထားကြပါသည်။

မင်္ဂလာဂါထာတစ်ပုဒ်စီကို အဓိပ္ပာယ်ရှင်းပြ၊ ဝတ္ထုကြောင်းဖော်ပြပြီးတိုင်း ပညာရှင်တို့၏မှတ်သားဖွယ်စာပေကဗျာလင်္ကာတို့ကိုလည်း စာအုပ်စာပေအမျိုးမျိုးတို့မှ ရွေးချယ်ကောက်နုတ် စုဆောင်းဖော်ပြပေးထားသည်၊ မင်္ဂလာတို့၏ အဓိပ္ပာယ်များ စိတ်ထဲစွဲကာ ကွက်ကွက်ကွင်းကွင်း မြင်စေရန် လိုအပ်သောနေရာတို့၌ ပန်းချီပုံများကိုလည်း ရေးဆွဲထည့်ပေးထားသည်။

မိမိတို့၏ ဘဝတစ်လျှောက်လုံးတွင် မင်္ဂလာရှိရှိ၊ ကျက်သရေရှိရှိနှင့် အထက်တန်းကျကျ နေလိုလျှင်၊ မိမိ မိသားစုတစ်ခုလုံး မင်္ဂလာ ရှိလိုလျှင်၊ မိမိနေထိုင်ရာဒေသ၊ မြို့ရွာ၊ နိုင်ငံနှင့်တစ်ကမ္ဘာလုံးပါ မင်္ဂလာကျက်သရေ ရှိစေလိုလျှင် သုံးဆယ့်ရှစ်ဖြာ မင်္ဂလာကို သိအောင်လုပ်ပါ၊ သိသည့်အတိုင်း လိုက်နာကျင့်သုံးပါ။ ထိုအခါ မိမိနှင့်တကွ ပတ်ဝန်းကျင်တစ်ခုလုံး၊ တစ်ကမ္ဘာလုံး မင်္ဂလာရှိလာပါလိမ့်မည်၊ မင်္ဂလာရှိလာသည်နှင့်အညီ အေးချမ်းမှုလည်း အပြည့်အဝ ရရှိခံစားလာရပါလိမ့်မည်။

ဦးအောင်ညွန့်ဝင်း
(၂၂-၁၂-၂၀၁၁)

# ကောလင်းမှ အရှင်မာဃဒေဝရဲ့ပေးစာ

Date ၃-၂-၂၀၀၂

သို့

မင်းချိုထွန်းစာပေ -

[illegible]

ဘာကြောင့်လဲဆိုတော့ - ဘုန်းကြီးတို့ မင်းချိုထွန်းစာပေက [illegible]

[illegible]

ဘုန်းကြီးတို့ မင်းချိုထွန်းစာပေ [illegible]

[illegible]

ဘုန်းကြီးတို့ကတော့ မင်းချိုထွန်း - ဆိုတဲ့ [illegible]

[illegible]

[illegible]

မင်းချိုထွန်းစာပေသို့ [illegible]

[illegible] မာဃဒေဝ (ကောလင်း)

[illegible]

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | ဥယျာဉ်မှူးအသစ်၏လုပ်ရပ်များ | ... | ၁၆ |
| | ဥယျာဉ်မှူးဟောင်းကို ဖယ်ပြီ | ... | ၁၆ |
| | တမာ၊ ခွေးတောက်တို့ စိုက်ပြီ | ... | ၁၆ |
| | ပတ်ဝန်းကျင်ကြောင့် ပျက်စီးရပုံ | ... | ၁၇ |
| | အမတ်ကြီး၏ အကြံပေးချက် | ... | ၁၇ |

| | | |
|---|---|---|
| **ပညာရှိကြောင့် ဘေးမှလွတ်သူများ** | ... | ၁၈ |
| ပညာရှိလှည်းမှူးကြောင့် | ... | ၁၉ |
| အဆိပ်ပင်ဟု သိနိုင်သော အကြောင်းနှစ်ခု | ... | ၂၀ |
| **ဆုံးမစကားလိုက်နာသူ ရကွစိုးများ** | ... | ၂၀ |
| လေဒဏ်မိုးဒဏ်ခံရပြီ | ... | ၂၁ |
| **ယစ်ပူဇော်ခံရမည့်ဘေးမှ လွတ်သူများ** | ... | ၂၂ |
| တာဝန်ကျေပွန်သည်ကို မင်းကြီး မကြိုက် | ... | ၂၃ |
| ဒါနကို အမျှဝေလျက် တိုင်တည် | ... | ၂၃ |
| အမျှဝေသံကြား၍ | ... | ၂၄ |
| ဒု-သ-န-သော အသံများအကြောင်း မေးမိ | ... | ၂၄ |
| နောင်တလည်းရ၊ ဖမ်းထားသူများလည်းလွတ် | ... | ၂၅ |
| ဘုရားရှင်အား ဓမ္မပူဇာဖြင့် ပူဇော်သူ | ... | ၂၆ |
| ရဟန္တာတို့ သံဝေဂပွားကြပြီ | ... | ၂၆ |
| ဓမ္မပူဇာဖြင့် ပူဇော်မည် | ... | ၂၇ |
| ဘုရားရှင်၏ ဩဝါဒ | ... | ၂၇ |
| **ဘုရားရှင်အား အာမိသပူဇာဖြင့် ပူဇော်သူ** | ... | ၂၈ |
| ရေနွေးကျိုရောင်းသူ ပုဏ္ဏား | ... | ၂၈ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
| --- | --- | --- |
| ပုဏ္ဏားကြီးဝမ်းသာ | ... | ၂၉ |
| ပုဏ္ဏားကြီးသိလိုသည်များ | ... | ၂၉ |
| **သံဃာတော်တို့အား ပူဇော်သူဒါသီကျွန်မ** | ... | ၃၁ |
| ကျွန်မကို တာဝန်ပေးထားပြီ | ... | ၃၁ |
| ကျွန်မ သောတာပန်ဖြစ်ပြီ | ... | ၃၁ |
| **မပူဇော်သင့်သူကို ပူဇော်သူ** | ... | ၃၃ |
| မပူဇော်သင့်သူကို ပူဇော်မိလျှင် | ... | ၃၃ |
| ဘဒ္ဒိယစသူတို့ တရားရကြသော်လည်း | ... | ၃၄ |
| ဒါနနှင့်သီလအကြောင်း အမှန်သိလာကြပြီ | ... | ၃၄ |
| ဒေဝဒတ်ကို အထင်ကြီးသွားပြီ | ... | ၃၆ |
| ငါလည်း ဘုရားလုပ်မည် | ... | ၃၆ |
| ပထမဦးဆုံး ရန်ငြိုး | ... | ၃၇ |
| ဒေဝဒတ်မြေမျိုခံရသော် | ... | ၃၈ |
| **အသက်စွန့်ပူဇော်သူ မျောက်ညီနောင်** | ... | ၃၉ |
| အဇာတသတ်၏ မျိုးဆက် ၅ ခု | ... | ၃၉ |
| မိခင်ကြီး ပိန်ကြုံအားနည်းလာ၍ | ... | ၄၀ |
| မိခင်နှင့် အတူနေပြီ | ... | ၄၀ |
| ငါ့အသက်ဖြင့် မိခင်ကိုပူဇော်မည် | ... | ၄၂ |
| ငါ့မိခင်ကို အသက်ချမ်းသာပေးပါ | ... | ၄၂ |
| မုဆိုးလည်း သေပြီ | ... | ၄၂ |
| **ပညာရှင်တို့၏ စာပေစကား** | ... | ၄၃ |

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | မင်္ဂလာနိဒါန်း | | (က) |
| ၁။ | ပထမဦးဆုံးဂါထာဖြင့် ဟောကြားသည့် မင်္ဂလာတရား သုံးပါး | ... | ၁ |
| | ဗာလနှင့် ပဏ္ဍိတတို့၏ အဓိပ္ပာယ် | ... | ၂ |
| | ပုဂ္ဂိုလ်လေးမျိုးနှင့် ပူဇော်နည်း နှစ်မျိုး | ... | ၃ |
| | ဗာလကို မမြင်လိုသူ အကိတ္တိရသေ့ကြီး | ... | ၄ |
| | သိကြားမင်းနေရာ မြကျောက်ဖျာတင်းလာပြီ | ... | ၄ |
| | ဗာလ၏သဘောကို ရှင်းပြခြင်း | ... | ၅ |
| | သိကြားမင်း သူ့နေရာသို့ ပြန်သွားပြီ | ... | ၇ |
| | ကျေးသားဗာလနှင့် ကျေးသားပဏ္ဍိတ | ... | ၈ |
| | ပဉ္စာလမင်းကြီးအုပ်စိုးစဉ် | ... | ၈ |
| | တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး | ... | ၉ |
| | ရွှေသမင်ဘယ်ကထွက် စကားပုံဖြစ်ပေါ်လာပြီ | ... | ၁၀ |
| | အန္တရာယ်ကြီးသောနေရာ | ... | ၁၁ |
| | ယဉ်ကျေးစွာဖြင့် ကျေးသားကကြိုပြီ | ... | ၁၂ |
| | ဗာလနှင့်ပဏ္ဍိတတို့ မတူညီကြ | ... | ၁၃ |
| | သတ္တိဂုဏ်မွကျေးသား သေရှာပြီ | ... | ၁၄ |
| | သက်မဲ့အပင်တို့ ပျက်စီးရပုံ | ... | ၁၅ |
| | ကိုယ်တိုင်လည်းသုံးဆောင်၊ လက်ဆောင်လည်းပေး | ... | ၁၇ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂။ | ဒုတိယဂါထာဖြင့် ဟောကြားသည့် | |
| | မင်္ဂလာတရား သုံးပါး ... | ၄၆ |
| | စကားလုံးတို့ အဓိပ္ပာယ် ... | ၄၇ |
| | ပတိရူပဒေသ အမျိုးမျိုး ... | ၄၈ |
| | ကိုတံငါအတွက် ပတိရူပဒေသ ... | ၄၈ |
| | ဘုရားရှင်နှင့် ကိုတံငါတို့ ဆုံမိကြပုံ ... | ၄၉ |
| | တပည့်တော်၏အမည် အရိယာပါ ... | ၅၀ |
| | သူ့အသက်သတ်သူအတွက် မကောင်းကျိုးများ ... | ၅၀ |
| | ကိုတံငါ သောတာပန်ဖြစ်ပြီ ... | ၅၁ |
| | မှတ်သားရန်လင်္ကာ ... | ၅၂ |
| | ဘီလုံးငှက်၏ ပတိရူပဒေသ ... | ၅၂ |
| | ဘီလုံးငှက်ပြောစကား ... | ၅၃ |
| | သိန်းငှက်သေရှာပြီ ... | ၅၃ |
| | မနေအပ်သော ဒေသနေ၍ အသက်ဆုံးရသူများ ... | ၅၄ |
| | သဘော်ပျက်၍ ရေမျောလာရာ ... | ၅၅ |
| | ဘီလူးမတို့နေရာဖြစ်သည် ... | ၅၅ |
| | အနုတ္တရိယတရား ၆-ပါး ... | ၅၆ |
| | ဝက္ကလိမထေရ် ... | ၅၇ |
| | ဂိဇ္ဈကုဋ်တောင်ပေါ်တက်ကာ ... | ၅၈ |
| | ပုဗ္ဗေစကတပုညတာ မင်္ဂလာ ... | ၅၉ |
| | ကံလေးမျိုးနှင့်အဓိပ္ပာယ် ... | ၅၉ |
| | အတိတ် ကုသိုလ်ကြောင့် နတ်သမီးဖြစ်ရသူ ... | ၆၀ |
| | လာဇာနတ်သမီး ... | ၆၀ |
| | သဒ္ဓါတရားကြွယ်ဝသူလေး ... | ၆၀ |
| | နောက်ထပ်မလာနှင့် ... | ၆၂ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | ပြုခဲ့သော ကောင်းမှုမရှိသူ မင်းယုတ် | ... | ၆၃ |
| | ဆင်ကိုသတ်ရန် မင်းကြီးအကြံ | ... | ၆၄ |
| | ချောက်ကမ်းပါးအတွင်းသို့ ကျစေရန် | ... | ၆၄ |
| | ကောင်းကင်သို့ ပျံတက်ကာရပ်နေပြီ | ... | ၆၆ |
| | ထိန်းသိမ်းစောင့်ရှောက်တော်မူပါ | ... | ၆၇ |
| | အတ္တသမ္မာပဏိဓိမင်္ဂလာ | ... | ၆၈ |
| | မိမိကိုယ်ကို ကောင်းစွာမထားခဲ့သူ ဗောဓိမင်းသား | ... | ၆၈ |
| | ပညာကျော်တို့ ချီးကျူးရသော ပြာသာဒ် | ... | ၆၈ |
| | ရောင်းရင်းတော့ ဟုတ်၏၊ သို့သော် | ... | ၆၉ |
| | ဂဠုန်ပျံစီးပြီး ထွက်ပြေးကြပြီ | ... | ၇၀ |
| | အစိုးအဝန်ဖြင့် ပြာသာဒ်ဖွင့်ပွဲလုပ် | ... | ၇၀ |
| | ဗောဓိမင်းသား၏ အကုသိုလ်ကံ | ... | ၇၁ |
| | ပညာရှင်တို့၏ စာပေစကား | ... | ၇၂ |
| ၃။ | တတိယဂါထာဖြင့်ဟောကြားသည့် | | |
| | မင်္ဂလာတရား လေးပါး | ... | ၇၄ |
| | စကားလုံးတို့၏ အဓိပ္ပာယ် | ... | ၇၅ |
| | အကြားအမြင်နှင့်ပြည့်စုံ၍ မိဖုရားဖြစ်သူ | ... | ၇၅ |
| | အသပြာငါးရာ တောင်းပြီ | ... | ၇၆ |
| | ဘုရင့်အမိန့်တော် | ... | ၇၈ |
| | ပုဏ္ဏားခုနစ်ယောက် လက်ခံယူပါ | ... | ၇၉ |
| | တရားစီရင်မှု ပြန်ပြင်ပေးပြီ | ... | ၇၉ |
| | အကြား၊ အမြင်၊ အသိနည်းသူများ | ... | ၈၀ |

## မာတိကာ

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|


| | သိပ္ပမင်္ဂလာ | ... | ၈၀ |
|---|---|---|---|
| | သူဌေးသားဘဝမှ တောင်းစားသူဘဝ ရောက်ရသူ | ... | ၈၁ |
| | မိဘတို့ပေးထားခဲ့သော ပညာမရှိ | ... | ၈၁ |
| | ကဇော်မူး၍ ဣစ္ဆာသယအိုးကို ရိုက်ခွဲလိုက်ပြီ | ... | ၈၃ |
| | ဝိနယောစ သုသိက္ခိတမင်္ဂလာ | ... | ၈၃ |
| | စည်းကမ်းသည် လူ့တန်ဖိုး | ... | ၈၄ |
| | အရပ်မျက်နှာ ရှိခိုးသူ သိင်္ဂါလသတို့သား | ... | ၈၅ |
| | ဘုရားရှင်က ရှင်းပြပုံ | ... | ၈၅ |
| | သိင်္ဂါလသတို့သား ကွယ်လွန်သော် | ... | ၈၇ |
| | သုဘာသိတဝါစာမင်္ဂလာ | ... | ၈၇ |
| | စကားအရာ အင်္ဂါ လေးတန် | ... | ၈၈ |
| | စကားခြောက်ခွန်း လူ့ဦထွန်း | ... | ၈၈ |
| | အပြောကြမ်း၍ လောင်းကြေးရှုံးရသူ | ... | ၈၉ |
| | လောင်းကြေးနှင့်လှည်းများ ပြင်ဆင်ထားပြီ | ... | ၉၀ |
| | ငါ့သားအလိမ္မာ ငါ့ကျေးဇူးဆောင်ပေးပါ | ... | ၉၂ |
| | ပညာရှင်တို့၏ စာပေစကား | ... | ၉၃ |
| ၄။ | စတုတ္ထဂါထာဖြင့်ဟောကြားသည့် မင်္ဂလာတရား သုံးပါး | ... | ၉၅ |
| | မိဘတို့၏ ဂုဏ်ရည် | ... | ၉၆ |
| | အကောင်းဆုံး ကျေးဇူးဆပ်နည်း | ... | ၉၇ |
| | သားသမီးဝတ္တရား ငါးပါး | ... | ၉၇ |
| | ဆောင်ပုဒ်လင်္ကာ | ... | ၉၈ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | ကြွေးဟောင်းဆပ်၊ ကြွေးသစ်ချပြီး ရွှေအိုးမြှုပ်သူ | ... | ၉၈ |
| | စားလည်းစား၊ သယ်လည်းသယ်သူ ကျေးမင်း | ... | ၉၈ |
| | နောင်လည်းလာပါ | ... | ၁၀၁ |
| | ယနေ့ကား မင်္ဂလာရှိပေစွ | ... | ၁၀၁ |
| | မိဘကို မပြုစုဘဲ ပစ်ထားသူများ | ... | ၁၀၂ |
| | သားသမီးတို့အိမ် သွားနေသောအခါ | ... | ၁၀၂ |
| | ပရိဗိုဇ်ဘဝဖြင့် ဆွမ်းခံစားနေပြီ | ... | ၁၀၃ |
| | သောတာပန်ဖြစ်ကြပြီ | ... | ၁၀၅ |
| | | | |
| | ပုတ္တဒါရဿ သင်္ဂဟ မင်္ဂလာ | ... | ၁၀၅ |
| | မိဘတို့ ဝတ္တရား ငါးပါး | ... | ၁၀၅ |
| | သားအမျိုးမျိုးရှိသည် | ... | ၁၀၆ |
| | ပဏ္ဍာရဇာတ်လာ သားသုံးမျိုး | ... | ၁၀၆ |
| | အမွေမခံထိုက်သော သားများ | ... | ၁၀၇ |
| | လင့်ဝတ္တရား ငါးပါး | ... | ၁၀၇ |
| | ဆောင်ပုဒ်လင်္ကာ | ... | ၁၀၇ |
| | လင်ရှစ်မျိုး | ... | ၁၀၈ |
| | မယားအမျိုးအစားခုနစ်မျိုး | ... | ၁၀၈ |
| | ဇနီးမောင်နှံလေးမျိုး | ... | ၁၁၀ |
| | မင်္ဂလာရှိသော ဇနီးမောင်နှံ | ... | ၁၁၁ |
| | သားအပေါ် တာဝန်ကျေသူ သူဌေးကြီး | ... | ၁၁၁ |
| | သူဌေးသားပီပီ သုံးဖြုန်းသူ | ... | ၁၁၁ |
| | သားကြိုက်တတ်သောအရာ | ... | ၁၁၂ |
| | တစ်နေ့အသပြာ ၁၀၀ ပေးမည်၊ တရားနာခဲ့ | ... | ၁၁၃ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | မက်လုံးတစ်မျိုးပေးပြီး | ... ၁၁၃ |
| | ကာလ သောတာပန်ဖြစ်သွားပြီ | ... ၁၁၃ |
| | အသပြာမပေးပါစေနှင့် | ... ၁၁၄ |
| | အကြောင်းစုံလျှောက်ထားသောအခါ | ... ၁၁၄ |
| | **အနာထပိဏ် ကမ္ဘန္တမင်္ဂလာ** | ... ၁၁၅ |
| | လွဲမှားသော အယူအဆ | ... ၁၁၅ |
| | ရွှေငွေပြာသာဒ်ထက်မှ ကျိုးကန်းပမာ | ... ၁၁၆ |
| | သမ္မဒါတရားလေးပါး | ... ၁၁၆ |
| | ပုဂ္ဂိုလ်လေးမျိုး ခွဲခြားထား | ... ၁၁၆ |
| | **အပြစ်ကင်းသော အလုပ်လုပ်၍ ကြီးပွားသူ** | ... ၁၁၇ |
| | ဥစ္စာကြွယ်ဝသူ၏အသံ | ... ၁၁၈ |
| | အကြောင်းစုံသတင်းပို့ပြီ | ... ၁၂၀ |
| | သူဌေးကြီးရာထူးရပြီ | ... ၁၂၁ |
| | **ပညာရှင်တို့၏ စာပေစကား** | ... ၁၂၁ |
| ၅။ | **ပဥ္စမဂါထာဖြင့်ဟောကြားသည့်** | |
| | **မင်္ဂလာတရား လေးပါး** | ... ၁၂၃ |
| | စကားလုံးတို့၏အဓိပ္ပာယ် | ... ၁၂၄ |
| | သုတ္တန်ဒေသနာလာ ဒါနပစ္စည်း ၁၀ မျိုး | ... ၁၂၅ |
| | ဝိနည်းတော်လာ ဒါနလေးမျိုး | ... ၁၂၅ |
| | အခြားဒါနနှစ်မျိုး | ... ၁၂၆ |
| | အလှူခံ တစ်ကိုပ်လေးပါး | ... ၁၂၆ |
| | စေတနာသုံးတန်ပြည့်စုံမှ | ... ၁၂၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

ပါရမီအစ ဒါနက ... ၁၂၈
ဒါန၏လက်ငင်းအကျိုးတရားများ ... ၁၂၈
အယုတ်၊ အလတ်၊ အမြတ်ဒါန ... ၁၂၈
မလှူအပ်သော ပစ္စည်း ၁၀ မျိုး ... ၁၂၉
ပေးလှူတိုင်း ဒါနမဟုတ် ... ၁၃၀

**ဒါနအခြေခံဖြင့် ဘဝအဆင့်ဆင့်မြင့်သွားသူ** ... ၁၃၀
ဝိပဿီနှင့်ကောဏာဂုံဘုရားရှင်လက်ထက် ... ၁၃၂
ကောမာရီပြဟ္မစရိယကျင့်ခဲ့ ... ၁၃၂
ယခုဘုရားရှင်လက်ထက် ခေမာအမည်ပေးခဲ့ ... ၁၃၃
ဗိမ္ဗိသာရမင်းကြီး၏ မိဖုရားဘဝ ... ၁၃၃
ဘုရားရှင်ထံ အရောက်ပို့ပြီ ... ၁၃၄
ဖန်ဆင်းထားသော လှကညာ ... ၁၃၄
**အလှူကို ကျိန်ဆဲမိ၍ ပြိတ္တာဖြစ်သူ** ... ၁၃၅
အရှင်မဟာကစ္စည်းထေရ်ကို ဖူးတွေ့ရ၍ ... ၁၃၅
မလှူလိုသူလုလင်၏မိခင်၊ ပြိတ္တာဖြစ်သွားရှာပြီ ... ၁၃၆
ရေများ သွေးဖြစ်နေကြပုံ ... ၁၃၇
ကျိန်ဆဲမိသည့်အကုသိုလ်အကျိုး ... ၁၃၈
အမျှရ၍ ပြိတ္တာဘဝမှ လွတ်ရပြီ ... ၁၃၈
**ဒါနပြုသည်ကို နှောင့်ယှက်သူရေဝတီ** ... ၁၃၈
ယုံကြည်မှုမတူ၍ သဘောမကျ ... ၁၃၉
အလှူဒါနအမျိုးမျိုး ပြုခဲ့သူ ... ၁၃၉
နန္ဒိယခရီးသွားစဉ် အလှူဝတ်များဖျက်ထားပြီ ... ၁၄၀

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | လူ့စည်းစိမ် စွန့်၊ နတ်စည်းစိမ် ခံစားပါ | ... ၁၄၀ |
| | နတ်စည်းစိမ်တို့ ကြိုတင်ဖြစ်ပေါ်နိုင်ပါသလား | ... ၁၄၁ |
| | **ဓမ္မစရိယမင်္ဂလာ** | ... ၁၄၁ |
| | ကိုယ်နှင့်ဆိုင်သော ကာယသုစရိုက် ၃-ပါး | ... ၁၄၁ |
| | နှုတ်နှင့်ဆိုင်သော ဝစီသုစရိုက် ၄-ပါး | ... ၁၄၂ |
| | စိတ်နှင့်ဆိုင်သောမနောသုစရိုက် ၃-ပါး | ... ၁၄၂ |
| | ကိုယ်နှင့်ဆိုင်သော ဒုစရိုက် ၃-ပါး | ... ၁၄၃ |
| | နှုတ်နှင့်ဆိုင်သော ဒုစရိုက် ၄-ပါး | ... ၁၄၃ |
| | စိတ်နှင့်ဆိုင်သော ဒုစရိုက် ၃-ပါး | ... ၁၄၃ |
| | **တရားရှိ၍ တရား၏စောင့်ရှောက်ခံရသူ** | ... ၁၄၄ |
| | သားသောဏ ရဟန်းဘဝရောက်ပြီ | ... ၁၄၅ |
| | ဘုရားရှင်၏သာဝခေါ် သံကြားရ၍ | ... ၁၄၅ |
| | ကြွယ်ဝချမ်းသာသော မိခင် | ... ၁၄၆ |
| | မိခင်၏ကြံစည်စိတ်ကူးမှု | ... ၁၄၆ |
| | မိခင်ကြီးတရားနာယူစဉ် | ... ၁၄၆ |
| | အိမ်ဖောက်ခိုးခံနေရပုံ သွားပြောရာ | ... ၁၄၇ |
| | နောက်တစ်ခါလာပြောလျှင် သိမည် | ... ၁၄၇ |
| | ခိုးသူတို့ ရဟန်းပြုကြပြီ | ... ၁၄၈ |
| | **သီလကြောင့် အသက်ရှည်ကြသူများ** | ... ၁၄၉ |
| | သားဓမ္မပါလ တပည့်တို့၏အကြီးအမှူး | ... ၁၄၉ |
| | ကိုယ်ထင်ရာကိုယ်ပြောနေကြပုံ | ... ၁၅၀ |
| | ဆိတ်ရိုးတို့ယူလာကာ | ... ၁၅၀ |
| | ဓမ္မပါလ ကွယ်လွန်ရှာပြီ | ... ၁၅၁ |
| | အသက်ရှည်ဆေး သိချင်ပါသည် | ... ၁၅၂ |

## မာတိကာ

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| **မင်းကျင့်တရားမရှိသူမင်း** | ... | ၁၅၃ |
| သတိပေးရန် တည်ပင်စောင့်နတ်ရောက်လာ | ... | ၁၅၃ |
| ပြည်သူတို့ ဆန္ဒစနည်းနာပါ | ... | ၁၅၃ |
| မင်းကြီး ဆင်းရဲဝေဒနာခံစားရပါစေသား | ... | ၁၅၄ |
| ဤသို့ဖြစ်ရသည်မှာ မင်းကြောင့် | ... | ၁၅၄ |
| မင်း၏သမီးတို့ လင်မရဘဲ အိုကြပါစေ | ... | ၁၅၅ |
| မင်းကြီး စစ်မြေပြင်၌ စစ်ရှုံးပါစေ | ... | ၁၅၇ |
| ပူဆွေးနေသူ နွားမကြီး | ... | ၁၅၈ |
| မင်းကြီး သားသမီးတို့နှင့် ကင်းကွာပါစေ | ... | ၁၅၈ |
| ဖားတို့က ကျိန်ဆိုကြပုံ | ... | ၁၅၈ |
| **တရားရှိဟန်ဆောင်သူ ရသေ့ယုတ်** | ... | ၁၆၀ |
| ဆံပင်ကြားညပ်ပါလာသောမြက် ပြန်ပေးရန် | ... | ၁၆၁ |
| ရွှေများမရှိတော့ | ... | ၁၆၁ |
| နောင် ဤသို့မလုပ်နှင့် | ... | ၁၆၂ |
| | | |
| **ဉာတကာနဋ္ဌ သင်္ဂဟမင်္ဂလာ** | ... | ၁၆၂ |
| ဉာတိဟူသည်မှာ | ... | ၁၆၃ |
| သင်္ဂဟတရားလေးပါး | ... | ၁၆၃ |
| ဆွေမျိုးခုနစ်ဆက် ရေတွက်ပုံ | ... | ၁၆၄ |
| **ဘုရားရှင် ဉာတိသင်္ဂဟကျင့်သုံးပုံ** | ... | ၁၆၄ |
| လက်နက်စွန့်ကာ ဘုရားရှင်ရှေ့တော်သို့ | ... | ၁၆၅ |
| ညီညွတ်မှု ရသွားကြပြီ | ... | ၁၆၅ |
| **ဆွေမျိုးဉာတိအကျိုး ဆောင်ရွက်သောမျောက်မင်း** | ... | ၁၆၆ |
| ပိုက်ကွန်၌ မိလာသောသရက်သီး | ... | ၁၆၆ |
| သရက်သီးရမည့်ဒေသမေးပြီ | ... | ၁၆၆ |

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အစောင့်များချထားလျက် | ... ၁၆၇ |
| | မျောက်သားနှင့်သရက်သီးစားမည် | ... ၁၆၇ |
| | စစ်သည်တို့ဘေးမှ လွတ်၍ဝမ်းသာကြ | ... ၁၆၈ |
| | ဒေဝဒတ်လောင်းလျာမျောက် ကျန်နေ | ... ၁၆၉ |
| | မျောက်မင်း ဝေဒနာခံစားရရှာပြီ | ... ၁၆၉ |
| | မင်းကြီးက ဆေးကုသစေသော်လည်း | ... ၁၆၉ |
| | ပုရောဟိတ်ခေါင်းပေါ် မစင်စွန့်ချပုံ | ... ၁၇၀ |
| | အန္တရာယ်ကင်းရာသို့ | ... ၁၇၁ |
| | ဆင်မီးလောင်နာ ကုစေပြီ | ... ၁၇၁ |
| | အမွေမပေးလို၍ တူကိုသတ်သူ | ... ၁၇၃ |
| | ရသေ့ဘဝသို့ ကူးပြောင်းပြီ | ... ၁၇၄ |
| | ညီမိသားစုတွင် သားလေးမွေးလာသော် | ... ၁၇၅ |
| | မရိုး၏ဘဝ အားထားရာမဲ့ပြီ | ... ၁၇၅ |
| | ရလိုမှုတစ်ခုတည်းကိုကြည့်ကာ | ... ၁၇၆ |
| | တိုင်းသူပြည်သားတို့ကို တရားဖြင့်ထောက်ပံ့သူ | ... ၁၇၇ |
| | နက်ကိုးကွယ်မှု မကြိုက်သူ | ... ၁၇၈ |
| | ဖခမည်းတော် ကွယ်လွန်သော် | ... ၁၇၈ |
| | သီလပျက်သူတို့ သွေးဖြင့်ပူဇော်မည် | ... ၁၇၉ |
| | အနဝဇ္ဇကမှ မင်္ဂလာ | ... ၁၈၀ |
| | လမ်းပြင်၊ တံတားဆောက်သူများ | ... ၁၈၁ |
| | ရွာလူကြီး၏သဘောထား | ... ၁၈၂ |
| | ဆင်ဖြင့်နင်းသတ်စေ | ... ၁၈၂ |
| | မန္တန်မရှိပါ၊ မေတ္တာသာရှိပါသည် | ... ၁၈၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


**အပြစ်မကင်းသောအလုပ်လုပ်၍ သေရသူ** ... ၁၈၅
ဝစီပိတ် ကျင့်နေကြလေသလား ... ၁၈၅
တိတ္ထိဆရာကြီးတို့အရေး သူ့အရေး ... ၁၈၆
ယုန်ထင်၊ ကြောင်ထင်ဖြစ်စေရန် ... ၁၈၇
ပရိဗိုဇ်မသုန္ဒရီ သေရှာပြီ ... ၁၈၈
ဟုတ်လျှင်ကျော်၍ ပုပ်လျှင်ပေါ်လိမ့်မည် ... ၁၈၉
သောက်ကြသောက်ကြ၊ ဝအောင်သောက်ကြ ... ၁၈၉
အဖြစ်မှန် သိရသောအခါ ... ၁၉၀
**အပြစ်ကင်းသောအလုပ်ဖြင့် သူဌေးဖြစ်သူ** ... ၁၉၀
အလုပ်လုပ်သည်၊ သို့သော် ... ၁၉၁
နိဗ္ဗာန်ဆော်၏နှိုးဆော်သံကြောင့် ... ၁၉၁
ဆွမ်းနှင့်ဆွမ်းဟင်းများချက်ထားပြီ ... ၁၉၂
သံဃာပင့်ရန်သွားသော် ... ၁၉၂
မဟာဒုဂ်ဘုရားရှင်ကို ပင့်လာခဲ့ရာ ... ၁၉၃
လှူလိုလျှင် ရွေးချယ်၍လှူပါ ... ၁၉၄
**ပညာရှင်တို့၏ စာပေစကား** ... ၁၉၅

၆။ ဆဋ္ဌမဂါထာဖြင့်ဟောကြားသည့်
**မင်္ဂလာတရား လေးပါး** ... ၁၉၈
**အာရတီ ပါပမင်္ဂလာ** ... ၁၉၉
ကာယ၊ ဝစီ၊ မနောဒုစရိုက်များ ... ၁၉၉
**ဝိရတီပါပမင်္ဂလာ** ... ၂၀၀
ရှောင်ကြဉ်ခြင်းသုံးမျိုး ... ၂၀၀

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အမေအို၏ ရောဂါပျောက်စေသူ** | ... ၂၀၁ |
| | ယုန်သားရှာဖို့ တောသို့လာခဲ့သူ | ... ၂၀၂ |
| | အစ်ကို၏ဝမ်းသာစကား | ... ၂၀၃ |
| | သေကြောင်းကြံဖို့ အိမ်မှထွက်လာခဲ့ | ... ၂၀၄ |
| | သစ္စာဆို၍ အမေ့ရောဂါပျောက်ပြီ | ... ၂၀၅ |
| | **ဝစီဒုစရိုက်ကြောင့် မြေမျိုခံရသောမင်း** | ... ၂၀၅ |
| | မင်းဖြစ်လျှင် ပုရောဟိတ်ရာထူးချီးမြှင့်မည် | ... ၂၀၆ |
| | ရာထူးမရ၍ အစ်ကို့ကိုရန်ငြိုးထား | ... ၂၀၆ |
| | အကြံကောင်းပါ၏၊ သို့သော် | ... ၂၀၇ |
| | ရသေ့ကြီးက မေးပြီ | ... ၂၀၇ |
| | ငါ့နန်းငါထိုင် မခိုင်ကျိုးစေ | ... ၂၀၈ |
| | ငါ့လှေငါထိုး ပဂိုးရောက်ရောက် | ... ၂၀၉ |
| | ပေါက်တဲ့နဖူး မထူးတော့ပြီ | ... ၂၀၉ |
| | မင်းကြီး မြေမျိုခံသွားရပြီ | ... ၂၁၀ |
| | **ဘုရားရှင်ကို လေးနှင့်ပစ်သူ** | ... ၂၁၀ |
| | မင်္ဂလာရှိသောလာဘ် | ... ၂၁၁ |
| | ကျော့ကွင်းဆီသို့ ဘုရားရှင်ကြွလာပြီ | ... ၂၁၂ |
| | ဖခင်ပြန်မလာ၍ သားတို့လိုက်လာ | ... ၂၁၂ |
| | ငါ့ဖခင်ကို လေးနှင့်မပစ်ကြပါနှင့် | ... ၂၁၃ |
| | **မဇ္ဇပါနသံယမ မင်္ဂလာ** | ... ၂၁၅ |
| | မူးယစ်ဆေးဝါးသုံးစွဲခြင်း၏အပြစ်ခြောက်ပါး | ... ၂၁၅ |
| | **ဘုရားရှင်ရှိရာ ခြေထောက်ထားအိပ်သူ** | ... ၂၁၆ |
| | ငါ့ထက်တန်ခိုးကြီးသူပါတကား | ... ၂၁၇ |

# မာတိကာ



အကြောင်းအရာ — စာမျက်နှာ


လှေသမားဘဝမှ နဂါးဖြစ်နေသူ ... ၂၁၈
ခိုခြေအရောင်သေရည်သည် ရဟန်းတို့နှင့်သင့်လျော် ... ၂၁၈
ဓတဒဂ်ဖြင့် ချီးကျူးခံရ ... ၂၁၉
မိစ္ဆာစာရကြောင့် ဘီလူးမ ဖြစ်ရသူ ... ၂၂၀
ပုဏ္ဏားနှင့်ပေါင်းသင်းနေထိုင်ပုံ ... ၂၂၀
သားအရွယ်ရောက်လာသော် ... ၂၂၁
သားကို မန္တန်သင်ပေးပြီး ဘီလူးမကွယ်လွန် ... ၂၂၂
သားသည်ခြေရာခံအတတ်ပညာရှင်ဖြစ်လာ ... ၂၂၂
ခိုးသူဖော်ထုတ်ပေးပါ ... ၂၂၃
သားတော်၏အသားဖြင့် ပွဲတော်တည်သူ ... ၂၂၄
မိဖုရားကြီးပေးသောအကြံ ... ၂၂၄
သားတော်ကိုလည်လိမ်သတ်ပြီ ... ၂၂၅
အရက်၏မကောင်းကျိုး ခံစားရ ... ၂၂၆
အပ္ပမာဒမင်္ဂလာ ... ၂၂၆
ပညာလွန်လျှင် ကွန့်တတ် ... ၂၂၇
ပုညကိရိယာဝတ္ထု ၁၀-ပါး ... ၂၂၇

---

အပ္ပမာဒတရားရှိ၍ တရားရသွားသူ ... ၂၂၈
အပြစ်တင်စကားပြောပုံ ... ၂၂၉
ရဟန္တာဖြစ်တော်မူပြီ ... ၂၂၉
အချိန်ဖြုန်းသော ရဟန်းကို ကဲ့ရဲ့တော်မူပုံ ... ၂၃၀
ပညာရှင်တို့၏ စာပေစကား ... ၂၃၁

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၇။ သတ္တမဂါထာဖြင့်ဟောကြားသည့်
**မင်္ဂလာတရား ငါးပါး** ... ၂၃၄
**ဂါရဝမင်္ဂလာ** ... ၂၃၅
ရိုသေလေးစားထိုက်သူများ ... ၂၃၅
ဂါရဝတရား ၁၀-ပါး ... ၂၃၆
**အသက်ကြီးသူကို လေးစားသော တိရစ္ဆာန်များ** ... ၂၃၇
ဆင်ကိုမေးကြပုံ ... ၂၃၇
မျောက်၏အဖြေစကား ... ၂၃၇
ညောင်ပင်မပေါက်မီက ငါသိခဲ့ ... ၂၃၈
**ဆရာရှိရာသို့ ဦးခေါင်းထားကျိန်းစက်သူ** ... ၂၃၉
အရှင်အဿဇိထေရ်ကို ဖူးတွေ့ရပုံ ... ၂၃၉
မထေရ်ဟောသောတရား ... ၂၄၀
ကျေးဇူးတော်ကိုလေးစား ... ၂၄၁

---

**နိဝါတမင်္ဂလာ** ... ၂၄၂
မာန်မာန ၃မျိုး ... ၂၄၂
**သုဘာလုလင်** ... ၂၄၄
**နိဝါတတရားနှင့် ပြည့်စုံ၍ ရဟန္တာဖြစ်သွားသူ** ... ၂၄၅
အနာဂါမ်ဖြစ်ပြီ ... ၂၄၅
တစ်ခုတော့ လိုနေသည် ... ၂၄၅
နိဝါတတရားရှိရှိဖြင့် နေထိုင်ပါ ... ၂၄၇
**သန္တုဋ္ဌိ မင်္ဂလာ** ... ၂၄၇
အဓိပ္ပာယ်ကောက်မှုမလွဲသင့် ... ၂၄၈
**ရသမျှနှင့် မရောင့်ရဲနိုင်သူ** ... ၂၄၉
ချမ်းချမ်းသာသာနေဖို့ ရွှေအတောင်များပေးရန် ... ၂၄၉

# မာတိကာ




| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | ပို၍ချမ်းသာလိုသူ ဇနီးမောင်း | ... ၂၅၀ |
| | တစ်ချိန်က ဖခင်ဖြစ်၍ သမီးတို့က သဘောမတူ | ... ၂၅၀ |
| | **သန္တုဋ္ဌိမင်္ဂလာနှင့်ပြည့်စုံ** | ... ၂၅၂ |
| | ညောင်ကိုင်းများကို ခုတ်လိုက်သော် | ... ၂၅၂ |
| | အမြစ်မှတူးလိုက်ရပါလျှင် | ... ၂၅၃ |
| | မရောင့်ရဲနိုင်သူများကို ဖျက်ဆီးပြီ | ... ၂၅၄ |
| | **ကတညုတမင်္ဂလာ** | ... ၂၅၅ |
| | ကျေးဇူးပြုသူအမျိုးမျိုး | ... ၂၅၅ |
| | အရှင်သာရိပုတ္တရာကျေးဇူးဆပ်ပုံ | ... ၂၅၆ |
| | ပုဏ္ဏားကြီးပိန်ချုံးလာပြီ | ... ၂၅၆ |
| | ချီးမြှင့်ထောက်ပံ့မှုရရဲ့လား | ... ၂၅၆ |
| | ဆွမ်းတစ်ယောက်မစာ လှူဖူးပါသည် | ... ၂၅၇ |
| | ဘုရားရှင်ထံ အဖူးအမြော်ဝင်ပြီ | ... ၂၅၈ |
| | **တိပိဋကဓရဆရာတော်ကြီး၏ ကျေးဇူးဆပ်နည်း** | ... ၂၅၈ |
| | **ကျေးဇူးဆပ်သူမင်း** | ... ၂၅၉ |
| | အကြောင်းရှိလျှင်လာခဲ့ | ... ၂၆၀ |
| | ရွာသားကိုမင်းကြီးထံပို့ပြီ | ... ၂၆၁ |
| | မကျေနပ်သူတို့လုပ်ရပ် | ... ၂၆၁ |
| | **ကျေးစွပ်၍ သေရသူ** | ... ၂၆၂ |
| | ခြေနှစ်ချောင်းကိုကယ်မိသူ | ... ၂၆၃ |
| | လင်ကြီးကို အပြတ်ရှင်းမည် | ... ၂၆၄ |
| | ကျေးစွပ်သူတို့ ဘဝနိဂုံး | ... ၂၆၅ |

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ကျေးဇူးဆပ်သော တိရစ္ဆာန်များ | ... ၂၆၆ |
| | ရသေ့ကြီး၏ဆုံးမစကား | ... ၂၆၇ |
| | ကာလေန ဓမ္မဿဝနမင်္ဂလာ | ... ၂၆၈ |
| | တရားနာခြင်း၏ အကျိုး ငါးပါး | ... ၂၆၉ |
| | တိရစ္ဆာန်ဘဝမှ နတ်သားဖြစ်သူ | ... ၂၆၉ |
| | မဏ္ဍုက ဒေဝပုတ္တနတ်သားဘဝသို့ | ... ၂၇၀ |
| | စပါးကြီးမြွေဘဝမှ နတ်ပြည်၌ဖြစ်ရသူ | ... ၂၇၁ |
| | အာဇီဝကရှင်းပြပုံ | ... ၂၇၂ |
| | ပညာရှင်တို့၏စာပေစကား | ... ၂၇၄ |
| ၈။ | အဋ္ဌမင်္ဂါထာဖြင့်ဟောကြားသည့် မင်္ဂလာတရား လေးပါး | ... ၂၇၈ |
| | ခန္တီ - သည်းခံခြင်းမင်္ဂလာ | ... ၂၇၉ |
| | သည်းခံခြင်း၊ သည်းမခံခြင်း၏ အကျိုးများ | ... ၂၈၀ |
| | သည်းခံသူ ခန္တီဝါဒီရသေ့ကြီး | ... ၂၈၁ |
| | ခန္တီဝါဒဆိုသည်မှာ | ... ၂၈၂ |
| | ရသေ့၏ရင်ဝကို ခြေဖြင့်ကန်လျက် | ... ၂၈၃ |
| | သည်းခံခြင်းနှင့်ပြည့်စုံသော မထေရ် | ... ၂၈၄ |
| | လက်ဖြင့်ရိုက်သော် တင်းပုတ်ဖြင့်မထုသေး၍ | ... ၂၈၅ |
| | အသက်သေအောင် မသတ်ကြသေး၍ | ... ၂၈၅ |
| | သည်းခံစိတ်မရှိ၍ မြေမျိုခံရသူ | ... ၂၈၆ |
| | မိမိ၏လက်ကိုသာ ဖြတ်ပါ | ... ၂၈၇ |

ခဏ္ဍ အကြောင်းအရာ စာမျက်နှာ


သောဝစဿတမင်္ဂလာ ... ၂၈၉
ဆရာ့စကားနားထောင်၍ မင်းဖြစ်သူ ... ၂၉၀
ဆရာ့စကားနားထောင်လိုက်နာသည့်အကျိုး ... ၂၉၃
တပည့်စကားနားမထောင်၍ သေရသူ ... ၂၉၄
အသက်နှင့် အသိ ... ၂၉၅
မြင်းဆရာ ကေသီ ... ၂၉၆
ဘုရားရှင် ဖြေကြားပုံ ... ၂၉၇
သမဏာနဉ္စဒဿနမင်္ဂလာ ... ၂၉၉
ဖူးမြင်ခြင်းနှစ်မျိုး ... ၃၀၀
ရဟန်းတော်ကို ပြစ်မှား၍သေရသူ ... ၃၀၀
ကာလေန ဓမ္မသာကစ္ဆာမင်္ဂလာ ... ၃၀၃
မိလိန္ဒမင်းနှင့် အရှင်နာဂသိန် ... ၃၀၄
ဆွေးနွေးသူတို့ ရှောင်သင့်သည့်နေရာများ ... ၃၀၅
ပညာရှင်တို့၏ စာပေစကား ... ၃၀၆

၉။ နဝမဂါထာဖြင့်ဟောကြားသည့်
မင်္ဂလာတရား လေးပါး ... ၃၀၉
တပမင်္ဂလာ ... ၃၁၀
အလိုနည်း၍ ဘုရားရှင်ချီးမွမ်းခံရသူ ... ၃၁၀
ဗြဟ္မစရိယမင်္ဂလာ ... ၃၁၂
ပန်းကုံးခြားအိပ်သူ ဇနီးမောင်နှံ ... ၃၁၄
ရဟန္တာဖြစ်ကြပြီ ... ၃၁၆
အရိယသစ္စာန ဒဿနမင်္ဂလာ ... ၃၁၆

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အရိယာ-၄မျိုး | ... ၃၁၇ |
| | သစ္စာ-၃မျိုး | ... ၃၁၇ |
| | သစ္စာလေးပါး သိမြင်သွားသူ ပဋာစာရီ | ... ၃၁၉ |
| | နိဗ္ဗာနသစ္ဆိကိရိယ မင်္ဂလာ | ... ၃၂၂ |
| | ဘုရားရှင်၏ မိဘဟောင်းများ | ... ၃၂၃ |
| | ပုဏ္ဏားကြီးတို့၏ အတိတ်ဘဝများ | ... ၃၂၅ |
| | ပညာရှင်တို့၏စာပေစကား | ... ၃၂၅ |
| ၁၀။ | ဒသမဂါထာဖြင့်ဟောကြားသည့် မင်္ဂလာတရား လေးပါး | ... ၃၂၉ |
| | စိတ္တအကမ္ပနမင်္ဂလာ | ... ၃၃၀ |
| | အကောင်းနှင့်အဆိုးလောကဓံများ | ... ၃၃၀ |
| | ကဲ့ရဲ့တတ်သူအတုလတို့လူစု | ... ၃၃၂ |
| | တရားများများဟော၍ကဲ့ရဲ့ | ... ၃၃၃ |
| | နည်းနည်းဟောတော့လည်းနည်းလို့ | ... ၃၃၃ |
| | ကမ္ဘာဦးကတည်းကရှိခဲ့သည့်တရား | ... ၃၃၄ |
| | အသောကမင်္ဂလာ | ... ၃၃၅ |
| | သားသေသော်လည်း မစိုးရိမ်သူများ | ... ၃၃၆ |
| | ဝိရဇမင်္ဂလာ | ... ၃၃၉ |
| | ရာဂမြူမှုန်ကြောင့် သေရသူ | ... ၃၄၀ |
| | လေးဘဝဆက်အသတ်ခံရသူ | ... ၃၄၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | ခေမမင်္ဂလာ | ... ၃၄၃ |
| | နတ်သားဖြစ်မှ နောက်ဘဝယုံကြည်သူ | ... ၃၄၄ |
| | ပညာရှင်တို့၏ စာပေစကား | ... ၃၅၆ |
| ၁၁။ | နိဂုံးဂါထာဖြင့်ဟောကြားသည့် မင်္ဂလာတရားကျင့်သုံးသူတို့ ရရှိနိုင်သည့် အကျိုးတရား | ... ၃၅၉ |
| ၁၂။ | မင်္ဂလသုတ်ပါဠိတော် | ... ၃၆၁ |
| | မင်္ဂလသုတ်ပါဠိတော် နိဿယ | ... ၃၆၄ |

မာတိကာ ပြီး၏။

*   *   *



## ပုံတော်စုံ

# ၃၈-ဖြာ မင်္ဂလာဝတ္ထု

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

---

## ပထမဦးဆုံးဂါထာဖြင့် ဟောကြားသည့်
## မင်္ဂလာတရား သုံးပါး

**အသေဝနာ စ ဗာလာနံ** အစရှိသော ပထမ ဂါထာတော်ဖြင့် ဘုရားရှင်သည် ဤမင်္ဂလာတရား သုံးပါးကို ဟောတော်မူသည်။

၁။ **အသေဝနာ စ ဗာလာနံ** = လူဆိုး လူမိုက်တို့ကို မှီဝဲဆည်းကပ်ပေါင်းဖော်မှုမပြုခြင်းသည် မင်္ဂလာ၊

၂။ **ပဏ္ဍိတာနဉ္စ သေဝနာ** = ပညာရှိတို့ကို မှီဝဲဆည်းကပ်ပေါင်းဖော်မှုပြုခြင်းသည် မင်္ဂလာနှင့်

၃။ **ပူဇာ စ ပူဇနေယျာနံ** = ဘုရား၊ တရား၊ သံဃာ ဟူသော ရတနာသုံးပါးနှင့် မိဘ၊ ဆရာ၊ ဂုဏ်ဝါကြီးသူတို့ကို ပူဇော်ခြင်းသည်မင်္ဂလာ ဟူ၍ ရှေးဦးစွာ ဟောကြားတော်မူခဲ့သည်။

ဤမင်္ဂလာတရား သုံးပါးသည် ၃၈-ဖြာမင်္ဂလာတရားတို့တွင် ဘုရားရှင် ပထမဆုံးဟောကြားသည့် မင်္ဂလာတရား သုံးပါးဖြစ်သည်။

ဤမင်္ဂလာတရားသုံးပါးကို သိလွယ်၊ မှတ်လွယ်စေရန် ဆရာကြီး ဒဂုံဦးထွန်းမြင့်က ဤသို့ ကဗျာလင်္ကာဖြင့် သီကုံးထားခဲ့သည်။

၁။ လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့ မမှီဝဲနဲ့ ကင်းအောင်နေ၊
၂။ ပညာရှိကို အရှည်တွဲလို့ မှီဝဲဆည်းကပ် နည်းယူစေ၊
၃။ သုံးပါးရတနာ မိဘများနှင့် ဆရာသမားကို ပူဇော်လေ၊
ချမ်းသာကိုပေး ဆက်ဆံရေး မြှော်တွေးသုံးချက်ပေ၊
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

## ဗာလနှင့်ပဏ္ဍိတတို့၏ အဓိပ္ပာယ်

ဗာလဟူသော ပါဠိစကားသည် အကြမ်းဖျင်းအားဖြင့် လူဆိုး လူမိုက်ကို ခေါ်သည်၊ ဗာလ၏ အဓိပ္ပာယ်ကို ဓမ္မပဒ ဗာလဝဂ်၌ ဘုရားရှင်က ဤသို့ မိန့်တော်မူခဲ့သည်။

သူတော်ကောင်း တရားကို မသိသူ၊ မိမိသည် ဗာလဖြစ်ပါလျက် မိမိကိုယ်မိမိ ပဏ္ဍိတဟု ထင်မြင်ယူဆပြောဆိုနေထိုင်သူ၊ ဟင်း၏ အရသာကို မသိသောယောက်မကဲ့သို့ ပညာရှိတို့နှင့် ပေါင်းဖော်နေထိုင်ရသော်လည်း ပညာရှိတို့၏ တန်ဖိုးကို မသိသူ၊ မိမိရော သူတစ်ပါးကိုပါ ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော အကျိုးမဲ့ကို ပြုတတ်သူ။

စသည်ဖြင့် ဗာလ၏ အဓိပ္ပာယ်ကို မိန့်တော်မူခဲ့ပြီး ဤကဲ့သို့သော ဗာလတို့ကို မှီဝဲဆည်းကပ်ပေါင်းဖော်မှုမပြုခြင်းသည် မင်္ဂလာဖြစ်သည်ဟု ဘုရားရှင် ဟောတော်မူသည်။

ပဏ္ဍိတဟူသော ပါဠိစကားသည် အကြမ်းဖျင်းအားဖြင့် ပညာရှိကို ခေါ်ကြသည်၊ ပဏ္ဍိတ၏ အဓိပ္ပာယ်ကို ဓမ္မပဒ ပဏ္ဍိတဝဂ်၌ ဘုရားရှင်က ဤသို့ မိန့်တော်မူသည်။

ယဉ်ကျေးလိမ္မာသူ၊ မိမိနှင့် သူတစ်ပါး၏ ကောင်းကျိုးကို ဆောင်ရွက်သူ၊ ကဲ့ရဲ့ခြင်း၊ ခိုးမှမ်းခြင်းစသည်ကြောင့် တုန်လှုပ်မှုမရှိသူ၊ မိမိအတွက်ဖြစ်စေ၊ သူတစ်ပါးအတွက်ဖြစ်စေ မကောင်းကျိုးဖြစ်အောင်မပြုသူ၊ ပစ္စုပ္ပန် သံသရာ နှစ်ဖြာစလုံး၌ မိမိကိုရော သူတစ်ပါးကိုပါ ဆင်းရဲဒုက္ခ မဖြစ်စေသူ။

စသည်ဖြင့် ပဏ္ဍိတ၏ အဓိပ္ပာယ်ကို မိန့်တော်မူပြီး ဤကဲ့သို့သော ပဏ္ဍိတတို့ကို မှီဝဲဆည်းကပ်ပေါင်းဖော်မှုပြုခြင်းသည် မင်္ဂလာဖြစ်သည်ဟုဘုရားရှင်ဟောတော်မူသည်။

ဤတွင် အလျဉ်းသင့်၍ လောက၌ ပုဂ္ဂိုလ် ၄-မျိုးရှိသည်ကို ဖော်ပြလိုက်ပါသည်။

## ပုဂ္ဂိုလ် ၄ မျိုး

**ပညာမဲ့လူမိုက်. . .** ပညာလည်း မတတ်၊ မကောင်းမှုကိုလည်း ပြုလုပ်တတ်သူ။

**ပညာတတ်လူမိုက်. . .** ပညာတော့ တတ်၏။ သို့သော် မကောင်းမှုများကို ပြုလုပ်တတ်သူ။

**ပညာမဲ့လူလိမ္မာပညာရှိ. . .** ပညာကား မတတ်၊ သို့သော် ကောင်းမှုကိုမူ ပြုတတ်သူ။

**ပညာတတ်လူလိမ္မာပညာရှိ. . .** ပညာလည်း တတ်၏။ ကောင်းမှုကိုလည်း ပြုတတ်သူ။

ဤပုဂ္ဂိုလ်လေးမျိုးတို့တွင် အမှတ်(၄)ဖြစ်သည့် ပုဂ္ဂိုလ်သည်သာ အလိုအပ်ဆုံးပုဂ္ဂိုလ်ဖြစ်သည်၊ သူသည်သာ အမွန်မြတ်ဆုံးပုဂ္ဂိုလ် ဖြစ်သည်။

## ပူဇော်နည်း နှစ်မျိုးရှိသည်

ရတနာသုံးပါး၊ မိဘ၊ ဆရာ စသည်တို့အား ပူဇော်ရာ၌ ပူဇော်နည်း နှစ်မျိုးရှိသည်၊ အာမိသ ပူဇာခေါ် စားသောက်ဖွယ်ရာစသည်တို့ဖြင့် ပူဇော်ခြင်းနှင့် ဓမ္မပူဇာခေါ် တရားဓမ္မဖြင့် ပူဇော်ခြင်းတို့ဖြစ်သည်။

မည်သည့် ပူဇော်နည်းဖြင့် ပူဇော်သည်ဖြစ်စေ ကောင်းကျိုးကိုဖြစ်စေသည်၊ မင်္ဂလာရှိ စေသည်၊ ထို့ကြောင့် ရတနာသုံးပါး၊ မိဘဆရာ စသည်တို့အား ပူဇော်ကြရန်နှင့် ထိုသို့ ပူဇော်ခြင်းသည် မင်္ဂလာဖြစ်သည်ဟု ဘုရားရှင် ဟောတော်မူသည်။

## ဗာလကိုမမြင်လိုသူ အကိတ္တိရသေ့ကြီး

ဗာလကို မမြင်ရ၊ မတွေ့ရပါလို၏၊ ဗာလ၏ အသံကိုလည်း မကြားရပါလို၏၊ ဗာလနှင့် အာလာပသလ္လာပစကားကိုပင် မပြောမဆိုမိရပါလို၏၊ ဗာလနှင့် အတူတကွနေထိုင် ပြောဆိုခြင်းကိုလည်း မနှစ်သက်ရပါလို၏ဟု ဆုတောင်း သူမှာ အကိတ္တိရသေ့ကြီး ဖြစ်သည်။

ဘုရားရှင်သည် ဗုဒ္ဓအဖြစ်သို့ရောက်တော်မမူမီ ဘဝတစ်ခု၌ အကိတ္တိ အမည်ရှိ ရသေ့ကြီး ဖြစ်ခဲ့ဖူးသည်၊ ရသေ့မဝတ်မီ လူ့ဘဝတုန်းက သူသည် ကြွယ်ဝချမ်းသာသူတစ်ဦး ဖြစ်သည်၊ သူ့မိဘများမှာ ကုဋေရှစ်ဆယ်ကြွယ်ဝသူ ဗာရာဏသီပြည်သား ပုဏ္ဏားများဖြစ်ကြသည်။

အကိတ္တိသည် မိဘနှစ်ပါး ကွယ်လွန်သော် အမွေရပစ္စည်းအားလုံးကို စွန့် လွှတ်ပေးကမ်း လှူဒါန်းခဲ့ပြီး ရသေ့ဝတ်သည်၊ နေရပ်ဒေသ ဗာရာဏသီမှ ထွက် ခွာလျက် ဒမိဠတိုင်း ကာဝီရ သင်္ဘောဆိပ်အနီး ဥယျာဉ်၌ သီတင်းသုံးနေထိုင် သည်၊ ဈာန်အဘိညာဉ်ကိုရအောင် ကြိုးစားအားထုတ်ခဲ့သည်၊ ကောင်းကင် ခရီးဖြင့် ကြွသွားကာ ကာဝီရကျွန်း၌ ဆင်းသက်ပြီး သစ်ရွက်မိုးကျောင်းကလေး ဖြင့် နေထိုင်သည်။

ရသေ့ကြီးအတွက် အစာအာဟာရမှာ သူ့ကျောင်းဝန်းကျင်ရှိ ကံပြင်းပင် ဖြစ်သည်၊ အရွက်နုသော် အရွက်နုကိုစားသည်၊ ပွင့်သော် အပွင့်၊ သီးသော် အသီးတို့ကို ပြုတ်ဖျော၍ စားသုံးသည်၊ ရသေ့ကြီးသည် အလိုလောဘ နည်းသူ ဖြစ်သည်၊ အစာအာဟာရအတွက် သူ့မှာကယိကထမများ၊ အဓိကထားသည် မှာ မတော်လောဘ မဖြစ်စေရန်၊ အဆင့်ဆင့်အားဖြင့် အကျင့်အာစာရ မြင့်သည်ထက် မြင့်ရန်နှင့် သမ္မာသမ္ဗုဒ္ဓအဖြစ်သို့ရောက်ရန်သာ ဖြစ်သည်။

## သိကြားမင်းနေရာ မြကျောက်ဖျာ တင်းလာပြီ

သိကြားမင်းနေရာ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် အကြောင်းလေးပါးတို့ကြောင့် တင်းလာရသည်ဟု ပိဋကတ်တော်တို့၌ ဖော်ပြထားသည်။

၁။ သိကြားမင်းဘဝ၌နေရန် ကံကုန်လာခြင်း၊

၂။ သိကြားမင်းဘဝ၌နေရန် သက်တမ်းကုန်လာခြင်း၊

၃။ သိကြားမင်းဖြစ်ရန် ဆုတောင်းသောပုဂ္ဂိုလ်များ ပေါ်ပေါက်လာခြင်း၊

၄။ ဘုန်းကံကြီးသူတို့ အကျင့်သီလ ပြင်းထန်စွာကျင့်နေခြင်း။

ယခု ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ တင်းလာရပြီ၊ ထိုသို့ ပဏ္ဍုကမ္ဗလာ တင်းလာလျှင် ဘာ့ကြောင့်မြကျောက်ဖျာ တင်းလာရသည်ကို သိကြားမင်း စုံစမ်းရတော့မည်ဖြစ်သည်၊ သူ့အနေဖြင့် သက်တမ်းလည်း မကုန်နိုင်သေး။ ကံလည်း မကုန်နိုင်သေး။ သို့ဖြစ်လျှင် သူ့နေရာလိုချင်၍ ကျင့်ကြံကြိုးကုတ်အားထုတ်နေသူရှိလာ၍လော၊ အခြားအကြောင်းတစ်ခုခုကြောင့်လော၊ အကြောင်းစုံသိရန် သိကြားမင်းသည် အလှူခံပုဏ္ဏားယောင်ဆောင် လျက် အကိတ္တိရသေ့ကြီးရှိရာသို့ သွားရောက်စုံစမ်းမေးမြန်းသည်။



အကိတ္တိရသေ့ကြီးသည် အလှူခံရန်ရောက်လာသော ပုဏ္ဏားကြီးကိုမြင်သော် မိမိစားရန်ပြုတ်ဖျော်ထားသော ကံပြင်းရွက်များကို မိမိဖို့မချန်ဘဲ အားလုံးလှူဒါန်းလိုက်သည်၊ မိမိသည်ကား လှူလိုက်ရသဖြင့် ရရှိခဲ့သောဝမ်းမြောက်ဝမ်းသာဖြစ်ရမှု ပီတိကိုသာ အာဟာရအဖြစ်သုံးဆောင်ပြီး ပထမတစ်ရက်တစ်နေကုန်စေခဲ့သည်။

နောက်ထပ်နှစ်ရက်ဆက်ပြီး ပုဏ္ဏားကြီးက အလှူခံလာသည်၊ ရသေ့ကြီးကလည်း နောက်ထပ်နှစ်ရက်စလုံး မိမိဖို့မချန်ဘဲ အားလုံးကိုဆက်၍ လှူလိုက်ပြန်သည်။

ဤသို့ဖြင့် အကိတ္တိရသေ့ကြီးသည် တွေ့ရခဲ၊ ကြုံရခဲသော အလှူခံပုဂ္ဂိုလ်ကို တွေ့ကြုံရသဖြင့် မိမိအတွက် စားစရာဘာမျှမချန်ဘဲ အကုန်လုံးလှူဒါန်းလိုက်ရသဖြင့် ဝမ်းသာပီတိဖြစ်လျက်ရှိသည်၊ ဒါနပါရမီကို ရက်ရက်ရောရောပြုခဲ့ရလေပြီ၊ သူ့အဖို့ ရသေ့ဘဝရခဲ့သည်မှစ၍ နေ့စဉ် သီလကို မကျိုးမပေါက်မပြောက်မကျားအောင် စောင့်ထိန်းသည်၊ ကမ္မဋ္ဌာန်းတရားကိုလည်း နေ့ညဉ့်မပြတ် ပွားများအားထုတ်သဖြင့် ဈာန်အဘိညာဉ်တန်ခိုးနှင့်လည်း ပြည့်စုံပြီဖြစ်သည်၊ ကောင်းကင်ခရီးကိုလည်း ဈာန်ယာဉ်စီးကာ လိုရာသို့ ကြွသွားနိုင်ခဲ့ပြီဖြစ်သည်။

ယခု သုံးရက်ဆက် မိမိအတွက် မချန်ဘဲ စားဖွယ်အားလုံးကို လှူသဖြင့် ရသေ့ကြီးအပေါ် ပုဏ္ဏားယောင်ဆောင်ထားသူ သိကြားမင်းအလွန်ကြည်ညိုသွားသည်၊ သိကြားမင်းက ရသေ့ကြီးအား လိုရာဆုကို ပေးမည်ဟုပြောသောအခါ ရသေ့ကြီးက 'ဗာလ ကို မမြင်၊ မတွေ့ရပါလို၏' စသည်ဖြင့် ဆုတောင်းခြင်းဖြစ်သည်။

ပုဏ္ဏားယောင်ဆောင်ထားသူ သိကြားမင်းသည် ရသေ့ကြီး၏ဆုတောင်းအကြောင်းကိုသိသော် အဘယ့်ကြောင့် ဤသို့ ဆုတောင်းရပါသနည်းဟု အကြောင်းအကျိုး မေးကြည့်သည်၊ ထိုအခါ ရသေ့ကြီးက သိကြားမင်းအား ဤသို့ ရှင်းလင်းမိန့်ဆိုလေသည်။

## ဗာလ၏ သဘောကို ရှင်းပြခြင်း

ဗာလသည် ချမ်းသာကြောင်းမဟုတ်သည်ကို ချမ်းသာခြင်း၏ အကြောင်းဟု မှတ်ယူသည်၊ အပါယ်စသည့် ဒုဂ္ဂတိဘဝသို့ ရောက်စေတတ်သော အကျင့်ကို သုဂတိဘဝသို့ ရောက်စေသော အကျင့်ကောင်းဟု ထင်မှတ်ကျင့်ကြံသည်၊ ထိုအကျင့်ကို မိမိကိုယ်တိုင် ကျင့်ကြံသကဲ့သို့ မိမိနှင့်ဆက်စပ်ပတ်သက်နေသူတို့အားလည်း ကျင့်ကြံစေတတ်သည်၊ ထို့ကြောင့် ဝေးဝေးရှောင်သည့် သဘောဖြင့် ယင်းသို့ဆုတောင်းခြင်းဖြစ်ပါသည်ဟု ရှင်းပြသည်။

ထို့နောက် ယူလိုသောဆုအကြောင်းကိုရှင်းပြပြီး ဆက်လက်၍ ဆုတောင်းပြန်သည်။

> ပညာရှိကို တွေ့ရ၊ မြင်ရပါလို၏၊ ပညာရှိ၏အသံကို ကြားရပါလို၏၊ ပညာရှိနှင့်သာ ပေါင်းဖော်ရပါလို၏၊ ပညာရှိနှင့် အာလာပသလ္လာပစကား ပြောကြားရပါလို၏၊ ပညာရှိနှင့်အတူတကွ ပြောကြားရခြင်းကို နှစ်လိုအားရ ဖြစ်ရပါလို၏။

သိကြားမင်းက အဘယ့်ကြောင့် ဤဆုကို တောင်းရပါသနည်းဟု မေးသောအခါ ရသေ့ကြီးက ထပ်မံ၍ ရှင်းပြပြန်သည်။

> ပညာရှိသည် ချမ်းသာကြောင်း ဟုတ်သည်ကို ချမ်းသာကြောင်း ဟုတ်၏ဟု အမှန်အတိုင်းသိသည်၊ အမှန်အတိုင်းသိ၍ ကိုယ်တိုင်လည်း ချမ်းသာကြောင်း အကျင့်ကိုကျင့်ကြံသည်၊ သူတစ်ပါးကိုလည်း မိမိကဲ့သို့ ကျင့်ကြံရန် တိုက်တွန်းသည်၊ ပညာရှိနှင့် တွေ့ဆုံပေါင်းဖော်နေထိုင်ရခြင်းသည် ချမ်းသာသည်။

ထို့ကြောင့် ဤဆုကိုတောင်းရပါသည်၊ ဤဆုကိုသာ လိုချင်ပါသည်ဟု ရှင်းပြသည်။

## သိကြားမင်း သူ့နေရာသို့ ပြန်ပြီ

ပုဏ္ဏားယောင်ဆောင်လာသူ သိကြားမင်းသည် အကိတ္တိ ရသေ့ကြီး၏ ရှင်းလင်းမိန့်ကြားမှုကို နာယူကာ ရသေ့ကြီး၏ဆုတောင်းပြည့်ပါစေဟု ဆုပေး

သည်၊ မိမိသည် သိကြားမင်းဖြစ်ပါသည်၊ ရသေ့ကြီး၏အကျင့်သီလ အကြောင်း သိလို၍ ပုဏ္ဏားယောင်ဆောင်လျက် လာရောက်စူးစမ်းခြင်းဖြစ်ပါသည်ဟု ပြန်လည်လျှောက်ထားပြီး သူ၏နေရာ နတ်ပြည်သို့ ပြန်သွားသည်။

ပုဏ္ဏားယောင်ဆောင်သူ သိကြားမင်းသည် အရှင်အနုရုဒ္ဓါမထေရ် လောင်းလျာဖြစ်ပြီး အကိတ္တိရသေ့ကြီးကား ဘုရားလောင်းဖြစ်သည်။

**[ ဇာတ်တော်ငါးရာ့ငါးဆယ်၊ တေရသကနိပါတ်၊ အကိတ္တိဇာတ် ]**

---

## ကျေးသားဗာလနှင့် ကျေးသားပဏ္ဍိတ

"ဤမင်းကို ဖမ်းကြလော့၊ သူဝတ်ထားသော အဖိုးတန် မင်းဝတ်တန်ဆာရတနာတို့ကို ချွတ်ယူကြလော့။ ဤမင်းကိုသတ်ပြီး သစ်ခက်တို့ဖြင့် ဖုံးအုပ်လျက် တစ်နေရာမှာ ပစ်ထားကြလော့"

ဤသို့ တိုက်တွန်းလှုံ့ဆော်ပြောဆိုသူမှာ တိရစ္ဆာန်ဖြစ်သော သတ္တိဂုမ္ဗ ကျေးသားဖြစ်သည်၊ သတ္တိဂုမ္ဗ ကျေးသားသည် ခိုးဆိုးလုယက်သူ ဗာလတို့နှင့် အတူနေရသဖြင့် ဗာလတို့၏ အပြောအဆိုအတိုင်း ပြောဆိုသည်၊ သတ္တိဂုမ္ဗ ကျေးသားတွင် ပုပ္ဖကအမည်ရှိ အခြားသော မွေးချင်း ကျေးသားတစ်ကောင် ရှိသေးသည်။

## ပဥ္စာလမင်းကြီး အုပ်စိုးစဉ်

ရှေးလွန်လေပြီးသောအခါက ပဥ္စာလမင်းကြီးသည် ဥတ္တရပဥ္စာလပြည် တွင် မင်းပြုလျက်စိုးမိုးအုပ်ချုပ်သည်၊ ကျေးငှက်ပေါင်းများစွာတို့သည် ဟိမဝန္တာ တောင်၏မြောက်ဘက် သာနုတောင်ဝှမ်းရှိ လက်ပံတောကြီး၌နေထိုင်ကြသည်၊ တောင်၏လေညာအရပ်၌ ခိုးသူတို့နေထိုင်သော ရွာကြီးတစ်ရွာရှိသည်၊ လေ အောက်အရပ်၌မူ သူတော်သူမြတ် ရသေ့ငါးရာတို့ နေထိုင်သီတင်းသုံးကြသည့် ရသေ့ကျောင်း သင်္ခမ်းများရှိသည်။

တစ်နေ့တွင် အပျံသင်စအရွယ် ကျေးငှက်ညီနောင်တို့သည် မိဘများ

အစာရှာထွက်သွားကြစဉ် မြူးထူးပျော်ပါး ဆော့ကစားရင်း တစ်ပင်ထက်မှ တစ်ပင်ထက်သို့ကူးလျက် လက်ပံတောအတွင်း၌ မြူးပျော်နေကြသည်၊ အပြင်အပ အတွေ့အကြုံမရှိကြသဖြင့် ပတ်ဝန်းကျင်၌ ပြောင်းလဲလာနေသော မိုးလေဝသအခြေအနေတို့ကိုလည်း သူတို့အကဲမခတ်တတ်ကြ၊ လေပြင်းသည် မြန်နှုန်းကောင်းကောင်းဖြင့် သူတို့ရှိရာ လက်ပံတောဆီသို့ ဦးတည်လာနေပြီ၊ ရှောင်ရ၊ ပြေးရ၊ ပုန်းရမည့် အကြောင်းမသိသဖြင့် ဆော့ကစားမြဲ ကစားနေကြသည်၊ မိဘများ ဘယ်ဝယ် ဘယ်ဆီသို့သွားကာ အစာရှာနေကြမည်ကိုလည်း သူတို့ညီနောင် မတွေးတတ်။

လက်ပံတောအတွင်း ဝင်လာသော လေပြင်းဒဏ်ကြောင့် ကျေးညီနောင်တို့ တစ်ကွဲတပြားစီ လွင့်ပါသွားကြသည်။ ညီငယ်သတ္တိဂုမ္ဗက လေညာရှိ ခိုးသူတို့ နေထိုင်ရာရွာအတွင်းသို့ ရောက်သွားသည်၊ ခိုးသူတို့က သူ့အား ဖမ်းယူမွေးစားထားသည်။ အစ်ကိုကြီးဖြစ်သော ပုပ္ဖကကျေးသားမှာမူ တောင်ဝှမ်းတစ်ဖက်ရှိ ရသေ့တို့နေထိုင်ရာအရပ်သို့ ရောက်ရှိသွားသည်။ တိရစ္ဆာန်အမျိုးပေါင်းများစွာရှိသည့်အနက် လူတို့ ပြောစကားကို တတ်သိနားလည်သော တိရစ္ဆာန်မှာ ကျေးငှက်ဖြစ်သည်။ အချို့ တိရစ္ဆာန်တို့က လူတို့ပြောဆိုသည့်စကားနှင့် လူတို့၏ အမူအရာအချို့ကို သိကြသည်။ သို့သော်လည်း လူတို့ကဲ့သို့ စကားမပြောတတ်၊ ပြောတတ်သော တိရစ္ဆာန်အမျိုးအစားမှာ နည်းနည်းပါးပါးသာ ရှိသည်။

## တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး

တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုးဟူသော စကားသည် လူတို့နှင့်သာ သက်ဆိုင်သောစကား မဟုတ်ချေ။ ဤကျေးညီနောင်တို့၏အဖြစ်သည် ဤအချက်ကို သက်သေပြနေသည်၊ ခိုးသူတို့ထံ ရောက်သွားသော ကျေးသားသတ္တိဂုမ္ဗသည် ခိုးသူတို့၏ အပြောအဆိုအတိုင်း ပြောဆိုတတ်သည်။

တစ်နေ့သ၌ ပဉ္စာလမင်းကြီးသည် သားသမင်တို့ကိုဖမ်းရန် ရထားဖြင့် နန်းတော်မှ တောကစားထွက်လာခဲ့သည်၊ အခြံအရံစစ်သည် ဗိုလ်ပါတို့လည်း

လိုက်ပါလာကြသည်၊ တောသို့ရောက်ကြသော် တောကောင်ကိုတွေ့၍ ဝိုင်းထားကြသည်၊ သားသမင်တို့ မိမိတို့တာဝန်ကျရာနေရာမှ ထွက်မပြေးနိုင်စေရန် အသီးသီး တာဝန်ယူထားကြရသည်၊ အမတ်တို့ထံမှ သားသမင်ထွက်ပြေးလျှင် အမတ်တို့တာဝန်၊ ရဲမက်တို့တာဝန်ယူထားရာနေရာမှ သားသမင်တို့ ထွက်ပြေးလျှင် ရဲမက်တို့တာဝန်၊ မင်းကြီးတာဝန်ယူထားသောနေရာမှ သားသမင်တို့ ထွက်ပြေးလျှင် မင်းကြီးတာဝန်ဟုလည်း တာဝန်အသီးသီး ခွဲခြားထားကြသည်။

## ရွှေသမင် ဘယ်ကထွက်

ထို့နောက် တောတွင်းရှိ သားသမင်တို့ ပုန်းခိုနေရာမှ ထွက်လာစေရန် ညာသံပေးပြီး တောကိုခြောက်လှန့်ကြသည်၊ ဧဏီသားကောင်တစ်ကောင်သည် ခြောက်လှန့်သောအသံတို့ကြောင့် ကြောက်လန့်လျက် ပုန်းခိုရာနေရာမှ ထွက်ပြေးသည်၊ ထိုသားကောင်ထွက်ပြေးလွတ်မြောက်ရာနေရာသည် မင်းကြီးရှိရာ နေရာဖြစ်နေသည်။ ထိုအခါ စစ်သည်ဗိုလ်ပါနှင့်အခြံအရံတို့က "ရွှေသမင် (သားကောင်) ဘယ်ကထွက် မင်းကြီးတာကထွက်"ဟု မင်းကြီးအား ပြက်ရယ်စကားပြောကြသည်။

## စကားပုံဖြစ်ပေါ်လာရပြီ

ထိုအဖြစ်အပျက်ကြောင့်ထိုအချိန်မှစကာ"ရွှေသမင်ဘယ်ကထွက်မင်းကြီးတာက ထွက်"ဟူသော စကားပုံသည်လည်း စတင်ဖြစ်ပေါ်လာခဲ့တော့သည်။

ပဉ္စာလမင်းကြီးသည် လွတ်သွားသောသားကောင်ကိုဖမ်းမိရန် ရထားစီး၍ လိုက်သည်၊ သားကောင်ကိုမမီ၊ လိုက်ပါလာသော အမတ်နှင့်ဗိုလ်ပါ စစ်သည်တို့သည်လည်း မင်းနှင့်တခြားစီ လူအုပ်ကွဲသွားကြသည်။ မင်းကြီးနှင့် ရထားထိန်းတို့သည် သားကောင်ကို လိုက်မမီတော့သဖြင့် ပြန်လှည့်လာကြသည်။ ခိုးသူတို့နေရာရွာအနီးရှိ ချောက်တွင်ရေချိုး၊ ရေသောက်သည်၊ ထို့နောက် အရိပ်ကောင်းကောင်း အပင်တစ်ပင်၏ အရိပ်တွင် နားခိုသည့်အနေဖြင့် အိပ်စက်သည်၊ မင်းကြီးလာသည်ဟူသော သတင်းကြား၍ ခိုးသူတို့ ရွာမှထွက်ပြေး တိမ်းရှောင်သွားကြသည်။

ခိုးသူတို့ရွာ၌ သတ္တိဂုမ္ဗကျေးသားနှင့် ထမင်းချက်တစ်ယောက်သာ ကျန်ခဲ့သည်။ သတ္တိဂုမ္ဗကျေးသားသည် အတူနေသူတို့ ထွက်ပြေးသွား၍ ရွာမှထွက်လာခဲ့သည်။ သစ်ပင်ရိပ်၌ အိပ်စက် လဲလျောင်းကာ နားနေသော မင်းဝတ်တန်ဆာအပြည့်အစုံဝတ်ထားသည့် မင်းကြီးကိုမြင်သော် "ဖမ်းကြ၊ ဆီးကြ၊ မင်းဝတ်တန်ဆာချွတ်ယူကြ"စသည်ဖြင့် အော်ဟစ်သည်၊ ခိုးသူ လူဗာလတို့နှင့်အတူတကွ ပေါင်းဖော်နေထိုင်ရသဖြင့် တိရစ္ဆာန်ဖြစ်သော ကျေးသားသည် ဗာလတို့၏ အမူအကျင့်အတိုင်း ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုသည်။

ပညာရှင်အချို့က သက်ရှိတို့ကို ပြုပြင်သည်မှာ ပတ်ဝန်းကျင်ဟု အဆိုပြုကြသည်၊ ပတ်ဝန်းကျင်ကြောင့် သက်ရှိတို့ ကောင်းလာကြသည်၊ ထိုပတ်ဝန်းကျင်ကိုပင် အမှီပြုကာ သက်ရှိတို့ ဆိုးသွားတတ်ကြသည်လည်း ရှိသည်ဟု ဆိုလိုရင်းဖြစ်ပေသည်။

## အန္တရာယ်ကြီးသောနေရာ

ပဉ္စာလမင်းကြီးသည် ကျေးသား သတ္တိဂုမ္ဗပြောဆိုသောစကားကို ကြားသော် "ဤ နေရာကား အန္တရာယ်ကြီးသော နေရာပါတကား"ဟု တွေးသိသွားတော့သည်၊ သို့ဖြင့် မင်းကြီးသည် ရထားစီးကာ အခြားတစ်နေရာသို့ ပြောင်းရွှေ့လာခဲ့သည်။

မင်းကြီးရောက်သွားသောနေရာမှာ တောင်ဝှမ်း၏တစ်ဖက်ရှိရသေ့တို့နေထိုင်ရာ ရသေ့ကျောင်းသခ်မ်းများဖြစ်သည်၊ ထိုအချိန်က ရသေ့များမရှိကြ၊ တောတွင်းသို့ သစ်သီး သစ်ရွက်၊ သစ်ဥစသည်တို့ ရှာရန်သွားနေကြသည်၊ ပုပ္ဖက ကျေးသားသည် ကျောင်းသခ်မ်းအတွင်းသို့ ဝင်လာသောမင်းကြီးကို မြင်သော် လူဆိုးသူခိုးတစ်ယောက် မဖြစ်နိုင်၊ မင်းဝတ်တန်ဆာများလည်း ဝတ်ဆင်ထား၍ မင်းဟုသိသွားသည်၊ ရသေ့သူတော်စင်တို့သီတင်းသုံးနေထိုင်ရာအရပ်သို့ အလှူဒါနပြုလုပ်လိုကြသူများ၊ တရားမေးမြန်းနာလိုသူ ပရိသတ်များ၊ မင်း၊ မိဖုရား စသည်တို့ ရောက်လာကြဖူးသဖြင့် လူ့အဆင့်အတန်းကို ပုပ္ဖက ကျေးသား ခွဲခြားနိုင်ပြီးဖြစ်သည်။ ပဏ္ဍိတဖြစ်သော ရသေ့

သူတော် သူမြတ်တို့နှင့်အတူတကွ ပေါင်းဖော်နေထိုင်ရသဖြင့် ပုပ္ဖကကျေးသားသည်လည်း ယဉ်ကျေးလိမ္မာသော ကျေးသားဖြစ်နေပေပြီ။



## ယဉ်ကျေးစွာဖြင့် ကျေးသားကကြိုပြီ

“အရှင်မင်းကြီး၊ ကျောင်းသင်္ခမ်း အတွင်းသို့ ကြွပါ၊ ချိုမြိန် ကောင်းမွန်သော သစ်သီးကြီးငယ်တို့ကို သုံးဆောင်ပါ၊ တောမြောင် ချောက်ကြားမှ စီးဆင်းလာသော ကျောက်စက်ရေစင်ရေအေးတို့ကို သုံးဆောင်ပါ”

ပုပ္ဖကကျေးသားသည် မင်းကြီးအား ဤသို့ယဉ်ကျေးလိမ္မာ သာယာချေင်သောစကားများ ပြောဆိုလျက် ကြိုဆိုသည်၊ ရောက်လာသော ဧည့်သည်ကို ရသေ့တို့က ရည်မွန်စွာ ကြိုဆိုသကဲ့သို့ ဧည့်ခံကြိုဆိုစကားများ ပြောကြားသည်၊ ကျောင်းသင်္ခမ်းတွင်းမှ ထွက်လာကြိုဆိုသော ကျေးသား၏စကားကို ကြားသော် မင်းကြီးအံ့သြသွားရသည်၊ ယဉ်ကျေးပါဘိ၊ ရည်မွန်ပါဘိ၊ ယခင်တွေ့ခဲ့ရသော ကျေးသားနှင့်ကား တိရစ္ဆာန်ချင်းလည်း တူ၊ လူ့စကား ပြောတတ်

ချင်းလည်းတူပါလျက် နိုင်း၍မရ၊ ယှဉ်၍မရပါပေ။ ယခင်ကျေးသားကား ရိုင်းလှပါဘိ၊ သူ့အသက်ကိုပင် သတ်ဖို့ ပြောဆိုခြိမ်းခြောက်သဖြင့် ကမ်းကုန်အောင် ရိုင်းပါဘိဟု မင်းကြီး၏ ဦးနှောက်တွင်း၌ မတူသောအသိတို့ ပြေးဝင်လာခဲ့ကြသည်။

မင်းကြီးသည် ပုပ္ဖကကျေးသားအား သတ္တိဂုမ္ဗကျေးသားနှင့် တွေ့ခဲ့ရပုံ၊ သတ္တိဂုမ္ဗကျေးသားပြောကြားသော မဖွယ်မရာရှုန့်ရင်းကြမ်းတမ်းသည့် စကားများ ကြားခဲ့ရပုံတို့ကို ပြန်လည်ပြောပြသည်။

ထိုအခါ ပုပ္ဖကကျေးသားက သတ္တိဂုမ္ဗနှင့်သူသည် တစ်မိသားချင်းဖြစ်ပုံမှအစ လေမိုးဒဏ်ကြောင့် တစ်နေရာစီ ရောက်သွားရပုံ၊ သူကိုယ်တိုင်ကမူ ပညာရှိဖြစ်သူပဏ္ဍိတ ရသေ့တို့နှင့်အတူတကွ ပေါင်းဖော်နေထိုင်ရ၍ ပညာရှိတို့၏ အမူအကျင့်သဘောသဘာဝတို့ ရှိနေရပုံကို မင်းကြီးအား ရှင်းလင်းပြောပြသည်။

ထို့နောက် ဗာလ(လူမိုက်)နှင့်ပဏ္ဍိတ(ပညာရှိ)တို့၏ ကွဲပြားခြားနားပုံတို့ကို မင်းကြီးအား ဤသို့ဆက်၍ ဟောပြသည်။

## ဗာလနှင့်ပဏ္ဍိတတို့ မတူညီကြ

"မင်းကြီး၊ အကြင်သူတစ်ဦးသည် ကောင်းသူကိုဖြစ်စေ၊ မကောင်းသူကိုဖြစ်စေ၊ သီလရှိသူကိုဖြစ်စေ၊ သီလမရှိသူကိုဖြစ်စေ၊ ဗာလကိုဖြစ်စေ၊ ပဏ္ဍိတကိုဖြစ်စေ အဆွေခင်ပွန်းအဖြစ် ပေါင်းဖော်နေထိုင်၏၊ ထိုသူသည် သူပေါင်းဖော်နေထိုင်ရသူ၏ အလိုသို့ လိုက်ရ၏၊ ပေါင်းဖော်နေထိုင်ရသူ၏အကျင့်အကြံအနေအထိုင်တို့သည် ထိုသူသို့ ကူးစက်လေ၏"

"ဥပမာအားဖြင့် ငါးအပုပ်ကိုထုပ်ထားသော ဖက်သို့ ငါးပုပ်၏ အနံ့အသက်တို့ ကူးစက်သကဲ့သို့လည်းကောင်း၊ မွှေးကြိုင်သော ပန်းတို့ကို ထုပ်ထားသော ဖက်၊ အဝတ်စသည်သို့ မွှေးကြိုင်သော အနံ့များ ကူးစက်လာသကဲ့သို့လည်းကောင်း ဖြစ်ရသည်၊ ထို့ကြောင့် ဗာလ

ဆိုလျှင် အဝေးမှ ရှောင်ရှားရာ၏၊ ပေါင်းဖက် ဆည်းကပ်ခြင်းမပြုရာ၊ ဗာလသည် သူကိုယ်တိုင် ငရဲသို့ ကျရောက်ရမည်ဖြစ်သကဲ့သို့ သူ့အပေါင်းအသင်းကိုလည်း ငရဲသို့ဆွဲခေါ်ပို့ဆောင်တတ်သည်၊ ပဏ္ဍိတကား သူကိုယ်တိုင်ကိုရော သူ့အပေါင်းအဖော်ကိုပါ ကောင်းရာသို့ ပို့ဆောင်တတ်သည်၊ ဗာလနှင့်ပဏ္ဍိတတို့ မတူကြပေ"

ပုပ္ဖက ကျေးသားဟောကြားသော တရားကို နှစ်သက်သဘောကျ သဖြင့် မင်းကြီးသည် သစ်သီးသစ်ဥ စသည်ရှာဖွေရာမှ ပြန်လာသော ရသေ့များအား ရှိခိုးဦးချ အရိုအသေပြုသည်၊ တပည့်တော် နေထိုင်ရာ ဥယျာဉ်တော်ကြီး၌သာ သီတင်းသုံးတော်မူကြပါဟုလည်း တောင်းပန် ပန်ကြားလျှောက်ထားသည်။

ရသေ့တို့သည် မင်းကြီး၏ဥယျာဉ်၌ အသက်ထက်ဆုံးနေထိုင်သီတင်းသုံးကြသည်၊ ပုပ္ဖက ကျေးသားသည် ရသေ့တို့နှင့်အသက်ထက်ဆုံးနေထိုင်ရသဖြင့် သေဆုံးသော် နတ်ပြည်၌ ပုပ္ဖကနတ်သား ဖြစ်ရလေသည်။

## သတ္တိဂုမ္ဗကျေးသား သေရှာပြီ

သတ္တိဂုမ္ဗ ကျေးသားမူကား ခိုးဆိုးသူတို့ အချင်းချင်း ခိုက်ရန်ဖြစ်ကြစဉ် မြားထိမှန်လျက် သေဆုံးကာ ခိုးဆိုးသူတို့နှင့်အတူ ငရဲသို့ ကျရောက်သွားတော့သည်။

သတ္တိဂုမ္ဗကျေးသားသည် ဒေဝဒတ်လောင်းလျာ၊ ပဉ္စာလမင်းကြီးသည် အရှင် အာနန္ဒာ လောင်းလျာဖြစ်ပြီး ပုပ္ဖက ကျေးသားသည်ကား ဘုရားအလောင်း ဖြစ်သည်။

။နိပါတ်တော်လာ ဇာတ်တော်ငါးရာ့ငါးဆယ်၊
ဝီသတိနိပါတ်၊သတ္တိဂုမ္ဗဇာတ်။

## တမာ၊ ခွေးတောက်ဖျက်၍ သက်မဲ့အပင် ပျက်စီးရပုံ

ဗာရာဏသီပြည်တွင် ဒဓိဝါဟနမင်းကြီး စိုးစံအုပ်ချုပ်စဉ်က ဖြစ်သည်၊ တစ်နေ့တွင် ဒဓိဝါဟနမင်းသည် မြစ်အတွင်း၌ ရေကစားသည်၊ ရေကစားရာ နေရာ၏ အထက်၊ အောက်နေရာတို့၌ ပိုက်ကွန်များထောင်ထားစေသည်၊ ကဏ္ဍမုဏ္ဍ အိုင်အနီးရှိ သရက်ပင်မှ သရက်သီးတစ်လုံးသည် ကြွေကျကာ မြစ်အတွင်း မျောပါလာပြီး ထောင်ထားသော ပိုက်ကွန်၌ငြိနေလေသည်၊ ပိုက်ကွန်သိမ်းသော မင်းမှုထမ်းများက သရက်သီးကိုတွေ့၍ ယူလာကာ မင်းကြီးထံ ဆက်သသည်၊ သရက်သီးမှာ ဝါဝါဝင်းဝင်းဖြင့် ရွှေရောင်အဆင်းရှိပြီး အနံ့၊ အရသာ အလွန်ကောင်းမွန်သည်။

မင်းကြီးသည် သရက်သီးကိုစားပြီးအစေ့ကို မင်းဥယျာဉ်၌စိုက်ပျိုးစေသည်၊ နို့ရည်များနှင့် အခြား ချိုမြိန်ကောင်းမွန်သော အရသာများဖြင့် သွန်းလောင်းစေသည်၊ သုံးနှစ်ကြာသော် သရက်ပင်မှအသီးများ သီးလာသည်၊ မင်းကြီး သုံးဆောင်သောအခါ မူလသရက်သီး၏အနံ့၊ အရသာတို့ကဲ့သို့ပင် ကောင်းမွန်သော အနံ့၊ အရသာကောင်းများနှင့်ပြည့်စုံသည်။

ထို့ကြောင့် သရက်ပင်ကို အကာအရံများပြုလျက် ပန်းဆိုင်းများ ဆွဲပေးထားစေသည်၊ မူလသရက်သီး ကဲ့သို့ပင် အသီး၏ အရောင်အသွေးမှာလည်း ရွှေရောင် ထွက်နေသည်။

### ကိုယ်တိုင်လည်း သုံးဆောင်၊ လက်ဆောင်လည်းပေး

သရက်သီးများကို မင်းကြီးကိုယ်တိုင်လည်း သုံးဆောင်သည်၊ အခြားသော မင်းများထံသို့လည်း ထူးခြားကောင်းမွန်သော လက်ဆောင်အဖြစ် ပေးပို့သည်၊ အခြားနေရာတို့၌ ဤအပင်ကဲ့သို့သော သရက်ပင်မပေါက်စေရန် အညှောက်ပေါက်မည့်နေရာကို ဖားရိုးတံစူးဖြင့်ထိုးကာ ဖျက်ဆီးစေသည်၊ လက်ဆောင်ရသောမင်းများက သရက်သီးကိုစားသုံးပြီး အစေ့ကိုစိုက်စေသည်၊ သို့သော် အညှောက်ထွက်ခြင်း၊ အပင်ပေါက်ခြင်း မရှိပေ။

အခြားမင်းများက စုံစမ်းသော် ဒဓိဝါဟနမင်း၏ အစီအစဉ်များကို သိရှိသွားကြသည်၊ မင်းတစ်ပါးသည် ကျွမ်းကျင်သော ဥယျာဉ်မှူးတစ်ယောက်ကို ခေါ်ကာ ဒဓိဝါဟနမင်း၏သရက်ပင်ကို ဖျက်ဆီးစေရန် စေခိုင်းသည်၊ ထို ဥယျာဉ်မှူးအား အသပြာတစ်ထောက်ပေးလျက် ဒဓိဝါဟနမင်းထံ သွားရောက် အမှုထမ်းစေသည်။

## ဥယျာဉ်မှူးအသစ်၏ လုပ်ရပ်များ

ရည်ရွယ်ချက်ဖြင့် ရောက်လာသော ဥယျာဉ်မှူးအသစ်သည် နည်းပရိယာယ် အမျိုးမျိုးအသုံးပြုလျက် ဒဓိဝါဟနမင်း၏ ဥယျာဉ်မှူးရာထူးရအောင် ကြိုးစားသည်၊ ဥယျာဉ်ကို နည်းမျိုးစုံဖြင့် ပြုပြင်သည်၊ ဥယျာဉ်တွင်းရှိ ပန်းမျိုးစုံကို ၁၂ ရာသီလုံး ပွင့်နေအောင် ဆောင်ရွက်သည်၊ အသီးသီးသော အပင်တို့ကိုလည်း နည်းလမ်းသစ်များဖြင့် ပြုပြင်လျက် တစ်မူထူးအောင် ကြိုးစား ပြုလုပ်ထားရှိသည်။

## ဥယျာဉ်မှူးဟောင်းကို ဖယ်ပြီ

ဒဓိဝါဟနမင်းကြီးသည် ဥယျာဉ်မှူးအသစ်ကို ပိုမိုသဘောကျသဖြင့် ဥယျာဉ်မှူးဟောင်းအား ရာထူးမှ ဖယ်ရှားကာ ဥယျာဉ်မှူးအသစ်ကို ခန့်လိုက်သည်။

## တမာ၊ ခွေးဟောက်တို့ စိုက်ပြီ

လုပ်ပိုင်ခွင့်များ မိမိလက်တွင်း ရောက်လာသောအခါ ဥယျာဉ်မှူးသစ်သည် ချိုမြိန်သော သရက်ပင်ကို ဝိုင်းရံကာ တမာ၊ ခွေးတောက်စသည့်ခါးသီးသော အပင်များ စိုက်ပျိုးသည်၊ တမာ၊ ခွေးတောက်ပင်များ အလျင်အမြန်ကြီးလာစေရန်နှင့် အမြစ်များ သန်မာလာစေရန် နည်းမျိုးစုံသုံးသည်၊ တမာ၊ ခွေးတောက်မြစ်များ ရောထွေးယှက်တင်တွယ်ကပ်လာသောအခါ သရက်ပင်မှ သီးလာသော အသီးတို့ မချိုကြတော့၊ အရသာ ပျက်ကုန်ကြသည်၊ မွှေးကြိုင်သော အနံ့များလည်း ထွက်မလာကြတော့၊ ရည်ရွယ်ချက်ရှိရှိဖြင့် ကြိုးစား

လုပ်ကိုင်ခဲ့သော အလုပ်များအောင်မြင်သော် ဥယျာဉ်မှူးအသစ်သည် ထွက်ပြေးသွားတော့သည်။

မင်းကြီးသည် ဥယျာဉ်မှူးသစ်ထွက်ပြေးသွားပြီးနောက် ဥယျာဉ်တွင်းသို့ သွားရောက်ကြည့်ရှုသည်၊ အဆန်းတကြယ်ပွင့်နေသော ပန်းမာလာများ၊ ၁၂ ရာသီပတ်လုံး သီးနေသောသစ်သီးများကို တွေ့သည်၊ သို့သော် သရက်သီးကို သုံးဆောင်ကြည့်သောအခါ သရက်သီး၏အရသာသည် ခါးနေသည်၊ သရက်ပင်အတွက် လုပ်သင့်လုပ်ထိုက်သော အလုပ်များ အခါတိုင်းကဲ့သို့ လုပ်ထားစေပါလျက် သရက်သီး၏အရသာ အဘယ့်ကြောင့် ခါးနေရသနည်းဟု မင်းကြီးသိချင်လာသည်၊ သို့ဖြင့် မင်းကြီးအားကိုးရသော ပညာရှိ အမတ်ကြီးကို အကြောင်းအကျိုး မေးကြည့်သည်။

## ပတ်ဝန်းကျင်ကြောင့် ပျက်စီးရပုံ

ပညာရှိအမတ်ကြီးသည် သရက်ပင်ပတ်ဝန်းကျင်ကို လေ့လာသည်၊ တမာ၊ ခွေးတောက်များ စိုက်ပျိုးထားပြီး အမြန်ကြီးထွားအောင် ပြုလုပ်ထားသည်တို့ကို တွေ့သည်၊ လူနှင့်တိရစ္ဆာန်ကဲ့သို့သော သက်ရှိများသာမက သက်မဲ့အပင်များပင် ပတ်ဝန်းကျင်ကြောင့် ပျက်စီးကြရသည်ကို သိမြင်သွားသည်။

အကောင်းနှင့် မကောင်းသည် တန်ဖိုးချင်းမတူ၊ အကောင်းနှင့် အကောင်းချင်းပေါင်းသော် ကောင်းကျိုးတရားကိုရသည်၊ မကောင်းနှင့်မကောင်းချင်းပေါင်းဖက်သော် မကောင်းကျိုးကိုရသည်၊ မကောင်းကိုအကောင်းက ပြုပြင်ပေးလျှင် ရတတ်သကဲ့သို့ အကောင်းကို မကောင်းက ဖျက်လျှင်လည်း ပျက်တတ်သည်၊ သမဏောနသမဏော = သူကောင်း သူကောင်းချင်း၊ ဂေါဏော န ဂေါဏော = မသူတော် မသူတော်ချင်းဟု ပညာရှိတို့ ဆိုထုံးပင်ရှိသည်။

## အမတ်ကြီး၏အကြံပေးချက်

ပညာရှိအမတ်ကြီးက မင်းကြီးအား အမြင်၊ အတွေ့နှင့်အသိပညာပေါင်းစပ်လျက် သရက်သီးခါးနေရပုံကို အကြောင်းအကျိုးနှင့်တကွ လျှောက်ထားဖြေ

ကြားသည်၊ မင်းကြီးအား ပြုပြင်ရမည့် အလုပ်များကိုလည်း ပညာရှိပီပီ အကြံပေးလျှောက်ထားသည်။

မင်းကြီးသည် ပညာရှိအမတ်ကြီး၏ အကြံပြုလျှောက်ထားချက်အရ သရက်ပင်ဝန်းကျင်ရှိ တမာ၊ ခွေးတောက်အစရှိသည့် 'အဖျက်'ပင်အားလုံးကို ရှင်းလင်းစေသည်၊ လိုအပ်သော အချိုသကာ၊ ပျားရည်၊ နွားနို့စသည်တို့ကို မြေဩဇာပြုလုပ်၍ အပင်၌ ပြန်လည်သွန်းလောင်းစေသည်၊ ထိုအခါမှစ၍ သီးလာသော သရက်သီးသည် မူလအရသာ၊ မူလအရောင်နှင့် မူလအတိုင်းပင် မွှေးကြိုင်သော အနံ့များထွက်လာတော့သည်။

[နိပါတ်တော်လာ ဇာတ်တော်ငါးရာ့ငါးဆယ်၊ ဒုကနိပါတ်၊ ဒဓိဝါဟနဇာတ်]

## ပညာရှိကြောင့် သေဘေးမှလွတ်သွားသူများ

လွန်ခဲ့သောဘဝတစ်ခု၌ ဗုဒ္ဓလောင်းလျာသည် လှည်းကုန်သည်မျိုးတွင် လှည်းမှူးကြီးဖြစ်နေခဲ့သည်၊ အရွယ်ရောက်သော် လှည်းကုန်သည်၏သဘာဝ အတိုင်း လှည်းများဖြင့် ကုန်အရောင်းအဝယ်သွားသည်၊ တစ်ယောက်တည်း မဟုတ်၊ အခြားကုန်သည်ငါးရာတို့နှင့်အတူဖြစ်သည်။

### အသီးစားလျှင် သေစေတတ်သောအပင်

ဗုဒ္ဓလောင်းလျာနှင့်အဖွဲ့တို့တောအုပ်ကြီးတစ်ခုအနီးသို့ ရောက်လာကြသည်၊ တောအုပ်အဝင်ဝ၌ ရွာတစ်ရွာရှိသည်၊ ရွာတံခါးဝ၌ ထူးဆန်းသောအပင် တစ်ပင်ကို တွေ့ရသည်၊ အပင်၏အမည်မှာ ကိံဖလပင်ဖြစ်သည်၊ သရက်ပင် နှင့်တူသည်၊ အသီးရောအရွက်ပါတူသဖြင့် လှည်းသားများက သရက်ပင်ဟု မှတ်ထင်ကြသည်၊ သို့သော် သရက်ပင်မဟုတ်ဘဲ အသီးကိုစားလျှင် စားသူတို့ ချက်ချင်း သေစေနိုင်သောအပင်ဖြစ်သည်။

ထိုသစ်ပင်ရှိရာသို့ ရှေးဦးစွာရောက်ခဲ့သော လှည်းသမားအချို့ရှိသည်၊

ထို လှည်းသမားတို့ကို အစဉ်းစား အဆင်ခြင်ဉာဏ်မဲ့သူ ဗာလလှည်းသမားက ဦးဆောင်သည်၊ သူတို့က ထိုအပင်ရှိ အသီးကို သရက်သီးဟုယူဆကာ စားကြသည်၊ ယခုဘုရားလောင်းနှင့်အတူလာကြသော အတွေးခေါ်ရှိသူ လှည်းသမားတို့ကမူ စားလိုကြသော်လည်း ပညာရှိသော လှည်းမှူးကြီးကို အသိပေးပြီးမှစားရန် စောင့်နေကြသည်၊ လှည်းမှူးရောက်လာပြီး "အမောင်တို့၊ ဤအသီးသည်သရက်သီးမဟုတ်၊ အဆိပ်သီးဖြစ်သည်၊ မစားကြနှင့်၊ စားမိလျှင် ချက်ချင်းသေစေတတ်သည်"ဟု ပြောဆို တားမြစ်သည်။

ရှေ့ကသွားခဲ့ကြသော လှည်းငါးရာအဖွဲ့ဝင်တို့မှာ ထိုအသီးကိုမြင်သော် သရက်သီးထင်မှတ်ကာ စားကြ၍ သေကုန်ကြသည်၊ ရွာသူရွာသားတို့သည် သေသွားကြသော လှည်းသမားတို့၏ လက်ဝတ်ရတနာ၊ အဝတ်အထည်၊ စားဖွယ်သောက်ဖွယ်နှင့်လှည်းနွားတို့ကို ယူလိုက်ကြသည်။

## ပညာရှိလှည်းမှူးကြောင့်

ယခုလည်း လှည်းသမားတို့ ထိုအပင်ရှိရာသို့ ရောက်လာကြပြန်ပြီဟု ကြားသိသဖြင့် ရွာသူရွာသားတို့ အစုအပြုံလိုက်အုပ်ချီကာ နံနက်စောစော ရောက်လာကြသည်၊ သို့သော် လှည်းသမားထဲမှ အဆိပ်သီးစားသူမရှိ၊ လှည်းမှူး၏တားမြစ် သတိပေးစကားကြောင့် အဆိပ်သီးဟု သိရှိကြကာ မစားဘဲ ရှောင်ကြဉ်နေကြသည်၊ လှည်းမှူးကား အသိပညာရှိသူ ဖြစ်သည်၊ သစ်ပင်အကြောင်းသိသည်၊ အသီးအပွင့်တို့အကြောင်း နားလည်သည်၊ အတူလာခဲ့ကြသော လှည်းသမားအပေါင်းတို့၏ ဘေးအန္တရာယ်ကို ကာကွယ်နိုင်ခဲ့သည်။

ပစ္စည်းပေါင်းစုံရလိမ့်မည်ဟူသော အထင်ဖြင့်ရောက်လာကြသော ရွာသူ၊ ရွာသားများသည် အပြစ်အနာအဆာမရှိ ပကတိကျန်းမာစွာရှိနေသော လှည်းသမားတို့ကိုမြင်သော် အံ့အားသင့်နေကြသည်၊ အထင်နှင့်အမြင်လည်း လွဲသွားကြသည်၊ သို့ဖြင့် လှည်းသမားများအား ဘာ့ကြောင့် ဤအပင်ရှိအသီးတို့ကို မစားကြသနည်းဟု မေးမြန်းကြသည်။

## အဆိပ်ပင်ဟုသိနိုင်သော အကြောင်းနှစ်ခု

ထိုအခါ လှည်းမှူးကြီးက ရွာသားများအား "ဤအပင်သည် သရက်ပင် မဟုတ်၊ အဆိပ်ပင်ဟု သိရန် ခိုင်လုံသော အကြောင်းနှစ်ခုရှိသည်၊ အကြောင်း တစ်ခုမှာ ရွာအနီး၌ရှိနေခြင်းဖြစ်သော်လည်း ခူးဆွတ်စားသုံးသူ မရှိခြင်းဖြစ် သည်၊ နောက်အကြောင်းတစ်ခုမှာ အပင်နိမ့်နိမ့်ဖြင့် အသီးများသီးနေသော် လည်း တစ်ဦးတစ်ယောက်မှ မခူးမဆွတ်မယူ ကြခြင်းဖြစ်သည်"ဟု ရှင်းပြလိုက် သည်။

လှည်းမှူး၏ ရှင်းပြမှုကိုကြားသော် ရွာသူရွာသားတို့က လှည်းသမားတို့ သေဘေးမှ လွတ်ကြရခြင်းမှာ ပညာရှိလှည်းမှူးကြောင့်ဖြစ်သည်ဟု သိမှတ် သွားကြသည်၊ လှည်းမှူးကြီးမှာ ဘုရားလောင်းဖြစ်သည်။

။နိပါတ်တော်လာ ဇာတ်တော် ငါးရာ့ငါးဆယ်
ဧကကနိပါတ်၊ ကိံဖလဇာတ်။

## ဆုံးမစကားလိုက်နာ၍ ချမ်းသာစွာနေရသူ ရုက္ခစိုးများ

ဗုဒ္ဓလောင်းလျာသည် အတိတ်ဘဝတစ်ခုတွင် ရုက္ခစိုးနတ် ဖြစ်ခဲ့ရဖူး သည်၊ ဟိမဝန္တာအနီးရှိ အင်ကြင်းတောတွင် နေထိုင်သည်၊ အခြားသော ဆွေမျိုးပေါင်းစပ်သည့် ရုက္ခစိုးနတ်များအား လွင်တီးခေါင်၌ မနေကြရန်၊ လွင်တီးခေါင်ရှိ သစ်ပင်များသည် လေကြီးမိုးကြီးနှင့် ကြုံတွေ့ရလျှင် ဒဏ်မခံ နိုင်၊ သို့ဖြစ်၍ သူ့နေရာအနီး အင်ကြင်းတောရှိ အပင်များကို အမှီပြုလျက် တစ်စုတစ်ဝေးတည်း သိုက်သိုက်ဝန်းဝန်း နေကြရန် ပြောဆိုဆုံးမ အကြံ ပေးသည်၊

ရုက္ခစိုးနတ်တို့တွင် ပင်စည်၊ ပင်မကြီးတို့ကို အမှီပြုလျက် ဗိမာန်အဖြစ် နေကြရသော "ရုက္ခဋ္ဌ" ဗိမာန်ရှင်များရှိသကဲ့သို့ အကိုင်းအခက်တို့ကို အမှီပြုကာ ဗိမာန်ဖြင့်နေကြရသော 'သာခဋ္ဌ' ဗိမာန်ရှင်များလည်း ရှိကြသည်။

ဘုရားလောင်း ရုက္ခစိုး၏ အကြံပြုဆုံးမဩဝါဒကို နာခံသော ရုက္ခစိုးများ ရှိသကဲ့သို့ မလိုက်နာဘဲနေသော ရုက္ခစိုးအချို့လည်း ရှိကြသည်၊ လိုက်နာသော ရုက္ခစိုးတို့က ဘုရားလောင်းနေရာ ဗိမာန်အနီးရှိ အင်ကြင်းပင်များကို အမှီပြုလျက် ဗိမာန်များဖြင့်နေကြသည်။

အချို့တို့ကမူ တောကြီးထဲ၌ မနေနိုင်၊ မြို့ရွာအနီး လူနေဒေသရှိ အပင်တို့ကိုအမှီပြုလျက်သာ နေရမည်၊ သို့မှသာ လူတို့၏ ပူဇော်၊ သက္ကာရများ ရရှိကာ လာဘ်လာဘများ ပေါများမည်၊ သို့အတွက် အင်ကြင်းပင်များရှိရာ တောကြီး၌မနေဘဲ လူသူနီးရာ အပင်ကြီးငယ်တို့၌ နေထိုင်မည်ဟု ဆုံးဖြတ်လျက် ဘုရားလောင်းရုက္ခစိုး၏ စကားကိုပစ်ပယ်ကြသည်။

## လေဒဏ်မိုးဒဏ်ခံရပြီ

တစ်နေ့သ၌ လေကြီးတိုက်ကာ မိုးသည်းထန်စွာ ရွာသည်၊ တစ်ပင်တည်း တသီးတခြားတည်ရှိနေသော အပင်တို့၏ အကိုင်း၊ အခက်များ ကျိုးကြသည်၊ အချို့ပင်စည်ပါ လဲပြို၍ အမြစ်မှ ကျွတ်ထွက်ကုန်သည်၊ ထိုသစ်ပင်တို့ကို အမှီပြုလျက်နေကြရ သောဗိမာန်ရှင် ရုက္ခစိုးတို့နေရာများ ပျက်စီးကြရသည်၊ ဘုရားလောင်း ရုက္ခစိုးတို့နေကြသော အင်ကြင်းတောမှာ မိုးဒဏ်လေဒဏ်ကြောင့် အပျက်အစီးမရှိ၊ အင်ကြင်းပင်များ တစ်ပင်ကိုတစ်ပင်ယှက်ကာ ပေါများထူထပ်သဖြင့် လေဒဏ်မိုးဒဏ် ခံနိုင်ကြသည်။

ဗိမာန်များပျက်စီး၍ နေစရာမဲ့ဖြစ်ကြရသော ရုက္ခစိုးနတ်တို့သည် ဘုရားလောင်းနှင့် အခြားရုက္ခစိုးတို့ရှိရာသို့ လာရောက်ခိုကပ်နေကြရသည်၊ အင်ကြင်းတောနေ ရုက္ခစိုးတို့က သူတို့အခြေအနေမပျက် နေထိုင်ကြရခြင်းမှာ ဘုရားလောင်းရုက္ခစိုး၏ စကားကိုနားထောင်လိုက်နာသောကြောင့်ဖြစ်သည်ဟု အခြားရုက္ခစိုး မိသားစုတို့အား ပြောပြကြသည်။

ဘုရားလောင်း ရုက္ခစိုးသည် နေစရာဗိမာန်ပျက်စီး၍ ရောက်လာကြသော ရုက္ခစိုးတို့အား သူ၏ဗိမာန်အနီး၌ နေရာချထားပေးသည်၊ ထို့နောက် ဤသို့ ဩဝါဒစကားများ ပြောကြားသည်။

## သြဝါဒစကား ပြောကြား

"အချင်းတို့၊ တစ်ဦး တစ်ယောက်တည်း နေခြင်းထက် စုပေါင်း၍ နေခြင်းသည် ပို၍ကောင်းသည်၊ စုပေါင်းညီညာခြင်းသည် အင်အားဖြစ်သည်၊ အသက်ဝိညာဉ်ရှိသူတို့ကို မဆိုထားနှင့် အသက်ဝိညာဉ်မရှိသော သစ်ပင်များပင် စုစုစည်းစည်းရှိက လေမိုးတို့ မဖျက်ဆီးနိုင်၊ ရန်သူတို့ ရန်မပြုနိုင်"။

လေဒဏ်မိုးဒဏ်ကြောင့် နေစရာဗိမာန် ပျက်စီးကြရသော ရုက္ခစိုးတို့သည် အခြားသော ရုက္ခစိုးတို့နှင့်အတူ ဘုရားလောင်း ရုက္ခစိုး၏ သြဝါဒကိုခံယူပြီး အင်ကြင်းတောရှိ ဘုရားလောင်း ဗိမာန်အနီး အင်ကြင်းပင်တို့၌ သွားရောက်နေထိုင်ကြသည်။

[ နိပါတ်တော်လာ ဇာတ်တော်ငါးရာ့ငါးဆယ်၊ ရုက္ခဓမ္မဇာတ်]

## ဘုရားရှင်ကြောင့် ယင်ပူဇော်ခံရမည့်ဘေးမှ လွတ်သူများ

ပသေနဒီကောသလမင်းသည် သာဝတ္ထိပြည်ကို အုပ်စိုးသူမင်းဖြစ်သည်၊ တစ်နေ့တွင် မင်းကြီးသည် မင်းခမ်းမင်းနားဖြင့် မြို့တွင်းသို့ လှည့်လည်သည်၊ မိန်းမချောလေးတစ်ဦးသည် ကြီးကျယ်သော အခမ်းအနားဖြင့် လှည့်လည်လာသော မင်းကြီးကို မိမိနေထိုင်ရာ ဘုံခုနစ်ဆင့်ရှိ ပြာသာဒ်ပေါ်မှ လှမ်း၍ကြည့်သည်၊ ကောသလမင်းကြီးသည် ထိုမိန်းကလေးကို မြင်ရာမှ လွန်မင်းစွာ စွဲလမ်းမှုဖြစ်၍ ကိုယ့်ကိုကိုယ်ပင် မထိန်းနိုင်အောင် သတိလက်လွတ်ဖြစ်ကာ နန်းတော်သို့ ပြန်လာခဲ့ရသည်။

နန်းတော်သို့ ပြန်ရောက်သော် မင်းခစားတစ်ဦးကို ခေါ်လျက် မြင်ခဲ့ရသောမိန်းမချောလေးတွင် အိမ်ထောင်ရှိ၊ မရှိ သွားရောက် စုံစမ်းခိုင်းသည်၊ အိမ်ထောင်ရှိသည်ဟု သိရသောအခါ သူ့လင်ကိုခေါ်ပြီး နန်းတော်၌ အမှုထမ်းစေသည်။

## မယားကိုပေါင်းဖော်ဖို့

သို့သော် တိုင်းပြည်အုပ်ချုပ်သော မင်းတစ်ပါးက ပြည်သားတစ်ဦးကို ကြည့်ရှုသည့် အနေဖြင့် ရာထူးပေးထားခြင်း မဟုတ်။ မိန်းမချောလေးကို တပ်မက်လွန်းသော တဏှာရာဂကြောင့် သူ့လင်ကို အပြစ်ရှာ၍ သတ်ရန်နှင့် သူ့မယားလေးကို သိမ်းပိုက်ပေါင်းဖော်ရန် ရည်ရွယ်၍ ရာထူးပေးထားခြင်းဖြစ်သည်။

## တာဝန်ကျေပွန်သည်ကို မင်းကြီးမကြိုက်

မိန်းမချောလေး၏ ယောကျာ်းသည် မင်းကြီးပေးအပ်သမျှ တာဝန်ကို ကျေပွန်စေရန် ကြိုးစားအားထုတ် ထမ်းဆောင်သည်၊ တာဝန်မကျေပွန်လျှင် မင်းပြစ်မင်းဒဏ်ခံရမည်ကိုလည်း သိထားသည်၊ ထိုသို့ တာဝန်ကျေပွန်စွာ အမှုထမ်းဆောင်နေသည်ကို မင်းကြီးက မလိုလား၊ မနှစ်သက်။ အပြစ်ကင်းနေသဖြင့် အမှုရှာမရဖြစ်နေသည်၊ နောက်တစ်ပတ်ခန့်ကြာသော် ကောသလမင်းကြီးက မိန်းမချောလေး၏ ခင်ပွန်းကိုခေါ်ကာ ဤသို့ အမိန့်ပေးသည်။

> "မြစ်တစ်ခုအတွင်း၌ ကုမုဒြာကြာနှင့် အရုဏဝတီမြေညက်တို့ရှိကြသည်၊ ထိုကုမုဒြာကြာနှင့် မြေညက်ကိုယူကာ ငါရေချိုးချိန်အမီပြန်လာခဲ့၊ အချိန်မီ မရောက်လျှင် သေဒဏ်ပေးမည်"

မင်းကြီး၏ အမိန့်အရ သူသွားရမည့် နေရာသည် ဝေးကွာသည်ဟု သိသည်၊ ထိုမြစ်အတွင်း၌ မင်းကြီးခိုင်းစေသော ပစ္စည်းများ ရှိ မရှိ သူသေသေချာချာမသိ၊ သွားရမည့်မြစ်နှင့် ယူရမည့်ပစ္စည်းအမည်ကိုသာ မှတ်သားလျက် မြစ်ရှိရာသို့ အမြန်ပြေးလာခဲ့သည်၊ မိန်းမက ထည့်ပေးလိုက်သော ဆင်းရဲသားတို့ စားနေကျ ထမင်းကြမ်းကြမ်းကို ခြင်း၌ထည့်ကာ ယူလာခဲ့သည်၊ မြစ်သို့ရောက်သောအခါ ပါလာသောထမင်းထဲမှ အဦးကို ဖယ်ထားပြီး ထမင်းစားသည်။

## ဒါနကိုအမျှဝေလျက် တိုင်တည်

ထိုအချိန်၌ ခရီးသွားတစ်ဦး သူ့ထံရောက်လာသဖြင့် ဖယ်ထားသော

ထမင်းဦးသန့်သန့်ကို ထိုခရီးသွားအား ပေးလှူလိုက်သည်။ မိမိစားနေသော ထမင်းထဲမှ အချို့ကို မြစ်အတွင်း ပစ်ချလျက် "ဤမြစ်ဆိုင်ရာ နတ်မြတ်နတ်ကောင်းနှင့် သတ္တဝါအပေါင်းအား ခရီးသည်ကို ကျွေးရသည့် ကုသိုလ်အဖို့နှင့် မြစ်အတွင်း ပစ်ချလျက်ပြုရသော ကုသိုလ်အဖို့ကို အမျှပေးဝေပါသည်"ဟု အမျှပေးဝေသည်၊ ထို့နောက် သူ့အတွက် ကုမုဒြာကြာနှင့် အရုဏဝတီ မြေညက်ရဖို့ ကူညီကြပါဟုလည်း တိုင်တည်လိုက်သည်။

## အမျှဝေသံကြား၍

မြစ်ကိုအုပ်စိုးနေသော နဂါးမင်းသည် ထိုသူပေးဝေသော အမျှပေးသံကို ကြားရ၍ ဝမ်းသာစွာ သာဓုခေါ်သည်၊ ထိုသူလိုချင်နေသော ပစ္စည်းများကိုလည်း ယူဆောင်လာ၍ ထိုယောကျ်ားအား ပေးအပ်သည်။

မင်းခယောကျ်ားသည် မင်းကြီးလိုချင်သည်ဆိုသည့် ပစ္စည်းများကို သယ်ဆောင်လျက် ကောသလမင်းကြီးရေချိုးချိန်မီရန် အမြန်ပြေးလာခဲ့သည်၊ သို့ရာတွင် မြို့တွင်းသို့ မဝင်နိုင်တော့၊ အခါတိုင်းနေ့ထက် စောပြီး မင်းကြီးက မြို့တံခါးပိတ်စေ၍ သော့ကို သိမ်းထားသည်။

မင်းခယောကျ်ားသည် ယူလာသော ပစ္စည်းများကို မြို့တံခါးအပေါ်တင်ထားခဲ့ပြီး ဇေတဝန်ကျောင်းတော်သို့ သွားရောက်အိပ်သည်၊ ထိုညက ကောသလမင်းကြီးသည် မိန်းမလှလေး၏ယောကျ်ားကို သတ်လျက် မိန်းမချောလေးကိုယူရန် စိတ်ကူးရင်း အိပ်ရာဝင်ခဲ့သည်၊ သို့သော် မင်းကြီးအိပ်၍ မပျော်နိုင်၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ဘဲ မှေးခနဲအိပ်စက်မိရာမှ ပြန်နိုးလာခဲ့သည်၊ "ဒု၊ သ၊ န၊ သော"ဟူသော ကြောက်မက်ဖွယ်အသံများ ကြားရသဖြင့် ဆက်မအိပ်နိုင်တော့ပေ။

## ဒု၊ သ၊ န၊ သော-အသံများအကြောင်းမေးမိ

မင်းကြီးသည် ကြောက်မက်ဖွယ် ဟိန်းထွက်လာသော ဒု၊ သ၊ န၊ သော-ဟူသည့် အသံများကို ပီပီပြင်ပြင်ကြားရသည်၊ အသံတို့၏ အဓိပ္ပာယ် သူနားမလည်၊ သို့ဖြင့် မိုးလင်းသော် နန်းတော်၏ ဆရာများဖြစ်သော ပညာရှိ

ပုဏ္ဏားများအား ကြားရသည့်အသံများအကြောင်း ပြောပြသည်၊ ကောင်းကျိုး ဆိုးပြစ်ဖြစ်နိုင်သည်တို့ကို မေးမြန်းသည်။

မင်းဆရာပုဏ္ဏားများသည် သူတို့ တတ်သိထားသော ဝေဒပညာအရ ကိန်းအမျိုးမျိုးဆင်ပြီး တွက်ချက်ကြည့်ကြသည်၊ သို့သော် ဒု၊ သ၊ န၊ သော အသံ၏ အဓိပ္ပာယ်နှင့် အကောင်းအဆိုး အကြောင်းအကျိုးသည် သူတို့ ဦးနှောက်တွင်းသို့ ဝင်မလာ။ သို့ရာတွင် အန္တရာယ်ကြီးလှပါသည်၊ ထို အန္တရာယ်မှ လွတ်မြောက်ရန် "သဗ္ဗ သတ္တ" ယဇ်ပူဇော်ရပါမည်ဟု မင်းကြီးကို ပြန်ကြားလျှောက်ထားလိုက်ကြသည်။

ကောသလမင်းကြီးသည် ပုဏ္ဏားပညာရှိတို့၏ အကြံပေးလျှောက်ထား ချက်အတိုင်း ယဇ်ပူဇော်ရန် ဆင်၊ မြင်း၊ နွား၊ ဝက်၊ ကြက်နှင့် သတို့သား၊ သတို့သမီး တစ်ရာစီအဖမ်းခိုင်းသည်၊ အဖမ်းခံရသူတို့၏ မိဘဆွေမျိုးစသည်တို့ ဆူညံစွာ ငိုယိုအော်ဟစ်သံကို မလ္လိကာမိဖုရားကြီး ကြားသွားသည်၊ ထိုအသံ တို့၏ အကြောင်းရင်းကို မင်းကြီးအားလျှောက်ထားမေးမြန်းသည်၊ မင်းကြီးက ပုဏ္ဏားတို့၏ အကြံပြုချက်အရ ယဇ်ပူဇော်ရန် အဖမ်းခံထားရသူတို့နှင့် ထိုသူတို့၏ ဆွေမျိုးတို့အော်သံဟု မိန့်ကြားသည်၊ မိဖုရားကြီးက ဘုရားရှင်ထံ သွားရောက်လျှောက်ထားမေးမြန်းရန် ပြောကြားသည်။

## နောင်တလည်းရ၊ ဖမ်းထားသူများလည်း လွှတ်

မိဖုရားကြီး၏အကြံပြုချက်အရ အဖြစ်စုံကို ဘုရားရှင်ထံလျှောက်ထား သောအခါ ဘုရားရှင်က "ဒု၊ သ၊ န၊ သော" အော်ဟစ်နေရသူ ငရဲကျခံနေရ သော မင်းသားများအကြောင်း၊ ထိုမင်းသားတို့ ယခုလို အော်လျက် ငရဲကျခံ နေရခြင်းမှာ သူတစ်ပါး သားသမီး၊ သားမယားကို စော်ကားကျူးလွန်၍ဖြစ် ကြောင်း မိန့်တော်မူလိုက်သည်။

ဘုရားရှင်၏ဟောပြချက်ကို ကြားနာရသော် မင်းကြီး နောင်တကြီးစွာ ရလျက် သူတစ်ပါး သားမယားကို မတရားသိမ်းပိုက်ချင်သည့် အကြံအစည် ကိုလည်း စွန့်လွှတ်လိုက်သည်၊ ဖမ်းထားသူများကိုလည်း လွှတ်စေသည်၊

ယဇ် ပူဇော်ခံရမည့် သတ္တဝါအားလုံးသည်လည်း အသက်ဘေးမှ လွတ်သွားကြတော့သည်။

[ဓမ္မပဒ၊ ဗာလဝဂ်၊ ကောသလမင်းဝတ္ထု]

---

## ဘုရားရှင်အား ဓမ္မပူဇာဖြင့် ပူဇော်သူ

ဘုရားရှင် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်အခါက ဖြစ်သည်၊ တစ်နေ့တွင် ဘုရားရှင်က "ရဟန်းတို့၊ ဤနေ့မှ နောက်လေးလလွန်သော် ငါဘုရားပရိနိဗ္ဗာန်ပြုတော့မည်"ဟု မိန့်တော်မူသည်၊ ထိုအခါ ဘုရားရှင်အနီး၌ သီတင်းသုံးနေထိုင်ကြသော ရဟန်း သံဃာတော်များအနက် အချို့က ပူဆွေး သောကပရိဒေဝ ဖြစ်ကြသည်၊ အချို့က နှမြောတမ်းတ ဝမ်းနည်းစွာ ခံစားကြရသဖြင့် မျက်ရည်မဆည်နိုင် ဖြစ်ကြသည်၊ ထိုကဲ့သို့ ခံစားရသူတို့မှာ ပုထုဇဉ် ရဟန်းသံဃာတော်များ ဖြစ်ကြသည်။

### ရဟန္တာတို့ သံဝေဂ ပွားကြပြီ

ရဟန္တာဖြစ်တော်မူပြီးသော သံဃာတော်တို့ကမူ ပူဆွေးသောကမဖြစ်ကြ၊ ရဟန္တာတို့သည် ပူဆွေးသောကဖြစ်ရသော ဒေါသကို ပယ်တော်မူပြီး ဖြစ်ကြသည်၊ သို့ရာတွင် တရားသံဝေဂများ ဖြစ်ပွားတော်မူကြသည်။

ဘုရားရှင်အနီး ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေကြသော ရဟန်းတော်တို့တွင် အရှင်ဓမ္မာရာမ ထေရ်သည်လည်း တစ်ပါး ပါဝင်သည်၊ ဤမထေရ်သည် တရားသိကာ ရဟန္တာအဖြစ်သို့ ရောက်တော်မမူသေး၊ ပုထုဇဉ် ရဟန်းတော် တစ်ပါးသာဖြစ်သည်၊ သို့ရာတွင် အခြားသော ပုထုဇဉ် ရဟန်းတော်အချို့နှင့်မတူ၊ ဘုရားရှင် မိန့်ကြားသော "ဤနေ့မှ နောက်လေးလလွန်သော် ငါဘုရား ပရိနိဗ္ဗာန်ပြုတော့မည်" ဟူသော ဘုရားရှင် စကားတော်ကို ကြားသော် သူလုပ်ရမည့်အလုပ်ကို လုပ်ဖို့ စဉ်းစားတော်မူသည်။

## ဓမ္မပူဇာဖြင့် ပူဇော်မည်

မထေရ် စဉ်းစားကြံစည်သော အလုပ်မှာ "ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကာလ၌ ငါတရားရအောင် ကျင့်ကြံမည်၊ ထိုသို့ကျင့်လျက် ဘုရားရှင်အား ဓမ္မပူဇာဖြင့်ပူဇော်မည်"ဟူသော အလုပ်နှင့် အကြံအစည်ဖြစ်သည်။

ထိုအလုပ်နှင့် အကြံအစည် အောင်မြင်စေရန် မထေရ်သည် တစ်ပါးတည်းနေထိုင်လျက် တရားကျင့်ကြံအားထုတ်သည်၊ အခြားရဟန်းသံဃာတော်တို့နှင့် အချိန်များစွာ အကုန်ခံလျက် အလဟဿ အချိန်မဖြုန်း၊ အပ္ပမာဒတရားလက်ကိုင်ထားသည်၊ အခြားအချို့သော ရဟန်း သံဃာတော်တို့က အရှင်ဓမ္မာရာမ ထေရ်၏ နေထိုင်သီတင်းသုံးပုံကို တစ်မျိုးမြင်ကြသည်၊ ဘုရားရှင်အပေါ်၌ပင် ကြည်ညိုမှု နည်းသလိုလို ထင်မြင်ယူဆကြသည်။

ထိုသို့ ထင်မြင်ယူဆသော ရဟန်း သံဃာတော်အချို့၏ အယူအမြင်သည် ဘုရားရှင်ထံ ရောက်သွားသည်၊ သူတို့ ထင်မြင်ယူဆသည့်အတိုင်း ဘုရားရှင်ကို လျှောက်ထားကြသည်၊ ထိုအခါ ဘုရားရှင်က ဓမ္မာရာမထေရ်ကို ခေါ်တော်မူကာ အခြား ရဟန်း သံဃာတော်တို့၏ ထင်မြင်ယူဆမှုအကြောင်း ဟုတ်မှန် မမှန်မေးတော်မူသည်။

## ဝန်ခံလျှောက်ထား

ဓမ္မာရာမထေရ်သည် ဘုရားရှင်၏ အမေးကို သူကျင့်ကြံနေထိုင်သည့်အတိုင်း သူ့ရည်ရွယ်ချက်နှင့်သူ ကြိုးစားအားထုတ်နေမှုကို အမှန်အတိုင်း ဝန်ခံလျှောက်ကြားသည်၊ အခြားသော ရဟန်းသံဃာတော်တို့သည်လည်း ဓမ္မာရာမ ထေရ်၏ ပြန်လည်လျှောက်ကြားချက်ကို ကြားသိတော်မူကြသည်။

ထိုအခါ ဘုရားရှင်က ဓမ္မာရာမထေရ်နှင့် ရဟန်းသံဃာတော်တို့အား ဤသို့ ဩဝါဒပေး မိန့်ကြားတော်မူသည်။

## ဘုရားရှင်၏ ဩဝါဒ

"ရဟန်းတို့၊ သမထ ဝိပဿနာတရားသာလျှင် မွေ့လျော်ရာရှိသော၊ သမထ ဝိပဿနာတရား၌ မွေ့လျော်နေသော၊ သမထ

ဝိပဿနာတရားကို အမြဲမပြတ် ကြံစည်အားထုတ်နေသော ရဟန်းသည် ဗောဓိပက္ခိယ တရား ၃၇ ပါး၊ လောကုတ္တရာတရားကိုးပါးမှ မဆုတ်ယုတ်၊ ဓမ္မာရာမ မထေရ်ကဲ့သို့ နေကြ”

ဘုရားရှင်သည် ဓမ္မာရာမ မထေရ်ကို ချီးမွမ်းတော်မူသည်၊ အခြားသံဃာတော်တို့အားလည်း ဤမထေရ်ကဲ့သို့ ကျင့်ကြံရန် ဆုံးမတော်မူသည်၊ မထေရ်၏ လျှောက်ထားစကား ကြားရသောအခါ သာဓုခေါ်တော်မူသည်၊ ဓမ္မာရာမ မထေရ်သည် ဘုရားရှင်ဆုံးမဟောကြားသော ဩဝါဒတရားတော်ကို ကြားနာရသဖြင့် တရားသိလျက် ရဟန္တာဖြစ်တော်မူသည်။

[ဓမ္မပဒ၊ ဘိက္ခုဝဂ်၊ ဓမ္မာရာမ မထေရ်ဝတ္ထု]

---

## ဘုရားရှင်အား အာမိသပူဇာဖြင့် ပူဇော်သူ

ဘုရားရှင်သည် ထိုအချိန်က ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူကာ သုံးလောကသား လူနတ်ဗြဟ္မာသတ္တဝါတို့အား တရားရေအေး တိုက်ကျွေးတော်မူနေသည်၊ တစ်နေ့တွင် ဘုရားရှင်၌ လေနာရောဂါဖြစ်ပွား ခံစားတော်မူရသည်၊ ထိုလေနာရောဂါသက်သာပျောက်ကင်းစေရန် ရေနွေး လိုအပ်နေသည်၊ ဘုရားရှင်အနီး၌ အလုပ်အကျွေး ရဟန်းတော် ဥပဝါန မထေရ်ရှိသည်။

### ရေနွေးကျိုရောင်းသူ ပုဏ္ဏား

ဘုရားရှင်သည် ရေနွေးရရှိရန် ဥပဝါနမထေရ်ကို ရေနွေးကျိုရောင်းသည့် ဒေဝဟိတပုဏ္ဏားကြီးထံ စေလွှတ်တော်မူသည်၊ ဒေဝဟိတပုဏ္ဏားသည် ရေနွေး ကျိုရောင်းသူဖြစ်သည်၊ သာဝတ္ထိပြည်သူ၊ ပြည်သားတို့သည် ထိုပုဏ္ဏားကြီးထံမှ ရေနွေးဝယ်ယူသည်၊ ထိုရေနွေးဖြင့် ရေချိုးကြပြီး ပန်းနံ့သာ စသည်တို့ လိမ်းကျံလေ့ရှိကြသည်။

ပုဏ္ဏားကြီးသည် ရေနွေး အလှူခံရန် ရောက်လာသော ဘုရားရှင်၏

အလုပ်အကျွေး ဥပဝါနမထေရ်ကိုမြင်သော် ရှိသေစွာ ခရီးဦးကြိုဆိုသည်၊ ကြွလာရသည့်အကြောင်းစုံကိုလည်း မေးမြန်းသည်၊ ရေနွေးအလိုရှိ၍ ကြွလာကြောင်းနှင့် ဘုရားရှင်အတွက်ဖြစ်ကြောင်း၊ ဘုရားရှင်သည် လေနာရောဂါခံစားနေရကြောင်း ပုဏ္ဏားကြီးအား မထေရ်က မိန့်ကြားရှင်းပြသည်။

ပုဏ္ဏားကြီးသည် ဥပဝါနထေရ် အလှူခံလိုသော ရေနွေးသာမက လေနာနှင့် သင့်လျော်သော တင်လဲခဲပါ သူ့ထံ၌ရှိနေသည်ကို သတိရမိလိုက်သည်၊ ဒါနပြုရာ၌ လှူနိုင်သော ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးတို့တွင် တင်လဲသည်လည်း ဆေးတစ်ပါး ဖြစ်နိုင်သည်ဟု သူစဉ်းစားမိဟန်ရှိသည်။ အလုပ်သမားတစ်ယောက်ကိုခေါ်ကာ ထမ်းပိုးစေလျက် မထေရ်နှင့်အတူ ဘုရားရှင်ထံရေနွေး ပို့လှူခိုင်းသည်၊ တင်လဲခဲကိုလည်း ဘုရားရှင်၏ လေနာအတွက် မထေရ်ထံပေးလှူလိုက်ပြီး သူကိုယ်တိုင်လည်း ဘုရားကျောင်းတော်သို့ လိုက်လာခဲ့သည်။

## ပုဏ္ဏားကြီးဝမ်းသာ

ဇေတဝန်ကျောင်းတော်သို့ရောက်သော် မထေရ်သည် ဘုရားရှင်အား ရေနွေးဖြင့် ရေသပ္ပာယ်ပေးသည်၊ တင်လဲခဲကိုလည်း ရေနွေးဖြင့် ဖျော်ကာ ဘုရားရှင်အား ဆက်ကပ်လှူဒါန်းသည်၊ သင့်တော်သော ဆေးသုံးဆောင်ရသည့်အတွက် ဘုရားရှင်၌ ဖြစ်ပေါ်နေသော ၎လေနာရောဂါသည် သက်သာပျောက်ကင်းသွားတော့သည်၊ ပုဏ္ဏားကြီးသည် ချက်ချင်းလက်ငင်း သက်သာသွားသော ဘုရားရှင်၏ လေနာရောဂါအကြောင်း သိမြင်ရသော် အတိုင်းမသိဝမ်းသာသွားသည်။

ထို့နောက် ပုဏ္ဏားကြီးက သူသိလိုသော မေးခွန်းများကို ဘုရားရှင်ထံလျှောက်ထား မေးမြန်းသည်။

## ပုဏ္ဏားကြီးသိလိုသည်များ

"အရှင်ဘုရား၊ အဘယ်ပုဂ္ဂိုလ်၌ အလှူဝတ္ထုကို ပေးလှူအပ်ပါ



သနည်း၊ အဘယ်ပုဂ္ဂိုလ်အား လျှအပ်သော အလှူသည် အကျိုးကြီးပါ
သနည်း၊ အဘယ်သို့လျှင် မြတ်သောအလှူဖြစ်ပါသနည်း"

ထိုအခါ ဘုရားရှင်က ပုဏ္ဏားကြီး၏ မေးလျှောက်ချက်များကို ဤသို့ ပြန်လည် ဖြေကြားမိန့်တော်မူသည်။

"ပုဏ္ဏားကြီး၊ အကြင်ပုဂ္ဂိုလ်သည် ရှေး၌ဖြစ်ခဲ့ဖူးသော ခန္ဓာအစဉ်ကို သိ၏၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်နှင့် အပါယ်လေးဘုံတို့ကိုလည်း နတ်မျက်စိဖြင့် မြင်သကဲ့သို့ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် မြင်၏၊ ဇာတိဟူသော ပဋိသန္ဓေနေခြင်း၏ ကုန်ရာဖြစ်သော အရဟတ္တဖိုလ်သို့လည်း ရောက်၏၊ အာသဝက္ခယဉာဏ်ဖြင့် မောနအဖြစ်သို့ ရောက်သောကြောင့် မုနိလည်းဖြစ်၏၊ ကိလေသာတို့ ကုန်ဆုံးရာ အရဟတ္တမဂ်အကျင့်ကို ကျင့်ပြီးသော ပုဂ္ဂိုလ်ကို ဗြာဟ္မဏ - မြင့်မြတ်သူဟု ငါဘုရားဟောတော်မူသည်၊ ထိုပုဂ္ဂိုလ်အား လှူအပ်သောအလှူသည် အကျိုးရှိ၏၊ မြတ်သောအလှူဖြစ်၏"

ဘုရားရှင်၏ တရားနာရသူ ပုဂ္ဂိုလ်များစွာတို့ တရားသိကာ တရားရကြလျက် ပုဏ္ဏားကြီးသည် ဥပါသကာအဖြစ် ခံယူသွားသည်။

**[ဓမ္မပဒ၊ ဗြာဟ္မဏဝဂ်၊ ဒေဝဟိတပုဏ္ဏားဝတ္ထု]**

## သံဃာတော်တို့အား လှူဒါန်းပူဇော်သူ ဒါသီကျွန်မ

သာဝတ္ထိမြို့မှ ဒါယကာ တစ်ယောက်သည် အခြား မိတ်ဆွေတို့နှင့် အတူ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေသော ဘုရားရှင်ထံ လာရောက်လျက် နေ့စဉ် တရားနာကြားသည်၊ ပရိသတ်တို့ ပြန်သွားကြသော် ဘုရားရှင်အား ဒါယကာက ဤသို့လျှောက်ထားသည်။

"အရှင်ဘုရား၊ တပည့်တော်သည် သံဃာတော်လေးပါးတို့အား နေ့စဉ် နိစ္စဘတ် (အမြဲတမ်းဆွမ်းအလှူ) လှူလိုပါသည်၊ တပည့်တော်အိမ်သို့ နေ့စဉ်သံဃာတော်လေးပါး ကြွစေတော်မူပါဘုရား"

### ကျွန်မကို တာဝန်ပေးထားပြီ

ဒါယကာ၏ ပင့်လျှောက်ချက်အရ ဆွမ်းညွှန်ရဟန်းသည် နေ့စဉ် သံဃာတော်လေးပါးကို ထိုအိမ်သို့ကြွစေသည်၊ ဒါယကာသည် အိမ်ရှိကျွန်မ တစ်ဦးအား ကြွလာသည့် သံဃာတော်တို့အတွက် ဆွမ်း ကွမ်း ဝေယျာဝစ္စ ဆောင်ရွက်ပေးရန် မှာကြားထားသည်၊ ဒါယကာက တာဝန်ပေးခံရသူ ကျွန်မသည် သဒ္ဓါတရားရှိသူဖြစ်သည်၊ နေ့စဉ်နေ့တိုင်း စောစောအိပ်ရာမှ ထလျက် ဆွမ်း၊ ဆွမ်းဟင်းနှင့် လှူဖွယ်တို့ကို စီစဉ်သည်၊ သံဃာတော်တို့အတွက် နေရာထိုင်ခင်း စသည်ကိုလည်း သပ်သပ်ရပ်ရပ်ဖြစ်စေရန် အလေးထားပြုလုပ်သည်။

တစ်နေ့တွင် ကျွန်မသည် ရဟန်းတော်တို့အား ဆွမ်းဘောဇဉ်စသည်တို့ ကပ်လှူပြီးနောက် ပဋိသန္ဓေနေရခြင်း၊ အိုရ၊ နာရ၊ သေရခြင်းစသည့် ဘဝဒုက္ခများမှ ကင်းလွတ်ရန် ပြုကျင့်ရမည့်နည်းလမ်းများကို မေးမြန်းသည်၊ ရဟန်းတော်တို့က သရဏဂုံနှင့်တကွ ငါးပါးသီလကို ဆောက်တည် ကျင့်သုံးရန်၊ ကိုယ်ခန္ဓာနှင့် ဆက်စပ်လျက် မမြဲသည့် အနိစ္စ သဘောနှင့် ဆင်းရဲဒုက္ခ ဖြစ်ရပုံတို့ကို ဟောကြားပြီး လက်တွေ့ ကျင့်သုံးနေထိုင်ပုံတို့ကို ရှင်းပြသင်ကြားပေးကြသည်။

### ကျွန်မ သောတာပန်ဖြစ်ပြီ

ကျွန်မသည် ရဟန်းတို့ဟောကြားသင်ပြ၍ သိလာချိန်မှစပြီး သရဏဂုံနှင့်

သီလကို မကျိုးမပေါက် မပြောက်မကျားစေရန် ကြိုးစားအားထုတ်စောင့်ထိန်းသည်၊ အားလပ်ချိန်ရလျှင်ရတိုင်း တရားနာကြားသည်၊ ဝိပဿနာဘာဝနာပွားများသည်၊ ထိုသို့ အားထုတ်မှုကြောင့် တစ်နေ့ထက်တစ်နေ့ ပိုမိုတရားသိလာကာ ပါရမီရင့်သန်ပြီး သောတာပန်ဖြစ်သွားတော့သည်။

သောတာပန်ဖြစ်သွားပြီးမကြာမီ ကွယ်လွန်ကာ တာဝတိံသာ၌ သိကြားမင်း၏ အလုပ်အကျွေး နတ်သမီးအဖြစ် လူ့ဘဝက နာမည်အတိုင်း ဒါသီဟူသောအမည်ဖြင့် နတ်သမီးဖြစ်သွားသည်။

ထိုနတ်သမီးသည် နတ်ချမ်းသာတို့ကို ခံစားရင်း စိတ္တလတာဉယျာဉ်တော်၌ လှည့်လည်နေစဉ် နတ်ပြည်သို့ ဒေသစာရီကြွလာတော်မူသော အရှင်မဟာမောဂ္ဂလာန်မထေရ်ကြီးနှင့် ဆုံမိလေသည်၊ အရှင်မဟာမောဂ္ဂလာန်မထေရ်ကြီးက နတ်သမီးကို တွေ့မြင်သော် ဤသို့ မေးတော်မူသည်။

## အရှင်မဟာမောဂ္ဂလာန်က မေးမြန်းပုံ

"နတ်တို့စည်းစိမ်ကို ခံစားလျက် ဆန်းကြယ်သော အဆောင်အယောင်တို့ဖြင့် လှည့်လည်သွားလာနေသော အိုနတ်သမီး၊ သင်သည် လူ့ဘဝတုန်းက မည်သို့သော ကောင်းမှုကို ပြုခဲ့၍ ဤနတ်စည်းစိမ်တို့ကို ရရှိခံစားရပါသနည်း၊ သင်ပြုခဲ့ကောင်းမှုနှင့် သင်၏အတိတ်ဘဝ အကြောင်းကို ပြောကြားပါလော့"

ထိုအခါ ဒါသီနတ်သမီးက လူဖြစ်စဉ် ဉပါသကာတစ်ဦး၏ အိမ်၌ ကျွန်မတစ်ယောက်ဖြစ်ခဲ့ရပုံ၊ ဉပါသကာ၏ တာဝန်ပေးချက်အရ နိစ္စဘတ်အလှူခံလာသော ရဟန်းတို့အား ပြုစုလုပ်ကျွေးခဲ့ပုံ၊ ရဟန်းတော်တို့၏ သင်ပြမိန့်ကြားချက်အတိုင်း သရဏဂုံနှင့် သီလဆောက်တည်ခဲ့ရာမှ သောတာပန်ဖြစ်ရပုံအထိ ပြန်လည်လျှောက်ထား ဖြေကြားသည်။

ထို့နောက် ကောင်းမှုပြု၍ ကောင်းကျိုးခံစားရပုံနှင့် မကောင်းမှုပြုလျှင် မကောင်းကျိုး ခံစားရမည်ဟု ယုံကြည်ကြောင်း စသည်ဖြင့် အကျယ်တဝင့်ဖြေကြားသည်။

## ဘုရားရှင်ထံ ပြန်လျှောက်ထား

အရှင်မဟာ မောဂ္ဂလာန်မထေရ်သည် ဒေဝစာရီ နတ်ပြည်ခရီးမှ ပြန်ကြွလာသော် နတ်ပြည်၌ တွေ့ကြုံမေးမြန်းခဲ့သော ဒါသီနတ်သမီးအကြောင်းကို ဘုရားရှင်ထံ ပြန်လည်လျှောက်ကြားသည်။

ဘုရားရှင်သည် အရှင်မဟာမောဂ္ဂလာန်မထေရ်ပြန်လည်လျှောက်ကြားသော ဒါသီနတ်သမီးအကြောင်းကို တရားနာပရိသတ်အား ထပ်ဆင့်ဟောတော်မူရာ တရားနာ ပရိသတ်တို့ တရားသိမြင်သွားကြသည်။

[ဝိမာနဝတ္ထုတော်ကြီး၊ စိတ္တလတာဝဂ်၊ ဒါသီဝိမာနဝတ္ထု]

## မပူဇော်သင့်သူကို ပူဇော်သူ

ဘုရားရှင်သည် လူ-နတ်-ဗြဟ္မာဟူသော သုံးလောကသားတို့၏ လောကအကျိုး၊ တမလွန်အကျိုးကို ဆောင်တော်မူသဖြင့် သုံးလောကသားတို့က ဘုရားရှင်ကို ပူဇော်ဖွယ် အမျိုးမျိုးတို့ဖြင့် ပူဇော်ကြသည်၊ ဘုရားရှင်၏ တရားတော်သည် ကျင့်ကြံသူတို့အား ကောင်းကျိုးကိုဖြစ်စေသဖြင့်လည်းကောင်း၊ သံဃာတော်တို့သည် ဘုရားရှင်ဟောကြားသောတရားတော်တို့ကို ဘုရားရှင်ကိုယ်စား ဟောကြားသဖြင့်လည်းကောင်း ဘုရား၊ တရား၊ သံဃာဟူသော ရတနာသုံးပါးတို့ကို ပူဇော်ဖွယ် အဖုံဖုံတို့ဖြင့် ပူဇော်ကြသည်။

မိဘတို့သည် သားသမီးတို့အား ကျွေးမွေးပြုစုလျက် လက်ဦးဆရာမည်ထိုက်အောင် စောင့်ရှောက်ခဲ့ကြသောကြောင့်လည်းကောင်း၊ ဆရာသမားတို့သည် တပည့်တို့အား အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ စသော ဆရာ့ဝတ္တရားတို့နှင့်အညီ ကောင်းရာကောင်းကြောင်းကို သင်ပြသူများဖြစ်သောကြောင့်လည်းကောင်း ပူဇော်သင့်သူများအဖြစ် ပူဇော်ကြသည်။

### မပူဇော်သင့်သူကို ပူဇော်မိလျှင်

သို့ရာတွင် မပူဇော်သင့်သူကို ပူဇော်မိသဖြင့် "အေးစေဖို့ တရားနာ ပူဇာစ

အကျိုး"ဟု အများသူငါတို့ ပြောနေကြသည့် စကားနှင့်အညီ မပူဇော်သင့်သူကို ပူဇော်မိ၍ ဆိုးကျိုးရရှိခံစားရသူများလည်း ရှိကြသည်၊ ထိုသူတို့အနက် အဇာတသတ်မင်းသားသည်လည်း တစ်ဦးအပါအဝင်ဖြစ်သည်။

အဇာတသတ်မင်းသားသည် ထီးနန်းအတွက် အရိယာ သူတော်စင်ဖြစ်သော ဖခင် ဗိမ္ဗိ သာရမင်းကြီးကို ထောင်သွင်း အကျဉ်းချထားပြီး ဒုက္ခအမျိုးမျိုးပေးခဲ့သည်၊ နောက်ဆုံးတွင် အစာရေစာ ဖြတ်ထားသဖြင့် ဖခင်အရိယာမင်းကြီး ကွယ်လွန်ခဲ့ရသည်၊ ထိုသို့ ဖခင်ကြီးကိုသတ်သည့် ပိတုဃာတကကံကို ကျူးလွန်ခဲ့ခြင်းမှာ မပူဇော်သင့်သူကို ပူဇော်မိ၍ဖြစ်သောမကောင်းကျိုးဖြစ်သည်။

အဇာတသတ်က ကိုးကွယ်ထိုက်သူဟု အထင်ကြီးလျက် ကိုးကွယ်အားထားခဲ့သူမှာ ဒေဝဒတ်ဖြစ်သည်၊ ဒေဝဒတ်သည် ဘဒ္ဒိယ၊ အနုရုဒ္ဓါ၊ အာနန္ဒာ၊ ဘဂု၊ ကိမိလ၊ ဥပါလိတို့နှင့်အတူ သာသနာတွင်း ဝင်လာခဲ့သူဖြစ်သည်၊ သာကီဝင်မင်းသားတစ်ဦးလည်း ဖြစ်သည်။

## ဘဒ္ဒိယ စသူတို့ တရားရကြသော်လည်း

ဘုရားရှင်သည်လည်း သာကီဝင်မင်းသားတစ်ဦး ဖြစ်ခဲ့သည်၊ ဒေဝဒတ်နှင့်အတူ သာသနာတွင်းဝင်လာသူ ဘဒ္ဒိယ၊ ဘဂု စသူတို့သည် ပါရမီရှိခဲ့သူများပီပီ သာသနာပွင်း ဝင်ရောက်ပြီးမကြာမီ တရားသိသွားကြသည်၊ အရိယာအဖြစ်ရောက်သွားကြသည်။

ဒေဝဒတ်သည် သာသနာတွင်း ဝင်စ၌ လောကီစျာန်ရသည်အထိ အကျင့်သိက္ခာ ကောင်းခဲ့သည်၊ သို့သော် အရိယာဖြစ်သည်အထိ သူဆက်ပြီး မကြိုးစားခဲ့။

## ဒါနနှင့်သီလအကြောင်း အမှန်သိလာကြပြီ

ဘုရားရှင် ပွင့်တော်မူလာပြီး တရားစည်ကြီး မြည်ဟည်းခဲ့ချိန်မှစ၍ လူနတ်ပြဟ္မာတို့သည် တရားနှင့်မတရားကို ခွဲခြားသိလာကြပြီ၊ ကောင်းကျိုးဆိုးပြစ်ကိုလည်း သူ့တန်ဖိုးနှင့်သူ တစ်သီးတခြားစီ အကန့်အကန့်ထားတတ်ကြပြီ၊

ဒါနပြုရာ လှူဒါန်းရာတို့၌လည်း ရွေးချယ်လျက် လှူဒါန်း လာတတ်ကြပြီ၊ သီလအရာ၌လည်း စောင့်သုံးသင့်သည့် သီလနှင့်စောင့်သုံးရန် မသင့်သည့် သီလတို့ကို ခွဲခြားဆောက်တည်လာကြပြီ၊ အဝတ်မပါကိုယ်လုံးတီးနေကာ တပအကျင့် ကျင့်ခြင်းသည် မိမိကိုယ်ပိမိ ပင်ပန်းအောင် ပြုကျင့်နေခြင်းမျှသာ ဖြစ်သည်။ ထိုအကျင့်သီလတို့ကို ကိုယ်ကိုယ်တိုင်လည်း မကျင့်အပ်၊ သူတစ်ပါးကိုလည်း မကျင့်စေအပ်သည့်သီလဟု သိလာကြသည်။

လူ-နတ်-ဗြဟ္မာ သုံးလောကသားတို့ အသိဉာဏ် ရင့်ကျက်လာသည်နှင့်အမျှ အပူဇော်ခံထိုက်သူတို့ အပူဇော်ခံရသည်၊ လာဘ်သပ်ပကာ ရှင်လာကြသည်၊ ဒေဝဒတ်ကဲ့သို့သော မသူတော်တို့အဖို့ လာဘ်သပ်ပကာ နည်းလာကြပြီ၊ ဒေဝဒတ်သည် ဘဝများစွာ၌ ဘုရားရှင်ကို အန်တုခဲ့သည်၊ အကောင်းနှင့် အဆိုးဟူသော ဘက်နှစ်ဘက်တွင် အဆိုးဘက်မှသာ ရပ်တည်ခဲ့သည်၊ ယခုဘဝ၌လည်း ဆက်၍အန်တုဆဲ၊ သံဃာကို ကွဲပြားအောင် ခွဲခြားသည်၊ ဘုရားရှင်နှင့် အရိယာ ရဟန်းတို့က တားမြစ်သော်လည်း လက်မခံ။

ဘုရားရှင်နှင့်တကွ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန် အစရှိသည်တို့ ဘုန်းမီးနေလတောက်လာသဖြင့် ဒေဝဒတ်တို့ အရောင်မှိန်လာသည်၊ သူ့အတွက် လှူသူတန်းသူ နည်းလာသည်၊ သို့ဖြင့် ဒေဝဒတ်သည် ဘုရားရှင်တို့နှင့်ဝေးရာ ရာဇဂြိုဟ်သို့ ပြောင်းပြေးသွားရသည်၊ ရာဇဂြိုဟ်၌ ဘုရင်ဗိမ္ဗိသာရမင်းကြီးရှိသည်၊ သူ့သားတော် အဇာတသတ်မင်းသားလေးလည်းရှိသည်၊ သူတို့ကို အမှီပြုလျက် လာဘ်သပ်ပကာ ရအောင် ကြံဆောင်တော့သည်။

သူ့အကြံမှာ အဇာတသတ်မင်းသားလေးထံသွားမည့် အကြံဖြစ်သည်၊ လောကီစျာန်ရထား၍ စျာန်ဖြင့်သွားမည်၊ ဒေဝဒတ်ဟူသော ရဟန်းဝတ်၊ ရဟန်းအသွင်ဖြင့်သွားရန်မဟုတ်၊ ရရှိထားသော ဖန်ဆင်းနိုင်စွမ်းတန်ခိုးဖြင့် သွားရန်ဖြစ်သည်၊ ပထမသူငယ်ယောင် ဖန်ဆင်းသည်၊ သူ၏လက်လေးဘက်၊ ခြေလေးဘက်တို့၌ မြွေကြီးများတင်ထားသည်၊ အခြားနေရာများဖြစ်သည့် လည်ပင်း၊ ပခုံးတို့၌လည်း မြွေကြီးများရစ်ပတ်လျက်၊ တစ်ကောင်ကိုမူ ခေါင်းပေါ်၌ ခေါင်းပေါင်းသဖွယ်ပြုလုပ်ထားသည်၊ ထိုသို့ မြွေများဖြင့်သူ့ပကတိရုပ်ကို

ဖျက်ပြီး ဩူငယ်အသွင်ဖြင့် အဇာတသတ်မင်းသားလေး၏ ရင်ခွင်အတွင်းသို့ ဖြုန်းခနဲ ဆင်းပြလိုက်သည်။

## ဒေဝဒတ်ကို အထင်ကြီးသွားပြီ

အဇာတသတ်မင်းသားလေးသည် အကြီးအကျယ် တုန်လှုပ်လျက် ကြက်သီး မွေးညင်းများ ထလာသည်၊ အလန့်တကြား ဟစ်အော်လိုက်သည့်အခါတွင်မှ ဒေဝဒတ်က ရဟန်းအသွင် ပြန်ပြပြီး မိမိမှာ ဒေဝဒတ်ဖြစ်ကြောင်း ပြောပြလိုက်သည်၊ ထိုအချိန်မှစကာ အဇာတသတ် မင်းသားလေးသည် ဒေဝဒတ်ကို အထင်ကြီးသွားတော့သည်၊ တန်ခိုးကြီးလှပါဘိ၊ အားထားသင့်လှပါဘိ၊ ကိုးကွယ်ထိုက်လှပါဘိပုလည်း သဘောပိုက်သွားတော့သည်။

သို့ဖြင့် အဇာတသတ်သည် ဒေဝဒတ်ထံ နေ့စဉ်သွားသည်၊ ဆုံးမဩဝါဒခံယူသည်၊ ပေးသည့်အကြံဉာဏ်အတိုင်း လိုက်နာလုပ်ဆောင်သည်၊ ဒေဝဒတ်က "ယနေ့ကာလ လူ့သက်တမ်းတိုသည်၊ ထို့ကြောင့် မင်းအဖြစ် မြန်မြန်ရောက်အောင်လုပ်"ဟု အကြံပေးသည်၊ ဖခင်ဗိမ္ဗိသာရမင်းကြီး၏ အသက်နှင့်ကံကုန်သည်အထိ စောင့်နေရန်မလို။ ယခုပင် အမြန်ဆောင်ရွက်ဟု တိုက်တွန်းသည်၊ အဖသတ်ခြင်းဟူသော ပိတုဃာတကကံသည် ကြီးလေးသော အပြစ်မဟုတ်ပါလောဟု အဇာတသတ်က ပြန်မေးသည်။

## ငါလည်း ဘုရားလုပ်မည်

ထိုအခါ ဒေဝဒတ်က သူကိုယ်တိုင်လည်း ဘုရားရှင်ကို ကြိုးစားလုပ်ကြံလျက် ဘုရားလုပ်မည်၊ ထိုသို့ ကြိုးစားလုပ်ကြံရာ၌ အဇာတသတ်၏ အကူအညီပါ လိုသည်ဟုပြန်ပြောသည်၊ သို့ဖြင့် မကိုးကွယ်၊ မပူဇော်ထိုက်သူကို ကိုးကွယ်ပူဇော်ရာမှ ရလာသော အကျိုးတရားအဖြစ် အဇာတသတ်သည် ဖခင်မင်းကြီးအား ထောင်သွင်းအကျဉ်းချကာ အသက်ဆုံးသည်အထိ ပိတုဃာတကကံကို ကျူးလွန်သည်။

ဒေဝဒတ်သည်လည်း ဆိုးဘက် အဇာတသတ်နှင့် တိုင်ပင်ညှိနှိုင်းခဲ့သည့်

အတိုင်း ဘုရားရှင်ကိုအန်တုသည်။ ပထမ လာဘ်လာဘရှာသည်၊ အဇာတသတ်ပေးလှူသော ဆွမ်းဝတ် ၅၀၀ နေ့စဉ်ရခဲ့ခြင်းသည် ဒေဝဒတ်အတွက် ကြီးမားသောလာဘ်ကြီးဖြစ်သည်။

ဘုရားရှင်ကို လုပ်ကြံရန်စိတ်ကူး ချိန်မှစကာ ဒေဝဒတ်ရရှိသော စျာန်လည်း ကွယ်ပျောက်သွားခဲ့သည်၊ ထို့ကြောင့် ပရိသတ်များအား တရားဟောတော်မူနေသော ဘုရားရှင်ထံချဉ်းကပ်သွားကာ ဤသို့ တောင်းဆိုချက်များ ပြုလေတော့သည်။

> "အရှင်ဘုရား၊ ဘုရားရှင်သည် သက်တော်ရွယ်တော်ကြီးပါပြီ၊ သို့အတွက် ကြောင့်ကြမဲ့အေးဆေးစွာ နေထိုင်သီတင်းသုံးတော်မူပါ၊ သံဃာတော်တို့အတွက် တပည့်တော် တာဝန်ယူဦးဆောင်ပါမည်၊ ရဟန်းသံဃာတော်တို့ကို တပည့်တော်အား အပ်နှင်းတော်မူပါ"

## ပထမဦးဆုံး ရန်ငြိုး

ဘုရားရှင်သည် ဒေဝဒတ်၏တောင်းဆိုချက်များကို လက်ခံတော်မမူ၊ "ခေဠာသက = တံတွေးစား"ဟူသော စကားလုံးဖြင့် အပြစ်တင်လျက် မိန့်တော်မူလိုက်သည်၊ ခေဠာသက၏ အဓိပ္ပာယ်မှာ သူတစ်ပါးထွေးထားသည်ကို လိုက်လံကောက်ယူစားသူဟု ဆိုလိုသည်။

ထိုအခါမှစ၍ ဒေဝဒတ်က ဘုရားရှင်သည် "သာရိပုတ္တရာ၊ မောဂ္ဂလာန်စသည်တို့ကိုသာ မြှောက်စားသည်" ဟု သဘောပိုက်လျက် ဘုရား ရှင်အပေါ် ပထမဦးဆုံး ရန်ငြိုးဖွဲ့မှုကို ပြုလေတော့သည်။

ထို့နောက် တစ်ဆင့်ထက် တစ်ဆင့်တက်ကာ ပို၍ပို၍ ဆိုးလာသည်၊ ဒေဝဒတ်၏ လုပ်ရပ်များနှင့် ညီညွတ်သော သာသနာ့အသိုင်းအဝိုင်းမှ ဖယ်ကြဉ်သော ပကာသနီယကံကိုလည်း ဘုရားရှင်က ပြုတော်မူသည်၊ ဒေဝဒတ်ကလည်း တစ်ဆင့်ထက်တစ်ဆင့်တက်ကာ အဇာတသတ်၏ အကူအညီကို ယူပြီး ဘုရားရှင်အား လုပ်ကြံတော့သည်၊ လူသတ်သမားများ စေလွှတ်လျက် ဘုရားရှင်ကို လုပ်ကြံစေသည်၊ မအောင်မြင်၊ ဆင်နှင့် တိုက်သည်၊ မရ၊ ကိုယ်

တိုင် ကျောက်မောင်းဆင်လျက် ဂိဇ္ဈကုဋ်တောင်ပေါ်မှ လှိမ့်ချသည်၊ ခြေမတော်၌ သွေးစိမ်းတည်ရုံမျှသာ၊ နောက်ဆုံးတွင် ဒေဝဒတ်သည် ပြုခဲ့သော မကောင်းမှုတို့၏ အစိုင်အခဲအစုအပုံကြောင့် ထိုလုပ်ရပ်တို့နှင့် ထိုက်တန်စွာ မြေမျိုခြင်း ခံသွားရတော့သည်။

ဘုရားရှင်တို့မည်သည် မည်သည့်သူတစ်ပါး၏လုပ်ကြံမှုနှင့်မျှ ပရိနိဗ္ဗာန်စံရရိုးမရှိပေ။ ဤသည်မှာ ဘုရားရှင်တိုင်း၏သီးခြားဂုဏ်တော် ဖြစ်သည်။

## ဒေဝဒတ် မြေမျိုခံရသော်

ဒေဝဒတ်မြေမျိုခံရပြီဟု သိသောအခါမှစ၍ အဇာတသတ်မင်းသည် စားမဝင် အိပ်မပျော်နိုင်ဖြစ်တော့သည် ဖခင်ကို သတ်ပြီး မင်းအာဏာကိုရခဲ့ပါသော်လည်း မင်းစည်းစိမ်ကိုမူ အေးချမ်းစွာမခံစားရ၊ သို့ဖြင့် သောကငြိမ်းရာ ရနိုင်မည့်နည်းလမ်းများ ရှာကြံသည်၊ ဆရာဇီဝက၏အကြံပြုချက်အရ ဘုရားရှင် ထံသွားပြီး တရားတော်ကို ကြားနာသည်၊ ဘုရားရှင်က သာမညဖလသုတ် ဒေသနာတော်ကို ဟောကာ သောကငြိမ်းအေးရန် တရားပြတော်မူသည်။

ထိုသို့ တရားပြတော်မူရင်း အဇာတသတ်မင်းသည် ယခုဘဝ၌သာ ထိုသို့ ဒုက္ခ ကြုံခဲ့သည်မဟုတ်၊ အတိတ်ဘဝ၌လည်း ကြုံခဲ့ဖူးသည်ဟု မိန့်တော်မူကာ ဧကကနိပါတ်၊ သဉ္ဇီဝဇာတ်တော်ကို ဟောတော်မူသည်။

## အဇာတသတ်၏ အတိတ်ဘဝ

အဇာတသတ် မင်းသားသည် အတိတ်ဘဝတစ်ခု၌ သဉ္ဇီဝအမည်ရှိသော လုလင်တစ်ဦး ဖြစ်ခဲ့သည်၊ ဒိသာပါမောက္ခဆရာကြီးထံ ပညာ သွားသင်သည်၊ သူသင်ယူသော အတတ်ပညာမှာ အသေကောင်ကို အသက်ပြန်ရှင်လာရန် အသက်သွင်းပေးသော မန္တန်အတတ်ဖြစ်သည်၊ အသက်ပြန်နုတ်သော ပညာကိုတော့ သူမသင်မိ၊ အခြားပညာသင်ဘက် ကျောင်းသားတို့နှင့်အတူ တောတွင်းသို့ သွားစဉ် ကျားသေတစ်ကောင်ကို တွေ့ကြရသည်။

သဉ္ဇီဝက ကျားသေကို အသက်သွင်းပြမည်ဟုပြော၍ အခြားကျောင်းသားများက သစ်ပင်ပေါ်တက်နေပြီး "အသက်သွင်းပြ"ဟု ပြောကြသည်၊

သဋ္ဌိဝသည် "ကျားသေကြီးထလော့"ဟု မန်းမှုတ်ပြောဆိုလျက် ကျောက်စရစ်ခဲဖြင့် ပစ်သည်၊ ကျားသေသည် ချက်ချင်း အသက်ရှင်ထလာပြီး အနီးရှိ သဋ္ဌိဝကို ကိုက်သတ်လိုက်သည်၊ ထို့နောက် ကျားသေရော သဋ္ဌိဝပါ လဲကျသေဆုံးသွားကြတော့သည်။

## အဖြစ်စုံ ဆရာကြီးထံပြန်ပြော

သူငယ်ချင်းကျောင်းသားတို့သည် ကျောင်းသို့ ပြန်ရောက်သော် ဆရာကြီးအား အဖြစ်စုံအကြောင်းစုံကို ပြန်ပြောပြကြသည်၊ ထိုအခါ ဆရာကြီးက တပည့်တို့အား ဤသို့ဆုံးမသြဝါဒပေးသည်။

"မပူဇော်ထိုက်သူကို မပူဇော်နှင့်၊ ပူဇော်မှု မမှားစေနှင့်၊ မချီးမြှောက်သင့်သူဖြစ်သော ကျားသေကို အသက်သွင်းကာ ချီးမြှောက်မိ၍ သဋ္ဌိဝ အသက်ဆုံးရသည်"

ထိုအချိန်က ဒိသာပါမောက္ခ ဆရာကြီးသည် ဘုရားအလောင်းတော်ဖြစ်ပြီး သဋ္ဌိဝကား အဇာတသတ် လောင်းလျာဖြစ်ခဲ့သည်။*

## မိခင်အတွက် အသက်စွန့်ပူဇော်သူ မျောက်ညီနောင်

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီးမင်းပြုစဉ် ဘုရားလောင်းသည် မျောက်အမျိုး၌ ဖြစ်ခဲ့ရဖူးသည်၊ ဟိမဝန္တာတောအုပ်၌ နေသည်၊ အခြံအရံ မျောက်ပေါင်းရှစ်သောင်းရှိသည်၊ ခန္ဓာကိုယ်ကြီးမားခြင်း၊ နှစ်သက်ဖွယ် ရှိခြင်းတို့ကြောင့် မဟာနန္ဒိယ မျောက်မင်းဟု အမည်တွင်သည်၊ စူဠနန္ဒိယ အမည်ရှိ

*__အဇာတသတ်၏ မျိုးဆက်ငါးခု__၊ (၁) အဇာတသတ်သည် ဖခင်ဗိမ္ဗိသာရမင်းကို လုပ်ကြံပြီး မင်းပြုသည်၊ (၂) အဇာတသတ်ကို သားဖြစ်သူ ဥဒယဘဒ္ဒက လုပ်ကြံပြီး မင်းပြုသည်၊ (၃) ဥဒယဘဒ္ဒကို သူ၏သား မဟာမုဏ္ဍိက လုပ်ကြံပြီး မင်းပြုသည်၊ (၄) မဟာမုဏ္ဍိကကို သားဖြစ်သူ အနုရုဒ္ဓကလုပ်ကြံပြီး မင်းပြုသည်၊ (၅) အနုရုဒ္ဓကို သားဖြစ်သူ နာဂဒါသမင်းသားက လုပ်ကြံပြီး မင်းပြုသည်။

ညီငယ်တစ်ကောင်နှင့်အတူ မျက်မမြင်မိခင် မျောက်အိုမကြီးကို ပြုစုလုပ်ကျွေးနေကြသည်။

## မိခင်ကြီး ပိန်ကြုံအားနည်းလာ၍

မဟာနန္ဒိယသည် တပည့်များနှင့်အတူ ရှာဖွေ၍ရလာသော သစ်သီးမှည့်စသည့် စားဖွယ်တို့ကို တပည့် မျောက်တစ်ကောင်အား မိခင်ရှိရာသို့ အပို့ခိုင်းသည်၊ မိခင်ထံပို့ပေးရသော မျောက်သည် ကောင်းမွန်သော သစ်သီးမှည့် စသည်ကို ကိုယ်တိုင်လမ်းမှာ စားပစ်သည်၊ အသီးနု စသည့်မကောင်းသော စားဖွယ်ကိုသာ မဟာနန္ဒိယမျောက်မင်း၏မိခင် မျောက်အိုမကြီးထံ ပို့ပေးသည်၊ ညံ့သော အသီးစသည်ကို စားနေရသဖြင့် မျောက်အိုမကြီးသည် တစ်နေ့တခြား ပိန်ကြုံအားနည်းလာသည်။

မဟာနန္ဒိယသည် သုံးလေးရက် တစ်ကြိမ် မိခင်ထံ လာကြည့်သည်၊ အသီးမှည့် စသည့် စားကောင်းသောက်ဖွယ်များ ပို့ပေးစေပါလျက် မိခင်ကြီးကြုံလှီ အားနည်းနေသည်ကိုမြင်၍ မိခင်ကြီးအား အကြောင်းအကျိုးမေးကြည့်သည်၊ ထိုအခါ မိခင်မျောက်အိုမကြီးက "နုသော၊ ညံ့သော အသီးစသည်ကို စားနေရ၍ ပိန်ကြုံလျက် အားနည်းနေရသည်"ဟု ပြန်ဖြေသည်။

## မိခင်နှင့်အတူနေပြီ

မိခင်ထံ ကောင်းမွန်ရင့်မှည့်သော အစားအစာကိုသာ ပို့ပါသည်ဟု ပြောသောအခါ မိခင်က သူ့ထံရောက်လာသည်မှာ အညံ့စား အသီးမှည့်များနှင့် နုသောအသီးမှည့်တို့သာဖြစ်သည်ဟု ပြန်ပြောပြသည်၊ မျောက်မင်းသည် အပေါင်းအဖော် တပည့်များအား စောင့်ရှောက်ခြင်းဖြင့် မိခင်ကိုပစ်ထားလျှင် "ရိုင်းရာလည်းကျ၍ မိခင်ကြီးလည်း အသက်ရှည်မည်မဟုတ်"ဟု တွေးလျက် ညီငယ် စူဠနန္ဒိယကိုခေါ်ကာ တပည့်အပေါင်းကို အုပ်ချုပ်နေရန်၊ သူကမူ မိခင်ကို စောင့်ရှောက်တော့မည်ဟု ပြောဆိုတိုင်ပင်သည်၊ ညီငယ်က လက်မခံ၍ ညီနောင်နှစ်ကောင်တို့ မိခင်ကြီးကိုခေါ်လျက် ဟိမဝန္တာတော၏ အစွန်ရှိ ညောင်ပင်ကြီးတစ်ပင်ပေါ်၌ အတူနေကြသည်။

ဗာရာဏသီမြို့အနီးနေ ပုဏ္ဏားတစ်ယောက်သည် တက္ကသိုလ်သို့သွားကာ ပညာသင်ကြားသည်၊ ဉာဏ်ထိုင်းသဖြင့် ပညာသင်သော်လည်း ကောင်းစွာ မတတ်၊ သို့ဖြင့် မိဘထံ ပြန်ရန် ဆရာ့ထံပန်ကြားသည်၊ ဆရာသည် အင်္ဂဝိဇ္ဇာ အတတ်ကျွမ်းကျင်သဖြင့် တပည့်ကိုကြည့်ကာ ဤသို့ မှာကြားဆုံးမလိုက် သည်။

### ဆရာ့မှာစကား

"ချစ်သား၊ သင်သည် အမျက်ဒေါသကြီးသည်၊ သူတစ်ပါးတို့ အား သနားညှာတာမှု အားနည်းသည်၊ စိတ်အလိုကို လိုက်ကာ သူတစ်ပါးအသက် သတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း မပြုလေနှင့်၊ ထို အလုပ်များသည် မကောင်းသော အလုပ်များဖြစ်သည်၊ မိမိအတွက် မကောင်းကျိုးများ ခံစားရတတ်သည်"

ပုဏ္ဏားသည် ဇာတိရွာသို့ ပြန်ရောက်သော် အရွယ်တူ အမျိုးသမီးတစ်ဦး နှင့်အိမ်ထောင်ပြုသည်၊ အသက်မွေးမှုတစ်ခုပညာ ကျွမ်းကျင်စွာ မတတ်၍ လေး၊ မြား၊ လှံ၊ ဓားစသည်ကို ကိုင်ဆောင်လျက် တောနေသတ္တဝါတို့ကို ပစ်ခတ်သတ်ဖြတ်ရောင်းချပြီး အသက်မွေးမှုပြုသည်၊ အမုအကျင့်ဆိုးသော ကြောင့် သူ့ကို မုဆိုးဟုခေါ်ကြသည်မှ ခေတ်ကာလ ရွေ့လျောလာသော် မုဆိုး ကို မုဆိုးဟု ခေါ်ဝေါ်သိမှတ်လာကြသည်။

တစ်နေ့တွင် မုဆိုးသည် တောကောင်တစ်ကောင်မျှ မရခဲ့ဘဲ အိမ်သို့ ပြန်လာသည်၊ လမ်းတွင်ရှိ အရိပ်ကောင်းသော ညောင်ပင်ကြီးတစ်ပင်ကို တွေ့သဖြင့် အနားယူရန် ညောင်ပင်ရှိရာသို့ ဦးတည်လာခဲ့သည်၊ မုဆိုး လာ နေသည်ကို မြင်သောကြောင့် "ပုန်းနေကြ"ဟု အချက်ပေးလျက် နန္ဒိယ ညီနောင်တို့ ညောင်ပင်ခွကြား၌ ပုန်းနေကြသည်၊ မိခင်အိုကြီးကား မျက်မမြင် ဖြစ်၍ ပုန်းရှောင်မနေနိုင်၊ မုဆိုးသည် မျောက်အိုမကြီးကိုတွေ့၍ မြားဖြင့် ပစ်ရန် ပြင်ဆင်နေစဉ် မဟာနန္ဒိယ မျောက်မင်းက ညီငယ်အား ဤသို့မှာ ကြားသည်။

## ငါ့အသက်ဖြင့် မိခင်ကို ပူဇော်မည်

"ညီငယ်၊ ဤယောက်ျားသည် မိခင်၏အသက်ကို သတ်ဖို့ မြားကိုပြင်နေပြီ၊ မိခင်အား ငါ၏အသက်ဖြင့် ပူဇော်မည်၊ ငါသေသွားသော် အသက်ရှင်ကျန်သော မိခင်ကြီးကို ကောင်းကောင်းမွန်မွန် ပြုစုလုပ်ကျွေးရစ်ပါ"

မျောက်မင်းသည် ပုန်းနေရာမှ ထွက်လာပြီး မုဆိုးကိုလည်း ဤသို့ လှမ်းပြောသည်။

"အို အချင်း၊ ငါ့မိခင်ကို မသတ်ပါလင့်၊ မိခင်ကြီးသည် မျက်စိမမြင်ပါ၊ ငါသည် မိခင်အတွက် အသက်ဖြင့် ပူဇော်ပါမည်၊ ငါ့ကိုသာ ပစ်ပါ"

ပြောပြောဆိုဆိုဖြင့် မျောက်မင်းသည် မုဆိုး၏ မြားရှိရာရှေ့တည့်တည့်သို့လာ၍ ရပ်နေသည်၊ မုဆိုးသည် သားသတ်၍ အသက်မွေးသူပီပီ မျောက်မင်းကို မြားဖြင့်ပစ်လိုက်ရာ မျောက်မင်းသည် မြားထိကာ ညောင်ပင်ပေါ်မှ လိမ့်ကျ သေဆုံးသွားတော့သည်၊ တစ်ဖန် မိခင်အိုကိုပါပစ်ရန် မြားကိုပြင်ဆင်ပြန်သည်၊ ညီဖြစ်သူ စူဠနန္ဒိယသည် မုဆိုး၏အမူအရာကိုကြည့်ကာ ပုန်းနေရာမှ ထွက်လာသည်၊ မုဆိုးကိုလည်း ဤသို့လှမ်းပြောသည်။

## ငါ့မိခင်ကို အသက်ချမ်းသာပေးပါ

"အသင်မုဆိုး၊ ငါ၏မိခင်အား အသက်ချမ်းသာပေးပါ၊ ငါ့ကိုသာ သတ်လျက် တို့ညီနောင်၏ အသွေးအသားတို့ဖြင့် သင်၏ သားမယားတို့အား လုပ်ကျွေးပါ၊ ငါလည်း မိခင်အတွက် အသက်ဖြင့် ပူဇော်ပါမည်"

မုဆိုးသည် စူဠနန္ဒိယကိုလည်း မြားဖြင့် ပစ်သတ်လိုက်သည်၊ ထို့နောက် မိမိအား လုပ်ကျွေးပြုစုနေသူ သားနှစ်ကောင်တို့ မြားထိမှန် သေဆုံးသွားရှာကြပြီကို မမြင်လေသော မျောက်အိုမကြီးကိုပါ ပစ်သတ်လိုက်သည်၊ မုဆိုးသည် သားအမိသုံးကောင်လုံးကို ထမ်းပိုးဖြင့်ထမ်းလျက် အိမ်သို့ ပြန်လာခဲ့သည်။

## မုဆိုးလည်းသေပြီ

မုဆိုး၏အိမ်သည် သူရောက်မလာမီ မိုးကြိုးလောင်မီးကျသော ဒဏ်ကြောင့် သူ၏မယား နှင့် သားနှစ်ယောက်တို့ သေဆုံးသွားကြသည်၊ မုဆိုးသည်

မျောက်သားအမိအလောင်းများကို အပြင်ဘက်၌ ချထားလျက် မီးစွဲလောင်နေသော ထုပ်၊ လျှောက်၊ ဒိုင်း၊ မြားသာ ကျန်သည့်အိမ်အတွင်းသို့ ပြေးဝင်လာခဲ့သည်။ မီးစွဲလောင်နေသည့် ဒိုင်းမြားတို့သည် အိမ်တွင်းသို့ ရောက်လာသော မုဆိုးအပေါ် ပြုတ်ကျလာကြသောကြောင့် မုဆိုးလည်း ခေါင်းကွဲကာ နေရာ၌ပင် သေဆုံးသွားတော့သည်။

မုဆိုးသည် ဒေဝဒတ် လောင်းဖြစ်သည်၊ အမိမျောက်အိုမသည် မဟာပဇာပတိ ဂေါတမီလောင်းလျာဖြစ်ပြီး ညီငယ်မျောက်သည် အရှင်အာနန္ဒာလောင်းလျာနှင့် မဟာနန္ဒိယသည် ဗုဒ္ဓလောင်းလျာဖြစ်သည်။

[ နိပါတ်တော်လာဇာတ်တော်ငါးရာ့ငါးဆယ်၊ ဒုကနိပါတ်၊
စူဠနန္ဒိယဇာတ် ]

## ပညာရှင်တို့၏ စာပေစကား

အပေါင်းအဖော် မလုပ်သင့်သူ လူ့ဗာလနှင့် ပေါင်းဖော် မှီဝဲဆည်းကပ်သင့်သူ ပဏ္ဍိတ၊ ပူဇော်အထူးကို ခံထိုက်သူ ရတနာ သုံးပါး၊ မိဘဆရာ၊ အသက်ဂုဏ်ဝါကြီးသူတို့နှင့်ပတ်သက်သော မှတ်သားဖွယ်ရာ စာပေစကားအချို့ကို ဤနေရာ၌ စုဆောင်းဖော်ပြထားပါသည်၊ လေ့လာသိရှိလိုသူတို့ အလွယ်တကူ ဖတ်ရှုမှတ်သားနိုင်စေရန် ရည်ရွယ်ပါသည်။

" . . . ကာလဒေသ၊ ပုဂ္ဂလကို၊ နှိုင်းဆမရှိ၊ မသိတတ်သူ၊ လူမိုက်ဟူ၏၊ သိမူပဏ္ဍိ၊ ပညာရှိနှင့်၊ သတိမဲ့စွာ၊ ပညာကင်းပ၊ လူ့ဗာလကား၊ ဒေါသတရား၊ မာနကြွား၏ . . .၊ လောက နှိုက်ဝယ်၊ ငါတကယ်ဟု၊ ကျယ်ခွင့်ရတိုင်း၊ ကျယ်မလျှိုင်းနှင့်၊ အပိုင်းမသိ၊ နှိုင်းမယှိဘဲ၊ ကျယ်မိကျယ်ရာ၊ ကျယ်တတ်စွာမူ၊ ကျယ်ရာထိုမှ၊ ဘေးဖြစ်ရ၏၊ ဗာလဘေးဆိုက်၊ လူမိုက်ဒုက္ခ၊ ဆင်းရဲရလည်း၊ မြင်ကြသူများ၊ မသနားတည့်၊ အားရဝမ်းသာ၊ ရှိကြစွာခဲ့။

[ မယဒေဝလင်္ကာသစ်၊ ပိုဒ်ရေနံပါတ် ၁၉၅။ ]

. . . လူမိုက်ဟူသည်၊ ဗိုလ်လူဒုက္ခ၊ ရအံ့အကြောင်း၊ မကောင်းကိုသာ၊ ကြံတတ်စွာ၏၊

[ ပိုဒ်ရေ ၂၀၁။ ]

. . . လူမိုက်ထုံးကား၊ မသုံးသစ္စာ၊ ကျင့်တတ်စွာ၏၊ ရှေ့မှာ တစ်သွယ်၊ ကွယ်သော်တဝ၊တချို့ကမူ၊စားရဝမ်းသာ၊စေပါဝမ်းနည်း . . .

. . . မမှားသေချာ၊ မှတ်သားနာလော့၊ ရပ်ရွာ၌လျှင်၊ သူမိုက်ရောက်က၊ မီးပွားကျသို့၊ ထိုမျှသတ္တဝါ၊ မချမ်းသာဘူး၊ ပညာရှိသူ၊ လူတို့ ရောက်ရာ၊ ထိုပြည်ရွာကား၊ များစွာအိုင်ထုံး၊ ကန်လုံးမောက် လျှမ်း၊ ဘူးခရမ်းနှင့်၊ ပဲနှမ်းညွန့်ရှင်၊ ကောက်ပင်မြက်သစ်၊ ပွား ကြောင်းဖြစ်သား၊ ခုနစ်နှစ်လီ၊ ရက်ညီသွန်းကြိုး၊ ရွာသည့်မိုးသို့၊ လူမျိုးတကာ၊ ရချမ်းသာ၏. . .

[ ပိုဒ်ရေ ၂၃၉။ ]

. . . ဖြောင့်မှန်ကောင်းမွန်၊ ပညဝန်၊ အလွန်မြတ်နိုးကြ၊
မြတ်နိုးအပ်စွာ၊ ပညဝါ၊ ရှာ၍ပေါင်းဖက်ကြ၊
သူတော်ပဏ္ဍိ၊ ပေါင်းဖက်မိ၊ အသိဉာဏ်ပြည့်ဝ၊
အသိပညာ၊ ရှိသောခါ၊ သဒ္ဓါကြည်ဆွဆွ၊
ရွှင်ကြည်သဒ္ဓါ၊ ရှိသူမှာ၊ ကင်းကွာမစ္ဆေရ၊
မစ္ဆေရပျောက်၊ စိတ်မနောက်၊ ရောက်လွယ်အသခ်တ၊
သူမြတ်သူတော်၊ ပေါင်းမိသော်၊ အဟော်ဝတ၊ ကောင်းလေစွ၊
ပန်းပေါင်းနံ့သာ၊ ထုပ်ပဝါ၊ လှိုင်စွာမွှေးပြန့်လှ၊
ပုံပြနည်းလောင်း၊ သူတော်ကောင်း၊ ပေါင်းမိပါယ်မကျ။

[ ထွင့်ရှခေါင်ဆရာတော်ရေး သုတရတနာ ဆုံးမစာ]

. . . လူဖြောင့်စိတ်တို၊ လူချိုစိတ်ကောက်၊ သည်နှစ်ယောက်တွင်၊ ချို ကောက်ကို မပေါင်းနှင့်၊ တိုဖြောင့်ကို ပေါင်းရမည်၊ ချိုကောက်တို့

သဘောမှာ၊ ပျားရည်ဆိပ်ခတ်၊ ထောပတ်စိန်ပါ၊ မစားရာသည်၊ ပမာတူတူ၊ လူရည်ချော၍ မလိမ္မာ၊ လူလိမ္မာ၍ အရုပ်ဆိုး၊ သည်နှစ်မျိုးတွင်၊ ရုပ်ဆိုး ကျင့်ကောင်းကိုပေါင်းမှ သိုက်မြိုက်သည်၊ မိုက်သောသူမှာ လူရည်ပင် ချောသော်လည်း ထောပတ်ချက်, ဝက်သားကြော်တွင် မစင် တစ်ပဲသားကျ၍ ပစ်ရသကဲ့သို့ ဖြစ်ချေသည်။

[ကျည်းကန်ရှင်ကြီး မေတ္တာစာ]

... မိခင်နှင့်ဘ၊ သိပ္ပဆရာ၊ မှန်စွာဖြစ်စေ၊ ဒက္ခိဏေယျ၊ ဟုတ်ပေစွတည့်၊ ဇိနစိန္တေ၊ ဘုန်းဝေသာသနာ၊ ကွယ်သောခါလည်း၊ ဘယ်မှာဘုရား၊ ဘယ်ကား သံဃာ၊ ရတနာကို၊ မသိပါကြ၊ မိနှင့်ဘကို၊ တုပ်ကွရိုကျိုး၊ ရှိခိုးဝန္ဒနာ၊ လုပ်ကျွေးပါသား၊ သူတို့အားလျှင်၊ နတ်ပြည်ခွင်သို့၊ ရောက်ကျင် လေထ၊ စံလေရဟု၊ လူ့ဘဘုရား၊ ဟောခဲ့ထား၏။

[ ဆားတုံဆရာတော်ရေး ပုတ္တောဝါဒဆုံးမစာ ]

ပထမဦးဆုံး ဂါထာဖြင့် ဟောကြားတော်မူသည့်
မင်္ဂလာတရားတော်များနှင့် ဝတ္ထုများပြီး၏။

* * *

## ဒုတိယဂါထာဖြင့် ဟောကြားသည့် မင်္ဂလာတရား သုံးပါး

ပတိရူပ ဒေသဝါသောစ အစရှိသော ဒုတိယဂါထာတော်ဖြင့် ဘုရားရှင်သည် ဤမင်္ဂလာတရား သုံးပါးကို ဟောတော်မူသည်။

၁။ ပတိရူပ ဒေသဝါသော စ = သင့်တော်လျောက်ပတ်သောအရပ်၌ နေရခြင်းသည် မင်္ဂလာ။

၂။ ပုဗ္ဗေ စ ကတပုညတာ = ရှေးကပြုခဲ့ဖူးသော ကောင်းမှုရှိခြင်းသည် မင်္ဂလာ၊

၃။ အတ္တသမ္မာပဏိဓိ စ = မိမိ၏ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာ ထားခြင်းသည် မင်္ဂလာ၊

ဤမင်္ဂလာတရားသုံးပါးသည် ၃၈ ဖြာသော မင်္ဂလာတရားတို့တွင် ဘုရားရှင်ဒုတိယ ဟောတော်မူသည့် မင်္ဂလာတရားများဖြစ်သည်။

ဤမင်္ဂလာတရား သုံးပါးကို သိမှတ်ရ လွယ်ကူစေရန် ဆရာကြီးဒဂုံဦးထွန်းမြင့်က ဤသို့ လင်္ကာစီကုံးထားခဲ့သည်။

၁။ ကုသိုလ်, ပညာ, ဥစ္စာရဖို့၊ သင့်ရာဒေသ အမြဲနေ၊
၂။ ရှေးကတင်ကြို ပြုခဲ့ဖူးသည့် ကောင်းမှုအထူးရှိပါစေ၊
၃။ မိမိကိုယ်ကို ကောင်းအောင်ထိန်းလို့ မတိမ်းစေနဲ့ ဆောက်တည်လေ၊
ဥစ္စာကိုပေး နေထိုင်ရေး မြွေ်တွေး သုံးချက်ပေ၊
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

## စကားလုံးတို့၏ အဓိပ္ပာယ်

"ပတိရူပ-သင့်လျော်လျောက်ပတ်သော၊ ဒေသ-အရပ်၊ ဌာန၊ ဝါသ-နေထိုင်ရခြင်း" မိမိအတွက် ပညာရရန်၊ ကုသိုလ်ပြုရန်စသည်တို့အတွက် သင့်လျော် သော၊ အထောက်အကူပြုသော နေရာဒေသတို့၌ နေထိုင်ရခြင်းကို ပတိရူပ ဒေသဝါသမင်္ဂလာဟု ဟောတော်မူခြင်းဖြစ်သည်၊ ပြောင်းပြန်အားဖြင့် ပြန် ကြည့်လျှင် မိမိအတွက် ကောင်းကျိုးရရှိနိုင်သော အရပ်ဒေသမဟုတ်သော နေရာအရပ်၌ နေရလျှင် မင်္ဂလာမရှိနိုင်ပေ။

"ပုဗ္ဗေ-ရှေးဓရှေးဘဝက၊ကတ-ပြုလုပ်ခဲ့ဖူးသော၊ ပုညတာ-ကုသိုလ်ကောင်းမှု ရှိသူအဖြစ်" ဗုဒ္ဓဝါဒီတစ်ယောက်အတွက် ယခုဘဝ၌ လူဖြစ်နေရခြင်းသည် ရှေးရှေးဘဝက လူ့ဘဝသို့ရောက်စေနိုင်သော ကုသိုလ်ကောင်းမှုပြုခဲ့ခြင်း ကြောင့်ဖြစ်သည်၊ ဗုဒ္ဓဝါဒီတစ်ယောက်သည် ကံကိုယုံကြည်သူတစ်ယောက်ဖြစ် သည်၊ ကံတရားအရ ယခုဘဝရှိသကဲ့သို့ လွန်ခဲ့သော အတိတ်ဘဝလည်းရှိ သည်၊ အတိတ်ဘဝနှင့် ယခုပစ္စုပ္ပန်ဘဝ ရှိသကဲ့သို့ နိဗ္ဗာန်မရောက်သေးမီ ဖြစ်ရဦးမည့် နောက်ဘဝများလည်း ရှိပေသည်။

ပဋိစ္စသမုပ္ပာဒ်နှင့်ပဋ္ဌာန်းဒေသနာတော်အရ ဘဝတို့သည် တစ်ဘဝနှင့် တစ်ဘဝကြောင်းကျိုးဆက်စပ်နေသည်၊ သို့အတွက် တစ်ဘဝထက်တစ်ဘဝမြင့် သည်ထက်မြင့်၊ တင့်သည့်ထက်တင့်လာစေရန် ပြုခဲ့သော်ကောင်းမှုကုသိုလ်ရှိ ဖို့လိုသည်၊ ထိုသို့ပြုခဲ့သော ကောင်းမှုကုသိုလ်ရှိမှသာ မင်္ဂလာရှိပေသည်၊ မင်္ဂလာရှိစေရန် ရှေးရှေးဘဝကပြုခဲ့သော ကောင်းမှုရှိမှဖြစ်ပေမည်၊ ထိုသို့ရှိခြင်း ကို မင်္ဂလာတစ်ပါးဟု ဟောတော်မူခဲ့ခြင်းဖြစ်၏။

"အတ္တ-မိမိကိုယ်ကို၊ သမ္မာ-ကောင်းစွာ၊ ပဏိဓိ-ထားခြင်း" မိမိကိုယ်ကို ကောင်းစွာထားနိုင်ရန်အတွက် စိတ်သည် အရေးကြီးပေသည်၊ စိတ်သည် အရာရာကို ဦးဆောင်သည်၊ စိတ်ကိုကောင်းစွာလေ့ကျင့်သင်ကြားပြုပြင်ထားမှ သာလျှင် "စိတ္တံ ဒန္တံ သုခါဝဟံ"ဟူသော ဒေသနာတော်အရ ကောင်းကျိုးရမည်၊ မင်္ဂလာရှိမည်၊ ထို့ကြောင့် မိမိကိုယ်ကိုကောင်းစွာထားခြင်းသည် မင်္ဂလာရှိသည်၊ မင်္ဂလာဟု ဟောတော်မူခြင်းဖြစ်သည်။

ပတိရူပဒေသဟူသည် လူအမျိုးမျိုး၊ လူတန်းစား အမျိုးမျိုး၊ ကိုးကွယ်ယုံကြည်မှု အဖုံဖုံရှိနေသည့် ဤလောက ကမ္ဘာကြီးတွင် ပတိရူပဒေသသည်လည်း အမျိုးမျိုးကွဲပြားနိုင်သည်။

## ပတိရူပဒေသအမျိုးမျိုး

ဘာသာတရားကို အလေးထားလေးစားလိုက်နာသူတို့အတွက် ဘာသာတရားနှင့်ဆိုင်သော လုပ်ငန်းအမျိုးမျိုးကို အနှောင့်အယှက် ကင်းကင်းဖြင့် ပြုလုပ်နိုင်သော အရပ်ဒေသသည် ဘာသာတရား အလေးထားသူတို့အတွက် ပတိရူပဒေသဖြစ်သည်၊ ပညာသင်ယူလိုသူတို့အတွက် ပညာသင်ယူနိုင်သော၊ ပညာသင်ကြားမှုကို အထောက်အကူပြုသောဒေသ၊ လယ်ယာလုပ်ငန်းလုပ်သူတို့အတွက် လယ်ယာလုပ်ငန်းကို ငြိမ်းချမ်းစွာလုပ်ကိုင်နိုင်သောဒေသ၊ အလုပ်သမားတို့အတွက် မိမိတို့ အသက်မွေးမှုအလုပ်အမျိုးမျိုးကို ကောင်းစွာပြုလုပ်နိုင်သောဒေသ၊ ကျန်းမာလိုသူတို့အတွက် ကျန်းမာရေးကို အထောက်အကူပြုသောဒေသစသည်ဖြင့် အမျိုး မျိုးရှိပေသည်။

မကောင်းသောအလုပ်အမျိုးမျိုးလုပ်သူတို့အတွက် သူတို့လုပ်သော မကောင်းမှုအလုပ်များကို အထောက်အကူပြုသောဒေသသည် သူတို့အတွက် ပတိရူပဒေသပေလောဟု စောကြောစရာရှိသည်၊ ထိုသို့မဟုတ်ပေ၊ မကောင်းသောအလုပ်သည် မိမိကိုရော သူတစ်ပါးအတွက်ပါ ကောင်းကျိုးရစေသော အလုပ်မဟုတ်ပေ၊ သို့အတွက် မကောင်းမှုအမျိုးမျိုးပြုလုပ်သူအတွက် ကောင်းမှုအမျိုးမျိုးကို မိမိရော သူတစ်ပါးအတွက်ပါ ပြုလုပ်နိုင်သောဒေသသည်သာ ပတိရူပဒေသဖြစ်သည်။

---

## ကိုတံငါအတွက် ပတိရူပဒေသ

ကိုတံငါသည်သာဝတ္ထိမြို့သားတစ်ဦးဖြစ်သည်၊ တံငါပီပီ ငါးများသည်၊ ငါးဖမ်း၍ရသော ဝင်ငွေဖြင့် အသက်မွေးမှုပြုသည်၊ ငါးရှာဖွေရန် နေ့စဉ်အိမ်မှ ထွက်သည်၊ သူနေသော မြို့သည် သာဝတ္ထိမြို့ဖြစ်သည်၊ သာဝတ္ထိမြို့သည်

"အလုံးစုံအကုန်ရှိ သာဝတ္ထိ"ဟူသည်နှင့်အညီ လူမျိုးစုံရှိသည်၊ အသက်မွေးမှု အမျိုးမျိုးပြုလုပ်သူတို့နေထိုင်ရာမြို့ဖြစ်သည်၊ အလားတူပင် ကိုးကွယ်မှုသည် လည်း အမျိုးမျိုးကွဲပြားသည်၊ အချို့က တက္ကတွန်းတို့ကို ကိုးကွယ်သည်၊ အချို့က အစေလက၊ အချို့က နိဂဏ္ဌတို့ကို ကိုးကွယ်သည်၊ ဗြာဟ္မဏ ဝါဒီများလည်း ရှိသည်။

ဘုရားရှင်သည် သာဝတ္ထိမြို့၌ ၂၅-ဝါတိုင်တိုင် သီတင်းသုံးနေတော်မူခဲ့ သည်။ ဘုရားရှင်သီတင်းသုံးရာ ဇေတဝန်ကျောင်းတော်၊ ဝိသာခါကျောင်း အမကြီး လှူဒါန်းသည့် ပုဗ္ဗာရုံကျောင်းတော် စသည့် ကျောင်းတော်ကြီးတို့ သည်လည်း သာဝတ္ထိမြို့၌ ရှိကြသည်၊ အနာထပိဏ်သူဌေးကြီး၊ ဝိသာခါ ကျောင်းအမကြီးတို့သည်လည်း သာဝတ္ထိမြို့၌ပင် နေထိုင်ကြသည်။



## ဘုရားရှင်နှင့် ကိုတံငါတို့ ဆုံမိကြပုံ

တစ်နေ့ ကိုတံငါသည် မြို့မြောက်ဘက်တံခါးအနီးရှိ ရွာဝန်းကျင်မှ ငါးဖမ်းပြီးပြန်လာသည်၊ ဘုရားရှင်သည်လည်း နောက်ပါတပည့် သံဃာ တော်များနှင့်အတူ ဆွမ်းခံကြွတော်မူပြီး ပြန်ကြွလာသည်၊ ကိုတံငါသည်

ဘုရားရှင်နှင့်သံဃာတော်များကို ဖူးတွေ့ရသောအခါ လက်၌ကိုင်လာသော ငါးမျှားချိတ်၊ ငါးမျှားတံ စသည်တို့ကိုမြေသို့ချပြီး ဘုရားရှင်နှင့်သံဃာတော်တို့အား ဦးချရှိခိုးသည်။

ထိုအခါ ဘုရားရှင်က ကိုတံငါရှေ့၌ပင် နောက်တော်မှ ပါလာသော မထေရ်ကြီးအချို့၏ဘွဲ့အမည်များကို မေးတော်မူသည်၊ မထေရ်ကြီးတို့ကလည်း မိမိတို့၏ဘွဲ့အမည်များကို ပြန်လည်ဖြေကြားလျှောက်ထားကြသည်၊ ကိုတံငါသည် ငါ့ကိုလည်း ဘုရားရှင်က မေးတော်မူလိမ့်မည်ဟု တွေးနေစဉ်မှာပင် ဘုရားရှင်က သူ့ကို ဤသို့မေးတော်မူသည်။

"ဥပါသကာ၊ သင်ကောအဘယ်အမည်ရှိသနည်း"

ကိုတံငါသည် သွက်သွက်လက်လက်ပင် ဘုရားရှင်၏အမေးကို ဤသို့ပြန်လည်ဖြေကြားလိုက်သည်။

## တပည့်တော်၏အမည် အရိယာပါ

"အရှင်ဘုရား၊ တပည့်တော်၏အမည်သည် အရိယာဖြစ်ပါသည်၊ တပည့်တော်သည် တံငါအလုပ်လုပ်ပါသည်"

ကိုတံငါ၏အဖြေကိုကြားသော် ဘုရားရှင်က ဤသို့ဆက်၍ မိန့်တော်မူသည်။

"ဥပါသကာ၊ တံငါအလုပ်သည် သူတစ်ပါးအသက်ကို သတ်သော၊ သတ္တဝါတို့ကို ညှဉ်းပန်းသော အလုပ်ဖြစ်သည်၊ အရိယာဟူသော အမည်နှင့် ဥပါသကာ၏အလုပ်သည် မလိုက်ဖက်ပေ၊ အရိယာတို့သည် သူတစ်ပါးအသက်ကို သတ်ဖို့ဝေးစွ၊ ညှဉ်းပန်းခြင်း၊ နှိပ်စက်ခြင်းပင်မပြုကြ"

ဘုရားရှင်သည် အရိယာအမည်ရှိ ကိုတံငါကို ထိုသို့မိန့်တော်မူပြီး သူ့အသက်သတ်ခြင်း၏ မကောင်းကျိုးများဖြစ်သော . . .

## သူ့အသက်သတ်သူအတွက် မကောင်းကျိုးများ

၁။ သူတစ်ပါးအသက်သတ်သူသည် မျက်စိ၊ နား၊ နှာ၊ အင်္ဂါခြေလက်ချွတ်ယွင်းတတ်သည်၊

၂။ ဖြစ်လေရာဘဝ၌ ရုပ်အသွင်မွဲပြာခြောက်ညှိုး၍ စိုစိုပြည်ပြည်မရှိဖြစ်တတ်သည်၊

၃။ အားအင်ချွတ်ယွင်းအားနည်းတတ်သည်၊

၄။ လျင်လျင်မြန်မြန်၊ ဖျတ်ဖျတ်လတ်လတ်၊ သွက်သွက်၊ လက်လက် မရှိတတ်ပေ၊

၅။ ဘေးရန်ပေါ်ပေါက်လာလျှင် ကြောက်ရွံ့တတ်သည်၊

၆။ သူတစ်ပါး၏သတ်ဖြတ်မှုခံရတတ်ပြီး အဆိပ်စသည် သောက်သုံးပြီး ကိုယ့်ကိုကိုယ်သေကြောင်းကြံစည်တတ်သည်၊

၇။ အနာရောဂါများတတ်သည်၊

၈။ အခြံအရံတို့ ပျက်စီးတတ်သည်၊

၉။ ဖြစ်လေရာဘဝတို့၌ အသက်တိုခြင်းစသည်တို့ ဖြစ်တတ်သည်၊

ဘုရားရှင်က ဤသို့ ဟောတော်မူလိုက်ပေသည်။

## ကိုတံငါ သောတာပန်ဖြစ်ပြီ

ဘုရားရှင် ရှင်းလင်းဟောကြားသော တရားကို ကြားနာရသော် အရိယာ အမည်ရှိ ကိုတံငါသည် တရားသိကာ သောတာပန်ဖြစ်သွားတော့သည်။

ဤဝတ္ထု၌ ကိုတံငါအတွက် ဘုရားရှင်နှင့်သံဃာတော်တို့ရှိရာ အရပ်ဒေသ သည် ပတိရူပဒေသဖြစ်သည်၊ သူ့အတွက် သောတာပန်အဖြစ်သို့ရောက်သွား စေသည်မှာ ဘုရားရှင်နှင့်သံဃာတော်တို့ကြောင့်ဖြစ်သည်၊ သောတာပန်ဖြစ် သွားသော အရိယာတစ်ယောက်သည် ဘဝတို့၌ အများဆုံးခုနစ်ကြိမ်သာဖြစ် ရပေတော့မည်၊ ထို့ကြောင့် ဘုရားရှင်နှင့်သံဃာတော်တို့ရှိရာ အရပ်ဒေသသည် ကိုတံငါအတွက် မင်္ဂလာရှိသည်၊ ပတိရူပဒေသလည်းဖြစ်သည်။

သူတစ်ပါးအသက်သတ်ခြင်း၏ဆိုးကျိုးများကို လွယ်ကူစွာမှတ်သိနိုင်စေ ရန် ရှေးပညာရှင်တို့က ဤသို့ လင်္ကာသီကုံးထားခဲ့ကြသည်။

မှတ်သားရန်လင်္ကာ

ပါဏာတိပါတ်၊ သူ့သက်သတ်က၊ ချို့တတ်အင်္ဂါ၊ မွဲပြာရုပ်
သွင်၊ အားအင်ချို့ယွင်း၊ လျင်ခြင်းလည်းဝေး၊ ဘေးကိုကြောက်တတ်၊
အသတ်ခံရ၊ အနာများလျက်၊ ခွေရံပျက်၍၊ အသက်တိုလျှ၊ ပြစ်များ
စွာသည်၊ ရှောင်ကအပြန်အကျိုးတည်း။

လင်္ကာ၏ အဓိပ္ပာယ်သိလွယ်ပါသည်၊ ရှောင်ကအပြန်အကျိုးတည်းဟူသည်မှာ သူတစ်ပါးအသက်သတ်မှုမှ ရှောင်ကြဉ်ပါက ဖော်ပြထားသောဆိုးကျိုးတို့၏ ပြောင်းပြန်ဖြစ်သည့် ကောင်းကျိုးများဖြစ်မည်၊ ကောင်းကျိုးများခံစားရတတ်သည်ဟု ဆိုလိုရင်းဖြစ်သည်။

[ ဓမ္မပဒအဋ္ဌကထာ၊ ဓမ္မဋ္ဌဝဂ် ]

## ဘီလုံးငှက်၏ ပတိရူပဒေသ

ဘီလုံးငှက်တို့သည် သူတို့၏ပင်ကိုသဘာဝအားဖြင့် ခဲများ၊ ထွန်စာခဲ၊ ထယ်စာခဲများအကြား၌ နေထိုင်ကြသည်၊ ဤသို့ နေထိုင်ခြင်းမှာ ဘီလုံးငှက်တို့၏ ဘိုးစဉ်ဘောင်ဆက် မိဘဘိုးဘွားတို့၏ အမွေဖြစ်သည့် နေနည်းထိုင်နည်း ကျက်စားနည်းလည်းဖြစ်သည်၊ ဤသို့နေမှ သူတို့ကို ဖမ်းစားတတ်သော သိန်းငှက်၊ စွန်စသည့် ငှက်ကြီးတို့၏ အန္တရာယ်မှ ကင်းဝေးသည်။

တစ်နေ့တွင် ဘုရားလောင်းဖြစ်သော ဘီလုံးငှက်သည် ဘိုးဘေးမိဘအစဉ်အလာဖြစ်သော ခဲကြိုခဲကြား၌ နေထိုင်ရခြင်းကို ချိုးဖျက်လျက် လွင်တီးခေါင်သို့ အစာရှာထွက်သည်၊ မြေတလင်းပြင်ဖြစ်သောကြောင့် ဘီလုံးငှက်ကို အဝေးမှပင် မြင်နိုင်သည်၊ သိန်း၊ စွန် စသောငှက်တို့သည် အထက်ကောင်းကင်၌ ပျံသန်းရင်း မြေပြင်ရှိ သူတို့အစာတို့ကို ကြည့်ရှုရှာဖွေလေ့ရှိသည်၊ သူတို့သည် လျင်မြန်သည်၊ သွက်လက်သည်၊ မျက်စိမျက်လုံးများကလည်း အမြင်အား ကောင်းကြသည်။

သိန်းငှက်တစ်ကောင်သည် လွင်တီးခေါင်၌ တစ်ကောင်တည်း အထီး

တည်းထွက်နေသော ဘီလုံးငှက်ကို ကောင်းကင်တွင် ပျံသန်းရင်း တွေ့မြင်သွားသည်၊ သို့ဖြင့် အချိန်မဆိုင်းဘဲ မြေပြင်သို့ ဆင်းလာကာ ဘီလုံးငှက်ကို သုတ်ချီသွားသည်၊ ဘီလုံးငှက်သည် သိန်းငှက်သုတ်ချီရာသို့ ပါလာရင်း ဤသို့ ရေရွတ်ပြောဆိုသည်။

## ဘီလုံးငှက် ပြောစကား

"အသင်သိန်းငှက်၊ သင်သည် လျင်သည်၊ မြန်သည်၊ အမြင်စူးရှသည်၊ သို့အတွက် ငါတို့ကို ဖမ်းနိုင်၊ သုတ်ချီနိုင်သည်၊ ငါကလည်း ငါ့ဘိုးဘွားမိဘတို့ အစဉ်အလာကို ချိုးဖျက်လျက် လွင်တီးခေါင်သို့ အမှတ်တမဲ့ ထွက်လာခဲ့မိသည်၊ ငါသာ ဘိုးဘွားမိဘတို့နေရာဖြစ်သော ငါတို့နှင့် ပတိရူပဖြစ်သည့် ထွန်ခဲ၊ ထယ်ခဲများကြား၌ နေပါက သင်ဖမ်းနိုင်၊ သုတ်ချီနိုင်လိမ့်မည်မဟုတ်"

မိမိသုတ်ချီရာ၌ ပါလာလျက် စကားကြီးစကားကျယ်ပြောနေသော ဘီလုံးငှက်၏စကားကို ကြားသော် သိန်းငှက်က ဤသို့ ပြန်ပြောလိုက်သည်။

"ဘီလုံးငှက်ကလေး၊ စကားကြီးစကာကျယ် မပြောနဲ့၊ ငါသည် သင့်ထက် အဘက်ဘက်မှ သာလွန်သည်၊ ငါသည် သွက်လက်ဖျတ်လတ်သည်၊ မျက်စိ အမြင်စူးရှသည်၊ သို့အတွက် သင်သည် ငါ့ကို အန်မတုနိုင်၊ အကယ်၍ အန်တုကာ ပြိုင်ဆိုင်လိုလျှင် စမ်းကြည့်လော့"

## သိန်းငှက် သေရှာပြီ

ပြောပြောဆိုဆိုဖြင့် သိန်းငှက်သည် ခဲကြိုခဲကြားသို့ ဘီလုံးငှက်ကို ပြန်ပို့ပေးလိုက်သည်၊ ဘီလုံးငှက်သည် မိမိအတွက် အန္တရာယ်ကင်းနိုင်သော၊ တစ်နည်းအားဖြင့် မင်္ဂလာရှိစေသော ပတိရူပဖြစ်စေမည့် ခဲလုံးကြီးကြီးတို့ကို အလျင်အမြန် ရှာဖွေကြည့်သည်၊ ခဲကြီးများတွေ့သော် ခဲတစ်လုံးအပေါ်သို့ တက်သည်။

ထို့နောက် "အသင် သိန်းငှက်၊ လာလော့၊ ငါ့ကိုဖမ်းလော့"ဟု ပြောဆိုကာ ခဲကြီးကြီးအကြားသို့ ဝင်လိုက်သည်၊ အရှိန်ဖြင့် ပြေးဆင်းလာသော

သိန်းငှက်သည် ဘီလုံးငှက်ကို မသုတ်ချီမီ ခဲလုံးဖြင့် ရင်ဘတ်ဆောင့်မိသော ကြောင့် ထိုနေရာ၌ပင် သေဆုံးသွားတော့သည်။

ဘီလုံးငှက်သည် ဘုရားလောင်းဖြစ်ပြီး သိန်းငှက်ကား ဒေဝဒတ်လောင်း ဖြစ်သည်။

**[ နိပါတ်တော်လာ ဇာတ်တော် ငါးရာ့ငါးဆယ်၊ ဒုကနိပါတ်၊ သကုဏဂ္ဃိဇာတ် ]**

---

## မနေအပ်သော ဒေသ၌နေ၍ အသက်ဆုံးရသူများ

မိမိတို့အတွက် ကောင်းကျိုးပြုသော အရပ်ဒေသသည် ပတိရူပဒေသဖြစ် သည်၊ ကောင်းကျိုးမပြုသောအရပ်ဒေသသည် အပ္ပတိရူပဒေသ၊ မနေအပ် သော၊ နေရန်မသင့်လျော်သော၊ မင်္ဂလာမရှိသောအရပ်ဒေသဖြစ်သည်။

ပတိရူပဒေသ၌နေရလျှင် မိမိအတွက် အဘက်ဘက်မှကောင်းကျိုးရသည်၊ အပ္ပတိရူပဒေသအရပ်၌နေရလျှင် မိမိအတွက် ဘက်စုံမှပင် ကောင်းကျိုးများ ဆုတ်ယုတ်တတ်သည်၊ ကောင်းကျိုးဆိုရာ၌ စီးပွားဥစ္စာ၊ ကျန်းမာရေး၊ ပညာ ရေးစသည်မျိုးစုံပါဝင်သည်၊ မကောင်းကျိုးဟူရာ၌လည်း ကျန်းမာရေး၊ ပညာ ရေး၊ စီးပွားရေးမှအစ အသက်ဆုံးရှုံးရသည်အထိ ခံစားရတတ်သည်။

ဤဝတ္ထုကြောင်းမှာ မနေအပ်သောအရပ်ဒေသ၌နေ၍ အသက်ဆုံးရှုံးရသူ တို့၏ အကြောင်းဖြစ်သည်။

ရှေးအခါတုန်းက ရက္ခသီဟုခေါ်သော ဘီလူးမသည် ဘီလူးမများခြံရံ လျက် သီဟိုဠ်ကျွန်းတစ်နေရာတွင် ဘုရင်မအဖြစ်အုပ်ချုပ်နေထိုင်သည်၊နာဂဒီပ ကျွန်းနှင့် လင်္ကာဒီပကျွန်းအကြားရှိ ကလျာဏီမြစ်ကမ်းတစ်လျှောက်သည် သူတို့ လှည့်လည်ကျက်စားရာအရပ်ဒေသဖြစ်သည်၊ ပင်လယ်တွင် သင်္ဘော ပျက်ပြီး မျောပါလာသူတို့ကို ဖမ်းဆီးသည်၊ လူယောင်ဆောင်ထားသဖြင့် အဖမ်းခံရသူတို့က ထိုဘီလူးမတို့ကို လူသားအမျိုးသမီးများဟု ထင်မှတ်

ကြသည်၊ ထို့ကြောင့် အကြင်လင်မယားအဖြစ် နေထိုင်ကြသည်၊ ညဉ့်အချိန်သို့ ရောက်သော် ဘီလူးမတို့က မိမိတို့၏ လင်ပြုလုပ်ထားသူတို့ကို စားသောက်ပစ်သည်။

## သင်္ဘောပျက်၍ ရေမျောလာရာ

တစ်နေ့တွင် ဘာရတလုလင်ဦးဆောင်သော ဝနဝါသီတိုင်းသားကုန်သည် ငါးရာတို့သည် ကုန်ရောင်းဝယ်ရန်အတွက် ရောဟနဇနပုဒ်သို့ သွားကြသည်၊ ခုနစ်ရက်မြောက်သောနေ့တွင် လေပြင်းမုန်တိုင်းမိ၍ သမုဒ္ဒရာတွင်း၌ပင် သူတို့သင်္ဘောပျက်လေသည်၊ ကုန်သည်ငါးရာတို့သည် ပျဉ်ချပ်တို့ကို တွယ်ဖက်လျက် မျောလာရင်း ကလျာဏီမြစ်ကမ်းသို့ ရောက်သွားကြသည်။

ဘီလူးမတို့သည် မျောလာသူတို့ကို ရေမှ ဆယ်တင်လျက် လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ကြသည်၊ ဦးဆောင်လာသူ ဘာရတလုလင်ကို ဘုရင်မဖြစ်သော ရက္ခသီ ဘီလူးမက ကျောက်လိုဏ်ဂူကြီးတစ်ခုသို့ ခေါ်လျက် ဇနီးမောင်နှံအဖြစ် ပေါင်းသင်းနေထိုင်သည်။

ခေါင်းဆောင်ဖြစ်သူ ဘာရတလုလင်သည် သူတို့နှင့် ပေါင်းသင်းနေသူ ဇနီးမယားများအပေါ် မသင်္ကာဖြစ်လာသည်၊ သူတို့မယားများသည် အလုပ်ဆို၍ တစ်စုံတစ်ရာကိုမျှ မပြုလုပ်ကြ၊ သို့သော် အဝတ်တန်ဆာတို့နှင့် ပြည့်စုံနေသကဲ့သို့ ပြင်ပြင်ဆင်ဆင် လှလှပပ ဝတ်စားထားကြသည်၊ ထို့ပြင် နေရောင်အောက်တွင် သူတို့၏အရိပ်မတွေ့ရ၊ သူတို့အားလုံး ဖနှောင့်တိုသူများဖြစ်ကြသည်၊ သူတို့၏မျက်ထောင့်တို့သည်လည်း လူတို့နှင့်မတူ၊ မျက်ထောင့်နီသည်၊ ထို့ကြောင့် လူသားစစ်စစ် မိန်းမများမဟုတ်နိုင်ဟု ဆုံးဖြတ်လျက် နောက်ပါကုန်သည်တို့အား သတိဝီရိယရှိကြရန် လုလင်က ပြောဆိုထားသည်။

## ဘီလူးမတို့နေရာဖြစ်သည်

တစ်ညတွင် မိမိနှင့်အတူ ယှဉ်တွဲအိပ်နေသော ရက္ခသီကိုမတွေ့ရသဖြင့် လိုက်လံရှာဖွေသည်၊ ရက္ခသီသည် လှောင်အိမ်ရှိ လှောင်ထားသောလူဟောင်းများကို တစ်ယောက်ပြီးတစ်ယောက် ကုပ်ချိုးသတ်ပြီး စားသောက်နေသည်ကို

တွေ့မြင်ရသည်၊ ဘာရတလုလင်သည် မိမိနှင့်အပေါင်းပါကုန်သည်တို့ကိုလည်း ထိုသို့ စားလိမ့်မည်ဟုတွေးကာ သူ၏ သင်္ဘောသားများရှိရာသို့ ပြေးလာခဲ့သည်၊ ထို့နောက် အပေါင်းပါကုန်သည်တို့အား "လာကြ၊ ပြေးကြစို့၊ ဤနေရာသည် လူတို့နေရာ ဒေသမဟုတ်၊ တို့နှင့်ပေါင်းသင်းနေသော မိန်းမတို့သည် ဘီလူးမများဖြစ်ကြသည်"ဟု ရှင်းပြလိုက်သည်။

သို့ရာတွင် ကုန်သည်တို့က ဘာရတလုလင်၏ စကားကို မယုံကြည်ကြ၊ ဤသို့ ဇိမ်ကျကျ စည်းစိမ်ရှိရှိနေရသဖြင့် နတ်သမီးများနေရာသို့ ရောက်နေရသည်ဟု ထင်မှတ်မှားနေကြသည်၊ ထို့ကြောင့် လုလင်ခေါ်ရာသို့ လိုက်မလာခဲ့ကြဘဲ နေမြဲအတိုင်းပင်ဆက်၍ နေရစ်ခဲ့ကြသည်။

ဘာရတလုလင်သည် "အခြားအရပ်သို့ သွားလိုသူရှိလျှင် လာကြ၊ ငါနှင့်အတူလိုက်ခဲ့ကြ"ဟု ဟစ်ကြွေးနေသော မြင်းပျံ၏အသံကြားရာသို့ ထွက်လာခဲ့သည်၊ မြင်းပျံသည် နတ်မြင်းပျံဖြစ်သည်၊ ဟိမဝန္တာမှ သီဟိုဠ်ကျွန်းသို့လာလျက် အလိုလိုပေါက်သော သလေးစပါးတို့ကို လာစားရင်း ဤသို့ အော်ခေါ်နေခြင်းဖြစ်သည်၊ ဘာရတလုလင်သည် မြင်းပျံ၏ ကျောကုန်းပေါ်သို့ တက်စီးပြီးလိုက်လာခဲ့ရာ ဝနဝါသီတိုင်းသို့ ပြန်ရောက်လာသည်၊ ဘာရတလုလင်ကို အိမ်သို့အရောက်ပြန်ပို့ပြီးနောက် နတ်မြင်းပျံသည် ကောင်းကင်သို့ ပြန်တက်ပျောက်ကွယ်သွားတော့သည်။

ကျန်နေရစ်ခဲ့သော သင်္ဘောသား ငါးရာတို့သည်လည်း ဘီလူးမတို့၏ စားသောက်ခြင်းကိုခံရကာ အသက်ဆုံးသွားကြရသည်။

ဤသူတို့ သေကြရခြင်းမှာ ပညာအမြော်အမြင်ရှိသူ၏စကားကို နားမထောင်ခြင်း၊ မိမိတို့အတွက် ဆက်နေရန်မသင့်တော်သော အပ္ပတိရူပဒေသ၌ ဆက်၍နေခဲ့ကြခြင်းကြောင့်ဖြစ်သည်။

[ ဒေဝပုရာဏ် ရက္ခသီဝတ္ထု ]

## ပတိရူပဒေသနှင့် အနုတ္တရိယတရား ၆-ပါး

မိမိအတွက် သင့်လျော်လျောက်ပတ်သော ဒေသ၊ နေရာ၊ အရပ်စသည်၌ နေထိုင်ရခြင်းသည် အနုတ္တရိယတရား ၆-ပါးရခြင်း၏ အကြောင်းဖြစ်သည်၊

မင်္ဂလာရှိသည်ဟု ဘုရားရှင်ဟောတော်မူသည်၊ အနုတ္တရိယတရား ၆-ပါး ဟူသည် အဘယ်နည်း။

၁။ ဒဿနာနုတ္တရိယ - အမြတ်ဆုံးကိုမြင်ရခြင်း၊

၂။ သဝနာနုတ္တရိယ - အမြတ်ဆုံးကိုကြားနာရခြင်း၊

၃။ လာဘာနုတ္တရိယ - အမြတ်ဆုံးကိုရခြင်း၊

၄။ သိက္ခာနုတ္တရိယ - အမြတ်ဆုံးအကျင့်ကို ကျင့်ရခြင်း၊

၅။ ပါရိစရိယာနုတ္တရိယ - အမြတ်ဆုံးကို လုပ်ကျွေးရခြင်း၊

၆။ အနုဿတာနုတ္တရိယ - အမြတ်ဆုံးသော အောက်မေ့ရခြင်း တို့ ဖြစ်ကြသည်။

## ဝက္ကလိမထေရ်

ဝက္ကလိသည် သာဝတ္ထိမြို့သား ပုဏ္ဏားတစ်ယောက်ဖြစ်သည်၊ တစ်နေ့တွင် သူသည် မြို့တွင်းသို့ ဆွမ်းခံကြွလာသောဘုရားရှင်ကို ဖူးတွေ့ရသည်၊ ဘုရားရှင်ကို ဖူးတွေ့လိုက်ရချိန်မှစပြီး ဘုရားရှင်၏ရုပ်အဆင်းတော်ကို ဖူးမြော်၍ မဝ၊ ကြည်ညို၍မဆုံး ဖြစ်နေခဲ့သည်၊ သို့ဖြင့် ဘုရားရှင်ကို အမြဲတမ်း ဖူးတွေ့နေနိုင်ရန် သာသနာတော်အတွင်းသို့ဝင်လျက် ရဟန်းပြုသည်၊ ပရိယတ္တိဓမ္မ သင်ယူခြင်းမရှိ၊ တရားဘာဝနာကိုလည်း မပွားများ၊ အချိန်ရှိသမျှ ဘုရားရှင်ကို မြင်နိုင်သည့်နေရာမှ ဖူးမြော်ကြည်ညိုနေသည်။

ဘုရားရှင်သည် ဝက္ကလိမထေရ်၏ အခြေအနေကို သိမြင်တော်မူသည်၊ တစ်စုံတစ်ရာ အပြစ်တင်ခြင်းမပြု၊ ဤသို့ အပြစ်မတင်ဘဲနေတော်မူခြင်းမှာ ဝက္ကလိမထေရ်၏ အသိဉာဏ် ရင့်ကျက်ချိန်ကို စောင့်နေတော်မူခြင်းဖြစ်သည်။

ဘုရားရှင်ကို ဖူးမြော်နေရုံမျှဖြင့် အရိယသစ္စာတရားကို ထိုးထွင်း၍ သိနိုင်သော လောကုတ္တရာကုသိုလ် မရနိုင်၊ လောကုတ္တရာ ကုသိုလ်ရပါမှ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်မည်၊ ဘုရားရှင်အား ဖူးမြော်ရုံ ဖူးမြော်နေခြင်းသည် လောကီကုသိုလ်များသာ တိုးပွားလာနိုင်သည်။

တစ်နေ့တွင် ဘုရားရှင်က ဝက္ကလိမထေရ်ကို ခေါ်တော်မူကာ ဤသို့ ဆုံးမစကားမိန့်ကြားတော်မူသည်။

“ဝက္ကလိ၊ ငါဘုရား၏ ရုပ်ခန္ဓာအတ္တဘောသည် အပုပ်ကောင်မျှသာ ဖြစ်သည်၊ ဤအပုပ်ကောင်ကို ရှုမြင်နေခြင်းဖြင့် သင့်မှာ ဘာအကျိုးရှိလိမ့်မည်နည်း၊ ငါဘုရား ဟောကြားထားသော တရားကို သိမြင်သူသည်သာ ငါဘုရားကို မြင်ပေသည်၊ ငါဘုရားကိုမြင်သူသာ ငါဘုရား၏တရားကို သိမြင်နိုင်သည်”

ဘုရားရှင်က ဤကဲ့သို့ ဆုံးမစကား မိန့်ကြားလိုက်သော်လည်း ဝက္ကလိထေရ်သည် ဘုရားရှင်အား ဖူးမြင်နေရခြင်းကို ပယ်စွန့်လျက် အခြားတစ်နေရာသို့ ထွက်ခွာသွားခြင်းမပြုပေ။

## ဂိဇ္ဈကုဋ်တောင်ပေါ်သို့တက်ကာ

ဝါဆိုချိန် နီးကပ်လာသော် ဘုရားရှင်သည် ရာဇဂြိုဟ်မြို့သို့ ကြွလာသည်၊ ထိုအချိန်၌ ဝက္ကလိမထေရ်၏ အသိဉာဏ်သည်လည်း ရင့်ကျက်လာပြီဖြစ်၍ မထေရ်ကို အနီး၌မနေရန် ဘုရားရှင်က နှင်ထုတ်တော်မူသည်၊ မထေရ်သည် စိတ်အင်အား ညှိုးငယ်စွာဖြင့် ဂိဇ္ဈကုဋ်တောင်ပေါ်သို့ တက်သွားခဲ့သည်၊ တောင်ပေါ်မှ ခုန်ချကာ ကိုယ့်ကိုကိုယ်သေစေရန် အကြံဖြစ်သည်၊ ဘုရားရှင်သည် မထေရ်ရှိရာသို့ ရောင်ခြည်တော်များလွှတ်လျက် ကိုယ်တော်ကိုပြတော်မူသည်၊ မထေရ်သည် ရောင်ခြည်တော်တို့ဖြင့် သပ္ပာယ်လှသော ဘုရားရှင်ကို ဖူးမြင်ရသော် စိတ်အင်အားညှိုးငယ် စိတ်ဆင်းရဲနေရမှုများ ငြိမ်းအေးသွားသည်။

ထို့နောက် ဘုရားရှင်က “ငါဘုရား၏ သာသနာတော်၌ နှစ်သက်မှုများသော ရဟန်း၊ ကြည်ညိုမှုများသောရဟန်းသည် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည်၊ နိဗ္ဗာန်သည် အပူခပ်သိမ်းအေးငြိမ်းရာဖြစ်သည်၊ သင်္ခါရတရားအားလုံး ချုပ်ငြိမ်းရာဖြစ်သည်”ဟု ထပ်မံမိန့်ကြားလျက် “ဝက္ကလိ၊ လာလော့၊ ငါဘုရားကို ဖူးမြော်လှည့်”ဟု ခေါ်တော်မူလိုက်သည်။

ဝက္ကလိမထေရ်သည် ဘုရားရှင်က ငါ့ကိုခေါ်တော်မူပြီဟုသိသော် အားရှိသော ပီတိဖြစ်လာလျက် သွားရမည့်လမ်းကိုပင် မမြင်နိုင်တော့၊ ဘုရားရှင်၏ ရှေ့တည့်တည့် ကောင်းကင်ဆီသို့ ခုန်တက်လိုက်ရာ ကောင်းကင်၌ပင် ပီတိကို ပယ်ခွာပြီး ပဋိသမ္ဘိဒါပတ္တ ရဟန္တာအဖြစ်သို့ ရောက်တော်မူသည်၊ သဒ္ဓါတရားလွန်ကဲသူ သဒ္ဓါဓိမုတ္တဧတဒဂ်ဖြင့် ဘုရားရှင်က ချီးမြှောက်ပေးတော်မူခြင်း ခံရသည်။

## သဒ္ဓါဓိမုတ္တဧတဒဂ်မထေရ်

ဝက္ကလိမထေရ် ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်တော်မူရခြင်း၌ ဤမထေရ်သည် ဘုရားရှင်ရှိရာ၌ နေထိုင်ရသဖြင့် ဘုရားရှင်ကိုဖူးမြင်ရခြင်းဟူသော ဒဿနာနုတ္တရိယ၊ ဘုရားရှင်၏ တရားတော်ကိုကြားနာရခြင်းဟူသော သဝနာနုတ္တရိယ၊ ဘုရားရှင်အပေါ် ကြည်ညိုရခြင်းဟူသော လာဘာနုတ္တရိယ၊ သိက္ခာသုံးပါး ကျင့်သုံးရခြင်းဟူသော သိက္ခာနုတ္တရိယ၊ ဘုရားရှင်ကို လုပ်ကျွေးနိုင်ခြင်းဟူသော ပါရိစရိယာနုတ္တရိယနှင့် ဘုရားရှင်၏ ဂုဏ်ကျေးဇူးကို အောက်မေ့သတိရခြင်းဟူသော အနုဿတာနုတ္တရိယဟူသော အနုဿရိယ ခြောက်ပါးကို ရခြင်း၏ အကြောင်းအထောက်အပံ့ကြောင့် ဖြစ်ပေသည်။

## ပုဗ္ဗေစ ကတပုညတာမင်္ဂလာ

ရှေးကပြုခဲ့သော ကောင်းမှုရှိခြင်းသည် မင်္ဂလာတစ်ပါးပင် ဖြစ်သည်။ ကောင်းမှုပြုလျှင် ကောင်းကျိုးကို ခံစားရ၍ မကောင်းမှုပြုလျှင် မကောင်းကျိုးကို ခံစားရမည်မှာ သဘာဝဖြစ်သည်။ ဆိုလိုသည်မှာ မိမိပြုလုပ်ခဲ့သည့် ကုသိုလ်ကံ အကုသိုလ်ကံ၏ အကျိုးပေးကို မိမိကိုယ်တိုင်သာ ခံစားရမည် ဖြစ်ပါသည်။ လက်ရှိဘဝတွင် ကြုံတွေ့နေရသည့် ဆင်းရဲခြင်း၊ ချမ်းသာခြင်းသည် ရှေးက မိမိပြုခဲ့ဖူးသော ကုသိုလ်ကံ၊ အကုသိုလ်ကံ အကျိုးများသာ ဖြစ်ကြသည်။ ကံနှင့်ပတ်သက်၍ ကံလေးမျိုးရှိကြောင်း မှတ်သားထားရပါမည်။

## ကံလေးမျိုးနှင့် အဓိပ္ပာယ်

၁။ **ဒိဋ္ဌဓမ္မဝေဒနီယကံ** = ကံပြုလုပ်သော ပစ္စုပ္ပန်ဘဝ၌ပင် အကျိုးပေးသော ကံ၊ ဥပမာအားဖြင့် မဟာဒုက်သည် ကဿပဘုရားရှင်အား ဆွမ်းကပ်

လှူခြင်းကြောင့် ချက်ချင်းစီးပွားတက်ကာ သူဌေးဖြစ်သည်၊ ပုဏ္ဏာမည်သော ဇနီးမောင်နှံသည် အရှင်သာရိပုတ္တရာမထေရ်ကြီးအား ဆွမ်းကပ်လှူသော ကြောင့် ထိုဘဝမှာပင် ချက်ချင်းသူဌေးဖြစ်ရသည်။

အကုသိုလ်ကံအရာ၌လည်း နန္ဒလုလင်သည် ရဟန္တာဖြစ်သောဥပ္ပလဝဏ် ထေရီကို ဗလက္ကာရပြုသောကြောင့် ချက်ချင်းမြေမျိုခံရသည်၊ နန္ဒအမည်ရှိ နွားသတ်သမားသည် နေ့စဉ် နွားသတ်ပြီး အသက်မွေးမှုပြုသည်၊ တစ်နေ့ သူ့ထမင်းစားပွဲတွင် အမဲဟင်းမပါ၍ အိမ်နောက်ဘက်ရှိ နွားအရှင်၏ လျှာကို လှီးဖြတ်ကာ မီးကင်စားသည်၊ စားနေစဉ်ပင် သူ့လျှာပြတ်ကျလျက် သွေးသံ ရဲရဲဖြင့် သေပွဲဝင်ရ သည်၊ ဤသည်တို့မှာ ဒိဋ္ဌဓမ္မဝေဒနီယ ကံ၏ ကောင်းကျိုး၊ ဆိုးကျိုး လက်ငင်းခံစားရပုံများ ဖြစ်သည်။

၂။ **ဥပပဇ္ဇဝေဒနီယကံ** = ပြုလုပ်ရာဘဝ၏အနီးဖြစ်သော ဒုတိယဘဝ၌ အကျိုးပေးသောကံ၊

၃။ **အပရာပရိယဝေဒနီယကံ** = ပြုခဲ့သောကံကြောင့် တတိယဘဝမှစ၍ အဆက်ဆက်သော ဘဝတို့၌ အကျိုးပေး၍ ခံစားရသောကံ၊

၄။ **အဟောသိကံ** = လုံးဝအကျိုးမပေးတော့သော ကံတို့ဖြစ်သည်၊

သဗ္ဗေ သတ္တာ ကမ္မဿကာ - ဟု ဟောထားသဖြင့် ကံသာလျှင် အမိ၊ ကံသာလျှင် အဖဟု အဆိုရှိသည်၊ ဤသို့ ဟောကြားထားခြင်းမှာ ဘဝရရှိမှု နှင့်သာ သက်ဆိုင်ပေသည်၊ အရာရာ၌ ကံကိုသာပုံချ နေရန်မဟုတ်ပေ၊ ကံကို ယုံပြီး ဆူးပုံမနင်းနှင့်ဟူသော စကားနှင့်အညီ ကံကိုသာ ယိုးမယ်ဖွဲ့လျက် ဆူးပုံကို တက်နင်းလျှင် ဆူးမစူးဘဲနေမည်မဟုတ်၊ ဆူးစူးခံရမည်သာဖြစ်သည်။

ပစ္စုပ္ပန်ဘဝ ကြီးပွားချမ်းသာရေး၌ ကံတစ်ခုတည်းဖြင့် မလုံလောက်ပေ၊ ဉာဏ်နှင့် ဝီရိယပါ စိုက်ထုတ်မှုဖြစ်ပေသည်၊ အတိတ်ဘဝက ပြုခဲ့သော ကုသိုလ်ကောင်းမှုလည်း ရှိမည်၊ ပစ္စုပ္ပန်ဘဝ၌လည်း ဉာဏ်နှင့် ဝီရိယပါ စိုက် ထုတ် လုပ်ကိုင်မည်ဆိုလျှင် မင်္ဂလာလည်းရှိမည်၊ ကြီးပွား ချမ်းသာခြင်းနှင့် လည်း ပြည့်စုံပေမည်။

## အတိတ် ကုသိုလ်ကြောင့် နတ်သမီးဖြစ်ရသူ

အတိတ်ဘဝက ပြုခဲ့ဖူးသော ကုသိုလ်ကောင်းမှုကြောင့် ကောင်းကျိုးခံစားနေရသော လူနတ်ပြဟ္မာတို့များစွာရှိသည်၊ ထိုပုဂ္ဂိုလ်တို့အနက် ဤလာဇနတ်သမီးသည် တစ်ဦးအပါအဝင် ဖြစ်သည်။

### လာဇနတ်သမီး

နတ်သမီး၏အမည်မှာ လာဇဖြစ်သည်၊ လာဇ၏ အဓိပ္ပာယ်မှာ ပေါက်ပေါက်ဖြစ်သည်။ လူဘဝတုန်းက ပေါက်ပေါက်လှူခဲ့သဖြင့် နတ်သမီးဖြစ်သောအခါ လာဇနတ်သမီးဟု အမည်တွင်သည်။ နတ်သမီးဘဝ မရောက်မီလူ့ဘဝတုန်းက သူသည် ဆင်းရဲသူလေးတစ်ဦးဖြစ်နေခဲ့သည်။ ဆင်းရဲလွန်းသဖြင့် စားဝတ်နေရေးအတွက် သူတစ်ပါး၏ သလေးစပါးခင်းကို အဖိုးအခယူကာ စောင့်ရှောက်ပေးရသည်။

### သဒ္ဓါတရားကြွယ်ဝသူလေး

တစ်နေ့တွင် ဤဆင်းရဲသူမကလေးသည် စပါးခင်းစောင့်ရင်း စားသောက်ရန် ပေါက်ပေါက်ကိုလှော်ပြီး ယူလာခဲ့သည်၊ ပိပ္ပလိလိုဏ်ဂူ၌ နိရောဓသမာပတ်ဝင်စားနေရာမှ ထတော်မူလာသော အရှင်မဟာကဿပ မထေရ်ကြီးသည် အမျိုးသမီးကလေးရှိရာ လယ်တောသို့ ကြွတော်မူလာသည်၊ ကြည်ညိုဖွယ်ကောင်းလှသော အရှင်မဟာကဿပ မထေရ်ကြီးကို ဖူးတွေ့ရသည်နှင့် မိမိစားရန် ယူလာသော ပေါက်ပေါက်လှော်ကို မထေရ်ကြီး၏ သပိတ်ထဲသို့လောင်းလှူပေးလိုက်သည်၊ ပစ္စည်း မချမ်းသာသော်လည်း စေတနာ သဒ္ဓါတရား ကြွယ်ဝသူလေးဖြစ်သည်။

အရှင်မဟာကဿပမထေရ်ကြီးသည် အမျိုးသမီးလေးလှူသော ပေါက်ပေါက်များကို သပိတ်ဖြင့်ခံယူပြီး ပြန်ကြွတော်မူသွားသည်၊ အမျိုးသမီးကလေးလိုရာဆုနှင့်ပြည့်စုံပါစေဟုလည်း ဆုပေးတော်မူခဲ့သည်။

ထို့နောက် မကြာမီပင် အမျိုးသမီးကလေးသည် စပါးခင်းထဲမှ အဆိပ်ပြင်းသောမြွေဆိုး ကိုက်ခံရသဖြင့် ကွယ်လွန်ကာ တာဝတိံသာနတ်ပြည်၌ နတ်သမီး

ဖြစ်သွားသည်၊ အခြံအရံများ၊ တင့်တယ်ကောင်းမွန်သော ဘုံဗိမာန်များဖြင့် စံနေရသည်။ ထိုသို့ စံနေရင်း တာဝတိံသာ နတ်ပြည်သို့ ရောက်စေခဲ့ရသည့် အကြောင်းကုသိုလ်ကို ပြန်လည်စဉ်းစားဆင်ခြင်သော် အရှင်မဟာကဿပ မထေရ်ကြီးအား ပေါက်ပေါက် လှူခဲ့သောကြောင့်ဟု သိရှိသတိရသွားသည်။

ဤသို့ သိရှိချိန်မှစကာ နေ့စဉ် မထေရ်ကြီးသီတင်းသုံးရာ ကျောင်းဝင်းသို့ သွားသည်၊ ကျောင်းဝင်းအတွင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်သည်၊ မထေရ်ကြီးအတွက် သောက်ရေ သုံးရေတို့ကို ခပ်ထည့်ဖြည့်တင်း ပေးထားသည်၊ အရှင် မဟာကဿပမထေရ်ကြီးက တပည့်ရဟန်းသာမဏေတို့ဆောင်ရွက်ထားသည်ဟု ထင်မြင်တော်မူနေခဲ့သည်။



## နောက်ထပ်မလာနှင့်

သုံးရက်မြောက်သောနေ့တွင်မူ မထေရ်ကြီးသည် လာဇာနတ်သမီးကို တွေ့မြင်သွားသည်၊ နောက်ထပ် မလာရန်နှင့် ဤလုပ်ငန်းများရှေ့ဆက်၍ မဆောင်ရွက်ရန် မထေရ်ကြီးက မိန့်ကြားသည်၊ ထိုအခါ လာဇာနတ်သမီးက မထေရ်ကြီးအား ပေါက်ပေါက်လှူခဲ့၍ နတ်သမီးဖြစ်ကာ နတ်စည်းစိမ် ခံစားရပုံနှင့် ကုသိုလ် ဆက်လက်ပြုခွင့်ပြုရန် ပန်ကြားလျှောက်ထားသည်၊ သို့ရာ

တွင် မထေရ်ကြီးက လက်မခံဘဲ ပယ်မြဲပယ်တော်မူသဖြင့် ကောင်းကင်သို့ ပြန်တက်သွားပြီး ငိုကြွေးတော့သည်။

ဘုရားရှင်သည် နတ်သမီး၏ ငိုကြွေးသံကို ကြားရ၍ ဂန္ဓကုဋီတိုက်တော် မှနေကာ နတ်သမီးထံ ရောင်ခြည်တော်များလွှတ်သည်၊ ထို့နောက် ဤသို့ မိန့်ကြားဆုံးမတော်မူသည်။

"နတ်သမီး၊ တားမြစ်သင့်သဖြင့် တားမြစ်ရခြင်းဖြစ်သည်၊ ဤသို့ တားမြစ် ရန်မှာ ငါ့တပည့်ကြီး မဟာကဿပ၏ တာဝန်ဖြစ်သည်"

| ဓမ္မပဒအဋ္ဌကထာ၊ ပါပဝဂ်၊ လာဇာနတ်သမီးဝတ္ထု |

## ရေးကပြုခဲ့သော ကောင်းမှုမရှိသူ မင်းယုတ်

ကံမရှိလျှင် ဉာဏ်ရှိတိုင်း မွဲတတ်သည်၊ လုံထမ်းလာသည်ကို မြင်နိုင် သော်လည်း ကံထမ်းလာသည်ကို မမြင်နိုင်၊ ဉာဏ်ချင်း ယှဉ်နိုင်သော်လည်း ကံချင်းကား မယှဉ်နိုင် စသည့်စကားပုံတို့မှာ ရှေးကပြုခဲ့ဖူးသော ကုသိုလ် ကောင်းမှုရှိရန် အရေးကြီးသည်ကို ထောက်ပြသတိပေးသော စကားပုံများ ဖြစ်သည်၊ ယခုဖော်ပြမည့် အကြောင်းအရာသည် "ပုဗ္ဗေစကတပုညတာ"ရှိဖို့ မည်မျှအရေးကြီးသည်ကိုပြသော အကြောင်းအရာဖြစ်သည်။

ရာဇဂြိုဟ်ပြည်၌ မာဂဓမင်းကြီး ထီးနန်းစိုးစံ အုပ်ချုပ်နေသည်၊ ဘုရား လောင်းလျာသည် ထိုမင်းကြီး၏ မင်္ဂလာဆင်ဖြူတော် ဖြစ်နေခဲ့ဖူးသည်၊ ဆင်တိုင်းသည် မင်းသုံး စီးတော်ဆင်ဖြစ်နိုင်သည်မဟုတ်၊ ဆင်ကောင်း ဆင် မြတ်တို့၏ အရည်အချင်းနှင့် ပြည့်စုံသောဆင်ဖြစ်မှသာ မင်းတို့သည် စီးတော် ဆင်အဖြစ် အသုံးပြုကြသည်၊ ဗုဒ္ဓလောင်းလျာဖြစ်သော ဤဆင်မင်းကား ဆင်ကောင်းဆင်မြတ်တို့၏ ကြန်အင်လက္ခဏာတို့နှင့် ပြည့်စုံသည်။

### မင်းထက်ဆင်ကိုသာ ချီးကျူး

တစ်နေ့တွင် မင်းကြီးသည် စီးတော်ဆင်ကို စီးလျက် ပွဲလမ်းသဘင်ကြီး ကျင်းပရာသို့ ထွက်တော်မူလာခဲ့သည်၊ မင်္ဂလာဆင်တော်၏ တင့်တယ်ပုံကို

ပြည်သူတို့က အမျိုးမျိုးပြောဆို ချီးကျူးနေကြသည်၊ ဆင်ကို ချီးကျူးသော အသံတို့ကိုကြားသော် မင်းကြီးက မကျေမနပ်ဖြစ်သည်၊ ငါ့ထက် ဆင်ကိုသာ ချီးကျူးနေကြသည်ဟု။

## ဆင်ကိုသတ်ရန် မင်းကြီးအကြံ

ပြည်သူတို့က ဆင်ကိုသာ ချီးကျူးသည်၊ သူ့ကိုမူ ချီးကျူးခြင်းမပြုသဖြင့် မာဂဓမင်းကြီးသည် ဒေါသဖြစ်ကာ နန်းတော်သို့ လှည့်ပြန်လာခဲ့သည်၊ နန်းတော်သို့ရောက်သော် ဆင်ဆရာကိုခေါ်ကာ ဆင်ကို ကောင်းစွာသင်ကြားထား၏လောဟု မေးမြန်းသည်၊ ဆင်ဆရာကလည်း ဘက်စုံမှ ကောင်းစွာသင်ကြားပေးထားကြောင်း၊ ကျွမ်းကျင်လိမ္မာသော ဆင်ဖြူတော်ကြီးဖြစ်ကြောင်း ပြန်လည် သံတော်ဦးတင်သည်၊ မင်းကြီးကမေးခြင်းမှာ ရည်ရွယ်ချက်ရှိသည်၊ ယနေ့ပင် ဤဆင်ကို သေစေရမည်ဟူသော ရည်ရွယ်ချက်ဖြစ်သည်။

မင်းကြီးသည် ဆင်ဆရာ၏ သံတော်ဦးတင်စကား ကြားသောအခါ "သင်ကိုယ်တိုင် ဆင်ကိုစီးပြီး ငါနှင့်အတူ ဝေပုလ္လတောင်ထိပ်သို့ လိုက်ခဲ့"ဟုခေါ်ကာ ဝေပုလ္လတောင်ထိပ်သို့ တက်တော်မူလာခဲ့သည်၊ တောင်ထိပ်သို့ရောက်သော် ဆင်ကိုကမ်းပါးပြတ်ချောက်ဆီသို့ ဦးလှည့်ရပ်စေပြီး ဆင်ဆရာအား သင်၏ဆင်ကို ခြေသုံးချောင်းနဲ့သာ ရပ်ခိုင်းလောဟု အမိန့်ပေးသည်၊ ဆင်ဆရာသည် မင်းကြီးစေခိုင်းသည့်အတိုင်း ဆင်ဖြူတော်ကို အမိန့်ပေးလိုက်သည်၊ ဆင်ဖြူတော်သည် ဆင်ဆရာစေခိုင်းသည့်အတိုင်း ရပ်ပြသည်။

## ချောက်ကမ်းပါးတွင်းသို့ ကျစေရန်

ထို့နောက် မင်းကြီးက လက်နှစ်ဖက်ဖြင့်သာ ရပ်စေလော့ဟု အမိန့်ပေးပြန်သည်၊ ဆင်ဆရာသည် မင်းကြီး၏ဆန္ဒအတိုင်းရပ်စေရန် အမိန့် ထပ်ပေးသည်၊ နောက်တစ်ကြိမ်တွင်လည်း ခြေနှစ်ချောင်းဖြင့်သာ ရပ်ခိုင်းပါဟု မင်းက စေခိုင်းပြန်သည်၊ ဆင်ဆရာကလည်း မင်း၏ဆန္ဒနှင့်အညီဖြစ်စေရန် စေခိုင်းသည်၊ ဆင်ဖြူတော်သည် ဆင်ဆရာ၏ စေခိုင်းသမျှအမိန့်ကို လိုက်နာလုပ်ဆောင်ပေးသည်၊ မင်းကြီးသည် ချောက်ကမ်းပါးထဲ ကျသွားစေရန် ဆင်ကို

အမျိုးမျိုးခိုင်းစေသည်၊ သို့သော် ဆင်သည် ချောက်ကမ်းပါးအတွင်းသို့ ကျမသွားသေးပေ။

နောက်ဆုံးအနေဖြင့် မင်းကြီးသည် မဖြစ်နိုင်သော ကိစ္စကို ပြုလုပ်ခိုင်းပြန်သည်။ "သင့်ဆင်ကို ခြေဖြင့် မြေကြီးကိုမထိစေဘဲ ရပ်ခိုင်းလော့"ဟု အမိန့်ပေးသည်၊ ဆင်ဆရာသည် မင်းခိုင်းစေသမျှ ပြုလုပ်စေရန် ဆင်ဖြူတော်ကို စေခိုင်းခဲ့ပြီးဖြစ်၏၊ ယခု ထပ်မံခိုင်းစေသော အမိန့်မှာ ရိုးရိုးသားသား မဖြစ်နိုင်၊ ဆင်ကို ချောက်ထဲကျ သေစေရန် ရည်ရွယ်၍ ခိုင်းစေမှန်း ဆင်ဆရာက သိသွားသည်။

မဖြစ်နိုင်သော အမိန့်ပေးရန် မင်းကြီးကစေခိုင်းသော် ဆင်ဆရာက မင်းကြီးနှင့် ဆင်ဖြူတော်အကြောင်း နှိုင်းယှဉ်တွေးတောကြည့်သည်၊ ဆင်ဖြူတော်သည် ဆင်လိမ္မာ၊ ခိုင်းစေသမျှ လိုက်နာလုပ်ဆောင်သည်၊ မင်းကြီးသည် လူသားစစ်စစ်၊ အသိဉာဏ်ရှိသူဖြစ်ရမည်၊ သို့သော်လည်း ခိုင်းသင့်သည်ကို မစေခိုင်းဘဲ မဖြစ်နိုင်သည်ကို စေခိုင်းသည်၊ တိရစ္ဆာန်ဖြစ်သော ဆင်သည် သဘောထားဖြောင့်မှန်သည်၊ လူသားဖြစ်သူမင်းကား သဘောထားမဖြောင့်၊ မမှန်၊ ကောင်းမွန်မှုမရှိ ဘုန်းကန်ရှိသူမှန်လျှင် ဆင်ကောင်းဆင်မြတ်နှင့် ထိုက်တန်သည်၊ ပြုခဲ့ဖူးသောကောင်းမှု ဘုန်းကံမရှိသူသည် တန်ဖိုးရှိသော ပစ္စည်းဥစ္စာနှင့် မထိုက်တန်၊ မင်းသည် မင်းတို့ အသုံးအဆောင်ဖြစ်သော ကြန်အင်လက္ခဏာနှင့်ပြည့်စုံသော ဆင်ဖြူတော်ကိုရပါလျက် တန်ဖိုး မထားတတ်၊ ဆင်ကို သေစေရန်ပင် နည်းမျိုးစုံဖြင့် အမိန့်ပေးနေသည်၊ ဤအကြောင်းများကြောင့် မင်းသည် မင်းကောင်းမင်းမြတ်မဟုတ်၊ မင်းယုတ်မာဖြစ်သည်၊ မင်းယုတ်မာသည် ဆင်ဖြူတော်ရတနာနှင့် မတန်ဟု စဉ်းစားဆုံးဖြတ်လျက် ဆင်ဖြူတော်အနားသို့ကပ်ပြီး ဤသို့အမိန့်ပေးလေတော့သည်။

"ဆင်ဖြူတော်၊ သင့်ကို ချောက်ထဲကျသေစေရန် မင်းသည် ယုတ်ယုတ်မာမာ စေခိုင်းနေပြီ၊ သင်သည် ဆင်ကောင်းဆင်မြတ်ဖြစ်၍ မင်းဆိုးမင်းညစ်မင်းယုတ်နှင့်မထိုက်တန်၊ အမောင်သည် ကောင်းကင်သို့ ပျံတက်လျက် ဗာရာဏသီပြည်သို့သွားနိုင်က ငါ့ကိုပါ ခေါ်ဆောင်သွားပါလော့"

ထိုအချိန်ကဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးမင်းပြုနေသည်၊ ဗြဟ္မဒတ်မင်းသည် မင်းကျင့်တရားနှင့်အညီ ပြည်သူတို့ကိုအုပ်ချုပ်သဖြင့် တိုင်းသူပြည်သားတို့ ပျော်ရွှင်မှုရှိကြသည်၊ မင်းကြီးကိုလည်း လေးစားမြတ်နိုးကြသည်။

## ကောင်းကင်သို့ပျံတက်ကာ ရပ်နေပြီ

ဆင်ဆရာ အမိန့်ပေးသည်နှင့် ဆင်ဖြူတော်သည် ကောင်းကင်သို့ ပျံတက်ကာ ရပ်နေသည်၊ ဆင်ဆရာသည် ဆင်ဖြူတော်၏ ကျောကုန်း၌ လိုက်ပါလျက် မြေပြင်ရှိမင်းအား ဤသို့ နှုတ်ဆက်စကား ပြောကြားလိုက်သည်။

"အရှင်မင်းကြီး၊ ဆင်ဖြူတော်သည် ဆင်ကောင်းဆင်မြတ်ဖြစ်သည်ကို အရှင်မင်းကြီး မျက်မြင်ဖြစ်သည်၊ ဆင်ကောင်းဆင်မြတ်ကိုသေစေရန်အမိန့်ပေးစေခိုင်းသဖြင့် မင်းကြီးနှင့်ဆင်ဖြူတော်သည်မတန်၊ အရှင်မင်းကြီးနေခဲ့ပေတော့"

ထိုသို့ ဆင်ဆရာ နှုတ်ဆက်စကားပြောပြီးသည်နှင့် ဆင်ဖြူတော်သည် ဗာရာဏသီပြည်သို့ ဦးတည်ပျံသန်းခဲ့သည်၊ ဗာရာဏသီပြည်သို့ ရောက်သော် ဆင်ဖြူတော်သည် မင်းရင်ပြင်၏ ကောင်းကင်အထက်၌ ရပ်နေတော့သည်။



မင်းရင်ပြင်ကောင်းကင်၌ ဆင်ဖြူတော်ရောက်နေသည်ဟူသော သတင်းကြားရသူ ဟာရာဏသီ ပြည်သူပြည်သား အပေါင်းတို့သည် အုတ်အုတ်ကျက်ကျက် ဆူဆူညံညံဖြစ်ကာ မင်းရင်ပြင်ဆီသို့ စုရုံးရောက်လာကြသည်။

"ဗြဟ္မဒတ်မင်းက အဆွေဆင်ဖြူတော်၊ အကျွန်ုပ်၏ ရှေးဘုန်းရှေးကံကြောင့် ကံရှိသူထံ ရောက်လာသည်မှန်လျှင် မြေပြင်သို့ သက်ဆင်းကာ မြေ၌တည်ပါလော"ဟု ကြိုဆိုစကားပြောကြားလေသည်။

## ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်တော်မူပါ

ဆင်ဖြူရတနာသည် ကောင်းကင်မှ ဆင်းသက်ကာ မြေပြင်ထက်၌ ရပ်တည်လာသည်၊ ဆင်ဆရာကလည်း ရာဇဂြိုဟ်ပြည် မာဂဓမင်းထံ၌ ဖြစ်ပျက်ခဲ့သမျှ အလုံးစုံလျှောက်ထားရင်း "ရှေးဘုန်း ရှေးကံရှိ၍ ပြုဖူးသောကောင်းမှုကြောင့် ရောက်လာသော ဆင်ဖြူရတနာကို ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်တော်မူပါ"ဟု ပန်ကြားသည်။

ဗြဟ္မဒတ်မင်းကြီးသည် ခုနစ်ရက် ခုနစ်လီကြာအောင် ဆင်ဖြူရတနာပူဇော်ပွဲကြီး ကျင်းပလျက် ပြည်သူပြည်သား အပေါင်းအား ပျော်ရွှင်ကြည်နူးစေသည်၊ နောက်မကြာမီပင် ရာဇဂြိုဟ်ပြည့်ရှင် မာဂဓမင်းနှင့် ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းတို့ စစ်ဖြစ်ကြရာ ရာဇဂြိုဟ် ပျက်သုဉ်းလျက် ဗြဟ္မဒတ်မင်း၏ လက်အောက်သို့ ကျရောက်လာတော့သည်၊ မာဂဓမင်းကြီးမှာမူ စစ်ဦးအစကာလ၌ပင် ကျရှုံးသွားလေတော့သည်။

မာဂဓမင်းသည် ဒေဝဒတ်၊ ဗာရာဏသီမင်းကြီးသည် အရှင်သာရိပုတ္တရာ၊ ဆင်ဆရာသည် အရှင်အာနန္ဒာ လျှောင်းလျာဖြစ်ပြီး မင်္ဂလာဆင်တော်သည် ဗုဒ္ဓလောင်းလျာဖြစ်သည်။

[ နိပါတ်တော်လာ ဇာတ်တော်ငါးရာ့ငါးဆယ် ဧကကနိပါတ်
ဒုမ္မေဓဇာတ် ]

## အတ္တသမ္မာပဏိဓိမင်္ဂလာ

အတ္တသမ္မာပဏိဓိ မင်္ဂလာ၌ "မိမိ၏ကိုယ်စိတ်ကို ကောင်းစွာထားခြင်း" ဟူသည် မိမိမှာသီလမရှိသေးလျှင် သီလရှိလာစေရန်၊ ယုံကြည်မှု သဒ္ဓါတရား မရှိသေးလျှင် ရတနာသုံးပါး၌ ယုံကြည်သော သဒ္ဓါတရားရှိလာစေရန်၊ မိမိ ဥစ္စာကို မပေးလိုသည့် ဝန်တိုမှု မစ္ဆရိယရှိနေလျှင် ထိုတရား ပြေပျောက်ကာ ပေးကမ်းစွန့်ကြဲလိုမှု စာဂတရားရှိလာစေရန် ပြုပြင်နေထိုင် တတ်မှုကိုပင် "အတ္တသမ္မာပဏိဓိ" ဟု ဟောတော်မူခြင်းဖြစ်သည်၊ ထိုအတ္တသမ္မာပဏိဓိ ရှိမှုကိုပင် မင်္ဂလာရှိခြင်းဟု ဘုရားရှင်ဟောတော်မူသည်။

အတ္တသမ္မာပဏိဓိ မင်္ဂလာမရှိသဖြင့် သားသမီးမရသော ဗောဓိမင်းသား အကြောင်းကို ဓမ္မပဒ အတ္တဝဂ်၌ ဘုရားရှင်က ဤသို့ဟောတော်မူထားသည်။

## မိမိကိုယ်ကို ကောင်းစွာမထားခဲ့သူ ဗောဓိမင်းသား

ဗောဓိမင်းသားသည် မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်နိုင်ရန် အတွက် လောကတွင် ထူးပေ့ဆန်းပေ့၊ ကောင်းလှပါပေ့ဟု လူအများတို့ ချီးကျူး ရသည့် ကောကနဒအမည်ရှိ ပြာသာဒ်တစ်ဆောင် ဆောက်လုပ်စေရန် ပညာ ကျော် လက်သမားများနှင့် ဗိသုကာဆရာများကို စုစည်းရှာဖွေသည်၊ ပညာရှင် များရရှိသောအခါ သူ့စိတ်ကူး စိတ်သန်းအတိုင်း ပြာသာဒ်ဆန်း တစ်ဆောင် ဆောက်စေသည်၊ ပညာကျော် လက်သမားနှင့် ဗိသုကာဆရာတို့သည် ဗောဓိ မင်းသားလိုချင်သည့် ပြာသာဒ်ကို မင်းသားစိတ်တိုင်းကျဖြစ်အောင် ဆောက် လုပ်ပေးကြသည်။

### ပညာကျော်တို့ ချီးကျူးရသောပြာသာဒ်

ပညာကျော်တို့ဆောက်လုပ်ပေးသည့် ပြာသာဒ်သည် ထူးလှပါ၏၊ ဆန်း လှပါ၏၊ မြင်သူတကာတို့ ငေးမောအံ့သြရလောက်အောင်ပင် ဆန်းကြယ်လှ ပါ၏၊ ကြည့်မြင်သူတို့၏ စိတ်ထဲ မျက်စိထဲတွင် ပြာသာဒ်သည် ကောင်းကင် သို့ပင် ပျံတက်တော့မယောင် ကြွရွလှပတင့်တယ်လှပါသည်၊ ၆ဆောက်လုပ်

ပေးသူ ပညာကျော်တို့ကိုယ်တိုင်ပင် သူတို့လက်ရာကို သူတို့မြင်နေရသဖြင့် အံ့သြကုန်နိုင်ဖွယ်ဖြစ်နေရသည်၊ မင်းသား၏ စိတ်ကူး ထူးထွေဆန်းကြယ် သကဲ့သို့ သူ့ကိုယ်သူ ကောင်းစွာစောင့်ရှောက်ထားရန် ရည်ရွယ်သည့် အကောင်အထည်ပေါ်လာသော ပြာသာဒ်ဆန်းသည်လည်း သူ့အတွေး သူ့ အမြင်နှင့် လိုက်ဖက်လှပါဘိဟုပင် ပညာကျော်တို့က ချီးကျူးရသည်။

တောဓိမင်းသားသည် မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်ထားနိုင်ရန် ဆန်းဆန်းကြယ်ကြယ် တွေးတောကြံစည်တတ်သူဖြစ်သည်၊ နောက်ထပ်သူ၏ အတွေးအမြင် ဆန်းကြယ်မှု တစ်ခုလည်း ရှိသေးသည်၊ ပြာသာဒ်ကို ဤမျှ ဆန်းဆန်းကြယ်ကြယ် ဆောက်လုပ်ပေးသူ ပညာရှင်များအနေဖြင့် အခြား မည်သည့်နေရာတွင်မျှ သူ၏ကောကနုဒပြာသာဒ်ဆန်းကဲ့သို့ အဆောင်မျိုး ဆောက်လုပ်မပေးနိုင်စေရန် သူ့ပြာသာဒ်ဆန်း ဆောက်လုပ်ပြီးသော "ထို ပညာကျော်"များကို အစတုံးဖျောက်ဖျက်ကာ အဆုံးစီရင်ပစ်ရန် ဖြစ်သည်၊ သူ၏ ထိုအတွေး အကြံအကြောင်းကို ရောင်းရင်းဖြစ်သူ သဉ္ဇိဝပုတ္တအား ကြို တင်ပြောပြထားသည်။

## ရောင်းရင်းတော့ ဟုတ်၏၊ သို့သော်

သဉ္ဇိဝပုတ္တသည် တောဓိမင်းသား၏ ရောင်းရင်းတော့ ဟုတ်သည်၊ သို့သော် မင်းသားလုပ်သမျှ အရာရာကို သဘောတူသူတော့မဟုတ်၊ မင်းသား၏ ပညာကျော်များကို အစတုံးဖျောက်ပစ်မည်ဟူသော အကြံကို သဉ္ဇိဝ ပုတ္တက သဘောမတူ၊ သဘောမတူသည့် အကြောင်းကို တောဓိမင်းသားကိုတော့ ပြန် ပြောမပြခဲ့၊ သို့သော် ထိုအကြောင်းကို ပညာကျော်များအား ဖွင့်ချပြောပြ လိုက်သည်။

ပညာကျော်များသည် သူတို့ကို သတ်ပစ်ဖို့ တောဓိမင်းသား၏ ထူးထွေ သော အတွေးအကြံအကြောင်း သိသွားကြသဖြင့် ပြာသာဒ်ဆန်း ဆောက် လုပ်မှုကို အချိန်ဆွဲထားလိုက်ကြသည်၊ အနုစိပ်ခြယ်သဖို့ လိုသေးသည်၊ ပေါ့ပါး သော သစ်များ ရှာပေးပါဟု အကြောင်းပြလျက် အချိန်ဆွဲထားခြင်းဖြစ်သည်၊

အခြားသူတို့ လာမကြည့်စေရန် တားမြစ်ထားပါဟုလည်း သူတို့လုပ်နေသည့် အလုပ် အခြားသူတို့မသိစေရန် တောင်းဆိုထားကြသည်။

## ဂျွန်ပုံစီးပြီး ထွက်ပြေးကြပြီ

ပညာကျော်တို့သည် အချိန်ဆွဲထားသော ကာလအတွင်း၌ ပေါ့ပါးသော သစ်များဖြင့် ဂျွန်ပုံအရုပ် ထုလုပ်သည်၊ ဂျွန်ပုံအရုပ်အတွင်း၌ပင် ယန္တရား များ တပ်ဆင်ပြီးသည်နှင့် တန်ဖိုးရှိ ပစ္စည်းနှင့် မိသားစုများကို တင်ဆောင်ကာ ဂျွန်ပုံစီးပြီး ဟိမဝန္တာသို့ ထွက်ပြေးသွားခဲ့ကြသည်။

## အဓိဋ္ဌာန်ဖြင့် ပြာသာဒ်ဖွင့်ပွဲလုပ်

ဗောဓိမင်းသားသည် အဆန်းတကြယ် ဆောက်လုပ်ခဲ့ရသည့် ပြာသာဒ်ကို ဖွင့်ပွဲပြုလုပ်ရန် ပြင်ဆင်သည်၊ အမွှေးအကြိုင်တို့ဖြင့် ပြာသာဒ်ကို ဖျန်းပက်သည်၊ လိုအပ်သမျှ အပြင်အဆင် အခင်းအကျင်းများကိုလည်း ပြည့်ပြည့်စုံစုံ ခင်းကျင်းထားသည်၊ ဖွင့်ပွဲသို့ ဘုရားရှင်နှင့် သံဃာတော်များအားလည်း ပင့်ဖိတ်သည်၊ အခင်းများပေါ်မှ ဘုရားရှင်ကြွလာလျှင် ဗောဓိမင်းသားမိသားစု၌ သားဖြစ်စေ၊ သမီးဖြစ်စေရမည်ဟု ယုံကြည်ဓိဋ္ဌာန်ထားသည်။

ဘုရားရှင်သည် နောက်ပါသံဃာတော်များနှင့် ကြွလာသည်၊ သို့သော် ဗောဓိမင်းသား ကြွသွားစေချင်သော အခင်းများပေါ်မှ မကြွ၊ အခင်းများ ရှိရာသို့ ရောက်သော် ဘုရားရှင်သည် ရပ်တော်မူနေကာ အခင်းများကို ရုပ်သိမ်းစေလိုသည့် အမူအရာ ပြတော်မူသည်၊ အရှင်အာနန္ဒာသည် ဘုရားရှင်၏ ဆန္ဒတော် နှင့်အညီဖြစ်စေရန် "မင်းသား၊ အခင်းများကို ရုပ်သိမ်းပါ၊ ဘုရားရှင်သည် အခင်းများပေါ်မှ ကြွတော်မူမည်မဟုတ်"ဟု မိန့်တော်မူလိုက်သည်။

အရှင်အာနန္ဒာထံမှ မိန့်ကြားစကားကြားသော် ဗောဓိမင်းသားသည် အခင်းများပေါ်မှ ဘုရားရှင် မကြွရသည့်အကြောင်းကို မေးမြန်းလျှောက်ထားသည်၊ ထိုအခါ ဘုရားရှင်က မင်းသားအား အခင်းများ ခင်းထားသည့် ရည်ရွယ်ချက်ကိုမေးသဖြင့် တပည့်တော်တို့မိသားစု၌ သားသမီးမရ၍ သားဖြစ်စေ၊ သမီးဖြစ်စေရစေရန် ရည်ရွယ်ဓိဋ္ဌာန်ကာ ခင်းထားသည့်အကြောင်း

လျှောက်ထားသည်၊ ဘုရားရှင်က မင်းသား၏ အဓိဋ္ဌာန်ကိုသိ၍ ကြွတော်မူခြင်းမပြုဟု မိန့်တော်မူကာ ဗောဓိမင်းသား သားသမီးမရ စေနိုင်သည့် အတိတ်အကုသိုလ်ကံကို ဟောပြတော်မူသည်။

## ဗောဓိမင်းသားတို့၏ အတိတ်အကုသိုလ်ကံ

ဗောဓိမင်းသားတို့ ဇနီးမောင်နှံသည် လွန်ခဲ့သော ဘဝတစ်ခု၌ ပင်လယ်သမုဒ္ဒရာတွင် ခရီးသွားရင်း လှေသင်္ဘောပျက်ခဲ့သည်၊ ကံအားလျော်စွာပင် ကျွန်းငယ်တစ်ခုပေါ် ရောက်သွားကြသည်၊ ထိုကျွန်းငယ်ပေါ်၌ ငှက်ဥနှင့် ငှက်များသာရှိသည်၊ ရှေးဦးစွာ ငှက်ဥများစားကာ အသက်ရှင်နေခဲ့ကြရသည်၊ ကြာလာသော် ငှက်ဥများကုန်လာ၍ ငှက်များကိုသတ်ပြီး စားသောက်ကြသည်၊ သို့ဖြင့် သူတို့သည် အရွယ်သုံးပါးတွင် တစ်ပါးပါးတွင်မျှ ကုသိုလ်မပြုလုပ်ခဲ့ကြ၊ ကုသိုလ်ပြုရန် မေ့နေခဲ့ကြသည်၊ ပြုခဲ့ဖူးသော ကုသိုလ်ကောင်းမှု မရှိကြဘဲ ငှက်ဥနှင့် ငှက်ကလေးများကို သတ်စားခဲ့သဖြင့် ယင်းအကုသိုလ်ကြောင့် ယခုဘဝ၌ သားသမီး မထွန်းကားနိုင် ဖြစ်ကြရသည်။

ဘုရားရှင်သည် ဗောဓိမင်းသားတို့၏အတိတ်အကုသိုလ်ကံကို ဟောပြတော်မူပြီး မိမိကိုယ်ကို ကောင်းစွာ ထားလိုလျှင်၊ ကောင်းစွာ စောင့်ရှောက်လိုလျှင် အရွယ်သုံးပါးတို့၌ ကုသိုလ်ကောင်းမှုပြုမှသာ မိမိကိုယ်မိမိ စောင့်ရှောက်ရာမည်သည်ဟု တရားပြတော်မူသည်။

ဗောဓိမင်းသားသည် တိုက်တာ၊ နေအိမ်စသည့် ရုပ်ဝတ္ထု ပစ္စည်းပြည့်ပြည့်စုံစုံဖြင့် နေနိုင်လျှင် မိမိကိုယ်မိမိ ကောင်းစွာထားနိုင်၊ နေနိုင်သူဟု ထင်မှတ်ထားခဲ့သည်။

သို့သော် ဘုရားရှင်၏ တရားဒေသနာတော်ကို ကြားနာရသောအခါ ရုပ်ဝတ္ထုပစ္စည်း ပြည့်ပြည့်စုံစုံဖြင့် နေနိုင်ခြင်းသည် ဘဝအတွက် အဖက်ဖက်မှ ပြီးပြည့်စုံစွာ နေနိုင်ခြင်းမဟုတ်၊ ပြုသင့်ပြုထိုက်သော ကောင်းမှုကုသိုလ်များ ပြုထားရန် လိုသေးသည်၊ အရွယ်သုံးပါးတွင် တစ်ပါးပါးတွင်မျှ ကောင်းမှု မပြုခဲ့ဘဲ အကုသိုလ်မှုဖြင့် အသက်ရှင်နေခြင်းသည် မိမိကိုယ်မိမိ ကောင်းစွာ

ထားခြင်းမဟုတ်ဟု သိရှိသဘောပေါက်သွားသည်၊ ထိုသို့ သိရှိသဘောပေါက်ကာ ဘုရားရှင်ထံမှ တရားနာရသောကြောင့် တရားသိကာ ဗောဓိမင်းသားသည် သောတာပန် ဖြစ်သွားတော့သည်။

[ ဓမ္မပဒ၊ ဗောဓိမင်းသားဝတ္ထု ]

## ပညာရှင်တို့၏ စာပေစကား

ပတိရူပဒေသဝါသ မင်္ဂလာ၊ ပုဗ္ဗေစကတပုညတာ မင်္ဂလာနှင့်အတ္တသမ္မာပဏိဓိ မင်္ဂလာတရားတို့နှင့် ဆက်စပ်ပတ်သက်သော ရှေးပညာရှင်တို့၏စာပေစကားများကို ဖတ်ရှုသိရှိလိုသူတို့အတွက် စုဆောင်းဖော်ပြထားပါသည်။

"အားထုတ်မှုကင်း၊ ရလျှင်းချမ်းသာ၊ ထိုနေရာများ၊ ရှိငြားမှန်စွာ၊ သင့်ကိုယ်တိုင်လည်း၊ ထိုပဲသွားပါ၊ ငါ့ကိုလည်း၊ ထိုပဲပို့လိုက်ပါ"

သုသီမနှင့် သုဝိရနတ်သားတို့အား ဖခင် သိကြားမင်းက အားထုတ်မှုတစ်စုံတစ်ရာ မပြုလုပ်ရဘဲ ချမ်းသာသုခရနိုင်သောနေရာဌာနဒေသရှိလျှင် သင်တို့ ကိုယ်တိုင်သွားပါ၊ ငါ့ကိုလည်း ထိုနေရာဒေသသို့သာ ပို့ပေးပါဟု ဖခင်ဖြစ်သူ သိကြားမင်းက သားများအား ဆုံးမသည်ကို မြောင်းမြပဋ္ဌာနတာရုံ ဆရာတော် ဦးဉာနိက (အင်္ဂလန်ဆရာတော်) ရေးဖွဲ့ထားသော လင်္ကာဖြစ်သည်။

"ထူးထူးခြားခြား၊ ကုသိုလ်များ၊ ပြုထားသူတို့မှာ၊ ချမ်းသာသုခ၊ ခံစားရ၊ ဝင်ကြွမြို့ခေမာ၊ ဘဝရှေးက၊ ပုညအားကြီး၊ ကြမ္မာမျိုးနှင့်၊ ကောင်းကျိုး မပေးလို၊ ဤလူ့ကိုယ်၌၊ ကုသိုလ်ဥပထံ၊ အခံတရား၊ ကံကြီးမား၍၊ ကောင်းစားမည့်သူ၊ ဖြစ်ဘိမူကား၊ ထိုသူထင်ရှား၊ မကောင်းစား ဘဲ၊ မသေမြဲတည်း၊ ဆင်းရဲတဆစ်၊ ခိုက်တန့်ဖြစ်လည်း၊ မနစ်မနာ၊ ဒုက္ခကွာ၍၊ ချမ်းသာစေငြား၊ ထိုယောက်ျားကို၊ သိကြား မ,ရမည်သာတည်း"

[ မဃဒေဝလင်္ကာသစ်၊ ပိုဒ်ရေ ၂၄၉ ]

လုံ့လပညာ၊ ကံလည်းပါ၊ လိုရာပြည့်စုံကြွယ်၊
ပြည့်စုံသည့်ခါ၊ မမေ့ရာ၊ ရိက္ခာမျိုးထုပ်လွယ်၊
မျိုးထုပ်ပမာ၊ ဘုန်းသမ္ဘာ၊ ဖြစ်ရာလွန်ကြီးကျယ်၊
ကြီးကျယ်ဘောဂ၊ ပြည့်စုံဝ၊ မှီကြလူကြီးငယ်၊
မှီခိုလောက်မှ၊ ဤလောက၊ မှီကြလူပေါယယ်၊
ဂုဏ်ကိုတွေးထောက်၊ မှီခိုလောက်၊ အားမြှောက်သေဝနှာ၊
မမှီလောက်ဘဲ၊ မှီခိုတွဲ၊ ဆင်းရဲရောက်တတ်စွာ၊
မှီခိုလောက်လျက်၊ ကျိုးမတက်လည်း၊ မဖက်ရှောင်ကြဉ်ခွာ။

| သုတရတနာ ဆုံးမစာ|

ဤလူ့ရပ်ရွာ၊ လူဖြစ်လာလျက်၊ တော်ရာမနေ၊ ပျော်ရာနေက၊ လူလေလူလွင့်၊ လူဝင့်လူဝါး၊ မကြီးပွားတည့်၊ ယောကျ်ားတံထွာ၊ ဓမ္မတာဖြင့်၊ ပညာဥစ္စာ၊ ရကြောင်းရှာ၍၊ ပျော်ရာမနေ၊ တော်ရာနေမှ၊ အခြေရပြီး၊ ခိုင်သွားဖြီးလိမ့်။

| မဃဒေဝလင်္ကာသစ်၊ ပိုဒ်ရေ ၂၄၂ |

ဒုတိယဂါထာဖြင့် ဟောကြားတော်မူသည့်
မင်္ဂလာတရားတော်များနှင့် ဝတ္ထုများပြီး၏။

* * *

## တတိယဂါထာဖြင့် ဟောကြားသည့် မင်္ဂလာတရား လေးပါး

ဗာဟုသစ္စဉ္စ၊ သိပ္ပဉ္စ အစရှိသော တတိယဂါထာတော်ဖြင့် ဘုရားရှင်သည် ဤမင်္ဂလာတရားလေးပါးကို ဟောတော်မူသည်။

၁။ ဗာဟုသစ္စဉ္စ - အကြား၊ အမြင်ဗဟုသုတများခြင်းသည်မင်္ဂလာ၊

၂။ သိပ္ပဉ္စ - အတတ်ပညာတစ်ခုခုကို တတ်မြောက်ထားခြင်းသည်မင်္ဂလာ၊

၃။ ဝိနယောစသုသိက္ခိတော - လိုက်နာကျင့်သုံးအပ်သည့် စည်းမျဉ်း၊ စည်းကမ်းတို့ကို သင်ယူခြင်း၊ ကျင့်သုံးခြင်းသည် မင်္ဂလာ၊

၄။ သုဘာသိတာ စ ယာဝါစာ - မှန်လည်းမှန်ကန်၍ကောင်းကျိုးကိုလည်း ဖြစ်စေသောစကားကို ပြောဆိုခြင်းသည် မင်္ဂလာ၊

ဤမင်္ဂလာတရားလေးပါးသည် ၃၈-ဖြာသော မင်္ဂလာတရားတို့တွင် ဘုရားရှင် တတိယဟောတော်မူသည့် မင်္ဂလာတရားများဖြစ်ကြသည်။

ဤမင်္ဂလာတရားလေးပါးကိုသိမှတ်ရလွယ်ကူစေရန် ဆရာကြီးဒဂုံဦးထွန်းမြင့်က ဤသို့ လင်္ကာစီကုံးထားခဲ့သည်။

၁။ ကတ်ကောင်းတတ်ရာဟူသမျှကို ကြားမြင်သုတရှိပါစေ၊

၂။ အိုးအိမ်တည်ထောင်၊ ဝမ်းစာရေးနှင့် အသက်မွေးဖို့ အတတ်သင်လေ၊

၃။ လူနှင့်ဆိုင်ရာ၊ ကျင့်ဝတ်များကို ကောင်းစွာသင်ကြား နားလည်စေ၊

၄။ မှန်ကန်ယဉ်ကျေး ချိုသာအေး ဆိုရေးတတ်ပါစေ၊
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ၊

### စကားလုံးတို့၏ အဓိပ္ပာယ်

"ဗာဟုသစ္စ - အကြား၊ အမြင်၊ အသိများခြင်း" အကြား၊ အမြင်၊ အသိများဖို့ လူတိုင်းအတွက်အရေးကြီးသည်၊ အကြား၊ အမြင်၊ အသိနည်းသူ၊ အကြားအမြင် အသိ နည်းသူတို့နေရာ တိုင်းပြည်သည် အဘက်ဘက်မှ အောက်ကျနောက်ကျဖြစ်မည်၊ ဖွံ့ဖြိုးမှုနည်းမည်၊ ကြီးပွားမှုနည်းမည်၊ ဖွံ့ဖြိုးမှု၊ ကြီးပွားမှုဆိုရာ၌ ရုပ်ပိုင်းရော၊ စိတ်ပိုင်းနှင့်ပါ သက်ဆိုင်သည်၊ အကြားအမြင်သည် တစ်နည်းအားဖြင့် ပညာမျက်စိပင်ဖြစ်သည်၊ ပညာမျက်စိ ကျယ်ပြန့်မှ၊ ဖွံ့ဖြိုးမှု ကြီးပွားတိုးတက်မှုရှိမည်၊ ကြီးပွားတိုးတက်မှုရှိမှ စိတ်ရောကိုယ်ပါ ကျန်းမာမည်၊ ချမ်းသာမည်၊ ထို့ကြောင့် ဘုရားရှင်က အကြားအမြင်ဗဟုသုတများခြင်းကို မင်္ဂလာတစ်ပါးအဖြစ် ဟောတော်မူခြင်းဖြစ်သည်၊

ဤဗာဟုသစ္စမင်္ဂလာကို ဘုရားရှင်သည် လောကီရေးအတွက်သာမက လောကုတ္တရာရေးအတွက်ပါ ဟောကြားခဲ့ခြင်းဖြစ်သည်၊ အကြား၊ အမြင်၊ အသိ နည်းလျှင် လောကီချမ်းသာမရနိုင်သကဲ့သို့ လောကုတ္တရာချမ်းသာများဖြစ်သည့်မဂ်တရား၊ ဖိုလ်တရားနှင့်နိဗ္ဗာန်တရားတို့ကိုလည်း မရနိုင်ပေ၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်တရားများရရေး၊ သိရေးသည်လည်း အကြား၊ အမြင်၊ အသိများရေးနှင့် သက်ဆိုင်ပေသည်။

## အကြားအမြင်နှင့်ပြည့်စုံ၍ မိဖုရားဖြစ်သူ

မဟာသမ္မတမင်းကြီးကုသပြည်၌ စိုးစံအုပ်ချုပ်မင်းလုပ်နေသည့်အချိန်ကဖြစ်သည်၊ ပုဏ္ဏားခုနစ်ယောက်တို့သည် အနယ်နယ်အရပ်ရပ်သို့ လှည့်လည်ကာ ဗေဒင်ဟောပြီး စီးပွားရှာကြသည်၊ ငွေအသပြာငါးရာ ရလာသောအခါ ခွဲဝေမယူကြသေးဘဲ ဆင်းရဲသူ အမျိုးသမီးတစ်ဦးထံ အပ်နှံထားကြသည်။

“ဤအသပြာငါးရာကို လက်ခံသိမ်းပေးထားပါ၊ တို့ ခုနစ်ယောက် အစုံအညီ လာတောင်းမှပေးပါ”ဟုလည်း မှာကြားထားကြသည်။

ပုဏ္ဏား ခုနစ်ယောက်တို့သည် အသပြာများ အပ်ထားခဲ့ပြီး ခရီးဆက်သွားကြရာ မကြာမီ ချောင်းတစ်ခုသို့ ရောက်ကြသည်၊ ထိုချောင်း၌ ပုဏ္ဏားတို့ ဘာသာဘာဝ ခေါင်းဆေးမင်္ဂလာပြုရန် စီစဉ်ကြသည်၊ သို့ရာတွင် သူတို့၌ တရော်ကင်ပွန်း ပါမလာခဲ့ကြ၊ သူတို့ထဲမှ ပုဏ္ဏားငယ်တစ်ယောက်ကို တရော်ကင်ပွန်းသွားတောင်းရန် အသပြာအပ်နှံထားခဲ့သူ အမျိုးသမီးထံ စေလွှတ်လိုက်ကြသည်။

## အသပြာငါးရာပါ တောင်းပြီ

တရော်ကင်ပွန်းသွားတောင်းရန် စေလွှတ်ခံရသူပုဏ္ဏားငယ်သည် လူလည်တစ်ယောက်ဖြစ်သည်၊ အသပြာအားလုံးကို သူတစ်ယောက်တည်းသာ ယူလိုသူဖြစ်သည်၊ အမျိုးသမီးထံ ရောက်သောအခါ ပုဏ္ဏားက တရော်ကင်ပွန်းကိုသာမက အပ်ထားခဲ့သော ငွေအသပြာငါးရာပါပေးရန် တောင်းသည်။

အမျိုးသမီးက ခုနစ်ယောက်စုံညီလာတောင်းမှပေးရမည်ဟု မှာထားခဲ့၍ ခုနစ်ယောက်စုံညီ လာတောင်းမှ အသပြာများပေးနိုင်မည်ဟု ပြန်ပြောလိုက်သည်၊ ထိုအခါ ပုဏ္ဏားငယ်က သူ့ကိုမယုံလျှင် ကျန်ပုဏ္ဏားတို့ကို လှမ်းမေးပါဟု ပြောကာ ခပ်ဝေးဝေးသို့ရောက်နေသောပုဏ္ဏားများကို လက်ညှိုးညွှန်ပြသည်။

အမျိုးသမီးက ပုဏ္ဏားကြီးများ ကြားလောက်သောအသံဖြင့် “အသပြာများပါ ပေးလိုက်ရမလား”ဟု အော်မေးသည်၊ ပုဏ္ဏားကြီးခြောက်ယောက်တို့က တရော်ကင်ပွန်းပေးဖို့ မေးသည်ထင်၍ “ပေးလိုက်ပါ”ဟု ပြန်ပြောကြသည်၊ သို့ဖြင့် ပုဏ္ဏားငယ်သည် တရော်ကင်ပွန်းသာမက အပ်ထားခဲ့သော အသပြာ ငါးရာကိုပါ ယူ၍ ပြန်သွားတော့သည်၊ အပြန်ခရီး တစ်နေရာ၌ အသပြာများကို ဝှက်ထားခဲ့ပြီး တရော်ကင်ပွန်းကိုသာ ပုဏ္ဏားကြီးတို့ထံ ယူသွားသည်၊ အသပြာများပါ တောင်းယူလာသည်ကို ပုဏ္ဏားကြီးတို့က မသိကြ၊ ချောင်းထဲတွင် ခေါင်းဆေးကြပြီး ခရီးဆက်သွားကြရာ ညဉ့်အချိန်ရောက်

သော် ရွာငယ်တစ်ရွာတွင် ဝင်အိပ်ကြသည်၊ အသပြာကိုပါ တောင်းလာသူ ပုဏ္ဏားငယ်သည် ပုဏ္ဏားကြီးများ အိပ်ပျော်နေစဉ် ဝှက်ထားခဲ့သော အသပြာကို ယူကာ လျှော့ဖြင့် မြစ်တစ်ဖက်ကမ်းသို့ ကူးပြေးသွားသည်။



ပုဏ္ဏားကြီး ခြောက်ယောက်တို့သည် ပုဏ္ဏားငယ် ထွက်ပြေးသည်ကို သိလျှင်သိချင်း အသပြာအပ်ထားခဲ့သူ အမျိုးသမီးထံပြန်၍ စုံစမ်းမေးမြန်းကြသည်၊ အမျိုးသမီးက အသပြာများပါပေးလိုက်သည်ဟု ပြောသောအခါ ပုဏ္ဏားများ နှင့် အချေအတင်ပြောကြသည်၊ ခုနစ်ယောက် စုံညီလာမှပေးပါဟု မှာထားလျက်ပေးလိုက်၍ ပုဏ္ဏားများက မကျေမနပ်ဖြစ်ကြသည်၊ အော်မေးတုန်းက ပေးလိုက်ပါပြော၍ပေးခဲ့သည်၊ သူ့မှာ လုံးဝတာဝန်မရှိဟု အမျိုးသမီးက ပြန်ပြောသဖြင့် သူတို့ပြဿနာ ဘုရင့်ထံသို့ ရောက်သွားရတော့သည်။

## ဘုရင့်အမိန့်တော်

ဘုရင်ကြီးက ငွေလက်ခံထားသူ အမျိုးသမီးကို ပုဏ္ဏားတို့ ငွေအပ်စဉ် အခါက သူတို့ခုနစ်ဦးစုံ လာတောင်းမှပေးရန် မှာခဲ့သလားဟု မေးသည်၊

အမျိုးသမီးက မှာခဲ့ပါသည်ဟု ပြန်ဖြေကြားသည်၊ သို့ဖြစ်လျှင် ပုဏ္ဏားတစ်ယောက်တည်းလာတောင်းသည်ကို ပေးသည့်အတွက် သင့်တာဝန် ဖြစ်သည်၊ သင်က အသပြာငါးရာကိုလျော်စေဟု ဘုရင်က မိန့်တော်မူသည်။

ထိုအခါ အမျိုးသမီးက "ကျွန်မသည် ဆင်းရဲသူမုဆိုးမ ဖြစ်ပါသည်၊ ငယ်ရွယ်သူ သမီးကလေး တစ်ယောက်နှင့်အတူနေကာ ဝမ်းစာအတွက် ရှာဖွေစားသောက်၍ အသက်မွေးနေရပါသည်၊ အသပြာငါးရာကို မလျော်နိုင်ပါ"ဟု လျှောက်ထားပြန်သည်၊ "အသပြာငါးရာကို မလျော်နိုင်လျှင် ပုဏ္ဏားတို့ထံ တစ်လှည့်စီ ကျွန်ခံစေ"ဟု ဘုရင်ကြီးက စီရင်ချက်ချပေးလိုက်သည်။

ဆင်းရဲသူ အမျိုးသမီးသည် ဘုရင်ကြီး၏ စီရင်ချက်အတိုင်း အကြီးဆုံးပုဏ္ဏားမှစ၍ ပုဏ္ဏားခြောက်ယောက်ထံ လခွဲစီ ကျွန်ခံနေရသည်၊ ထိုအမျိုးသမီး၏ တစ်ယောက်တည်းသော သမီးကလေးသည် တဖြည်းဖြည်းကြီးပြင်းလာခဲ့ရာ အသက် ၁၈ နှစ်အရွယ်သို့ ရောက်လာသည်၊ ထိုသမီးကလေးသည် စာပေကို လေ့လာသည်၊ ဗဟုသုတအကြားအမြင်ကို ရှာမှီးသည်၊ လူကြီးသူမတို့၏ အဆုံးအမများကို နာယူမှတ်သားလိုက်နာကျင့်ကြံသည်။

တစ်နေ့တွင် သမီးကလေးက မိခင်ကို "အမေ၊ အဘယ်ကြောင့် ပုဏ္ဏားခြောက်ယောက်ထံ တစ်လှည့်စီ ကျွန်ခံနေရသနည်း" ဟုမေး၍ အမေက အဖြစ်စုံကို အစအဆုံးပြန်ပြောပြပြီး ဘုရင်၏ စီရင်ချက်ဟု ရှင်းပြသည်၊ သမီးကလေးသည် မိခင်ကိုခေါ်ကာ ဘုရင်ကြီးထံသွားပြီး ကျိုးကြောင်း မဆီလျော်သော စီရင်ချက်ဖြစ်၍ မိခင်၏အမှုကို ပုဏ္ဏားတို့နှင့်ပြန်၍ရင်ဆိုင်လိုပါသည်ဟု လျှောက်ထားသည်။

ဘုရင်ကြီးက အမျိုးသမီးလေး၏လျှောက်ထားချက်ကို လက်ခံကာ ပုဏ္ဏားများကို ပြန်ခေါ်ပေးသည်၊ ပုဏ္ဏားခြောက်ယောက် ရောက်လာကာ ဘုရင်ကြီးရှေ့၌ တရားစီရင်မှုပြန်စရန် စီစဉ်နေစဉ် အမျိုးသမီးလေးက ဘုရင်ကြီးထံ အသပြာငါးရာ ခေတ္တချေးရန် လျှောက်ထားသည်၊ ဘုရင်ကြီးကပေး၍ အသပြာ ငါးရာရသောအခါ အမျိုးသမီးလေးက ပုဏ္ဏားများအား ဤသို့ မေးလေသည်။

"အဘ ပုဏ္ဏားကြီးတို့၊ ကျွန်မ၏မိခင်သည် အသပြာငါးရာ ပြန်မပေးနိုင်၍ ပုဏ္ဏားကြီးတို့ထံ၌ ကျွန်ခံနေရသည်မှာ နှစ်ကာလကြာမြင့်ပါပြီ၊ အသပြာငါးရာပြန်ပေးနိုင်လျှင် ကျွန်မ၏မိခင်အား ကျွန်အဖြစ်မှ လွှတ်မည်လော"

## ပုဏ္ဏားခုနစ်ယောက် လက်ခံယူပါ

ပုဏ္ဏား ခြောက်ယောက်တို့က တညီတညွတ်တည်းပင် "လွှတ်မည်"ဟု ပြန်ပြောကြသည်၊ အမျိုးသမီးငယ်သည် ပုဏ္ဏားတို့ထံမှ အဖြေစကား ကြားရသော် "ယခု ငွေရပါပြီ၊ မိခင်အစား ပြန်ပေးဆပ်ပါတော့မည်၊ ငွေအပ်စဉ်က ထားခဲ့သော ကတိနှင့်အညီ အဘပုဏ္ဏားကြီးတို့ ခုနစ်ယောက်အစုံအညီ လက်ခံယူကြပါ"ဟု ပြောကြားသည်။

ပုဏ္ဏားခြောက်ယောက်တို့ အသပြာ လက်ခံရန် အခက်တွေ့ကြရပြီ။ အပ်နှံစဉ်က ခုနစ်ယောက်စုံမှဟု ကတိထားခဲ့သည်၊ ယခု ငွေယူ ထွက်ပြေးသွားသူ ပုဏ္ဏား တစ်ယောက်မရှိ၍ သူတို့ ခုနစ်ယောက် မပြည့်တော့၊ ငွေယူ၍ လစ်ပြေးသွားသူ ပုဏ္ဏားကိုလည်း ဘယ်မှာရှာရမှန်းမသိဖြစ်နေကြတော့သည်။

တရားခွင် ရောက်နေသူများက အမျိုးသမီးကလေး၏ ဉာဏ်ပညာရှိပုံ၊ မိခင်ကို ကျွန်ဘဝမှလွတ်အောင် ဆောင်ရွက်နိုင်ပုံတို့ကို ချီးကျူးကြသည်၊ တရားရင်ဆိုင်နေသူ ပုဏ္ဏားခြောက်ယောက်တို့က အသပြာငါးရာကို လူမစုံ၍ ပြန်မယူနိုင်သောကြောင့် မယူတော့ဘဲ အမျိုးသမီးကလေး၏ မိခင်ကိုလည်း ကျွန်အဖြစ်မှ လွှတ်ပေးလိုက်ကြရသည်။

## တရားစီရင်မှုပြန်ပြင်ပေးပြီ

ဘုရင်ကြီးက "ယခင် ငါစီရင်ထားခဲ့သောတရားသည်မှားယွင်းနေသည်၊ ကျွန်ခံနေသူကိုလည်း လွှတ်စေ၊ အမျိုးသမီးလေး ယခု ချေးယူထားသော ငွေအသပြာငါးရာကိုလည်း နစ်နာကြေးအဖြစ် အမျိုးသမီးကလေးက ယူစေ" ဟု တရားစီရင်မှုကို ပြင်ဆင်ပေးလိုက်သည်။

ထို့နောက် ဘုရင်ကြီးက အမျိုးသမီးလေး၏ ဗဟုသုတရှိမှု၊ ဉာဏ်

အမြော်အမြင်ကြီးမှုတို့ကို မြတ်နိုး တန်ဖိုးထားသောအားဖြင့် ထိုအမျိုးသမီးလေးကို မိဖုရားအဖြစ် တင်မြှောက်ကာ ချီးမြှင့်ပေးလိုက်တော့သည်။

[ပုရာဏ်ကျမ်းမှ]

---

## အကြား၊ အမြင်၊ အသိဗဟုသုတနည်းသူများ

အကြား၊ အမြင်၊ အသိဗဟုသုတ နည်းပါး၍ ဘဝပျက်ရသူများ၊ စီးပွားဉစ္စာ ဆုံးရှုံးရသူများနှင့် လိမ်နည်းအမျိုးမျိုးဖြင့် အလိမ်ခံရသူများ၏ အကြောင်းတို့မှာ ပိဋကတ်တော်တို့၌လည်းကောင်း၊ ရာဇဝင်၊ သမိုင်း၊ ပုံပြင်တို့၌ လည်းကောင်း များစွာရှိပါသည်၊ ယခုမျက်မြင် ပစ္စက္ခလောက၌လည်း များစွာမြင်နိုင်တွေ့နိုင်သကဲ့သို့ များစွာလည်း ကြားနိုင်၊ သိနိုင်ပါသည်။

ဘုရားရှင်က အကြား၊ အမြင်၊ အသိဗဟုသုတ ရှိခြင်းကို မင်္ဂလာတစ်ပါးဟု ဟောထားပါသည်။ ပြောင်းပြန်အားဖြင့် အကြား၊ အမြင်၊ အသိဗဟုသုတနည်းလျှင် ထိုသူတို့အတွက် အမင်္ဂလာဖြစ်ပါသည်၊ သို့အတွက် အမင်္ဂလာမဖြစ်စေဘဲ မိမိဘဝအတွက် မင်္ဂလာရှိစေရန် ဗဟုသုတရှာမှီးဖို့လိုပါသည်။

---

## သိပ္ပမင်္ဂလာ

"သိပ္ပဉ္စ အရ အတတ်ပညာ တစ်ခုခုကို တတ်မြောက်ထားခြင်းသည် မင်္ဂလာ"ဟု ဘုရားရှင်ဟောတော်မူထားသည်၊ ယနေ့ကာလ၌ အတတ်ပညာကို သိပ္ပအရ သိပ္ပံပညာနှင့် ဝိဇ္ဇာအရဝိဇ္ဇာပညာဟု နှစ်မျိုး ခွဲခြားထားကြပေပြီ၊ သိပ္ပံအတတ်ပညာ၌ လက်မှုပညာရော၊ စက်မှုပညာကိုပါ ပေါင်းစည်းထားကြပေသည်၊ ဝိဇ္ဇာအရ ပညာကိုမူ နှုတ်မှုပညာတစ်နည်းအားဖြင့် အသိပညာဟု ပညာရှင် အချို့က ခွဲခြားထားကြသည်၊ မည်သို့ပင် ခွဲခြားထားသည်ဖြစ်စေ နှုတ်မှုနှင့် လက်မှုပညာ တစ်ခုခုကို ပိုင်ပိုင်နိုင်နိုင် တတ်မြောက်ထားဖို့လိုပေသည်။

ယနေ့ ကမ္ဘာတွင် အတတ်ပညာနယ်ပယ်သည် အလွန် ကျယ်ဝန်းလာနေပေပြီ၊ တစ်နှစ်နှင့်တစ်နှစ် မတူသကဲ့သို့ တစ်လထက်တစ်လ၊ တစ်နေ့ထက်တစ်နေ့လည်း မတူညီတော့ပေ။ အရှိန်အဟုန်ဖြင့် ပြောင်းလဲနေပြီ၊ တစ်ဦးချင်းဖြစ်စေ၊ တစ်နိုင်ငံချင်း ဖြစ်စေ အတတ်ပညာ နိမ့်ကျနေလျှင်၊ နောက်ကျနေလျှင် ဖွံ့ဖြိုးမှု၌လည်း အောက်ကျနောက်ကျ ဖြစ်နေပေမည်။

---

## သူဌေးသားဘဝမှ တောင်းစားသူဘဝ ရောက်ရသူ

သက်တော်ထက်ရှား ဘုရားရှင်လက်ထက် သာဝတ္ထိပြည်တွင် သူဌေးသားတစ်ယောက်ရှိသည်၊ ဖခင်မှာ ကုဋေလေးဆယ်ကြွယ်ဝသည့် သူဌေးဖြစ်ပြီး အနာထပိဏ်သူဌေးကြီး၏ညီလည်း ဖြစ်သည်၊ မိဘများသည် ချမ်းသာကြွယ်ဝသူများဖြစ်၍ သားကို ပညာသင်မပေးကြပေ၊ ပညာမတတ်လည်း ငါတို့သားတစ်သက်တာသုံး၍မကုန်နိုင်သော ဥစ္စာပစ္စည်းများရှိသည်ဟုဆိုကာ အတတ်ပညာမသင်စေဘဲ အပျော်အပါးတို့နှင့်သာ ပျော်ပျော်ပါးပါး နေစေကြသည်၊ သားကလည်း မိဘတို့ အလိုလိုက်ထားသည့်အတိုင်း ပညာမသင်ဘဲ အပျော်အပါး မျိုးစုံကို လိုက်စားလျက် တေပေနေသည်။

### မိဘတို့ပေးထားခဲ့သောပညာမရှိ

သားအရွယ်ရောက်လာချိန်၌ မိဘနှစ်ပါးတို့ ကွယ်လွန်သွားခဲ့ကြသည်၊ မိဘများ ထားရှိခဲ့သော ပစ္စည်းဥစ္စာ ကုဋေများစွာလည်း ကျန်နေခဲ့သည်၊ သို့သော် သားအတွက် မိဘများထားခဲ့သော အတတ်ပညာ၊ အသိပညာဟူ၍ မည်မည် ရရ မကျန်ခဲ့၊ အပျော်အပါးလိုက်စားကာ မူးယစ်သောက်စား လောင်းကစားခြင်း၌သာ မိဘများထားခဲ့သောအမွေအဖြစ် သားရရှိခဲ့သည်၊ ဖခင်ကြီးမှာမူ ကွယ်လွန်သွားပြီးနောက် သားသံယောဇဉ်မပြတ်၍ သာဝတ္ထိပြည်အနီး ညောင်ပင်ကြီးတစ်ပင်၌ ရုက္ခစိုး ဖြစ်နေခဲ့သည်။

### အိမ်ရောင်းသုံး၍ နေစရာမရှိ

သူဌေးသားသည် မိဘထားခဲ့သော အမွေအနှစ်များကို နေ့စဉ် သုံးသည်၊ ဖြုန်းသည်၊ နောက်ဆုံး ကုဋေလေးဆယ်ကုန်သောအခါ နေအိမ်တိုက်တာ

တို့ကိုပါ အလီလီရောင်းချလျက် သုံးဖြုန်းပစ်သောကြောင့် သူဌေးသားအတွက် နေစရာမရှိ ဖြစ်လာသည်၊ လမ်းဘေးတွင်ပင် အိပ်၍ လမ်းဘေးတွင်ပင် နေထိုင်ရတော့သည်။

တစ်နေ့တွင် သုံးစရာဖြုန်းစရာမရှိ၍ ဘကြီးတော်ဖြစ်သူ အနာထပိဏ် သူဌေးကြီးထံ သွားတောင်းသည်၊ သူဌေးကြီးက အရင်းအနှီး ပြုလုပ်၍ စားသုံးရန် အသပြာတစ်ထောင်ပေးလိုက်သည်၊ ထိုငွေကို ဘကြီးတော်ဆန္ဒနှင့် အညီမသုံးဘဲ မိုက်ဖော်၊ မိုက်ဖက်၊ ဖြုန်းဖော်ဖြုန်းဖက် တစ်စုတို့ဖြင့် သုံးဖြုန်း ပစ်၍ ကုန်သွားပြန်သည်၊ ဘကြီးတော်အနာထပိဏ်သူဌေးကြီးထံ မကြာခဏ သွားတောင်းပြန်သည်၊ သူဌေးကြီးက နောက်ထပ်လာမတောင်းနှင့်ဟု ပြော လိုက်ရုံမက ကုပ်ကိုဆွဲကာ နှင်ထုတ်လိုက်တော့သည်။

သား၏ အခြေအနေကိုမြင်၍ စိတ်မကောင်း ဖြစ်နေရှာသော ဘဝ အဟောင်းမှ ဖခင် ရုက္ခစိုးကြီးက သူ့သားအား လိုတိုင်းရသော "ဣစ္ဆာသယ" အိုးတစ်လုံးကို ပေးသည်၊ အလိုရှိတိုင်း ဤအိုးထဲမှ နှိုက်ယူသုံးစွဲဟု ပြော သည်၊ ဣစ္ဆာသယ လိုတိုင်းရသော အိုးဖြစ်၍ ဂရုတစိုက်တန်ဖိုးထားရန်လည်း မှာလိုက်သည်။



## ကဖော်မူး၍ ကုဋ္ဌာသယအိုးရိုက်ခွဲလိုက်ပြီ

အတတ်ပညာရော၊ အသိပညာပါမဲ့သည့် သားသည် ရက္ခစိုးကြီး မှာသည့်အတိုင်း လိုသမျှကို ကုဋ္ဌာသယအိုးထဲမှ နှိုက်ယူသုံးပြီး သောက်ဖော် သောက်ဖက်၊ စားဖော် စားဖက်၊ ပျော်ဖော် ပျော်ဖက်တို့နှင့်အတူ သုံးဖြုန်းလျက်သာနေသည်၊ တစ်နေ့တွင် လူမှန်း သူမှန်းမသိအောင် ကဖော်မူးနေသဖြင့် ကုဋ္ဌာသယအိုးကို ရိုက်ခွဲလိုက်သဖြင့် အပိုင်းပိုင်းအစစ ဖြစ်သွားတော့သည်၊ အမူးပျောက်ကာ အသိဝင်လာသောအခါ ဖခင်ဖြစ်ဖူးသူ ရက္ခစိုးကြီးပေးသည့် အပိုင်းပိုင်းအစစ ဖြစ်နေသော ကုဋ္ဌာသယအိုးကို တွေ့မြင်သွားသည်။

ဘဝ၏ နောက်ဆုံးအချိန်ရောက်လာပြီဖြစ်၍ အိုးကွဲကိုကြည့်ကာ စိတ်မကောင်းဖြစ်သည်၊ နောင်တရသည်၊ သို့သော် သောက်ဖော် သောက်ဖက်တို့နှင့် ပျော်ဖော်ပျော်ဖက်တို့က သူ့ကိုမကူညီ၊ မကယ်ဆယ်ကြ၊ ရက္ခစိုးနတ်ကြီးက ကုဋ္ဌာသယအိုးကိုပေးကာ ကူညီခဲ့သော်လည်း အိုးကွဲသွား၍ စားစရာ၊ နေစရာမရှိသော သူဌေးသားသည် တစ်နေ့ထက် တစ်နေ့ အစာအာဟာရလည်း ပြတ်၊ ကျန်းမာရေးလည်း ဆိုးသည်ထက် ဆိုးလာကာ လမ်းဘေးတစ်နေရာ၌ပင် သူမသိ ငါမသိဘဝဖြင့် သေဆုံးသွားတော့သည်။

[ဇာတ်တော်ငါးရာ့ငါးဆယ်၊ တိကနိပါတ်၊ သုရာဃဋဇာတ်]

## ဝိနယော စ သုသိက္ခိတမင်္ဂလာ

"ဝိနယော စ လိုက်နာကျင့်သုံးအပ်သည့် ကျင့်ဝတ်၊ စည်းမျဉ်းစည်းကမ်း" ၎င်းတို့ကို ကောင်းစွာ သင်ယူထားခြင်း၊ ကျင့်သုံးခြင်းကို ဝိနယော စ သုသိက္ခိတမင်္ဂလာဟု ဘုရားရှင် ဟောတော်မူထားသည်။

လောက၌ လူလည်းလူ့အလျောက်၊ ရဟန်းလည်းရဟန်းအလျောက်၊ ဝန်ထမ်းလည်း ဝန်ထမ်းအလျောက်၊ မင်းလည်း မင်းအလျောက် လိုက်နာကျင့်သုံးရမည့် အစဉ်အလာများ၊ ကျင့်ဝတ်များ၊ စည်းမျဉ်း စည်းကမ်းများ

ရှိကြသည်၊ ၎င်းတို့ကို လိုက်နာကျင့်သုံးရပေမည်၊ သို့မှသာ ဤမင်္ဂလာတရား နှင့် ပြည့်စုံသူဖြစ်မည်။

## စည်းကမ်းသည် လူ့တန်ဖိုး

ကျင့်ဝတ်မသိသော၊ ကျင့်ဝတ်ကို မသင်ကြား မလိုက်နာသော လူ၊ ရှင်၊ ရဟန်း စသည်တို့သည် တန်ဖိုးမရှိသူ ဖြစ်သည်၊ စည်းကမ်းသည် လူ့တန်ဖိုး ဟူသည်နှင့်အညီ စည်းကမ်းရှိသူမှ၊ စည်းကမ်းရှိသော အဖွဲ့အစည်းဖြစ်မှ တန်ဖိုးရှိသည်၊ စည်းကမ်းရှိမှသည် မင်္ဂလာရှိသည်၊ ကြီးပွားတိုးတက်သည်၊ စည်းကမ်းမရှိသူ၊ စည်းကမ်းမရှိသော လူ့အဖွဲ့အစည်းနှင့် တိုင်းပြည်တို့သည် မကြီးပွား မတိုးတက်နိုင်၊ မင်္ဂလာလည်း မရှိနိုင်ပေ။

ရှေးလူကြီးသူမများနှင့် မိဘဆရာတို့က စည်းကမ်းတကျ နေထိုင် စားသောက်တတ်ရန် အထူးပြု ဆုံးမသင်ကြားပေးလေ့ရှိကြသည်၊ စားရာ၌ စည်းကမ်းရှိဖို့၊ သွားရာ၌ စည်းကမ်းရှိဖို့၊ နေထိုင်ပြောဆိုရာတို့၌လည်း စည်းကမ်းရှိဖို့ လိုပေသည်၊ စားရာ၌ စည်းကမ်းမရှိလျှင် အစားတစ်လုတ်ကြောင့် ဒုက္ခပါ ဆုံးရှုံးရတတ်သည်၊ အလားပဲ သွားလာနေထိုင် ပြောဆိုရာ၌လည်း စည်းကမ်း နည်းလမ်းတကျ သွားလာနေထိုင် ပြောဆိုတတ် သူတို့သည်သာ တန်ဖိုးရှိသူများ၊ မင်္ဂလာရှိသူများ ဖြစ်ကြပေသည်။

## သိင်္ဂါလောဝါဒသုတ်လာ ကျင့်ဖွယ်ရာများ

မိဘများ၊ ဆရာသမားများ၊ ကျောင်းသား ကျောင်းသူများ စသည်တို့ ကျင့်သုံးလိုက်နာအပ်သည့် ကျင့်ဝတ်အမျိုးမျိုးကို သိင်္ဂါလောဝါဒသုတ်၌ ဘုရားရှင် ဟောကြားထားသည်၊ ထိုဟောကြားချက်များမှာ ဆိုင်ရာ ဆိုင်ရာ ပုဂ္ဂိုလ်များ လိုက်နာကျင့်သုံးရမည့် စည်းကမ်းကျင့်ဝတ်များ ဖြစ်ပေသည်။

## အရပ်မျက်နှာ ရှိခိုးသူ သိင်္ဂါလသတို့သား

သိင်္ဂါလ သတို့သားသည် ကုဋေလေးဆယ် ကြွယ်ဝချမ်းသာသော သူဌေးသား ဖြစ်သည်၊ သူ့မိဘနှစ်ပါးသည် သောတာပန်ဖြစ်သည်၊ ရတနာ သုံးပါးကို ဦးထိပ်ထားကိုးကွယ်သည်၊ သားဖြစ်သူ သိင်္ဂါလကား ရတနာသုံးပါး ကို အလေးထားသူမဟုတ်၊ ဖခင်ကြီးက သူကွယ်လွန်ခါနီးအချိန်တွင် သား ဖြစ်သူကိုခေါ်ကာ ဤသို့ မှာကြားခဲ့သည်။

"ချစ်သားလေး၊ ငါတို့မရှိသည့်နောက် နံနက်စောစော အိပ်ရာမှထလျက် အရပ်မျက်နှာ ၆-ပါးတို့ကို မမေ့မလျော့ပါနှင့်၊ အလေးထားပါ"

သိင်္ဂါလသည် ကွယ်လွန်ခါနီးမှာထားခဲ့သော ဖခင်ကြီး၏ စကားကိုအထူး သတိရအလေးထားကာ နေ့စဉ် နံနက်တိုင်း "အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ အထက်၊ အောက်"ဟူသော အရပ်မျက်နှာ ခြောက်ခုကို ရှိခိုးသည်၊ ထိုသို့ ရှိခိုးနေစဉ် တစ်နေ့၌ ဝေဠုဝန်ကျောင်းတော်မှ ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံကြွလာသော ဘုရားရှင်က မြင်တော်မူ၍ အကျိုးအကြောင်းမေးတော် မူသည်၊ ထိုအခါ သတို့သားက ဖခင်ကြီးမှာထားခဲ့၍ နေ့စဉ် အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ အထက်နှင့် အောက်ဟူသော အရပ်မျက်နှာ-၆-ပါးတို့ကို ရှိခိုးပါသည်ဟု ပြန်လည်ဖြေကြားသည်။

## ဘုရားရှင်က ရှင်းပြပုံ

ထိုအခါ ဘုရားရှင်က သိင်္ဂါလရှိခိုးနေသော အရှေ့၊ အနောက်စသည့် အရပ်မျက်နှာများကို ရည်ရွယ်ကာ ဖခင်ကမှာထားခဲ့ခြင်း မဟုတ်၊ ဖခင်မှာ ထားခဲ့သည့် ရည်ရွယ်ချက်နှင့် အရပ်မျက်နှာတို့မှာ ဤသို့ဖြစ်သည်ဟု ရှင်း လင်း မိန့်ကြားတော်မူသည်။

၁။ **ပုရတ္ထိမဒိသာ** - အရှေ့အရပ်ဟူသည်မှာ မိဘတို့ကို ဆိုလိုရင်းဖြစ် သည်၊ မိဘတို့သည် သားသမီးတို့အား ရှေးဦးစွာ ကျေးဇူးပြုတတ် သူများဖြစ်၍ မိဘတို့ကို နေ့စဉ် မမေ့ရန်၊ ရှိခိုးရန် မှာကြားခဲ့ခြင်း ဖြစ်သည်။

၂။ **ဒက္ခိဏဒိသာ** - တောင်အရပ်ဟူသည်မှာ ဆရာသမားတို့ကို ဆိုလိုရင်းဖြစ်သည်၊ ဆရာသမားတို့သည် တပည့်တို့၏ မြတ်သော အလှူကို ခံထိုက်သူများဖြစ်၍ ဆရာသမားတို့ကို နေ့စဉ်မမေ့ရန်၊ ရှိခိုးရန် မှာကြားခဲ့ခြင်းဖြစ်သည်။

၃။ **ပစ္ဆိမဒိသာ**- အနောက်အရပ်ဟူသည်မှာ ဇနီးမယားနှင့် သားသမီးတို့ကို ဆိုလိုရင်းဖြစ်သည်၊ ဇနီးမယားနှင့် သားသမီးတို့သည် မိမိ၏ နောက်၌ အစဉ်ရှိနေသူများဖြစ်၍ သူတို့ကိုရည်ရွယ်ကာ မှာကြားခဲ့ခြင်းဖြစ်သည်။

၄။ **ဥတ္တရဒိသာ** - မြောက်အရပ်ဟူသည်မှာ မွေးချင်းပေါက်ဖော် ဆွေမျိုးဉာတိတို့ကို ဆိုလိုရင်းဖြစ်သည်၊ သူတို့ကို အမှီပြု၍ ထိုထိုဆင်းရဲဒုက္ခတို့မှ လွန်မြောက်နိုင်သဖြင့် သူတို့ကို ရည်ရွယ်ကာ မှာကြားခဲ့ခြင်းဖြစ်သည်။

၅။ **ဟေဋ္ဌိမဒိသာ** - အောက်အရပ်ဟူသည်မှာ အလုပ်သမားတို့ကို ဆိုလိုရင်းဖြစ်သည်၊ သူတို့သည် မိမိ၏အောက်၌ တည်သူများဖြစ်၍ သူတို့ကို ရည်ရွယ်ကာ မှာထားခဲ့ခြင်းဖြစ်သည်။

၆။ **ဥပရိမဒိသာ** - အထက်အရပ်ဟူသည်မှာ အကျင့်သီလ ရှိကုန်သော ရသေ့ ရဟန်း စသူတို့ကို ဆိုလိုရင်းဖြစ်သည်၊ ထိုပုဂ္ဂိုလ်တို့သည် သူတို့၏ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ကြောင့် မိမိ၏ အထက်၌ တည်ရှိ သူများဖြစ်၍ ထိုပုဂ္ဂိုလ်တို့ကို ရည်ရွယ်ကာ မှာကြားခဲ့ခြင်းဖြစ်သည်။

မိမိတို့၏ ကျင့်ဝတ်၊ စည်းကမ်းတို့ကို လိုက်နာကျင့်သုံးသူတို့သည် ပစ္စုပ္ပန်ဘဝ၌ ဘေးရန်ကင်းကွာလျက် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာရှိမည်၊ ကြီးပွားတိုးတက်မည်၊ မင်္ဂလာရှိမည်၊ နောင်သံသရာ၌လည်း ကောင်းရာသုဂတိသို့ လားရမည်ဟု ဘုရားရှင်က ဟောကြားသည်။

## သိဂါလသတို့သား ကွယ်လွန်သော်

သိဂါလသတို့သားသည် များစွာနှစ်သက်သဘောကျသည်ဖြစ်၍ "တပည့်တော်သည် ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်ပါ၏၊ တပည့်တော်ကို ရတနာသုံးပါး ကိုးကွယ်ဆည်းကပ်သူ ဥပါသကာအဖြစ် သိမှတ်တော်မူပါ"ဟု လျှောက်ထားသည်၊ ထို့နောက် သူ့မှာရှိသော ပစ္စည်းများကို သာသနာတော်အတွက် လှူဒါန်းသည်၊ သက်တမ်းစေ့နေကာ ကွယ်လွန်သော် နတ်ပြည်သို့ ရောက်သွားသည်။

ဘုရားရှင်သည် သိဂါလသတို့သားအား အရပ်ခြောက်မျက်နှာအကြောင်း ရှင်းလင်း မိန့်ကြားတော်မူရုံသာမက လူ ရှင် ရဟန်းစသည်တို့အတွက် စည်းကမ်း ကျင့်ဝတ်တို့ကိုလည်း ဟောတော်မူခဲ့သည်။

သားသမီးကျင့်ဝတ် ၅-ပါး၊မိဘကျင့်ဝတ် ၅-ပါး၊ တပည့်ကျင့်ဝတ် ၅-ပါး၊ ဆရာကျင့်ဝတ် ၅-ပါး၊ လင်ကျင့်ဝတ် ၅-ပါး၊ မယားကျင့်ဝတ် ၅-ပါး၊ မိတ်ဆွေကျင့်ဝတ် ၅-ပါး၊ အလုပ်ရှင်ကျင့်ဝတ် ၅-ပါး၊ အလုပ်သမားကျင့်ဝတ် ၅-ပါး၊ ဒါယကာကျင့်ဝတ် ၅-ပါး၊ ရဟန်းကျင့်ဝတ် ၆-ပါး၊ ထောက်ပံ့ကူညီရေး တရား ၄-ပါး စသည်တို့သည်လည်း စည်းကမ်းကျင့်ဝတ်များဖြစ်ကြသည်၊ ဤကျင့်ဝတ်များကို ပညာရှင်တို့က လင်္ကာများစပ်ဆိုကာ ကျက်မှတ်ရ လွယ်ကူစေရန် သိင်္ဂါလောဝါဒသုတ်လာ ကျင့်ဝတ်များ စသည်ဖြင့် ရေးသားဖြန့်ချိထားကြပြီး ဖြစ်သည်။

[ ပါထိကဝဂ်ပါဠိတော်နှင့် အဋ္ဌကထာ ]

# သုဘာသိတာဝါစာ မင်္ဂလာ

"သုဘာသိတာ စ ဝါစာ - မှန်ကန်၍ အကျိုးရှိသော စကားကိုပြောဆိုခြင်းသည် မင်္ဂလာ"ဟု ဘုရားရှင် ဟောတော်မူသည်၊ ဗာဟုသစ္စမင်္ဂလာ၊ သိပ္ပမင်္ဂလာ၊ ဝိနယသုသိက္ခိတမင်္ဂလာတို့နှင့်ပြည့်စုံသော်လည်း သုဘာသိတဝါစာမင်္ဂလာနှင့်ပါ ပြည့်စုံသူသည် ပိုမို၍မင်္ဂလာရှိသူ၊ ပိုမို၍ကြီးပွားချမ်းသာနိုင်သူဖြစ်ပေသည်။

## စကားအရာ အင်္ဂါ ၄-တန်

စကားပြောရာ၌ စကားအရာအင်္ဂါ ၄-တန်ရှိသည်ဟု ပညာရှင်တို့က သတ်မှတ်ကာ ဤသို့ လင်္ကာစပ်ဆိုထားခဲ့ကြသည်၊ "ဟုတ်မှန်၊ ကျိုးရှိ၊ ကြားသိနာလို၊ ချိုသာစကား" ဤလေးပါး မှတ်သားသုဘာသိတ။

- မိမိပြောသောစကားသည် ဟုတ်မှန်ရမည်၊
- မိမိပြောသောစကားသည် အကျိုးရှိစေသောစကား ဖြစ်ရမည်၊
- ကြားနာသိလိုသူတို့ နာကြားလိုသောစကား ဖြစ်ရမည်၊
- ချိုသာသောစကား ဖြစ်ရမည်၊

စကားပြောရာ၌ နှုတ်ချိုလျှင် သူတကာတို့ သဘောကျ၍ မိမိပြောလိုသောအရာ အောင်မြင်တတ်သည်၊ နှုတ်ကြမ်းလျှင် သူတကာတို့ မကြားနာလို၍ ရှောင်လွှဲသွားတတ်သည်၊ မိမိကိုအပေါင်းသင်းအဖြစ်မှ ရှောင်ခွာသွားတတ်သည်ဟု ပညာရှင်တို့ ဆိုစကားရှိသည်၊ စကားပြောရာ၌ "စကားဆိုတောင်လိုမမောက်နှင့်"ဟု ဆုံးမစကားရှိသည့်အတိုင်း မောက်မောက်မာမာ မပြောမိဖို့လိုသည်၊ ပြောမိပါက သူတကာတို့ သဘောမကျ ဖြစ်တတ်သည်ကိုလည်း သတိရှိဖို့ လိုပေသည်။

### စကားခြောက်ခွန်း လူ၌ထွန်း

ထို့ပြင် "စကားခြောက်ခွန်း လူ၌ထွန်း" ဟူ၍ လည်းကောင်း၊ "စကားခြောက်မျိုး ပြောကြရိုး"ဟူ၍လည်းကောင်း ပညာရှင်တို့ သတ်မှတ်သောစကားခြောက်မျိုးလည်း ရှိသေးသည်၊ ထိုခြောက်မျိုးမှာ-

၁။ **ပထမစကား** - မမှန်၊ အကျိုးမရှိ၊ သူတစ်ပါး မနှစ်သက်၊ ထိုစကားမျိုး မပြောနှင့်။

၂။ **ဒုတိယစကား** - မှန်၏၊ အကျိုးမရှိ၊ သူတစ်ပါး မနှစ်သက်၊ ထိုစကားမျိုးလည်း မပြောနှင့်။

၃။ **တတိယစကား** - မှန်၏၊ အကျိုးရှိ၏၊ သူတစ်ပါးမနှစ်သက်၊ ထိုစကားမျိုးကို ပြောနိုင်။

၄။ **စတုတ္ထစကား** - မမှန်၊ အကျိုးမရှိ သူတစ်ပါး နှစ်သက်၏၊ ထိုစကား လည်း မပြောနှင့်။

၅။ **ပဉ္စမစကား** - မှန်၏၊ အကျိုးမရှိ သူတစ်ပါး နှစ်သက်၏၊ ထိုစကား ကိုလည်း မပြောပါနှင့်။

၆။ **ဆဋ္ဌမစကား** - မှန်၏၊ အကျိုးရှိ၏၊ သူတစ်ပါး နှစ်သက်၏၊ ထိုစကား ကိုသာ ပြောပါ။

ဘုရားရှင် အစရှိသော သူတော်ကောင်းတို့သည် အမှတ်စဉ်(၃)နှင့် (၆)ပါ စကားမျိုးကိုသာ ပြောကြားကြသည်။

ထို့ကြောင့် စကားခြောက်ခွန်း လူ၌ထွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်း တယ်ဟု အဆင့်ဆင့်ဆုံးမလေ့ ရှိကြသည်။

[ မဇ္ဈိမပဏ္ဏာသပါဠိတော် မြန်မာပြန်၊ အဘယရာဇကုမာရသုတ် ]

## အပြောကြမ်း၍ လောင်းကြေးရှုံးရသူ

တက္ကသိုလ်ပြည်၌ ဂန္ဓာရမင်းကြီး ထီးနန်းစိုးစံနေစဉ် အခါကဖြစ်သည်၊ ထိုအချိန်က ဘုရားလောင်းသည် နွားမျိုးတွင် နွားဖြစ်နေခဲ့ဖူးသည်၊ ဘုရား လောင်း၏ သခင်သည် ဘုရားအလောင်းတော်ဖြစ်သော နွားလားဥသဘကို အခြားပုဏ္ဏားတစ် ယောက်ထံ လှူလိုက်သည်၊ အလှူခံရရှိသွားသော ပုဏ္ဏား က နွားလားဥသဘကို နန္ဒိဝိသာလဟု အမည်ပေးထားသည်။

ပုဏ္ဏားသည် နန္ဒိဝိသာလကို ယာဂု၊ ထမင်း စသော စားကောင်း သောက် ဖွယ်တို့ဖြင့် အထူးဂရုစိုက်ကျွေးမွေးသည်၊ အစားအသောက် ကောင်းကောင်း လည်းစားရပြီး ကောင်းကောင်းမွန်မွန် သန့်သန့်ရှင်းရှင်း နေရသဖြင့် နန္ဒိဝိသာလ သည် တစ်နေ့တခြား ပိုမိုဖြိုးလာသည်၊ အားအင်လည်း ကောင်းသည်ထက် ကောင်းလာသည်။

နွားလားဥသဘ နန္ဒိဝိသာလကလည်း ကျွေးကျေးဇူးရှင်၏ ကျေးဇူးကို သိတတ်သည်၊ ခိုင်းစေသမျှ တာဝန်ကျေအောင် လှုပ်ရှားရုန်းကန်ပေးသည်၊ စကားနားထောင်သည်။

တစ်နေ့တွင် နန္ဒိဝိသာလသည် ကျွေးကျေးဇူးရှင်ပုဏ္ဏားကြီးအား ကျေးဇူး ဆပ်လိုသဖြင့် ဤသို့ပြောဆိုသည်၊ "သခင်ပုဏ္ဏားကြီး၊ ဂေါဝိတ္တကသူဌေးထံ သွားပါ၊ ငါ့နွား နန္ဒိဝိသာလသည် ဝန်တင်လှည်းတစ်ရာကို ရုန်းနိုင်သော အင်အားရှိသည်ဟု ပြောကာ အသပြာတစ်ထောင်စီ လောင်းကြေးထပ်ပါ" ဟု အပြောခိုင်းသည်။

## လောင်းကြေးနှင့်လှည်းများ ပြင်ဆင်ထားပြီ

ပုဏ္ဏားသည် ဂေါဝိတ္တကသူဌေးထံ သွားကာ သူ၏နွား နန္ဒိဝိသာလသည် သဲကျောက်တို့ဖြင့် ပြည့်နေသော ဝန်တင်လှည်းအစီးတစ်ရာကို ရုန်းနိုင် ကြောင်းပြောသည်၊ ဂေါဝိတ္တကသူဌေးက မယုံကြည်သဖြင့် အသပြာ တစ်ထောင်ထားက အလောင်းအစားပြုလုပ်ရန် သဘောတူကြသည်၊ သူဌေး ဂေါဝိတ္တကသည် ဝန်အပြည့်တင်ဆောင်ထားသော လှည်းအစီးတစ်ရာကို အသင့်ပြင်ထားသည်။

အလောင်းအစား ပြုလုပ်ထားသောအချိန်ရောက်သော် နန္ဒိဝိသာလ၏ ကျေးဇူးရှင်ပုဏ္ဏားက သဲ၊ ကျောက်တို့ဖြင့် ပြည့်နေသော လှည်းဦး၌ ထိုင်ကာ နှင်တံကို ကိုင်လျက် ဤသို့ကြိမ်းမောင်း အော်ဟစ်ကာ မောင်းနှင်သည်။

"ဟဲ့ . . . အသားသာတိုး အသိမတိုးသည့် နန္ဒိဝိသာလ၊ နင်သည် အစာကုန် မြေလေးဖြစ်နေသည်၊ နင်ပြောတဲ့အတိုင်း ငါအလောင်းအစား ပြုလုပ်ထားခဲ့သည်၊ ကောက်ကျစ်သော နန္ဒိဝိသာလ၊ ငါအနိုင်ရအောင် ဝန်တင်လှည်းတစ်ရာကို ရအောင်ရုန်းလော"

နန္ဒိဝိသာလ နွားလား ဥသဘသည် လှည်းဦးမှထိုင်ကာ မောင်းနှင်နေ သောပုဏ္ဏား၏ ကြမ်းလည်း ကြမ်းတမ်း၍ မှန်လည်းမမှန်သော စကားကို ကြားသော် ဝန်တင်လှည်းများကို မဆွဲဘဲ ငြိမ်သက်စွာဖြင့် ရပ်မြဲရပ်နေသည်၊

ပုဏ္ဏားသည် အော်ကာ ဟစ်ကာဖြင့် ထပ်မံကြိမ်းကာ မောင်းနှင်သည်၊ နန္ဒိဝိသာလကလည်း နေမြဲ၊ ငြိမ်မြဲသာနေသည်။

ထိုအခါ ဂေါဝိတ္တကပုဏ္ဏားက "သင်ပြောသည့်အတိုင်း သင်၏ နန္ဒိဝိသာလ မရုန်းနိုင်၊ သင်ရှုံးပြီ၊ လောင်းကြေး အသပြာများကို ငါ့အားပေးလော"ဟု ပြောသည်၊ နန္ဒိဝိသာလ၏ ကျေးကျေးဇူးရှင် ပုဏ္ဏားသည် သူရှုံးပြီဖြစ်၍ လောင်းကြေးငွေ အသပြာတစ်ထောင်ကို ဂေါဝိတ္တကပုဏ္ဏားထံ ပေးအပ်လိုက်ရသည်။

အလောင်းအစားပွဲပြီး၍ အလျော်အစား ပြုလုပ်ပြီးသောအခါ နန္ဒိဝိသာလ၏ သခင်သည် နန္ဒိဝိသာလထံသွားကာ အပြစ်တင်စကားပြောရန် ပြင်ဆင်သည်။ သို့သော် နန္ဒိဝိသာလက သူ့သခင်အား ဤသို့ပြောဆိုသည်။



"သခင် ပုဏ္ဏားကြီး၊ သင်သည်အဘယ်ကြောင့် မမှန်သော စကားကို ပြောကာ ကြမ်းတမ်းသော စကားတို့ဖြင့် ငါ့ကိုမောင်းနှင်သနည်း၊ သင့်လက်ထဲ ရောက်သည့်နေ့မှစ၍ ယနေ့အထိ အကျွန်ုပ်သည် အဘယ်မှာ ကောက်ကျစ်ခဲ့သနည်း၊ သခင့်ကျေးဇူးဆပ်လိုသဖြင့် သခင်အနိုင်ရအောင် ရုန်းပေးဖို့ ပြင်ဆင်ထားသည်၊ သို့သော် သခင်၏ မမှန်သော စကားနှင့် ကြမ်းတမ်းသော အော်သံဟစ်သံတို့ကို မနှစ်သက်၍ အကျွန်ုပ်သခင့်ကို ရှုံးအောင်လုပ်ခဲ့သည်"

နန္ဒိဝိသာလ၏ စကားကိုကြားသော် သခင်ပုဏ္ဏားက သူများကြောင်း ဝန်ခံသည်၊ ထိုအခါ နန္ဒိဝိသာလက ဒုတိယအကြိမ် အလောင်းအစားပြုလုပ်ရန်၊ အသပြာကိုလည်း နှစ်ဆတိုးရန်နှင့် အနိုင်ရအောင် ရုန်းပေးမည်၊ မှန်မှန်ကန်ကန်နှင့် ချိုချိုသာသာပြောပါဟု ရှင်းပြလျက် သခင်ပုဏ္ဏားကို ဂေါဝိတ္တကထံစေလွှတ်ပြန်သည်။

ဂေါဝိတ္တကပုဏ္ဏားကလည်း ဒုတိယအကြိမ်၌ သူပင် ထပ်မံအနိုင်ရမည်ဟုကြံပြီး အလောင်းအစားပြုလုပ်ရန် သဘောတူလိုက်သည်၊ နန္ဒိဝိသာလ၏ သခင် ပုဏ္ဏားသည် လှည်းဦးမှထိုင်ကာ၍သို့ ပြောဆိုမောင်းနှင်သည်။

## ငါ့သားအလိမ္မာ ငါ့ကျေးဇူးဆောင်ပေးပါ

"ငါ့ကျေးဇူးကိုသိတတ်သော ငါ့သားအလိမ္မာ နန္ဒိဝိသာလ၊ ငါကျွေးမွေးပြုစုလာခဲ့သည့် ကာလတစ်လျှောက်လုံး သင်သည် ငါ့အကျိုးစီးပွားကို ဆောင်ပေးခဲ့သည်၊ ယခုလည်း ဆက်လက် ဆောင်ပေးပါ ငါ့သားအလိမ္မာ"

ပုဏ္ဏားစကားဆုံးသည်နှင့် နန္ဒိဝိသာလက ဝန်တင်လှည်းတစ်ရာကို အားမာန်အပြည့်ဖြင့် ရုန်းပေးလိုက်သည်၊ ဝန်တင်လှည်းတစ်ရာတို့တွင် ရှေ့ဆုံးလှည်းနေရာသို့ နောက်ဆုံးလှည်းရောက်သောအခါ ရပ်တန့်ပေးလိုက်သည်၊ ဂေါဝိတ္တကပုဏ္ဏားသည် မှန်းထားသည့်အတိုင်း သူအနိုင်မရသဖြင့် လောင်းကြေးငွေ အသပြာနှစ်ဆ ပြန်ပေးလိုက်ရတော့သည်။

ထိုအခါ ပရိသတ်တို့ထံမှ သုဘာသိတဝါစာ မဟုတ်ဘဲ ဒုဗ္ဘာသိတဝါစာဖြစ်သော မမှန်မကန်နှင့် ကြမ်းကြမ်းတမ်းတမ်း ပြောသောစကားကို လူတို့မဆိုထားနှင့် တိရစ္ဆာန်ဖြစ်သော နွားပင် မကြိုက်ပါတကားဟု မှတ်ချက်ပြုပြောဆိုကြသည်။

[ဇာတ်တော်ငါးရာ့ငါးဆယ်၊ ဧကကနိပါတ်၊ နန္ဒိဝိသာလဇာတ်]

## ပညာရှင်တို့၏ စာပေစကား

- ဗဟုသုတ၊ မရှိကမူ၊ လျှောကျရေတူ၊ လူမဟူရ၊ ရှက်ကြီးရလိမ့်။

[ ပုတ္တောဝါဒဆုံးမစာ ]

- လူ့ပြည်ဘဝ၊ လူ့လောက၌၊ ဒိဋ္ဌတမလွန်၊ ကျိုးနှစ်တန်ကို၊ အမှန်မုချ၊ မမြင်ကလျှင်၊ အန္ဓစက္ခု၊ လူဟုမည်ကာ၊ ပညာမျက်စိ၊ မရှိဖြစ်ဆန်း၊ နှစ်ဖက်ကန်းတည့်။ လူမှန်းသိရုံ၊ ကံမယုံဘဲ၊ မစုံမလင်၊ မျက်မှောက်တွင်သာ၊ အမြင်ဒိဋ္ဌ၊ တစ်ဖက်လှကား၊ ဧကစက္ခု။ နှစ်ခုအကျိုး၊ စုံပြည့်ဖြိုးအောင်၊ ထိုးထိုးထွင်းထွင်း၊ မြင်တတ်လျှင်းမူ၊ ထိုသသူကို၊ လူတွင်ပဏ္ဍိ၊ မည်ရှိခေါ်ပြု၊ ဒွိစက္ခုတည်း။

[ မဃဒေဝလင်္ကာသစ်ပုဒ်ရေ ၂၅၆ ]

- ပညာအတတ်၊ ကျေးဇူးမြတ်နှင့်၊ ဂုဏ်သတ္တိမှာ၊ ဘယ်အရာမျှ၊ နှိုင်းရာမတူ၊ ခိုးသားမူလည်း၊ မယူနိုင်ရာ၊ မြဲမြံစွာ၏၊ ပညာမြော်မြင်၊ တတ်လတ်လျှင်ကား၊ ဆွေခင်ပွန်းစစ်၊ မှီရာဖြစ်ရှင့်။

[ သားရွှေဥဆုံးမစာ ]

- တင့်ခေါင်ရှယ်လျှ၊ ပထမကာ၊ သိပ္ပကြွေ့ကြွေ့၊ ထိုကောင်းမွေ့ကို၊ လေ့လေ့ကုန်စင်၊ သင်တုံနေ့ည။ ဒုတိယဝယ်၊ ခနဉစ္စာ၊ ရတနာမြုတေ၊ ရွှေငွေပြည့်လျှံ၊ ကုံထံပစ္စည်း၊ ဆည်းတုံလောက်င။ တတိယ၌ ပုညတက်တိုး၊ ကောင်းအောင်ကြိုးလျက်၊ ကောင်းကျိုးစီးပွား၊ ထွားထွားပင်စည်၊ ခက်ညွန့်ရှည်လျက်၊ လူ့ပြည်နတ်ရွာ၊ ချမ်းသာစုန်ဆန်၊ အဆုံးစွန်လည်း၊ နိဗ္ဗာန်ရောက်လို၊ မြစ်နားခိုလော့။ ရွှတ်၊ အို၊ ထုံး၊ တွ၊ စတုတ္ထဟု၊ မှည့်လှသစ်သီး၊ ကြွေလုနီး၌၊ ခရီးမမှား၊ ဖြောင့်ဖြောင့်သွား၍၊ အများရယ်ဖွယ်ဝေးစေမင်း။

[ မာတောဝါဒဆုံးမစာ ]

- နှုတ်မင်္ဂလာ၊ စကားမှာကား၊ အသာအချို၊ သူနာလိုအောင်၊ မိန့်ဆိုခြင်းလျှင်၊ တန်ဆာဆင်၏။

[ သြဝါဒထူးပျို့ ]

- တံတားအို မှောင်ကိုမလျှောက်နှင့်၊ စကားဆို တောင်လိုမမောက်နှင့်၊ တံတားအို မှောင်ကိုလျှောက်က ကျိုးတတ်သည်၊ စကားဆို တောင်လို မောက်က ငြိုးတတ်သည်။

[ ညောင်ပင်သာဦးပုည ]

- နှုတ်ချိုလျှင် သူချစ်သည်၊ လက်တိုလျှင် သူပစ်သည်၊ နှုတ်ကြမ်းလျှင် သူခွာသည်၊ လက်ကြီးလျှင် သူလာသည်။

[ ကျည်းကန်ရှင်ကြီးမေတ္တာစာ ]

- လူတို့ထုံးတမ်း ကျင့်မြဲလမ်းကား၊ မေးမြန်းသော စကားကိုပြော၊ မကြောမဆေး၊ သူမမေးသောစကားကို မဆိုနှင့်၊ အပိုအမို၊ မနာလိုသော စကား၊ အပြစ်များသောအကြောင်း၊ နားညောင်းဖွယ် ပါသောအရာ၊ အကျိုးမပါသောအမှု၊ ဗဟုသုတမပါသော အချက်၊ ကပြက်ကချော် ပြောသော စကားတို့သည် အမှားစင်စစ် ဧကန်ဖြစ်ရာချေသည်။

[ ကုလပုတ္တအာစရိယလင်္ကာ ]

- ထုံးဟောင်းစံပျက်၍ မျက်ကွယ်ဆိုသော စကားတစ်ဝ၊ နှစ်ခွန်းနှစ်ဝ ဆိုသောစကားတစ်ချက်၊ အမျက်ထွက်၍ဆိုသော စကားတစ်ရပ်၊ နှစ်ထပ်နှစ်စပ်ဆိုသောစကားတခြား၊ ဤလေးပါးကို စဉ်းစားထောက်ချင့်၍ ယုံသင့်ယုံတန်မှ ယုံရာသည်။

[ လုံးတော်ဆရာတော် ]

တတိယဂါထာဖြင့် ဟောကြားတော်မူသည့်
မင်္ဂလာတရားတော်များနှင့် ဝတ္ထုများပြီး၏။

* * *

## စတုတ္ထဂါထာဖြင့် ဟောကြားသည့် မင်္ဂလာတရား သုံးပါး

မာတာပိတု ဥပဋ္ဌာနံ အစရှိသော စတုတ္ထ ဂါထာတော်ဖြင့် ဘုရားရှင်သည် ဤမင်္ဂလာတရား သုံးပါးကို ဟောတော်မူသည်။

၁။ မာတာပိတု ဥပဋ္ဌာနံ = အမိအဖကို ပြုစုလုပ်ကျွေးခြင်းသည် မင်္ဂလာ၊

၂။ ပုတ္တဒါရဿသင်္ဂဟော = သား၊ သမီးနှင့် ဇနီးမယားကို ချီးမြှောက်ထောက်ပံ့ခြင်းသည် မင်္ဂလာ၊

၃။ အနာကုလာစကမ္မန္တာ = အရှုပ်အထွေး၊ အနှောင့်အယှက်ကင်းကာ အပြစ်မရှိ သန့်ရှင်းသော အလုပ်ကို လုပ်ခြင်းသည် မင်္ဂလာ၊

ဤမင်္ဂလာတရား သုံးပါးသည် ၃၈-ဖြာသော မင်္ဂလာတရားတို့တွင် ဘုရားရှင် စတုတ္ထဟောကြားတော်မူသည့် မင်္ဂလာတရားများဖြစ်ကြသည်။

ဤမင်္ဂလာတရားသုံးပါးကို သိမှတ်ရလွယ်ကူစေရန် ဆရာကြီးဒဂုံဦးထွန်းမြင့်က ဤသို့ လင်္ကာ စီကုံးထားခဲ့သည်။

၁။ မြင့်မိုရ်ရွှေတောင် မိဘကျေးကို ကောင်းစွာဆပ်ပေး ဝတ်ကျေကျေ၊

၂။ ကြွေးသစ်ချကာ သားနှင့်မယား မြှောက်စားချီးမြှင့် ဝတ်ကုန်စေ၊

၃။ အလုပ်တာဝန် မလစ်ဟင်းနဲ့ အပြစ်ကင်းအောင် လုပ်ပါလေ၊
စည်းစိမ်ကိုပေး၊ ပြုစုရေး မြှော်တွေးသုံးချက်ပေ၊
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

## စကားလုံးတို့၏ အဓိပ္ပာယ်

"မာတာပိတု ဥပဋ္ဌာန - အမိအဖတို့ကို လုပ်ကျွေးခြင်းသည် မင်္ဂလာ"။ အမိအဖတို့၏ ဘဝသံယောဇဉ်ကြောင့် မွေးဖွားလာခဲ့ရသော သားနှင့်သမီးတို့သည် မိမိတို့လူလားမြောက်သည်အထိ ကျွေးမွေးပြုစုစောင့်ရှောက်ရုံမျှမက လူ့လောက လူ့အသိုင်းအဝိုင်းတွင်လည်း ပညာရဲရင့် ပွဲလယ်တင့်စေရန် စောင့်ရှောက်ခဲ့သော မိဘတို့၏ ကျေးဇူးကို သိခြင်း၊ ထိုကျေးဇူးကျွေးကို ပြန်လည်ပေးဆပ်ခြင်းသည် မင်္ဂလာပင်ဖြစ်သည်။

ဗြဟ္မစိုရ်တရားရှင်များဖြစ်သောကြောင့် အမိအဖတို့ကို ဗြဟ္မာဟုလည်း ခေါ်ဝေါ်ကြသည်၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရားလေးပါးနှင့် ပြည့်စုံသူများကို ဗြဟ္မာခေါ်သကဲ့သို့ အမိအဖတို့သည် သားသမီးတို့အပေါ်၌ အခြားမည်သူတို့နှင့်မျှ မတူသော ချစ်ခြင်းမေတ္တာထားနိုင်ခြင်း၊ သနားကြင်နာမှု၊ ကရုဏာထားခြင်း၊ သားသမီးတို့ကို ကြည့်ရှုလျက် ဝမ်းမြောက်သော မုဒိတာတရားဖြစ်ခြင်း၊ သားသမီးတို့အရွယ်ရောက်၍ သူတို့အိမ် ထောင်၊ သူတို့စီးပွားဖြင့်နေသောအခါ ငါတို့သား၊ သမီးများသည် သူတို့ဘဝ သူတို့ဘာသာ လုပ်ရှားရုန်းကန် နေနိုင်ကြပြီဟု မိဘတို့စိတ်ထဲ၌ ကြောင့်ကြကင်းမှု၊ စိတ်ချယုံကြည်မှုရှိလာ၍ လျစ်လျူရှုထားနိုင်မှု ဥပေက္ခာတရားထားနိုင်ခြင်းတို့ကြောင့် မိဘတို့ကိုလည်း ဗြဟ္မာဟုခေါ်ကြသည်။

## မိဘတို့ဂုဏ်ရည်များ

မိဘတို့သည် သားသမီးတို့အား လောကရေးရာ အဖြာဖြာတို့ကို ပထမဦးဆုံး သင်ပြဆုံးမပေးသူများဖြစ်၍ လက်ဦးဆရာဟုလည်း ခေါ်ဆိုကြသေးသည်၊ မိဘများသည် သား၊ သမီးတို့၏ အနန္တကျေးဇူးရှင်များ ဖြစ်ကြသည်၊ ကိုယ်ဝန် လွယ်ထားသည်မှ အရွယ်ရောက်လာသည့် ဘဝတိုင်အောင် စား၊

ဝတ်၊ နေရေးအပါအဝင် အရေးပေါင်းစုံတို့ဖြင့် ပြုစုယုယပေးသူများမှာ မိဘများသာဖြစ်ကြသည်၊ ထို့ကြောင့် မြင်းမိုရ်တောင်ဦးမက ကျေးဇူးများသူများဟု မိဘတို့၏ ဂုဏ်ရည်ကို သတ်မှတ်ကြသည်။

အမိအဖတို့ကို ပြုစုလုပ်ကျွေးသည် ဟူရာ၌ ရှိခိုးခြင်း၊ ပူဇော်ဖွယ်တို့ဖြင့် ပူဇော်ခြင်း၊ ခြေဆုပ်လက်နယ် နင်းနှိပ်ပေးခြင်း၊ အညစ်အကြေးများ သန့်ရှင်းအောင် ပြုလုပ်ပေးခြင်းတို့လည်း ပါဝင်ပေသည်၊ မိဘများ၏ကျေးဇူးတို့သည် ဆပ်မကုန်နိုင်အောင် များပြားသဖြင့် ကျေးဇူးကျေအောင် ဆပ်နိုင်သည့်နည်း မရှိဘူးလားဟု မေးစရာရှိသည်။

## အကောင်းဆုံး ကျေးဇူးဆပ်နည်း

မိဘတို့ကို ကျေးဇူးဆပ်ရာ၌ အကောင်းဆုံးသော ကျေးဇူးဆပ်နည်းမှာ ရတနာ သုံးပါး၌ မကြည်ညိုသေးသော မိဘများကို ရတနာသုံးပါး၌ ကြည်ညိုသော သဒ္ဓါတရား ရှိလာအောင်၊ သီလ စောင့်ထိန်းလာအောင်၊ မဂ်ပညာ၊ ဖိုလ်ပညာ၊ လောကုတ္တရာပညာများသိအောင်၊ ရအောင် ပြုလုပ်ပေးခြင်းသည် အကောင်းဆုံးသော၊ အမွန်မြတ်ဆုံးသော ကျေးဇူးဆပ်နည်းဟု ဘုရားရှင် ဟောတော်မူသည်၊ ဘုရားရှင်သည်ပင် အမိဖြစ်ခဲ့ဖူးသော နတ်သားရှိရာသို့ သွားပြီး အဘိဓမ္မာတရားဟောကြားတော်မူခဲ့သည် မဟုတ်ပါလော။

မိဘကျေးဇူးဆပ်ရာ၌ လူများသာမက ရဟန်းသာမဏေတို့သည်လည်း မိဘတို့ကို ပြုစုလုပ်ကျွေးကာကျေးဇူးဆပ်နိုင်သည်၊ ပန်းပေးခြင်း၊ သစ်သီးပေးခြင်း၊ ဆေးကုပေးခြင်းစသည်တို့ဖြင့်လည်း သားရဟန်းသာမဏေများသည် မိဘများကို ပြုစုလုပ်ကျွေးနိုင်သည်။

## သားသမီးဝတ္တရားငါးပါး

· မိဘတို့ကို ပြုစုလုပ်ကျွေးရာ၌ သိထားသင့်၊ လိုက်နာပြုကျင့်သင့်သော သားသမီးဝတ္တရား ငါးပါးရှိသည်၊ ၎င်းတို့မှာ-

၁။ မိဘတို့ အိုမင်းသောအခါ၊ မကျန်းမမာဖြစ်သောအခါစသည်၌ ကျွေးမွေးပြုစုခြင်း၊

၂။ မိဘတို့ တွေ့ကြုံလာသော အမှုကိစ္စ ဟူသမျှကို ဆောင်ရွက်စီမံ လုပ်ကိုင်ပေးခြင်း၊

၃။ မိဘတို့၏ အစဉ်အလာကျင့်ဝတ်အမွေများဖြစ်သော လောကီ အမွေ၊ လောကုတ္တရာအမွေတို့ ခံယူထိုက်အောင် ကျင့်ဆောင်နေထိုင်ခြင်း၊

၄။ ကွယ်လွန်သွားသော မိဘတို့ကို ရည်စူးလျက် ကုသိုလ်ပြုကာ ကောင်းမှု၏ အဖို့ဘာဂ အမျှပေးဝေခြင်း၊

၅။ မိဘတို့၏ အစဉ်အလာမျိုးနွယ်ကောင်းကို စောင့်ထိန်းခြင်း၊

ဆောင်ပုဒ် လင်္ကာ = ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှ ဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ် ကျင့်ဖွယ်သားတို့တာ။

## ကြွေးဟောင်းဆပ်၊ ကြွေးသစ်ချပြီး ရွှေအိုးမြှုပ်သူ

ရှေးလွန်လေပြီးသောအခါက ဗာရာဏသီပြည်ဝယ် မာဂဓမင်းကြီး မင်းပြုနေသည်၊ ထိုပြည်အနီး၌ ဟလိဒ္ဒိယအမည်ရှိ ပုဏ္ဏားရွာရှိသည်၊ ထိုရွာနေကောသိယပုဏ္ဏားသည် မင်းပယ်တစ်ထောင်မျှသော လယ်တို့၌ သလေးစပါးစိုက်ပျိုးသည်၊ သလေးစပါးခင်းများကို အပိုင်းအပိုင်းခွဲလျက် အစောင့်များထားသည်၊ ပယ်ငါးရာကိုမူ သူရင်းငှားတစ်ယောက်က လယ်ထဲ၌ပင် အိမ်ငယ်ဆောက်လုပ်နေထိုင်ကာ စောင့်ရှောက်နေသည်။

### စားလည်းစား၊ သယ်လည်းသယ်သူ ကျေးမင်း

ထိုလယ်များနှင့်မနီးမဝေး အရပ်ရှိ တောင်မှလက်ပံတော၌ ဘုရားလောင်းကျေးမင်းနှင့် တပည့်များ နေထိုင်ကြသည်၊ ကျေးသားများကို ဦးဆောင်နေသောဘုရားလောင်း၏ဖခင် ကျေးမင်းကြီး အသက်အရွယ်ကြီးလာပြီဖြစ်၍ တပည့်ကျေးသားအပေါင်းကို သားဖြစ်သော ဘုရားလောင်းကျေးမင်းထံ လွှဲအပ်ထားသည်၊ ဘုရားလောင်းကျေးမင်းသည် မိအို၊ ဖအိုများကို ပြုစုလုပ်ကျွေးလျက် လယ်သမား၏ သလေးစပါးခင်းမှ စပါးကို ကိုယ်တိုင်လည်း စားသုံးသည်၊

မိအို၊ ဖအိုတို့အတွက်လည်း စပါးနှံများ သယ်ယူကျွေးမွေးသည်၊ အခြား ကျေးသားများက စပါးခင်း၌ပင် ဗိုက်ဝအောင်စားပြီး ပြန်သွားကြသည်။ မိဘ ဆွေမျိုးတို့အတွက် သယ်ယူကျွေးမွေးခြင်းမပြုကြ။

ဘုရားလောင်းကျေးမင်းကား စားလည်းစားသည်၊ သယ်လည်း သယ် ယူသွားသည်၊ ကျေးမင်းမှာ ကိုယ်အလုံးအထည်နှင့် အသွေးအမွေးအားဖြင့် အခြားသော ကျေးသားတို့ထက် သာလွန်ထူးခြားနေ၍ လယ်စောင့်ယောက်ျား က မှတ်မိနေသည်၊ လယ်စောင့်က ကျေးမင်းအကြောင်းကို လယ်ရှင်ပုဏ္ဏား ကြီးအား ပြောပြသည်၊ အခြားကျေးတို့နှင့်မတူသော ကျေးမင်းကို ကျော့ကွင်း ထောင်ကာ အမိအရ ဖမ်းယူခဲ့ဟူ၍ လယ်ရှင်က မှာထားသည်၊ တစ်နေ့တွင် လယ်စောင့်သည် ကျေးမင်းကို ကျော့ကွင်းဖြင့် ထောင်ဖမ်းကာ ပုဏ္ဏားကြီးထံ ယူသွားသည်။

လယ်ရှင်ပုဏ္ဏားကြီးက ဖမ်းယူလာသော ကျေးမင်းကို မြင်သောအခါ ဤသို့ မေးလေသည်။



"အမောင်ကျေးသား၊ သင်သည် အခြားကျေးသားတို့ထက် အဖက်ဖက်မှ ပိုကဲနေသည်၊ အသွေးအရောင်ရော၊ ခန္ဓာကိုယ်အားဖြင့်ပါ အခြားကျေး

တို့ထက် သာလွန်သည်၊ အစာစားရာ၌လည်း စားရုံသာမက စပါးနှံကိုပါ သယ်သွားသေးသည်၊ သင်သည် ငှါသလေးစပါးတို့ကို စားရုံသာမက သယ်ယူသွားသဖြင့် သင်နှင့်ငါသည် ရန်သူများ ဖြစ်ခဲ့ဖူးသလော၊ သင်နေသည့် လက်ပံတော၌ စပါးတွေ စုဆောင်းထားဖို့ စပါးကျီပင်ဆောက်လုပ်ထားသလော"

## ကြွေးဟောင်းဆပ်၊ ကြွေးသစ်ချ၊ ရွှေအိုးမြှုပ်နေပါသည်

ထိုအခါ ကျေးမင်းက ဤသို့ပြန်ပြောသည်။ "အို . . . ပုဏ္ဏားကြီး၊ အကျွန်ုပ်သည် သင်၏ရန်သူ မဟုတ်ပါ၊ သင်နှင့် ကျွန်ုပ်လည်း ရန်ငြိုးမရှိပါ၊ စပါးလှောင်ထားဖို့ စပါးကျီ ဆောက်လုပ်ထားခြင်းလည်း မရှိပါ၊ သို့ရာတွင် ကျွန်ုပ်သည် ကြွေးဟောင်းကိုဆပ်ကာ ကြွေးသစ်ကို ချထားနေရပါသည်၊ ရွှေအိုလည်း မြှုပ်နှံနေရပါသည်"

ကျေးမင်း၏ စကားကိုကြားသော် ပုဏ္ဏားကြီးက ဆပ်နေရသော ကြွေးဟောင်းဟူသည် အဘယ်နည်း၊ ကြွေးသစ်ချထားခြင်းနှင့် ရွှေအိုး မြှုပ်နှံနေရခြင်းဟူသည်မှာကော အဘယ်ပါနည်း၊ ကျွန်ုပ်ကို ရှင်းလင်းပြောဆိုပါဟု ပြန်ပြောပြန်သည်။

ပုဏ္ဏားကြီးက ရှင်းလင်းပြောဆိုရန် ပန်ကြား၍ ကျေးမင်းက ပုဏ္ဏားကြီးအား ဤသို့ ရှင်းပြပြန်သည်။

## ကျေးမင်းက ရှင်းပြပုံ

"ပုဏ္ဏားကြီး၊ ကြွေးဟောင်းဆပ်နေရသည်ဆိုသည်မှာ ကျွန်ုပ်၏မိဘများသည် ကျွန်ုပ်ကို အရွယ်ရောက်အောင် ကျွေးမွေးပြုစုခဲ့ကြပါသည်၊ ယခုအခါ ကျွန်ုပ် မိဘတို့သည် ကိုယ့်ဝမ်းစာ ကိုယ်ရှာဖွေ မစားနိုင်ကြတော့ပါ၊ အသက်အရွယ်ကြီးနေကြပါပြီ၊ မိဘတို့အား အစာရှာဖွေ ကျွေးမွေးနေရခြင်းနှင့် ပြုစုနေရခြင်းကို ကြွေးဟောင်းဆပ်နေရပါသည်ဟု ကျွန်ုပ်ပြောခြင်းဖြစ်ပါသည်။

"ကျွန်ုပ် အိုမင်းမစွမ်းရှိလာသောအခါ ကျွန်ုပ်အား ပြန်လည်ပြုစု ကျွေးမွေးစေနိုင်ရန် သားသမီးတို့အား အစာရှာဖွေကျွေးမွေးရခြင်းကို ကြွေးသစ်ချသည်ဟု ကျွန်ုပ်ပြောခြင်း ဖြစ်ပါသည်။

"အခြားသော အသက်အရွယ်ကြီးသူ ကျေးအိုကြီးများနှင့် အစာ မရှာတတ်သေးသော အချို့ကျေးသား ကလေးများအတွက် သယ်ယူကျွေးမွေးခြင်းကို ရွှေအိုးမြှုပ်နှံနေသည်ဟု ပြောခြင်းဖြစ်ပါသည်"

## နောင်လည်းလာပါ၊ စားလည်းစား၍ သယ်လည်းသယ်ယူပါ

လယ်ရှင်ပုဏ္ဏားကြီးသည် ဘုရားလောင်း ကျေးမင်း ရှင်းလင်းပြောဆိုသောစကားကို ကြားရသော် ကျေးမင်းအပေါ်များစွာ လေးစားချစ်ခင်သွားသည်၊ သို့ဖြင့် ကျေးမင်းအား နောင်လည်း ယခုကဲ့သို့ လာစားပါ၊ ကြွေးဟောင်းဆပ်ရန် ကြွေးသစ်ချရန်နှင့် ရွှေအိုးမြှုပ်နှံရန်တို့အတွက်လည်း သယ်ယူပါဟု ပြန်လည်ပြောဆို ဖိတ်ကြားသည်။

ထို့နောက် ချုပ်နှောင်ချည် တုပ် ထားသော ကျေးမင်း၏ ခြေထောက်တို့မှ ကျော့ကွင်းများကို လယ်ရှင်က ဖြုတ်ပေးသည်၊ ကျော့ကွင်းကြောင့် အရာထင်လျက် နာကျင်နေသောနေရာတို့ကိုလည်း ဆေးဝါးတို့ဖြင့် ကုသနှိပ်နယ် လိမ်းပေးသည်၊ ကျေးမင်းကိုလည်း ရွှေအင်းပျဉ်ပေါ် တင်ထားလျက် ပျားရည်လူးသော ပေါက်ပေါက် စသည်တို့ဖြင့် ကျွေးမွေးပြုစုလိုက်သည်။

## ယနေ့ကား မင်္ဂလာရှိပေစွ

ပုဏ္ဏားကြီးသည် ကျေးမင်းနှင့် တွေ့ကြုံပြောဆိုရာမှ ကြားသိလာရသော အကြောင်းအရာတို့ကြောင့် ဝမ်းသာလွန်းသဖြင့် ကျေးမင်းကိုလည်း မိဘတို့ထံ ပြန်လွှတ်လိုက်သည်၊ "ယနေ့ကား မင်္ဂလာရှိပေစွ၊ ကျက်သရေရှိပေစွ" ဟုလည်း ပါးစပ်မှ တတွတ်တွတ်ရွတ်ဆိုလျက် ကောင်းမှုကုသိုလ်တို့ကို အသက်ထက်ဆုံးပြုအံ့ဟု အဓိဋ္ဌာန်ပြုသည်။

ဘုရားလောင်းကျေးမင်းသည် ကျော့ကွင်းမှ လွတ်ပြီဖြစ်၍ စပါးနှံများကို ကိုက်ချီသယ်ဆောင်လျက် မိဘတို့ရှိရာ နေရာသို့ ပြန်လာခဲ့သည်။

[ဇာတ်တော်ငါးရာ့ငါးဆယ်၊ ပကိဏ္ဏကနိပါတ်၊ သာလိကေဒါရဇာတ်]

## မိဘကို မပြုစုဘဲ ပစ်ထားသူများ

သာဝတ္ထိမြို့တော်၌ အသပြာရှစ်သိန်းချမ်းသာသော ပုဏ္ဏား လင်မယား ရှိသည်၊ သူတို့တွင် သားလေးယောက် ရှိသည်၊ သားလေးယောက်တို့ အရွယ် ရောက်သော် အိမ်ထောင်ပြုကြသဖြင့် အသပြာ တစ်သိန်းစီ ရင်းနှီးမတည် စားသောက်နိုင်ရန် အမွေခွဲပေးလိုက်သည်၊ နောက်မကြာမီ မိခင် ပုဏ္ဏေးမကြီး ကွယ်လွန်သွားသည်။

သားလေးယောက်တို့သည် မိခင်ကြီးကွယ်လွန်သွားသောအခါ ဖခင်၌ ရှိသော အသပြာလေးသိန်းကို ခွဲဝေပေးရန် တောင်းကြပြန်သည်၊ ဖခင်ကြီး နောက် အိမ်ထောင်ပြုလျှင် သူတို့မရမည် စိုးသောကြောင့် တောင်းကြခြင်း ဖြစ်သည်၊ ဖခင်ပုဏ္ဏားကြီးကား သားတို့ကို အလွန် သံယောဇဉ်ထားသူ ဖြစ် သည်၊ သူ့မှာရှိသော စည်းစိမ်ဥစ္စာသည် သားတို့အတွက်ဟု သဘောထား သူဖြစ်သည်၊ "မကောင်းမေတ္တာ၊ ကောင်းရာညွှန်လတ်" စသော မိဘတို့ ဝတ္တရားနှင့်အညီ ကျင့်သုံးနေထိုင်သူဖြစ်သည်။

### သားသမီးတို့အိမ်သွားနေသောခါ

မိခင်မရှိတော့သဖြင့် ဖခင်ကြီးကို သားတို့ပြုစုကြပါမည်ဟူသော ကတိ စကားကြောင့် ရှိပစ္စည်းအားလုံး သားလေးယောက်အား ခွဲဝေပေးလိုက်သည်၊ ပုဏ္ဏားကြီး၌ ခါးဝတ်ခါးစားသာသာသာ ကျန်ရှိတော့သည်၊ သို့ဖြင့် ပုဏ္ဏားကြီး သည် သားအကြီးဆုံး မိသားစုနှင့်အတူ သွားနေသည်၊ နှစ်ရက်၊ သုံးရက်ကြာ သော် ချွေးမက "အခြားသားတွေအိမ် မသွားတတ်ဘူးလား၊ သူတို့အိမ်ကို လည်း သွားပြီးစားသောက်နေထိုင်ပါလား၊ သားကြီးအိမ်မှာ နေထိုင်စား သောက်ရအောင် အမွေပေးတုန်းက သားကြီးအတွက် အမွေဘယ်လောက် အပိုပေးလို့လဲ"ဟု တီးတိုးတစ်မျိုး၊ ပြောင်ပြောင် တည့်တည့် တစ်မျိုး ပြော လာသည်။

သို့ဖြင့် ဖခင်ပုဏ္ဏားကြီးသည် ဒုတိယသား မိသားစုနှင့်အတူ သွားနေ သည်၊ တစ်ရက်၊ နှစ်ရက်နေလာသောအခါ ဒုတိယသား၏ မယားဖြစ်သူ

ခွေးမကလည်း သားကြီး၏ မယားကဲ့သို့ပင် ပြောကြားတော့သည်၊ တတိယ သား မိသားစုအိမ်သို့ ဖခင်ကြီးပြောင်းရွှေ့သွားသောအခါ တတိယခွေးမက ပုဏ္ဏားကြီး သူတို့အိမ်သို့ရောက်လာသည်နှင့် သဘောမကျသော အမူအရာများဖြင့် လက်မခံလိုသော စကားများ ဆီး၍ပြောတော့သည်၊ ပထမ၊ ဒုတိယ ခွေးမတို့ထံမှ တစ်ယောက်ပြောသောစကားကို အခြား ခွေးမတစ်ယောက်က ကြားသိပြီးဖြစ် နေကြသည်၊ သို့ဖြင့် ပုဏ္ဏားကြီးသည် အငယ်ဆုံးမိသားစုထံ ပြောင်းလာခဲ့သည်၊ အငယ်ဆုံးသား၏ဇနီးကား အခြားခွေးမတို့ထက် ပိုကဲသည်၊ သူတို့အိမ်သို့ ရောက်မလာမီကပင် မလာစေချင်သည့်အသံအမျိုးမျိုး ကြိုပြီးလွှင့်ထားသည်။

သို့သော် ပုဏ္ဏားကြီးက ရောက်အောင်တော့ သွားလိုက်သေးသည်၊ ပုဏ္ဏားကြီး ကြာကြာမနေနိုင်၊ အသံဖြင့်တစ်မျိုး၊ အလုပ်ဖြင့် တစ်ဖုံ၊ အမူအရာတို့ဖြင့်တစ်နည်း နည်းမျိုးစုံဖြင့် ပုဏ္ဏားကြီး ဆက်မနေချင်အောင် ပြောဆိုပြုမူ ကြံစည်ပြတော့သည်။

## ပရိဗိုဇ်ဘဝဖြင့် ဆွမ်းခံစားနေရပြီ

ပုဏ္ဏားကြီးသည် "မကောင်းမြစ်ထား၊ ကောင်းရာညွှန်လတ်"စသော မိဘဝတ္တရားများနှင့်အညီ သားတို့အပေါ် ကျင့်သုံးခဲ့သော်လည်း သာများကမူ "ကျွေးမွေးမပျက်၊ ဆောင်ရွက်စိမ်"စသည့် သားသမီးဝတ္တရားများကို လိုက်နာပြုကျင့်ခြင်းမရှိကြ၊ သို့ဖြင့် ဖခင်ပုဏ္ဏားကြီးသည် ပရိဗိုဇ်ဘဝသို့ ကူးပြောင်းခဲ့သည်၊ ပရိဗိုဇ်တို့ ထုံးစံအတိုင်း ဆွမ်းခံစားသည်။

သို့သော် အရိုးအရေ စသော ၃၂ ကောဋ္ဌာသ အစုအဝေးဖြစ်သည့်သူ့ခန္ဓာကိုယ်သည် ငယ်စဉ်ကကဲ့သို့ လျင်လျင်မြန်မြန် သွားလာရှာဖွေ စားသောက်ခြင်းမပြုနိုင်တော့၊ ဇာတိ ဒုက္ခကို ကျော်လာခဲ့ပြီဖြစ်သော်လည်း ဇရာနှင့်ဗျာဓိနယ်ပယ်သို့ ရောက်လာပြီ ဖြစ်၍ ထိုဒုက္ခတို့၏ အနိုင်ယူမှုကို ခံနေရပြီ၊ "ဘုရားဖက်တော့ အသက်ရှည်" ဆိုသောစကားကို ပုဏ္ဏားကြီး ကြားသိဖူးဟန်ရှိသည်၊ တစ်နေ့တစ်နေ့ သူ့ဘဝ သူ့ဒုက္ခများ ခံစားကာ တောင့်ခံနေရင်း

ဂေါတမဘုရားရှင်၏ အကြောင်းစုံတို့ သူ့ဦးခေါင်းတွင်းသို့ တိုးဝင်လာခဲ့ကြ တော့သည်။

သို့ဖြင့် ပုဏ္ဏားကြီးသည် ဘုရားရှင်ရှိရာသို့ သွားသည်၊ အသပြာရှစ်သိန်း ချမ်းသာခဲ့သော စည်းစိမ်ရှင် အကြောင်းမှအစ ဇနီး ပုဏ္ဏေးမကြီး ကွယ်လွန် သွားခဲ့ပုံ အပါအဝင် သားနှင့် ချွေးမတို့အကြောင်းစုံကို ဘုရားရှင်ထံ လျှောက် ထားသည်၊ ထိုအခါ ဘုရားရှင်က ပုဏ္ဏားတို့ကျင်းပလေ့ရှိသည့် စုံညီအစည်း အဝေးတစ်ခုသို့ တက်ရောက်ကာ သူ့ဘဝနှင့် သူ့သားသမီးတို့အကြောင်း ပြောပြရန် မိန့်မှာပေးလိုက်သည်။

ပုဏ္ဏားကြီး၏ သားများအပါအဝင် ပုဏ္ဏားတို့ ပြုလုပ်သောစုံညီအစည်း အဝေးတစ်ခုသို့တက်ရောက်ကာ ဘုရားရှင်မိန့်တော်မူသည့်အတိုင်း ပုဏ္ဏား ကြီးက အစည်းအဝေးတွင် ဖွင့်ချပြောပြလိုက်သည်၊ ပုဏ္ဏားကြီး ပြောစကား ကြားသော် အစည်းအဝေးတွင် ရောက်နေသူတို့ လှုပ်လှုပ်ရွရွဖြစ်လာကြသည်၊ အစည်းအဝေးရှိ ပုဏ္ဏားကြီး၏ သားတို့ထံအခြားသူတို့၏ မျက်လုံးအစုံတို့ဝိုင်းစု ရောက်သွားကြတော့သည်။ ယိုခေတ်ပုဏ္ဏားတို့ အစဥ်အလာအရ မိဘ ပစ္စည်းစားသုံးပြီး မိဘကိုပြန်၍ ပြုစုခြင်းမရှိသူတို့အား သတ်နိုင်သည့် အစဥ် အလာ အယူအဆ တစ်ခုရှိသည်။

ထို့ကြောင့် အခြား ပုဏ္ဏားတို့က ပုဏ္ဏားကြီး၏သားများကို ထိုအဓိပ္ပာယ် တစ်မျိုးပါသော အကြည့်များဖြင့် ဝိုင်းကြည့်ခြင်း၊ ကြည့်နေရာမှ တစ်စုံတစ်ရာ ပြောဆိုခြင်းတို့ ပြုလုပ်လာကြသည်၊ ထိုထိုသော အကြည့်မျိုးစုံနှင့် ပြောသံ၊ ဆိုသံ၊ မေးသံတို့ကြားလာရသောအခါ ပုဏ္ဏားကြီးက သားများကို မသတ်ရန် တောင်းပန်သည်၊ သားသမီးတို့အပေါ် ထားရှိသော မိဘတို့မေတ္တာသည် “မိဘ တို့၏ အရေထူ အရေပါးနှင့် ရိုးတွင်းခြင်ဆီတို့ကို ဖောက်ကာ ထွက်လာသော အေးမြသည့် ဓာတ်တစ်မျိုးဖြစ်သည်”ဟု အဆိုရှိသည် မဟုတ်ပါလော၊ ပုဏ္ဏားကြီး၏ တောင်းပန်စကားကြောင့် အခြားပုဏ္ဏားတို့က သတ်ရန် မကြိုး စားကြတော့၊ သားများကလည်း အစည်းအဝေးပြီးသည်နှင့် သူတို့အိမ်သို့ ဖခင်ကြီးကို ပြန်ခေါ်ကာ ပြုစုကြတော့သည်။

## ပုဏ္ဏားကြီးနှင့်သား မိသားစုတို့ သောတာပန်ဖြစ်ကြပြီ

ဖခင်ပုဏ္ဏားကြီးသည် သားမိသားစုတို့ပြုစုမှုကြောင့် အနေအစားမှန်ကာ ကျန်းမာလာသည်၊ ထိုအခါ ဘုရားရှင်ထံသွားကာ အကြောင်းစုံပြန်လည် လျှောက်ထားသည်၊ သားများကလည်း ဘုရားရှင်နှင့်တပည့်သားတို့ကို ပင့်ဖိတ်ကာ ဆွမ်းကျွေးခြင်း စသော ကောင်းမှုများပြုကြသည်၊ မိဘတို့ကိုပြုစုလုပ်ကျွေးခြင်းသည် မင်္ဂလာတစ်ပါးဖြစ်သည်၊ ကောင်းကျိုး အဖုံဖုံကို ဖြစ်စေသည် စသော ဘုရားရှင်၏တရားတော်တို့ကို နာကြားရသောအခါ ပုဏ္ဏားကြီး၊ သားများနှင့် မိသားစုတို့ တရားသိကာ သောတာပန်များ ဖြစ်သွားကြတော့သည်။

| ဓမ္မပဒ၊ နာဂဝဂ်၊ ပုဏ္ဏားအိုဝတ္ထု |

## ပုတ္တဒါရဿ သင်္ဂဟ မင်္ဂလာ

"ပုတ္တ" ဟူသောပါဠိစကားတွင် သားရော သမီးပါ ဆိုလိုပေသည်၊ မိမိတို့၏ သားသမီးများကို ပြုစုစောင့်ရှောက်ရန်မှာ မိဘတို့ ဝတ္တရား ဖြစ်သည်၊ "သားသမီးမကောင်း မိဘခေါင်း" ဟူသော စကားနှင့်အညီ သား သမီး မကောင်းလျှင် မိဘကြောင့်ဟု ပညာရှင်တို့ အဆိုပြု သတ်မှတ်ထားသည်၊ သားကောင်း မိခင် ဖခင်၊ သမီးကောင်း မိခင်ဖခင်ဖြစ်အောင် ပြုစုပျိုးထောင်ပေးမှသာ မင်္ဂလာတရားတော်နှင့်ညီသော မိဘများဖြစ်ကြပေသည်။

သားသမီးတို့အပေါ် မိဘတို့ ကျင့်သုံးရမည့် ဝတ္တရား ငါးပါးရှိသည်၊ ၎င်းတို့မှာ -

### မိဘတို့ဝတ္တရား ငါးပါး

၁။ သားသမီးတို့ ငယ်ရွယ်စဉ်အခါမှစ၍ မကောင်းသော အပြုအမူ၊ အပြောအဆို အကျင့်အကြံတို့ မပြုလုပ်စေရန် တားမြစ်ခြင်း၊

၂။ ကောင်းသော အပြုအမူ၊ အပြောအဆို၊ အကျင့်အကြံတို့နှင့်အညီ နေထိုင်ပြောဆို လုပ်ကိုင်စေရန် ကောင်းရာကိုညွှန်ပြခြင်း၊

၃။ အပြစ်ကင်းသော၊ ကောင်းသော အတတ်ပညာများကို သင်ယူစေခြင်း၊
၄။ သားသမီးတို့ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နိုင်စေဖို့ အရင်းအနှီး ထုတ်ပေးခြင်း၊
၅။ အမျိုးအနွယ်၊ အသိ၊ အတတ်ပညာ ပြည့်စုံသူတို့နှင့် ထိမ်းမြားလက်ထပ်ပေးခြင်း၊

ဆောင်ပုဒ်လင်္ကာ = မကောင်းမြစ်ထား၊ ကောင်းရာ ညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင်၊ ဖခင် မယ်တို့တာ။

## သား အမျိုးမျိုးရှိသည်

၁။ **အတိဇာတသား** - အကျင့်သီလ စသည်အားဖြင့် မိဘတို့ထက်သာလွန်မွန်မြတ်သောသား၊
၂။ **အနုဇာတသား** - အကျင့်သီလ စသည်အားဖြင့် မိဘတို့နှင့် တူသောသား၊
၃။ **အဝဇာတသား** - အကျင့်သီလ စသည်အားဖြင့် မိဘတို့အောက်သုတ်ညံ့သော သား၊

ထို သားသုံးယောက် သုံးမျိုးတို့တွင် အဝဇာတသားကို မိဘတို့ အလိုမရှိကြကုန်။

## တိကနိပါတ်ပဏ္ဏရဇာတ်လာ သားသုံးမျိုး

၁။ **အန္တေဝါသိသား** - တပည့်ဖြစ်သော သား၊
၂။ ဒိန္နကသား - သူတစ်ပါးတို့က မွေးမြူစေရန် ပေးသော သား၊
၃။ **အတြဇသား** - မိမိကို အစွဲပြု၍ မွေးသော သား၊

## အခြားသော သား ၆-မျိုး

ဓမ္မသတ်ကျမ်းအချို့၌ အမွေခံထိုက်သော သားများကို ဤသို့ ဖော်ပြထားသည်၊ ၆-မျိုးရှိသည်။

၁။ ဩရသ - ရင်၌ဖြစ်သော သား၊ (သားရင်း)
၂။ ခေတ္တဇ - ကျွန်မနှင့်သင့်ရာမှ မွေးသော သား၊
၃။ ဟေဋ္ဌိမ - အမြှောင်မယား၏သား (မယားငယ်၏ သား)
၄။ ပုဗ္ဗက - လင်ပါမယားပါ သား
၅။ ကိတ္တိမ - အမွေခံအဖြစ် မွေးစားထားသော သား၊
၆။ အပဝိဋ္ဌ - ကောက်ရ၍မွေးစားသော သား (ဇီဝကကဲ့သို့)

## အမွေမခံထိုက်သော သားများ

၁။ ဒိန္နက - သူတစ်ပါးပေး၍ရသော သား၊
၂။ သဟောဍသား - ဝယ်၍ရသော သား၊
၃။ ပုနာဝုဗ္ဗဝ - မိမိမယားသူတစ်ပါးနှင့်ပျော်ပါး၍ရသော သား၊
၄။ ကီဠိတ - ကစားပျော်ပါးရာမှရသော (ပြည့်တန်ဆာမ) သား၊
၅။ သွာနုတ - မိဘစကားနားမထောင်ဘဲ ရန်သူကဲ့သို့သော သား၊
၆။ ဆာတဘတ္တ - ထမင်းငတ်သည့်အခါမှ မှီခိုလာသူ သား၊

ဇနီးမယားတို့ကိုပြုစုလုပ်ကျွေးခြင်းသည်လည်း မင်္ဂလာတစ်ပါးဖြစ်သည်၊ မယားကိုလုပ်ကျွေးရန် လင်၏ဝတ္တရား ငါးပါးရှိသည်၊ ၎င်းတို့မှာ-

## လင့်ဝတ္တရားငါးပါး

၁။ မိမိမယားအပေါ်၌ အထင်အမြင်သေးကာ မထေမဲ့မြင်ပြုသောစကား မပြောမဆိုဘဲ မြတ်နိုးချိုသာစွာ ပြောဆိုခြင်း၊
၂။ စီးပွားဥစ္စာများ အပ်နှင်းခြင်း၊
၃။ မိမိမယားမှတစ်ပါးသော မိန်းမတို့နှင့်ပျော်ပါးမှုကို ရှောင်ကြဉ်ခြင်း၊
၄။ အဝတ်၊ အစားစသည်တို့ ဆင်ယင်ပေးခြင်း၊
၅။ မိမိမယားကို ကြင်နာ မြတ်နိုးမှုရှိရခြင်း၊

**ဆောင်ပုဒ်လင်္ကာ = မထေမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ခြင်၊ မြတ်နိုးကြင်၊ ငါးအင်လင်ကျင့်ရာ။**

## လင် ၈-မျိုးရှိ

ဇနီးအမျိုးမျိုး ရှိသကဲ့သို့ လင်အမျိုးမျိုး ရှိကြောင်းကိုလည်း ပညာရှင်တို့က ဖော်ပြထားခဲ့ကြသည်၊

၎င်းရှစ်မျိုးတို့မှာ -

၁။ ဆင်းရဲသော လင်၊

၂။ ရောဂါကပ်ရောက်နေသော လင်၊

၃။ အိုမင်းမစွမ်း လင်၊

၄။ သေသောက်ကြူးသော လင်၊

၅။ ဖျင်း အ,သော လင်၊

၆။ ပေါ့ပေါ့ဆဆနေသော လင်၊

၇။ သူတစ်ပါးနောက်လိုက် လင်၊

၈။ ပစ္စည်းဥစ္စာမပေးသော လင်၊

ဤလင် ရှစ်မျိုးသည် ဇနီးသည်တို့ မမြတ်နိုးသော လင်များ၊ ဇနီးသည်တို့က မလေးမစား မထီလေးစား အပြုခံရသော လင်များဟု သတ်မှတ်ကြသည်။

မှတ်သားရန်လင်္ကာ။ လင်မွဲလင်နာ၊ လင်သူရာကြိုက်၊ လင်မိုက်
လင်ဖျင်း၊ လင်ပျင်းလင်အို၊ အလိုမပြည့်၊ မပြည့်ဆန္ဒ၊ ရှိတုံက
လျှင်၊ မိန်းမဟူသည်၊ ဤရှစ်မည်ကြောင့်၊ မကြည်မသာ၊ အနာ
တရ၊ ပြုတတ်ကြရှင့်။

## မယားအမျိုးအစား ခုနစ်မျိုး

ကြင်ရာသက်ထား ဇနီးမယားနှင့်ပတ်သက်၍ မယားခုနစ်မျိုးရှိသည်ဟု ဇာတ်တော်ငါးရာ့ငါးဆယ် သုဇာတဇာတ်၌ ပြဆိုထားသည်၊ ၎င်းတို့မှာ . . .

၁။ **ရန်သူနှင့်တူသော မယား** - လင်ကိုဘဝကြင်ဖော်အဖြစ် သဘော မထား၊ လင်ရှိသော်လည်း တခြားသော ယောကျ်ားတို့နှင့် နေထိုင်

ပျော်ပါးသူ၊ ရန်သူကဲ့သို့ လင့်အပေါ် ပြောဆိုကျင့်ကြံ နေထိုင်သူ၊ လင်ကို နည်းအမျိုးမျိုးဖြင့် ရန်ပြုသူ၊

၂။ **ခိုးသူနှင့်တူသော မယား** - လင်ရှာဖွေရရှိသော ပစ္စည်းကို လင် မသိအောင် ခိုးဝှက်သုံးသူ၊

၃။ **သခင်နှင့်တူသော မယား** - လင့်အတွက် လုပ်ကိုင်ပေးစရာရှိသည်ကို လုပ်ကိုင်ပေးလိုခြင်းမရှိ၊ ပျင်းရိသူ၊ ကြမ်းကြုတ်သူ၊ လင့်အပေါ် ဩဇာပေးကာ ခိုင်းစေသူ၊

၄။ **အမိနှင့်တူသော မယား** - အမိသည် သား၏အကျိုးစီးပွားမျိုးစုံကို အလိုရှိသကဲ့သို့ လင့်အကျိုးစီးပွားကို လိုလားသူ၊ လင်ကို သားကဲ့သို့ ကြင်နာမှုဖြင့် ကြည့်ရှုစောင့်ရှောက်သူ၊

၅။ **နှမနှင့်တူသော မယား** - ညီမ၊ နှမတို့သည် အစ်ကိုဖြစ်သူ၊ မောင် ဖြစ်သူတို့အပေါ် ကြင်ကြင်နာနာဖြင့် ပြောဆိုဆက်ဆံ လုပ်ကိုင်ဖွယ် ရှိသည်တို့ကို လုပ်ကိုင်ပေးသကဲ့သို့ လင့်အပေါ် လုပ်ကိုင်ပေးသူ၊

၆။ **အဆွေခင်ပန်းနှင့်တူသော မယား** - အဆွေခင်ပွန်းကောင်း တစ် ယောက်ကဲ့သို့ လင်ကို ပြုစုလုပ်ကိုင်ပေးသူ၊

၇။ **ကျွန်နှင့်တူသော မယား** - လင့်အပေါ်ကျွန်ကဲ့သို့ ပြုစုလုပ်ကိုင်ပေးသူ။

ဤခုနစ်မျိုးသော မယားတို့တွင် အမှတ်စဉ် ၁၊ ၂၊ ၃ တွင်ပါ မယားများ သည် မကောင်းသော၊ ဝတ္တရား မကျေပွန်သူများဖြစ်၍ ယုတ်ညံ့သူ၊ သေလျှင် ဒုဂ္ဂတိသို့ ရောက်ရမည့်သူများဟု ဖော်ပြကြသည်။

အမှတ်စဉ် ၄၊ ၅၊ ၆၊ ၇ တွင်ပါ မယားများမှာမူ မယားတာဝန်ကျေပွန် သူများဖြစ်၍ မယားကောင်း မယားမြတ်များအဖြစ် သတ်မှတ်ကြသည်၊ မယား ထူး၊ မယားမြတ်ဟု သတ်မှတ်ခေါ်ဝေါ်သော အမရာ၊ ကိန္နရီနှင့် မဒ္ဒီ၊ သမ္ဘုလ တို့ကား လင်နှင့်အတူ ဘဝအဆက်ဆက်ပါရမီဖြည့်ဘက်များဖြစ်၍ မယား တကာတို့ထက် ထူးခြားသူ မြင့်မြတ်သူများဟု သတ်မှတ်ကြသည်။

## မပေါင်းအပ်သော မယား ၆-မျိုး

၁။ ဝိဝါဒသီလိ - ငြင်းခုံတတ်သော အလေ့ရှိသူ၊
၂။ ဥဿုဟာ - ငြူစူစောင်းမြောင်းတတ်သူ၊
၃။ ပဿန္တတဏှိကာ - မြင်မြင်ရာကို မက်မောတတ်သူ၊
၄။ ဂတာ - သူတစ်ပါးအိမ်သို့ လည်ပတ်သွားလာသူ၊
၅။ အမိတာဘုဥ္စနာ - အတိုင်းအတာမရှိ အစားကြူးသူ၊
၆။ နိဒ္ဒါ - အအိပ်ကြူးလွန်းသူ၊

## ဇနီးမောင်နှံ လေးမျိုး

ဇနီးမယား၊ လင်သားတို့နှင့်ပတ်သက်၍ ဇနီးမောင်နှံလေးမျိုး ခွဲခြားဟောကြားထားပုံကို ဤနေရာ၌ ဖော်ပြလိုပါသည်။

၁။ **လင်ရောမယားပါ သူသေနှင့်တူသော ဇနီးမောင်နှံ** - လင်ရော မယားပါ နှစ်ဦးစလုံး သီလစောင့်ထိန်းမှု မရှိ ပေးကမ်းလှူဒါန်းခြင်း ဒါနကိုလည်း မပြု၊ ဝန်တိုမှု၊ နှမြောမှုကြီးမားသည်၊ ဤသို့သော ဇနီးမောင်နှံကို ဆိုလိုရင်း ဖြစ်သည်။

၂။ **လင်က သူသေနှင့်တူပြီး မယားက နတ်သမီးနှင့်တူသော ဇနီးမောင်နှံ** - လင်က သီလမစောင့်ထိန်း၊ ဒါနလည်း မပြု မယားက သီလစောင့်ထိန်းပြီး ဒါနလည်းပြုသည်၊ လင်က ဝန်တိုနှမြောမှုကြီးမားသည်၊ မယားက ထိုသို့ ဝန်တိုမှုမရှိသော ဇနီးမောင်နှံကို ဆိုလိုသည်။

၃။ **လင်က နတ်သားနှင့်တူပြီး မယားက သူသေနှင့်တူသော ဇနီးမောင်နှံ** - လင်က သီလရှိ ဒါနပြု၊ ဝန်တိုမှုကင်းပြီး မယားက သီလမရှိ ဒါနမပြု၊ ဝန်တိုမှုရှိသော ဇနီးမောင်နှံကို ဆိုလိုသည်။

၄။ **လင်ရော၊ မယားပါ နတ်သားနတ်သမီးနှင့်တူသော ဇနီးမောင်နှံ**- လင်ရော မယားပါ သီလရှိ၊ ဒါနလည်းပြု၊ နှစ်ဦးစလုံး ဝန်ဘိုမှု ကင်းသော ဇနီးမောင်နှံ။

## မင်္ဂလာရှိသော ဇနီးမောင်နှံ

ဤလေးမျိုးသော ဇနီးမောင်နှံ စုံတွဲတို့တွင် အမှတ်စဉ် ၄ ဇနီးမောင်နှံသည် အကောင်းဆုံး ဇနီးမောင်နှံဖြစ်၍ ထိုသို့သော ဇနီးမောင်နှံ စုံတွဲတို့ ဖြစ်အောင် ကြိုးစားသင့်ကြပေသည်၊ အမှတ်စဉ် ၄ ဇနီးမောင်နှံသည် မျက်မှောက်ဘဝတွင်လည်း မင်္ဂလာရှိသော ဇနီးမောင်နှံဖြစ်ပြီး အနာဂတ်ဘဝအတွက်လည်း ကောင်းမွန်၍ ကျက်သရေမင်္ဂလာရှိသော ဇနီးမောင်နှံဖြစ်သည်။

## သားအပေါ် တာဝန်ကျေသူ သူဌေးကြီး

ဇေတဝန်ကျောင်း ဒါယကာကြီး အနာထပိဏ်သူဌေးကြီးတွင် ကာလအမည်ရှိ သားတစ်ဦးရှိသည်၊ ကာလသည် ဘမျိုး ဘိုးတူသူမဟုတ်၊ ဖခင်ကြီးသည် ဘာသာ၊ သာသနာတော်၌ လွန်မင်းစွာ ကြည်ညိုသူဖြစ်သော်လည်း သားဖြစ်သူ ကာလကား ရတနာသုံးပါးကို မကြည်ညို၊ ဘုရားရှင်နှင့် ရဟန်းသံဃာတော်တို့ သူဌေးကြီးအိမ်သို့ကြွလာလျှင် သူက ရှောင်နေသည်၊ ရှိခိုးခြင်း၊ အရိုအသေပေးခြင်းမပြု၊ ရတနာသုံးပါးကို ရှိခိုးလျှင် ဒူးပွန်းသည်၊ အဝတ်အစားပေသည်၊ နဖူးနာသည်စသည် အယူရှိသူဖြစ်သည်။

## သူဌေးသားပီပီ သုံးသူ၊ ဖြုန်းသူ

သူဌေးကြီး၏သား ကာလသည် လျှုသည့် တန်းသည့်နေရာတို့၌ လက်တွန့်နေသော်လည်း သုံးသည့်ဖြုန်းသည့် အရာတွင်ကား သူဌေးသားပီပီ တစ်ပါးသူတို့ထက် ပို၍သုံးသည်၊ ဖြုန်းသည်၊ သူလိုသမျှ ငွေကြေးကို အမိဖြစ်သူ သူဌေးကတော်ကြီးထံမှ တောင်းသည်၊ ယူသည်၊ သမီးဆိုလျှင် အဖေတို့က ပိုပိုကဲကဲချစ်မြတ်နိုးတတ်ကြသည်၊ သားကိုမူ အမိတို့က လွန်လွန်ကဲကဲ ချစ်မြတ်နိုးတတ်ကြသည်မှာ လောကဓမ္မတာ။

သူဌေးကတော်ကြီးသည် သူ၏သား ဖြုန်းနေသည်ကို ဖြုန်းသည်ဟု မမြင်၊ သူဌေးသားပီပီ ဂုဏ်နှင့်ဒြပ် လိုက်ဖက်ညီအောင် ပြုလုပ် နေထိုင်နေခြင်း

ဖြစ်သည်ဟု ယူဆနေသည်၊ ဖခင်သူဌေးကြီးက သားအပေါ် လွန်လွန်ကဲကဲ ပေးကမ်းမှုမပြုရန် သူဌေးကတော်ကြီးအား သတိပေးစကားပြောသည်။

## သားကြိုက်တတ်သောအရာ

သူဌေးကြီးအနာထပိဏ်သည် သောတာပန်ပုဂ္ဂိုလ်ကြီးဖြစ်သည်၊ သားကို ယခုအတိုင်း လွှတ်ထားလျှင် ပျက်စီးမည်၊ သားသုံးသောကြောင့်၊ ဖြုန်းသောကြောင့် ပျက်စီးလျှင် ယခုဘဝအတွက် ပစ္စည်းကုန်ကာ နောင်ဘဝအတွက် ဒုဂ္ဂတိသို့လားရ၍ နှစ်မျိုး နစ်နာမည်၊ အချိန်မီ တစ်နည်းတစ်လမ်းဖြင့် ပြုပြင်မှဟုစဉ်းစားကာနည်းလမ်းရှာနေသည်၊ ထိုသို့ ရှာဖွေနေရင်း သားအလွန်တရာ ကြိုက်တတ်၊ လိုချင်တတ်သော အရာတစ်ခုကို သူဌေးကြီး တွေ့သွားသည်။

ထိုအရာကား 'အသပြာ'ဖြစ်သည်၊ သားသည် အမေ့ထံမှ အသပြာကို တောင်းကာ သုံးသည်၊ ဖြုန်းသည်၊ အမေက အသပြာပေးသကဲ့သို့ သူဌေးကြီးကပေးလျှင် သားသည် ဒုဂ္ဂတိသို့ စုန်မည့်လမ်းမှ သုဂတိသို့ စုန်မည့်လမ်းမှ သူဖြစ်စေချင်သော အထက်သုဂတိသို့ တက်မည့်လမ်းသို့ ပြောင်းလာမည်ဟု ဆုံးဖြတ်ကာ ဖခင်က သားကို ဤသို့ပြောကြားသည်။



## တစ်နေ့ အသပြာတစ်ရာ ပေးမည်၊ တရားနာခဲ့

"ချစ်သား၊ တစ်နေ့ အသပြာတစ်ရာပေးမည်၊ ဘုရားရှင်ကျောင်းတော်သို့သွားပြီး တရားနာခဲ့ပါ"

ကာလသည် အဖေ့ထံမှ နေ့စဉ် အသပြာတစ်ရာရလျှင် ပိုပိုမိုမို သုံးရမည်ဟုတွေးကာ ဘုရားရှင်ကျောင်းတော်သို့သွားရန် သဘောတူလိုက်သည်၊ ဥပုသ်စောင့်တရားနာဟု အကြောင်းပြလျက် နေ့စဉ်သွားသည်၊ ကျောင်းတော်သို့ရောက်သော် တရားသံမကြားနိုင်သည့်နေရာတစ်နေရာသို့ သွားပြီး အိပ်သည်၊ နံနက်လင်းလျှင် ဥပုသ်သည် တစ်ယောက်ကဲ့သို့ အိမ်ပြန်လာသည်၊ အိမ်သူအိမ်သားတို့က တရားနာပြီးပြန်လာသူဟု သဘောထားကာ စားဖွယ်သောက်ဖွယ်တို့ကို ဦးစားပေးကျွေးသည်၊ သို့သော် ကာလက အသပြာတစ်ရာကိုသာ အရင်တောင်းသည်၊ နောက်မှ စားစရာကို စားသည်။

## မက်လုံးတစ်မျိုးပေးပြီး

နောက်ရက်တစ်ရက်တွင် သူဌေးကြီးက နည်းဗျူဟာပြောင်းကာ မက်လုံးတစ်မျိုးပေးလိုက်သည်၊ တစ်နေ့တစ်ထောင် ပေးမည်၊ ဘုရားရှင်ဟောသောဂါထာတစ်ပုဒ် ရအောင်မှတ်ခဲ့ဟု မှာကြားလိုက်သည်၊ ဆယ်ဆပိုလာသောအသပြာတစ်ထောင်ကိုရရန် ဘုရားရှင်နှင့် အနီးဆုံးနေရာသို့သွားကာ တရားနားထောင်သည်၊ ဟောကြားသောတရားကို အကြိမ်ကြိမ်ရွတ်ဆိုကာ မှတ်သားသည်၊ သို့သော် ဘုရားရှင်က တန်ခိုးတော်ဖြင့် ပြုလုပ်ထား၍ ကာလမှတ်သားထားသော တရားဂါထာမှာ စဉ်းစားလျှင် ပျောက်သွားသည်၊ အစရှာမရ၊ မကြာမီ ပြန်၍ ကြားလာပေါ်လာပြန်သည်၊ သို့သော် ဖခင်သူဌေးကြီးရှေ့မှောက်တွင် ရွတ်ဆို မပြနိုင်သေး။

## ကာလ သောတာပန်ဖြစ်သွားပြီ

ထိုသို့ အဖန်ဖန် အထပ်ထပ် စဉ်းစားရာမှ အကြိမ်ကြိမ် အခါခါပွားများသကဲ့သို့ဖြစ်လာပြီး ဂါထာ၏ အစအဆုံး မရသေးမီ တရားတော်၏ သဘောအနှစ်သာရများ ကာလ၏ ဦးနှောက်ထဲသို့ နည်းနည်းဝင်လာ၊ သိလာ

ရာမှ အတန်အသင့်ဝင်လာ၊ သိလာတော့သည်၊ ထိုအခြေမှဆက်၍ စဉ်းစားဖန်များလာသဖြင့် ကာလသည် တရားသိလျက် သောတာပန်ဖြစ်သွားတော့သည်။

## အသပြာမပေးပါစေနှင့်

မနက်မိုးလင်းသောအခါ ဘုရားရှင်နှင့် သံဃာတော်များ အခါတိုင်းနေ့များကဲ့သို့ပင် သူဌေးကြီးအိမ်သို့ ကြွလာကြသည်၊ ကာလလည်း ယခင်နေ့များကဲ့သို့ပင် သံဃာတော်တို့၏ နောက်မှလိုက်လာသည်၊ ကာလ၏ အမူအရာနှင့် ဣန္ဒြေတို့မှာ ယခင်နေ့များနှင့်မတူ၊ တည်ငြိမ်ရင့်ကျက်နေသည်၊ "ငါ့ ဖခင်ကြီးသည် အရင်နေ့တွေတုန်းကလို ငါ့ကို အသပြာ မပေးပါစေနှင့်"ဟုလည်း စိတ်ထဲမှ ဆုတောင်းလာခဲ့သည်။

သူဌေးကြီးသည် ဘုရားရှင်နှင့် သံဃာတော်များအား ဆွမ်းဘောဇဉ်များ ဆက်ကပ်လှူဒါန်းသည်၊ ထို့နောက် ကာလအား အသပြာတစ်ထောင် ပေးသည်၊ ကာလသည် ဖခင်ကြီးပေးသော အသပြာကိုမယူတော့၊ စားဖွယ်သောက်ဖွယ်တို့ကိုသာ အရင်စားသည်၊ နောက်တစ်ကြိမ် ထပ်ပေးသော်လည်း အသပြာကို လက်မခံဘဲငြင်းလိုက်သည်။

## အကြောင်းစုံ လျှောက်ထားသောအခါ

ကာလ၏ဖခင် အနာထပိဏ်သူဌေးကြီးသည် ဘုရားရှင်အနီးသို့သွားကာ ကာလ အသုံးအဖြုန်းကြီးပုံမှအစ ကာလနှင့်သူ့မိခင်အကြောင်း အပါအဝင် ကျောင်းတော်သို့စေလွှတ်ရန် စိတ်ကူးပြီး စေလွှတ်ခဲ့ပုံအပြည့်အစုံတို့ကို ဘုရားရှင်ထံ လျှောက်ထားသည်၊ ထိုအခါ ဘုရားရှင်က "သူဌေးကြီး၊ ယနေ့ ကာလသည် အရင်က ကာလမဟုတ်တော့၊ အသပြာတစ်ထောင်ကို မမက်မောတော့၊ စကြာမင်း စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာစည်းစိမ်တို့ထက် သာလွန်သော သောတာပန်၏ အသိတရားရသွားပြီ"ဟု မိန့်တော်မူလိုက်သည်။

သောတာပန်သည် လူ့ဘုံလူ့ဘဝ၌ ခုနစ်ကြိမ်ထက်ပို၍ မကျင်လည်ရတော့၊ သကဒါဂါမ်၊ အနာဂါမ်မှသည် ရဟန္တာအဖြစ်သို့ အဆင့်ဆင့်တက်လှမ်းလျက် ဒုက္ခအားလုံးတို့ ငြိမ်းရာနိဗ္ဗာန်ကို မျက်မှောက်ပြုပေတော့မည်။

[ ဓမ္မပဒ၊ လောကဝဂ်၊ ကာလသတို့သားဝတ္ထု ]

## အနာကုလ ကမ္မန္တ မင်္ဂလာ

"မိမိကိုယ်တိုင်ကိုရော သူတစ်ပါးကိုပါ ဒုက္ခမဖြစ်စေသဖြင့် သန့်ရှင်းသော၊ အရှုပ်အထွေး ကင်းသော အသက်မွေးဝမ်းကျောင်းမှုအလုပ်များကို အနာကုလကမ္မ"ဟုခေါ်သည်၊ ထိုအနာကုလကမ္မတို့သည် မိမိသူတစ်ပါး နှစ်ဦးစလုံးအတွက် ကောင်းကျိုးကိုဖြစ်စေ၊ ရစေသောကြောင့် မင်္ဂလာရှိသော အလုပ်များဟု ဘုရား ရှင်ဟောတော်မူသည်။

အသက်မွေးမှုအတွက် လုပ်ငန်းအမျိုးမျိုးရှိသည်၊ ထိုလုပ်ငန်း အမျိုးမျိုးတွင် မိမိကိုရော သူတစ်ပါးကိုပါ မထိခိုက်စေသော၊ မိမိရော သူတစ်ပါးအတွက်ပါ အကျိုးရှိစေသော လုပ်ငန်းများစွာရှိသည်၊ သို့ရာတွင် အချို့သော လုပ်ငန်းများမှာ မိမိအတွက် ငွေကြေးစသော အကျိုးအမြတ်အချို့ ရချင်ရမည်၊ အခြားသူကိုမူ ထိခိုက်နစ်နာစေတတ်သည်၊ ထိုလုပ်ငန်းမျိုးကိုမူ မလုပ်သင့်ပေ၊ အနာကုလကမ္မ မဟုတ်သောကြောင့် ရှောင်ကြဉ်ရမည်။

### လွဲမှားသောအယူအဆ

ဥပမာအားဖြင့် မူးယစ်ဆေးဝါး အမျိုးမျိုး ရောင်းဝယ်သော လုပ်ငန်း၊ လူကုန်ကူးခြင်းလုပ်ငန်း စသည်တို့သည် လုံးဝမလုပ်သင့်သော လုပ်ငန်းများဖြစ်သည်၊ ထိုလုပ်ငန်းများသည် ငွေကြေးစနေဥစ္စာ များစွာရရှိသော လုပ်ငန်းများဖြစ်ချင်ဖြစ်မည်၊ မိမိကြောင့် သူတစ်ပါးလောကငရဲ၌ ခံနေရမည်ကို ကိုယ်ချင်းစာ၍ မလုပ်သင့်ပေ၊ လောက၌ ငွေကြေး စနေဥစ္စာတစ်ခုတည်းကိုသာကြည့်ပြီး၊ ထိုပစ္စည်းပြည့်စုံသူကို လူကုံထံ၊ ဂုဏ်သရေရှိသူဟူ၍ အချို့က ယူဆနေကြသည်၊ လွဲမှားသော အယူအဆဖြစ်ပေသည်။

အမှန်အားဖြင့် ဂုဏ်သရေရှိသူ၊ လူကုံထံဟူသည်မှာ ငွေကြေးနှင့်စနေဥစ္စာရှိမှုကိုသာ အဓိကထား၍ သတ်မှတ်သင့်သည့်အရာ မဟုတ်ပေ၊ လူ့တန်ဖိုးသည် ထိုလူ၌ရှိသော ငွေကြေးနှင့်စနေဥစ္စာ သက်သက်ကိုသာ ဆိုလိုသည် မဟုတ်ပေ၊ တိုက်ကြီးတာကြီးနှင့်၊ ကားကြီးနှင့် ဇိမ်ခံပစ္စည်းအမျိုးမျိုးရှိနေသူတော့ဖြစ်ပါ၏၊ သို့ရာတွင် စာရိတ္တအားဖြင့် လေးစားလောက်သော အသိဉာဏ်

အားဖြင့် မိမိအကျိုး ကွက်ကွက်ကိုသာ ကြည့်တတ်ပြီး သူတစ်ပါးအကျိုး ထိခိုက်စေသူသည် ရုပ်ပစ္စည်း ပြည့်စုံသော်လည်း အသိဉာဏ်၊ စာရိတ္တပေတံတို့နှင့် တိုင်းလျှင် နိမ့်ကျလွန်းသူဖြစ်သည်၊ လူကြီး လူကောင်းမဟုတ်၊ လူကုံထံလည်း မမည်ပေ၊ ဂုဏ်သရေရှိ ပုဂ္ဂိုလ်ဆိုရန်ကား ဝေလာဝေး။

## ရွှေငွေပြာသာဒ်ထက်မှ ကျီးကန်းပမာ

ထိုသူတို့သည် ရွှေဘုံ၊ ရွှေနန်း၊ ရွှေကြငှန်း၌ နေနိုင်သော်လည်း ရွှေငွေပြာသာဒ်ထက်၌ နားနေသည့် ကျီးကန်းပမာပင် ဖြစ်ကြပေသည်။

စီးပွားဖြစ်စေရန် အလုပ်လုပ်ရာ၌ ပြည့်စုံရမည့် သမ္ပဒါတရား လေးပါး ရှိသည်ဟု ဘုရားရှင် ဟောတော်မူခဲ့သည်၊ ထိုသမ္ပဒါတရား လေးပါးမှာ -

## သမ္ပဒါတရားလေးပါး

၁။ **ဥဋ္ဌာနသမ္ပဒါ** - ထကြွ လုံ့လဝီရိယရှိခြင်း

၂။ **အာရက္ခသမ္ပဒါ** - သိမ်းဆည်း စောင့်ရှောက်မှုရှိခြင်း၊

၃။ **ကလျာဏမိတ္တသမ္ပဒါ** - မိတ်ကောင်းဆွေကောင်း ရှိခြင်း၊

၄။ **သမဇီဝိတာ** - မျှတစွာ အသက်မွေးမှုပြုခြင်း၊

ဤသမ္ပဒါတရားလေးပါးနှင့်အညီ ကြိုးစားအားထုတ်လျှင် ပစ္စုပ္ပန်ဘဝ၌ ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် စည်းစိမ်ဉစ္စာများ တိုးပွားမည်၊ နောင်တမလွန်ဘဝတွင်လည်း ဒုဂ္ဂတိဘဝအမျိုးမျိုးသို့ မရောက်နိုင်ပေ။

## ပုဂ္ဂိုလ်လေးမျိုး ခွဲခြားထား

လောက၌ ပုဂ္ဂိုလ်လေးမျိုးရှိသည်ဟု ပညာရှင်တို့ ခွဲခြားပြဆိုကြသည်၊ ထိုပုဂ္ဂိုလ်လေးမျိုးမှာ -

၁။ **ရှိ-မချမ်းသာသော ပုဂ္ဂိုလ်** - ရုပ်ဝတ္ထုပစ္စည်းမျိုးစုံနှင့် ပြည့်စုံသည်၊ ပစ္စည်းရှိသည်၊ သို့ရာတွင် စိတ်မချမ်းသာ။

၂။ **မရှိ-ချမ်းသာသော ပုဂ္ဂိုလ်** - ရုပ်ဝတ္ထုပစ္စည်းမျိုးစုံ မရှိ၊ သို့သော် စိတ်ချမ်းသာသည်၊ စိတ်ထားမြင့်မြတ်သော ပုဂ္ဂိုလ်များကို ဆိုလိုသည်။

၃။ ရှိလည်းမရှိ၊ မချမ်းသာလည်းမချမ်းသာသော ပုဂ္ဂိုလ် - ရုပ်ဝတ္ထုပစ္စည်းလည်း မရှိ၊ စိတ်ချမ်းသာခြင်းလည်း မရှိသောသူ။

၄။ ရှိလည်းရှိသည်၊ ချမ်းလည်းချမ်းသာသော ပုဂ္ဂိုလ် - ရုပ်ဝတ္ထုပစ္စည်းမျိုးစုံလည်း ရှိသည်၊ စိတ်ချမ်းသာမှုနှင့်လည်း ပြည့်စုံသူ။

ထိုလေးမျိုးသော ပုဂ္ဂိုလ်တို့ကို မိမိပတ်ဝန်းကျင်၌လည်း တွေ့နိုင် မြင်နိုင်သည်၊ မိမိနှင့်ဝေးရာ အရပ်ဒေသတို့၌လည်း ရှိကြောင်း ကြားနိုင် သိနိုင်ပေသည်။

---

## အပြစ်ကင်းသော အလုပ်လုပ်၍ ကြီးပွားသူ

ရာဇဂြိုဟ်မြို့တွင် ကုဋေလေးဆယ်ကြွယ်ဝသောသူဌေး တစ်ဦးရှိရာ သူ့၌ တစ်ဦးတည်းသောသား ကုမ္ဘဃောသကသာရှိသည်၊ တစ်နေ့ သူတို့အိမ်၌ 'ယင်' နာရောဂါဖြစ်ပွားသည်၊ ယင်နာရောဂါသည် ကူးစက်လည်းမြန်ပြီး ပြင်းထန်သဖြင့် သေကြရသည်၊ အိမ်ရှိ ယင်ကောင်ပင်မကျန် သေစေတတ်သော ရောဂါဖြစ်၍ ယင်နာဟုခေါ်ကြသည်။

### သားကို ရောဂါမကူးစေရန်

ကုမ္ဘဃောသက၏ မိဘများလည်း ယင်နာရောဂါဖြစ်လာသည်၊ သားကို ရောဂါမကူးစေရန် မိဘများက အခြားတစ်နေရာသို့သွားနေဖို့ သားကို စေခိုင်းကြသည်၊ ရောဂါမရှိမှပြန်လာရန် ပြောဆိုမှာကြားပြီး ကုဋေလေးဆယ်သော ပစ္စည်းဥစ္စာတို့ မြှုပ်ထားသည့် နေရာကိုလည်း ပြသပေးကြသည်၊ သို့ဖြင့် ကုမ္ဘဃောသကသည် ၁၂-နှစ်ကြာမျှ အခြားနေရာသို့ သွားရောက်နေထိုင်သည်၊ ၁၂-နှစ်ကြာပြီးနောက် သူ့အိမ်သို့ ပြန်လာသောအခါ သူ့ကို အခြားသူတို့က မမှတ်မိကြတော့၊ မိဘတို့ မြှုပ်နှံထားခဲ့သော ဥစ္စာရတနာတို့သည်လည်း နေရာမပျက်ပင် မူလနေရာ၌ ရှိနေကြသည်။

ရွှေ ငွေစသော လောကီရတနာသည် ရေဘေး၊ မီးဘေး၊ မင်းဘေး၊ ခိုးသူ

ဘေးနှင့် မလိုသူတို့ဘေးတို့ကြောင့် ပျက်စီးနိုင်သည်၊ ဆုံးရှုံးနိုင်သည်ဟု သူ တွေးသိထားသည်၊ ထို့ကြောင့် မိဘတို့ထားခဲ့သော အမွေပစ္စည်းများကို ယခု ချက်ချင်းဖော်ယူ၍သုံးစွဲလျှင် အခြားသူတို့က တစ်မျိုးထင်မြင်မည်စိုး၍ မသုံး သေးဘဲ ထားသည်၊ သို့သော် သူ့အတွက် စားဝတ်နေရေးရှိသေးသည်၊ စားဝတ် နေရေးအတွက် အပြစ်လည်းကင်း၍ ငွေကြေးလည်းရနိုင်သော အလုပ်ကို လုပ်သည်၊ ထိုအလုပ်မှာ သူတို့မြို့ရွာဒေသရှိ နိဗ္ဗာန်ဆော်အလုပ် ဖြစ်သည်၊ ထိုအလုပ်သည် အရှုပ်အထွေး ကင်းသည်၊ သန့်ရှင်းသည်၊ ဖြူစင်သည်၊ သူ တစ်ပါးအတွက်ရော သူ့အတွက်ပါ အကျိုးရှိစေသည်။

## ဥစ္စာကြွယ်ဝသူ၏အသံ

သို့ဖြင့် သူသည် နေ့စဉ် နိဗ္ဗာန်ဆော်အလုပ်လုပ်ကာ အသက်မွေးမှု ပြု သည်၊ အလုပ်သမားများ စောစောထ၍ အလုပ်ခွင်ဝင်ရန်၊ လယ်သမားများ လယ်ယာလုပ်ငန်းခွင်ဝင်ရန်နှင့် ကောင်းမှုပြုလိုသူတို့ ကောင်းမှုပြုရန် သူ့ အသံဟိန်းဟိန်းဖြင့် နေ့စဉ် ဆော်ဩသည်၊ လှုံ့ဆော်တိုက်တွန်းသည်၊ နေရာ အနှံ့ လှည့်လည်လှုံ့ဆော်သော သူ့အသံကို ဗိမ္ဗိသာရမင်းကြီးက ကြားသွား



သည်၊ ဗိမ္ဗိသာရမင်းကြီးသည် အသံမျိုးစုံကို အကဲဖြတ်ရာ၌ ကျွမ်းကျင်သည်၊ ကုမ္ဘဃောသက၏ အသံကိုကြားသော် "ဤအသံရှင်သည် ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသူ၏ အသံဖြစ်သည်"ဟု မိန့်ကြားလိုက်သည်။

နန်းတွင်းသူ အဖွားကြီးတစ်ဦးသည် မင်းကြီး မိန့်ကြားသော စကားကို ကြားသော် မင်းကြီးပြောသည့်အတိုင်း မှန်၊ မမှန် မင်းစေတစ်ဦးကို စေလွှတ် စုံစမ်းစေသည်၊ အထီးကျန် သာမန်အခစားတစ်ဦး၏ အသံသာဖြစ်သည်ဟု စုံစမ်းသူကပြန်ပြီးလျှောက်ထားသည်၊ နောက်ရက်များတွင်လည်း အသံကြားတိုင်း မင်းကြီးက ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာသူ၏ အသံဟူသော မှတ်ချက်ကိုသာ ပေးတော်မူသည်၊ သို့ဖြင့် နန်းတွင်းသူ အဘွားကြီးသည် သူ့သမီးကို ခေါ်ကာ သွားရောက်စုံစမ်းမည်ဟု မင်းကြီးထံ သံတော်ဦးတင်သည်၊ မင်းကြီးက အသပြာတစ်ထောင်ပေးရန်ပါ လျှောက်ထားသည်။ အသပြာတစ်ထောင် ပေးကာ သွားရောက်စုံစမ်းစေရန် အဘွားကြီးကို ခွင့်ပြုလိုက်သည်။

နန်းတွင်းသူအဘွားကြီးသည် သမီးကိုခေါ်ကာ ကုမ္ဘဃောသကနေထိုင်ရာ ဒေသကို သွားသည်၊ ပထမဆုံးတွေ့ရသော အိမ်သို့ဝင်ကာ တည်းခိုခွင့်တောင်းသည်၊ သို့ရာတွင် အိမ်ရှင်က လက်မခံ၊ ကုမ္ဘဃောသက အိမ်သို့သွားရန် ညွှန်ကြားသည်၊ ကုမ္ဘဃောသက အိမ်သို့ရောက်သော် ငယ်ရွယ်သူမိန်းကလေး ပါနေ၍ ခွင့်မပြုနိုင်ဟု ငြင်းသေးသည်၊ အကြိမ်ကြိမ် အကျိုးအကြောင်းပြကာ ပြောဆိုမှ တည်းခိုရန် ခွင့်ပြုသည်၊ အဘွားကြီး သားအမိသည် ရက်အနည်း ငယ်နေထိုင်ကာ သိချင်သည်များ စုံစမ်းသည်၊ ကုမ္ဘဃောသကသည် အဘွားကြီး သားအမိကို ယဉ်ယဉ်ကျေးကျေးသာ ဆက်ဆံပြောဆိုသည်။

တစ်နေ့တွင် ကုမ္ဘဃောသကနိဗ္ဗာန်ဆော်အလုပ် သွားလုပ်နေစဉ် အဘွားကြီး သားအမိက ကုမ္ဘဃောသက အိပ်ရာခုတင်မှကြိုးများကို လှီးဖြတ်ဖြုတ် ထားလိုက်သည်၊ ကုမ္ဘဃောသက အလုပ်မှပြန်လာ၍ မေးသောအခါ အရပ် ထဲမှကလေးများ လာရောက်ဆော့ကစား၍ ဖြစ်ရသည်ဟု ပြောပြလိုက်ကြ သည်၊ အိပ်ရန်နေရာမရှိသဖြင့် ဃောသကအတွက် နေရာပြင်ပေးရန် အဘွား ကြီးက. သူ့သမီးကို ပြောသည်၊ ထိုအခါ သမီးဖြစ်သူက သူ့အိပ်ရာ၌သာ

လာအိပ်ပါ၊ နေရာတစ်ဝက် ခွဲပေးမည်ဟု ပြောသည်၊ တစ်အိပ်ရာတည်းတွင် အတူအိပ်သောအခါ ငယ်ရွယ်သူများ ဖြစ်သဖြင့် မှောက်မှားမိကြသည်၊ မနက် မိုးလင်းသော် သမီးက မိခင်ကိုပြောပြ၍ သမီးနှင့် ကုမ္ဘယောသကကို အဘွားကြီးက လက်ထပ်ပေးလိုက်သည်။

## မင်းကြီးထံ အကြောင်းစုံသတင်းပို့ပြီ

နောက်နေ့မှစ၍ အဘွားကြီးက သူတို့သားအမိ ပြုလုပ်ထားသမျှနှင့် တွေ့မြင်ကြားသိသမျှကို အထောက်တော်တို့မှတစ်ဆင့် မင်းကြီးထံသတင်း ပို့သည်၊ ကုမ္ဘယောသကတို့နေရာအရပ်တွင် အိမ်တိုင်း ပျော်ရွှင်ပွဲကျင်းပရန်၊ မကျင်းပနိုင်သူ မင်းဒဏ်သင့်စေမည်ဟု အမိန့်တော် ထုတ်ဆင့်ပေးရန်လည်း မင်းကြီးထံ အကြံပြုသည်၊ မင်းကြီးက အဘွားကြီး အကြံပြုသည့်အတိုင်း အမိန့်တော် ထုတ်ဆင့်ပေးသည်၊ အဘွားကြီးက မင်းမိန့်နှင့်အညီ ပျော်ရွှင်ပွဲ ကျင်းပဖို့ ငွေရှာပေးရန်၊ မကောင်းသောနည်းဖြင့် ငွေမရှာရန်၊ မကျင်းပနိုင်လျှင် မင်းပြစ်မင်းဒဏ်သင့်မည့်အကြောင်း သမက်ဖြစ်သူ ယောသကကို အသိပေး သည်၊ ထိုအခါ ယောသကသည် မြေမြှုပ်ထားသော မိဘအမွေထဲမှအချို့ကို ထုတ်ပေးသည်၊ ထုတ်ပေးသော ငွေများကို အထောက်တော်တို့မှတစ်ဆင့် အဘွားကြီးက မင်းကြီးထံပေးပို့သည်၊ နောက်တစ်ကြိမ် မင်းမိန့် ရောက် လာသောအခါတွင်လည်း ယောသကက မိဘတို့အမွေထဲမှ ငွေအချို့ ထုတ်ပေးပြန်သည်၊ အဘွားကြီးသည် ယောသကပေးသမျှ ပစ္စည်းများကို မင်းကြီးထံ တစ်ဆင့်ပို့ရင်း ယောသကကိုပါ ခေါ်ယူစစ်မေးရန် သတင်းပို့လိုက် တော့သည်။

မင်းကြီး၏ အမိန့်အရ မင်းမှုထမ်းများက ယောသကကို လာရောက် ခေါ်ဆောင်ကြသည်၊ ငြင်းဆန်နေ၍ ချုပ်နှောင်ခေါ်ဆောင်ပြီး မင်းကြီး ရှေ့တော်သို့ ပို့ပေးကြသည်၊ ယောသကသည် မင်းကြီးအား သူ့မိသားစု ဘဝကိုရော သူ့ဘဝအဖြစ်မှန်ကိုပါ အားလုံးပြည့်ပြည့်စုံစုံ လျှောက်ထား သည်၊ သူ့အမွေ အားလုံးကိုလည်း မင်းကြီးထံ အပ်နှံကြောင်း လျှောက်ထားသည်။

## သူဌေးကြီး ရာထူးရပြီ

ဗိမ္ဗိသာရမင်းကြီးသည် ယောသကပိုင် အမွေပစ္စည်းအားလုံးကို သယ်ယူစေကာ နန်းရင်ပြင်၌ စုပုံထားသည်၊ ပြည်သူတို့ကိုလည်း ပြသသည်၊ ထို့နောက် ယောသကအား ပြည်သူများ၏ ရှေ့မှောက်၌ပင် ရာဇဂြိုဟ်ပြည်၏ သူဌေးကြီး ရာထူးပေးသည်။

[ ဓမ္မပဒအပ္ပမာဒဝဂ်၊ ကုမ္ဘဃောသကသူဌေးသားဝတ္ထု ]

---

## ပညာရှင်တို့၏ စာပေစကား

- မြင်းမိုရ်ဆယ်ပြန်၊ ကျေးဇူးလွန်သည်၊ ချစ်ဝန်ကဲဆ၊ မိနှင့်ဘအား၊ သားလျှပြာလတ်၊ ရက်မချွတ်လျှင်၊ ကျင့်ဝတ်ငါးမည်၊ အရင်းတည်လျက်၊ ချစ်ကြည် မမွေ၊ ညွတ်ပြတ်ထွေဖြင့်၊ ရှိသေလှစွာ၊ လုပ်ကျွေးရာ၏။

[ မာတောဝါဒပျို့-၂၄ ]

- မိဘတို့အား စွန့်ပစ်ထား၍၊ တရားမရှု၊ လုပ်ကျွေးမှုကို၊ မပြုသောထွေ၊ ကျေးဇူးချေလျက်၊ ရှိသေမဲ့ဘဲ၊ မျက်နှာလွှဲမူ၊ ချမ်းသာကွေကွင်း၊ ပျက်စီးခြင်းဖြင့်၊ အိုမင်းခါမှ၊ နောင်တရလျက်၊ ဘဝချွတ်ယွင်း၊ အပါယ်ဆင်းလိမ့်။

[ သုတသောမပျို့-၁၈၃ ]

- လူဖြစ်လေမူ၊ သူတော်တကာ၊ ကျင့်ရာမှတ်သား၊ ဝတ်ငါးပါးဖြင့်၊ သားမယားကို၊ ဆဲဆိုစောင်းရိပ်၊ မနှိပ်မစက်၊ ရိုက်နှက်ပဋ္ဌာ (ပဋ္ဌာ-အပြစ်အနာအဆာ)၊ ပြစ်မရှာဘဲ၊ ကောင်းစွာကျင့်လေ။

[ ပုတ္တောဝါဒ-၃၂ ]

- သမီးကညာ၊ ရွယ်ရောက်လာ၊ အခါမလင့်စေနှင့်၊ အခါလင့်က၊ အသင့်မရ၊ ယုတ်သောသူနှင့်၊ ညားတတ်စွ။

- လင်နှင့်မယား၊ သူတို့အားမူ၊ မုန်းထားမလို၊ ချစ်ကြည်ညို၍၊ လူဗိုလ်တကာ၊ ရှိသေရာသည်၊ သစ္စာခိုင်ကျည်၊ တည်ကြည်ခြင်းလျှင်၊ တန်ဆာဆင်၏။

[ ဩဝါဒထူးပျို့ ]

- ကံသာ ဥစ္စာခနေဖြစ်ချေသည်၊ ဉာဏ်မှာ ဟုတ်ရာသမျှဖြစ်ချေသည်၊ ကံရှိမှ တတ်သည်၊ ဉာဏ်ရှိမှမြတ်သည်၊ ကံနှီးဆော်မှ ထင်ပေါ်သည်၊ ဉာဏ်နှီးဆော်မှ မြင်မြော်သည်၊ ကံပင်ရှိသော်လည်း ဝီရိယချွတ်တတ်သည်၊ ဉာဏ်ပင်ရှိသော် လည်း သတိလွတ်တတ်သည်၊ ကံပင်ရှိသော်လည်း ဝီရိယကူရမည်၊ ဉာဏ်ပင်ရှိ သော်လည်း သတိမူရမည်၊ ကံရှိမှဥစ္စာထင်သည်၊ ဉာဏ်ရှိမှ ဟုတ်ရာမြင်သည်၊ ကံရှိသော်လည်း ဝီရိယမယွင်းစေရာ၊ ဉာဏ်ပင်ရှိသော်လည်း သတိမကင်း စေရာ။

[ ကျည်းကန်ရှင်ကြီး ]

စတုတ္ထဂါထာဖြင့် ဟောကြားတော်မူသည့်
မင်္ဂလာတရားတော်များနှင့် ဝတ္ထုများပြီး၏။

* * *

## ပဌမဂါထာဖြင့် ဟောကြားသည့် မင်္ဂလာတရား လေးပါး

ဒါနဉ္စ ဓမ္မစရိယာစ အစရှိသောပဌမဂါထာတော်ဖြင့် ဘုရားရှင်သည် ဤမင်္ဂလာတရား လေးပါးကို ဟောတော်မူသည်။

၁။ ဒါနဉ္စ = ပေးကမ်းစွန့်ကြဲလှူဒါန်းခြင်းသည် မင်္ဂလာ၊
၂။ ဓမ္မစရိယာစ = သုစရိုက်တရားတို့ကို ကျင့်သုံးခြင်းသည် မင်္ဂလာ၊
၃။ ဉာတကာနဉ္စသင်္ဂဟော = ဆွေမျိုးတို့ကို ကူညီထောက်ပံ့ခြင်းသည် မင်္ဂလာ၊
၄။ အနဝဇ္ဇာနိကမ္မာနိ = အပြစ်ကင်းသော အလုပ်ကိုလုပ်ခြင်းသည် မင်္ဂလာ၊

ဤမင်္ဂလာတရားလေးပါးသည် ၃၈-ဖြာသော မင်္ဂလာတရားတို့တွင် ဘုရားရှင် ပဌမဟောကြားတော်မူသည့် မင်္ဂလာတရားများဖြစ်သည်။

ဤမင်္ဂလာတရားလေးပါးကို သိမှတ်ရလွယ်ကူစေရန် ဆရာကြီးဒဂုံဦးထွန်းမြင့်က ဤသို့ လင်္ကာစီကုံးထားခဲ့သည်။

၁။ သုံးတန်စေတနာ ဖြူစင်လန်းလို့၊ ပေးကမ်းဝေမျှ လှူနိုင်စေ၊
၂။ ကိုယ်၊ စိတ်၊ နှုတ်ကြံမမိုက်မှားနဲ့၊ သုစရိုက်တရားကို ကျင့်ပါလေ၊
၃။ ဆွေမျိုးတွေကို ပစ်မထားနဲ့၊ သင်္ဂဟတရားနှင့် ချီးမြှောက်လေ၊
၄။ သန့်စင်ပြစ်မျိုး၊ လူထုကျိုး၊ သယ်ပိုးရွက်ဆောင်စေ၊
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

## စကားလုံးတို့၏အဓိပ္ပာယ်

“ဒါန = ပေးကမ်းစွန့်ကြဲလှူဒါန်းခြင်း”ကို ဒါနဟုခေါ်သည်၊ ပေးကမ်းစွန့်ကြဲလှူဒါန်းသောအလုပ်မှာ လူတိုင်းလွယ်လွယ်နှင့်ပြုနိုင်သောအလုပ်ဟု မဆိုနိုင်ပေ၊ ပေးကမ်းလှူဒါန်းခြင်းသည် မပေးလို၊ မလှူလိုမှု မစ္ဆရိယစိတ်ကို အောင်စေနိုင်ပေသည်၊ ထိုစိတ်ကို အောင်နိုင်သူမှသာ ဒါနအမျိုးမျိုးကို ပြုနိုင်ပေသည်။ သာမန်အားဖြင့်မူ ပေးလွယ်၊ လှူလွယ်တတ်ကြပါသည်၊ တကယ်လက်တွေ့ ပစ္စည်းဥစ္စာအမျိုးမျိုးပေးကမ်းခြင်း၊ ကိုယ်ခန္ဓာအစိတ်အပိုင်းများ လှူဒါန်းခြင်း၊ အသက်ကိုပင် ပေးလှူခြင်းဟူသော ဒါနများအထိ ပေးနိုင်၊ လှူနိုင်သူမှာ များများစားစား ရှိသည်မဟုတ်ပေ၊

“ဓမ္မစရိယာ-ဟူသည်မှာ သုစရိုက်တရားတို့ကို ကျင့်သုံးခြင်းဖြစ်သည်’ ဓမ္မစရိယာကို သမစရိယာဟု အဓိပ္ပာယ်ဖွင့်ကြသည်၊ တရားသဖြင့် မျှမျှတတ မှန်မှန်ကန်ကန်ကျင့်သုံးခြင်းကို ဆိုလိုပေသည်။

“ဉာတကာနဉ္စသင်္ဂဟော - အဆွေအမျိုးတို့ ပျက်စီးခြင်း၊ စီးပွားဥစ္စာပျက်စီးခြင်း စသည့် ဗျသနတရားလေးပါးနှင့်ကြုံတွေ့၍ ဒုက္ခကြုံရသော ဆွေမျိုးများ၊ နွမ်းပါးသော ဆွေမျိုးများကို ကူညီပေးခြင်း၊ ထောက်ပံ့ပေးခြင်းဖြစ်သည်။

“အနဝဇ္ဇာနိကမ္မာနိ - အပြစ်ကင်းသော အလုပ်”ဟူသည်မှာ ကုသိုလ်အလုပ်ဖြစ်သည်၊ အကုသိုလ် အလုပ်သည် လောကပြစ်၊ သံသရာပြစ်မကင်းသော အလုပ်ဖြစ်၍ အပြစ်ရှိသောအလုပ် သာဝဇ္ဇကမ္မ ဖြစ်သည်၊ ကုသိုလ်အလုပ်သည် ဖြူစင်သန့်ရှင်း အပြစ်ကင်း၍ ကောင်းသောအလုပ် ဖြစ်သဖြင့် အနဝဇ္ဇကမ္မဖြစ်သည်။

ဤသို့လျှင် ပေးကမ်းစွန့်ကြဲလှူဒါန်းခြင်း၊ သုစရိုက်တရားကျင့်သုံးခြင်း၊ ဆွေမျိုးတို့ကို ကူညီထောက်ပံ့ခြင်းနှင့် အပြစ်ကင်းသောအလုပ်တို့ကို ပြုလုပ်ခြင်းသည် ကြီးပွားချမ်းသာခြင်း၏အကြောင်းများဖြစ်သောကြောင့် မင်္ဂလာတရားများဟု ဘုရားရှင်ဟောတော်မူခြင်းဖြစ်သည်။

## သုတ္တန်ဒေသနာလာ ဒါနပစ္စည်း ဆယ်မျိုး

ပေးလှူနိုင်သောဒါနပစ္စည်း ၁၀ မျိုးရှိသည်၊

ထိုဆယ်မျိုးမှာ -

၁။ **အန္နဒါန** = စားဖွယ်အစာအာဟာရကို လှူဒါန်းခြင်း၊

၂။ **ပါနဒါန** = သောက်ဖွယ်အဖျော်ယမကာကို လှူဒါန်းခြင်း၊

၃။ **ဝတ္ထဒါန** = ဝတ်ဖွယ် အဝတ်၊ သင်္ကန်းကို လှူဒါန်းခြင်း၊

၄။ **ယာနဒါန** = ဖိနပ်စသောစီးဖွယ်ယာဉ်ကို လှူဒါန်းခြင်း၊

၅။ **မာလာဒါန** = ပန်းအမျိုးမျိုးကို လှူဒါန်းခြင်း၊

၆။ **ဂန္ဓဒါန** = နံ့သာတုံး၊ နံ့သာခဲစသည့်အမွှေးနံ့သာကို လှူဒါန်းခြင်း၊

၇။ **ဝိလေပနဒါန** = နံ့သာရည်၊ နံ့သာခဲ စသည့် လိမ်းကျံစရာကို လှူဒါန်းခြင်း၊

၈။ **သေယျဒါန** = ခုတင်၊ ကုလားထိုင်၊ အိပ်ရာ နေရာစသည်ကို လှူဒါန်းခြင်း၊

၉။ **အာဝါသဒါန** = ဇရပ်၊ တန်ဆောင်း၊ ကျောင်း ပြာသာဒ် စသည့်နေစရာတို့ကို လှူဒါန်းခြင်း၊

၁၀။ **ပဒီပေယျဒါန** = အလင်းရောင်ရစေရန်၊ ဆီမီး၊ ဖယောင်းတိုင်စသည်တို့ကို လှူဒါန်းခြင်း

## ဝိနည်းတော်လာ ဒါနလေးမျိုး

၁။ **စီဝရဒါန** = သင်္ကန်းအလှူ၊

၂။ **ပိဏ္ဍပါတဒါန** = ဆွမ်းအလှူ၊

၃။ **သေနာသနဒါန** = နေစရာထိုင်စရာကျောင်းစသည်အလှူ၊

၄။ **ဘေသဇ္ဇဒါန** = ဆေးဝါးအလှူ၊

ဤလေးမျိုးသည် ဝိနည်းဒေသနာတော်လာ ဒါနလေးမျိုး ဖြစ်သည်။

## အခြားဒါန နှစ်မျိုး

၁။ အာမိသဒါန - ဆွမ်းစသော စားဖွယ်စသည်တို့ကို လှူဒါန်းခြင်း၊

၂။ ဓမ္မဒါန = တရားနှင့်ဆက်စပ်သော စာအုပ်စာပေလှူဒါန်းခြင်း၊

တရားဟောခြင်း၊ တရားပြခြင်းစသည်တို့ ပြုလုပ်ခြင်းပင်ဖြစ်သည်။

ထိုနှစ်မျိုးစလုံးပင် ပြုလုပ်သင့် ပြုလုပ်ရမည့်ဒါနများ ဖြစ်သည်၊ ထိုဒါန နှစ်မျိုးအနက် ဓမ္မဒါနကပို၍ မြတ်သည်ဟု ဘုရားရှင်ဟောတော်မူသည်၊ ဒါန ပြုရာ၌ တစ်ဦးတစ်ယောက်တစ်ပါးကို ရည်စူးလှူဒါန်းခြင်းထက် အများစု အတွက် ရည်စူးလှူဒါန်းခြင်းက (သံဃိက ဒါနသည်) ပို၍ကောင်းမွန်ပြီး အကျိုးများသည်။

## အလှူခံတစ်ကျိပ် လေးပါး

အလှူဒါနခံယူထိုက်သူ ၁၄-မျိုးရှိသည်ဟု ဥပရိပဏ္ဏာသပါဠိတော် ဒက္ခိဏာ ဝိဘင်္ဂသုတ်၌ ဟောထားသည်၊ ၎င်း ၁၄-မျိုးကို အယုတ်၊ အလတ်၊ အမြတ် ဟု အစဉ်အတိုင်း ဖော်ပြရလျှင် . . .

၁။ တိရစ္ဆာန်၊

၂။ မုဆိုး၊ တံငါ စသောသီလမရှိသူများ၊

၃။ ငါးပါးသီလမြဲသူများ၊

၄။ သာသနာပကာလ ဈာန်အဘိညာဉ်ရ ရသေ့စသည်များ၊

၅။ သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊

၆။ သကဒါဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊

၇။ အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊

၈။ အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊

၉။ သောတာပတ္တိ ဖလဋ္ဌာန်ပုဂ္ဂိုလ်၊

၁၀။ သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်၊

၁၁။ အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်၊

၁၂။ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်၊ (ရဟန္တာ)

၁၃။ ပစ္စေကဗုဒ္ဓခေါ် ဘုရားငယ်၊

၁၄။ သဗ္ဗညုတဗုဒ္ဓ မြတ်စွာဘုရား၊

ဤအလှူခံပုဂ္ဂိုလ် ၁၄ မျိုးတွင် မည်သည့်ပုဂ္ဂိုလ်ကိုလှူလှူ ဒါနမြောက်သည်၊ သို့ရာတွင် အကျိုးပေးရာ၌ ကွာခြားမှုရှိသည်။

## စေတနာသုံးတန်ပြည့်စုံမှု

အလှူဒါနပြုလုပ်ရာတွင် စေတနာသုံးတန်ပြည့်စုံမှ ဒါနမြောက်သည်ဟု ပြောဆိုကြသည်၊ ထိုစေတနာသုံးတန်ဆိုသည်မှာ -

၁။ **ပုဗ္ဗစေတနာ** = အလှူဒါနမပြုမီ ရှေးဦးအစပထမရည်ရွယ်ကတည်းက တွန့်တိုမှုမရှိ၊ စေတနာထက်သန်မှု ရှိနေရသည်၊

၂။ **မုဉ္စစေတနာ** = လှူနေဆဲအချိန်၌လည်း မိမိပြုလုပ်သော အလှူဒါနကို အာရုံပြုလျက် စေတနာသဒ္ဓါတရားထက်သန်နေရမည်၊

၃။ **အပရစေတနာ** = လှူပြီးနောက်၌လည်း စေတနာသဒ္ဓါတရား ပျက်မသွားစေရ၊

ပုဗ္ဗစေတနာ ထက်ထက်သန်သန်ဖြင့်လှူလျှင် ပထမအရွယ်ငယ်စဉ်ကပင် စည်းစိမ်ဥစ္စာ ပြည့်စုံ၍ ချမ်းသာသုခ ရရှိသည်၊ မုဉ္စစေတနာ အားနည်းလျှင် မိမိအလှူဒါနပြုနေစဉ် အကြောင်းတစ်ခုခုကြောင့် သဒ္ဓါကွက်၍ စေတနာပျက်သွားလျှင် ညောင်ပင်ကြီးလောက်လှူသော်လည်း ညောင်စေ့လောက်သာ အကျိုးခံစားရတတ်သည်၊ အပရစေတနာ အားနည်းသဖြင့် လှူပြီးမှ ငါတော့ များလေပြီ၊ ကုန်ပါပြီစသည်ဖြင့် နှမြောတွန့်တိုနေလျှင် ဒါနအကျိုးကြောင့် ချမ်းသာ ကြွယ်ဝသော်လည်း မသုံးရက်၊ မစွဲရက်၊ မစားရက်ဖြစ်တတ်ပြီး၊ ဒါနတရားခေါင်းပါးလာသဖြင့် သံသရာဝဲဂယက်မှ လွတ်ထွက်နိုင်ရန် ခက်ခဲမည်၊ စေတနာသုံးတန် ပြည့်စုံပါမှဒါန၏အကျိုးဖြစ်သော "ဒါနတော ဘောဂဝါ" ဟူသည်နှင့်အညီ စည်းစိမ်ဥစ္စာပြည့်စုံဖြိုး၍ အကျိုးများနိုင်သည်။

## ပါရမီအစ ဒါနက

ဒါန၊ သီလ၊ ဘာဝနာဟူသော သူတော်သူမြတ်တို့ ကျင့်စဉ်တွင် ဒါနသည် အဦးအစပြုလုပ်ရမည့်ပါရမီတစ်ခုဖြစ်သည်၊ ဘုရားအလောင်းတော်တို့ ပါရမီဖြည့်ကျင့်ရာ၌ ဒါနပါရမီကို ဦးစွာဖြည့်ကျင့်သည်၊ ဒါနကိုမှ မပြုနိုင်သူသည် သီလပါရမီစသည်ပြုကျင့်နိုင်ဖို့ ခက်ပေသည်၊ “ဒါနံ သဗ္ဗတ္ထသာဓကံ”ဟု ဟောတော်မူသည်နှင့်အညီ ပေးကမ်းလှူဒါန်းမှုသည် အရာရာကိုပြီးစေနိုင်သောအကျိုးသတ္တိရှိပေသည်။

## ဒါန၏ လက်ငင်းအကျိုးတရားများ

၁။ အလှူရှင်သည် လူအများ၏ချစ်ခင်မှု၊ ဂုဏ်ပြုမှု ခံရသဖြင့် မျက်နှာပွင့်လန်းသည်၊
၂။ အလှူရှင်ကို သူတော်ကောင်းများက ချဉ်းကပ် အားပေးသည်၊
၃။ အလှူရှင်၏ ကောင်းသတင်း ကျော်စော ပျံ့နှံ့သည်၊
၄။ အလှူရှင်သည် ပရိသတ်လေးပါးတို့၏ အလယ်တွင် တင့်တင့်တယ်တယ်ထည်ထည်ဝါဝါဖြင့် ရဲဝံ့ရွှင်ပျစွာနေထိုင်ရသည်၊
၅။ အလှူရှင်သည် ယခုဘဝမှ ကွယ်လွန်သော် သုဂတိဘဝသို့လားရောက်ရသည်။

အမှတ်စဉ် ၁၊၂၊၃နှင့် ၄တို့သည် ယခုဘဝလက်ငင်းခံစားရသော အကျိုးကျေးဇူးများဖြစ်သည်၊ အမှတ်စဉ် ၅-မှာမူ နောက်ဘဝ နောက်သံသရာတွင် ခံစားရမည့်အကျိုး ကျေးဇူးဖြစ်သည်။

## အယုတ်၊ အလတ်၊ အမြတ်ဒါန

ဒါနပြုရာ၌ ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာတရားတို့ ခပ်ညံ့ညံ့ဖြင့် ပြုလျှင်၊ တစ်နည်း ကျော်စောမှု၊ ထင်ရှားမှု၊ လူသိများလိုမှုကြောင့် လှူလျှင်၊ ကိုယ့်ဂုဏ်ဖော်ကာသူတစ်ပါးကို နှိမ့်ချလို၍ ပြုလျှင် ဟီနဒါနအညံ့စားဒါနဖြစ်သည်။

ဒါနပြုရာ၌ ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာတရားတို့အလတ်စားအနေအထား

ဖြင့် ပြုလျှင်၊ တစ်နည်း ကောင်းမှုအကျိုးကို ရလို၍ ပြုလျှင်၊ လောကီချမ်းသာကို ရလို၍ပြုလျှင် မဆွိမဒါန အလတ်စားအလှူဖြစ်သည်။

ဒါနပြုရာ၌ ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာတရားတို့ ထက်သန်စွာဖြင့်ပြုလျှင်၊ တစ်နည်းသူတော်ကောင်းတို့အလုပ်ပဲဟု လေးနက်စွာ သဘောထားပြီး ပြုလျှင်၊ မင်္ဂ၊ ဖိုလ်နိဗ္ဗာန်ကို တောင့်တပြီးပြုလျှင်၊ သတ္တဝါတို့ကို ကယ်တင်ရန် ဆုတောင်း၍ ပြုလျှင် ပဏီတဒါနမြတ်သောဒါနဟု ခွဲခြားကြသည်။

အလှူဒါနဟူရာ၌ အရာရာတိုင်းကိုလှူ၍ ရသည်မဟုတ်ပေ၊ မလှူသင့်သော၊ မလှူအပ်သော အရာဝတ္ထုများလည်းရှိသည်၊ ၎င်းတို့မှာ

**မလှူအပ်သော ပစ္စည်း ၁၀-မျိုး**

၁။ **မဇ္ဇဒါန** - မူးယစ်စေရန် သေရည် အရက် စသည်လှူခြင်း၊

၂။ **သမဇ္ဇဒါန** - ပွဲလမ်းသဘင် စသည်အားဖြင့် လှူခြင်း၊

၃။ **ဣတ္ထိဒါန** - မေထုန်မှုပြုရန် မိန်းမလှူခြင်း၊

၄။ **ဥသဘဒါန** - နွားမတို့၏အလယ်၌ နွားလားကိုလွှတ်၍ မျိုးပွားစေရန် ပြုသောအလှူ

၅။ **စိတ္တကမ္မဒါန** - ကာမဂုဏ်ကို လှုံ့ဆော်စေသည့် ပန်းချီဆေးရေးအလှူ

၆။ **သတ္ထဒါန** - တုတ်၊ ဓားစသည့် လက်နက်ကို လှူခြင်း၊

၇။ **ဝိသဒါန** - အဆိပ်လှူခြင်း၊

၈။ **သင်္ခလိကဒါန** - လက်ထိပ်ခတ်ရန် သံကြိုးသံခြေကျဉ်းစသည် လှူခြင်း၊

၉။ **ကုက္ကုဋသူကရဒါန** - သတ်စားရန် ကြက်၊ ဝက်လှူခြင်း၊

၁၀။ **တုလာကူဋ မာနကူဋ** - မမှန်ကန်သော တင်း၊ တောင်း၊ အလေး ချိန်ခွင် စသည်တို့ကိုလှူခြင်း၊

ဤပစ္စည်းများကို မလှူအပ်သော ပစ္စည်းများဟု သတ်မှတ်ထားကြသည်။

### ပေးလှူတိုင်းဒါနမဟုတ်

အချို့သော ပေးကမ်းလှူဒါန်းမှုများသည် ဒါန၏အကျိုးကို မရရှိနိုင်ပေ၊ ယင်းတို့မှာ ကြောက်၍ပေးလှူရခြင်း၊ လိုချင်တပ်မက်ခြင်းကြောင့် ပေးလှူရခြင်းနှင့် တံစိုးလက်ဆောင်အဖြစ် ပေးလှူရခြင်းစသည်တို့ဖြစ်သည်၊ ထိုကဲ့သို့ ပေးလှူခြင်းမျိုးမှာ ခေတ်သုံးစကားဖြင့် "ရေလောင်းခြင်း"ဟုခေါ်သည်၊ အချို့နေရာ၌ ရေလောင်းလျှင် အကျိုးရှိပါလိမ့်မည်၊ သို့သော် တံရားနှင့်မညီသော လုပ်ရပ်ဖြစ်သဖြင့်၊ နောင်သံသရာ၌ စံစားရမည့်ဒါနအကျိုးကား ဝေလာဝေး။

## ဒါနအခြေခံဖြင့် ဘဝအဆင့်ဆင့် မြင့်သွားသူ

"အရှင်ဘုရား တပည့်တော်မသည် ဆံပင်ဖြင့် ရင်းနှီးကာ အလှူဒါနကြီး ပြုလုပ်ခဲ့ရသောကုသိုလ်ကြောင့် နောင်ပွင့်တော်မူမည့်ဘုရားရှင်တစ်ပါးပါး၏ လက်ထက်တွင် လက်ယာရံသမီးတော်ကြီးဖြစ်ပြီးလျှင် မဟာပညာဧတဒဂ်ပန်းကို ပန်ဆင်လျက် ကျွတ်တမ်းဝင်ရပါလို၏"

ဤသို့ဆုတောင်းသူမှာ ဆင်းရဲသော ကျွန်မကလေးတစ်ယောက် ဖြစ်သည်၊ ထိုကျွန်မလေးသည် ပဒုမုတ္တရဘုရားရှင်နှင့် တပည့်သံဃာတော်များကို ပင့်ဖိတ်ကာ အလှူပေးသည်၊ ဆွမ်း၊ သင်္ကန်းနှင့်လှူဖွယ်ပစ္စည်း အစုစုတို့ကို လှူဒါန်းပြီး ဤသို့ ဆုတောင်းခဲ့ခြင်းဖြစ်သည်။

ဆင်းရဲသော ကျွန်မကလေးမှာ သူပြုခဲ့သောကောင်းမှုနှင့် ဆုတောင်းအားလျော်စွာ ဂေါတမဘုရားရှင်လက်ထက်တော်၌ဘုရားရှင်၏ လက်ယာတော်ရံ မဟာပညာဧတဒဂ်ရ တပည့်မကြီးဖြစ်သော ခေမာထေရီလောင်းလျာ ဖြစ်သည်။

ဤထေရီလောင်းလျာသည် ပဒုမုတ္တရဘုရားရှင်၏ လက်ယာတော်ရံ အရှင်သုဇာတမထေရ်ကို သူစားသောက်ရန်ယူလာသော မောဒကမုန့် သုံးခုကို သူမစားဘဲ လှူဒါန်းလိုက်သည်၊ ထိုသို့ လှူဒါန်းပြီးနောက်၌လည်း လှူလို



သော စေတနာသဒ္ဓါတရား ပိုမိုဖြစ်ပေါ်လာပြန်သဖြင့် ဘုရားရှင်ကိုပါပင့်လျက် အလှူဒါနကြီး ပြုလုပ်သည်၊ ဤသို့ပြုလုပ် လှူဒါန်းခြင်းမှာ ပစ္စည်းဥစ္စာချမ်းသာသောကြောင့်မဟုတ်၊ ထိုအချိန်က သူသည် သူတစ်ပါး၏ အခစားကျွန်မလေး ဖြစ်နေသည်၊ ဆံပင်၏ကောင်းခြင်းနှင့်ပြည့်စုံသူဖြစ်၍ ဆံပင်ကိုအလိုရှိသူ မိန်းကလေးများထံ သူ့ခေါင်းမှဆံပင်ဖြတ်ပြီးရောင်းသည်၊ ရလာသောအသပြာငွေကို ရင်းနှီးလျက် ဒါနပြုသည်၊ သူရလိုဖြစ်လိုသော ဘုရားရှင်၏လက်ယာရံ သမီးတော်ဘဝနှင့် မဟာပညာဧတဒဂ် ဆုကိုတောင်းသည်၊ ပဒုမုတ္တရဘုရားရှင်သည် "ဂေါတမဘုရားရှင်လက်ထက်တော်တွင် သင်တောင်းသည့် ဆုအတိုင်း ပြည့်စုံလိမ့်မည်"ဟု ဟောကြား ဗျာဒိတ်ပေးတော်မူခဲ့သည်။

ကျွန်မလေးဘဝမှ ကွယ်လွန်သော် တာဝတိံသာနတ်ပြည်၌ နတ်သမီးဖြစ်ရသည်၊ "ဒါနတောဘောဂဝါ"ဟုဟောတော်မူသည်နှင့်အညီ စည်းစိမ်ချမ်းသာ အခြွေအရံ ဗိမာန်တို့နှင့်ပြည့်စုံသူ နတ်သမီးဖြစ်သည်၊ တာဝတိံသာနတ်သမီး ဘဝမှ ဇီဝိန်ကြွေသော် နတ်ပြည်အဆင့်ဆင့်၌ဖြစ်ခဲ့ရပြန်သည်။

## ဝိပဿီဘုရားရှင်လက်ထက်

ဝိပဿီ ဘုရားရှင်လက်ထက်တော်၌ အမျိုးသမီး ဖြစ်လာရပြန်သည်၊ ဘုရားရှင်၏တရားတော်ကို နာကြားရသဖြင့် လူ့ဘောင်၌မနေလို၍ ဘိက္ခုနီဘဝဖြင့် နေသည်၊ ဒါနပြုခဲ့စဉ်က မဟာပညာ ဇေတဒဂ်ရရန် ရည်မှန်းဆုတောင်းခဲ့သည့်အတိုင်း ပိဋကကျွမ်းကျင်သည်၊ ပညာကြီးသူဖြစ်၍ သူတစ်ပါးတို့အား ပညာဒါနပို့ချသည်၊ ဟောပြောသည်၊ ထိုဘဝမှ ကွယ်လွန်ပြန်သော် တုသိတာဘုံသို့ရောက်ရသည်၊ ဒါနပါရမီနှင့်ပညာပါရမီဖြည့်ခဲ့သောကြောင့် အခြားနတ်သမီးတို့ထက် အဘက်ဘက်မှာ နိမ့်ကျခြင်းမရှိ၊ ထိုဘဝမှ စုတေသော် လူ့ဘဝသို့ရောက်ရပြန်သည်။

## ကောဏာဂုံဘုရားရှင်လက်ထက်၌ သူဌေးသမီး

ကောဏာဂုံ ဘုရားရှင်လက်ထက်တွင် ဗာရာဏသီ နေပြည်တော်၌ သူဌေးသမီးဖြစ်လာရသည်၊ ခေနဥာနီထေရီလျောင်းလျာနှင့် သုမေဓာထေရီလောင်းလျာတို့သည် သူနှင့်အတူ ညီအစ်မသုံးဖော်ဖြစ်လာကြသည်၊ ကုသိုလ်ဒါနပြုခဲ့ကြပြီး ပဋိစ္စသမုပ္ပါဒ်ပဋ္ဌာန်းဆက်တော်တို့ကြောင့် ဒါနပြုမည်ဆိုလျှင် ညှိနှိုင်းဖို့မလို၊ သဘောတူညီကြပြီး ဖြစ်ကြသည်၊ သို့ဖြင့် ညီအစ်မသုံးဖော်တို့သည် သံဃာတော်တို့အတွက် ကျောင်းဆောက်လုပ်လှူကြသည်၊ ခေမာထေရီလောင်းလျာသည် ကျွန်မကလေးဘဝဖြစ်ခဲ့စဉ်က ဆံပင်ကိုဖြတ်ကာ ဆွမ်းဒါန၊ သင်္ကန်းဒါန စသည်ပြုခဲ့သည်၊ ဝိပဿီဘုရားရှင်လက်ထက်တွင် ဘိက္ခုနီအဖြစ်ဖြင့် တရားဒါနပြုခဲ့သည်၊ တရားဟော တရားပြခြင်း ဓမ္မဒါနသည် အမြတ်ဆုံးဒါန မဟုတ်ပါလော။

## ကောမာရီပြဟ္မစရိယကျင့်ခဲ့

ကောဏာဂုံဘုရားရှင်လက်ထက်တွင်မူ ညီအစ်မသုံးဖော်တို့ ဦးစီးလျက်ကျောင်းလှူဒါန်းသည်၊ အလှူဒါနပြုရင်း တရားနာသည်၊ ပြုပြုသမျှကုသိုလ်တို့ကို အမျှပေးဝေသည်၊ ထိုထိုကုသိုလ်တို့ကြောင့် ယခု ဘဒ္ဒကပ်ကမ္ဘာ ကဿပဘုရားရှင်လက်ထက်တော်တွင် ဥပ္ပလဝဏ်ထေရီလောင်းလျာ၊ ပဋ္ဋာစာရီထေရီ

လောင်းလျာ၊ ကုဏ္ဍလ ကေသီ၊ ကိသာဂေါတမီ၊ ဓမ္မဒိန္နာထေရီလောင်းလျာတို့နှင့်အတူ ကိကီမင်းကြီး ၏သမီးတော်များဖြစ်ကြရပြန်သည်၊ "သမဏီ"ဟူသော အမည်ဖြင့် ခေမာထေရီလောင်းလျာသည် သမီးဦးဖြစ်ရသည်၊ ဘိက္ခုနီပြုလိုကြသော်လည်း မိဘခွင့်မပြု၍ ညီအစ်မအားလုံး လူဝတ်ကြောင်ဘဝ၌ပင်နေကာ ကောင်းမှုများပြုနေခဲ့ကြရသည်၊ မြင့်မြတ်သော ကောမာရီဗြဟ္မစရိယအကျင့်ကို ကျင့်သုံးနေထိုင်ကြသည်၊ သံဃာတော်တို့အတွက် ကျောင်းတော်များလှူဒါန်းခဲ့ကြသည်၊ ထိုဘဝမှ ကွယ်လွန်သော် တာဝတိံသာနတ်ပြည်တွင် နတ်သမီးဖြစ်ရပြန်သည်။

## ယခုဘုရားရှင်လက်ထက်

ထေရီလောင်းလျာသည် နတ်သမီးဘဝမှ စုတေသောအခါ ဂေါတမဘုရားရှင်လက်ထက် မဒ္ဒတိုင်း သာဂလပြည့်ရှင် ဘုရင်မဒ္ဒရာဇ်မင်း၏သမီးရတနာဘဝဖြစ်လာသည်။

## ဘေးရန်ကင်းကွာ၍ ခေမာအမည်ပေးခဲ့

၎င်းသမီးရတနာလေး ဖွားမြင်လာချိန်မှစ၍ သာဂလပြည်တွင် ဘေးအမျိုးမျိုးတို့ ကင်းကွာသည်၊ အေးချမ်းသာယာသည်၊ ထို့ကြောင့် ခေမာထေရီလောင်းလျာလေးကို မိဘများက "ခေမာ"ဟု အမည်ပေးခဲ့ကြသည်၊ မဒ္ဒတိုင်း သာဂလပြည်သည် ထိုအချိန်က မိန်းမချောပေါများသည့်တိုင်းပြည်ဖြစ်သည်၊ ပဘာဝတီသည် ၎င်းပြည်သူဖြစ်သည်။

## ဗိမ္ဗိသာရမင်း၏မိဖုရားဘဝ

ခေမာအရွယ်ရောက်လာသော် မဂဓတိုင်းကြီးအရှင်ဘုရင်ဗိမ္ဗိသာရနှင့် လက်ဆက်သဖြင့် ဗိမ္ဗိသာရမင်းကြီး၏ချစ်မြတ်နိုးသော မိဖုရားတစ်ပါးဖြစ်လာသည်၊ ဗိမ္ဗိသာရမင်းကြီးတွင် "ဝေဒေဟီ"စသော မိဖုရားများလည်းရှိသေးသည်၊ ခေမာသည် မိဖုရားဖြစ်လာသောအခါ "လှဂုဏ်မြင့်မောက် မာနရောက်"ဟူသော သူ့ဂုဏ်ရည်နှင့်အညီ အလှမာန်တက်သည်၊ ဘုရင်ကြီးက ခေမာမိဖုရားကို ဘုရားရှင်ထံ အဖူးအမြော်သွားရန် စည်းရုံးသည်၊ ခေမာက ဘုရားရှင်ထံသို့

မသွားလို၊ ခေမာက "ဘုရားရှင်သည် အလှမာန်တက်သူတို့ကို ပြစ်တင်ရှုတ်ချသည်" ဟု သူ့စိတ်ထဲတွင် စွဲထင်နေသည်။

## ဘုရားရှင်ထံ အရောက်ပို့ပြီ

ဗိမ္ဗိသာရမင်းကြီးကား သာသနာပြုမင်း၊ ရတနာသုံးပါးကို အလွန်ကြည်ညိုသူ၊ မိဖုရားတစ်ပါးဖြစ်သူခေမာကားတရားတော်ကို မကြားလိုမနာလို၊ ဘုရားရှင်က ခန္ဓာကိုယ်၏ ၃၂မျိုးသော ကာယအစိတ်အပိုင်းတို့ကို စက်ဆုပ်ဖွယ်၊ ရွံရှာဖွယ်အဖြစ် ဟောသည်ကို ဓမ္မအမြင်ဖြင့် ခေမာက သဘောမပေါက်၊ အမြင်လွဲနေသည်၊ သို့ဖြစ်၍ ဘုရားရှင်သီတင်းသုံးနေသော ဝေဠုဝန်ကျောင်းတော်ရှိ ဥယျာဉ်၏ သာယာပုံတို့ကို စာဖွဲ့ပေးရန် ပညာရှင်များအား ဘုရင်ကြီးက စေခိုင်းသည်၊ ပညာရှင်တို့ ဖွဲ့ဆိုသော စာနှင့်ဂီတပညာရှင်တို့ သီဆိုသောဥယျာဉ်၏ သာယာပုံတို့ကို ကြားရသောအခါ ခေမာမိဖုရားသည် ဝေဠုဝန်ဥယျာဉ်သို့သွားချင်လာသည်၊ သို့ဖြင့် ဗိမ္ဗိသာရမင်းကြီးသည် မိဖုရားခေမာကို ပရိယာယ်ဆင်ကာ ဝေဠုဝန်ဥယျာဉ်တော်၌ သီတင်းသုံးနေသော ဘုရားရှင်ထံ အရောက်ပို့စေခဲ့သည်။

## ဖန်ဆင်းထားသော လှကညာ

ဘုရားရှင်သည် ခေမာမိဖုရားအား "ဖန်ဆင်းထားသောလှကညာ"ဖြင့် အလှမာန်တက်နေမှုကို ချေချွတ်တော်မူသည်၊ ဖန်ဆင်းထားသောလှကညာသည် ခေမာမိဖုရားငေးမောကြည့်ရလောက်အောင် လှပသူအဖြစ် ဘုရားရှင်က ဖန်ဆင်းထားသည်၊ ခေမာကြည့်နေစဉ်ပင် လှကညာသည် ပျိုရာမှအိုလာသည်၊ အိုရာမှ နာလာသည်၊ နာရာမှ မရဏဘဝရောက်ခါနီးသည် အထိ ဖြစ်လာသည်၊ ခေမာမိဖုရားတရားအသိဉာဏ်ဝင်လာပြီ၊ မိမိ၏ ရုပ်ခန္ဓာသည်လည်း မမြဲပါကလား၊ ဒုက္ခအစုအဝေးပါကလားစသည်ဖြင့် သံဝေဂဖြစ်လာသည်၊ ထို့နောက် ဘုရားရှင်ဟောသော တရားတော်ကိုဆက်၍ နာကြားရာမှ တရားသိလျက် ရဟန္တာဖြစ်တော်မူသွားသည်၊ ရဟန္တာဖြစ်တော်မူ ပြီးနောက် ဘုရင်ကြီး၏ ခွင့်ပြုမှုဖြင့် ဘိက္ခုနီအဖြစ်သို့ ကူးပြောင်းသွားသည်။

ခေမာထေရီသည် ပညာအရာတွင် ပါရမီဓာတ်ခံ အထူးရင့်သန်လှသူ ဖြစ်သဖြင့် ပညာဉာဏ်ကြီးကျယ်သည်၊ ဆန်းကြယ်နက်နဲသည့် တရားသဘောတို့ကို သူမတူအောင် ရှင်းပြနိုင်သဖြင့် ကောသလမင်းကြီးကပင် ပုစ္ဆာများ မေးလာရသည်၊ ခေမာထေရီ၏ဖြေကြားမှုကို ကျေနပ်လှကြောင်း ကောသလမင်းကြီးက ဘုရားရှင်ထံ လျှောက်ကြားသည်၊ ဘုရားရှင်သည် ခေမာထေရီအား ပညာကြီးကျယ်သောအရာ၌ မဟာပညာဧတဒဂ်ဖြင့် ဂုဏ်ပြုချီးမြှင့်တော်မူသည်။

ဤထေရီ၏ဘဝအဖြစ်စုံအရ ဒါန၏အကျိုးကြီးပုံ၊ ဒါနကိုအစ ပထမထားလျက် ပါရမီဖြည့်ပုံတို့ကို အတုယူအားကျလျက် ဒါနအမျိုးမျိုးကို ပြုလုပ်အားထုတ်သင့်ကြပေသည်။

|ခေမာထေရီ အပဒါန်ဝတ္ထု|

## ဆွမ်းနှင့် အဖျော်လှူသည်ကို ကျိန်ဆဲမိ၍ ပြိတ္တာဖြစ်ရသူ

"သင်သည် ငါ့အလိုမရှိပါဘဲလျက် ရဟန်းတို့အား ဆွမ်းနှင့်အဖျော်ကို လှူဒါန်းခဲ့သည်၊ သင်လှူဒါန်းခဲ့သော ထိုဆွမ်းနှင့်အဖျော်သည် တမလွန်ဘဝ၌ သင့်အတွက် သွေးအတိ ဖြစ်ပါစေသား"

ဤသို့ကျိန်စာတိုက်ကာ အလှူကို ရှုတ်ချခဲ့သူမှာ ဥတ္တရလုလင်၏မိခင် ဖြစ်သည်၊ ဥတ္တရလုလင်သည် အရှင်မဟာကစ္စည်းထေရ်နှင့် သံဃာတော်တို့အား အိမ်သို့ပင့်ကာ ဆွမ်းခဲဖွယ်ဘောဇဉ်နှင့်ချိုချဉ်ရသာအဖျော်ယမကာတို့ကို လှူဒါန်းသည်၊ ထိုအချိန်က ဥတေနမင်းလက်ထက်ဖြစ်သည်၊ ဥတ္တရလုလင်၏ ဖခင်အမတ်ကြီးကွယ်လွန်သွားသဖြင့် ဥတေနမင်းသည် သားဖြစ်သူ ဥတ္တရလုလင်အား ဖခင်၏ရာထူးကို ပေးသနားခဲ့သည်။

### အရှင်မဟာကစ္စည်းထေရ်ကို ဖူးတွေ့ရ၍

တစ်နေ့သ၌ ဥတ္တရလုလင်သည် မြို့တွင်ပြုပြင်စရာရှိသည်တို့ကို ပြုပြင်ရန် လက်သမားတို့ကိုခေါ်ကာ တောသို့သစ်ရှာသွားသည်၊ကောသမ္ဗီပြည်အနီး

တောထဲ၌ တောရဆောက်တည်နေသော အရှင်မဟာကစ္စည်းထေရ်ကို ဖူးတွေ့ရသည်၊ မထေရ်၏ သပ္ပာယ်ကြည်ညိုဖွယ်ရှိလှပုံကို သဘောကျ၍ မထေရ် အနီးသို့သွားသည်၊ မထေရ်ကြီးက တရားဟောတော်မူသည်၊ တရားတော်ကိုပါ နှစ်သက်သဘောကျပြန်သဖြင့် နောက်နေ့တွင် သူ့အိမ်သို့ နောက်ပါသံဃာတော်တို့နှင့်အတူ ဆွမ်းစားကြွရန် ပင့်ဖိတ်ခဲ့သည်။

ထိုအချိန်က အရှင်မဟာကစ္စည်းထေရ်ကြီးသည် တစ်ကျိပ်နှစ်ပါးသော တပည့်တို့နှင့်အတူ ပံသုကူစုတင်ဆောင်ကာ တောရဆောက်တည်နေချိန်ဖြစ်သည်၊ ဘုရားရှင်ပရိနိဗ္ဗာန်စံပြီးစ ပထမသံဂါယနာတင်ချိန်လည်းဖြစ်သည်။

## မလှူလိုသူ ဥတ္တရလုလင်၏မိခင်

ဥတ္တရလုလင်၏မိခင်သည် ဝန်တိုမှုရှိသည်၊ ရက်ရက်ရောရော လှူလေ့မရှိ၊ လှူသည်ကိုလည်းအားမပေးတတ်၊ သားဖြစ်သူလုလင်ကား မထေရ်၏



တရားကြားနာရ၍ သောတာပန်ဖြစ်နေပြီးဖြစ်သည်၊ မထေရ်ကို ကျောင်းဆောက်လုပ်လှူဒါန်းသည်၊ သူ့သာမဟုတ်၊ သူ၏ဆွေမျိုး မိတ်သင်္ဂဟတို့အား

သာသနာတော်၌ ကြည်ညိုရန်၊ ဒါနပြုလုပ်ရန်၊ သီလဆောက်တည်ရန် စသည်ကိုလည်း တိုက်တွန်းသည်၊ အမြဲတမ်း ဆွမ်းဝတ်လှူဒါန်းသည့် ဝတ္တရားကိုလည်း ဖြည့်ဆည်းလျက် မထေရ်ကိုဆွမ်းအတွက် နေ့စဉ်ကြွရန် ပင့်လျှောက် ထားသူလည်းဖြစ်သည်၊ သို့သော် ဥတ္တရလုလင်၏မိခင်သည် ဝန်တိုမိစ္ဆာရှိသူဖြစ်၍ သား၏အလှူကို ကျိန်ဆဲသည်။

## ပြိတ္တာဖြစ်သွားရှာပြီ

လုလင်ဆောက်လုပ်လှူဒါန်းထားသော ကျောင်းရေစက်ချ အခမ်းအနား အလှူတွင် ဥတ္တရလုလင်၏မိခင်သည် ဥဒေါင်းမြီးအစည်းကို ပေးလှူရန်ခွင့်ပြုခဲ့သည်၊ လှူလိုက်သောအခါ ဝမ်းမြောက်ဝမ်းသာဖြစ်သည်၊ သို့ရာတွင် လုလင်၏ မိခင်သည် ထိုဘဝမှကွယ်လွန်သောအခါ ပြိတ္တာမဖြစ်သွားရသည်၊ ထိုပြိတ္တာမ သည် ရေသောက်လိုသဖြင့် ဂင်္ဂါမြစ်သို့ သွား၏၊ သူရောက်သည်နှင့် တစ်ပြိုင်နက် မြစ်ရေသည် သွေးအတိ ဖြစ်သွားသည်၊ ဤသို့ဖြင့် ပြိတ္တာမသည် ငါးဆယ့်ငါးနှစ်တိုင် ဆာလောင်မွတ်သိပ်ခြင်းဒုက္ခကို ခံစားရသည်၊ တစ်နေ့ ဂင်္ဂါမြစ်ကမ်းရှိ တောကျောင်း၌ သီတင်းသုံးနေသော အရှင်ကင်္ခါရေဝတကို မြင်၍ အရှင့်ထံသို့ ရေပေးပါရန် သွားရောက်တောင်းပန်သည်။

ထိုပြိတ္တာမ၏ဆံပင်တို့သည် ထူးထူးခြားခြား ရှည်လျားကြသည်၊ သူ၏ ကိုယ်ကိုလည်း ထိုဆံပင်တို့ဖြင့်ပင် ခွေပတ်ဖုံးလွှမ်းပြီး အရှင်ကင်္ခါရေဝတထံ ရောက်သွားခြင်းဖြစ်သည်၊ ဆံပင်တို့ရှည်လျားခြင်းမှာ ဥဒေါင်းမြီးအစည်း လှူသည်ကို ဝမ်းသာ၍ရရှိသော ကောင်းကျိုးဖြစ်သည်။

## ရေများသွေးဖြစ်နေကြပုံလျှောက်ထား

"အရှင်ဘုရား၊ တပည့်တော် ရေမသောက်ရသည်မှာ နှစ်ပေါင်းများစွာ ကြာလှပါပြီ၊ ဂင်္ဂါမြစ်ကြီးသို့ဆင်းကာ ရေသောက်ရန် ကြိုးစားပါသည်၊ သို့သော် တပည့်တော် သောက်ရန် ပြင်လိုက်သည်နှင့် ရေတို့သည် သွေးအတိဖြစ်နေ ကြပါသည်"

## ကျိန်ဆဲမိသည့် အကုသိုလ်အကျိုး

ပြိတ္တာမ လျှောက်ထားသောစကားများကိုကြားသော် အရှင်ကခ်ီရေဝတ မထေရ်က "ရေများသွေးဖြစ်နေရလောက်အောင် ကြီးမားသည့် အကုသိုလ်မှု မည်သို့ ပြုခဲ့သနည်း"ဟု မေးသည်၊ ပြိတ္တာမက လူဖြစ်စဉ် ကျိန်ဆဲမိသော အကုသိုလ်အကြောင်းနှင့် သားဖြစ်သူ ဥတ္တရလုလင်နှင့် အရှင်မဟာကစ္စည်း ထေရ်တို့အကြောင်းစုံကို ပြန်လည်လျှောက်ထားသည်။

## အမျှရ၍ ပြိတ္တာဘဝမှကျွတ်ရပြီ

ထိုအခါ မထေရ်က အရိပ်ပမာလိုက်ပါနေတတ်သည့် ပြုခဲ့ဖူးသော ကောင်းမှုမကောင်းမှုတို့အကြောင်းကို ဟောပြသည်၊ ပြိတ္တာမကို ရည်မှန်းလျက် အခြားသော ရဟန်းသံဃာတို့အား အရှင်ကခ်ီရေဝတက သောက်ရေလှူဒါန်း သည်၊ လှည့်လည်ဆွမ်းခံ၍ရသောဆွမ်းဘောဇဉ်တို့ကိုလည်း ရဟန်းတို့အား လှူဒါန်းလျက် ၃၁ ဘုံသားတို့အား အမျှပေးဝေသည်၊ အမှိုက်ပုံ စသည်တို့မှ ကောက်ယူရရှိသော အဝတ်အထည်တို့ကိုလည်း စင်ကြယ်စွာဖွပ်လျှော်ပြီး အခင်းအဖြစ် သံဃာတော်တို့အား လှူဒါန်းလျက် အမျှပေးဝေသည်။

ပြိတ္တာမသည် မထေရ်ပြုစုလှူဒါန်းသော ကုသိုလ်၏အမျှကို ရရှိ၍ သာဓု ခေါ်နိုင်သဖြင့် ပြိတ္တာမဘဝမှ ကျွတ်လွတ်ကာ နတ်စည်းစိမ်များခံစားရသည်၊ ထိုသို့ ဘဝပြောင်းကာ ဒုက္ခအဖုံဖုံခံစားနေရရာမှ သုခစုံစုံစံစားနေရသည့် နတ်စည်းစိမ်ကို အရှင်ကခ်ီရေဝထံ လာရောက်လျှောက်ထားသည်။

[ပေတဝတ္ထုတော်ကြီး ဥဗ္ဗရိဝဂ်၊ ဥတ္တရပေတဝတ္ထု]

---

## ဒါနပြုသည်ကို နှောင့်ယှက်သူ ရေဝတီ

ရေဝတီသည် နန္ဒိယဥပါသကာ၏ ဇနီးဖြစ်သည်၊ နန္ဒိယဥပါသကာသည် ပြုခဲ့သောဒါနကြောင့် မကွယ်လွန်မီကပင် နတ်ပြည်၌ ဘုံဗိမာန်ဖြစ်ပေါ်နေခဲ့သူ ဖြစ်သည်၊ ရေဝတီကား သဒ္ဓါတရားမရှိ၊ ရတနာသုံးပါးကို မကြည်ညို၊ သံဃာ

တော်တို့ကို ဆဲရေးသည်၊ ရှုတ်ချသည်၊ နန္ဒိယကား ရေဝတီနှင့်ပြောင်းပြန်ဖြစ်၏၊ သဒ္ဓါတရားရှိသည်၊ အလှူဒါနပြုသည်၊ ရတနာသုံးပါးကို ကိုးကွယ်သည်။

## ယုံကြည်မှုမတူ၍ သဘောမကျ

နန္ဒိယ၏မိဘတို့သည် ကြွယ်ဝချမ်းသာကြသည်၊ မိဘများက သားဖြစ်သူ နန္ဒိယအား ဦးရီးတော်သူ၏သမီးနှင့် လက်ထပ်ပေးလိုကြသည်၊ နန္ဒိယကမူ ဦးရီးတော်၏သမီး ရေဝတီကို သဘောမကျ၊ သို့ရာတွင် နန္ဒိယ၏ မိခင်က သားနှင့် လိုက်ဖက်ညီကာ ရှေ့သွားနောက်လိုက်ကောင်းဖြစ်စေရန် ဒါနပြုနည်း၊ သံဃာတော်တို့နှင့် ရင်းနှီးစွာ နေထိုင်ဆက်ဆံနည်း စသည်တို့ကို သင်ပြပေးသည်၊ သင်ပြပေးမှုတို့ကို လိုက်နာလုပ်ကိုင်မည်ဟု ရေဝတီက ကတိပြု၍ သူ့သားနှင့် လက်ထပ်ထိမ်းမြားပေးခဲ့ကြခြင်းဖြစ်သည်။

## အလှူဒါနအမျိုးမျိုးပြုခဲ့သူ

မိဘများကွယ်လွန်သွားသော် နန္ဒိယကိုယ်တိုင်ဦးစီးလျက် ရဟန်းသံဃာတို့ကို ကုသိုလ်ဒါနအမျိုးမျိုးပြုသည်၊ ခိုကိုးရာမဲ့သူ၊ ဆင်းရဲသူတို့အတွက်လည်း စားဖွယ်သောက်ဖွယ်စသည်တို့ လှူဒါန်းသည်၊ သူတို့အိမ်တံခါးဝတွင် အလှူမဏ္ဍပ်များဆောက်လုပ်ပြီး ဒါနဝတ်ကို အမြဲမပြတ်ပြုသည်၊ ဘုရားရှင်နှင့်သံဃာတော်တို့အတွက် မိဂဒါဝုန်ဥယျာဉ်၌ ကျောင်း၊ ဇရပ်စသည်ဆောက်လုပ်လှူဒါန်းသည်၊ ဘုရားရှင်နှင့်သံဃာတော်တို့ သီတင်းသုံးရာကျောင်းတို့တွင် သံဃာအသုံးအဆောင်အမျိုးမျိုးကိုလည်း လှူဒါန်းသည်။

နန္ဒိယသည် ခရီးသွားစရာအကြောင်းရှိလျှင် ဇနီးဖြစ်သူအား ပြုမြဲဒါနအလုပ်များကို သူကဲ့သို့ပင် ကြိုးစားပြုလုပ်ရန်၊ ခိုကိုးရာမဲ့သူ၊ ခရီးသွား၊ အကူအညီလိုအပ်သူတို့အတွက် သူပေးကမ်းလှူဒါန်းသကဲ့သို့ ဝတ်တရားမပျက် လှူဒါန်းပေးကမ်းရန်မှာကြားလေ့ရှိသည်၊ နန္ဒိယဆောက်လုပ်လှူဒါန်းသော ကျောင်းတော်ကြီးနှင့်အသုံးအဆောင်ပရိဘောဂများ ရေစက်ချလှူဒါန်းပြီးသည်နှင့် နတ်ပြည်တွင် နန္ဒိယအတွက် ဘုံဗိမာန်များ၊ နတ်တို့၏အသုံးအဆောင်များနှင့် ပြုစုကြမည့် ဗိမာန်နေနတ်သမီးများ အဆင်သင့်ပေါ်ပေါက်နေကြသည်။

## နန္ဒိယခရီးသွားစဉ် အလှူဝတ်များဖျက်ထားပြီ

ရေဝတီသည် ရောင်းဝယ်ကုန်သွယ်ရေးကိစ္စဖြင့် နန္ဒိယခရီးသွားနေစဉ် နန္ဒိယပြုနေကျအလှူဝတ်အချို့ကို ဖျက်ပစ်သည်၊ ရဟန်းသံဃာတို့အား ဆန်ကွဲထမင်းနှင့် ပုန်းရည်ဟင်းလောက်သာ ပေးလှူသည်၊ ရဟန်းတို့ ဆွမ်းစားသောနေရာတို့၌ သူကိုယ်တိုင် စားထားသော စားကြွင်းစားကျန်ထမင်း၊ ဟင်းတို့ကို ကြဲဖြန့်ထားသည်၊ အခြားသူတို့အားလည်း "ရဟန်းတို့ပြုလုပ်ထားပုံတို့ကို ကြည့်ကြ"ဟု သူကြဲဖြန့်ထားသည်တို့ကိုခေါ်ပြလျက် ရဟန်းသံဃာတို့အား အထင်အမြင်သေးစရာ၊ အကြည်ညိုမဲ့စရာဖြစ်အောင် ပြောပြသည်။

နန္ဒိယခရီးမှပြန်လာသောအခါ ရေဝတီ၏ လုပ်ရပ်အစုံနှင့် ရဟန်းသံဃာတို့အား မဟုတ်မမှန်စွပ်စွဲကာ အကြည်ညိုမဲ့စရာဖြစ်အောင်လုပ်ပုံ၊ ကောင်းမှုပြုသည့်ဝတ္တရားအမျိုးမျိုးဖျက်ထားပုံ စသည်ကို အခြားသူတို့ထံမှ ကြားသိသွားသည်၊ အိမ်သို့ရောက်သောအခါလည်း မျက်မြင်ပင်တွေ့မြင်သိရှိသွားသည်၊ သို့ဖြင့် ရေဝတီကို အိမ်မှနှင်ချလိုက်သည်၊ ရင်းနှီးသူတို့က ရေဝတီကို အိမ်သို့ ပြန်လာပို့ကြသည်၊ ပြန်ရောက်လာသော ရေဝတီကို သာမန်မျှသာ ထောက်ပံ့ပေးသည်၊ လုပ်ပိုင်ခွင့်အချို့ကိုလည်း ရုပ်သိမ်းလိုက်သည်။

တစ်နေ့တွင် အရှင်မဟာမောဂ္ဂလာန်မထေရ်ကြီးသည် တာဝတိံသာနတ်ပြည်သို့ကြွတော်မူရာ နန္ဒိယသူကြွယ်အတွက် ပေါ်ပေါက်လာသော ဗိမာန်၌ ရှေးဦးစွာရောက်နေကြသော နတ်သမီးတို့နှင့် တွေ့ဆုံမိသည်၊ နတ်သမီးတို့က မထေရ်ကြီးအား ဤသို့လျှောက်ထားလိုက်ကြသည်။

## လူ့စည်းစိမ်စွန့်၊ နတ်စည်းစိမ်ခံစားပါ

"အရှင်ဘုရား၊ တပည့်တော်တို့သည် မိဂဒါဝုန်တောတွင် ကျောင်းတော်ကြီး လေးဆောင်ဆောက်လုပ်လှူဒါန်းသူ နန္ဒိယသူကြွယ် တာဝတိံသာသို့ ရောက်လျှင် ပြုစုလုပ်ကျွေးရန် စောင့်နေကြသူနတ်သမီးများ ဖြစ်ကြပါသည်၊ နန္ဒိယသူကြွယ်အား လူ့စည်းစိမ်ကို စွန့်ပယ်ခဲ့ပြီး နတ်စည်းစိမ်ခံစားဖို့ မိန့်မှာပေးတော်မူပါ"

အရှင်မဟာမောဂ္ဂလာန်မထေရ်ကြီးသည် လူ့ပြည်သို့ပြန်ကြွလာသော အခါ ဘုရားရှင်ထံ ဤသို့လျှောက်ထားမေးမြန်းခဲ့သည်။

**နတ်စည်းစိမ်တို့ ကြိုတင်ဖြစ်ပေါ်နိုင်ပါသလား**

"အရှင်ဘုရား၊ လူ့ပြည်မှာရှိနေသေးသော ကုသိုလ်ကောင်းမှုပြုသူများ အတွက် ဘုံဗိမာန်စသော နတ်စည်းစိမ်တို့ နတ်ပြည်၌ ကြိုတင်၍ဖြစ်နေနိုင်ပါ သလားဘုရား"

ထိုအခါ ဘုရားရှင်က "ချစ်သားမောဂ္ဂလာန်၊ သင်ကိုယ်တိုင် ကိုယ်တွေ့ မျက်မြင် သိရှိ မြင်တွေ့ခဲ့ပြီမဟုတ်ပါလား"ဟု အမေးဖြင့် ဖြေကြားတော်မူသည်။

နန္ဒိယသူကြွယ်သည် ကွယ်လွန်သောအခါ ကောင်းမှုပြုသူတို့၏ လားရောက်ရာ တာဝတိံသာနတ်ပြည်တွင် နတ်သားဖြစ်သွားသည်။

ဇနီးဖြစ်ခဲ့သူ ရေဝတီကား ဒါနကိုလည်း ကိုယ်တိုင်ဖျက်၊ သူတစ်ပါးပြုသည် ကိုလည်း အားမပေး၊ ရဟန်းသံဃာတော်တို့ကို ဆဲရေးရှုတ်ချသောအကုသိုလ် ကံတို့ကြောင့် မကောင်းမှုပြုသူတို့လားရာ ငရဲသို့ ကျရောက်သွားရတော့သည်။

**[ရေဝတီဝိမာနဝတ္ထုနှင့် ဓမ္မပဒပိယဝဂ်နန္ဒိယသူကြွယ်ဝတ္ထု]**

---

## ဓမ္မစရိယမင်္ဂလာ

သုစရိုက်တရားတို့ကို ကျင့်သုံးခြင်းသည် ကောင်းကျိုးကိုဖြစ်စေသော ကြောင့် ဓမ္မစရိယမင်္ဂလာဟု ဘုရားရှင်ဟောတော်မူသည်၊ သုစရိုက်တရား ၁၀-ပါးရှိပါသည်၊ ကာယသုစရိုက်၃-ပါး၊ ဝစီသုစရိုက် ၄-ပါးနှင့် မနောသုစရိုက် ၃-ပါးတို့ဖြစ်ကြသည်။

**ကိုယ်နှင့်ဆိုင်သော ကာယသုစရိုက် ၃-ပါး**

၁။ **ပါဏာတိပါတ ဝိရတိ** - သူ့အသက်ကို သတ်ခြင်းမှရှောင်ကြဉ်ခြင်း၊ သနားကြင်နာတတ်ခြင်း၊ သတ္တဝါအားလုံး၏အကျိုးစီးပွားကို လိုလား ခြင်း၊

၂။ **အဒိန္နာဒါန ဝိရတိ** - ပိုင်ရှင်မပေးသောသူ့ဥစ္စာကို ခိုးယူမှုမှ ရှောင်ကြဉ်ခြင်း၊

၃။ **ကာမေသုမိစ္ဆာစာရ ဝိရတိ** - ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ အစောင့်အရှောက်ရှိသော၊ ကာမပိုင်ရှိသောမိန်းမတို့ကို ကျူးလွန်မှုမပြုခြင်း၊

## နှုတ်နှင့်ဆိုင်သော ဝစီသုစရိုက် ၄-ပါး

၁။ **မုသာဝါဒ ဝိရတိ** - မမှန်မကန်ပြောဆိုမှုမှရှောင်ကြဉ်ခြင်း၊

၂။ **ပိသုဏဝါစာ ဝိရတိ** - အချင်းချင်းမသင့်မမြတ်ဖြစ်အောင် ကုန်းချောရန်တိုက်စကား ပြောမှုမှရှောင်ကြဉ်ခြင်း၊

၃။ **ဖရုသဝါစာ ဝိရတိ** - မကြားကောင်းမနာသာကြမ်းကြုတ်သောစကားပြောခြင်းမှရှောင်ကြဉ်ခြင်း၊

၄။ **သမ္ဖပ္ပလာပ ဝိရတိ** - ကောင်းကျိုးချမ်းသာ မဖြစ်စေသည့်စကားများကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊

## စိတ်နှင့်ဆိုင်သော မနောသုစရိုက် ၃-ပါး

၁။ **အနဘိဇ္ဈာ** - သူတစ်ပါးဥစ္စာကို ကိုယ့်ဥစ္စာဖြစ်ရန် ကြံစည်မှုမှ ရှောင်ကြဉ်ခြင်း၊

၂။ **အဗျာပါဒ** - သူတစ်ပါးပျက်စီးစေရန် ကြံစည်မှုမှ ရှောင်ကြဉ်ခြင်း၊

၃။ **သမ္မာဒိဋ္ဌိ** - မှန်ကန်သော အယူအမြင်ရှိခြင်း၊

ဤဆယ်ပါးသောတရားတို့ကို ကုသလကမ္မပထတရား ၁၀-ပါးဟုလည်း ခေါ်ကြသည်၊ သုဂတိနတ်ရွာနိဗ္ဗာန်သို့ရောက်ကြောင်း တရားဆယ်ပါးဟု အဓိပ္ပာယ်ရှိသည်၊ ဤတရားဆယ်ပါးကို လိုက်နာပြုကျင့်လျှင် ပစ္စုပ္ပန်၊ တမလွန် ကောင်းကျိုးနှစ်တန်ကို ဖြစ်စေသောကြောင့် မင်္ဂလာဟု ဘုရားရှင်ဟောတော်မူသည်။

## ဒုစရိုက်တရား ၁၀-ပါး

ဤသုစရိုက်ဆယ်ပါး၏ပြောင်းပြန်ဖြစ်သော တရားဆယ်ပါးလည်းရှိသည်၊ ၎င်းတို့ကို ဒုစရိုက်တရားဆယ်ပါး၊ သို့မဟုတ် အကုသလကမ္မပထတရား ဆယ်ပါးဟုခေါ်သည်၊ မကောင်းသောအကျင့်များ၊ ဒုဂ္ဂတိသို့ရောက်ကြောင်း တရားများဟု အဓိပ္ပာယ်ရှိသည်။

### ကိုယ်နှင့်ဆိုင်သော ကာယဒုစရိုက် ၃-ပါး

၁။ **ပါဏာတိပါတ** - သူ့အသက်ကိုသတ်ခြင်း၊

၂။ **အဒိန္နာဒါန** - သူ့ဥစ္စာကိုခိုးယူခြင်း၊

၃။ **ကာမေသုမိစ္ဆာစာရ** - ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ကြံခြင်း၊

### နှုတ်နှင့်ဆိုင်သော ဝစီဒုစရိုက် ၄-ပါး

၁။ **မုသာဝါဒ** - မုသားပြောဆိုခြင်း၊

၂။ **ပိသုဏာဝါစာ** - ချောပစ်ကုန်းတိုက်ခြင်း၊

၃။ **ဖရုသဝါစာ** -အယုတ်တမာကြမ်းတမ်းစွာပြောဆိုခြင်း၊

၄။ **သမ္ဖပ္ပလာပဝါစာ** - အကျိုးမရှိ သိမ်ဖျင်းသောစကားပြောဆိုခြင်း။

### စိတ်နှင့်ဆိုင်သော မနောဒုစရိုက် ၃-ပါး

**အဘိဇ္ဈာ** - သူတစ်ပါး စည်းစိမ်ကို ကိုယ့်စည်းစိမ်ဥစ္စာဖြစ်စေရန်ကြံခြင်း၊

**ဗျာပါဒ** - သူတစ်ပါးပျက်စီးစေရန် မကောင်းကြံခြင်း၊ ဖျက်ဆီးခြင်း၊

**မိစ္ဆာဒိဋ္ဌိ** - အတွေးအယူအဆမှားယွင်းခြင်း၊ မမှန်ကန်သော အယူအမြင် ရှိခြင်း၊

ဤသုစရိုက်တရားဆယ်ပါးနှင့် ဒုစရိုက်တရားဆယ်ပါးတို့ကိုသာဟတ္ထိက- ကိုယ်တိုင် လက်ရောက်ပြုခြင်း၊ အာဏတ္တိက -သူတစ်ပါးကို စေခိုင်း၍ပြုစေ ခြင်း၊ ဝဏ္ဏဘာသန - ပြုလျှင် ရနိုင်သည့် အကျိုးတရားများကို ချီးကျူးခြင်း၊ သမနုည - သူတစ်ပါးတို့ ပြုလုပ်နေသည်ကို သဘောတူခြင်း (အလိုတူ

အလိုပါပြုလုပ်ခြင်း)ဟု လေးမျိုးစီဖြင့် မြှောက်ပွားလျှင် သုစရိုက်တရား ၄၀၊ ဒုစရိုက်တရား ၄၀ စီဖြစ်သည်။

ဒါနဥမင်္ဂလာတရားတော်နှင့်အညီ ဒါနအမျိုးမျိုးကိုတော့ပြုလုပ်သည်၊ သို့ရာတွင် ဓမ္မစရိယမင်္ဂလာတရားနှင့်ညီအောင်တော့ ကြိုးစားကျင့်ကြံမှုမရှိ၊ ဒုစရိုက် ၁၀-ပါးကို မရှောင်ကြဉ်ပါက သူတော်ကောင်းတစ်ဦးဖြစ်ရန် အင်္ဂါမစုံသေးပေ၊ ထို့ကြောင့် ဓမ္မစရိယမင်္ဂလာနှင့် ညီစေရန် ဒုစရိုက် ၁၀ပါးကို ရှောင်ကြဉ်ဖို့လိုသည်၊ သုစရိုက် ၁၀-ပါးကိုလည်း ကျင့်ကြံဖို့လိုသည်။

ကံငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သည့် သုရာမေရယကံသည် ဒုစရိုက်တရားဆယ်ပါးတွင် မပါဝင်သောကြောင့် အရက်သေစာသောက်စားရုံမျှနှင့် အကုသိုလ်ဒုစရိုက်မဖြစ်ဟု တွေးထင်ယူဆပြီး ပြောဆိုနေကြသည်ကို ကြားရဖူးသည်၊ ထိုအတွေးအထင်တို့သည် လူမိုက်အားပေးအတွေးအမြင်များဖြစ်သည်၊ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာကိုခိုးယူခြင်း၊ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ကြံခြင်း၊ မုသားစကားကို အလွယ်တကူပြောဆိုခြင်း စသည့်ကံတို့ကို ကျူးလွန်ရန်အတွက် သုရာမေရယသည် အရင်းခံ ပဓာနကျသည်၊ ထို့ကြောင့် သုရာမေရယသည် ကာယဒုစရိုက်၌ အကျုံးဝင်သည်ဟု ကျမ်းဂန်တို့၌ ဖော်ပြသည်။

---

## တရားရှိ၍ တရား၏စောင့်ရှောက်ခြင်းကိုခံရသူ

ဇေတဝန်ကျောင်းတော်မှ ယူဇနာ ၁၂၀ ကျော်ဝေးသော ကုလဃရမြို့ရှိ ဒါယိကာမကြီးတစ်ဦးအိမ်၌ ကျယ်လောင်စွာသာဓုခေါ်သံကြီးကြားလာရသည်၊ ဘယ်သူက ဘာ့ကြောင့်သာဓုခေါ်သည်မသိ၍ အိမ်ရှင်ဒါယိကာမကြီးက စုံစမ်းသည်၊ ထိုအခါ ဒါယိကာမကြီး၏အိမ်စောင့်နတ်က သာဓုခေါ်သူမှာသူဖြစ်ပါသည်ဟု ပြောကြားသည်၊ ဘာ့ကြောင့် ယခုမှငါ့ကို သာဓုခေါ်ကာ ကောင်းချီးပြုရသနည်း၊ အရင်တုန်းက တစ်ခါမျှငါ့ကို သာဓုခေါ်ကာ ချီးကျူးသံမကြားဖူးဘူးဟုပြောသည်။

ထိုအခါ ဒါယိကာမကြီးကို ချီးကျူးသာစုခေါ်သည်မဟုတ်၊ ဒါယိကာမကြီး၏သား မထေရ်ကို ချီးကျူးကာ သာစုခေါ်ခြင်းဖြစ်ပါသည်ဟု အိမ်စောင့်နတ်က ရှင်းပြသည်။

## သားသောဏ ရဟန်းဘဝရောက်ပြီ

အိမ်ရှင်ဒါယိကာမကြီးသည် ကောဋိကဏ္ဏသောဏမထေရ်၏ မိခင်ဖြစ်သည်၊ သူ့အိမ်သည် ကုလဃရမြို့၌ရှိသည်၊ ဇေတဝန်ကျောင်းတော်နှင့် ယူဇနာ ၁၂၀ ကျော်ဝေးသည်၊ သူ့သား သောဏသည် အဝန္တိဇနပုဒ်ရှိ ပဝတ္တတောင်၌ သီတင်းသုံးနေသော အရှင်မဟာကစ္စည်း၏ တရားတော်ကို နှစ်သက်သဘောကျ၍ မထေရ်ထံ၌ ရှင်သာမဏေဝတ်နေသည်၊ ပဝတ္တတောင်ရှိရာ ဒက္ခိဏာပထတိုင်း၌ ရဟန်းတော်တို့နည်းသည်၊ သာမဏေသောဏသည် ရဟန်းတော်တို့နည်းသော ဒေသ၌ နေရ၍ သုံးနှစ်ကြာမှ ရဟန်းခံကာ ရဟန်းဘဝရောက်ရသည်။

## ဘုရားရှင်၏ သာစုခေါ်သံကြားရ၍

ရဟန်းဖြစ်သွားသော် သောဏမထေရ်သည် ဆရာကို ပန်ကြားလျက် ဘုရားရှင်ကို ဖူးမြော်ရန် ဇေတဝန်ကျောင်းတော်သို့ကြွသွားသည်၊ ဘုရားရှင်၏ ခွင့်ပြုချက်ဖြင့် ကျောင်းတော်၌ပင် နေထိုင်သည်၊ နံနက်စောစောတစ်ချိန်တွင် ဘုရားရှင်က တိုက်တွန်းသဖြင့် အဋ္ဌကဝဂ်၊ တစ်ဆယ့်ခြောက်သုတ်တို့ကို ရွတ်ဖတ်သည်၊ ဘုရားရှင်က ဝမ်းမြောက်တော်မူ၍ သောဏမထေရ်ကို သာစုခေါ်လျက် ချီးကျူးထောမနာပြုတော်မူသည်၊ ဘုရားရှင်ကိုယ်တော်တိုင် ချီးကျူးထောမနာပြုသည့်သာစုခေါ်သံကို ကြားသော် မြေပြင်၊ ရေပြင်နှင့် ကောင်းကင်ရှိ နတ်များ၊ နဂါး၊ ဂဠုန်များနှင့် နတ်ပြည်၊ ဗြဟ္မာပြည်ရှိ နတ်ဗြဟ္မာတို့ကပါ ချီးကျူးကာ သာစုခေါ်ကြသည်၊ သောဏမထေရ်၏မိခင်အိမ်ရှိ အိမ်စောင့်နတ်သည်လည်း အခြားနတ်ဗြဟ္မာတို့နည်းတူ သာစုခေါ်သည်။

ထိုအိမ်စောင့်နတ်၏ ဟိန်းထွက်ကျယ်လောင်လှသော သာစုခေါ်သံကြား၍ အိမ်ရှင် ဒါယိကာမကြီးက သူ့အတွက်သာစုခေါ်သည်ထင်မှတ်ကာ

မေးသည်၊ ဒါယိကာမကြီး၏အမေးကို အိမ်စောင့်နတ်က အထက်ပါအတိုင်း အကျိုးအကြောင်း ပြည့်ပြည့်စုံစုံ ရှင်းပြသည်။

## ကြွယ်ဝချမ်းသာသောမိခင်

သောဏမထေရ်၏မိခင်သည် အလွန်တရာကြွယ်ဝချမ်းသာသူဖြစ်သည်၊ သူနေသောအိမ်သည် တံတိုင်းခုနစ်ထပ် ကာရံထားသောအိမ်ဖြစ်သည်၊ တံခါးမုခ် ခုနစ်ခုရှိသည်၊ တံခါးမုခ်တိုင်း၌ အစောင့်ခွေးကြီးများထားသည်၊ အိမ်အမိုး တံစက်မြိတ်ကျရာနေရာ၌ ကျုံးကိုလည်းတူးထားသည်၊ သံချွန်သံပြောင့်တို့ဖြင့် စိုက်ထူကာရံ၍လည်း ထားသည်။

## မိခင်၏ကြံစည်စိတ်ကူးမှု

မထေရ်၏မိခင်သည် အိမ်စောင့်နတ်ရှင်းပြသောစကားတို့ကိုကြားသော် "ငါ့သားတော်သည် ဘုရားရှင်ကိုပင် ဘုရားရှင်၏ဆန္ဒတော်နှင့်အညီ တရားဟောတော်မူသေးသည်၊ ဘုရားရှင်၏ကျောင်းတော်၌လည်း နေရသည်၊ ငါ့ကိုလည်း တရားဟောနိုင်လိမ့်မည်၊ သားတော်ရဟန်းကြွလာလျှင် တရားပွဲပြုလုပ်မည်၊ ငါလည်း တရားနာယူမည်"ဟု ကြံစည်စိတ်ကူးထားလေ၏။

နောက်ရက်များမကြာမီ သောဏထေရ်သည် ဘုရားရှင်ကို ပန်ကြားပြီး ဥပဇ္ဈာယ်ဆရာ အရှင်မဟာကစ္စည်းထံ ပြန်ကြွလာခဲ့သည်၊ အရှင်မဟာကစ္စည်းထေရ်သည် တပည့်ဖြစ်သော ရဟန်းတော် အရှင်သောဏကိုခေါ်ကာ ဆွမ်းခံကြွစဉ် သောဏထေရ်၏ မိခင်အိမ်သို့ ရောက်သွားသည်။

## မိခင်ကြီးတရားနာယူစဉ်

ထိုအခါ မိခင်ကြီးက အိမ်စောင့်နတ်ထံမှ ကြားသိရသောအကြောင်းအရာများနှင့် တရားပွဲပြုလုပ်ရန် စီစဉ်စိတ်ကူးထားပုံများကို သားတော်ရဟန်းအား လျှောက်ထားအသိပေးသည်၊ သားတော်ရဟန်းက တရားဟောရန် သဘောတူသဖြင့် တရားမဏ္ဍပ်များ ဆောက်လုပ်စေသည်၊ တရားပွဲအစီအစဉ်ကို အသေးစိတ်ပြုလုပ်ထားသည်၊ တရားပွဲကျင်းပသောနေ့တွင် တရားမဏ္ဍပ်သို့ သွားလျက် သားဟောကြားသော တရားကို နာယူနေသည်။



## အိမ်ဖောက်ခိုးခံနေရပုံ ကျွန်မက သွားပြောရာ

ထိုအချိန်၌ ခိုးသူတို့သည် အိမ်ရှင်ဒါယိကာမကြီး တရားနာသွားသည်ကို သိသဖြင့် အိမ်ပြင်ပမှ အိမ်ထဲအထိ မြေအောက်လိုဏ်တူးဖော်ကာ အိမ်တွင်းသို့ ဝင်ကြသည်၊ အိမ်တွင်းသို့ရောက်ကြသောအခါ အသပြာများထားရှိရာတိုက်တံခါးကို ဖွင့်ပြီးယူကြသည်၊ အိမ်၌အစောင့်အဖြစ်ထားခဲ့သော ကျွန်မသည် အသပြာတိုက်တံခါးဖွင့်ယူသည်မြင်၍ တရားနာနေသောအိမ်ရှင်မကြီးထံ သွားပြီးအသိပေးအကြောင်းကြားသည်၊ နှစ်ကြိမ်တိုင် အကြောင်းကြားအသိပေးသည်၊ ထိုအခါ အိမ်ရှင်မကြီးက "ခိုးသူတို့လိုချင်သမျှ အသပြာတို့ကို ယူပါစေ၊ တရားနာနေသောငါ့ထံလာပြီးမပြောနှင့်၊ ငါ့အတွက် အနှောင့်အယှက်ဖြစ်သည်"ဟု ပြန်ပြောလျက် ကျွန်မကို အိမ်ပြန်ခိုင်းလိုက်သည်။

## နောက်တစ်ခါလာပြောလျှင်သိမည်

ခိုးသူတို့သည် အသပြာများယူပြီးသော် ငွေတိုက်၊ ရွှေတိုက်၊ ဘဏ္ဍာတိုက်တို့ကို ဖွင့်ယူကြပြန်သည်၊ ကျွန်မသည် အိမ်ရှင်မကြီး တရားနာနေရာသို့ သုံးကြိမ်မြောက်အဖြစ် သွားပြီး အခြေအနေအလုံးစုံကို ပြောပြပြန်သည်၊

ထိုအခါ အိမ်ရှင်မကြီးက "သင် ခဏခဏ လာလာမပြောနှင့်၊ အရမ်းအနှောင့် အယှက်ဖြစ်သည်၊ သူတို့လိုချင်တာယူကြပါစေ၊ ငါ့စကားကို နားမထောင်ဘဲ နောက် တစ်ခါလာပြောလျှင်သိမည်"

အိမ်ရှင်မကြီးက ကျွန်မကို နောက်တစ်ကြိမ် လာမပြောရန် ကြိမ်းမောင်း လွှတ်လိုက်သည်။

ခိုးသူတို့ခေါင်းဆောင်ကြီးသည် တပည့်ခိုးသားတို့ လိုဏ်ခေါင်းဖောက်ကာ အိမ်တွင်းဝင်ခိုးယူနေသည်ကို အိမ်ရှင်မကြီးသိ၍ ပြန်လာလျှင်အသေသတ်မည် ဟူသောတာဝန်ဖြင့် တရားနာနေသောအိမ်ရှင်မကြီးအနီး၌နေကာ တရားနာ ဟန်ဆောင်နေသည်၊ ကျွန်မလာပြောသောစကားများနှင့် အိမ်ရှင်မကြီးက ပြန်ပြောသံတို့ကိုလည်း ခိုးသူကြီးကကြားသည်။

## ခိုးသူတို့ သဘောထားပြောင်းကာ ရဟန်းပြုကြပြီ

သို့ဖြင့် ခိုးသူကြီးသည် အိမ်ရှင်မကြီးအပေါ် သဘောထားပြောင်းသွား တော့သည်၊ သတ်ရန်တာဝန်ယူထားရာမှ အိမ်ရှင်မကြီးကို ကူညီရန် သဘော ထားပြောင်းသွားသည်၊ တပည့်တို့ ဖောက်ထွင်းခိုးယူနေသည့်နေရာသို့ အမြန် ပြန်သွားသည်၊ ယူထားသမျှ ပစ္စည်းတို့ကိုမယူဘဲ ပြန်ထားရန် ပြောသည်၊ ခိုးသူ ကြီး၏ ရှင်းပြမှုကြောင့် ခိုးသားတို့က ပစ္စည်းအားလုံးနေရာတကျ ပြန်ထားကြ သည်၊ သူတို့အကြံအစည်နှင့် လုပ်ကိုင်ထားသမျှကို အိမ်ရှင်မကြီးအား ပြန် ပြောကြသည်၊ ခွင့်လွှတ်ပါရန်နှင့် တရားရှိသူကို စော်ကားမိ၍ အပြစ်မယူပါ ရန်လည်း တောင်းပန်ကြသည်၊ အိမ်ရှင်မကြီး၏သားသောဏထေရ် ဟောကြား သော တရားတော်ကိုလည်း နှစ်သက်သဘောကျသဖြင့် မထေရ်ထံ၌ ရဟန်းပြု ခွင့်ရရန် လျှောက်ထားပေးဖို့ပါ ပန်ကြားကြသည်။

သောဏထေရ်သည် မိခင်ကြီး လျှောက်ထားသည်ကို လက်ခံပြီး ခိုးသူ အားလုံးကို ပထမ ရှင်သာမဏေပြုပေးသည်၊ ထို့နောက် ပဉ္စင်းခံပေးကာ ထိုရဟန်းတို့နှင့် သင့်လျော်သော တရားဘာဝနာများ ဟောကြား ပြသပေး သည်။

တရားရှိသူ၊ တရားကျင့်သူကို တရားကစောင့်ရှောက်သည်၊ ကောင်းစွာ ကျင့်သုံးထားအပ်သော တရားသည် ချမ်းသာ သုခပေးသည်ဟု ဘုရားရှင် ဟောတော်မူထားသည်၊ ဓမ္မစရိယ မင်္ဂလာနှင့်အညီ နေထိုင်တတ်ကြရန် အရေးကြီးလှပေသည်။

[ဓမ္မပဒ၊ ဘိက္ခုဝဂ်၊ ရဟန်းများစွာဝတ္ထု]

---

## သီလကြောင့် အသက်ရှည်ကြသူများ

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးစိုးစံနေသည့်အချိန်ကဖြစ်သည်၊ ကာသိတိုင်းတွင် ဓမ္မပါလအမည်ရှိ ရွာတစ်ရွာရှိသည်၊ ထိုရွာသူရွာသားများ သည် ဒါနပြုကြသည်၊ သီလဆောက်တည်ကြသည်၊ ဆယ်ပါးသော ကုသလ ကမ္မပထတရားများကို ကျင့်သုံးကြသည်၊

### သားဓမ္မပါလ

ဗုဒ္ဓလောင်းလျာသည် ဓမ္မပါလရွာရှိ မဟာဓမ္မပါလပုဏ္ဏားကြီး၏သားဖြစ် နေခဲ့သည်၊ သူ့အမည်ကိုလည်း ဓမ္မပါလဟုပင် ပေးထားကြသည်၊ ဖခင်ပုဏ္ဏား ကြီးက သားဖြစ်သူ ဓမ္မပါလအား အသပြာတစ်ထောင်ပေးကာ တက္ကသိုလ် ပြည်ရှိ ဒိသာပါမောက္ခ ဆရာကြီးထံ ပညာသင်ဖို့ စေလွှတ်သည်၊ အသပြာ တစ်ထောင်မှာ ဒိသာပါမောက္ခဆရာကြီးအား ဉာဏ်ပူဇော်ခပေးရန်ဖြစ်သည်။

### တပည့်တို့၏အကြီးအမှူး

တက္ကသိုလ်ပြည်သို့ရောက်သော် ဓမ္မပါလသည် ဆရာကြီးအား ဖခင် ပုဏ္ဏားကြီးပေးလိုက်သောအသပြာဖြင့် ပူဇော်သည်၊ ရိုးရိုးသားသားနေထိုင် သည်၊ ပညာကိုကြိုးစားသင်ယူသည်၊ ဆရာ့စကားနားထောင်သည်၊ ထိုသို့ ရိုးသားခြင်း၊ ကြိုးစားခြင်းနှင့် ဆရာ့စကားနားထောင်ခြင်း စသောဂုဏ်ရည်တို့ ကြောင့် ဓမ္မပါလသည် ပညာသင်ဖော်သင်ဖက်တို့၏ချစ်ခင်မှုနှင့်လေးစား မြတ်နိုးမှုတို့ရရှိလာခဲ့သည်၊ မကြာမီပင် ဆရာကြီး၏ တပည့်ငါးရာတို့တွင် ဓမ္မပါလသည် အကြီးအမှူး ဖြစ်လာတော့သည်။

## ဆရာကြီး၏သား ကွယ်လွန်သော်

တစ်နေ့သ၌ ဒိသာပါမောက္ခဆရာကြီး၏သားအကြီး ကွယ်လွန်သွားသည်၊ မိဘများနှင့်ညီအစ်ကိုမောင်နှမများ၊ ဆွေမျိုးဉာတိများနှင့်ဆရာကြီး၏ တပည့်များက ဝမ်းနည်းပူဆွေး၊ ငိုကြွေးကြသည်၊ တပည့်ဓမ္မပါလကား ပူဆွေးပုံမပြ၊ ငိုကြွေးခြင်းလည်းမပြု။

## ကိုယ်ထင်ရာကိုယ်ပြောနေကြပုံ

ဆရာကြီး၏သားကွယ်လွန်မှုနှင့်ပတ်သက်၍ အမျိုးမျိုး ပြောကြဆိုကြသည်၊ ငယ်ငယ်ရွယ်ရွယ်နှင့်သေရသည်မှာ ကုသိုလ်ကောင်းမှုနည်း၍၊ သီလနည်း၍ဟု အချို့က ပြောကြသည်၊ အချို့ကမူ သေမင်းသည် ငယ်သူ၊ ကြီးသူမရွေး ခေါ်ချင်သူလိုခေါ်သည်၊ သီလရှိသူ၊ မရှိသူဟု ခွဲခြားမှုမရှိ စသည်ဖြင့် ကိုယ်ထင်ရာ ကိုယ်ပြောကြသည်။

အမျိုးမျိုးပြောဆိုသံများ ကြားသောအခါ ဓမ္မပါလကလည်း သူ့အမြင်နှင့် သူ့အယူအဆကို ပြောပြသည်၊ သူတို့မျိုးရိုး၌ ငယ်ငယ်ရွယ်ရွယ်ဖြင့် သေသူမရှိ အသက်ကြီးမှ၊ အိုခါမှ၊ ကံကုန်ခါမှသေကြသည်ဟုပြောသည်၊ ဓမ္မပါလ၏ စကားကို ဆရာကြီးကြားသိသွားသည်၊ ဆရာကြီးက ဓမ္မပါလကို ခေါ်သည်၊ သူကြားသိရသောစကားများ ပြန်ပြောပြလျက် ထိုစကားများကို ဓမ္မပါလပြောသည်မှာ ဟုတ်သလားဟုလည်း မေးသည်။

## ဆိတ်ရိုးတို့ယူလာကာ

ဓမ္မပါလသည် ဆရာ၏အမေးကို ရိုရိုသေသေပင် ပြန်လည်ဖြေကြားသည်၊ ဓမ္မပါလ၏အဖြေစကားတို့တွင် သီလထိန်းသိမ်းဆောက်တည်သောကြောင့် သူတို့အမျိုးအသက်ရှည်သည် စသည့်စကားထူး၊ စကားဆန်းများပါလာသည်၊ ထို့ကြောင့် ဆရာကြီးက ဟုတ်မှန်မှုရှိ မရှိ သွားရောက်စုံစမ်းလိုသဖြင့် ဓမ္မပါလထံ တပည့်များကို အပ်နှံထားခဲ့ပြီး ဓမ္မပါလတို့ရွာသို့သွားရန် တက္ကသိုလ်မှ ထွက်လာခဲ့သည်၊ ဆရာကြီးသည် ဓမ္မပါလ၏မိဘဆွေမျိုးများအား သားဖြစ်သူ ဓမ္မပါလသေပြီဟုပြောကာ သက်သေအဖြစ်ပြသရန် ဆိတ်ရိုးတို့ကို အိတ်ဖြင့် ထည့်လာခဲ့သည်။

ဓမ္မပါလ၏ မိဘဆွေမျိုးများသည် တက္ကသိုလ်ပြည်မှ ဒိသာပါမောက္ခ ဆရာကြီး သူတို့ထံရောက်လာသဖြင့် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြသည်၊ ကောင်းမွန်စွာဧည့်ခံကြသည်၊ ဆရာကြီးသည် ဓမ္မပါလ၏ မိဘဆွေမျိုးတို့နှင့် စကားပြောဆိုပြီးနောက် ဓမ္မပါလအကြောင်းကို ဤသို့ အသိပေးသည်။

## ဓမ္မပါလကွယ်လွန်ရှာပြီ

"ပုဏ္ဏားကြီးမိသားစုတို့၊ သင်တို့၏သား ဓမ္မပါလသည် အနေအထိုင် ရိုးသားသည်၊ ပညာကို ကြိုးစားသင်ယူသည်၊ ဉာဏ်လည်းထက်မြက်သည်၊ သို့ရာတွင် ပြင်းထန်သော ဝေဒနာခံစားရ၍ မကြာမီက ကွယ်လွန်သွားရှာပြီ"



ဆရာကြီး၏အသိပေးစကားကို ကြားသော် ဓမ္မပါလ၏ဖခင်ပုဏ္ဏားကြီးက သူ့သားမသေနိုင်သေးပါ၊ သေသူမှာ အခြားသူတစ်ဦးဖြစ်ပါလိမ့်မည်ဟု ပြန်ပြောပြသည်၊ ထိုအခါ ဆရာကြီးက ဓမ္မပါလ၏အရိုးများဟုဆိုကာ သက်သေအဖြစ် ယူလာသော ဆိတ်ရိုးတို့ကိုပြသသည်၊ ဆရာကြီးပြသော ဆိတ်ရိုးတို့ကိုကြည့်ကာ ပုဏ္ဏားကြီးက "ဤအရိုးတို့မှာ သူ့သားဓမ္မပါလ၏ အရိုးတို့ မဟုတ်" ဟု ငြင်းပယ်သည်၊ သူ့မျိုးရိုး၌ ဓမ္မပါလအရွယ်ငယ်သူတို့ သေရိုးထုံးစံမရှိ၊ အစဉ်အလာလည်းမရှိဟု ရှင်းပြသည်။

## အသက်ရှည်ဆေး သိချင်ပါသည်

ထိုအခါ ဒိသာပါမောက္ခဆရာကြီးက“ဓမ္မပါလမကွယ်လွန်သေးပါ။ဓမ္မပါလက သူတို့အမျိုး၌ ငယ်ငယ်ရွယ်ရွယ်ဖြင့် ကွယ်လွန်သူမရှိ”ဟု ပြော၍ စုံစမ်းချင်သဖြင့် သူလာခဲ့ပါသည်၊ အဘယ်ကြောင့် ဓမ္မပါလတို့မျိုးရိုး၌ ငယ်ငယ်ရွယ်ရွယ်ဖြင့် မကွယ်လွန်ကြဘဲ အသက်တမ်းစေ့နေပြီးမှ ကွယ်လွန်ကြရပါသနည်း၊ အသက်ရှည်ကြရသည့်အကြောင်းနှင့် အသက်ရှည်ဆေးသိချင်ပါသည်”ဟု မေးမြန်းသည်။

ဓမ္မပါလ၏ဖခင်ပုဏ္ဏားကြီးက “သူတို့မျိုးရိုးသည် ဒါနပြုသည်၊ သီလဆောက်တည်သည်၊ တရားဓမ္မနာယူသည်၊ မသူတော်တို့နှင့်ပေါင်းဖော်ခြင်းမပြု၊ အထူးသဖြင့် ကုသလကမ္မပထတရားဆယ်ပါးဖြစ်သော သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်သည်၊ သူ့တစ်ပါးဥစ္စာကို မခိုးယူ၊ သူတစ်ပါးသားမယားကိုလည်း မစော်ကား၊ မုသားပြောဆိုခြင်းမရှိ ကုန်းတိုက်ခြင်း၊ ကြမ်းတမ်းသောစကားကိုပြောခြင်း၊ အကျိုးမဲ့စကားပြောကြားခြင်းတို့ကိုလည်း မပြုဘဲ ရှောင်ကြဉ်ကြသည်၊ သူတစ်ပါးအပေါ် အဘိဇ္ဈာမပွားကြ၊ ဗျာပါဒမပြုကြ၊ ကောင်းမွန်သည့်အယူအမြင်ရှိသည်၊ ထို့ကြောင့် အသက်ရှည်ကြသည်၊ ဤသည်တို့သည်ပင်သူတို့မျိုးရိုး၏အသက်ရှည်ကြောင်း အာယုဒီဃဆေးဖြစ်ပါသည်”ဟု ကုသလကမ္မပထတရားများပြောပြလျက် ဖြေကြားသည်။

ဒိသာပါမောက္ခဆရာကြီးသည် သူယူလာခဲ့သည့်အရိုးများနှင့်အရိုးများယူလာရသည့်ရည်ရွယ်ချက် စသည်တို့ကို ပြန်လည်ပြောပြသည်၊ ထို့နောက်ပုဏ္ဏားကြီးပြောပြသော အာယုဒီဃဆေးဖြစ်သည့် ကုသလကမ္မပထတရားဆယ်ပါးတို့ကို ရေးမှတ်ယူကာ တက္ကသိုလ်သို့ ပြန်သွားသည်။

ဆရာကြီးသည် တက္ကသိုလ်သို့ပြန်ရောက်သော် ဓမ္မပါလအား ပညာကုန်သင်ပေးပြီး မိဘတို့ထံ ပြန်ခွင့်ပေးလိုက်သည်၊

[ဇာတ်တော်ငါးရာ့ငါးဆယ်၊ မဟာဓမ္မပါလဇာတ်]

## မင်းကျင့်တရားမရှိသူ မင်း

ကပိလတိုင်း ဥတ္တရပဉ္စာလပြည်၌ ပဉ္စာလမင်းကြီး စိုးစံအုပ်ချုပ်နေ၏၊ ထိုမင်းသည် မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်သူမဟုတ်၊ အဂတိ လိုက်စားသည်၊ မင်းမှုထမ်းတို့သည်လည်း တရားမစောင့်ကြကုန်၊ ပြည်သူပြည်သားတို့အား နည်းမျိုးစုံဖြင့် ညှဉ်းပန်းနှိပ်စက်ကြသည်။

ပြည်သူပြည်သားတို့သည် မင်းနှင့်မင်းမှုထမ်းတို့ကိုကြောက်သောကြောင့် မိမိတို့မြို့ရွာနေအိမ်တို့၌ မနေဝံ့ကြ၊ နေအိမ်တို့ကို ဆူးခက်တို့ဖြင့် ပိတ်ဆို့ထားခဲ့ကာ နေ့အခါ တောကြိုတောင်ကြား၌ ပုန်းလျှိုးနေကြရသည်၊ ညအခါရောက်သော် သူခိုးသူဝှက်နှင့် လုယက်သူ၊ ဓားပြတိုက်သူတို့၏ရန်ကြောင့် အိမ်သို့ပြန်နေကြသည်။

## မင်းကြီးကို သတိပေးရန် တည်ပင်စောင့်နတ်ရောက်လာ

ထိုအချိန်တွင် ဗုဒ္ဓလောင်းလျာသည် ထိုမြို့၏အပြင်ဘက်ရှိ တည်ပင်တစ်ပင်၌ တည်ပင်စောင့်နတ် ဖြစ်နေသည်၊ နှစ်စဉ်နှစ်တိုင်း အသပြာတစ်ထောင် တန်ဖိုးရှိ ပူဇော်သက္ကာရ ပစ္စည်းများရရှိသည်၊ တရားနှင့်အညီကျင့်ကြံအုပ်ချုပ်ရန် မေ့လျော့နေသဖြင့် ပြည်သူတို့ မကျေမနပ်ဖြစ်နေသော ပဉ္စာလမင်းကြီးကို သတိပေးရန် ဗုဒ္ဓလောင်းလျာနတ်သည် မင်း၏ကျက်သရေခန်းသို့သွားရောက်သည်၊ အရောင်အဝါတောက်ပစွာဖြင့် ရောက်လာသောနတ်မင်းကို မြင်သော်မင်းကြီးက အကျိုးအကြောင်းမေးသည်။

## ပြည်သူတို့ဆန္ဒ စနည်းနာပါ

ထိုအခါ တည်ပင်စောင့်နတ်က-

"မင်းကြီး၊ မင်းတို့သည် ပြည်သူတို့ထက် အပ္ပမာဒတရားရှိရာ၏၊ မေ့မေ့လျော့လျော့နေခြင်းသည် ပျက်စီးခြင်း၏အကြောင်းဖြစ်၏၊ မေ့မေ့လျော့လျော့နေသောမင်းတို့၏ တိုင်းပြည်သည် ဆုတ်ယုတ်သည်၊ မေ့မေ့လျော့လျော့နေခြင်းသည် မင်းကောင်းမင်းမြတ်တို့၏ အစဉ်အလာမဟုတ်။

"မင်းကြီး၊ ပြည်သူပြည်သားတို့၏နေရာ မြို့ရွာ၊ ဇနပုဒ်စသည်သို့သွားပါ၊ ပြည်သူပြည်သားတို့ဆန္ဒကို စနည်းနာပါ၊ ထိုအခါ ပြည်သူပြည်သားတို့၏ဆန္ဒနှင့်သဘောထားတို့ကို မြင်ခဲ့၊ ကြားခဲ့၊ သိခဲ့ရပါလိမ့်မည်၊ ကြားသိခဲ့ရသည်တို့ကို မှတ်သား၍ တရားနှင့်အညီကျင့်ပါ"

ပဉ္စာလမင်းကြီးသည် နတ်မင်း၏ ပြောဆို တိုက်တွန်းသံကိုကြားသော် ပညာရှိ ပုရောဟိတ်ပုဏ္ဏားကိုခေါ်ကာ နံနက်လင်းသောအခါ နန်းတော်၏ အရှေ့တံခါးမှ ထွက်လာခဲ့သည်၊ ရွာငယ်တစ်ရွာသို့ရောက်သော် အဘိုးအိုတစ်ယောက်ကို တွေ့ရသည်၊ ထိုအဘိုးအိုသည် ခြေထောက်၌ ဆူးစူးသဖြင့် ဆူးကိုနုတ်နေသည်၊ အခွန်အမျိုးမျိုးတောင်းသူ မင်းမှုထမ်းတို့ ပြန်သွားကြပြီဖြစ်၍ သူ့အိမ်သို့ပြန်လာစဉ် အိမ်တံခါးဝ၌ ပိတ်ဆို့ထားခဲ့သော ဆူးစူးခြင်းခံရ၍ နုတ်နေခြင်းဖြစ်သည်။

## မင်းကြီးသည် ဆင်းရဲသောဝေဒနာ ခံစားရပါစေသား

"ယခုအခါ ငါသည် ဆူးစူး၍ဆင်းရဲသောဝေဒနာကို ခံစားရသကဲ့သို့ ပဉ္စာလမင်းကြီးသည်လည်း စစ်မြေပြင်တွင် မြားစူးကာ ဆင်းရဲသောဝေဒနာကို ခံစားရပါစေဟု ငြီးတွားသည်"

အဘိုးအိုအနီးရောက်နေသော မင်းနှင့်ပုဏ္ဏားကြီးတို့သည် အဘိုးအို၏ ကျိန်ဆဲငြီးတွားသံကြားသဖြင့် ပုဏ္ဏားကြီးက ဤသို့မေးလိုက်သည်။

"အဘိုးကြီး၊ သင် အိုမင်းမစွမ်း၍ မျက်စိအားနည်းသောကြောင့် ဆူးကို မမြင်သဖြင့် ဆူးစူးခြင်းခံရသည်၊ ဘုရင်မင်းမြတ်နှင့်ဘာဆိုင်သနည်း၊ အဘယ့်ကြောင့် မင်းကို အပြစ်တင်ရသနည်း"

## ဤသို့ဖြစ်ရသည်မှာ မင်းကြောင့်

ထိုအခါ အဘိုးအိုက ပုဏ္ဏားကြီးအား ဤသို့ပြန်ပြောပြသည်၊

"အိုပုဏ္ဏား၊ မင်းသည် တိုင်းပြည်ကိုမစောင့်ရှောက်၊ မင်းမှုထမ်းတို့သည် အခွန်အတုတ် အမျိုးမျိုး ကောက်ခံလျက် ပြည်သူတို့ကို နှိပ်စက်ကြသည်၊



ညအခါ ခိုးဆိုးသူတို့က လုယက်ကြသည်၊ အိမ်မှာ နေ့အခါမနေဝံ့၍ ဆူးတို့ဖြင့် ပိတ်ထားခဲ့ကာ တောသို့ပုန်းကွယ်နေရသည်၊ ပြန်လာသောအခါ ပိတ်ထားသော ဆူးစူး၍ ဝေဒနာခံစားရသည်၊ ဤသို့ဖြစ်ရသည်မှာ မင်းကြောင့်"

အဘိုးအိုက သူကျိန်ဆဲရသည့်အကြောင်းကို ရှင်းပြသည်။

ဘုရင်မင်းမြတ်နှင့်ပုဏ္ဏားကြီးတို့ ရှေ့ဆက်လာခဲ့သောအခါ အဘွားအို တစ်ဦးကိုတွေ့ရပြန်သည်၊ ထိုအဘွားအိုသည် ဆင်းရဲသည်၊ အရွယ်ရောက်နေပါလျက် အိမ်ထောင်မရှိသောသမီးနှစ်ယောက်ကို လုပ်ကိုင်ကျွေးမွေးနေရသည်၊ ချုံတစ်ချုံပေါ်တက်၍ အသီးအရွက်ခူးစဉ် လိမ့်ကျသောကြောင့် နာကျင်သဖြင့် ပြစ်တင်မောင်းမဲ ကျိန်ဆဲနေသည်။

## မင်း၏သမီးတို့လည်း လင်မရဘဲ အိုကြပါစေ

"အချိန်တန်အရွယ်ရောက်ကြပြီဖြစ်သော်လည်း ငါ့သမီးနှစ်ယောက်တို့ ယခုတိုင် လင်မရကြကုန်၊ ဤနိုင်ငံ၌ သတို့သမီးတို့သည် လင်မရကြဘဲလျက် အိုမင်းသွားကြရကုန်၏၊ ဤနိုင်ငံကို အုပ်စိုးနေသူ မင်း၏သမီးတို့သည်လည်း လင်မရကြဘဲ အိုမင်းကြပါစေ"

အဘွားအို၏ ကျိန်ဆဲသံကြားသောအခါ ပုဏ္ဏားကြီးက အဘွားအိုအား "အဘယ့်ကြောင့် ဤသို့ကျိန်ဆဲရသနည်း၊ အဘွား၏သမီးတို့ လင်မရကြခြင်းမှာ အုပ်စိုးနေသူမင်းနှင့် မည်သို့သက်ဆိုင်သနည်း၊ မင်းကပင် လင်ရှာပေးရဦးမည်လော"ဟု မေးမြန်းသည်။

ထိုအခါ အဘွားအိုက

"ဤနိုင်ငံကို အုပ်စိုးသူမင်းသည် တရားမစောင့်၊ မင်း တရားမစောင့်သကဲ့သို့ အမှုထမ်းတို့လည်း တရားမစောင့်ကြကုန်၊ မင်းနှင့်မင်းမှုထမ်းတို့ နှိပ်စက်ညှဉ်းပန်းမှုကြောင့် အခွန်အတုတ်တို့ များစွာပေးကြရသည်၊ အခွန်အတုတ်တို့ ကြီးမားသဖြင့် ယောကျ်ားတို့သည် သူတို့လုပ်စာဖြင့် သားမယားယူကာလုပ်ကျွေးခြင်း မပြုနိုင်ကြကုန်၊ ထို့ကြောင့် ငါ့သမီးတို့လင်မရကြ၊ ဤသို့ဖြစ်ရသည်မှာ အရင်းစစ်သော် မင်းကြောင့်"ဟု ပြောသည်။

အဘွားအို ရှင်းပြသော စကားကိုကြားသော် "ဟုတ်မှန်လှပါပေ၏"ဟု သဘောထားလျက် ဘုရင်မင်းမြတ်နှင့် ပုဏ္ဏားကြီးတို့ ရှေ့ဆက်လာခဲ့ကြပြန်သည်၊ ရှေ့တွင် လယ်ထွန်နေသော လယ်သမားတစ်ဦးနှင့် တွေ့ကြရပြန်သည်၊ လယ်သမားသည် မကျေနပ်သောအသံဖြင့် ဤသို့ ကျိန်ဆဲနေသည်။

"ငါ၏ သာလိမည်သော နွားကြီးသည် လယ်ထွန်နေရင်းထွန်သွားစူးသဖြင့် ပြင်းထန်စွာဝေဒနာခံစားရကာ လဲနေရှာပြီ၊ ငါ့နွားကြီးဝေဒနာပြင်းထန်စွာ ခံစားရကာ လဲနေရသကဲ့သို့ တိုင်းပြည်ကို အုပ်ချုပ်သူ မင်းကြီးသည်လည်း စစ်မြေပြင်၌ တစ်ဖက်ရန်သူ၏ လှံစွပ်ထိုးမိကာ ပြင်းထန်သောဝေဒနာခံစားရပြီး လဲကျပါစေသား"

လယ်သမား၏ကျိန်ဆိုသံကြားရသဖြင့် ဘုရင်နှင့်ပုဏ္ဏားကြီးတို့ လယ်သမားထံသွားကာ ဤသို့ မေးမြန်းပြောဆိုကြသည်။

"ဟဲ့. . . လယ်သမား၊ လယ်ထွန်ရင်း သင့်နွား သာလိ ထွန်သွားစူး၍ ဝေဒနာခံစားရခြင်းနှင့် လဲကျရခြင်းမှာ မင်းနှင့် ဘာဆိုင်သနည်း၊ သင်ညံ့၍ သင့်ကြောင့်စူးရသည် မဟုတ်ပါလော"

ထိုအခါ လယ်သမားကြီးက သူကျိန်ဆဲရခြင်းအကြောင်းကို ဤသို့ ပြန်ပြောပြသည်။

"ပုဏ္ဏားကြီးတို့၊ ငါ့မယားသည် နေကြီးမြင့်မှ ငါ့ထံထမင်းလာပို့နိုင်သည်၊ မင်းနှင့်မှူထမ်းတို့ နှိပ်စက်ခြင်း၊ အခွန်အတုတ်ကြီးခြင်းတို့ကြောင့် ငါ့မယားသည် စားဝတ်နေရေးအတွက် အလုပ်များကို အချိန်မှန်မှန်မလုပ်နိုင်၊ နေ့မှာတောသို့ သွားရှောင်နေရသည်၊ ညမှအိမ်ပြန်လာပြီး ချက်ရပြုတ်ရသည်၊ ဤသို့သော အကြောင်းတို့ကြောင့် ထမင်းစောစောမချက်နိုင်၊ မပို့နိုင်၊ မယားစောစောမလာ၍ ဦးခေါင်းတလည်လည်ဖြင့် မျှော်ရင်းလယ်ထွန်နေရသည်၊ ဤသို့မျှော်နေရ၍ ငါ့နွားကြီး ထွန်သွားစူးခံရကာ လဲကျရှာခြင်းဖြစ်သည်၊ အရင်းစစ်တော့ ဤသို့ ဖြစ်ရသည်မှာ မင်းကြောင့်"

အကျိုးအကြောင်းဆက်စပ်ကာပြောပြသောလယ်သမားကြီး၏စကားကို ကြားသော် မင်းကြီးနှင့်ပုဏ္ဏားကြီးတို့ အောင့်သက်သက် ခံစားရင်း ခေါင်းတညိတ်ညိတ်ဖြစ်ကာ ရှေ့ဆက်လာခဲ့ကြပြန်သည်။

မင်းကြီးနှင့် ပုဏ္ဏားကြီးတို့သည် ရွာတစ်ရွာသို့ဝင်ကာ ညအိပ်နေခဲ့ပြီး နံနက်လင်းမှ ခရီးဆက်ခဲ့ကြသည်၊ သူတို့လမ်းလျှောက်လာစဉ် လမ်းခရီးတစ်နေရာ၌ နွားနို့ညှစ်နေသော ရွာသားတစ်ဦးက ဤသို့ ကျိန်ဆဲနေသည်ကို ကြားရပြန်သည်။

## မင်းကြီးစစ်မြေပြင်၌ စစ်ရှုံးပါစေ

"ရိုင်းသောနွားမကို နို့ညှစ်ရသဖြင့် နွားမကန်ကျောက်၍ နွားနို့အိုးလည်း မှောက်ရသည်၊ နွားနို့များလည်း ဖိတ်စဉ်ကုန်၍ ဆုံးရှုံးရသည်၊ ငါလည်းလဲကျကာ အနာတရဖြစ်ရသည်၊ ငါတို့တိုင်းပြည်တွင် မင်းလုပ်အုပ်ချုပ်နေသူ မင်းသည် စစ်မြေပြင်မှ စစ်ရှုံး၍ လဲကျကာ သေဆုံးပါစေ"

ပုဏ္ဏားကြီးက နို့ညှစ်နေသူအား ကျိန်ဆဲရသည့်အကြောင်းကို မေးကြည့်ပြန်သည်၊ ထိုအခါ နို့ညှစ်နေသူက ဤသို့ ရှင်းပြလိုက်သည်။

"ပုဏ္ဏားကြီး၊ ဤနွားမသည် ကြမ်းကြုတ်သည်၊ ရှေးအခါက ဤနွားမကို

နို့မညှစ်၊ ယခု မင်းမှုထမ်းတို့ နှိပ်စက်သဖြင့် မင်းမှုထမ်းတို့ကို ဆက်သဖို့ နို့ညှစ်ရသည်၊ ဤသို့ဖြစ်ရသည်မှာ မင်းကြောင့်”

## ပူဆွေးနေသူ နွားမကြီး

ရှေ့ဆက်၍ သွားကြသောအခါ ရွာတစ်ရွာ၌ သန်လျက်အိမ်ပြုလုပ်ရန် နွားငယ်လေးတစ်ကောင်ကိုသတ်ကာ သားရေယူနေသူလူတစ်စုကိုတွေ့ရပြန်သည်၊ နွားလေး၏သားရေမှာ အကြောင်အကျားအကွက်ထင်နေသောသားရေဖြစ်သည်။ မိခင်နွားမကြီးသည် သားငယ်အသတ်ခံရကာ သားရေကိုလှီးဖြတ်ခံနေရသည်ကို မြင်တွေ့သွားသည်၊ ထို့ကြောင့် အစာကျွေးလည်းမစား၊ ရေတိုက်လည်း မသောက်ဘဲ ပူဆွေးနေသည်၊ နွားမကြီး၏ပူဆွေးသောကရောက်နေရပုံကို မြင်ရသူတို့က ဤသို့ ကျိန်ဆိုနေကြပြန်သည်။

## မင်းကြီး သားသမီးတို့နှင့်ကင်းကွာပါစေ

“ဤနွားမကြီးသည် သားနှင့်ကင်းကွာရ၍ ပူဆွေးနေရသကဲ့သို့ မင်းကြီးသည် သားသမီးတို့နှင့်ကင်းကွာရသည်ဖြစ်၍ မစားနိုင်၊ မသောက်နိုင်ဖြစ်ကာ ပူဆွေးနေရပါစေ၊ ပိန်ချုံး ခြောက်ကပ်နေရပါစေ”

ကျိန်ဆိုနေသူတို့ကို ပုဏ္ဏားကြီးက အကျိုးအကြောင်းမေးသည်၊ ကျိန်ဆိုနေသူတို့က မင်းတရားပျက်၍ မင်းမှုထမ်းတို့ တရားပျက်ကြသည်၊ မင်းမှုထမ်းတို့ တရားပျက်ကာ နွားငယ်လေးကိုသတ်၍ သားရေယူသောကြောင့် နွားမကြီး ပူဆွေးနေရသည်၊ ဤသို့ဖြစ်နေရသည်မှာ မင်းကြောင့်ဟု ရှင်းပြလိုက်ကြသည်။

## ဖားတို့က ကျိန်ဆိုကြပုံ

မင်းကြီးနှင့် ပုဏ္ဏားကြီးတို့ ရှေ့ဆက်သွားကြသောအခါ ရေခန်းခြောက်နေသော ရေကန်တစ်ခုသို့ ရောက်သွားကြသည်၊ ကန်တွင်းရှိ ဖားတို့ကို ကျီးများ၊ ငှက်များ စသည်တို့က ထိုးဆိတ် ဆွဲစားနေကြသည်။

ထိုအခါ ဖားတို့က “အချင်းတို့၊ ငါတို့ကို ကျီး၊ ငှက် စသည်တို့က ထိုးဆိတ်စားနေကြပြီ၊ ဤသို့ဖြစ်ရသည်မှာ ဘုရင်မင်းကြီး တရားမစောင့်၍ ရာသီဥတု

မမှန် ဖြစ်ရသည်၊ မိုးခေါင်သည်၊ မိုးခေါင်၍ ရေခန်းခြောက်သည်၊ ရေမရှိ၍ ငါတို့ဒုက္ခ ရောက်ရသည်၊ မင်းကြီးသည်လည်း စစ်မြေပြင်၌ ရန်သူတို့၏ ထိုးခုတ်တိုက်ခိုက်ခံရကာ သေကြေသဖြင့် ကျီး၊ လင်းတ စသည်တို့၏ ထိုးဆိတ်စားသောက်ခြင်းကို ခံရပါစေသား"ဟု ကျိန်ဆိုနေကြသည်။

ပုဏ္ဏားကြီးက မေးသောအခါ ဖားတို့က ဤသို့ရှင်းပြကြသည်။

"အချင်း ပုဏ္ဏား၊ ဤတိုင်းပြည်၌ ဘုရင်လုပ်သူ တရားမရှိ၍ မင်းမှုထမ်းတို့လည်း တရားပျက်ကြသည်၊ မင်းမှုထမ်းတို့တရားပျက်ကြ၍ ရာသီဥတုမမှန်၊ ရာသီဥတုမမှန်၍ ကောက်ပဲသီးနှံတို့ ပျက်စီးကုန်သည်၊ ကောက်ပဲ သီးနှံစသည်တို့ပေါ်များကာ တိုင်းပြည်စည်ပင်ဖွံ့ဖြိုးနေလျှင် ပူဇော်ပသသော နေရာတို့၌ ထမင်း၊ ဟင်းစသည် ကောင်းမြတ်သော ပူဇော်ပသ လှူဒါန်းဖွယ်ရာတို့ဖြင့် ပြည်သူတို့က ပူဇော်ကြမည်၊ ထိုအခါ အစာရေစာ ပေါ်များသောကြောင့် ကျီး၊ လင်းတတို့သည် ငါတို့ကို အရှင်လတ်လတ်လာ၍ မစားကြကုန်ရာ၊ ယခုတို့တစ်တွေ အစားခံနေရခြင်းမှာ မင်းကြောင့်"

ဖားတို့၏ရှင်းလင်းပြောပြသံကို ကြားသော် မင်းကြီးက "တို့စူးစမ်းမေးမြန်းခဲ့သည့် နေရာဌာနအားလုံးမှ တိရစ္ဆာန်များအပါအဝင် တွေ့ဆုံမေးမြန်းခံရသူတို့က မင်းကိုပင်အပြစ်တင်ကြသည်"ဟု ပြောကြားလျက် နန်းတော်သို့ပြန်လာခဲ့ကြသည်။

နန်းတော်သို့ပြန်ရောက်သောအခါ ဘုရားလောင်း တည်ပင်စောင့် နတ်မင်း၏ အကြံပေးချက်နှင့်အညီ နေထိုင်ကြသည်၊ အဂတိတရား လိုက်စားမှုကို မင်းကြီးကိုယ်တိုင် ရှောင်ကြဉ်သကဲ့သို့ မင်းမှုထမ်းများအားလည်း ရှောင်ကြဉ်စေသည်။

[ဇာတ်တော်ငါးရာ့ငါးဆယ်၊ တိကနိပါတ်၊ ဘဏ္ဍုတိန္ဒုကဇာတ်]

## တရားရှိဟန်ဆောင်သူ ရသေ့ယုတ်

"သူကြွယ်၊ ရသေ့သူတော်စင်တို့အား ဤသို့သောစကားကို ပြောဆိုခြင်းသည် မသင့်လျော်၊ ရသေ့ သူတော်စင်တို့၏ အကျင့်သိက္ခာကို ထိခိုက်လှပေသည်"

ကျောင်းသင်္ခမ်းဆောက်လုပ်လှူဒါန်းကာ ကိုးကွယ်ထားသော ရသေ့ထံမှ အထက်ပါစကားကိုကြားသော် ကျောင်းဒါယကာ သူကြွယ်သည် ရသေ့ထံမှ စိတ်မကောင်းစွာဖြင့် ပြန်လာခဲ့သည်၊ ထိုဒါယကာ သူကြွယ်သည် ဗာရာဏသီမြို့အနီး ရွာတစ်ရွာမှဖြစ်သည်၊ ရသေ့တစ်ပါးကို ကျောင်းသင်္ခမ်း ဆောက်လုပ်လှူဒါန်းပြီး ကိုးကွယ်ထားသူဖြစ်သည်၊ ရန်သူမျိုးငါးပါးတို့ကို ကြောက်သဖြင့် အချိန်လေးသိန်းရှိ ရွှေစင်နိက္ခတစ်ရာကို ကိုးကွယ်ထားသော ရသေ့၏ ကျောင်းသင်္ခမ်းအောက်၌ မြှုပ်နှံထားသည်။

ထို့နောက် ရသေ့ကိုလည်း အားထားယုံကြည်သဖြင့် "ဤရွှေစင်တို့ကို ကောင်းမွန်လုံခြုံစွာ ကြည့်ရှုစောင့်ရှောက်ပေးထားတော်မူပါ" ဟု လျှောက်ထားသည်၊ ထိုအခါ ရသေ့က အထက်ပါစကားများပြော၍ စိတ်မကောင်းစွာဖြင့် အိမ်ပြန်လာခဲ့သည်။

## ရွှေများကို ကဲ့ထုတ်သွားပြီ

နောက်နှစ်ရက်သုံးရက်ခန့်ကြာသော် အပ်နှံထားသောရွှေစင်နိက္ခတစ်ရာကို ရသေ့က အခြားတစ်နေရာသို့ ကဲ့ထုတ် မြှုပ်နှံထားသည်၊ ဒါယကာသူကြွယ်ထံသို့လည်းသွားကာ အခြားတစ်နေရာသို့ သူပြောင်းရွှေ့တော့မည်၊ သင်တို့ကို အမှီပြု၍ နေခဲ့သည်မှာကြာပြီ၊ ဤကဲ့သို့ တစ်နေရာတည်း၌ ကြာမြင့်စွာနေခြင်းမှာ ရသေ့တို့နှင့် မသင့်လျော်၊ လူတို့နှင့် ရောရောနှောနှော ကြာကြာနေခြင်းသည် ရသေ့တို့အတွက် အညစ်အကြေးဖြစ်သည်ဟုလည်း ပြောဆိုလိုက်သည်။

ဒါယကာသူကြွယ်သည် ရသေ့အပေါ် ကြည်ညိုလွန်းလှသဖြင့် အခြားနေရာသို့ မရွှေ့မပြောင်းရန် အကြောင်းအမျိုးမျိုးပြလျှောက်ထားတောင်းပန်

သေးသည်၊ သို့ရာတွင် တောင်းပန်မရ၍ "အလိုရှိရာသို့သာ ကြွတော်မူပါ"ဟု လျှောက်ထားလျက် အိမ်မှရှာတခါးအရောက် လိုက်ပို့ပေးခဲ့သည်။

ဗာရာဏသီမြို့၌ ကုန်သည်တစ်ယောက်ဖြစ်နေသော ဘုရားအလောင်းသည် ရွာတကာသို့ လှည့်လည်၍ ကုန်အရောင်းအဝယ်ပြုသည်၊ ဤရွာသို့ သူရောက်နေစဉ် ရသေ့၏ဒါယကာသူကြွယ်၏အိမ်၌ တည်းခိုသည်၊ ဘုရားအလောင်းကုန်သည်နှင့် အိမ်ရှင်သူကြွယ်တို့ ရသေ့အကြောင်း ပြောဆိုနေကြစဉ် ရသေ့သည် သူကြွယ်အိမ်သို့ နောက်တစ်ခေါက် ပြန်လာပြန်သည်၊ သူကြွယ်က ကောင်းမွန် ရှိသေစွာကြိုဆိုရင်း ပြန်လာရသည့် အကြောင်းကို မေးမြန်းသည်။

## ဆံပင်ကြားညပ်ပါလာသောမြက်ပင်ပြန်ပေးရန်

"ဒါယကာ၊ သင့်အိမ်မှအမှတ်တမဲ့ ထွက်ခွာလာစဉ် အိမ်အမိုးရှိ မြက်ခြောက်ပင်တစ်ခု ငါ့ခေါင်းဆံကျစ်ကြား၌ ငြိပါလာခဲ့သည်၊ ထိုမြက်ပင်ခြောက်ကို ပြန်ပေးရန်လာသည်၊ ပိုင်ရှင်မပေးသော ပစ္စည်းကိုယူခြင်းသည် အဒိန္နာဒါနကံထိုက်သည် မဟုတ်ပါလော"

ရသေ့ထံမှ ထိုစကားကို ကြားသော် သူကြွယ်သည် ရသေ့အပေါ်အတိုင်းထက်အလွန် ကြည်ညိုကာ သူတော်စင်ရသေ့နှင့် ဝေးရပြီဟု တွေးမိပြီး စိတ်မကောင်းဖြစ်နေသည်၊ သို့ဖြင့် ပြန်ကြွသွားလေသော ရသေ့ဆီသို့ လှမ်းမျှော်ဦးခိုက်လျက် အကြိမ်ကြိမ် ရှိခိုးနေမိတော့သည်။

## ရွှေများမရှိတော့

သူကြွယ်အိမ်သို့ရောက်နေသော ဘုရားလောင်းကုန်သည်သည် ရသေ့နှင့် ဒါယကာသူကြွယ် အပြန်အလှန်ပြောသော စကားကိုကြားသော် စိတ်ထဲ၌ သံသယတစ်ခု ဝင်လာသည်၊ ထို့ကြောင့် သူကြွယ်အား ရသေ့ထံပစ္စည်းဥစ္စာ တစ်စုံတစ်ရာ အပ်နှံထားပါသလားဟု မေးသည်၊ ရွှေစင်နိက္ခတစ်ရာ အပ်ထားသည်ဟု သူကြွယ်က ပြန်ပြောသည်၊ "အဆွေ၊ ထိုရွှေစင်နိက္ခတစ်ရာ ရှိတော့မည်မဟုတ်၊ အမြန်သွားကြည့်ပါ"ဟု ဘုရာင်းလောင်းက ပြောသဖြင့်

သူကြွယ်သည် မြှုပ်ထားသောနေရာသို့ သွားကြည့်သည်၊ ရွှေများ မရှိတော့၊ အခြားတစ်နေရာသို့ ကဲ့ထုတ် သယ်ဆောင်ထားသော အနေအထားများကိုသာ တွေ့ခဲ့ရသည်။

သူကြွယ်သည် ဘုရားလောင်းကုန်သည်နှင့်အတူ ရသေ့နောက်သို့ လိုက်သည်၊ ရသေ့ကို တွေ့သောအခါ ဖမ်းဆီးတုပ်နှောင်ကာ စစ်ဆေး မေးမြန်းသည်၊ ရသေ့က ပြောင်းရွှေ့ကဲ့ထုတ်ထားသော ရွှေစင်များရှိရာနေရာကို ညွှန်ပြလျက် ရွှေစင်များပြန်ပေးသည်။

## နှောင်ဤသို့ မလုပ်နှင့်

"ဟယ် . . . ရသေ့ယုတ်၊ သင်ပြောစကား နူးညံ့လှသော်လည်း သင်၏ အကျင့်အကြံကား ယုတ်မာလှသည်၊ အကျင့်နှင့်အပြော၊ အပြောနှင့်အလုပ်တို့ကို ညီညွတ်အောင် ကျင့်ကြံပြောဆိုလုပ်ကိုင်ပါ၊ နှောင်ဤသို့မလုပ်ပါနှင့်"

သူကြွယ်နှင့်ကုန်သည်တို့သည် ရသေ့ယုတ်ကို ဆုံးမကာ သွားလိုရာသို့ သွားပေတော့ဟု ပြန်လွှတ်ပေးလိုက်ကြသည်။

[ဇာတ်တော်ငါးရာ့ငါးဆယ်၊ ဧကကနိပါတ်၊ ကုဟကဇာတ်]

## ဉာတကာနဉ္စသင်္ဂဟ မင်္ဂလာ

မိမိ၏မိခင်ဘက်မှဖြစ်စေ၊ ဖခင်ဘက်မှဖြစ်စေ၊ အိမ်ထောင်ရှင်ဖြစ်ပါက ဇနီးခင်ပွန်းဘက်မှဖြစ်စေ တော်စပ်သောဆွေမျိုးများကို ဉာတိဟု ခေါ်သည်၊ ထိုဉာတိတို့အား စားဖွယ်သောက်ဖွယ်ပေးခြင်း၊ နေစရာ၊ ဝတ်စရာပေးခြင်းစသည်ဖြင့် ကူညီပေးကမ်း ထောက်ပံ့ခြင်းသည် မွန်မြတ်သော လုပ်ငန်း၊ ကြီးပွားတိုးတက်စေသောလုပ်ငန်းဖြစ်၍ မင်္ဂလာဟု ဘုရားရှင်ဟောတော်မူသည်။

ဗုဒ္ဓဝါဒီ တစ်ယောက်သည် နိဗ္ဗာန်ကို မျက်မှောက် မပြုရသေးမချင်း ရှည်လျားလှသော သံသရာခရီးကို လျှောက်နေရသူ၊ လျှောက်ခဲ့ပြီးသူ၊ ဆက်၍ လျှောက်ရဦးမည့်သူလည်းဖြစ်သည်ဟု ယုံကြည်ကြသည်၊ ဤမျှ ရှည်လျားလှ

သော သံသရာ ခရီးတစ်လျှောက်တွင် မိမိနှင့်ဆွေမျိုးဉာတိ မတော်စပ်ဖူးသူ ဟူ၍ရှိလိမ့်မည်မဟုတ်။

ထို့ကြောင့် အကူအညီ လိုအပ်သူ၊ မည်သူ့ကိုမဆို ပစ္စည်းပစ္စယ စသည်ဖြင့် ကူညီထောက်ပံ့ခြင်းသည် ကောင်းသော လုပ်ငန်းဖြစ်၍ လူတိုင်းလုပ်သင့်သော အလုပ်ဖြစ်ပေသည်၊ မင်္ဂလာ တရားတော်နှင့်လည်း ညီညွတ်ပေသည်။

## ဉာတိဟူသည်မှာ

ဉာတိဟူသောဝေါဟာရသည် ပါဠိဝေါဟာရဖြစ်သည်၊ ဤဝေါဟာရနှင့် အနက်အဓိပ္ပာယ်ဆက်စပ်သော ဝေါဟာရစကားလုံးလေးမျိုးကို ပါဠိအဘိဓာန်တို့၌ ပြဆိုထားသည်၊

ၾင်းတို့မှာ -

၁။ **ဉာတိဗန္ဓု** - မိဖဆွေမျိုးသားချင်းအပေါင်း၊

၂။ **ဂေါတ္တဗန္ဓု** - မျိုးနွယ်တူသူအပေါင်း၊ အကြမ်းဖျင်းအားဖြင့် လူသားမျိုးနွယ်ဝင် လူအပေါင်း၊

၃။ **မန္တဗန္ဓု** - နှုတ်မှုဆိုင်ရာပညာ အတူသင်ယူဖူးသူများ၊ အတူပညာသင်ဖူးသော မြို့မ ကျောင်းသားများအသင်း၊ ပထဝီ၊ မြန်မာစာ အသင်း စသည်ဖြင့် ပညာအတူသင်ဖူးသူများကို မန္တဗန္ဓုခေါ်သည်၊

၄။ **သိပ္ပဗန္ဓု** - အတတ်ပညာအတူသင်ဖော်သင်ဖက်များ၊

ဤလေးမျိုးစလုံးသည် ဉာတိအရ ဆွေမျိုးများပင်ဖြစ်ကြသည်။

## သင်္ဂဟတရားလေးပါး

သင်္ဂဟတရားဟူသည်မှာ ကူညီထောက်ပံ့ပေးသော တရားဖြစ်သည်၊ ထိုတရားသည်လည်း အမျိုးအစားအားဖြင့် လေးမျိုးရှိသည်၊

ၾင်းတို့မှာ -

၁။ **ဒါန** - ပေးကမ်းခြင်း၊ စွန့်ကြဲခြင်း၊ လှူဒါန်းခြင်း၊

၂။ **ပိယဝါစာ** - ချစ်ဖွယ်သောစကားပြောကြားခြင်း၊

၃။ **အတ္တစရိယ** - နှစ်ဦးနှစ်ဖက်အကျိုးကို ကျင့်ဆောင်ခြင်း၊

၄။ **သမာနတ္တတာ** - ကိုယ်နှင့်အတူထား၍ မျှမျှတတဆောင်ရွက်ခြင်း၊ ဤလေးပါးကို သင်္ဂဟတရားလေးပါးဟု ခေါ်သည်။

## ဆွေမျိုးခုနစ်ဆက် ရေတွက်ပုံ

မြန်မာတို့အစဉ်အလာအရ ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက်ရှိသည်၊ ထိုဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက် ရေတွက်ရာတွင် မိမိကို အလယ်၌ထားကာ အထက်သို့ သုံးဆက်၊ အောက်သို့ သုံးဆက် ရေတွက်သည်လည်းရှိသည်၊ အထက်သို့ ရေတွက်ရာ၌ အဖ၊ အဘိုး၊ အဘေးဟူ၍လည်းကောင်း၊ အောက်သို့ရေတွက်ရာ၌ သား၊ မြေး၊ မြစ် ဟုလည်းကောင်း ရေတွက်ကြသည်။

## အခြားတစ်နည်းရေတွက်ပုံ

အခြားသောရေတွက်ပုံတစ်နည်းရှိသေးသည်၊ ထိုနည်းအရ ရေတွက်ပုံမှာ အထက်သို့ရေတွက်လျှင် ဘ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင်၊ ဘောင်၊ ဘော(ဘက်)ဟူ၍ ခုနစ်ဆက်ဖြစ်သည်၊ အောက်သို့ရေတွက်လျှင် သား၊ မြေး၊ မြစ်၊ တီ၊ တွတ်၊ ကျွတ်၊ ဆတ်ဟူ၍ဖြစ်သည်။

# ဘုရားရှင် ဉာတိသင်္ဂဟကျင့်သုံးပုံ

ဘုရားရှင်ဆွေတော်မျိုးတော်များဖြစ်ကြသော ကပိလဝတ်နှင့်ကောလိယပြည်သားတို့သည် နှစ်ပြည်ထောင် အကြားရှိ ရောဟိဏီမြစ်ရေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကြရသည်၊ ရောဟိဏီမြစ်သည် နယုန်လတွင် ရေနည်းသဖြင့် ရေခွဲဝေရေး အဆင်မပြေဖြစ်ရာမှ လယ်သမားများရန်ဖြစ်ကြသည်၊ တစ်ဦးချင်း ရန်ဖြစ်ရာမှ ဆွေမျိုးစုအလိုက်၊ ဆွေမျိုးစုမှတစ်ဖန် နှစ်ပြည်ထောင်တွင် အုပ်ချုပ်သော မင်းများအထိ ရန်ပွဲကျယ်ပြန့်သွားသည်။

နှစ်ပြည်ထောင်သားအားလုံးပင် ဘုရားရှင်၏ဉာတိ - ဆွေမျိုးများဖြစ်ကြသည်၊ ကောလိယ ပြည်သားတို့က ကပိလဝတ် ပြည်သားတို့အား ငယ်ကျိုး

ငယ်နာဖော်ပြီး ပြစ်တင်ပြောဆိုကြသည်၊ ကပိလဝတ် ပြည်သားတို့ကလည်း ကောလိယပြည်သားတို့၏ မျိုးရိုးဆိုင်ရာအပြစ်များကို ဖော်ပြပြစ်တင်ကြသည်၊ ဤသို့ အပြန်အလှန်ပြောဆိုရာမှ အပြင်းအထန် အသေအကြေ တိုက်ခိုက်ကြရန် နှစ်ဖက်စစ်အင်အားဖြင့် ချီတက်လာခဲ့သည်။

## ဘုရားရှင်ကြွလာပြီ

ဘုရားရှင်သည် နှစ်ပြည်ထောင်တို့စစ်ခင်းကာ သူနိုင်ငါနိုင်တိုက်ခိုက်ကြလျှင် အသက်အိုးအိမ်ပေါင်းများစွာပျက်စီးကြရမည်ကို မြင်တော်မူသည်၊ သို့ဖြင့် ဂန္ဓကုဋိကျောင်းတော်မှထွက်ကြွလာကာ နှစ်ဖက်တပ်တို့အကြားရှိ ကောင်းကင်တွင် ထက်ဝယ်ဖွဲ့ခွေ သီတင်းသုံးနေတော်မူသည်၊ နှစ်ပြည်ထောင်သားတို့ ထိတ်လန့်မှုဖြစ်စေရန် နီလရောင်ခြည်တော်လွှတ်တော်မူသည်၊ နီလရောင်ခြည်တော်ကြောင့် နေ့ခင်းနေ့လယ်ပင်ဖြစ်သော်လည်း ဒေသတစ်ဝိုက်တွင် အမှောင်ထုကြီး ဖြစ်ပေါ်ဖုံးလွှမ်းသွားတော့သည်။

## လက်နက်စွန့်ကာ ဘုရားရှင်ရှေ့တော်သို့

ထို့နောက် ဘုရားရှင်ကို နှစ်ဖက် ပြည်ထောင်စုသားတို့ မြင်နိုင်စေရန် အဆင်းခြောက်ပါးရှိသော ရောင်ခြည်တော်များ လွှတ်တော်မူသည်၊ ထိုအခါ နှစ်ဖက် စစ်သည်တို့အလယ်ရှိ ကောင်းကင်တွင် ဘုရားရှင်ကြွရောက် သီတင်းသုံးတော်မူနေသည်ကို မြင်သွားကြသည်၊ ဘုရားရှင်ကို ဖူးတွေ့ရသဖြင့် နှစ်ဖက်ပြည်ထောင်သားတို့၏ တိုက်ရန်ခိုက်ရန်တင်းထားသောစိတ်များ ပြေလျော့သွားကြသည်၊ သို့ဖြင့် လက်နက်များ စွန့်လွှတ်ကြပြီး ဘုရားရှင်ရှေ့တော်သို့ ဝင်လာကြသည်။

## ညီညွတ်မှု ရသွားကြပြီ

ဘုရားရှင်သည် ရန်မူနေသူနှစ်ဖက်စလုံးကို ရေထက် အသက်အိုးအိမ် စည်းစိမ်ကို တန်ဖိုးထားရန်နှင့် နှစ်ဖက်ညီညွတ်ကြရန် တရားဟောတော်မူသည်၊ အပြန်အလှန်ပြဿနာလုပ်နေ၍ နှစ်ဖက်အကျိုး ပျက်စီးရသော ဇာတ်တော်

နှင့် ညီညွတ်မှုကြောင့် အကျိုးဖြစ်ဖူးသော ဇာတ်တော်လာအတိတ် အကြောင်း အရာတို့ကို သက်သေထားကာ တရားဟောတော်မူသည်၊ ဘုရားရှင် ဟော ကြားသော တရားတော်ကြောင့် နှစ်ဖက်စစ်ပြေငြိမ်းကာ ညီညွတ်မှု ပြန်ရသွား ကြတော့သည်။ ဤသည်မှာ ဉာတိတို့အတွက် ဘုရားရှင်ဆောင်ရွက်ပေးတော် မူခဲ့သည့် ဉာတိသင်္ဂဟမင်္ဂလာဖြစ်သည်။

အလားတူ ဉာတတ္ထစရိယ-ဆွေမျိုးတို့ အကျိုးကို ကျင့်ကြံပုံဝတ္ထုသာဓက များစွာရှိသေးသည်၊ ဓမ္မပဒ၊ ဇာတ်တော် ၅၅၀ စသည်တို့၌ လေ့လာကြပါ။

[ဓမ္မပဒ၊ သုခဝဂ်၊ ဆွေမျိုးတော်တို့ဝတ္ထု]

---

## ဆွေမျိုးဉာတိ အကျိုးဆောင်ရွက်သောမျောက်မင်း

လွန်လေပြီးသောဘဝတစ်ခု၌ ဘုရားအလောင်းတော်သည် မျောက်မျိုး၌ မျောက်ဖြစ်ခဲ့ဖူးသည်၊ အရွယ်သို့ရောက်သော် မျောက်အပေါင်း အခြံအရံ ဖြင့် ဟိမဝန္တာတော၌နေသည်၊ သူ့အခြံအရံမျောက်တို့မှာ ရှစ်သောင်းရှိသည်။

### ပိုက်ကွန်၌မိလာသော သရက်သီး

မျောက်မင်းသည် အခြံအရံ မျောက်များနှင့်အတူ ဂင်္ဂါမြစ်ကမ်းနဖူးရှိ သရက်ပင်သို့သွားကြကာ နေ့စဉ်သရက်သီးတို့ကို စားကြသည်၊ သရက် ပင်ကြီးမှာ အကိုင်းအခက်များစွာရှိသော အပင်ကြီးဖြစ်သည်၊ ကြွေကျသော သရက်သီးတို့တွင် အချို့ကုန်းပေါ်သို့ကျသည်၊ အချို့ရေထဲသို့ကျသည်၊ ရေထဲကျသော သရက်သီးကြီးတစ်လုံးသည် ဂင်္ဂါမြစ်ရေဖြင့် မျောပါလာကာ ရေကစားနေသော ဗာရာဏသီမင်း၏အမှုထမ်းတို့ ထောင်ထားသော ပိုက်ကွန် ၌ ငြိတွယ်နေသည်။

### သရက်သီးရမည့်ဒေသ မေးပြီ

မင်းမှုထမ်းတို့သည် သရက်သီးကို ဆယ်ယူကာ မင်းကြီးထံ ပေးဆက်ကြ သည်၊ မည်သည့်အသီးနည်းဟု မင်းကြီးကမေးသော် ကြီးမားထူးခြားသော

အသီး ဖြစ်နေသဖြင့် မင်းမှုထမ်းတို့က ပြန်မလျှောက် တင်နိုင်ကြ၊ မုဆိုးတို့က သရက်သီးဖြစ်ကြောင်း လျှောက်ထားသည်၊ သရက်သီးကို ဓားဖြင့် ခွဲစေပြီး မုဆိုးများကို အရင်ကျွေးသည်၊ နောက်မှ မင်းကြီးသုံးဆောင် သည်၊ ထူးထူး ခြားခြား ကောင်းမွန်လှသော သရက်သီး၏ အရသာကြောင့် မင်းကြီးသည် သရက်သီးရနိုင်မည့် အရပ်ဒေသကို မုဆိုးတို့အား မေးမြန်းသည်။

## အစောင့်များချထားလျက်

မုဆိုးတို့က ဟိမဝန္တာအရပ် ဂင်္ဂါမြစ်အနီး၌ရှိသည်ဟု တင်လျှောက်ကြသည်၊ မင်းကြီးသည် လှေဖောင်များတပ်ဖွဲ့ကာ စစ်သည်ဗိုလ်ပါ အခြံအရံဖြင့် ဂင်္ဂါမြစ်ညာသို့ ဆန်တက်သွားသည်၊ သရက်ပင်ရှိရာသို့ ရောက်သော် မင်းကြီးသည် သရက်သီးကိုစားပြီး သရက်ပင်အောက်၌ ညအိပ်သည်၊ အရပ်လေးမျက်နှာတို့၌လည်း စစ်သည်ဗိုလ်ပါတို့အား အစောင့်အရှောက်အဖြစ် ချထားသည်။

## မျောက်သားနှင့်သရက်သီးစားမည်

ဘုရားလောင်းမျောက်မင်းနှင့် တပည့်တို့သည်လည်း သန်းခေါင်ယံအချိန်တွင် ဤသရက်ပင်မှ အသီးတို့ကို လာရောက် စားသောက်ကြသည်၊ မင်းကြီးအိပ်ပျော်ရာမှ နိုးသော် မျောက်တို့ကိုမြင်သောအခါ မျောက်များထွက် မပြေးနိုင်အောင်ဝိုင်းထားကြ၊ မျောက်သားရော သရက်သီးပါ စားကြမည်ဟု အမိန့်ပေးသည်။

လေးသမားမုဆိုးများနှင့်စစ်သည်တို့သည် မင်းကြီး၏အမိန့်အရ သရက်ပင်ကို ဝိုင်းထားကြသည်၊ မျောက်တို့သည် ဝိုင်းထားသော အစောင့်တို့ကို မြင်သဖြင့် မျောက်မင်းထံအသိပေး အကြောင်းကြားကြသည်၊ မျောက်မင်းကိုယ်တိုင်လည်း အစောင့်များ သရက်ပင်ဝိုင်းထားသည်ကို တွေ့မြင်သွားသဖြင့် တပည့်တို့အား မကြောက်ကြရန် အားပေးစကားပြောကြားသည်။

ထို့နောက် မျောက်မင်းသည် တပည့်တပန်းနှင့် အဆွေအမျိုးတို့၏ အသက်ကို ကယ်တင်စေရန် ဂင်္ဂါမြစ် တစ်ဖက်ကမ်းသို့ ခုန်ကူးယိုက်သည်၊

ဟိုဘက်ကမ်းသို့ရောက်သော် ကြိမ်နွယ်တို့ကို ယူသည်၊ ယူခဲ့သော ကြိမ်နွယ်၏ အပိုင်းတစ်ခုကို ခိုင်ခံ့သော သစ်ပင်ကြီးတစ်ခု၌ ချည်ထားခဲ့သည်၊ ကြိမ်နွယ်၏ အခြားအစ တစ်ခုကို သူ၏ခါး၌ ပတ်ချည်ပြီး တပည့်တပန်းနှင့် အဆွေအမျိုး တို့ရှိရာ သရက်ပင်ဆီသို့ ခုန်လျက်ပြန်ကူးခဲ့သည်။

သို့ရာတွင် ကြိမ်နွယ်သည် တိုနေသဖြင့် သူ့ကိုယ်ခန္ဓာသည် သရက်ကိုင်း ပေါ်သို့ မရောက်ဘဲ သရက်ကိုင်းကိုသာလက်ဖြင့် လှမ်းဆွဲ ကိုင်ထားနိုင်သည်၊ ထိုအခါမှ သူ့ခန္ဓာကိုယ်ကပါ မျောက်များအခြားတစ်ဖက်ကမ်းသို့ ကူးသွားစေ ရန် တံတားသဖွယ်ဖြစ်သွားတော့သည်။



## စစ်သည်တို့ဘေးမှလွတ်၍ ဝမ်းသာကြ

မျောက်မင်းသည် တစ်ဖက်ကမ်းသို့တပည့်များကူးသွားရန် အဆင်သင့် အနေအထားရှိပြီဖြစ်၍ "ငါ့ကိုယ်ပေါ်နင်းဖြတ်သွားပြီး ကြိမ်နွယ်မှတစ်ဆင့် အခြားဘက်သို့ ကူးသွားကြ"ဟု အမိန့်ပေးလိုက်သည်၊ တပည့်တို့သည် မျောက်မင်း၏ ခန္ဓာကိုယ်ပေါ်မှတစ်ဆင့် ကြိမ်နွယ်အတိုင်းအခြား တစ်ဖက်

ကမ်းသို့ တစ်ကောင်ပြီးတစ်ကောင် ဆက်ကာဆက်ကာ ကူးသွားကြသည်၊ ကမ်းတစ်ဖက်သို့ရောက်သော် ဝိုင်းထားသောစစ်သည်တို့ဘေးမှ လွတ်မြောက်ပြီဖြစ်၍ တပည့်အများတို့ ဝမ်းသာနေကြသည်။

## ဒေဝဒတ်လောင်းမျောက်ကျန်နေ

သို့ရာတွင် အခြားကမ်းတစ်ဖက်သို့မကူးရသေးသော မျောက်တစ်ကောင်ကျန်သေးသည်၊ ထိုမျောက်မှာ တစ်ချိန်သောကာလတွင် ဒေဝဒတ်ဟူသောအမည်ဖြင့် လူ့ဘဝသို့ရောက်ကာရဟန်းပြုမည်၊ ရဟန်းပြုပြီးနောက် သံဃာ့ညီညွတ်ရေးကို ဖြိုခွဲမည်၊ ဘုရားရှင်ကိုပါ ကျောက်မောင်း လှိမ့်ချခြင်းစသော အကု သိုလ်ကံကြီးများ ပြုသောကြောင့် မြေမျိုခံရမည့်သူ ဒေဝဒတ်လောင်းလျာဖြစ်သည်။

## မျောက်မင်း ဝေဒနာခံစားရရှာ

ဒေဝဒတ်လောင်း မျောက်သည် အခြားမျောက်များကဲ့သို့ မဟုတ်ဘဲ မျောက်မင်းအပေါ် ရန်လိုမုန်းတီးသောစိတ်ဖြင့် ကမ်းတစ်ဖက်သို့ကူးရန် မြင့်ပေ့ဆိုသော သရက်ကိုင်းသို့တက်၍ မျောက်မင်း၏ကျောပေါ် သို့ အဟုန်ဖြင့်ခုန်ချသည်၊ ဒေဝဒတ်လောင်းမျောက် တစ်ဖက်ကမ်းသို့ရောက်သွားပြီ၊ ဝိုင်းထားသော စစ်သည်တို့ ဘေးအန္တရာယ်မှလည်း လွတ်သွားပြီ၊ သို့သော်ခန္ဓာကိုယ်ကို တံတားခင်းပေးလျက် တပည့်တပန်းများနှင့် ဆွေမျိုးတို့၏ အကျိုးကိုဆောင်ရွက်သော မျောက်မင်းကား နေရာမှမရွေ့လျားနိုင်တော့၊ ဒေဝဒတ်လောင်း မျောက်မိုက် ခုန်ချခံရသောဒဏ်ကြောင့် နှလုံးကွဲပြီး ပြင်းထန်သောဝေဒနာခံစားနေခဲ့ရသည်၊ သွေးစိမ်းတို့ အန်ထွက်လာကြသည်၊ ထိုအချိန်၌ မိုးလည်း စင်စင်လင်းလေပြီ။

## မင်းကြီးက ဆေးကုစေသော်လည်း

ဗာရာဏသီမင်းကြီးသည် မျောက်တို့၏ အခြေအနေအားလုံးကို မျက်မြင်ကိုယ်တွေ့သိရှိသွားသည်၊ ဒဏ်ရာဖြင့် နေရာမှမရွေ့နိုင်ဖြစ်နေသော မျောက်မင်းကို အမြင့်မှ အောက်သို့သယ်ချစေရန် စစ်သည်ဗိုလ်ပါတို့ကို အမိန့်ပေး

သည်၊ မျောက်မင်း၏ဒဏ်ရာကို ဆေးများလိမ်းစေလျက် သက်သာပျောက်ကင်းအောင် ကုသစေသည်၊ သို့ရာတွင် မျောက်မင်း၏ ဝေဒနာမှာ သက်သာမလာ။

ဗာရာဏသီ မင်းကြီးသည် ဆွေမျိုးဉာတိအကျိုးအတွက် ဆောင်ရွက်သော မျောက်မင်းကို အလွန်တရားလေးစားသဖြင့် အစွမ်းကုန် ကြိုးစား၍ ကုသပေးစေသည်၊ သို့ပါသော်လည်း မျောက်မင်းကား ရရှိသော ဝေဒနာကြောင့် ထိုနေရာ၌ပင် အသက်ကို စွန့်သွားရလေတော့သည်။

## အတိတ်ဘဝကလည်း

ဘုရားအလောင်းသည် လွန်ခဲ့သောဘဝတစ်ခုတွင်လည်း မျောက်မျိုး၌ပင် ဖြစ်ခဲ့ရဖူးသည်၊ ဗာရာဏသီမင်းပြဟ္မဒတ်၏ ဥယျာဉ်တွင် နေသည်၊ သူ့တွင် တပည့်များစွာရှိသည်၊ တပည့်များအား ကောင်းကျိုး၊ ဆိုးကျိုးကို သိစေရန် အမြဲမပြတ် ဆုံးမသင်ကြားလေ့ရှိသည်၊ အလားတူပင် ဒေဝဒတ်လောင်း မျောက်သည်လည်း တပည့်များနှင့်အတူ ထိုဥယျာဉ်ပင် နေထိုင်သွားလာကျက်စားသည်။

## ပုရောဟိတ်ခေါင်းပေါ် မစင်စွန့်ချပုံ

တစ်နေ့သ၌ မျောက်တစ်ကောင်သည် ဥယျာဉ်တိုင်တံခါးထိပ်ပေါ်တက်နေသည်၊ ထိုမျောက်သည် ဆိုးသွမ်းသော မျောက်တစ်ကောင်ဖြစ်သည်၊ မလုပ်သင့်သည့် အလုပ်များကိုမှ ရွေးလုပ်လေ့ရှိသည်၊ အခြားမျောက်များကဲ့သို့ စည်းကမ်းတကျ နေထိုင်မှုမပြု၊ မင်း၏ ပုရောဟိတ်ကြီး တစ်ယောက်သည် ရေသွားချိုးရာမှ ပြန်အလာ ယိုမျောက်ဆိုးထိုင်နေသော တံခါးအောက်မှ ဖြတ်လာခဲ့သည်၊ မျောက်ဆိုးသည် ပုရောဟိတ်ကြီးလာစဉ် ပုရောဟိတ်၏ ဦးခေါင်းပေါ်တည့်တည့်သို့ မစင်စွန့်ချလိုက်သည်။

ထိုအခါ ပုရောဟိတ်ကြီးက ယခု ယုတ်ယုတ်မာမာဖြင့် ငါ့ဦးခေါင်းပေါ် မစင်စွန့်ချသည်၊ ရှိစေဦး၊ နောက်မကြာမီ ငါ့အကြောင်းသိစေမည်ဟု ကြိမ်းမောင်းပြောဆိုခဲ့သည်၊ ပုရောဟိတ်ကြီး ရန်ငြိုးဖွဲ့ပြောဆိုသွားသည်ကို ဘုရား

လောင်း မျောက်မင်းက ကြားသိသွားသည်၊ မျောက်မင်းသည် သူ၏တပည့် မျောက်များကိုခေါ်ကာ ဤအရပ်၌ဆက်မနေကြနှင့်၊ ဤအရပ်ဒေသသည် ငါတို့မျောက်များအတွက် အန္တရာယ်ရှိလာပြီ၊ အန္တရာယ်ရှိသောနေရာဒေသ၌ နေခြင်းသည် မိမိတို့အသက်အတွက်ပါ စိုးရိမ်ရသည်ဟု ဆုံးမပြောဆိုသည်။

## အန္တရာယ်ကင်းရာသို့

တပည့်မျောက်များသည် ဘုရားလောင်းမျောက်မင်းဆုံးမသော စကားကို ကြားသော် အလျှိုအလျှိုဖြင့် အသုတ်လိုက်အုပ်လိုက် ထိုနေရာဒေသမှ ထွက်ခွာသွားခဲ့ကြသည်၊ မျောက်မင်း ကိုယ်တိုင်လည်း ထိုဒေသတွင် ဆက်၍ မနေတော့ဘဲ အန္တရာယ်ကင်းရာသို့ ပြောင်းရွှေ့လာခဲ့သည်။

ဒေဝဒတ်လောင်းမျောက်ကမူ သူ၏အခြံအရံတပည့်များအား ပြောင်းရွှေ့ နေထိုင်ဖို့ ဆန္ဒမစောကြနှင့်၊ အခြေအနေစောင့်ကြည့်ကြဦးဟု တပည့်များကို ပြောပြသည်၊ ဒေဝဒတ်လောင်းမျောက်၏ စကားနားထောင်သူ မျောက်များ သည် သူတို့ဆရာပြောသည့်အတိုင်း အခြေအနေကို စောင့်စားလျက်နေထိုင် နေကြသည်၊ အခြားအန္တရာယ်ကင်းရာသို့ ပြောင်းရန် ဆန္ဒမရှိကြ၊ သူတို့ဆရာ နှင့်အတူ နေမြဲနေရာ၌ ဆက်၍နေထိုင်နေခဲ့ကြသည်။

တစ်နေ့သ၌ ဆိတ်တစ်ကောင်သည် ကျွန်မတစ်ဦး နေပူလှန်းထားသော စပါးများကိုလာ၍ စားသဖြင့် ကျွန်မက ထင်းမီးစဖြင့် ပစ်ပေါက်လိုက်သည်၊ ဆိတ်၏ အမွေးများ မီးစွဲလောင်ကုန်သည်၊ ထိုဆိတ်သည် မိမိကိုယ်တွင် လောင်နေသော မီးငြိမ်းစေရန် ဆင်တင်းကုပ်အနီးရှိ မြက်ဂိုဒေါင်ထဲသို့ ပြေး ဝင်လျက် သူ့ကိုယ်၌လောင်နေသော မီးကိုမြက်များဖြင့် ပွတ်တိုက်သည်၊ မီး သည် ဆိတ်၏ကိုယ်မှတစ်ဆင့် မြက်ဂိုဒေါင်သို့ ကူးစက်ကာ မြက်ဂိုဒေါင် မီး စွဲလောင်သည်၊ ထိုမှတစ်ဆင့် ဆင်တင်းကုပ်လည်း မီးကူးစက် လောင်ကျွမ်း သဖြင့် ဆင်များလည်း မီးလောင်ခံရသည်။

## ဆင်မီးလောင်နာကုစေပြီ

ဂိုဒေါင်တွင်းရှိ ဆင်များ မီးလောင်ခံရသဖြင့် မင်းကြီးက ကျွမ်းကျင်သူ

ဆေးဆရာများကိုခေါ်စေကာ မီးလောင်ခံရသော ဆင်များကို ဆေးကုစေသည်၊ သို့သော်ဆင်၌ စွဲကပ်နေသော မီးလောင်နာများမှာ မသက်သာနိုင်ဖြစ်နေသည်၊ ထိုအကြောင်းကို မင်းကြီးထံသံတော်ဦးတင် အသိပေးကြသည်။

မျောက်များအပေါ် အခဲမကြေနိုင်ဖြစ်နေသော ပုရောဟိတ်သည် မင်းကြီးထံခစားရန်ရောက်လာသည်၊ မင်းကြီးက ပုရောဟိတ်ကြီးအား မီးလောင်ခံရသော ဆင်များ၏အနာကို အမြန်ပျောက်စေနိုင်မည့် ဆေးနည်းကောင်းသိ မသိ မေးမြန်းသည်၊ အချက်နှင့်အကွက်ကိုစောင့်နေသော ပုရောဟိတ်က အကောင်းဆုံး ဆေးနည်းကိုသိကြောင်း၊ ဆင်များ၌ဖြစ်နေသော မီးလောင်နာကို အမြန်ဆုံးပျောက်ကင်းစေသည့် ဆေးနည်းမှာ မျောက်တို့၏အဆီမှတစ်ပါး အခြားဆေးကောင်းမရှိကြောင်း ပြန်လည်လျှောက်ထားသည်။

နန်းတွင်းရှိ ပုရောဟိတ်ကြီးများသည် များသောအားဖြင့် မင်း၏ဆရာများ၊ အတိုင်ပင်ခံများ၊ အကြံဉာဏ်ပေးသူများဖြစ်ကြသည်၊ အစဉ်အလာအားဖြင့် ပဒေသရာဇ်ခေတ်တွင် မင်းတို့ အားအကိုးဆုံးပုဂ္ဂိုလ်များမှာ ပုရောဟိတ်ခေါ် ပုဏ္ဏားဖြူ ပုဏ္ဏားညိုများ ဖြစ်ကြသည်၊ မင်း၏ကိုယ်ရေးကိုယ်တာမှအစ မိဖုရားများ အရေး၊ သားတော်၊ သမီးတော်တို့ အရေးကိစ္စ ကြုံလာလျှင် မင်းကြီးများကိုယ်တိုင်က ပုရောဟိတ်များကို အားကိုးအားထားပြုကြသည်၊ သူတို့ပေးသမျှ အကြံဉာဏ်အတိုင်းလည်း လိုက်၍လုပ်တတ်၊ လုပ်စေတတ်ကြသည်။

## သူတို့အကျိုးကြည့်တတ်သူများရှိ

သို့ရာတွင် မင်းတို့ အားကိုးရလှပါသည်ဆိုသော ပုရောဟိတ်တို့တွင် နန်းတော်နှင့်မင်း၊ မိဖုရားအကျိုးကို တကယ်ဦးထိပ်ထား ဆောင်ကြဉ်းပေးသူများ ရှိသကဲ့သို့ မင်း၊ မိဖုရားနှင့် နန်းတော်အကျိုးထက် ကိုယ့်အကျိုးကိုကြည့်တတ်သူများလည်းရှိကြသည်၊ ဤအချက်တို့ကိုသိရှိကာ နေရာဌာနအလိုက် ပုရောဟိတ်များကို ခွဲခြားတာဝန်ပေးသော မင်းများရှိသော်လည်း အလေးမထားသော မင်းအချို့လည်း ရှိကြပေသည်။

## မျောက်များသေကြရပြီ

ဆင်မီးလောင်နာကို မျောက်ဆီဖြင့် ကုသရန်အကြံပေးသော ပုရောဟိတ်မှာ မင်းအကျိုးထက် သူ့အကျိုးကို၊ တစ်နည်းအားဖြင့် သူ၏လက်စားချေလိုသော အာဃာတကို ဦးထိပ်ထား အကြံပေးသော ပုရောဟိတ်ဖြစ်သည်၊ မင်းကြီးသည် အတိုင်ပင်ခံ ပုရောဟိတ်ကြီး၏ စကားကြောင့် မျောက်များ ကိုယ်မှအဆီရစေရန် လေးသမား၊ မြားသမားအကျော်အမော်တို့ကို ခေါ်ကာ မျောက်များကို သတ်စေသည်၊ လေးသမား၊ မြားသမားတို့၏ လက်ချက်ကြောင့် မျောက်အများအပြား သေကုန်ကြသည်။

နေရာပြောင်းရွှေ့ဖို့ ဆုံးမသည်ကို လိုက်နာသော ဘုရားလောင်းမျောက်မင်းနှင့်တပည့်တပန်း ဆွေမျိုးတစ်သိုက်တို့ လေးဒဏ် မြားဒဏ်မှ လွတ်သွားကြသည်၊ အဆီထုတ်ခြင်းလည်း မခံကြရ၊ အခြေအနေကို စောင့်ကြည့်ရန်၊ ဆန္ဒမစောရန် ဆုံးမသော ဒေဝဒတ်လောင်း မျောက်မင်း၏ တပည့်မျောက်အများအပြား မြားဒဏ်ထိသေကုန်ကြရသည်၊ မျောက်ချင်းအတူတူ ဉာတိသင်္ဂဟတရားသိကာ မျောက်တို့ အကျိုးဆောင်ရွက်သော ဘုရားလောင်းမျောက်မင်းကဲ့သို့သော မျောက်များရှိသကဲ့သို့ မိမိကြောင့်၊ မိမိကိုအစွဲပြုကာ ကိုယ့်အမျိုးသား အများအပြား သေစေသော ဉာတိသင်္ဂဟတရား မရှိသူ ဒေဝဒတ်လောင်း မျောက်ကဲ့သို့သော မျောက်များလည်း ရှိကြပေသည်။

[ဇာတ်တော်ငါးရာ့ငါးဆယ်၊ သတ္တကနိပါတ်၊ မဟာကပိဇာတ်]

---

## အမွေမပေးလို၍ တူကိုသတ်သူ

လွန်လေပြီးသော ဘဝတစ်ခု၌ ဘုရားအလောင်းသည် ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေးတစ်ဦး၏သား ဖြစ်နေခဲ့ဖူးသည်၊ သူ့မှာ ညီတစ်ယောက်နှင့် သားတစ်ယောက်ရှိသည်၊ မိဘများ ကွယ်လွန်သောအခါ အစ်ကို ဖြစ်သူ ဘုရားလောင်း သူဌေးသားသည် မိဘပိုင်ပစ္စည်းအားလုံးကို တရားသဖြင့် စီမံခန့်ခွဲ အသုံးပြုသည်၊ ဒါနပြုသည်၊ ဆင်းရဲသူတို့အတွက် အိမ်ဝတွင် အလှူမဏ္ဍပ်ဆောက်လုပ်ထားပြီး ကျွေးမွေး ပေးကမ်းသည်။

ဘုရားအလောင်းတော်သူဌေးသားသည် မိဘများကွယ်လွန်သွားပြီဖြစ်၍ ညီဖြစ်သူအားဘက်စုံမှ ကြည့်ရှုစောင့်ရှောက်သည်၊ အစ်ကိုကြီးအဖအရာဟူသည်နှင့်အညီ ဖခင်သဖွယ်စောင့်ရှောက်သကဲ့သို့ အစ်ကိုတစ်ဦးအနေဖြင့်လည်း စောင့်ရှောက်သည်၊ မိဘထားခဲ့သော စည်းစိမ်ဥစ္စာများကိုလည်း အညီအမျှခွဲဝေသုံးစွဲသည်၊ အထူးသဖြင့် "လှူမျှဝေ၍"ဟူသော မိဘတို့အပေါ် ကျင့်သုံးရမည့်သားသမီးဝတ္တရားနှင့်အညီ မိဘများကို ရည်စူးလျက်ကုသိုလ်ပြုသည်၊ ကုသိုလ် အဖို့ဘာဂကိုလည်း အမျှပေးဝေသည်။

## ရသေ့ဘဝသို့ ကူးပြောင်းပြီ

သူ့သားကလေး သွားနိုင်လာနိုင်သော အရွယ်ရောက်လာသော် ပစ္စည်းဥစ္စာအားလုံးနှင့် ဇနီးရော သားပါ ညီထံအပ်နှံလျက် ကောင်းကောင်းမွန်မွန်စောင့်ရှောက်ပါဟု မှာကြားကာ ရသေ့ရဟန်းဝတ်ပြီး ဟိမဝန္တာသို့ သွားရောက်နေထိုင်သည်၊ "ဃရာဝါသော ဗဟုကိစ္စော" ဟူသည်နှင့်အညီ လူ့ဘဝသည် အလုပ်ကိစ္စများသည်၊ လူ့ဘောင်၌ လူဝတ်ကြောင် ဘဝဖြင့်နေထိုင်ရခြင်းမှာ ကုသိုလ်ကောင်းမှုပြုရန် အချိန်နည်းသည်ဟု သူသိမြင်လာသည်။ ဆွေရေး၊ မျိုးရေး၊ လူမှုရေးနှင့် အခြားသောအရေး ပေါင်းစုံတို့သည် လူဝတ်ကြောင်ဘဝဖြင့် နေလျှင်မလုပ်၍ မဖြစ်သောအလုပ်များ ဖြစ်သည်၊ လူသည် အခြားလူတို့နှင့်ခွဲလျက် တစ်ဦးတည်း တစ်ယောက်တည်း ဧကစာ ကျင့်သုံးနေနိုင်သည်မဟုတ်၊ နေ၍လည်းမဖြစ်၊ နေရန်လည်း မသင့်တော်၊ ထို့ကြောင့် ရသေ့ဘဝသို့ ကူးပြောင်းခဲ့ခြင်းဖြစ်သည်။

ရသေ့ ရဟန်းဘဝသည် လူတို့ကဲ့သို့ အရေးပေါင်းစုံဖြင့် ရှုပ်ထွေးသော ဘဝမဟုတ်။ ဘာဝနာများပွားရန် ကောင်းမှုပြုရန် အချိန်များများရသည်၊ သံယောဇဉ် စိတ်ထားရန်၊ တွယ်တာစိတ်ထားရန် နည်းသည်၊ ရောင့်ရဲလွယ်သော ဘဝဖြစ်သည်၊ ဘဝနှင့် ပတ်သက်သော ကြောင့်ကြမှု၊ တောင့်တမှု အမျိုးမျိုး ရှောင်ရှားနိုင်သည်၊ ထို့ကြောင့် ရသေ့ ရဟန်းဘဝကို သူနှစ်သက်သဘောကျခြင်းဖြစ်သည်။

## ညီမိသားစုတွင် သားလေးမွေးလာသော်

တစ်နေ့တွင် ညီ၏မိသားစု၌ သားလေးတစ်ယောက်ဖွားမြင်လာသည်၊ သားလေးရှိသောကြောင့် သူတို့မျိုးဆက် မပြတ်နိုင်တော့၊ ရှိပစ္စည်းအားလုံး ဤသားလေးက စောင့်ရှောက် ထိန်းသိမ်းလိမ့်မည်၊ ဤသို့သော အတွေးဖြင့် ညီဖြစ်သူနှင့် မိသားစုပျော်နေသည်။

## တူကို ရေနစ်သတ်ထားခဲ့ပုံ

ညီသူဌေးကား အစ်ကိုနှင့်မတူ၊ တွန့်တိုသည်၊ နှမြောသည်၊ အစ်ကိုပြုခဲ့သော အိမ်ဝရှိကောင်းမှုပြုရာ အလှူမဏ္ဍပ်များကို ဆက်၍မထား၊ အားလုံးဖျက်ဆီးလိုက်သည်၊ အမွေရ ပစ္စည်းအားလုံးကို လုံးဝ လက်ဝါးကြီးအုပ်ရန် ကြံသည်၊ အစ်ကိုသည် ရသေ့ဝတ်သွားပြီ၊ လူဝတ်ကြောင်ဘဝကို စွန့်သွားပြီ၊ အမွေပေးစရာ အမွေခွဲစရာမှာ အစ်ကို့သားသာ ရှိတော့သည်၊ အကယ်၍ အစ်ကို့သား မရှိတော့လျှင် . . . ညီသူဌေးသည် သူ့အမြင်၊ သူ့အတွေးနှင့် သူ့အကြံကို အကောင်အထည်ဖော်ရန် တူဖြစ်သူ အစ်ကို့သားကို ရေချိုးဆိပ်သို့ခေါ်လာခဲ့သည်၊ ရေချိုးရင်း အစ်ကို့သားကို ရေနှစ်သတ်ထားခဲ့သည်၊ ဉာတိသင်္ဂဟမင်္ဂလာတရားအရ အစ်ကို့သား အသက်ရှင်လျက်ရှိနေလျှင် အမွေခွဲပေးရပေဦးမည်။

## မရီး၏ဘဝ အားထားရာမဲ့ပြီ

ညီသူဌေးသည် ရေဆိပ်၌ ရေချိုးပြီး အိမ်ပြန်လာခဲ့သည်၊ တူကလေး ပါမလာတော့၊ မရီးဖြစ်သူက သားကိုမတွေ့၍ မေးသည်၊ မြစ်ဆိပ်၌ ရေကစားရင်း ရှာမတွေ့ဟု တိုတိုပြတ်ပြတ်ပင် ပြန်ပြောလိုက်သည်၊ အကြောင်းပြခြင်း၊ ရှင်းလင်းခြင်း တစ်စုံတစ်ရာမပြု၊ မရီးသည် မကျေနပ်သော်လည်း ဘာမျှ ပြန်မပြောဝံ့ရှာပေ၊ သားအတွက် တိတ်တိတ်သာ ပူဆွေးနေရရှာသည်၊ ခင်ပွန်းသည် မရှိတော့၍ သူ့ဘဝအတွက် သားသာတစ်ယောက်တည်းသော အားကိုးရာဟု အားထားပြုထားခဲ့သည်၊ ယခုတော့ မရီး၏ဘဝသည် အားထားရာမဲ့ပြီ။

## အစ်ကိုရသေ့ ကြွလာပြီ

အစ်ကိုရသေ့သည် ဈာန်အဘိညာဉ် သမာပတ်ရ ရသေ့တစ်ပါး ဖြစ်နေပြီ၊ သားနှင့်ညီ၏အကြောင်းကိုသိသွား၍ ကောင်းကင်ခရီးဖြင့် ဗာရာဏသီသို့ ကြွလာခဲ့သည်၊ မြို့တွင်းဝင်လျက် ဆွမ်းခံလှည့်လည်သည်၊ ညီ၏ အိမ်ရှေ့သို့ရောက်သော် အိမ်ဝတွင် ရပ်သည်၊ ညီသူဌေးသည် အိမ်ဝသို့ရောက်လာသော အစ်ကိုရသေ့ကို မြင်သော် အိမ်ပေါ်သို့ပင့်သည်၊ ခဲဖွယ်ဘောဇဉ်တို့ ကပ်လှူသည်။

ဆွမ်းစားပြီးသောအခါ အစ်ကိုရသေ့က သူ့သားအကြောင်း ညီကို မေးသည်၊ ကွယ်လွန်ရှာပြီဟု လျှောက်ထားသည်၊ အဘယ်ကြောင့်ကွယ်လွန်ရသနည်းဟုမေးသော် ရေကစားရင်းကွယ်လွန်ပါသည်၊ အခြားဘာမျှ မသိပါဟု ဖြေသည်။

ထိုအခါ အဘိညာဉ်ရ ရသေ့က သင်အဘယ်မှာ သိမည်နည်း၊ သင့်ပြုခဲ့သော အကုသိုလ်အမှုအကြောင်း သင်ကမသိဟု ပြောသော်လည်း ငါသိသည်၊ အမွေရပစ္စည်းကို ခွဲမပေးလို၍ သတ်သည်မဟုတ်လော၊ ရန်သူမျိုးငါးပါးနှင့် ဆက်နွှယ်နေသော လောကီစည်းစိမ်ဥစ္စာကို သင်တစ်ယောက်တည်း ထိန်းသိမ်းထားလျှင်ရမည်ဟု သင်ထင်မြင်သလောဟု မေးမြန်းသည်။

## ရလိုမှုတစ်ခုတည်းကိုကြည့်ကာ

ညီသူဌေးသည် အစ်ကိုရသေ့မေးမြန်းသမျှ အကြောင်းသင့်၊ အကျိုးသင့် မဖြေရှင်းနိုင်တော့ပေ၊ မိဘနှင့်အစ်ကိုလက်ထက်က စီစဉ်ကားခဲ့သော အလှူမဏ္ဍပ်များအကြောင်းကိုလည်း အကျိုးနှင့်အကြောင်း ညီညီညွတ်ညွတ်ပြောမပြနိုင်၊ ရလိုမှု တစ်ခုတည်းကို ကြည့်ကာ မလုပ်သင့်သော အရာများကို သူပြုလုပ်ခဲ့သည် မဟုတ်ပါလော၊ ဉာတိသင်္ဂဟတရားကို မထောက်ထား၊ မိဘနှင့် အစ်ကိုတို့၏ ကောင်းမွေကို ဆက်ခံရန်လည်း သူမစဉ်းစားခဲ့။

အစ်ကိုရသေ့သည် ညီသူဌေးအား မယှကင့်ကျက်နှင့်တူပုံကို ဤသို့ဆက်၍ တရားပြတော်မူသည်၊ ရှေးအခါက မယှကင့်ကျက်သည် ညောင်ကြတ်ပင်ပေါ်၌ နေလျက် မှည့်နေသော အသီးများကိုစားသည်၊ ကျန်သောအသီးများသည်

ငါ့ဥစ္စာ၊ ငါပိုင်ပစ္စည်းဟု အဆက်မပြတ်အော်သည်၊ သူအော်နေစဉ်မှာပင် အခြားသောငှက်တို့က သူနေသော ညောင်ကြတ်ပင်သို့လာကာ အသီးများ ကိုစားသည်၊ အစာဝသောအခါ သူတို့နေရာ သူတို့ပြန်သွားကြသည်၊ မယှက ငှက်ကား အပင်ပေါ်၌နေကာ ငါ့ဥစ္စာ၊ ငါပိုင်ပစ္စည်းဟု အော်မြဲအော်နေသည်၊ အော်ရင်းဖြင့်သာ သူသေသွားတော့သည်၊ ညောင်ကြတ်သီးများကိုကား အခြားငှက်တို့က သီးနေလျှင် လာစားသည်၊ စားပြီး ပြန်သွားကြသည်ဟု တရားပြတော်မူပြီး ဟိမဝန္တာသို့သာ ပြန်ကြွသွားတော့သည်။

[ဇာတ်တော်ငါးရာ့ငါးဆယ်၊ ဆက္ကနိပါတ်၊ မယှကဇာတ်]

---

## တိုင်းသူပြည်သားတို့ကို တရားဓမ္မဖြင့်ထောက်ပံ့သူ

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းအုပ်ချုပ်မင်းလုပ်နေစဉ် ဘုရားအလောင်းတော်သည် ဗြဟ္မဒတ်မင်း၏သားတော်ဖြစ်နေခဲ့သည်၊ သား တော်မင်းသားလေး အရွယ်ရောက်သော် တက္ကသိုလ်ပြည်သို့ပို့ကာ ပညာသင် စေသည်၊ ဒိသာပါမောက္ခဆရာကြီးသည် မင်းသားတို့တတ်အပ်သော အဋ္ဌာ ရသတစ်ဆယ့်ရှစ်ရပ်သောအတတ်ပညာများ မင်းသားကို သင်ကြားပေးသည်၊ မင်းသားလေးသည် အတတ်ပညာများ သင်ကြားပြီးမြောက်သောအခါ နေရင်း တိုင်းပြည် ဗာရာဏသီသို့ ပြန်လာခဲ့သည်။

### အိမ်ရှေ့မင်းသားဘဝရပြီ

ဖခမည်းတော်ဗြဟ္မဒတ်မင်းကြီးသည် ပညာစုံ၍ တက္ကသိုလ်ပြည် ဒိသာပါ မောက္ခဆရာကြီးထံမှ ပြန်လာသော သားတော်လေးကို အိမ်ရှေ့မင်းအဖြစ် အရာပေးချီးမြှောက်သည်၊ မင်းသားလေးသည် စိတ်ကောင်းရှိသည်၊ ကြင် နာတတ်သည်၊ သနားညှာတာတတ်သည်၊ သူတစ်ပါးစိတ်ဆင်းရဲရမည့်အလုပ် မျိုးကို ငယ်စဉ်အခါကတည်းက ကိုယ်တိုင်လည်းမပြုလုပ်၊ သူတစ်ပါးတို့ ပြုလုပ် သည်ကိုလည်း အားပေးအားမြှောက်မပြုပေ။

ထိုအချိန်က ဗာရာဏသီပြည်သူပြည်သားတို့သည် ကိုးကွယ်မှုအရာ၌ စစ်စစ်မှန်မှန်ကိုးကွယ်မှုကို မပြုတတ်ကြ၊ များသောအားဖြင့် အစဉ်အလာ နတ်ကိုးကွယ်မှုကိုသာ ပြုလုပ်ကြသည်၊ နတ်ကိုးကွယ်မှုအပေါ် အကောင်း အဆိုးခွဲခြားမှုမပြုတတ်ကြ၊ နတ်ကိုးကွယ်ရာ၌ ပြုလုပ်ကြသော သူတစ်ပါး အသက်သတ်မှု၊ ညှဉ်းပန်းနှိပ်စက်မှုစသည်တို့ကိုလည်း ကောင်းသောအလုပ် များဟု မှတ်ယူထားကြသည်၊ နတ်ကို ပူဇော်ပသရန် ဆိတ်၊ သိုး၊ ကြက်၊ ဝက်စသည်ကို သတ်ကြသည်၊ အသားအသွေးမျိုးစုံတို့ဖြင့် ပူဇော်ကြသည်။

## နတ်ကိုးကွယ်မှုမကြိုက်သူ

မင်းသားလေးသည် အစဉ်အလာနတ်ကိုးကွယ်မှုကို မကြိုက်၊ ကိုးကွယ် ပသရန် ပြုလုပ်ကြရသော သားမျိုးစုံသတ်ဖြတ်ရမှုကိုလည်း မနှစ်သက်ပေ၊ သူတစ်ပါးကို ညှဉ်းပန်းကာ သတ်ဖြတ်ရသောအလုပ်သည် ကောင်းကျိုးကို ဖြစ်စေမည့်အလုပ်ဟု သူမယုံကြည်၊ ကောင်းကျိုးရစေမည့်အလုပ်သည် မိမိရော သူတစ်ပါးအတွက်ပါ စိတ်မဆင်းရဲစေရသော အလုပ်သာဖြစ်ရမည်ဟုလည်း တွေးသိထားသူဖြစ်သည်။

သို့ရာတွင် ဖခမည်းတော်ကြီး အုပ်ချုပ်နေချိန်လည်းဖြစ်၊ အစဉ်အလာ အားဖြင့်လည်း သက်တမ်းကြာလာကာ အခိုင်အမာဖြစ်နေပြီလည်းဖြစ်သော ကြောင့် နတ်ကိုးကွယ်မှုကို သူသည် ချက်ချင်းမဖျက်၊ ဖျက်၍လည်း မသင့် တော်သေးဟု ယူဆကာ အချိန်ကိုစောင့်နေခဲ့သည်၊ သူကိုယ်တိုင်ပင် အများ နည်းတူ ပူဇော်ပသသည်၊ သူ၏ပူဇော်ပသမှု၌ အသက်သတ်မှုမပါ၊ သူတစ်ပါး စိတ်ဆင်းရဲအောင်ပြုလုပ်ရသော အလုပ်များမလုပ်၊ ပန်းများ၊ ခဲဖွယ်ဘောဇဉ်များ ဖြင့်သာ ပူဇော်သည်၊ အများနည်းတူ နှုတ်မှလည်း ရွတ်ဆိုဆုတောင်းမှုပြုသည်၊ သူ၏ဆုတောင်းမှုမှာ အခြားသူတို့ကဲ့သို့မဟုတ်၊ သူတစ်ပါးအသက်သတ်ကာ ပူဇော်ပသရမှုများ ပပျောက်သွားအောင်လုပ်ရန် ရည်ရွယ်စိတ်ကူး၍ ရွတ်ဆိုမှု များသာဖြစ်သည်။

## ဖခမည်းတော် ကွယ်လွန်သော်

မကြာမီ တစ်နေ့တွင် မင်းသားလေး၏ဖခမည်းတော်မင်းကြီးကံကုန်ကာ

နတ်ရွာစံသွားသည်၊ မင်းသားလေးသည် ခမည်းတော်၏အရိုက်အရာကို ဆက်ခံရကာ မင်းဖြစ်လာသည်၊ သူ၏မွန်မြတ်သော အတွေးအမြင်အသိများကို အကောင်အထည်ဖော်ရန် အချိန်တန်ပြီဟု သူသိလာသည်၊ သို့ဖြြင့် မင်းသားလေးသည် မှူးကြီးမတ်ရာသေနာပတိတို့ကိုခေါ်ကာ ညီလာခံသဘင်ကျင်းပသည်၊ ညီလာခံသဘင်၌ မင်းသားလေးက သူ၏ဆန္ဒကို ဤသို့ထုတ်ဖော်မိန့်ကြားသည်။

## သီလဖျက်သူတို့ အသက်သွေးချေးဖြင့် ပူဇော်မည်

"မှူးကြီးမတ်ရာ သေနာပတိနှင့် မင်းညီမင်းသား အပေါင်းတို့၊ အကျွန်ုပ်အိမ်ရှေ့မင်းသား ဘဝက အများနည်းတူ ပူဇော်ပသဖွယ် ရှိသည်တို့ကို ပူဇော်ပသလျက် မြို့ပြင်ရှိ ညောင်ပင်စောင့်နတ်အား ရှိခိုးပူဇော်ခဲ့သည်၊ ထိုစဉ်က ငါသည် "အကယ်၍ အကျွန်ုပ်သည် မင်းအဖြစ်သို့ ရောက်ခဲ့သော် ဤတိုင်းနိုင်ငံအတွင်းရှိ ကံငါးပါးကို ကျူးလွန်သူများ၊ အကုသိုလ်ဒုစရိုက်အမှုကျူးလွန်သူများ၏ အသက်၊ သွေးတို့ဖြင့် သင်ညောင်စောင့်နတ်မင်းအား ပူဇော်ပသပါမည်၊ ထို့ကြောင့် အကျွန်ုပ်အား ကူညီစောင့်ရှောက်ပါ"ဟု ဆုတောင်းခဲ့သည်၊ ယခု ငါမင်းအဖြစ်ကို ရရှိခဲ့ပါပြီ၊ ဆုတောင်းစဉ်က ပြုခဲ့သော ကတိနှင့်အညီ ငါးပါးသီလ ဖောက်ဖျက်သူတို့၏ အသွေးအသားတို့ဖြင့် ပူဇော်ပသလိုပါသည်၊ ယခုအခါမှစ၍ သူတစ်ပါး အသက်သတ်ခြင်းစသော ငါးပါးသီလ ချိုးဖျက်သူတို့ကိုတွေ့လျှင်၊ မြင်လျှင်၊ ကြားလျှင် အကြောင်းကြားပါ၊ ထိုသူတို့၏ အသက်၊ သွေးတို့ဖြင့် ညောင်ပင်စောင့်နတ်ကို ပူဇော်ပသမည်"

အမတ်တို့သည် ဗာရာဏသီပြည်လုံးအနှံ့ မင်း၏ဆန္ဒကို သိကြစေရန် စည်တီးပြီး ကြေညာမောင်းခတ်စေသည်၊ ထိုကြေညာမောင်းခတ်သံကြောင့် ပြည်သူပြည်သားတို့သည် သူ့အသက်သတ်ခြင်း စသောအမှုများ မပြုလုပ်ကြတော့၊ ရှောင်ကြဉ်ကြသည်၊ သတ်ဖြတ်မှု၊ ခိုးဆိုးမှု၊ သူတစ်ပါး သားမယားဖျက်ဆီးမှု၊ လိမ်ညာမှုနှင့် မူးယစ်စေတတ်သော သောက်စားမှုများ မရှိ၍ တိုင်းပြည်သာယာလာသည်၊ မင်းကိုယ်တိုင်လည်း ငါးပါးသီလ စောင့်ထိန်းလျက် မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်သည်။

ထိုအခါမှစ၍ တိုင်းပြည်သည်လည်း ညီညွတ်မှု၊ သာယာဝပြောမှု၊ စည်းလုံးမှုတို့နှင့် ပိုမိုပြည့်စုံလာသည်၊ ပြည်သူပြည်သားများသည် ကိုယ်ကျန်းမာမှု၊ စိတ်ချမ်းသာမှုတို့ ခံစားလာရ၍ မင်းကို အလေးအနက်ထား လေးစားချစ်ခင်လာကြသည်။

ဤသည်မှာ တိုင်းပြည်ကို ဉာတကာနုဋ္ဌသင်္ဂဟတရားနှင့်အညီ အုပ်ချုပ်သောမင်းဖြစ်၍ တိုင်းသူပြည်သားများရော မင်းပါ မင်္ဂလာရှိလျက် အေးချမ်းစွာ နေရခြင်းဖြစ်သည်။

**[ဇာတ်တော်ငါးရာ့ငါးဆယ်၊ ဧကကနိပါတ်၊ ဒုမ္မေဓဇာတ်]**

---

## အနဝဇ္ဇကမ္မ မင်္ဂလာ

"အနဝဇ္ဇကမ္မ"ဟူသည်မှာ အပြစ်ကင်းသော၊ ကဲ့ရဲ့ရှုတ်ချစရာမဟုတ်သော၊ မင်းပြစ်မင်းဒဏ်လည်းမရှိ အကုသိုလ်လည်းမဖြစ်သော အလုပ်များကို ခေါ်သည်၊ အနဝဇ္ဇကမ္မ အလုပ်များမှာ ဥပုသ်သီလစောင့်ခြင်း၊ အလှူဒါနပြုခြင်း၊ တရားနာခြင်း၊ ရေတွင်းရေကန်တူး၍ လှူခြင်းစသောအလုပ်များနှင့် လူထုလူတန်းစားအကျိုးပြု ပရဟိတလုပ်ငန်းအများစုပင် ဖြစ်သည်။

ထိုအလုပ်တို့ကို ပြုလုပ်လျှင် လူများစုအတွက် ကောင်းကျိုးဖြစ်စေသည်၊ ထိုသို့ကောင်းကျိုးဖြစ်စေသောကြောင့် လူအများစုက အပြစ်ကင်းသောအလုပ်လုပ်သူများကို လေးစားကြသည်၊ မြတ်နိုးကြသည်၊ တန်ဖိုးထားကြသည်၊ ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာသော အကျိုးကိုလည်း ဖြစ်စေသည်၊ ထို့ကြောင့် ဤသို့သော အလုပ်များ ပြုလုပ်ခြင်းကို မင်္ဂလာဟု ဘုရားရှင် ဟောတော်မူထားသည်။

ဤအလုပ်များနှင့်ပြောင်းပြန်ဖြစ်သော အလုပ်များလည်းရှိကြသည်၊ ထိုအလုပ်များမှာ သီလစောင့်သူများ သီလမစောင့်နိုင်အောင် နှောင့်ယှက်ခြင်း၊ ကုသိုလ်ကောင်းမှု ဒါနပြုသူများ ဒါနမပြုနိုင်အောင် ဆောင်ရွက်ခြင်း၊ အများအကျိုးအတွက် လမ်းဖောက် တံတားဆောက်ထားသည်ကို ဖျက်ဆီးခြင်း

စသော ပစ္စုပ္ပန်၊ သံသရာနှစ်ဖြာတို့၌ အပြစ်မကင်းသည့်အလုပ်များကို ပြုလုပ်ခြင်းဖြစ်သည်။

ဤသို့သော အလုပ်လုပ်သူများအတွက် ရရှိမည့်အကျိုးတရားများမှာ အများပြည်သူ၏ရှုတ်ချခံရခြင်း၊ အငြိုအငြင်ခံရခြင်းအပြင် မကောင်းသတင်း ကျော်ကြားခြင်းစသည်တို့ဖြစ်ကြပေသည်။

လောက၌ လူအမျိုးမျိုးရှိသည်၊ အပြစ်ကင်းသောအလုပ်လုပ်သူများ၊ အပြစ်ကင်းသောအလုပ်လုပ်သူများကို အားပေးသူများရှိသကဲ့သို့ လောကကျိုး၊ သံသရာကျိုးမကြည့်ဘဲ မိမိ၏ယာယီ ကောင်းစားရေးကိုသာကြည့်ပြီး အလုပ်လုပ်သူများ၊ ထိုမကောင်းမှုလုပ်သူတို့ကို အားပေးအားမြှောက်ပြုသူများလည်း ရှိသည်၊ ယင်းသို့သော လူနှစ်မျိုးကို ဤမာဃလုလင်ဝတ္ထု၌ တွေ့နိုင်ပေသည်။

## လမ်းပြင်၊ လမ်းဖောက်၊ တံတားဆောက်သူများ

မဂဓတိုင်း ရာဇဂြိုဟ်ပြည်၌ မစလအမည်ရှိရွာတစ်ရွာရှိသည်၊ ထိုရွာတွင် မာဃအမည်ရှိ လုလင်နှင့်အပေါင်းပါ ၃၃ယောက်တို့လည်း နေထိုင်ကြသည်၊ မာဃလုလင်သည် ငယ်ရွယ်စဉ်ကတည်းက စိတ်ထားဖြူစင်သူဖြစ်သည်၊ စိတ်ထားဖြူစင်သည့်အလျောက် သူနှင့်အရွယ်တူရွာသားအချို့ သူ့အသက်သတ်ခြင်း၊ လောင်းကစားခြင်းစသည့်မကောင်းမှုများ ပြုကြသော်လည်း သူက လိုက်၍မပြု၊ သီလစောင့်သည်၊ လမ်းပျက်လမ်းဟောင်းများပြုပြင်သည်၊ ရေတွင်းရေကန်တူးခြင်း စသော အများအကျိုးပြုလုပ်ငန်းများ လုပ်ဆောင်သည်။

### အဖွဲ့လိုက်ဝိုင်းလုပ်ကြပုံ

မာဃလုလင်နှင့်အတွေး၊ အမြင်၊ အသိတူသူ လူငယ်တစ်စုတို့ကလည်း မာဃလုလင်လုပ်သည့် လုပ်ငန်းများ၌ ပူးပေါင်းပါဝင်လုပ်ကိုင်လာကြသည်၊ သူတို့အုပ်စုတွင် တစ်စတစ်စဖြင့် စိတ်တူသဘောတူ လုပ်ဆောင်သူများ၍ များ၍လာရာမှ ၃၃-ယောက်အထိ ရှိလာသည်၊ အကြံဉာဏ် တူသူများ

အားကောင်းလာသဖြင့် သူတို့သည် လမ်းဖောက်၊ တံတားဆောက်သည့် အလုပ်များကို အဖွဲ့လိုက်ဝိုင်းလုပ်ကြသည်။

ရှေးအခါက သူတို့ရွာသည် စည်းလုံးညီညွတ်မှုမရှိ၊ ရွာ၏ကောင်းရာကောင်းကျိုးကို လုပ်ကိုင်သူမရှိသလောက်ပင်၊ လူကြီးလူငယ်အရွယ်မရွေး မူးယစ်သောက်စားရမ်းကားကြသည်၊ ထို့ကြောင့် မဂဓတိုင်း၊ ရာဇဂြိုဟ်ပြည်ရှိ မကောင်းသတင်းဖြင့် ကျော်ကြားသော ရွာတို့တွင် သူတို့ရွာသည်လည်း တစ်ရွာအဖြစ်ပါဝင်နေခဲ့သည်၊ ဤသို့ဖြစ်ရခြင်းမှာ ရွာ၏ဦးဆောင်ဦးရွက်ပြုသူ ရွာသူကြီးကြောင့်ဖြစ်သည်၊ ရွာသူကြီးသည် မှုခင်းအမျိုးမျိုးမှ များပြားသော လာဘ်လာဘများ ရရှိနေသူဖြစ်သည်။

## ရွာလူကြီး၏သဘောထား

မာဃလုလင်နှင့် သူ၏အပေါင်းအဖော် ၃၃-ယောက်တို့၏ကောင်းသတင်းကြောင့် ရွာ၏နာမည်လည်းကောင်းလာသည်၊ ရွာ၌လည်း မကောင်းမှုလုပ်သူများ နည်းသည်ထက် နည်းလာသည်၊ ထိုအခါ ရွာသူကြီးအတွက် လာဘ်လာဘဝင်ငွေသည်လည်း ရှားပါးလာသည်၊ ရွာသူကြီးသည် အကောင်းကို အကောင်းဟုမမြင်တတ်၊ မကောင်းသည်ကိုမှ ရာကြဲအားပေးလိုသူဖြစ်သည်၊ ဤသို့သော ရွာလူကြီး၏သဘောကိုလည်း အချို့သိကြသည်။

## ဆင်ဖြင့်နင်းသတ်စေ

သို့ဖြင့် ရွာလူကြီးသည် မာဃလုလင်နှင့် သူ၏အပေါင်းအဖော်တို့ ၃၃-ယောက်အဖွဲ့ကို ခိုးဆိုးလုယက်နေသူများ၊ လူဆိုးသူခိုးများ၊ ရွာကိုဖျက်နေသူများဟု မင်းထံသို့ မမှန်သတင်းပို့တိုင်ကြားသည်၊ ဘုရင်မင်းမြတ်ကလည်း ရွာလူကြီး၏တိုင်ကြားသတင်းပို့မှုကို ဟုတ်မဟုတ်၊ မှန်မမှန်စစ်ဆေးခြင်းမရှိဘဲ မာဃလုလင်နှင့် သူ၏အပေါင်းအဖော် ၃၃-ယောက်ကို ဆင်ဖြင့် နင်းသတ်စေဟု အမိန့်ချလိုက်သည်။

**လောကဓမ္မတာမှာ အကောင်းရှိသကဲ့သို့ အဆိုးလည်းရှိတတ်သည်၊ မဟုတ်မမှန်ပြုလုပ်သူရှိသကဲ့သို့ ဟုတ်မှန်သည်ကိုမှ ပြုလုပ်သူလည်းရှိ**

သည်၊ ကောင်းသူဘက်သားနှင့် သူကောင်းတို့အသင်းအပင်းအဖွဲ့ရှိသကဲ့သို့ မကောင်းသူဘက်မှ ရပ်သူများ၊ မကောင်းသူတို့ အသင်းအဖွဲ့များလည်း ရှိတတ်သည်၊ ဤသို့ရှိရာတွင် တစ်ခါတစ်ရံ၌ မကောင်းသည် အကောင်းအပေါ် အနိုင်ရသွားသည်များလည်း ရှိသည်၊ သို့ရာတွင် အကောင်းအပေါ် မကောင်း၏အနိုင်ရမှုမှာ ယာယီ၊ တစ်ခဏ၊ ကာလတိုအတွင်းသာဖြစ်သည်၊ အကြောင်းမှာ မကောင်းမှုသည် ကောင်းမှုလောက် အင်အားမရှိသောကြောင့်ဖြစ်သည်။



"ဆင်ဖြင့် နင်းသတ်စေ"ဟူသော မင်းမိန့်ကြောင့် မင်းမှုထမ်းတို့သည် မာဃလုလင်နှင့် သူ၏အပေါင်းအဖော် ၃၃-ယောက်ကို မင်း၊ ရင်ပြင်၌ လဲလျောင်းစေပြီး ဆင်များဖြင့် နင်းသတ်စေရန်စီစဉ်သည်၊ ဆင်များသည် ဝမ်းလျားမှောက်နေသော မာဃလုလင်တို့အနီးသို့ရောက်သော် ရှေ့သို့ဆက်၍ မသွားကြ၊ ချွန်းဖြင့်အုပ်ကာ ဆင်ဦးစီးများက မောင်းကြသည်၊ နင်းဖို့နေနေသာသာ လုလင်တို့အနီးသို့ပင် ရောက်အောင်မောင်း၍မရသောကြောင့် မင်းမှုထမ်းများက မင်းကြီးထံ သတင်းပို့ကြရပြန်သည်။

မာဃလုလင်သည် မင်းမိန့်အရ ဖမ်းဆီးရန်လာခေါ် ကတည်းက သူ့အဖွဲ့သားများအား မင်းနှင့်မင်းမှုထမ်းများအပေါ် မေတ္တာပို့ရန် ပြောကြားသည်၊ သူကိုယ်တိုင်လည်း မေတ္တာပို့သည်၊ သူတို့ပြုလုပ်သမျှ လမ်းပြင်၊ တံတားဆောက်သည့် ကုသိုလ်၏အဖို့ဘာဂကိုလည်း သတ္တဝါအပေါင်းနှင့် စီရင်ချက်ချသူမင်းကိုပါ အမျှဝေသည်။

မင်းကြီးသည် ဆင်များက မနင်းကြကြောင်း သတင်းရသောအခါ မာဃလုလင်နှင့် အပေါင်းအဖော် ၃၃-ယောက်တို့၏ မျက်နှာများကို အဝတ်ဖြင့်အုပ်ထားပြီး ဆင်ဖြင့် ထပ်၍နင်းရန် အမိန့်ထုတ်ပြန်သည်၊ ထိုသို့ ဆင်ဖြင့်အကြိမ်ကြိမ် အနင်းခိုင်း၍မရသဖြင့် မာဃလုလင်တို့အဖွဲ့တွင် ဆေးစွမ်းကောင်းများရှိသလောဟု မေးမြန်းခိုင်းသည်၊ သို့မဟုတ် အစွမ်းထက်သည့် မန္တန်များ၏ အစွမ်းကြောင့်လောဟု စစ်ဆေးခိုင်းပြန်သည်။

## မန္တန်မရှိပါ၊ မေတ္တာသာရှိပါသည်

ထိုအခါ မာဃလုလင်တို့က "ကျွန်တော်မျိုးတို့မှာ ဆေးစွမ်းကောင်းရော၊ အစွမ်းထက်သည့်မန္တန်ပါ မရှိပါ၊ ကျွန်တော်တို့မှာ မေတ္တာသာရှိပါသည်၊ ကျွန်တော်တို့သည် မင်းကြီးမှအစ မင်းမှုထမ်းများအပါအဝင် သတ္တဝါအားလုံးအပေါ် မေတ္တာထားပါသည်၊ အကြိမ်ကြိမ်မေတ္တာပို့ပါသည်၊ ကျွန်တော်တို့ပြုလုပ်ခဲ့သမျှ လမ်းပြင်၊ တံတားဆောက်ခြင်း၊ သူ့အသက်မသတ်ခြင်းစသော ကုသိုလ်ကောင်းမှု၏အဖို့ဘာဂကိုလည်း မင်းကြီးနှင့်တကွ သတ္တဝါတို့ကို အမျှပေးဝေပါသည်၊ မင်းကြီးမယုံလျှင် ရွာသူရွာသားတို့ထံ စုံစမ်းနိုင်ပါသည်"ဟု မင်းကြီးထံ ပြန်ကြားလိုက်ကြသည်။

မင်းကြီးသည် ရွာသူရွာသားတို့ထံမှ မာဃလုလင်နှင့် အပေါင်းအဖော် ၃၃-ယောက်တို့အကြောင်း အမှန်အတိုင်းသိသွားသည်၊ ရွာသူကြီး၏လိမ်ညာတိုင်ကြားသတင်းပို့မှုကိုလည်း သိသွားသည်။

ထိုအခါမှ အကောင်းကို မကောင်းဟုထင်သူမှာ ရွာသူကြီး၊ အမှန်ကို အမှား၊ အဖြူကို အမည်းလုပ်သူမှာလည်း ရွာသူကြီးဟု သိသွားတော့သည်၊ ထို့ကြောင့် မင်းကြီးသည် မာဃလုလင်အား ရွာစားရာထူး ပေးအပ်သည်၊

ရှာသူကြီးအား မယားနှင့်တကွ မာဃလုလင်တို့အဖွဲ့အတွက် ကျွန်အဖြစ် နေစေဟု အမိန့်တော်ကို ပြန်ပြင်ပေးလိုက်သည်။

မာဃလုလင်တို့အဖွဲ့သည် မင်းကြီး၏အမိန့်တော်အသစ်ကြောင့် ကောင်းတာလုပ်လျှင် ကောင်းကျိုးရသည်၊ ကောင်းမှု၏ကောင်းကျိုးသည် ဧကန်မုချရှိသည်ဟု လက်တွေ့ယုံကြည်သွားကြသည်၊ သို့ဖြင့် သူတို့အဖွဲ့သည် ယခင်ကထက် တိုး၍ကောင်းမှုများပြုကြသည်၊ ဇရပ်ကြီးတစ်ဆောင်ဆောက်လုပ်သည်၊ ဇရပ်ကြီး၌ အခန်းကြီးသုံးခန်းပါရှိသည်၊ အုပ်ချုပ်သူများအတွက် အခန်းတွင် အုပ်ချုပ်သူတို့လိုအပ်သော အသုံးအဆောင်နှင့်ပရိဘောဂများထားပေးသည်၊ ပြည်သူတို့အတွက် အခန်း၌ပြည်သူအလွှာစုံတို့ လိုအပ်သောပစ္စည်းပစ္စယနှင့် အသုံးအဆောင်များထားရှိသည်၊ ခရီးသွားနှင့် မမာမကျန်းသူများအတွက် ပြုလုပ်ထားသောအခန်းတွင် ဆေးမျိုးစုံထားရှိသည်၊ ရဟန်းသံဃာနှင့် သူတော်စင်များအတွက်လည်း လိုအပ်သောပစ္စည်းများ သိုလှောင်ထားပေးသည်။

မာဃလုလင်နှင့်အဖွဲ့သည် သက်တမ်းအတိုင်း နေထိုင်ကြပြီးလျှင် သက်တမ်းကုန်၍ ကွယ်လွန်ကြသောအခါ မာဃလုလင်က တာဝတိံသာ၌ သိကြားမင်းဖြစ်သည်၊ ကျန်အဖွဲ့ဝင်များက အခြွေအရံနတ်သားများဖြစ်ကြရသည်။

**[ဓမ္မပဒ၊ အပ္ပမာဒဝဂ်၊ မာဃလုလင်ဝတ္ထု]**

## အပြစ်မကင်းသောအလုပ်လုပ်၍ သေရသူ

သုန္ဒရီသည် ပရိဗိုဇ်မတစ်ဦးဖြစ်သည်၊ လှသည်၊ အလှကြောင့် လူသိများသည်၊ သူသည် တိတ္ထိကြီးတို့ကို ကိုးကွယ်သည်၊ သူကိုးကွယ်သော တိတ္ထိဆရာကြီးတို့၏ ကျောင်းသို့ မကြာခဏသွားသည်၊ ဩဝါဒခံယူသည်၊ တိတ္ထိဆရာကြီးတို့ ခိုင်းစေသမျှတာဝန်ကျေအောင်ဆောင်ရွက်သည်။

### ဝစီပိတ်ကျင့်နေကြလေသလော

တစ်နေ့တွင် တိတ္ထိဆရာကြီးတို့ကျောင်းသို့ ယခင်နေ့များကဲ့သို့ပင် သူလာခဲ့သည်၊ ဆရာကြီးများက သူရောက်နေသည်ကို မြင်သည်၊ သို့သော် သူနှင့်

လုံးဝစကားမပြော၊ ဝစီပိတ်ကျင့်နေသကဲ့သို့ပင်။ ဆရာကြီးများက စကား တစ်ခွန်းမှ မပြောသော် သုန္ဒရီအားငယ်သလိုလို၊ ဝမ်းနည်းသလိုလို ခံစားလာရသည်၊ သို့ဖြင့် အကြောင်းအကျိုးသိနိုင်ရန်အတွက် သူကပင်စ၍ မေးကြည့်သည်။

## ဘုရားဂေါတမကြောင့်

ထိုအခါ တိတ္ထိဆရာကြီးများက သူတို့ကြုံတွေ့နေရသည့်အခြေအနေကို သုန္ဒရီ အား ရှင်းပြပြောကြားကြသည်၊ သူတို့ရှင်းပြချက်အရ တိတ္ထိဆရာကြီးများ၏ စားသောက်နေထိုင်ရေး အခက်တွေ့နေသည်၊ သူတို့၏အရှိန်အဝါသြဇာ၊ အာဏာကျဆင်းနေသည်၊ လှူချင်တန်းချင်သူရှားလာသည်၊ ဤသို့ဖြစ်လာရသည်မှာ ဘုရားဂေါတမကြောင့်၊ သူတို့အရှိန်အဝါကျလာသလောက် ဘုရားဂေါတမက အရှိန်အဝါတက်နေသည်၊ တစ်နေ့ထက်တစ်နေ့ ကြည်ညိုသူများလာသည်၊ လာဘ်လာဘလည်း ပေါသထက်ပေါလျက် များသထက်များလာနေသည်၊ ဤအခြေအနေကို ပြောင်းပြန်ဖြစ်အောင် လှန်ပစ်နိုင်ရန် သုန္ဒရီ၏အကူအညီ အလွန်ပင်လိုအပ်နေသည်ဟု ပြောကြသည်၊ ဤသို့ ပြောရသည်မှာလည်း တစ်ဦးတစ်ယောက်၏ အကြံဉာဏ်မဟုတ်၊ အစည်းအဝေးပြုလုပ်ရာမှ ထွက်ပေါ်လာရသည့်ဆုံးဖြတ်ချက်ဟု ခိုင်ခိုင်မာမာပင် ပြောကြသည်။

## တိတ္ထိဆရာကြီးတို့အရေးသည် သူ့အရေး

ဆရာတိတ္ထိကြီးတို့စကားကိုကြားသော် သုန္ဒရီအားတက်လာသည်၊ အားတက်လာရသည့်အကြောင်းမှာ သူ့အကူအညီလိုသည်ဟု သိရသောကြောင့်ပင်၊ ဆရာကြီးတို့အရေးသည် သူ့အရေးဟု သုန္ဒရီသဘောပိုက်ထားသည်၊ တိတ္ထိဆရာကြီးများသည် သူကိုးကွယ်သောဆရာကြီးများ မဟုတ်ပါလား၊ သူကိုယ်တိုင်သည်လည်း ထိုဆရာကြီးတို့အဆုံးအမသြဝါဒနှင့်အညီ နေထိုင်ကျင့်ကြံနေသူပင်။

ဆရာတိတ္ထိကြီးတို့၏သြဝါဒနှင့်အညီ သုန္ဒရီသည် ဘုရားရှင် သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းတော်ဖက်ဆီသို့သွားသည်၊ လှူဖွယ်တန်းဖွယ်များ

နှင့် ပန်းနံ့သာတို့ကို အများမြင်သာအောင်ယူခဲ့သည်၊ သူသွားသည်ဆိုသည့် အချိန်သည် အခြားသူတို့ကျောင်းတော်မှ တရားနာပြီး ပြန်လာသည့်အချိန်ဖြစ်သည်၊ အခြားသူတို့က မေးသော် ဇေတဝန်ကျောင်းတော်သို့ဟုသာ သာမန်ဖြေသည်၊ သို့ရာတွင် ဘုရားရှင်ကျောင်းတော်သို့ သူမရောက်။

## ယုန်ထင်ကြောင်ထင်ဖြစ်စေရန်

နံနက်မိုးလင်းလျှင် ကျောင်းတော်ဘက်ဆီမှ ပြန်လာခဲ့သည်၊ တွေ့ကြုံရသူတို့ကမေးသော် ကျောင်းတော်မှပြန်လာသည်ဟု သာမန်ပင်အဖြေပေးသည်၊ အမှန်အားဖြင့် သုန္ဒရီသည် ဘုရားရှင် သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းတော်သို့ သွားသည်မဟုတ်၊ တိတ္ထိဆရာကြီးတို့ ရှိရာသို့သွားပြီး ပြန်လာခြင်းသာဖြစ်သည်၊ သူ၏ အဖြေစကား၌ ကျောင်းတော်မှဟုပြောချင်းမှာ ယုန်ထင်ကြောင်ထင်ဖြစ်စေရန်နှင့်အခြားသူတို့ ယုံကြည်လာကာ သူ့အကြံအောင်မြင်စေရန်အစပျိုးခြင်းသာ ဖြစ်သည်။



နောက်ရက်များတွင်လည်း ယခုခရီးစဉ်အတိုင်းပင် သူဆက်၍သွားသည်၊ လမ်းမှတွေ့ဆုံသူတို့ကမေးသော် ဇေတဝန်ကျောင်းတော်ဂန္ဓကုဋီသို့သွားပြီး

ဘုရားရှင်နှင့်အတူအိပ်ကာ ပြန်လာခဲ့သည်ဟု ယခင်ပြောနေကျစကားနှင့်မတူသော အဖြေကို ပြောလာသည်၊ သူ့သတင်းသည်လည်း တစ်စတစ်စဖြင့် ပြန့်လာသည်၊ မယုံသူရှိသည်၊ ယုံသူလည်းရှိသည်၊ ဇာတ်သိမ်းခန်းမရောက်သေးသမျှ ပြည်သူတို့အတွင်း၌ သို့လော၊ သို့လောဟု ဖြစ်တတ်သည်မှာ ဓမ္မတာ၊ အဆုံးစွန်လုပ်ရပ်ကို မတွေ့၊ မမြင်၊ မသိရသေးသမျှ ဤအတိုင်းပင်ဖြစ်နေတတ်သည်။

## ပရိဗိုဇ်မသုန္ဒရီသေရှာပြီ

တိတ္ထိဆရာကြီးတို့ကား သုန္ဒရီအကြောင်းကို မပြတ်မလပ် သတင်းယူနေကြသည်၊ ပြည်သူတို့၏ တုံ့ပြန်သံကိုလည်း နားစိုက်နေကြသည်၊ သူတို့ခင်းသည့်ဇာတ်ကို အချို့ယုံကြည်လာကြပြီဟု သိရသဖြင့် သုန္ဒရီကို အစတုံးဖျောက်ဖျက်ပစ်ရန် စီစဉ်လိုက်ကြသည်၊ သုန္ဒရီ သေရရှာပြီ၊ အမူးအရူးသောက်စားထားသူတို့ လက်ချက်ဖြစ်သည်၊ တိတ္ထိဆရာကြီးများက အသပြာပေးပြီး သေသောက်ကျူးများအား သုန္ဒရီကို သတ်ခိုင်းလိုက်သည်၊ သုန္ဒရီ၏အလောင်းကိုလည်း ဂန္ဓကုဋီအနီးရှိ ပန်းအမှိုက်များအကြား၌ ပစ်ထားရန်ပါ တိတ္ထိကြီးတို့အမိန့်အတိုင်း ပစ်ထားလိုက်ကြသည်။

သုန္ဒရီပျောက်နေပြီဟု တိတ္ထိတို့ အသိုင်းအဝိုင်းက ကျယ်ကျယ်လောင်လောင် သတင်းလွှင့်သည်၊ သူတို့လွှင့်သောသတင်းသည် လူထုကြားမှသည် ကောသလမင်းကြီး၏နန်းတော်အထိရောက်သွားသည်၊ မင်းကြီးက အကျိုးအကြောင်းမေးသောအခါ သုန္ဒရီသည် ဘုရားရှင်၏ကျောင်းတော်သို့ နေ့စဉ်ရက်ဆက်သွားနေရာမှ ယခု ပျောက်သွားခြင်းဖြစ်သည်ဟု တိတ္ထိအသိုင်းအဝိုင်းက ပြောကြသည်၊ ကောသလမင်းကြီး၏အမိန့်အရ ရှာဖွေကြသောအခါ ဘုရားရှင်ကျောင်းတော်အနီး ပန်းအမှိုက်ပုံ၌ သုန္ဒရီ၏ အလောင်းကို တွေ့သွားကြသည်။

ကောသလမင်း၏အစီအစဉ်အရ သုန္ဒရီ၏အလောင်းကို သုသာန်၌အကျအန ပြင်ဆင်ထားစေသည်၊ သုန္ဒရီသေပြီဟု ကြားသိသူတို့က လာကြည့်ကြသည်၊ လာသမျှပြည်သူတို့အား ဘုရားရှင်၏ဂန္ဓကုဋီကျောင်းတော်အနီး၌ တွေ့

ရခြင်းကို ထောက်ဆလျှင် တရားခံကို အထူးရှာဖွေ စုံစမ်းစရာမလိုဟုလည်း တိတ္ထိတို့အသိုင်းအဝိုင်းမှ အာဘောင်အာရင်းသန်သန်ဖြင့် ရှင်းလင်းပြောပြကြသည်၊ ထို့ပြင် "ရဟန်းဂေါတမ၏အပြစ်များကို ဖုံးကွယ်ရန် သူ၏တပည့်တို့က သုန္ဒရီကို ရှင်းပစ်လိုက်ကြသည်"ဟု တိုးတိုးတစ်ဖုံ၊ ကျယ်ကျယ်တစ်မျိုး ပြောပြကြသေးသည်။

## ဟုတ်လျှင်ကျော်၍ ပုပ်လျှင်ပေါ်လိမ့်မည်

သို့ရာတွင် ဗုဒ္ဓဝါဒီတို့အသိုင်းအဝိုင်းကမူ ဟုတ်လျှင်ကျော်၍ ပုပ်လျှင်ပေါ် လိမ့်မည်၊ မကောင်းမှုပြုရာ၌ ဆိတ်ကွယ်ရာမရှိ၊ ပြုသူတို့ကိုယ်တိုင်သိသည်၊ နတ်ကောင်းနတ်မြတ်တို့သိသည်ဟု ယုံကြည်ကြ၍ တိတ္ထိတို့ပြောစကားများကို အလေးအနက်မထားကြ၊ အသိဉာဏ်နည်းသူနှင့် တိတ္ထိတို့အသိုင်းအဝိုင်းတို့ ကသာ ဟုတ်နိုးနိုးတွေးကြ၊ ထင်ကြသည်။

## သောက်ကြသောက်ကြ ဝအောင်သောက်ကြ

သုန္ဒရီသေဆုံးရမှုနှင့်ပတ်သက်၍ ကောသလမင်းကြီးက တရားခံအစစ် အမှန်ရှာဖွေဖော်ထုတ်ရန် မင်းမှုထမ်းများကို စေခိုင်းသည်၊ မင်းမှုထမ်းများသည် ရုပ်ဝတ္ထုပစ္စည်းသက်သေများကို ဖော်ထုတ်ရန်ရှာဖွေရင်း ပါးစပ်သတင်းဖြင့် အမျိုးမျိုးပြောကြဆိုကြသံများကိုပါ နားထောင်သည်၊ တစ်နေရာသို့ရောက် သော် "သောက်ကြဟေ့၊ သောက်ကြ၊ ဝအောင်သောက်ကြ၊ ဆရာကြီးတို့ က မင်းတို့ကို အထူးဂုဏ်ပြုချီးမြှင့်လိုက်တဲ့ ငွေကွ၊ မင်းတို့ရဲ့ လက်စလက်နကို သဘောကျပြီး ဂုဏ်ပြုတာ၊ နောက်လဲလာအုံးမှာကွ"ဟု ပြောသောအမူးသမား တစ်စု၏ အသံကို ကြားရသည်။

မင်းမှုထမ်းများသည် အမူးသမားတစ်စုကိုဖမ်းပြီး မင်းကြီးထံခေါ်သွားကြ သည်၊ မင်းကြီးရှေ့တော်သို့ ရောက်၍ စစ်ဆေးသောအခါ အမူးသမားတစ်စု က သုန္ဒရီကို သူတို့သတ်ပါသည်၊ တိတ္ထိဆရာကြီးတို့က အသပြာပေးပြီး သတ် ခိုင်း၍ သတ်မိပါသည်၊ ဆရာကြီးတို့ စီစဉ်ပေးသည့်အတိုင်း ဘုရားရှင်၏ ဂန္ဓကုဋီ ကျောင်းတော်အနီး ပန်းအမှိုက်များအကြား ပစ်ထားကြပါသည်ဟု ထွက်ဆိုကြသည်။

## အဖြစ်မှန်သိရသောအခါ

အဖြစ်မှန်ပေါ်လာသောအခါ တိတ္ထိဆရာကြီးများနှင့် သူတို့၏ အသိုင်းအဝိုင်းကပြောခဲ့၊ ဝါဒဖြန့်ခဲ့သမျှစကားတို့နှင့် ပြောင်းပြန်ဖြစ်နေသည်၊ သူတို့သတ်ခိုင်းပါသည်၊ သတ်ခိုင်းရသည့်အကြောင်းမှာလည်း သူတို့တွင် လာဘ်လာဘ ရှားပါးနေ၍ ကြံစည်ပြုလုပ်ကြခြင်းဖြစ်ပါသည်ဟု ဝန်ခံကြသည်။

သုသာန်၌ ကောသလမင်းကြီး၏ အမိန့်အရ သုန္ဒရီ၏အလောင်းကို လူအများပြထားပုံမှအစ တိတ္ထိနှင့် တိတ္ထိတပည့်တို့ အမျိုးမျိုး ပြောကြဆိုကြပုံ၊ သူသတ်သမားများ အဖမ်းခံရပုံ စသည့် သတင်းအစုံကို ရဟန်းတော်တို့က ဘုရားရှင်ထံ လျှောက်ထားကြသည်။

ထိုအခါ ဘုရားရှင်က "မဟုတ်မမှန်ပြောဆိုသူများ၊ မကောင်းမှုကို ကိုယ်တိုင်ပြုပါလျက် မပြုပါဟု ငြင်းဆန်သူများ အားလုံးသည် သူတို့ပြုခဲ့သမျှသော မကောင်းမှု၏မကောင်းကျိုးကို ယခုဘဝ၌လည်း ခံရမည်၊ တမလွန်ဘဝ၌လည်း ငရဲသို့ လားရမည်"ဟု မိန့်တော်မူသည်။

ဘုရားရှင်မိန့်တော်မူသည့်အတိုင်းပင် ကောသလမင်းကြီးသည် သေသောက်ကြူးတို့အား လည်းကောင်း၊ သေသောက်ကြူးတို့အား အသပြာပေးလျက် သုန္ဒရီကို သတ်ရန်စေခိုင်းသည့် တိတ္ထိဆရာကြီးများအားလည်း ကောင်း သေစားသေစေရန် အမိန့်ချ စီရင်စေလိုက်သည်။

[ဓမ္မပဒ၊ နိရယဝဂ်၊ သုန္ဒရီပရိဗိုဇ်မဝတ္ထု]

---

## အပြစ်ကင်းသောအလုပ်ဖြင့် သူဌေးဖြစ်သူ

ဤဘဒ္ဒကမ္ဘာ၌ တတိယပွင့်တော်မူသော ဘုရားရှင်သည် ကဿပဘုရားရှင်ဖြစ်သည်၊ ကဿပဘုရားရှင်လက်ထက် ဗာရာဏသီပြည်၌ မဟာဒုဂ်အမည်ရှိ ဆင်းရဲသားလင်မယားနှစ်ယောက်ရှိသည်၊ သူတို့သည် မြို့တံခါးအနီးရှိ တဲအိမ်စုတ်၌နေကြရသည်၊ ဆင်းရဲရာ၌ ကုန်းကောက်စရာမရှိဟု ဆိုရလောက်အောင် ဆင်းရဲသည်၊ စားရေး၌ နပ်မမှန်၊ ဝတ်ရေးအတွက် လုံလုံခြုံခြုံဝတ်စရာ

မရှိ၊ ကောင်းကောင်းမွန်မွန် မဝတ်နိုင်၊ နေရေးအတွက်တော့ တဲအိမ်စုတ်ကလေးရှိသည်။

## အလုပ်လုပ်သည်၊ သို့သော်

အလုပ်လုပ်လျှင် စားဝတ်နေရေးအတွက် လုံလောက်သည့် အခကြေးငွေရသည်ဟု အဆိုရှိသည်၊ သူတို့လင်မယားလည်း အလုပ်လုပ်သည်၊ သို့ရာတွင် ရရှိသောအခကြေးငွေသည် သူတို့လင်မယား စား၊ ဝတ်၊ နေရေးအတွက် မဖူလုံ၊ တစ်ခါတစ်ရံတွင် ကဿပဘုရားရှင်၏ကျောင်းတော်သို့သွားပြီး ရဟန်းသံဃာတို့ စွန့်ကြသည့်အစာဖြင့် ဝမ်းကိုဖြည့်ရသည်၊ ဆင်းရဲလွန်း၍လည်း သူတို့ကို မဟာဒုဂ်ဟု ခေါ်ကြခြင်းဖြစ်သည်။

## နိဗ္ဗာန်ဆော်၏ နှိုးဆော်သံကြောင့်

တစ်နေ့တွင် နိဗ္ဗာန်ဆော်တစ်ယောက်သည် ဘုရားရှင်နှင့်သံဃာတော်များအတွက် စာရေးတံဆွမ်း ဆက်ကပ်မည်ဟု မြို့တွင်းအနှံ့ လိုက်လံနှိုးဆော်သည်၊ မိမိလှူနိုင်သည့် ရဟန်းသံဃာအရေအတွက် သူ့ထံတွင် စာရင်းပေးကြပါဟုလည်း ပြောကြားသည်၊ နိဗ္ဗာန်ဆော်၏လှုံ့ဆော်သံကြားသော် မဟာဒုဂ်သည် ရဟန်းတစ်ပါးအတွက် ဆွမ်းဆက်ကပ်မည်ဟု စာရင်းသွားပေးသည်၊ နိဗ္ဗာန်ဆော်သည် တစ်ပါးတည်းအတွက်သာ လှူနိုင်သောမဟာဒုဂ်ပေးသည့်စာရင်းကို စာရင်းသွင်းလျက် စနစ်တကျ မှတ်သားမထားလိုက်မိ၊ များသောအားဖြင့် အလှူရှင် အများစုသည် ရာထောင်ဂဏန်းအရေအတွက်ရှိသော ရဟန်းသံဃာတို့ကိုသာ လှူရန်စာရင်းပေးကြသည်၊ ဤသို့စာရင်းပေးကြသူများအထဲတွင် ပြည့်ရှင်မင်းလည်းပါသည်၊ အမတ်ကြီးတို့လည်းပါရှိသည်၊ သူဌေးသူကြွယ်တို့လည်း ပါဝင်ကြသည်။

မဟာဒုဂ်သည် စာရေးတံမဲဖြင့် ကျရာရဟန်းကို ဆွမ်းကပ်လှူဖို့ စာရင်းပေးထားခဲ့ပြီဟု ဇနီးကိုလည်း ဝမ်းသာအားရပြောကြားသည်၊ ဇနီးဖြစ်သူကလည်း ဝမ်းသာအားရဖြစ်သည်။

စိတ်ထားသဘောထားတူသူဇနီးမောင်နှံနှစ်ယောက်သည် ရဟန်းတစ်ပါး

အတွက် စာရေးတံဆွမ်း ကောင်းကောင်းမွန်မွန် ချက်ပြုတ်လှူနိုင်ရန် ငွေရှာဖို့ ပြင်ဆင်သည်၊ သူဌေးတစ်ဦးဦး၏အိမ်တွင် အလုပ်များလုပ်ပေးပြီး ရရှိသော ငွေဖြင့် အလှူပြုလုပ်ရန် တိုင်ပင်ကာ ထိုအိမ်သို့ ဇနီးမောင်နှံသွား ရောက် အလုပ်လုပ်သည်၊ ခင်ပွန်းက ထင်းခွဲရေခပ်သည်၊ ဇနီးက မောင်းထောင်း၊ ဆန်ပြာ၊ ဆန်ဖွပ်သည်၊ သီချင်းတကျော်ကျော်ဆိုလျက် ပျော်ပျော်ရွှင်ရွှင် အလုပ်လုပ်နေသော မဟာဒုဂ်တို့မောင်နှံကို သူဌေးလင်မယားက မေးသည်၊ သူတို့က အကျိုးအကြောင်းပြောပြသဖြင့် သလေးဆန်များ၊ ထောပတ်၊ ဒိန်ခဲ စသည့်အဖိုးတန်ပစ္စည်းများကို ပေးလိုက်သည်၊ ဆွမ်းဟင်းအတွက် မဟာဒုဂ် သည် မြစ်ကမ်းစပ်သို့ ထွက်လာခဲ့သည်၊ ကံအားလျော်စွာ တံငါသည်တစ်ဦးနှင့် တွေ့ပြီး တံငါသည်က သူ့တွင်ရှိသော သဲထဲတွင် မြှုပ်ထားသည့် ငါးကြင်းလေး ကောင်ကို မဟာဒုဂ်အားပေးလိုက်သည်။

## ဆွမ်းနှင့်ဆွမ်းဟင်းများ ချက်ထားပြီ

အိမ်သို့ ပြန်ရောက်သောအခါ မဟာဒုဂ်တို့လင်မယားသည် ညကတည်း က ဆွမ်းနှင့် ဆွမ်းဟင်းများချက်သည်၊ သိကြားမင်းသည် အလှူအတွက် တက်တက်ကြွကြွ လှုပ်လှုပ်ရှားရှား ပျော်ပျော်ရွှင်ရွှင်ဖြင့် ချက်ပြုတ်ပြင်ဆင် နေသော မဟာဒုဂ်ဇနီးမောင်နှံ၏ စေတနာ သဒ္ဓါတရား ထက်သန်နေပုံနှင့် ဘုရားရှင်ကိုယ်တော်တိုင် မဟာဒုဂ်တို့အိမ်သို့ကြွကာ ဆွမ်းအလှူခံမည့် အရေးကို မြင်သိသွားသည်၊ သို့ဖြင့် ကူညီရန် လုလင်တစ်ယောက်အသွင် ဖန်ဆင်းပြီး မဟာဒုဂ်တို့အိမ်သို့လာခဲ့သည်၊ ကူညီဖို့လာပါသည်ဟု လုလင်က ပြောသဖြင့် မဟာဒုဂ်တို့ ဇနီးမောင်နှံကလည်း လက်ခံထားလိုက်ကြသည်၊ ချက်ပြုတ်ရာ၌ နတ်ဩဇာကို သိကြားမင်းက ထည့်ပေးသည်။

## သံဃာပင့်ရန် သွားသော်

ဆွမ်းနှင့်ဆွမ်းဟင်းများကို ချက်ပြုတ်ထားပြီးဖြစ်၍ ရဟန်းတစ်ပါးကိုပင့်ရန် မဟာဒုဂ်သည် နိဗ္ဗာန်ဆော်ထံသွားသည်၊ မဟာဒုဂ်ကိုမြင်မှ နိဗ္ဗာန်ဆော်က လည်း စာရင်းပြုမထားမိသည်ကို သတိရသည်၊ ရဟန်းငါးရာ၊ တစ်ထောင်

စသည်ဖြင့် ပင့်သံဃာနှင့်ပင့်သူတို့၏ စာရင်းနှင့် နေရပ်လိပ်စာများ အကုန် မှတ်ထားသော်လည်း ထိုစာရင်းထဲ၌ မဟာဒုဂ်မပါ၊ သို့ဖြင့် နိဗ္ဗာန်ဆော်က



“စာရင်းမှတ်မထားမိ၍ မဟာဒုဂ်အတွက် ရဟန်းမရှိတော့ပါ”ဟု ရှင်းပြသည်၊ မဟာဒုဂ်စိတ်မကောင်းဖြစ်သွားသည်၊ ပစ္စည်းဆင်းရဲ၍ သူ့အတွက် စာရင်းချန် ခဲ့လေသလောဟုလည်း တွေးမိသည်။

သို့ရာတွင် နိဗ္ဗာန်ဆော်ကပင် “ဘုရားရှင်သီတင်းသုံးတော်မူရာ ဂန္ဓကုဋီ သို့သွားပြီး ဘုရားရှင်ထံလျှောက်ထားပါ”ဟု တိုက်တွန်းသည်၊ သို့ဖြင့် မဟာဒုဂ် သည် ဘုရားရှင်ရှိရာ ဂန္ဓကုဋီကျောင်းတော်သို့လာခဲ့သည်၊ ဂန္ဓကုဋီကျောင်း တော်သို့ ရောက်သွားသောအခါ ကျောင်းတော်အဝ၌ ပရိသတ်အစုံရောက်နေ သည်၊ မင်းဧကရာဇ်နှင့်အမတ်ကြီးများ၊ စစ်သေနာပတိ၊ သူဌေးသူကြွယ်များ၊ ကျောင်းအလှူရှင် ဥပါသကာကြီး၊ ဥပါသိကာမကြီးများ၊ ပရိသတ်အားလုံး သည် ဘုရားရှင်ကိုပင့်ရန် စောင့်နေကြသည်။

## မဟာဒုဂ်ဘုရားရှင်ကိုပင့်လာခဲ့ရာ

မဟာဒုဂ်သည် တက်ကြွကာ ထက်သန်လွန်းသော စေတနာဖြင့်

အကြောက် အရွံ့မရှိဘဲ ပရိသတ်အကြား တိုးဝင်ခဲ့ရာ ဘုရားရှင်မြင်တော်မူနိုင်သည့်နေရာသို့ ရောက်သွားသည်၊ ဘုရားရှင်သည် သပိတ်တော်ကို မဟာဒုဂ်ထံ ကမ်းပေးလိုက်သည်၊ ဘုရားရှင်၏သပိတ်တော်သည် မဟာဒုဂ်ထံ ရောက်သွားပေပြီ၊ မင်းနှင့်အမတ်ကြီးများ၊ သေနာပတိ၊ သူဌေး၊ သူကြွယ်စသည့်ပရိသတ်များက မဟာဒုဂ်ထံမှ သပိတ်တော်ကိုရရန် ရွှေငွေအမြောက်အမြားဖြင့် ကမ်းလှမ်းတောင်းဆိုကြသည်၊ မဟာဒုဂ်သည် တုဏှိဘာဝေ ဆိတ်ထိတ်နေခြင်းဖြင့် ဘုရားရှင်၏ သပိတ်တော်ကို ထမ်းကာ ဘုရားရှင်ကို သူ့အိမ်သို့ ပင့်လာခဲ့သည်။

ဘုရားရှင်သည် မဟာဒုဂ်တို့အိမ်၌ ဆွမ်းဘုဉ်းပေးသည်၊ ဆွမ်းဘုဉ်းပေးပြီးနောက် ဆွမ်းအနုမောဒနာတရားဟောကြားသည်၊ ထို့နောက် ကျောင်းတော်သို့ ပြန်ကြွသွားတော်မူသည်၊ မဟာဒုဂ်တို့၏စေတနာသည် သန့်စင်လွန်းသည်၊ မလှူမီကတည်းက လှူလိုသည့်ပုဗ္ဗစေတနာဖြူစင်စွာပြဋ္ဌာန်းထားသည်၊ ဘုရားရှင်ကို လှူရသဖြင့်လည်း လှူနေရင်းပင် မုဉ္စစေတနာက အတိုင်းမသိဖြစ်ပေါ်နေသည်။ လှူပြီးနောက်တွင်ကား ငါ့အလှူအောင်မြင်ပေပြီတကားဟု အတိုင်းမသိအောင် ဝမ်းသာပီတိဖြစ်ကြသည်။

## လှူလိုလျှင် ရွေးချယ်၍လှူပါ

အလှူခံတစ်ကိုုပ်လေးယောက်ရှိသည်၊ လှူပါ။ သို့သော် ရွေးချယ်၍လှူလျှင် ပို၍ဒါနအကျိုးကြီးမားသည်၊ ပေးလှူလျှင် ဒါနဖြစ်သည်မှာ မှန်ပါ၏၊ သို့ရာတွင် ဒါနသည် ဟီနဒါန၊ မဇ္ဈိမဒါနနှင့် ပဏီတဒါနဟု ယုတ်-လတ်-မြတ် သုံးမျိုးရှိကြောင်း ဘုရားရှင်ဟောကြားထားသည်။

မဟာဒုဂ်တို့ဇနီးမောင်နှံ၏အလှူသည် အလှူရှင်ဘက်မှ စေတနာထက်သန်ခြင်း၊ လှူသောပစ္စည်းသည် တရားသဖြင့်ရသော ပစ္စည်းဖြစ်ခြင်းနှင့် အလှူခံဘက်မှ ဘုရားရှင်ဖြစ်နေ၍ မွန်မြတ်ပြည့်စုံခြင်းတို့ကြောင့် ပဏီတဒါနဖြစ်သည်၊ ဤဒါနကြောင့် မဟာဒုဂ်တို့ အိမ်သည် ရွှေမိုးငွေမိုးရွာချသောကြောင့် ဆင်းရဲလွန်းသူတို့၏အိမ်အဖြစ်မှ ချမ်းသာသူတို့ အိမ်ဖြစ်သွားသည်၊ မင်းကြီး

သည် မဟာဒုဂ်အား သူဌေးကြီးအရာဖြင့် ချက်ချင်းပင် ချီးမြှောက်ပေးအပ်သည်၊ ဒါန၏အကျိုးကို လက်ငင်းခံစားရသဖြင့် မဟာဒုဂ်ဇနီးမောင်နှံသည် သေတပန်သက်တစ်ဆုံး ကုသိုလ်ကောင်းမှုအမျိုးမျိုးဆက်လက်ပြုလုပ်သည်၊ ထိုဘဝမှ ကွယ်လွန်သော် မဟာဒုဂ်သည် တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်ရသည်။

မဟာဒုဂ် နတ်သားဘဝမှ ကွယ်လွန်သောအခါ ယခုဂေါတမ ဘုရားရှင်လက်ထက်တွင် သာဝတ္ထိမြို့နေ အမျိုးသမီး တစ်ဦးထံ၌ ပဋိသန္ဓေနေကာ မွေးဖွားလာခဲ့သည်၊ ပဏ္ဍိတဟုအမည်တွင်သည်၊ အရွယ်ရောက်သော် အရှင်သာရိပုတ္တရာ မထေရ်ကြီးထံ၌ ရှင်ရဟန်းပြုသည်၊ တရားသိမြင်ကာ ရဟန္တာဖြစ်တော်မူပြီး ပရိနိဗ္ဗာန် စံတော်မူသွားသည်၊ သာသနာ့သမိုင်းတွင် ပဏ္ဍိတသာမဏေဟု ကျော်ကြားနေခဲ့သည်။

[ဓမ္မပဒ၊ ပဏ္ဍိတဝဂ်၊ ပဏ္ဍိတသာမဏေဝတ္ထု]

## ပညာရှင်တို့၏ စာပေစကား

သဒ္ဓါမရှေး၊ မပေးမလှူ မုန်းဆေးဟူ၏၊ ပေးလှူတတ်သော်၊ ချစ်ဆေးကျော်တည့်၊ လူ့ဘောင်ဌာန၊ ဤလောက၌၊ စိတ်ကကြည်စွာ၊ စေတနာနှင့်၊ သဒ္ဓါဝမ်း တွင်း၊ ပေးကမ်းခြင်းကား၊ ရခြင်းထက်သာ၊ ဝမ်းမြောက်စွာသည်၊ မင်္ဂလာလွန်မြတ်၊ ဖြစ်သတတ်ရှင့်၊ အမှတ်မြဲမှူ၊ ဆောက်တည်ပြုလော့။

[ မဃဒေဝလင်္ကာ ၂၅၄ ]

၁။ ကိုယ်နှင့်လည်းစာ၊ သတ္တဝါကို၊ ကြင်နာလှစေ၊ သူ့အသက်ကို ချစ်ကြပါလေ။

၂။ သူ၏ဥစ္စာ၊ သူ့ဘဏ္ဍာကို မေတ္တာမရှေး၊ သူမပေးက၊ ဆေးတစ်အိုးမျှ၊ မယူကြနှင့်၊ ရှောင်ကြလေ။

၃။ ကာမေမိစ္ဆာ၊ သူ့အိမ်ရာကို၊ မြင်ကာခဏ၊ သူသတ်ကြူးသည့်၊ ဘီလူးမသို့၊ စိတ်ကမသွေ၊ ထင်မိစေ။

၄။ သူ့ကိုမမှား၊ မလှည့်စားနှင့်၊ စကားစမြည်၊ မွှက်သည်စစ်စစ်၊ ပြောသမျှတို့၊ မှန်လှစေ။

၅။ သေနှင့်အရက်၊ စီးပွားဖျက်ကို၊ တစ်စက်ကယ်မျှ၊ မသောက်ကြနှင့်၊ ရှောင်ကြပါလေ၊ ရှင်တော်ဟောသည့် အဆိပ်ရေ။

၆။ အပါယ်လေးပါး၊ လားမည့်အကြောင်း၊ မကောင်းမှုမှာ စပ်သမျှကို၊ ရှောင်ကြပါလေ၊ သေခါထုတ်ခြောက်၊ ငရဲရောက်မည်၊ ရွံ့ကြောက်စေ။

[ရှင်မဟာရဋ္ဌသာရဆုံးမစာ]

နှောင်သံသရာ၊ မျိုးရိက္ခာကား၊ လေးဖြာပုံပြု၊ ဥစ္စာစုကို၊ စားမှုသောက်ရန်၊ သုံးပုံချန်၍၊ ကျန်တစ်ပုံကို၊ မင်္ဂဖိုလ်ရွယ်ရှု၊ လှူလတ်တုံရှောင်း။

[သုတမဥ္ဇူသာဆုံးမစာ]

ဥစ္စာလက်ထုတ်၊ ပေးကမ်းယုတ်က၊ လဆုတ်နှောက်သိမ်၊ လေတိုက်တိမ်သို့၊ စည်းစိမ်ခြွေရံ၊ ကင်းဝေးလံ၍၊ ကျော်သံမတက်၊ သတင်းပျက်၏။

[လုံးတော်ဆရာတော်]

ဥစ္စာရတနာကုံလုံကြွယ်ဝသည်မှန်စေ၊ လှူဒါန်းပေးကမ်းစွန့်ကြဲခဲ့သည်၊ ဒါနသီလအကျိုးအပြစ်ကို၊ အသိအမြင်အသင်အကြားရှိသည်မှန်စေ၊ ကျင့်ဆောင်နိုင်ခဲ့သည်။

ဆရာကိုချစ်စေလိုသော် ဆည်းကပ်၊ အရပ်ကိုချစ်စေလိုသော် ပေးကမ်း။

[သားရွှေဥဆုံးမစာ]

မျိုးနွယ်သီလ၊ စောင့်တုံက၊ ငယ်ကသေရိုး၊ မရှိပါ။
သုစရိုက်ဆယ်ပါး၊ မြတ်တရား စောင့်ထားသက်ရှည်လာ။
အိပ်ရာဝင်သော်၊ သုံးအင်ရတနာ၊ ဆရာမြတ်လှ၊ မိနှင့်ဘကို၊ တုပ်ကွရိုကျိုး၊ ရှိခိုးမြောက်ချီ၊ ပဉ္စသီလ၊ ခံပြီးမှလျှင် အိပ်ရာဝင်လော့။

စင်စစ်မိုးသောက်၊ နံနက်ရောက်သော်၊ လက်မြှောက်ဦးတင်၊ အိပ်ရာဝင်သို့ သန့်စင်အာရုံ၊ ပြုပြီးတုံမှ၊ ကိစ္စလိုရာ၊ ဆောင်ရွက်ရာ၏။

မျိုးဆွေတို့အား ချစ်ကြည်ငြားက၊ သွားလာတက်သက် ပေါင်းဖက်နိုင်စေ။ ရေမြေကွဲပြား၊ ရပ်ဝေးသားကို၊ ဆွေဝါးအရည့်၊ ချစ်အားဖြည့်က၊ ကြည့်ရှု မျှော်ငန်း၊ ဆက်နွှတ်ခွန်းနှင့်၊ မေးမြန်းနိုင်စေ။

ဗုဒ္ဓဟေရှင်၊ ညောင်တစ်ပင်နှင့်၊ နှစ်ပင်စကား၊ သုံးကားကုံကော်၊ ရှစ်သော် တာလ၊ သတ္တဥသျှစ်၊ အဖြစ်တူမျှ၊ ပဌာန်သရက်၊ အခက်ဝေဝေ၊ စိုက်ပျိုးလေသော်၊ လေးဆွယ်အပါယ်၊ မငြိတွယ်ဘဲ၊ သိလွယ်မှတ်သား၊ ပါယ်မလားဟု၊ ကျမ်းသွား သက္ကတ၊ ဇောသတ္တတွင်၊ ဓာတ်ရသင်ဆဲ။

[မဟာမြတ်မုနိသမိုင်းပျို့]

ပဌာန်မဂါထာဖြင့် ဟောကြားတော်မူသည့်
မင်္ဂလာတရားတော်များနှင့် ဝတ္ထုများပြီး၏။

* * *

## ဆဋ္ဌမဂါထာဖြင့် ဟောကြားသည့် မင်္ဂလာတရား လေး ပါး

အာရတိ၊ ဝိရတိပါပါ အစရှိသော ဆဋ္ဌမဂါထာတော်ဖြင့် ဘုရားရှင်သည် ဤမင်္ဂလာတရားလေးပါးကို ဟောတော်မူသည်။

၁။ အာရတိပါပါ = မကောင်းမှုမှ ဝေးစွာရှောင်ကြဉ်ခြင်းသည်မင်္ဂလာ၊

၂။ ဝိရတိပါပါ = မကောင်းမှုမှ အထူးသဖြင့် ရှောင်ကြဉ်ရခြင်းသည် မင်္ဂလာ၊

၃။ မဇ္ဇပါနာ စ သံယမော = မူးယစ်စေတတ်သော သေရည် သေရက် စသည် သောက်စားခြင်းမှ ရှောင်ကြဉ်ခြင်းသည် မင်္ဂလာ၊

၄။ အပ္ပမာဒေါ စ ဓမ္မေသု = ကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်းသည် မင်္ဂလာ၊

ဤမင်္ဂလာတရားလေးပါးသည် ၃၈-ဖြာမင်္ဂလာတရားတို့တွင် ဘုရားရှင် ဆဋ္ဌမဟောကြားတော်မူသည့် မင်္ဂလာတရားများဖြစ်ကြသည်။

ဤမင်္ဂလာတရားလေးပါးကို သိမှတ်ရလွယ်ကူစေရန် ဆရာကြီး ဒဂုံဦးထွန်းမြင့်က ဤသို့ လင်္ကာစီကုံးထားခဲ့သည်။

၁။ မကောင်းမှုတွေဟူသမျှကို မတွေ့ခင်က ရှောင်ကြဉ်လေ၊

၂။ တွေ့ကြုံလာလျှင်မလွန်ကျူးနဲ့ အထူးသဖြင့် စောင့်စည်းလေ၊

၃။ အရက်သေစာမသောက်စားနဲ့၊ မှောက်မှားတတ်တဲ့အရာလေ၊

၄။ လုပ်ကိုင်ပြောကြား၊ သတိထား၊ တရားမမေ့စေ၊
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့ မင်္ဂလာတွေ။

## စကားလုံးတို့၏ အဓိပ္ပာယ်
## အာရတီပါပမင်္ဂလာ

ဤမင်္ဂလာ၌ ပါပ = မကောင်းမှုဟူသည်မှာ ကာယဒုစရိုက်၊ ဝစီဒုစရိုက်နှင့် မနောဒုစရိုက်တို့ကို ဆိုလိုသည်။

### ကာယဒုစရိုက်သုံးပါး

၁။ ပါဏာတိပါတ = သူ့အသက်ကိုသတ်ခြင်း၊
၂။ အဒိန္နာဒါန = သူ့ဥစ္စာကိုခိုးခြင်း၊
၃။ ကာမေသုမိစ္ဆာစာရ = သူတစ်ပါးသားမယားကို ကျူးလွန်ခြင်း၊

### ဝစီဒုစရိုက်လေးပါး

၁။ မုသာဝါဒ = အကျိုးပျက်စီးအောင်မုသားပြောဆိုခြင်း၊
၂။ ပိသုဏာဝါစာ - ကုန်းတိုက်စကားပြောဆိုခြင်း၊
၃။ ဖရုသဝါစာ = ကြမ်းတမ်းသောစကားပြောဆိုခြင်း၊
၄။ သမ္ဖပ္ပလာပ = အကျိုးမရှိသိမ်ဖျင်းသောစကားပြောဆိုခြင်း၊

### မနောဒုစရိုက် သုံးပါး

၁။ အဘိဇ္ဈာ = သူတစ်ပါးစည်းစိမ်ကို မတရားယူလိုခြင်း၊
၂။ ဗျာပါဒ = သူတစ်ပါးပျက်စီးစေရန် ကြံစည်ခြင်း၊
၃။ မိစ္ဆာဒိဋ္ဌိ = မှားမှားယွင်းယွင်းယူခြင်း၊ အယူမှားခြင်း၊

ဤဒုစရိုက် ၁၀-ပါးကိုပင်၊ မကောင်းမှုဟု ဆိုလိုသည်၊ ယင်းမကောင်းမှုတို့တွင် မနောဒုစရိုက် သုံးပါးတို့ကို မပြုမိအောင် ရှောင်ကြဉ်ခြင်းသည် ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာသောကောင်းကျိုးကို ဖြစ်စေသောကြောင့် အာရတီပါပမင်္ဂလာ= မကောင်းမှုမှ ဝေးစွာရှောင်ကြဉ်ခြင်း မင်္ဂလာဟု ဘုရားရှင် ဟောတော်မူသည်။

## ဝိရတီပါပမင်္ဂလာ

ပါဏာတိပါတ စသော ကာယဒုစရိုက်နှင့် မုသာဝါဒ စသော ဝစီဒုစရိုက်တို့ကို မပြုမိအောင် ရှောင်ကြဉ်ခြင်းသည် ပစ္စုပ္ပန်သံသရာနှစ်ဖြာသော ကောင်းကျိုးကို ဖြစ်စေသောကြောင့် ဝိရတီပါပမင်္ဂလာ = မကောင်းမှုမှအထူးရှောင်ကြဉ်ခြင်း မင်္ဂလာဖြစ်သည်ဟု ဘုရားရှင်ဟောတော်မူသည်။

မကောင်းမှုဟူသည်မှာ မကောင်းကျိုးကိုရစေသော၊ အပြစ်မကင်းသော၊ မဲညစ်ဆိုးရွားသော အကုသိုလ်တရားဖြစ်သည်၊ ဒုစရိုက် ၁၀-ပါးတွင် သူ့အသက်ကိုသတ်ခြင်း၊ သူ့ဥစ္စာကိုခိုးခြင်း၊ သူတစ်ပါးသားမယားကို ကျူးလွန်ဖျက်ဆီးခြင်းဖြင့် ထိုသူသည် လက်ငင်းဘဝပစ္စုပ္ပန်၌လည်း သူတစ်ပါးတို့၏ အပြစ်တင်ခံရခြင်း၊ ကဲ့ရဲ့ခံရခြင်း၊ ရှုတ်ချခံရခြင်း၊ လူမှုရေးအရ ဝိုင်းပယ်ခံရခြင်း၊ အများ၏ မုန်းတီးမှုခံရခြင်းစသည်တို့ ခံရမည်၊ နောင်သံသရာ၌လည်း ပြုခဲ့သော မကောင်းမှုအတွက် မကောင်းကျိုးခံရကာ ဒုဂ္ဂတိဘဝသို့ ရောက်ရပေမည်၊ ဤသည်မှာ တရားလမ်းစဉ် ဓမ္မနိယာမဖြစ်သည်။

ဒုစရိုက်တရားတို့ကို မပြုကျင့်ဘဲရှောင်ကြဉ် သူအတွက် ချီးမွမ်းခံရ ခြင်း၊ ကောင်းသတင်းကျော်ကြားခြင်း၊ အများ၏လေးစားခံရခြင်း၊ မင်းပြစ်မင်းဒဏ်တို့မှ ကင်းလွတ်ခြင်းစသော ပစ္စုပ္ပန်ကောင်းကျိုးများ ခံစားရမည်၊ နောင်သံသရာ၌လည်း သုဂတိဘဝသို့ ရောက်ရှိပြီး ကောင်းကျိုးများကိုသာ ခံစားရမည်၊ ဤသည်မှာ လုံးဝမလွဲမချော်နိုင်သော တရားလမ်းစဉ် ဓမ္မနိယာမပင်ဖြစ်သည်။

### ဝိရတီ = ရှောင်ကြဉ်ခြင်းသုံးမျိုး

ဝိရတီဟူသော ရှောင်ကြဉ်ခြင်းသည် သုံးမျိုးရှိသည်၊ ၎င်းတို့မှာ -

၁။ **သမ္ပတ္တဝိရတီ** = ကျူးလွန်ရန်ကြုံကြိုက်တိုက်ဆိုင်လာသော မကောင်းမှုကို မကျူးလွန်ဘဲ ရှောင်ကြဉ်ခြင်း၊

၂။ **သမာဒါနဝိရတီ** = ကျူးလွန်မှုမပြုရန် သီလဆောက်တည်ဆဲ၊ ဆောက်တည်ပြီးဖြစ်၍ မကောင်းမှုကို မကျူးလွန်ဘဲ ရှောင်ကြဉ်ခြင်း၊

၃။ သမုစ္ဆေဒဝိရတိ = မဂ်ဉာဏ်ဖြင့် ပယ်ထားပြီးဖြစ်၍ လုံးဝမကျူးလွန်တော့ဘဲ အကြွင်းမဲ့ရှောင်ကြဉ်ခြင်းတို့ ဖြစ်သည်။

## ဒုစရိုက်မှုရှောင်ကြဉ်၍ အမေအိုရောဂါကို ပျောက်စေသူ

သီဟိုဠ်ကျွန်း၊ ရောဟနဇနပုဒ်တွင် မဟာဂါမအမည်ရှိ ရွာကြီးတစ်ရွာရှိသည်၊ ထိုရွာတွင် စက္ကနလုလင်၏ ရောဂါသည်မိခင်အိုကြီး၊ စက္ကနလုလင်၏ အစ်ကိုနှင့်စက္ကနလုလင်တို့နေထိုင်ကြသည်၊ စက္ကနလုလင်မှာ အရွယ်မရောက်သေးသူ သားငယ်ဖြစ်သည်၊ သူ့အစ်ကိုသည် လယ်ယာလုပ်ငန်းဖြင့် ညီနှင့် ရောဂါသည်မိခင်အိုကြီးကို ပြုစုလုပ်ကျွေးနေသူဖြစ်သည်၊ မိခင်အိုကြီးမှာလည်း စက္ကနလုလင် ငယ်ရွယ်စဉ်ကတည်းက ရောဂါစွဲကပ်ခံရကာ အိပ်ရာမှပင် မထနိုင်တော့သူဖြစ်သည်။

စက္ကနလုလင်သည် အစ်ကို၏လုပ်ငန်း၌ ကူညီလုပ်ကိုင်ပေးရသကဲ့သို့ မိခင်အိုရောဂါသည်ကြီးကိုလည်း အနီးကပ် ပြုစုစောင့်ရှောက်နေရသည်၊ မိခင်အိုကြီး၏ရောဂါသက်သာပျောက်ကင်းစေရန် သမားတော်သမားကျော်တို့သည် နည်းအမျိုးမျိုး၊ ဆေးအမျိုးမျိုးတို့ဖြင့် ကုသပေးကြသည်၊ သို့သော် ရောဂါမှာ သက်သာလာသည်မရှိပေ။

### နုပျိုလတ်ဆတ်သော ယုန်သားရှာပါ

တစ်နေ့တွင် ဆေးဆရာက စက္ကန၏အစ်ကိုအား မိခင်အိုကြီး၏ရောဂါနှင့် ပတ်သက်၍ ဤသို့အကြံပေးပြောဆိုသည်။

"လူလေး၊ သင့်မိခင်၏ရောဂါသည် အချိန်ကြာလာခဲ့သည်နှင့်အမျှရောဂါကလည်း ကျွမ်းနေပြီ၊ ထိုရောဂါကို ပျောက်ကင်းသက်သာအောင် ကုလိုလျှင် နုပျိုလတ်ဆတ်သော ယုန်သားကိုရအောင်ရှာပါ၊ ၎င်းယုန်သားကျွေးရလျှင် သက်သာလာပါလိမ့်မည်"

မိခင်ကြီး၏ရောဂါ သက်သာစေမည့် နုပျိုလတ်ဆတ်သော ယုန်သားကို

ရှာဖွေရန် အစ်ကိုက ညီငယ်ကို တောသို့သွားကာ အရှာခိုင်းသည်၊ ဆရာပြောပြသည်တို့ကိုလည်း ညီငယ်အား ရှင်းပြသည်။

စက္ကနလုလင်ကား ငယ်ငယ်ရွယ်ရွယ် သိတတ်စအရွယ်မှ စတင်ကာ ရဟန်းတော်တို့ သီတင်းသုံးရာ ကျောင်းတော်သို့ မကြာခဏ သွားသည်၊ ရဟန်းတော်တို့နှင့် ခင်မင်ရင်းနှီးသဖြင့် ရဟန်းတော်တို့အထံမှ တရားစကားများကြားနာခဲ့ရသည်၊ အထူးသဖြင့် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်းစသည့် မကောင်းမှုအကုသိုလ်ဒုစရိုက်တို့၏ အပြစ်များကို အမြဲလိုလိုကြားနာနေခဲ့ရသည်၊ နားလည်း ယဉ်နေပြီဖြစ်သည်၊ ထိုမျှသာမက ငါးပါးသီလ၊ ရှစ်ပါးသီလတို့ကိုလည်း အမြဲမပြတ် စောင့်ထိန်းသည်။

## ယုန်သားရှာဖို့ တောသို့လာခဲ့

မိခင်၏ ရောဂါပျောက်စေရန် လတ်ဆတ်သောယုန်သားအရှာခိုင်းသူမှာ သူနှင့်သူ့မိခင်ကိုလုပ်ကိုင်ကျွေးမွေးနေသူအစ်ကို၊ ခိုင်းရသည့်အကြောင်းမှာ မိခင်ကြီး၏ရောဂါကုသဖို့ စက္ကနလုလင်သည် မိခင်အတွက် အစ်ကိုကခိုင်းစေခြင်းဖြစ်၍ ယုန်သား လတ်လတ်ဆတ်ဆတ်ရရန် တောသို့ထွက်လာခဲ့ရာမှ လမ်းတွင် ဒေသစာရီလှည့်လည်ကြွမြန်းလာသော ရဟန်းတော်တစ်ပါးနှင့် တွေ့သည်၊ ထိုရဟန်းတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ခဲ့သည်။

လယ်တောသို့ရောက်စဉ် ယုန်ငယ်တစ်ကောင်သည် ကောက်ပင်နုများကို စားရန်လာပြီး ကောက်ပင်နုကို ကိုက်ဖြတ်ဖို့ ကြိုးစားနေသည်၊ စက္ကနလုလင်ကို မြင်သဖြင့် ယုန်ငယ်သည် ကောက်ပင်ကိုထားခဲ့ကာ အလျင်အမြန်ထွက်ပြေးသည်။

စက္ကနလုလင်သည် ယုန်ငယ်၏ အခြေအနေကို လယ်ကန်သင်းပေါ်မှ ရပ်လျက် စောင့်ကြည့်နေသည်၊ ပြေးရင်းပြေးရင်းဖြင့် ယုန်ငယ်သည် နွယ်ပင်တစ်ခုနှင့်ငြိကာ ရပ်သွားပြီး အော်နေသည်၊ စက္ကနလုလင်သည် ယုန်ငယ်ကို မိမိရရ ဖမ်းလိုက်သည်၊ ယုန်ငယ်သည်လည်း ကြောက်ကြောက် လန့်လန့်ဖြင့် မနားတမ်း အော်နေသည်။

လက်ထဲတွင် ဖမ်းမိထားသော ယုန်ငယ်၏အော်သံ၊ အစ်ကိုပြောပြသော ဆေးဆရာ၏စကားများနှင့် လမ်းတွင်ကြုံတွေ့ခဲ့ရသော ရဟန်း၏သီလပေးသံ တို့သည် စက္ကနလုလင်၏နားထဲသို့ စုပြုံဝင်လာကြသည်၊ စက္ကနလုလင်သည် ဖမ်းမိထားသော ယုန်ငယ်ကို မိမိရရဆုပ်ကိုင်ထားရင်း ဘာဆက်လုပ်ရမည် မသိအောင် ဖြစ်နေသည်၊ အမေအို၏မျက်နှာကိုလည်း မြင်ယောင်လာသည်၊ သူတစ်ပါး အသက်သတ်ခြင်းသည် ပါဏာတိပါတကံ ကာယဒုစရိုက်မှုဟု လည်း သိထားသည်၊ ထိုအကုသိုလ်ကံသည် ကြီးလေးသောအပြစ်ဟု ဆုံးဖြတ် လျက် ဖမ်းမိထားသော ယုန်ငယ်ကို လွှတ်လိုက်သည်။



"အချင်းယုန်ငယ်၊ အော်လည်း မအော်ပါနှင့်တော့၊ တောထဲ ရှိ သင်၏ မိဘဆွေမျိုး အပေါင်းအဖော်တို့နှင့်အတူ ချမ်းသာစွာနေပါလော့"

စက္ကနလုလင်သည် နှုတ်မှ ဤသို့ပြောဆိုရင်း ယုန်ငယ်ကို လွှတ်ပေးလိုက် သည်၊ ယုန်ငယ်သည် အသက်ဘေးမှလွတ်ပြီဖြစ်၍ တောထဲသို့ တစ်ဟုန်ထိုး ပြေးဝင်သွားတော့သည်။

**အစ်ကို၏ဂမ်းသာစကား**

ထို့နောက် "ငါဆောက်တည်ခဲ့သော သီလသည် အကျိုးအပေါက်

အပြောက်အကျားမရှိပေတကား”ဟု တွေးလျက် ဝမ်းသာစွာဖြင့် အိမ်သို့ ပြန်လာခဲ့သည်၊ အစ်ကိုသည် အိမ်ပေါက်ဝမှ ဆီးကြိုရင်း “ညီလေး၊ ကြည့်ရမြင်ရသည်မှာ ဝမ်းသာရွှင်ပြုံးနေသည်၊ လတ်ဆတ်သော ယုန်သားရလာပြီထင်၏” ဟု ဝမ်းသာစကား ပြောကြားသည်။

ထိုအခါ စက္ကနလုလင်က ယုန်ကလေးအား ဖမ်းမိပုံ၊ သူ့လက်ထဲ၌ ယုန်ကလေးအော်နေပုံ၊ လမ်း၌တွေ့ခဲ့သောရဟန်းတော်၏ထံမှ သီလဆောက်တည်ခဲ့ပုံစသည်ကို အစ်ကို့အား ပြောပြသည်၊ ယုန်ကလေးကိုလည်းတောထဲရှိ သူ၏မိဘဆွေမျိုးတို့နှင့် ချမ်းသာစွာနေပါတော့ဟုပြောကာ ပြန်လွှတ်လိုက်သဖြင့် ယုန်သားပါမလာဟု ရှင်းပြလိုက်သည်၊ စက္ကနလုလင်၏ စကားကို ကြားသော် အစ်ကိုသည် အကြီးအကျယ် ဒေါသဖြစ်သွားတော့သည်။

“ညီလေး၊ သင်သည် အမေ့ကျေးဇူးကိုမသိ၊ ဝေဒနာပြင်းစွာခံစားနေရသူ မိခင်အို၏မျက်နှာကို မထောက်၊ အမေ့အသက်ထက် တိရစ္ဆာန်၏ အသက်ကို တန်ဖိုးထားသည်၊ သင် အိမ်မှာမနေနှင့်တော့၊ သင်လွှတ်ပေးလိုက်သော ယုန်နှင့်အတူ တောထဲမှာသွားနေပြီး မြက်သာစားပါတော့”ဟုဆိုကာ အိမ်မှ နှင်ချလိုက်သည်။

## သေကြောင်းကြံဖို့ အိမ်မှလာခဲ့

အစ်ကိုက နှင်ထုတ်လိုက်ပြီဖြစ်၍ စက္ကနလုလင်သည် အိမ်မှထွက်လာခဲ့ရာ ရွာထိပ်ဆီသို့ ရောက်လာခဲ့သည်၊ ရွာထိပ်နားအရောက်တွင် မျက်နှာချင်းဆိုင်မှလာသော အဘိုးအိုက “သူငယ်၊ ဘယ်ကိုသွားမည်နည်း၊ မျက်နှာလည်း မသာမယာနှင့်”ဟု မေးသည်၊ စက္ကနလုလင်က သူကြုံတွေ့နေရသည့် အကြောင်းစုံကို ပြောပြရင်း တောထဲသို့သွားကာ သေကြောင်းကြံစည်ရန် အကြံဖြင့် လာခဲ့သည်ဟု ပြန်ပြောပြလိုက်သည်။

ထိုအခါ အဘိုးအိုက “ငါသည် ဘလွန်ကျွမ်းကျင်သော သမားတော် တစ်ဦးဖြစ်သည်၊ သင့်မိခင်၏ရောဂါကို ငါပျောက်အောင်ကုပေးမည်၊ လာပြန်လိုက်ခဲ့”ဟု ပြောဆိုခေါ်သဖြင့် အဘိုးအိုနှင့်အတူ စက္ကနလုလင်သည် အိမ်သို့

ပြန်လာခဲ့သည်၊ အဘိုးအိုသည် သမားတော်တစ်ဦးဖြစ်ကြောင်း စက္ကနလုလင်က ပြောပြသဖြင့် သူ့အစ်ကိုနှင့်မိခင်တို့က အဘိုးအိုကို ကောင်းကောင်းမွန်မွန် ပင် ကြိုဆိုဧည့်ခံကြသည်။

## သစ္စာဆို၍ အမေ့ရောဂါပျောက်ပြီ

အဘိုးအိုသည် ညီအစ်ကိုနှစ်ယောက်နှင့်အတူ ရောဂါသည် မိခင်ရှိရာ အိမ်တွင်းသို့ ဝင်လာခဲ့သည်၊ စက္ကနလုလင်အား ယုန်ငယ်လွှတ်ပေးလိုက်သည့် ရည်ရွယ်ချက်နှင့် အဓိဋ္ဌာန်ကို ပြန်ပြောပြစေလျက် သစ္စာဆိုခိုင်းသည်၊ စက္ကန လုလင်သည် မိခင်ကြီးအားရှိခိုးလျက် "အကျွန်ုပ်သည် သိတတ်စအရွယ်မှ ယနေ့တိုင်အောင် သူတစ်ပါးအသက်ကို မသတ်ဖူးပါ၊ ဤသို့ဆိုရသောသစ္စာ စကားကြောင့် အကျွန်ုပ်မိခင်၏ ရောဂါသည် လုံးဝပျောက်ကင်းပါစေသား"ဟု သစ္စာဆိုလေသည်၊ စက္ကနလုလင် သစ္စာဆိုပြီးသည်နှင့်တစ်ပြိုင်နက် သူ့မိခင် ကြီး၏ရောဂါသည် ပျောက်ကင်းသွားပြီး မိခင်သည် အိပ်ရာမှထထိုင်သည်၊ ဝမ်းသာအားရသော မျက်နှာဖြင့်သားငယ်ကို ဖက်ထားလိုက်သည်။

ထိုအခါမှ အဘိုးအိုက သူသည် သိကြားမင်းဖြစ်သည်ဟု ပြောပြလျက် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် သစ္စာဆိုခြင်းတို့၏ အကျိုးရှိပုံကို ပြလို၍လာခဲ့သည်၊ အာရတီပါပမင်္ဂလာနှင့် ပြည့်စုံသော မိသားစုများဖြစ်၍ အာရတီ ပါပမင်္ဂလာနှင့်အညီ ရှေ့ဆက်၍ နေထိုင်နိုင်ကြပါစေဟု ဆုပေးကာ နတ်ပြည်သို့ ပြန်သွားတော့သည်။

[သမ္မာဒိဋ္ဌိသုတ်အဋ္ဌကထာ စက္ကန သီတင်းသည်ဝတ္ထု]

---

## ဝစီဒုစရိုက်ကြောင့် မြေမျိုခံရသောမင်း

ရှေးအခါက စေတိယတိုင်း သောတ္ထိယမြို့၌ ဥပဝရမည်သော စေတိယမင်း သည် စိုးမိုးအုပ်ချုပ်မင်းလုပ်နေသည်၊ ထိုမင်းသည် ကောင်းကင်သို့သွားနိုင်ခြင်း၊ နတ်သားလေးပါးတို့က သန်လျက်ကိုင်ကာ စောင့်ရှောက်ထားမှုခံရခြင်း၊ ကိုယ်

ခန္ဓာမှ စန္ဒကူးနံ့ သင်းပြန့်ခြင်းနှင့် ခံတွင်းမှ ကြာညိုပန်းရနံ့ထွက်ခြင်းဟူသော တန်ခိုးလေးမျိုးနှင့် ပြည့်စုံသူဖြစ်သည်။

ထိုမင်းတွင် ပညာရှိအမတ်များစွာရှိသည်၊ ကပိလအမည်ရှိ ပုရောဟိတ်ကြီးမှာမူ ဤမင်း၏ဖခမည်းတော်လက်ထက်ကတည်းက အမှုထမ်းလာခဲ့သူဖြစ်သည်၊ သီလ၊ သိက္ခာ၊ သမာဓိနှင့်ပြည့်စုံသည်၊ ကပိလပုရောဟိတ်ကြီး၏ ညီဖြစ်သူ ကောရကလမ္ဗဆိုသူကား မင်းကြီးနှင့်ပညာသင်ဘက် ကျောင်းအတူနေဘက် အလွန်ရင်းနှီးသော သူငယ်ချင်းဖြစ်သည်။

## ငါမင်းဖြစ်လျှင် သင့်ကို ပုရောဟိတ်ရာထူးဖြင့် ချီးမြှင့်မည်

မင်းကြီးသည် ကျောင်းနေဘက်ဖြစ်သူ ကောရကလမ္ဗအား ကျောင်းအတူနေစဉ်က "ငါမင်းဖြစ်လျှင် သင့်ကို ပုရောဟိတ်ရာထူးဖြင့် ချီးမြှင့်ဂုဏ်ပြုမည်"ဟု ကတိပေးထားခဲ့ဖူးသည်၊ ဖခမည်းတော်မင်းကြီး နတ်ရွာလားသော် သူမင်းဖြစ်လာခဲ့သည်၊ သို့ရာတွင် သီလ၊ သမာဓိနှင့်လည်း ပြည့်စုံပြီး ခမည်းတော်လက်ထက်ကတည်းက အမှုထမ်းလာခဲ့သူ ကပိလပုရောဟိတ်ကြီးအား ရာထူးမှ ဖယ်ရှားနိုင်ခြင်းမရှိချေ။

တစ်နေ့တွင် ကပိလပုရောဟိတ်ကြီးသည် စေတိယမင်းကြီးကို ပန်ကြားကာ ရသေ့ရဟန်းပြုသွားခဲ့သည်၊ သူ့ရာထူးကို သူ့သားအကြီးအား လွှဲပြောင်းပေးခဲ့ပြီး သူကိုယ်တိုင်ကမူ မင်းဉယျာဉ်တော်၌ပင်နေသည်၊ တရားအားထုတ်သဖြင့် ဈာန်အဘိညာဉ်ရ ရသေ့ကြီးဖြစ်နေသည်။

## ရာထူးမရ၍ အစ်ကိုကိုရန်ငြိုးထား

ညီဖြစ်သူ ကောရကလမ္ဗသည် ပုရောဟိတ်ရာထူးမရသဖြင့် အစ်ကို ကပိလအပေါ် ရန်ငြိုးထားသည်၊ တစ်နေ့၌ မင်းကြီးက ကောရကလမ္ဗအား ပုရောဟိတ်ရာထူးရပြီလားဟု မေးသည်၊ မရကြောင်း ပြန်ပြောလျှင် စိတ်မပူနှင့်၊ ရအောင်လုပ်ပေးမည်ဟု ပြောသည်၊ မည်သည့်နည်းဖြင့် ရနိုင်မည်နည်းဟု ပြန်မေးရာ ငါသည် သင်ကားအစ်ကို၊ ကပိလကား ညီဖြစ်သည်ဟု မုသားပြော

မည်ဟု စေတိယမင်းက ပြန်ပြောသည်၊ နောက်ခုနစ်ရက်ကြာလျှင် မင်းရင်ပြင်၌ပင် မုသားပြောမည်ဟု အခိုင်အမာထပ်၍ ပြောပြပြန်သည်။

## အကြံကောင်းပါ၏၊ သို့သော်

ထိုအခါ ကောရကလမ္ဗက မင်းကြီး၊ အကြံကားကောင်းပါ၏၊ သို့သော် အစ်ကိုရသေ့ကြီးသည် တန်ခိုးကြီးသူဖြစ်သည်ဟု ပြန်လည်သံတော်ဦးတင်သည်၊ မင်းကြီးနှင့်ကောရကလမ္ဗတို့ တိုင်ပင်သောစကားသည် တစ်မြို့လုံးသို့ ပျံ့နှံ့သွားသည်၊ ထိုခေတ်အခါက လူတို့သက်တမ်းမှာ အသင်္ချေဖြစ်သည်။

ထိုခေတ်လူသားများသည် များသောအားဖြင့် ကတိသစ္စာတည်ကြသူများဖြစ်သည်၊ “မုသား”ဆိုသည်ကို ထိုခေတ်လူသားတို့က မသိကြ၊ မုသားသည် အဘယ်သို့သောအရာနည်း၊ ဖြူဖြူလော၊ နီနီလော၊ စိမ်းစိမ်းလော၊ ပြာပြာလော၊ ပိန်ပိန်လော၊ ဝဝလောစသည်ဖြင့် သိချင်နေကြသည်။

သို့အတွက် ခုနစ်ရက်မြောက်သောနေ့တွင် မင်းကြီးပြောမည့် မုသားစကားကို နားထောင်ရန်မင်းရင်ပြင်သို့ လူအများစုရုံးရောက်ရှိလာကြသည်၊ မုသားဆိုသောအရာသည် မည်သို့သောအရာဟု သိရန်လာရောက်ကြည့်ရှုနားထောင်ကြခြင်းဖြစ်သည်၊ စေတိယမင်း၊ ကောရကလမ္ဗနှင့်အစ်ကိုရသေ့ကြီးတို့လည်း ရောက်လာကြသည်၊ မင်းကြီးနှင့်ရသေ့ကြီးတို့သည် မင်းရင်ပြင်ထက်ရှိ ကောင်းကင်၌ မျက်နှာချင်းဆိုင် ထိုင်နေကြသည်။

## ရသေ့ကြီးကမေးပြီ

ထို့နောက် ရသေ့ကြီးက မင်းကြီး၊ အငယ်ကိုအကြီး၊ အကြီးကို အငယ်ဟု မုသားပြောမည်ဆိုသည်မှာ မှန်ပါသလားဟုမေးသည်၊ မင်းကြီးက မှန်ပါသည်ဟု ပြန်ပြောသည်၊ ထိုအခါ ရသေ့ကြီးက မုသားပြောခြင်းသည် အင်မတန်အပြစ်ကြီးသည်၊ တရားကိုသတ်ခြင်းနှင့်တူသည်၊ တရားကိုသတ်သူသည် တရား၏ ပြန်သတ်ခြင်းခံရမည်၊ ရရှိထားသော မင်းကြီး၏ တန်ခိုးလေးမျိုးလည်း ကွယ်ပျောက်သွားလိမ့်မည်ဟု ပြောပြသည်။




မင်းကြီးက "အရှင်ဘုရားသည် ညီဖြစ်သည်၊ ကောရကလမ္ဗကား အစ်ကိုဖြစ်သည်"ဟု မုသားစကားကို စတင်ပြောဆိုသည်၊ ထိုသို့ မင်းကြီးက စတင်ပြောစဉ်၌ပင် မင်းကြီးကို သန်လျက်ကိုင်လျက် စောင့်ရှောက်နေသော နတ်သားလေးယောက်တို့ ကွယ်ပျောက်သွားကြသည်၊ မင်းကြီး၏ခံတွင်းမှ ကြက်ဥပုပ်နံ့ကဲ့သို့သော အနံ့ထွက်လာသည်၊ ကိုယ်နံ့မှာလည်း ကျင်ကြီးနံ့ကဲ့သို့ဖြစ်လာကာ ကောင်းကင်မှ မင်းကြီးလျှောကျပြီး မြေပြင်သို့ရောက်သွားသည်၊ ရသေ့ကြီးက အမှန်အတိုင်းပြန်ပြောလျှင် ကွယ်ပျောက်သွားသော တန်ခိုးလေးမျိုးပြန်ရနိုင်သည်ဟု ပြောပြသည်။

## ငါ့နန်းငါထိုင် မခိုင်ကျိုးစေ

မင်းကြီးသည် ရသေ့ကြီးစကားကို မလိုက်နာဘဲ ပထမပြောခဲ့သည့်စကားကိုပင် ထပ်၍ ပြောသည်၊ ထိုသို့ ဒုတိယစကားပြောလိုက်သောအခါ သူ၏ခြေနှစ်ချောင်းတို့ မြေထဲသို့ ဝင်သွားကြလေသည်၊ မုသားပြောလျှင် မိုးလေတို့ မမှန်မကန်ဖြစ်တတ်သဖြင့် ပြည်သူတို့ ဆင်းရဲတတ်ပါသည်၊ ပြင်၍ပြန်ပြောပါဟု ရသေ့ကြီးက သတိပေးသေးသည်။

သို့ရာတွင် "ငါ့နန်း ငါထိုင်၊ မခိုင်ကျူးပါစေ"ဟူ သော သဘောဖြင့် "သင်က အငယ်၊ ကောရကလမွက အကြီး"ဟူ၍ပင် ခပ်မာမာထပ်၍ မင်းကြီးက ပြောပြန်သည်။ တတိယအကြိမ် မင်းကြီးမုသားစကားပြောပြီးသော် သူ့ကို ဒူးဆစ်အထိ မြေမျိုသွားတော့သည်။

## ငါ့လှေငါထိုး ပဂိုးရောက်ရောက်

ရသေ့ကြီးက ပြင်၍ပြောရန် အမှန်ပြောခြင်း၏တန်ဖိုးအကျိုးများပုံတို့ကို ရှင်းပြပြီး ထပ်၍သတိပေးပြန်သည်၊ မင်းကြီးကား မလိုက်နာသည့်အပြင် "ငါ့လှေငါထိုး ပဂိုး(ပဲခူး)ရောက်ရောက်"သဘောဖြင့် ပြောမြဲအတိုင်းသာ မုသားစကားထပ်၍ပြောသည်၊ စတုတ္ထအကြိမ်မုသားထပ်ပြောပြီးသော် မင်းကြီးကို ခါးအထိ မြေမျိုသွားလေသည်၊ ရသေ့ကြီးက မုသားပြောသူသည် စကားပြောလျှင် အ,ထစ်ထစ်ဖြစ်လျက် မပီမသလည်း ဖြစ်တတ်ပါသည်၊ ပြင်၍ပြောပါဟု အကျိုးသင့်အကြောင်းသင့် ရှင်းလင်းမိန့်ကြားသည်။

မင်းကြီးသည် ပြောစကားကို မပြင်သည့်အပြင် "ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်"ဟူသောသဘောဖြင့် ပဉ္စမအကြိမ်အဖြစ် မုသားစကားကို ထပ်၍ ပြောပြန်သည်၊ ထိုအခါ သူ၏ကိုယ်ခန္ဓာသည်လည်း ချက်အထိ မြေမျိုခံထားရပြီဖြစ်သည်။

## ပေါက်တဲ့နဖူး မထူးတော့ပြီ

ရသေ့ကြီးက မုသားပြောခြင်း၏ဆိုးကျိုးတို့လက်တွေ့ဖြစ်ပေါ်နေကြပါပြီ၊ အမှန်အတိုင်းပြင်၍ပြန်ပြောပါဟု သတိပေးပြန်သည်၊ စေတိယမင်းကြီးကား နောက်မဆုတ်၊ ပြောမြဲအတိုင်းပင် "ပေါက်တဲ့နဖူး မထူးတော့ဘူး"ဟူသော သဘောဖြင့် မုသားစကားကိုသာ ထပ်ကျော့လျက် ပြောဆိုပြန်သည်၊ ဤဆဋ္ဌမ အကြိမ်ထပ်၍ ပြောသောအခါ မင်းကြီး၏ခန္ဓာကိုယ်သည် သားမြတ်အထိ မြေမျိုလိုက်ပြီဖြစ်သည်။

ရသေ့ကြီးသည် အကြိမ်ကြိမ်ထပ်၍ သတိပေးရင်း ပြန်ပြင်၍ မှန်ကန်သောစကားကိုသာ ပြောရန် မှန်ကန်သောစကားပြောခြင်း၏ ကောင်းကျိုးများကို ရှင်းပြပြန်သည်။

## မင်းကြီးမြေမျိုခံသွားရပြီ

စေတိယမင်းကြီးသည် "သန်းခေါက်ထက်တော့ ညဥ့်မနက်တော့ဘူး"ဟု သဘောပိုက်ကာ သင်ရသေ့ကြီးက အငယ်၊ ကောရကလမ္ဗကအကြီးဟုပင် ပြောမြဲပြောနေသည်၊ ဤသတ္တမအကြိမ်မြောက် မုသားပြောပြီးသော် စေတိယ မင်းသည် အဝီစိသို့အရောက် မြေမျိုခံသွားရတော့သည်။

**[ ဇာတ်တော်ငါးရာ့ငါးဆယ်၊ အဋ္ဌကနိပါတ်၊ စေတိယဇာတ် ]**

ယနေ့ကာလနှင့် စေတိယမင်း မြေမျိုခံရသော အချိန်ကား အလွန်ဝေး ကွာနေပြီဖြစ်သည်၊ ထိုအချိန်က လူသားတို့ အသက်ရှည်ကြသည်၊ မုသား စသည့် ဒုစရိုက်များမပြုလုပ်ကြ၊ ရှောင်ကြဉ်ကြသည်၊ ယခု ကာလကား "မုသားမပါ လင်္ကာမချော"ဟုဆိုကာ နေရာတိုင်းလိုလို၌ မုသားပြောနေကြ သည်၊ ဖြူစင်သော ပိတ်စကို အရောင်ဆိုးလျှင် ဆိုးလိုက်သော အရောင် ပေါ်လွင်လာသည်၊ ညစ်ပေလွန်းလှသော ဆီသည်မလက်သုတ် အဝတ်ကို အရောင်တစ်ခုခုဆိုး လိုက်လျှင် ဆိုးသောအရောင် စွဲလိမ့်မည်မဟုတ်ပါ၊ ဤ သဘောကဲ့သို့ပင် မုသားသုံးလွန်းသောခေတ်ကာလ၌ မုသား၏ဆိုးကျိုးသည် လည်း ပေါ်လွင်မှု နည်းနေနိုင်ပါသည်။

သို့ရာတွင် သူတစ်ပါးအကျိုး ပျက်စီးစေရန် အဖြစ်မှန်ကို အမှားဖြစ် သည်ဟု မုသားပြောဆိုလျှင် ထိုမုသားပြောဆိုမှု၏ ဆိုးကျိုးကို ပစ္စုပ္ပန်ဘဝ၌ လည်းကောင်း၊ သံသရာ၌လည်းကောင်း ခံသွားရနိုင်ပါသည်၊ ခံနေရသည့် အဖြစ်များလည်း ကြုံဖူး၊ ကြားဖူး၊ သိဖူးနေကြပြီဖြစ်ပါသည်။

---

## ဘုရားရှင်ကို လေးနှင့်ပစ်သူ

ကုက္ကုဋမိတ္တအမည်ရှိ မုဆိုးသည် သူပြုခဲ့ဖူးသော ကောင်းမှုကြောင့် နတ် ပြည်မှ စုတေကာလူ့ဘဝ၌ လူဖြစ်ရလျက် မုဆိုးအလုပ်ဖြင့် အသက်မွေး နေသည်၊ တစ်နေ့တွင် သူသည်ရရှိသော သားသမင်တို့ကို ရောင်းချရန် လှည်း ဖြင့်တင်လျက် ရာဇဂြိုဟ်မြို့တွင်းသို့ လာခဲ့သည်။

## သူဌေးသမီးနှင့် မုဆိုးတို့

သားကောင်တို့ကို ရောင်းချရန် လှည်းဖြင့်တင်ကာ မြို့တွင်းဝင်လာသော မုဆိုးကို ရာဇဂြိုဟ်မြို့သူ သူဌေးသမီးတစ်ယောက်ကမြင်သော် အတိတ်ဘဝက ရှိခဲ့ဖူးသော ချစ်မေတ္တာ အဟုန်ကြောင့် မြင်လျှင်မြင်ချင်း နှစ်သက်သဘောကျသဖြင့် ကျွန်မကို စေလွှတ်လျက် မုဆိုးပြန်မည့်လမ်းကို စုံစမ်းစေသည်၊ ကျွန်မသည် မုဆိုးထံသွားကာ စုံစမ်းသည်၊ ကုက္ကုဋမိတ္တမုဆိုးက သားကောင်တို့ကို ရောင်းချပြီးနောက်ရက်မှ ပြန်မည်၊ သူမြို့မှထွက်မည့်တံခါးနှင့် လမ်း၊ အချိန်တို့ကို ပြောပြလိုက်သည်၊ ကျွန်မသည် မုဆိုးထံမှသိခဲ့ရသော အကြောင်းအရာအားလုံးကို သူဌေးသမီးထံ ပြန်ပြောပြသည်။

သူဌေးသမီးကား ဘုံခုနစ်ဆင့်ရှိသောပြာသာဒ်ထက်၌ နေရသူဖြစ်သည်၊ သူနှင့်အတူနေ ကျွန်မတစ်ဦးရှိသည်၊ ညနေချမ်းအချိန်၌ လေသာပြတင်းသို့ထွက်ကာ မြို့တွင်းသို့ကြည့်နေစဉ် ကုက္ကုဋမိတ္တမုဆိုးကို မြင်လိုက်မိခြင်း ဖြစ်သည်၊ ကျွန်မထံမှအကြောင်းစုံသိရသဖြင့် မုဆိုးအပြန်တွင်လိုက်ရန် သူယူသွားရမည့် ပစ္စည်းတို့ကို ထုပ်ပိုးပြင်ဆင်ပြီး ဆင်းရဲသူအသွင်ဖြင့် ရေဆိပ်သို့သွားဟန်ဆောင်ကာ မုဆိုးလာမည့်လမ်းမှ စောင့်နေသည်။

## မင်္ဂလာရှိသောလာဘ်

မုဆိုးသည် လာလမ်းအတိုင်း ရွာသို့ပြန်ရန် မြို့တွင်းမှ ထွက်လာခဲ့သည်၊ မုဆိုးကိုမြင်သော် သူဌေးသမီးသည် လှည်းနောက်မှ အမြန်လိုက်သွားသည်၊ မုဆိုးက မည်သူမည်ဝါဟုမသိ၍ လိုက်မလာရန် တားမြစ်ပြောဆိုသည်၊ ကိုယ့်သဘောဖြင့် ကိုယ်လိုက်လာခြင်းဖြစ်ပါသည်၊ မတားပါနှင့်၊ သူ့အလိုလိုရောက်လာသော ကျက်သရေမင်္ဂလာရှိသည့်လာဘ်ကို မတားပါနှင့်၊ အေးဆေး ငြိမ်သက်စွာဖြင့် လှည်းကိုသာမောင်းပါဟု သူဌေးသမီးက ပြန်ပြောပြသည်၊ သူဌေးသမီး၏ပြောစကားကြောင့် အန္တရာယ်မရှိနိုင်ဟုယူဆကာ မုဆိုးသည် သူဌေးသမီးကိုတင်ပြီး လှည်းကိုဆက်၍မောင်းလာခဲ့သည်။

သူဌေးသမီး၏မိဘများသည် ပျောက်သွားသော သမီးကို ရှာဖွေစုံစမ်းမေး

မြန်းကြသေးသည်၊ သို့ရာတွင် သတင်းအစအန တစ်စုံတရာမရသဖြင့် သေပြီဟု သဘောထားလျက် ဆွမ်းသွတ်အမျှဝေကာ ကုသိုလ်ပြုလိုက်ကြတော့သည်။

သူဌေးသမီးသည် မုဆိုးနှင့်ပေါင်းသင်းနေထိုင်ရာမှ သားခုနစ်ယောက်မွေးဖွားသည်၊ ထိုသားတို့ အိမ်ထောင်ပြုကြသော် သား၊ ချွေးမတို့နှင့်အတူနေထိုင်ကြသည်၊ မုဆိုးကြီးကား မုဆိုးအလုပ်ဖြင့်သာ ဆက်လက်အသက်မွေးလျက် မိသားစုကို လုပ်ကိုင်ကျွေးမွေးနေသည်။

## မုဆိုးကျောင်းဆီသို့ ဘုရားရှင်ကြွလာပြီ

တစ်နေ့သ၌ ဘုရားရှင်သည် မုဆိုးကြီးအပါအဝင် သားခုနစ်ယောက်နှင့် ချွေးမခုနစ်ယောက် စုစုပေါင်း ၁၅ ယောက်တို့ သောတာပန်ဖြစ်မည့်အရေးကို မြင်တော်မူသဖြင့် မုဆိုးကြီးကျောင်းထောင်ထားရာနေရာသို့ ကြွတော်မူလာခဲ့သည်၊ ကျောင်းအနီး၌ ခြေတော်ရာချထားတော်မူခဲ့ပြီး အနီးရှိချုံတစ်ခု၏ အရိပ်တွင် သီတင်းသုံးတော်မူနေသည်။

ကုက္ကုဋမိတ္တမုဆိုးကြီးသည် ကျောင်း၌ မိနေမည့်သားကောင်တို့ကို ယူရန် နံနက်စောစော အိမ်မှ ထွက်လာခဲ့သည်၊ သို့သော် ကျောင်း၌ သားကောင်တစ်ကောင်မျှမတွေ့ရ၊ ကျောင်းအနီးတွင် ဘုရားရှင်၏ ခြေတော်ရာကိုသာ တွေ့ရသည်၊ ဤပုဂ္ဂိုလ်သည်ပင် သူ့ကျောင်းမှ သားကောင်တို့ကို လွှတ်ပေးသူဖြစ်ရမည်ဟု ဆုံးဖြတ်လျက် ခြေရာရှင်ကိုလိုက်ရှာသည်၊ ချုံအရိပ်အောက်တွင် သီတင်းသုံးနေသော ဘုရားရှင်ကိုတွေ့သော် လေးဖြင့်ပစ်ရန် လေးကိုတင်လေသည်၊ ဘုရားရှင်သည် မုဆိုးအား လေးတင်ခွင့်ပြုသော်လည်း ပစ်ခွင့်မပေး၊ တန်ခိုးတော်ဖြင့် တားထားလိုက်သည်၊ မုဆိုးကြီးသည် လေးပစ်မရဘဲ ပါးစပ်မှအမြှုပ်တစီစီထွက်လျက် ငုတ်တုတ်ဖြစ် နေသည်။

## ဖခင်ပြန်မလာ၍သားတို့လိုက်လာ

ခင်ပွန်းသည်မုဆိုးကြီးပြန်မလာ၍ လိုက်လံရှာဖွေရန်သားတို့ကို မိခင်က စေလွှတ်လိုက်သည်၊ လေးကိုယ်စီကိုင်ကာ သားခုနစ်ယောက်တို့ ဖခင်ရှိရာသို့ လိုက်လာကြသည်၊ ဖခင်ထံရောက်သော် လေးကိုကိုင်လျက် ငုတ်တုတ်မလှုပ်

မရှားဖြစ်နေသော ဖခင်နှင့်ဘုရားရှင်ကိုတွေ့သော် ဖခင်၏ ရန်သူဖြစ်ရမည်ဟု ဆုံးဖြတ်လျက် လေးဖြင့်ပစ်ရန် ဘုရားရှင်ကို ချိန်ရွယ်ကြပြန်သည်၊ သားတို့အားလုံးပင် သူတို့ဖခင်ကဲ့သို့ လေးမပစ်နိုင်ဘဲ အမြုပ်တစီစီ ပါးစပ်မှထွက်လျက် ဒုက္ခဖြစ်နေကြတော့သည်။

## ငါ့ဖခင်ကို လေးနှင့်မပစ်ကြပါနှင့်

ခင်ပွန်းနှင့်သားခုနစ်ယောက်တို့ ပြန်မလာကြ၍ ချွေးမခုနစ်ယောက်နှင့် အတူ မိခင်ကြီးလိုက်လာသည်၊ လေးကိုယ်စီကိုင်လျက် ငုတ်တုတ်ဖြစ်နေသူ ခင်ပွန်းမုဆိုးကြီးနှင့် သားတို့အခြေအနေကိုရော ဘုရားရှင်ကိုပါ မြင်တွေ့သွားကြသည်။

ထိုအခါ မိခင်ကြီးက “ငါ့ဖခင်ကို လေးနှင့်မပစ်ကြပါနှင့်”ဟု အားလုံးကြားအောင် အော်ပြောလိုက်သည်၊ သားတို့မိခင်၏ အော်သံကြားသော် မုဆိုးကြီးက “ဩော် . . . ငါမှားမိလေပြီ၊ ငါလေးနှင့်ပစ်ရန် ချိန်ရွယ်ခံထားရသူကား ငါ့ယောက္ခမပေတကားဟု အသိဝင်လာသည်၊ သားတို့ကလည်း



ငါတို့လေးနှင့်ပစ်ဖို့ ချိန်ရွယ်ထားခံရသူကား ငါတို့ အဘိုးပါတကား၊ ငါတို့ မှားကြလေပြီ”ဟု ဘုရားရှင်ပေါ် ချစ်ခင်မြတ်နိုးစိတ်များဖြစ်ပေါ်လာကြသည်၊ “လေးတို့ကို ချထားကြ၊ ငါ့ဖခင်ကို ကန်တော့ကြ”ဟု မိခင်က ထပ်မံ အော်ဟစ်ပြောသည်။

မုဆိုးမိသားစုအားလုံးက ကိုင်ထားသောလေးများ ချထားကာ ဘုရားရှင်ထံခွင့်လွှတ်ပါရန် တောင်းပန်ကြသည်၊ ထိုအခါ မိသားစုတို့အား ဘုရားရှင်က တရားဟောကြားတော်မူသည်၊ ဖခင်၊ သားခုနစ်ယောက်နှင့် ချွေးမခုနစ်ယောက် စုစုပေါင်း ၁၅ယောက်တို့ တရားရကြလျက် သောတာပန် ဖြစ်သွားကြတော့သည်၊ မိခင်ဖြစ်သူကား မုဆိုးကြီးနှင့်အိမ်ထောင်မကျမီကပင် သောတာပန်ဖြစ်နေသူဖြစ်သည်။

ရဟန်းတို့က “မုဆိုး၏မယားသည် ခင်ပွန်း၏ မုဆိုးအလုပ်များ၌ အကူအညီပေးခဲ့ရသဖြင့် သူ့အသက်သတ်ခြင်းစသည့် ကာယဒုစရိုက်များမဖြစ်နိုင်ပါလော”ဟု ဘုရားရှင်ထံ မေးမြန်းလျှောက်ထားကြသည်။

ထိုအခါ ဘုရားရှင်က “သောတာပန်သည် သူ့အသက်သတ်ခြင်းစသည်ကို မဂ်တရားဖြင့် ပယ်သတ်ပြီးဖြစ်သည်၊ ခင်ပွန်း၏အလုပ်များ လုပ်ပေးခြင်းမှာ မယားဝတ္တရားအရ လုပ်ပေးခြင်းသာဖြစ်သည်၊ သတ္တဝါတွေ သေစေဟူသော စေတနာမပါ၍ အကုသိုလ်မဖြစ်”ဟု မိန့်တော်မူသည်။

ဤမိသားစုအားလုံးသည် ရှေးလွန်ခဲ့သောကာလက ကဿပဘုရားရှင်၏ ဓာတ်တော်စေတီ၌ ကုသိုလ်ကောင်းမှုများကို အသက်ထက်ဆုံး အတူတကွပြုလုပ်ခဲ့ကြဖူးသည်၊ ထိုကောင်းမှုကြောင့် နတ်ပြည်တို့၌ နတ်စည်းစိမ်များခံစားခဲ့ကြရသည်၊ ယခု ဂေါတမဘုရားရှင် လက်ထက်၌မူ ဤမိသားစုတို့ အတူတကွ ဖြစ်လာကြကာ တရားရသွားကြခြင်းဖြစ် သည်။

[ဓမ္မပဒ ပါဠိဝင်၊ ကုက္ကုဋမိတ္တ မုဆိုးဝတ္ထု]

## မဇ္ဇပါနသံယမ မင်္ဂလာ

မူးယစ်စေတတ်သော သေရည်သေရက် စသည်ကို သုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်းသည် ယခုဘဝ နောက်ဘဝတို့၌ ကောင်းကျိုးကိုဖြစ်စေသောကြောင့် မင်္ဂလာဟု ဘုရားရှင်ဟောတော်မူခဲ့သည်။

သေရည်သေရက်ကို ယခုအခါ ဆေးပညာရှုထောင့်မှ ပညာရှင်တို့က အသေမြန်စေသော အရည်၊ အသေမြန်စေသော အရက်ဟု အဓိပ္ပာယ်ပေးနေကြပေပြီ၊ နည်းနည်းသောက်လျှင် ဆိုးကျိုးမရှိဟု တစ်ချိန်က ယူဆထားခဲ့ကြသည်၊ သို့သော် နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ဆိုးကျိုးကားဖြစ်ကိုဖြစ်စေသည်ဟု ဆေးပညာရှင်တို့က တိတိကျကျ ဖော်ထုတ်ရေးသားပညာပေးလာကြပါပြီ။

### မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ အပြစ် ၆-ပါး

၁။ စီးပွားဥစ္စာပျက်စီးခြင်း၊

၂။ ခိုက်ရန်ဖြစ်ပွားခြင်း၊

၃။ ရောဂါခံစားရခြင်း၊

၄။ မကောင်းသတင်း ထွက်ပေါ်ခြင်း၊

၅။ ဖုံးကွယ်ရမည့် အင်္ဂါအစိတ်အပိုင်းများ ဖော်ပြခြင်း၊

၆။ ပညာအားနည်းစေခြင်းဟု ခြောက်ပါး ပြဆိုထားကြသည်။

စီးပွားဥစ္စာ ပျက်စီးခြင်းဆိုရာတွင် အသောက်ကို မထိန်းနိုင်၍ တစ်နည်းအားဖြင့် မသောက်ရလျှင် မနေနိုင်လောက်အောင်ဖြစ်လာ၍ အသောက်နောက်လိုက်ရာမှ စီးပွားဥစ္စာများ ကုန်ခန်းရခြင်း၊ စီးပွားဥစ္စာအသစ်ရှာဖွေရန် ပျက်ကွက်ခြင်း စသည်ကြောင့် စီးပွားဥစ္စာပျက်တတ်ပေသည်။

ခိုက်ရန်ဖြစ်ပွားခြင်းဆိုရာတွင် မူးယစ်ဆေးဝါး၊ သေရည် အရက် စသည်ကို သုံးစွဲထားသူသည် စိတ်လွတ်ကိုယ်လွတ်ဖြစ်ကာ အခြားသူတို့နှင့် ခိုက်ရန်ဖြစ်ပွားလွယ်တတ်သည်။

ရောဂါဖြစ်ပွားခြင်းဆိုသည်မှာ မူးယစ်ဆေးဝါးကြောင့် အသည်းရောဂါ ဖြစ်ပွားခြင်း၊ နှလုံးရောဂါ ဖြစ်ပွားခြင်းနှင့် အခြားသော ရောဂါဖြစ်ရခြင်းတို့၏ ဆိုလိုခြင်းဖြစ်သည်၊ အခြားသော ရောဂါကြီးများနှင့် ဆက်စပ်နေသဖြင့် ရှောင်ကြဉ်နိုင်ရန်၊ ရောဂါမဖြစ်စေရန် သတိထားဖို့ တိုက်တွန်းခြင်းဖြစ်သည်။

မကောင်းသတင်း ထွက်ပေါ်ခြင်းဆိုရာတွင် မူးယစ်ဆေးဝါး သုံးစွဲသူ အတွက် ကောင်းသတင်း ဖြစ်ပေါ်ရန် အကြောင်းမရှိပါ၊ မူးယစ်ဆေးဝါး သုံးစွဲသူကို အခြား သူတို့က တန်ဖိုးမထားကြပါ၊ လူကောင်း သူကောင်းဟု မသတ်မှတ်ကြပါ၊ ကဇော်သမား၊ စကားမမှန်၊ စကားမတည်ဟု သတ်မှတ် ထားကြသည်။

ဖုံးကွယ်ထားရမည့် ကိုယ်အင်္ဂါအစိတ်အပိုင်းကို ဖော်ပြခြင်းဆိုရာတွင် မူးရူးနေသူအဖို့ အရှက်အကြောက်တရားကင်းမဲ့နေပြီဖြစ်၍ မိမိ၏ကိုယ်အင်္ဂါ အစိတ်အပိုင်းများကို လုံခြုံအောင် မထိန်းသိမ်းနိုင်သဖြင့် မမြင်သင့်သည့်ကိုယ် အင်္ဂါအစိတ်အပိုင်းများကိုပင် ဖွင့်လှစ်ပြသတတ်သည်။

ပညာအားနည်းခြင်းဆိုရာတွင် ပညာသည် သတိ၊ သညာတို့နှင့်ဆက်စပ် နေပါသည်၊ အမှတ်သညာ ကင်းပျောက်နေသူသည် သတိမရှိနိုင်တော့ပါ၊ သတိနှင့်သညာကင်းပျောက်နေသူသည် အဘယ်မှာ ကောင်းကောင်းမွန်မွန် ပညာရနိုင်တော့မည်နည်း၊ ထို့ကြောင့် မူးယစ်ဆေးဝါးအမျိုးမျိုးသုံးစွဲခြင်းမှ ရှောင်ကြဉ်သင့်ပေသည်။

---

## ဘုရားရှင်ရှိရာသို့ ခြေထောက်ထားအိပ်သူ

အရှင်သာဂတထေရ်သည် နဂါးကြီးနေရာ မီးတင်းကုပ်အတွင်းသို့ ဝင် လျက် မြက်ဖျာကိုခင်းပြီး တင်ပလ္လင်ခွေ ထိုင်နေတော်မူသည်၊ နဂါးကြီးသည် မထေရ်ကိုမြင်သော် စိတ်ဆိုးမာန်ဆိုး ဒေါသတကြီးဖြင့် မထေရ်မနေနိုင် စေရန် အခိုးများလွှတ်လေသည်၊ မထေရ်ကလည်း ဣဒ္ဓိဝိတေန်ခိုးဖြင့် နဂါးကြီး၏အခိုး အငွေ့များကိုလွှမ်းသွားအောင် အခိုးအငွေ့များလွှတ်ပြတော်

မူသည်၊ နဂါးကြီး သည် မထေရ်အပေါ် ပိုမို၍ဒေါသဖြစ်လာပြီး မီးအလျှံများပါ လွှတ်လေသည်၊ မထေရ်သည် တေဇောကသိုဏ်းစျာန်ကို ဝင်စားကာ နဂါးကြီး၏မီးလျှံများထက်သာလွန်သော မီးလျှံများကို လွှတ်တော်မူလိုက်သည်။

## ငါ့ထက်တန်ခိုးကြီးသူပါတကား

နဂါးကြီးသည် "ငါ့ထက်တန်ခိုးကြီးသော မထေရ်ပါတကား"ဟု သိသွားလျက် မထေရ်၏ ခြေရင်း၌ဝပ်စင်းကာ "အရှင်ဘုရား၊ တပည့်တော်သည် အရှင်ဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏"ဟု လျှောက်ထားလိုက်တော့သည်၊ ထိုအခါ အရှင်သာဂတ မထေရ်က "မြတ်စွာဘုရားကိုသာ ကိုးကွယ်ဆည်းကပ်"ဟု မိန့်တော်မူလိုက်သည်။



နဂါးကြီးသည် ထိုအချိန်မှစ၍ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သည်၊ အခြားသတ္တဝါများကို ညှဉ်းပန်းနှိပ်စက်ခြင်း မပြုတော့၊ အရှင်သာဂတ မထေရ်သည် နဂါးကြီးကို နှိမ်နင်းပြီးနောက် ဘုရားရှင်ရှိရာ ဘဒ္ဒဝတိကရွာသို့ ကြွလာတော်မူခဲ့သည်။

ဘုရားရှင်သည် ထိုအချိန်က နောက်ပါရဟန်းများခြံရံလျက် ဒေသစာရီကြွတော်မူရင်း စေတိယတိုင်း ဘဒ္ဒဝတိကရွာသို့ ရောက်ရှိတော်မူနေသည်၊ ဘုရားရှင်ကြွလာရာ လမ်းတစ်လျှောက်ရှိ ဒါယကာ၊ ဒါယိကာမများက "မြတ်စွာဘုရား၊ သရက်ပင်ဆိပ်သို့ ကြွတော်မမူပါနှင့်၊ သရက်ပင်ဆိပ် ရသေ့ကျောင်း၌ အဆိပ်လည်းပြင်းထန်၊ ဘုန်းတန်ခိုးလည်းကြီးသော နဂါးကြီးတစ်ကောင်ရှိပါသည်"ဟု လျှောက်ထား အသိပေးကြသည်။

## လေ့သမားဘဝမှ နဂါးဖြစ်နေသူ

နဂါးကြီးသည် သရက်ပင်ဆိပ်ရသေ့ကျောင်းရှိ မီးတင်းကုပ်၌ နေသည်၊ ယခင်ဘဝက နဂါးကြီးသည် သရက်ပင်ဆိပ်မှ လှေသမားတစ်ဦးဖြစ်ပြီး ခရီးသည်တို့ ရိုက်နှက်၍ သေဆုံးကာ ထိုသရက်ပင်ဆိပ်၌ သူ၏ဆုတောင်းအတိုင်း ထိုဒေသရှိလူတို့ကို အနိုင်ကျင့်နိုင်သည့် နဂါးကြီးဘဝ ရောက်နေရခြင်းဖြစ်သည်၊ ထိုဒေသသားတို့က နဂါးကြီးကို ပသပူဇော်ရသည်အထိ ဒေသသားတို့ကို ခြိမ်းခြောက်လွှမ်းမိုးနေသော နဂါးကြီးဖြစ်သည်။

အရှင်သာဂတ မထေရ်သည် လောကီစျာန်သမာပတ်ရ မထေရ်တစ်ပါးဖြစ်သည်၊ ဘုရားရှင်သည် ဘဒ္ဒဝတိကရွာ၌ သီတင်းသုံးနေတော်မူပြီးနောက် နောက်ပါရဟန်းတို့နှင့်အတူ ကောသမ္ဗီပြည်သို့ ဒေသစာရီဆက်၍ ကြွတော်မူသည်၊ ကောသမ္ဗီပြည်သူပြည်သားတို့သည် နဂါးကြီးကို နှိမ်နင်းသောအရှင်သာဂတမထေရ်အကြောင်း ကြားသိနေကြပြီးဖြစ်သည်၊ ဘုရားရှင်နှင့်သံဃာတော်တို့ကို ကြိုဆိုရင်း အရှင်သာဂတမထေရ်ထံ ချဉ်းကပ်ကြသည်၊ ရဟန်းတော်တို့အတွက် ရခဲသော ပစ္စည်းများရှိလျှင် အသိပေးအကြောင်းကြားပါ၊ လှူကြပါမည်ဟုလည်း မထေရ်ထံ လျှောက်ထားကြသည်။

## ခိုခြေသွေးရောင်သေရည်သည် ရဟန်းတို့နှင့်သင့်လျော်

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့က ကာပေါတိက အမည်ရှိ ခိုခြေအသွေးအရောင်နီကြင်ကြင်ရှိသော သေရည်သည် ရဟန်းတို့ အလွန်ရခဲသော ပစ္စည်းဖြစ်သည်၊ ရဟန်းတို့နှင့်လည်း အလွန်သင့်တော်သည်ဟု ကြားမှဝင်ရောက်

ပြောဆိုကြသည်၊ ထိုဆဗ္ဗဂ္ဂီရဟန်းတို့၏ စကားအရ ကောသမ္ဗီ ပြည်သူ ပြည်သား ဒါယကာတို့သည် အရှင်သာဂတမထေရ် ဆွမ်းခံ ကြွလာသောအခါ ကာပေါတိကသေရည်ကို လှူကြသည်၊ သေရည်မသောက်ရန် သိက္ခာပုဒ် ပညတ်တားမြစ်ထားခြင်းမရှိသေး၍ အရှင်သာဂတမထေရ်သည် ဒါယကာတို့ လှူသောသေရည်ကို အနည်းငယ်စီ လက်ခံသောက်ခဲ့သည်၊ မြို့တံခါးဝသို့ ရောက်သော် ဆက်၍မကြွနိုင်တော့ဘဲ သေရည်မူးကာ လဲနေတော့သည်။

မြို့ပြင်မှ ဆွမ်းခံကြွပြန်လာသော ဘုရားရှင်က သေရည်သောက်၍ မူးလဲနေသော သာဂတမထေရ်ကိုမြင်၍ ခေါ်လာခဲ့ရန် မိန့်တော်မူသည်၊ ရဟန်းတို့က သာဂတမထေရ်ကို သယ်ဆောင်လာပြီး ဘုရားရှင်ရှိရာဘက်သို့ ဦးခေါင်းထားလျက် လဲလျောင်းအိပ်နေစေသည်။

မထေရ်သည် ရဟန်းတို့ လဲလျောင်းပေးထားသည့် အခြေအနေကို ပြင်ကာ ဘုရားရှင်ဘက်သို့ ခြေအစုံပြန်လှည့်၍ အိပ်သည်၊ ဘုရားရှင်သည် မထေရ်ကို အကြောင်းပြုကာ ရဟန်းတော်တို့အား သေရည် သေရက်ကို မသောက်မစားကြရန် တားမြစ်တော်မူသည့် သိက္ခာပုဒ်ကို ပညတ်တော်မူသည်။

## တေဒဂ်ဖြင့် ချီးကျူးခံရ

အရှင်သာဂတမထေရ်သည် သေရည်အမူးပြေပြီးနောက် သတိရလာသောအခါ မိမိပြုခဲ့သော အမှုအတွက် လွန်စွာ နောင်တရတော်မူသည်၊ ဘုရားရှင်ထံ အပြစ်ကို ဝန်ခံကန်တော့သည်၊ ဝိပဿနာတရားများ ပွားများအားထုတ်လေသောကြောင့် မထေရ်သည် မကြာမီပင် ရဟန္တာဖြစ်တော်မူသည်၊ တေဇောကသိုဏ်း ဈာန်ဝင်စားရာ၌ အတော်ဆုံးဟု ဧတဒဂ်ဘွဲ့ထူးဖြင့်လည်း ချီးကျူးဂုဏ်ပြုခံရသည်။

အရှင်သာဂတမထေရ်လောင်းလျာသည် ပဒုမုတ္တရာဘုရားရှင်လက်ထက်တော်တွင် ဟံသာဝတီပြည်၌ အမျိုးကောင်းသားဖြစ်နေခဲ့သည်၊ ဘုရားရှင်၏ တရားတော်ကို နာကြားစဉ် ရဟန်းတစ်ပါးအား ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှင့်တော်မူသည်ကို ဖူးတွေ့ရ၍ ထိုဘွဲ့ထူးရရှိရန် ရည်သန်ဆုတောင်းပြီး ကျင့်ကြံ

ခဲ့သည်၊ ယခု ဂေါတမဘုရားရှင် လက်ထက်တွင်မူ သာဝတ္ထိပြည်၌ သာဂတ• အမည်ရှိ ပုဏ္ဏားလုလင်ဖြစ်နေခဲ့ပြီး သာသနာတော်ကို ကြည်ညို သောကြောင့် ရဟန်းပြုလာခဲ့သူဖြစ်သည်။

---

## မိစ္ဆာစာရကြောင့် မိဖုရားဘဝမှ ဘီလူးမဖြစ်ရသူ

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုနေစဉ် မင်း၏ မိဖုရားကြီး သည် ကာမဂုဏ်အကျင့်၌ မှားမှားယွင်းယွင်း ကျင့်လေ့ရှိသူဖြစ်နေသည်၊ မိဖုရားကြီး၏ အကျင့်များကို ဘုရင်ကြီးသိ၍ အကြောင်းအကျိုးမေးသည်၊ မိဖုရားကြီးက ဝန်မခံ၊ အရှင်မင်းကြီးကို လွန်ကျူးလျက် ကာမဂုဏ်မှု မှားယွင်းစွာပြုသည် မှန်ပါက ဘီလူးမဖြစ်ရပါစေဟုပင် ကျိန်ဆိုပြောကြားခဲ့သည်၊ နောက်မကြာမီ မိဖုရားကြီးကွယ်လွန်ပြီးသော် လိုဏ်ဂူတစ်ခု၌ အဿမုခီ အမည်ရှိ ဘီလူးမကြီး ဖြစ်သွားရသည်။

### ပုဏ္ဏားနှင့် ပေါင်းသင်းနေထိုင်ပုံ

ဘီလူးမကြီးစားပိုင်ခွင့်ရှိသော နယ်မြေအတွင်း ရောက်လာသူအားလုံး ကို ဘီလူးမကြီးက ဖမ်းဆီးစားသောက်သည်၊ တစ်နေ့တွင် စည်းစိမ်ဥစ္စာ ချမ်းသာပြီး ရုပ်ရည်ရူပကာယ ချောမောသူ ပုဏ္ဏားတစ်ယောက်သည် အခြံ အရံတို့နှင့်အတူ သွားလာရင်း အဿမုခီ ဘီလူးမပိုင်နက်အတွင်း ရောက် သွားခဲ့သည်၊ ဘီလူးမကိုမြင်သော် အခြံအရံတို့က ထွက်ပြေးသွားကြသည်။

တစ်ယောက်တည်းကျန် နေသော ပုဏ္ဏားကို ဖမ်းဆီးကာ ဘီလူးမသည် သူနေသော လိုဏ်ဂူသို့ ကျောပိုးလျက် ခေါ်ဆောင်လာခဲ့သည်၊ လမ်းတစ် လျှောက် ကျောပိုးသယ်လာစဉ် တွေ့ထိခံစားခဲ့ရသော ယောကျ်ားအတွေ့ကို သဘောကျသဖြင့် ဘီလူးမသည် ပုဏ္ဏားကို သတ်မစားဘဲ လင်အဖြစ်အတူ ပေါင်းသင်နေထိုင်နေခဲ့သည်။

အစားအစာရှာရန် အပြင်သို့သွားလျှင် ပုဏ္ဏားကို ကျောက်တုံးကြီးများ ဖြင့် လိုဏ်ဂူအတွင်း ဘီလူးမကပိတ်ထားခဲ့သည်၊ ရလာသော စားသောက်ဖွယ်



တို့မှ ကောင်းပေ့ဆိုသော အစာအာဟာရတို့ဖြင့် ပုဏ္ဏားကို ကျွေးမွေးပြုစုသည်၊ ပေါင်းသင်းနေထိုင်ရာမှ အချိန်ကြာလာသော် သားတစ်ယောက် ဖွားမြင်လာခဲ့သည်၊ သားအဖတို့ကို လိုဏ်ဂူ၌ထားပြီး လိုအပ်သမျှ ဘီလူးမက ရှာဖွေပြုစုပေးသည်။

## သားအရွယ်ရောက်လာသော်

အရွယ်ရောက်လာသော သားကမေး၍ သား၏မိခင်မှာ ဘီလူးမ ဖြစ်သည်၊ သားနှင့်အဖတို့က လူသားများဖြစ်သည်ဟု ဖခင်က ရှင်းပြလိုက်သည်၊ သားသည် ဖခင်ကို ထမ်းပိုးသယ်ဆောင်ကာ မိခင်ထားခဲ့သောလိုဏ်ဂူမှ ထွက်ပြေးသည်၊ သို့ရာတွင် ခြေရာခံလျက် လိုက်ရှာ၍ မိခင်ထံ ပြန်ရောက်သွားကြရသည်၊ နောက်ဆုံးအကြိမ်တွင်မူ သားသည် ဖခင်ကိုခေါ်ကာ မိခင်၏အပိုင်စားနယ်မြေ ကျော်လွန်ရာ မြစ်တစ်ဖက်သို့ အရောက်လာခဲ့သည်၊ အစာရှာသွားရာမှ ပြန်လာသော ဘီလူးမသည် သားနှင့်လင်ကို ခြေရာခံလျက် အလျင်အမြန် ပြေးလိုက်လာခဲ့သည်၊ သားနှင့်လင်တို့မှာ ဘီလူးမအပိုင်စားရသောနယ်မြေမှ လွန်နေပြီဖြစ်၍ အဝေးမှလှမ်းခေါ်သေးသည်၊ သားအဖနှစ်ယောက်တို့က ပြန်မလာကြတော့။

## သားကို မန္တန်သင်ပေးပြီး ဘီလူးမကွယ်လွန်

ဘီလူးမသည် မြစ်ကမ်းပေါ်မှနေကာ "ချစ်သား၊ လူ့လောက၌ လူတစ်ယောက်သည် အသက်မွေးမှုတစ်ခုခု တတ်ရသည်၊ သားအသက်မွေးမှု ပြုနိုင်ရန် စိန္တာမဏိမန္တန်ကို အမေ သင်ပေးလိုက်မည်၊ ဤမန္တန်၏ အစွမ်းသည် ၁၂-နှစ်ကျော်က ပျောက်သွားသောပစ္စည်းနှင့် ၎င်းပစ္စည်းခိုးသူကို ခြေရာခံလျက် ဖော်ထုတ်နိုင်သော အစွမ်းရှိသည်ဟုပြောကာ ၎င်းမန္တန်ကို သင်ပေးသည်၊ သားကလည်း မြစ်လယ်မှနေကာ မိခင်သင်ပေးသောမန္တန်ကို အရသင်ယူသည်၊ သားအား မ န္တန်သင်ပေးပြီးသည်နှင့် သားနှင့်လင်ကို ခွဲခွာရသောသောကကြောင့် မိခင်ဘီလူးမသည် ထိုနေရာ၌ပင် လဲကျကွယ်လွန်သွားတော့သည်။

## သားသည် ခြေရာခံအတတ်ပညာရှင်ဖြစ်လာ

သားအဖနှစ်ယောက်သည် ဘီလူးမ၏အလောင်းကို ကောင်းစွာသင်္ဂြိုဟ်ထားခဲ့ပြီး ဗာရာဏသီမြို့သို့ လာခဲ့ကြသည်၊ သားသည် မိမိတတ်ကျွမ်းသည့် ခြေရာခံအတတ်ပညာအကြောင်း အသိပေးကာ ဗာရာဏသီမင်းထံ၌ အမှုထမ်းသည်၊ နေ့စဉ် အသပြာ တစ်ထောင်ရသည်၊ သူ၏ အမည်မှာလည်း "ပဒကုသလ = ခြေရာခံအတတ်ပညာရှင်"ဟု ကျော်ကြားလာခဲ့သည်။

ဗာရာဏသီမင်းကြီးနှင့် မင်းတိုင်ပင်ပုရောဟိတ်ကြီးတို့သည် ပဒကုသလလုလင်၏ပညာကို စမ်းသပ်သည့် အနေဖြင့် နန်းတွင်းမှ ရတနာပစ္စည်းများကိုယူသည်၊ ပြာသာဒ်အထက်မှ ဆင်းကာ နန်းတွင်းရေကန်သို့သွားသည်၊ ရေကန်ကို သုံးကြိမ်လှည့်ပတ်ပြီး ရေထဲဆင်းလျက် ရတနာတို့ကိုထားခဲ့ကြသည်၊ နံနက်လင်းသော် ပဒကုသလလုလင်ကိုခေါ်ပြီး နန်းတွင်းမှရတနာများပျောက်သွားကြောင်း မင်းကြီးက ပြောသည်။

ပဒကုသလလုလင်သည် မင်းကြီးအား စိုးရိမ်တော်မမူရန် လျှောက်ထားပြီး ခြေရာခံပညာပေးလိုက်သူ မိခင်ကိုအာရုံပြု၍ ရှိခိုးလိုက်သည်၊ ထို့နောက် မန္တန်ကို ရွတ်ဖတ်ကာ ပြာသာဒ်ကြမ်းပြင်ပေါ်၌ရပ်လျက် ခိုးသူနှစ်ယောက်

တို့၏ခြေရာတွေ့ရပါသည်ဟု လျှောက်ထားသည်၊ ရေကန်ထဲမှ ရတနာတို့ကို ပြန်ယူကာ မင်းကြီးထံဆက်သလိုက်သည်၊ ကြည့်ရှုနေသူပရိသတ်များက ပဒကုသလ လုလင်၏ ပညာအစွမ်းကို ချီးကျူးကြသည်။

## ခိုးသူဖော်ထုတ်ပေးပါ

ရတနာပစ္စည်းများပြန်ရသော် ခိုးသူကို အမိအရ ပိုင်ပိုင်နိုင်နိုင် ဖော်ထုတ်ပေးရန် မင်းကြီးက ထပ်မံမိန့်ကြားသည်၊ ထိုသို့ မိန့်ကြားခြင်းမှာ ပဒကုသလ လုလင်သည် ပစ္စည်းကိုပြန်ရအောင် ခြေရာခံနိုင်သော်လည်း ခိုးသူကိုမူ ဖော်ထုတ်ခြင်းမပြုနိုင်ဟု ထင်မြင်သောကြောင့်ဖြစ်သည်၊ လုလင်က ခိုးသူမှာ ဖော်ထုတ်စေလိုသူ မင်းကြီးကိုယ်တိုင်ဖြစ်ကြောင်းသိစေရန် ဥပမာတို့ဖြင့် လျှောက်ထားသည်၊ သို့သော် မင်းကြီးက ခိုးသူဖော်ထုတ်ပေးရန်သာ ထပ်ကာတလဲလဲ မိန့်ကြားနေသည်။

ပဒကုသလလုလင်သည် မင်းကြီးအား အကြိမ်ကြိမ် တောင်းပန်လျက် ဖော်ထုတ်ခြင်းမပြုဖို့ လျှောက်ထားသည်၊ သို့ရာတွင် သူခိုး ဖော်ထုတ်ပေးဖို့သာ ဆက်လက်မိန့်ကြားနေ၍ "ယခုရတနာပစ္စည်းများ ခိုးသူမှာ အခြားသူများမဟုတ်၊ မင်းကြီးကိုယ်တိုင်နှင့် မင်းကြီး၏ပုရောဟိတ်ကြီးတို့သာ ဖြစ်သည်"ဟု အမှန်အတိုင်း လျှောက်ထားလိုက်သည်။

စုဝေးရောက်နေကြသော ပရိသတ်သည် လုလင်၏စကားကိုကြားသော် မင်းကြီးနှင့် ပုရောဟိတ်တို့ကို ဝိုင်းဝန်းရိုက်နှက်ကြသည်၊ ထိုဒဏ်ကြောင့် မင်းကြီးနှင့်ပုရောဟိတ်တို့သည် ထိုနေရာ၌ လဲကျသေဆုံးသွားကြတော့သည်။

ထို့နောက် ပရိသတ်တို့က ပဒကုသလလုလင်ကို အဘိသိက်သွန်းကာ မင်းအဖြစ် တင်မြှောက်လိုက်ကြသည်။

[ဇာတ်တော်ငါးရာ့ငါးဆယ်၊ ပဒကုသလမာဏဝဇာတ်]

## သားတော်၏ အသားဖြင့် ပွဲတော်တည်သူ

ရှေးအခါက ဗာရာဏသီပြည်၌ မင်းပြုသော မင်းတစ်ပါးသည် သေရည်သေရက်ကို အလွန်စွဲမက်စွာ သောက်စားလေ့ရှိသည်၊ သေရည်သေရက်နှင့်ကင်း၍ မနေနိုင်၊ အလားတူပင် အသားဟင်းလျာကိုလည်း အလွန်နှစ်သက်သည်၊ အသားဟင်းမပါဘဲ ပွဲတော်တည်လေ့မရှိ တစ်နေ့တွင် ဥပုသ်နေ့ရောက်ခါနီးပြီဖြစ်၍ အသားမရမည်စိုးသဖြင့် ဘုရင့်ပွဲတော်ချက်သည် အသားကိုကြိုတင်ဝယ်ထားသည်၊ ဥပုသ်နေ့၌ အမဲသားငါးမသတ်၍ ဝယ်မရသောကြောင့် ကြိုတင်ဝယ်ထားခြင်းဖြစ်သည်။

### ဝယ်ထားသောအသား ခွေးစားသွား၍

သို့သော် ဝီရိယရှိရှိဖြင့် ကြိုကြိုတင်တင်စီစဉ်ဝယ်ထားသော အမဲသားကို စနစ်တကျ သိမ်းဆည်းထားခြင်းမပြုမိ၍ ခွေးများစားသွားသည်၊ ဘုရင့်ပွဲတော်၌ အမဲသားထည့်ပေးရန် ပွဲတော်ချက်အတွက် အခက်အခဲဖြစ်သွားတော့သည်၊ အမဲသားရမည့်နည်းလမ်းကို ကြံစည် စဉ်းစားသော်လည်းမရ၍ဘုရင့် မိဖုရားကြီးအား အသိပေးလျက် အကြံဉာဏ်တောင်းသည်။

မိဖုရားကြီးက ပွဲတော်ချက်အတွက် အပြစ်မှ သက်သာစေမည့်နည်းလမ်းကို စဉ်းစားရင်း ဤသို့ အကြံပေးလိုက်သည်။

### မိဖုရားကြီးပေးသော အကြံ

"အမောင်၊ ဘုရင်ကြီးသည် သားတော်လေးကို အလွန်ပင် ချစ်ခင်မြတ်နိုးသည်၊ သားတော်လေးကိုမြင်၍ နမ်းရှုပ်ပွေ့ချီလျက် ကျီစယ်နေရလျှင်မည်သူ့ ကိုမျှ သတိမရ၊ မည်သည့်အရာကိုမျှလည်း အလေးမထားနိုင်တော့၊ ငါသည် သားတော်လေးကို မင်းကြီး၏ပေါင်ပေါ်၌ ထားပေးမည်၊ မင်းကြီးသားတော်ကလေးနှင့် ကျီစယ် ကစားနေစဉ် သင်သည် ပွဲတော်စာကိုလာရောက် ပို့ဆောင်ပါလော့"

စားတော်ချက်သည် မိဖုရားကြီးပေးသည့် အကြံဉာဏ်အတိုင်း သား

တော်လေးနှင့် ကျီစယ်နေစဉ် ဘုရင်ကြီးထံသို့ စားတော်ပွဲကို ဆက်သလိုက်သည်၊ မင်းကြီးကား သေအရက်ကို မူးမူးရူးရူး သောက်ထားသူပီပီ ထိုအချိန်၌ အမူးလွန်နေပြီဖြစ်သည်၊ စားတော်ပွဲကို ဝိုးတဝါးကြည့်သည်၊ အမဲသားဟင်းလျာကို မတွေ့၍ အမဲသားဟင်းလျာ အဘယ်မှာနည်းဟု မေးသည်။

## သားတော်ကို လည်လိမ်သတ်ပြီ

စားတော်ချက်သည် ယနေ့ဥပုသ်နေ့ဖြစ်၍ အသားဟင်းလျာမရဟု ပြန်လည်တင်လျှောက်သည်၊ ဘုရင်ကြီးက အသားဟင်းလျာရဖို့ ဤမျှ ခက်ခဲရသလားဟုပြောဆိုကာ သားတော်လေးကို လည်လိမ် ချိုးသတ်လိုက်ပြီး စားတော်ချက်ထံ ပစ်ပေးသည်၊ အမြန်ချက်ခဲ့ဟုလည်း မိန့်ကြားသည်၊ စားတော်ချက်သည် မင်းကြီး၏ အမိန့်အတိုင်း သားတော်လေး၏ အသားကို ချက်ပြီး မင်းကြီးထံအလျင်အမြန် ဆက်သသည်၊ မင်းကြီးလည်း သားတော်လေး၏ အသားဟင်းဖြင့် ပွဲတော်တည်လိုက်သည်၊ မင်းကြီးအမူးလွန်နေပြီဖြစ်၍ မည်သူကမျှ ဝင်ရောက်တားဆီးခြင်း မပြုရဲကြ၊ ငိုလည်း မငိုရဲကြ။



နံနက်မိုးလင်းသော် အမူးပြေပြီဖြစ်၍ မင်းကြီးက သားတော်လေးကို ခေါ်ခဲ့ကြရန် အမိန့်ပေးသည်၊ မိဖုရားကြီးသည် သည်းထန်စွာ ငိုယိုရင်း ယမန်နေ့က အဖြစ်စုံကို ပြန်လည်အသိပေး သံတော်ဦးတင်လေသည်။

ဘုရင်ကြီးသည် ချစ်လှစွာသော သားတော်လေးကို သတ်စားမိပြီဟုသိ၍ ပြင်းထန်စွာ ပူဆွေးသောက ခံစားရရှာသည်၊ နောင်တ တစ်ဖန်ပူပန်ခြင်းကြီးစွာ ဖြစ်ရလေသည်၊ နောင်တရသောအချိန်၌ သားတော်လေးကား မရှိတော့ပြီ၊ ဖခင်ကြီး၏ ဟင်းအဖြစ်ရောက်ကာ အသားကို ဖခင်ကြီးက စားပြီးလေပြီ၊ အကြောင်းကိုရှာသော် သေရည်သေရက်ကို သွားတွေ့သည်၊ သူမက်မောလှ၊ တမ်းတလွမ်းလှ၊ စွဲလမ်းလွန်းလှသော အရက်သည် သူ့အတွက်ကောင်းကျိုးကိုပေးသည်၊ ပျော်ရွှင်မှုကို ရစေသည်၊ စိတ်ချမ်းသာစေသည်ဟု မင်းကြီး ထင်ထားခဲ့သည်၊ ထိုသို့ ထင်မြင်ယူဆထားခဲ့သည့်အတိုင်းပင် ဘုရင်ကြီးသည် သေရည်သေရက်ကို တပ်တပ်မက်သောက်သုံးခဲ့သည်။

### အရက်၏ မကောင်းကျိုးခံစားရ

သို့သော် ယခုတော့ သူမက်မော တမ်းတ စွဲလမ်းလွန်းလှသည့် သေအရက်ကြောင့် ချစ်လှစွာသော သားတော်လေးကို အရက်မူးမူးဖြင့် စားခဲ့ပြီး၊ အရက်၏ မကောင်းကျိုးကို လက်တွေ့ခံစားရပြီဖြစ်တော့သည်။

[ ဒုကနိပါတ်၊ ဓမ္မဇဇာတ်၊ အဋ္ဌကထာ ]

---

## အပ္ပမာဒမင်္ဂလာ

ပမာဒသည် သတိမေ့လျော့နေခြင်းဖြစ်သည်၊ ပမာဒ၏ ဆန့်ကျင်ဘက်သည် အပ္ပမာဒဖြစ်သည်၊ အပ္ပမာဒ၏ အဓိပ္ပာယ်မှာ သတိရှိခြင်း၊ မမေ့မလျော့ခြင်းဖြစ်သည်၊ ကုသိုလ်ကောင်းမှု တရားတို့၌ မမေ့မလျော့ခြင်း၊ ပြုလုပ်ရန် သတိရခြင်းကို အပ္ပမာဒဟုခေါ်သည်၊ အမြဲတမ်း သတိရှိနေခြင်းသည် ပစ္စုပ္ပန်၊ သံသရာနှစ်ဖြာသော ကောင်းကျိုးကို ဖြစ်စေတတ်သောကြောင့် မင်္ဂလာဟုဘုရားရှင် ဟောတော်မူခြင်းဖြစ်သည်။

ဘုရားရှင်သည် သတိအမြဲရှိနေရန် ပရိနိဗ္ဗာန် စံလွန်ခါနီး နောက်ဆုံး အချိန်အထိ လောကသားအားလုံးတို့ကို သတိပေးတော်မူခဲ့သည်၊ ဘုရားရှင်၏ နောက်ဆုံး မှာထားဆုံးမစကားသည် "အပ္ပမာဒေနသမ္ပာဒေထ"မဟုတ်ပါ လော၊ အမြဲသတိရှိနေရန် မှာတော်မူခဲ့ခြင်းဖြစ်သည်။

## ပညာလွန်လျှင် ကွန့်တတ်

သတိတရားသည် ပိုလွန်သည်ဟု မရှိပေ၊ သဒ္ဓါလွန်လျှင် "တဏှာ"ဖြစ် တတ်သည်၊ ဝီရိယလွန်လျှင် "ပြန့်လွင့်မှု ဥဒ္ဒစ္စ" ဖြစ်တတ်သည်၊ သမာဓိ လွန်လျှင် "ထိုင်းမှိုင်းမှု ဖြစ်တတ်သည်၊" ပညာလွန်လျှင် "ကွန့်တတ်သည်"ဟု ပညာရှိတို့ မိန့်မှာခဲ့ကြသော်လည်း သတိကိုမူ အမြဲရှိနေဖို့ မှာထားကြသည်။

အပ္ပမာဒေါ အမတံပဒံ = သတိတရားရှိကာ မမေ့မလျော့နေခြင်းသည် မသေရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်း၏အကြောင်းဖြစ်သည်၊ ပမာဒေါ မစ္စုနောပဒံ= မေ့မေ့လျော့လျော့ဖြင့် သတိလက်လွတ်နေထိုင်ခြင်းသည် သေဖို့ သေခြင်း၏ အကြောင်းဖြစ်သည်ဟုလည်း ဘုရားရှင်ဟောတော်မူခဲ့သည်။

မဟာမောရဇာတ်တော်၌ ဘုရားလောင်း ဥဒေါင်းမင်းသည် မိမိရွတ်ဆို နေကျ "ဥဒေတယံ၊ အပေတယံ"ဂါထာတို့ကို ရွတ်ဆိုကာ နှစ်ပေါင်းများစွာ အသက်ရှင် နေထိုင်နေခဲ့သည်၊ ထိုဂါထာတို့ကို ရွတ်ဆိုရန် သတိမေ့သော နေ့တွင် မုဆိုး၏ကျော့ကွင်း၌ အမိခံခဲ့ရသည်၊ အလားတူပင် သုဝဏ္ဏလျှံ သတို့သားသည် မေတ္တာဘာဝနာပွားများရန် သတိလက်လွတ်ဖြစ်သွားခဲ့၍ အဆိပ်လူးမြား ထိမှန်ခံခဲ့ရသည်၊ ဤသို့ဆိုလျှင် သတိရှိမှု၏ တန်ဖိုးနှင့် သတိမရှိမှု ကြောင့် ဆုံးရှုံးရတတ်သည်တို့ကို သင်ခန်းစာယူနိုင်ကြပေသည်။

## ပုညကိရိယဝတ္ထု ၁၀-ပါး

အပ္ပမာဒေါ စ ဓမ္မေသု ၌ ဓမ္မအရ ပုညကိရိယာဝတ္ထုဆယ်ပါးကို ယူရပေ သည်၊ ပုညကိရိယာ ဝတ္ထုဆယ်ပါးဟူသည်မှာ မမေ့မလျော့ ပြုလုပ်ရမည့် ကုသိုလ်တရား ဆယ်ပါးဖြစ်သည်၊

ဂုဏ်းဆယ်ပါးတို့မှာ -

၁။ **ဒါန** = ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ စွန့်ကြဲခြင်း၊

၂။ **သီလ** = ငါးပါး၊ ရှစ်ပါးစသည့် စောင့်ထိန်းရမည့်သီလများကို စောင့်ထိန်းခြင်း၊

၃။ **ဘာဝနာ** = သမထ၊ ဝိပဿနာ ဘာဝနာနှစ်မျိုးကို ပွားများအားထုတ်ခြင်း၊

၄။ **အပစာယန** = မိမိထက် အသက်ကြီးသူ၊ သီလ၊ သမာဓိ ပညာ ဂုဏ်ကြီးသူတို့ကို အရိုအသေပြုခြင်း၊

၅။ **ဝေယျာဝစ္စ** = အပြစ်မရှိ သန့်ရှင်းဖြူစင်သော ကုသိုလ်အလုပ်တို့၌ ကူညီလုပ်ကိုင်ပေးခြင်း၊

၆။ **ပတ္တိဒါန** = မိမိပြုသောကုသိုလ်၏အဖို့ကို အမျှပေးဝေခြင်း၊

၇။ **ပတ္တာနုမောဒန** = သူတစ်ပါးတို့ ပြုလုပ်သော ကုသိုလ်ကောင်းမှု အမျှပေးဝေခြင်းကို ဝမ်းသာစွာ သာဓုခေါ်ခြင်း၊

၈။ **ဓမ္မဿဝန** = သန့်ရှင်းသောစိတ်ဖြင့် တရားနာခြင်း၊

၉။ **ဓမ္မဒေသနာ** = လာဘ်လာဘရလိုမှု၊ ကျော်စောလိုမှု စသည့် မကောင်းမှုများကို မမျှော်ကိုးဘဲ တရားပြခြင်း၊ တရားဟောခြင်း၊

၁၀။ **ဒိဋ္ဌိဇုကမ္မ** = ကုသိုလ်ကံ၊ အကုသိုလ်ကံရှိသည်၊ ထို ကံတို့၏ ကောင်းကျိုး၊ ဆိုးကျိုးသည်လည်း ဧကန်ရှိသည်ဟု ဖြောင့်မှန်သော အယူရှိခြင်းတို့ဖြစ်သည်။

## အပ္ပမာဒ တရားရှိ၍ တရားရသွားသူ

ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူနေသည်၊ မိတ်ဆွေရဟန်းနှစ်ပါးတို့သည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတရား နာကြားခံယူကာ တရားဘာဝနာ ပွားများအားထုတ်ရန် တောရကျောင်းသို့ သွားရောက်နေထိုင်ကြသည်။

တောရကျောင်းသို့ ရောက်သော် ရဟန်းတစ်ပါးသည် လုံ့လဝီရိယ ရှိရှိဖြင့် ထင်းများစုဆောင်းသည်၊ အိပ်မငိုက်မိစေရန် မီးဖိုကာ မီးလှုံရင်း သာမဏေတို့နှင့်စကားစမြည် ပြောဆိုနေထိုင်သည်၊ သို့ဖြင့် ည၏ ညဉ့်သုံးယံရှိသည့်အနက် ပထမညဉ့်ဦးပိုင်းကို ကုန်လွန်စေသည်၊ ဤသို့ နေထိုင်ခြင်းမှာ မမေ့မလျော့ မပေါ့မဆဘဲ အပ္ပမာဒတရားနှင့်အညီ နေထိုင်ခြင်းဟု ထိုရဟန်းက ယူဆကာ နေထိုင်ကျင့်သုံးခြင်းဖြစ်သည်။

အခြားရဟန်းတစ်ပါးကမူ ရဟန်းတရားကို ပွားများ အားထုတ်သည်၊ သမထ၊ ဝိပဿနာတရားများ ကျင့်ကြံ အားထုတ်ကြိုးပမ်းရင်း ညဉ့်ဦးယံအချိန်ကို ကုန်လွန်စေသည်၊ ထင်းစုကာ၊ မီးဖိုကာဖြင့် သာမဏေတို့နှင့် စကားပြောလျက် အချိန်ဖြုန်းနေသော ရဟန်းကို ထိုသို့မနေရန်၊ အချိန်ကို အလဟဿမဖြုန်းရန် တရားဘာဝနာ ပွားများနေသူရဟန်းက ဆုံးမစကား ပြောကြားသေးသည်၊ သို့သော် နာခံမှုမရှိ၍ ထပ်မံပြောဆိုခြင်းမပြုဘဲ မိမိ၏ တရား အားထုတ်ကျင့်ကြံမှုကိုသာ ဆက်လက်ပြုလုပ်သည်။

## အပြစ်တင်စကားပြောပုံ

စကားပြောရင်း မီးလှုံရင်းဖြင့် အချိန်ဖြုန်းနေသော ရဟန်းသည် တရားဘာဝနာ ပွားများအားထုတ်နေသောရဟန်း စင်္ကြံသွားတရားနှလုံးသွင်းရာမှ အနားယူရန် အခန်းတွင်းသို့ဝင်သော် သူပါလိုက်ဝင်ခဲ့သည်၊ တရားမှတ်တရားအားထုတ်နေသူရဟန်းအား "အပျင်းဖက်မနေနှင့်၊ အိပ်နေခြင်းဖြင့် အကျိုးမရှိ၊ ဤတောရကျောင်းသို့လာခဲ့ရခြင်းမှာ တရားအားထုတ်ဖို့ လာခြင်းဖြစ်သည်"ဟု တရားဘာဝနာပွားများ အားထုတ်နေသူရဟန်းကို အပြစ်တင်စကားပြောသေးသည်၊ ထို့နောက် မကြာမီ မိမိအိပ်ရာသို့ဝင်ကာ အိပ်စက်သွားခဲ့တော့သည်။

## ရဟန္တာဖြစ်တော်မူပြီ

တရားဘာဝနာပွားများသော ရဟန်းသည် ပထမညဉ့်ဦးယံ၌ စင်္ကြံသွားရင်း တရားအားထုတ်သည်၊ သန်းခေါင်ယံ၌ အနားယူကာမိုးလင်းခါနီးတွင် စောစောအိပ်ရာမှထလျက် ဘာဝနာတရား ဆက်လက်ပွားများအားထုတ်

သည်၊ ဤကဲ့သို့ မမေ့မလျော့သော အပ္ပမာဒတရားဖြင့် ကြိုးစား၍ အားထုတ်သောကြောင့် မကြာမီပင် ထိုရဟန်းသည် ပဋိသမ္ဘိဒါပတ္တ ရဟန္တာအဖြစ်သို့ ရောက်တော်မူသည်၊ စကားပြောရင်း မီးလှုံရင်း အချိန်ဖြုန်းနေသော ရဟန်းကား တရားထူးမရပေ။

သီတင်းဝါလကျွတ်သော် ရဟန်းနှစ်ပါးတို့သည် ဘုရားရှင်ကို ဖူးမြော်ရန် ဇေတဝန်ကျောင်းတော်သို့ကြွသွားခဲ့ကြသည်၊ ဘုရားရှင်က "ချစ်သားတို့၊ အပ္ပမာဒတရားနှင့် ပြည့်စုံကာ မမေ့မလျော့ နေထိုင် သီတင်းသုံးခဲ့ကြပါ၏လော၊ ရဟန်းတရားကို အားထုတ်သဖြင့် ရဟန်းတို့ ကျင့်ကြံရမည့် ရဟန်းကိစ္စပြီးခဲ့ကြပါ၏လော"ဟု မေးတော်မူသည်။

အချိန်ဖြုန်းနေခဲ့သော ရဟန်းကသတိရှိရှိဖြင့် မမေ့မလျော့နေကာ စကားပြောရင်း၊ မီးလှုံရင်းဖြင့် ပထမယံအချိန်ကုန်အောင် နေခဲ့ပုံမှအစ သူနေထိုင်ခဲ့ပုံတို့ကို လျှောက်ထားသည်၊ အခြားရဟန်းမှာမူ လမ်းလျှောက်ရင်း အချိန်ကို အလဟဿ ကုန်လွန်စေပုံ၊ လမ်းလျှောက်၍ ပင်ပန်းသောအခါ အိပ်ရာ၌ မေ့မေ့လျော့လျော့ဖြင့် နားနေပုံစသည်ကို လျှောက်ထားသည်။

တရားဘာဝနာပွားများအားထုတ်သူရဟန်းကို မေးသောအခါ အပ္ပမာဒ သတိတရားဖြင့် ဘာဝနာပွားများပုံ၊ ဣရိယာပုတ်လေးပါးတို့တွင် လမ်းလျှောက်ရင်း တရားဘာဝနာ ပွားများသကဲ့သို့ အိပ်ရာထက်၌ အနားယူရင်း တရားနှလုံးသွင်းပုံနှင့် နံနက်စောစော အိပ်ရာမှထလျက် တရားအားထုတ်ပုံတို့ကို မိမိကျင့်သုံး နေထိုင်ခဲ့သည့်အတိုင်း ဘုရားရှင်ထံ ပြည့်ပြည့်စုံစုံ ပြန်လည် လျှောက်ထားသည်။

## အချိန်ဖြုန်းသော ရဟန်းကို ကဲ့ရဲ့တော်မူပုံ

ထိုအခါ ဘုရားရှင်က မီးလှုံကာ၊ စကားပြောကာဖြင့် အချိန်ဖြုန်းနေသော ရဟန်းကို ကဲ့ရဲ့တော်မူသည်၊ တရားဘာဝနာ ပွားများလျက် သတိရှိနေသော ရဟန်းတော်ကို ချီးကျူးတော်မူသည်၊ အပ္ပမာဒတရားနှင့်အညီ နေထိုင်

ကျင့်ကြံ၍ ရဟန္တာဖြစ်တော်မူလျက် တရားသိကာ တရားရသူ ရဟန်းကဲ့သို့ နေထိုင်ကျင့်သုံးရန် ရဟန်းတို့ကို ဆုံးမတော်မူသည်။

[ဓမ္မပဒ အပ္ပမာဒဝဂ် ရဟန်းနှစ်ပါးဝတ္ထု]

## ပညာရှင်တို့၏ စာပေစကား

ငါးပိကို မရှောင်လျှင် သွားနာတတ်သည်၊
သတိကို မဆောင်လျှင် မှားရှာတတ်သည်၊
ငါးပိကိုလည်း ရှောင်ရမည်၊
သတိကိုလည်း ဆောင်ရမည်၊
ငါးပိစားက သွားကျိုးလွယ်သည်၊
သတိထားမှ ပွားတိုးကြွယ်သည်။

[ကြည်းကန်ရှင်ကြီးမေတ္တာစာ]

ဆယ်ပါးပညတ်၊ ကုသိုလ်ရပ်ကို၊ ပြုအပ်ပြီးသည်၊ လတမည်ကား၊ လူ့ပြည် နတ်ပွဲ၊ ရမခဲတည်း၊ ယူစွဲမုချ၊ ယွင်းမခွဘူး၊ ဒါနသီလ၊ ကုသလ၌၊ လုံ့လ လွတ် လျော့၊ လေဆင်ပေါ့၍၊ မေ့လျော့သောသူ၊ သူသေဟူ၏၊ အလျှူသီတင်း၊ မကင်းဘာဝနာ၊ မချာရက်နေ့၊ မမေ့လျော့တတ်၊ ထိုသူမြတ်တို့၊ လူနတ်ခန္ဓာ၊ ပြောင်းလဲကာလျှင်၊ ချမ်းသာသုခ၊ မပျက်ကြကြောင့်၊ ဘဝသဘော၊ ရွှေ့လျော ခြင်းဟူ၊ စုတိမူလည်း၊ သေသူမမည်၊ ဟူတုံသည်တည်း။

[ မဃဒေဝ၊ ၂၉၁ ]

ဆယ်တန်ပါပ၊ သဝဇ္ဇမှ၊ ကာယဝစီ၊ ဤနှစ်လီဖြင့်၊ ရှောင်ရှားခြင်းသည်၊ တစ်ပါးမည်၏၊ ဆယ်မည်သဘော၊ ပါပဇောမှ၊ မနောဒွါရ၊ ရက္ခိတဖြင့်၊ ဝေးစွ ဖဲကြဉ်၊ မယဉ်ပါးခြင်း၊ ရှောင်ကွင်းကျင့်ရိုး၊ လုံ့လကြိုးလော့။

[မုံရွေးဆရာတော်]

ထိုထိုဒုစရိုက်၊ ပယ်ထိုက်သည်ချည်း၊ အနည်းနည်းကို၊ ကိုယ်လည်းမပြု၊ သူ့ကိုမစေ၊ သူပြုချေလည်း၊ ရွှေနှလုံးတော်၊ ရွှင်ပျော်စုံမက်၊ နှစ်မသက်ဘဲ၊

ယွင်းကွက်ကျင့်သူ၊ လူ၏ကျေးဇူး၊ ဂုဏ်ထူးမညွန်၊ လေးမည်မှန်သား၊ လေးတန်ဆယ်လီ၊ ဒုစာရိမ္မ၊ အာရတိမ္မ၊ ဝေးကြောင်းပြ၏။

[တိဏ္ဍုကပျို့ -၉၁]

ကျင့်စာရိတ္တ၊ ဝါရိတ္တဟု၊ သီလရတနာ၊ မြတ်တန်ဆာလည်း၊ သတ္တဝါခပင်း၊ မင်း၊ ဆင်းရဲသား၊ မပိုင်းခြားဘူး၊ လေးပါးမျိုးနွယ်၊ ကြီးငယ်မဆို၊ ရှယ်ပျို့ရွယ်ရင့်၊ ဆင်တိုင်းတင့်၏။

[မဃဒေဝ -၂၃၀]

ပြခြင်းအလို၊ အကုသိုလ်နှင့်၊ ကုသိုလ်နှစ်ပါး၊ ကံတရားကား၊ မယားပြုရာ၊ စိတ်မပါလျှင်၊ လင်မှာမရ၊ လင်ပြုကလည်း၊ မိန်းမအိမ်သူ၊ စိတ်မတူသော်၊ မှတ်ယူမှန်စွာ၊ မရရာဘူး၊ သူဇာမာယ၊ အသယတို့၊ ရှေးကဝတ္ထု၊ နှိုင်းယှဉ်ရှု၍၊ အကုသလ၊ ကုသလ၏၊ ကမ္မသကာ၊ လက္ခဏာကို၊ မြဲစွာဝမ်းတွင်း၊ နှလုံးသွင်းလော့။

[ မဃဒေဝ-၂၈၉ ]

တန်ခိုးကြီးမား၊ လွန်ဆိုးရွား၊ နဂါးနိုင်သူပါ၊
အရက်မူးလတ်၊ ဉာဏ်ကင်းလွတ်၊ လေးမြတ်ဗုဒ္ဓါမပြုပါ။
သေခါနီးတွင် ဝိုင်းပြုပြင် ပြောင်းထင်နိမိတ်မှာ၊
ငရဲနိမိတ္တ၊ ထင်ပြီးမှ၊ ပြောင်းရနတ်မှာ နိမိတ်သာ၊
ယစ်မျိုးဆယ်ပါး၊ သောက်စားယွင်းလစ်၊ ထိုကျင့်ညစ်ကို၊ ပယ်ပစ်ရှောင်ကွင်း၊ စောင့်ရှောက်ခြင်းကား၊ တစ်ပါးခေါ်ဆို။

[ မုံရွေးဆရာတော် ]

သုရာသောက်ဝယ်၊ ပြစ်ခြောက်သွယ်ကား၊ လိုမယ်မရ၊ ရှိမ္ဘဥစ္စာ၊ ပျောက်တတ်စွာ၏၊ နှုတ်သာလက်လွန်၊ ရန်လည်းခိုက်ထိ၊ ပွားတတ်ဘိ၏၊ မျက်စိသီဝေ၊ လက်ခြေတုန်ယင်၊ မဝင်ဝမ်းတွင်း၊ ထမင်းမစား၊ ရောဂါများ၏၊ ပြစ်သားစင်စင်၊ လူရှင်ကဲ့ရဲ့၊ သတင်းမဲ့၏၊ ရှက်ဖွဲ့အရာ၊ ကြောက်ခင်းမှာလည်း၊ အင်္ဂါကိုယ်လုံး၊ မဖုံးလွှမ်းနိုင်၊ စွဲကိုင်ကျိုးပြစ်၊ စိစစ်မမြင်၊ ဆင်ခြင်မရှိ၊ သတိပညာ၊ လျော့ညံ့ရာသည်၊ မကြာလက်ငင်းမျက်မှောက်တွင်း။

[ သြဝါဒထူးပျို့ ]

သေနှင့်အရက် လူကိုဖျက်၊ အရှက်ရမည်ကြောက်။

[ တွင်းသင်းမင်းကြီး ]

အသောက်အစား၊ အလောင်းများလည်း၊ စီးပွားပြုန်းတတ်သည်။

[ မုံရွေးဆရာတော် ]

သေစာအရက်၊ လွန်စုံမက်၍၊ ဆိပ်ဖက်ရောထား၊ သေခွက်အားကို၊ သောက်မှားလူရူး၊ သေသောက်ကြူးသည်၊ မူးတူးမှိုင်တည့်၊ သောက်လေဘိက၊ ကြားသိသမျှ ကဲ့ရဲ့ကြလျက်၊ ဘဝနောင်ဖန်၊ တမလွန်လည်း၊ အလွန်ဆင်းရဲ၊ မီးကျီးထဲ၌၊ အမြဲရှည်ကြာ၊ ခံရရှာ၏။

[ သုတသောမပျို့ ]

ဆင္ဒမဂါထာဖြင့် ဟောကြားတော်မူသည့်
မင်္ဂလာတရားတော်များနှင့်ဝတ္ထုများ ပြီး၏။

* * *

## သတ္တမဂါထာဖြင့် ဟောကြားသည့် မင်္ဂလာတရား ငါးပါး

ဂါရဝေါ စ နိဝါတော စ အစရှိသော သတ္တမဂါထာတော်ဖြင့် ဘုရားရှင်သည် ဤမင်္ဂလာတရား ငါးပါးကို ဟောတော်မူသည်။

၁။ **ဂါရဝေါ စ** = ရိုသေထိုက်သူကို ရိုသေခြင်းသည် မင်္ဂလာ၊

၂။ **နိဝါတော စ** = မိမိကိုယ်ကို နှိမ့်ချခြင်းသည် မင်္ဂလာ၊

၃။ **သန္တုဋ္ဌိ စ** = ရောင့်ရဲတင်းတိမ်လွယ်ခြင်းသည် မင်္ဂလာ၊

၄။ **ကတညုတာ** = သူပြုဖူးသောကျေးဇူးကို သိခြင်းသည် မင်္ဂလာ၊

၅။ **ကာလေနဓမ္မဿဝနံ** = သင့်တင့်လျောက်ပတ်သောအခါ၌ တရားနာခြင်းသည် မင်္ဂလာ၊

ဤမင်္ဂလာတရားငါးပါးသည် ၃၈-ဖြာ မင်္ဂလာတရားတို့တွင် ဘုရားရှင် သတ္တမဟောကြားတော်မူသည့် မင်္ဂလာတရားများဖြစ်ကြသည်။

ဤမင်္ဂလာတရား ငါးပါးကို သိမှတ်ရ လွယ်ကူစေရန် ဆရာကြီး ဒဂုံဦးထွန်းမြင့်က ဤသို့ လင်္ကာစီကုံးထားခဲ့သည်။

၁။ အသက်ဂုဏ်ဝါ ကိုယ့်ထက်ကြီးက၊ ဆည်းကပ်ခစား ရိုသေလေ၊

၂။ မာနတံခွန် ဂုဏ်မကြွနှင့် ကိုယ်ကိုနှိမ့်ချ အမြဲနေ၊

၃။ လောဘအပို လိုမလိုက်နှင့်၊ ကိုယ်ထိုက်တာနဲ့ ကျေနပ်လေ၊

၄။ ကိုယ့်ပေါ်ပြုဖူး၊ သူ့ကျေးဇူး၊ အထူးသိတတ်စေ၊

၅။ ကောင်းကျိုးဆင့်ပွား၊ မြတ်တရား၊ နာကြားမပြတ်ပေ၊

အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

## စကားလုံးတို့၏ အဓိပ္ပာယ်

## ဂါရဝမင်္ဂလာ

အရိုအသေ ပေးထိုက်သူတို့အား အရိုအသေ ပေးခြင်းသည် ပစ္စုပ္ပန် သံသရာနှစ်ဖြာသောဘဝတို့တွင် ကောင်းကျိုးကိုဖြစ်စေသဖြင့် ကြီးပွားချမ်းသာ ခြင်း၏အကြောင်းဖြစ်သောကြောင့် မင်္ဂလာဟု ဘုရားရှင်ဟောတော်မူသည်။

ဂါရဝ = ရိုသေလေးစားခြင်း၊ အရိုအသေပေးခြင်းဟူရာ၌ ပုံသဏ္ဌာန် အမျိုးမျိုးရှိနိုင်သည်၊ ဘာသာအယူဝါဒ မတူသည်နှင့်အမျှ အရိုအသေပေးရာ၌ လည်း တစ်ဦးနှင့်တစ်ဦး၊ တစ်ဘာသာနှင့်တစ်ဘာသာ မတူကြပေ၊ အလားတူ အရှေ့တိုင်းသားတို့၏ အရိုအသေပေးပုံနှင့်ဥရောပသားတို့ အရိုအသေပေးပုံ တို့မှာလည်း ထပ်တူမဖြစ်ကြပေ။

### ရိုသေလေးစားထိုက်သူများ

ရိုသေလေးစားထိုက်သူများမှာ ရတနာသုံးပါး၊ မိဘဆရာသမားများနှင့်၊ မိမိထက် အသက်၊ ဂုဏ် ဝါ ကြီးသူတို့ဖြစ်ကြသည်။

ထိုသူတို့နှင့် တွေ့ရကြုံရာ ဆုံရာတို့၌ နေရာဖယ်ပေးခြင်း၊ ယူစရာ ပေးစရာရှိလျှင် လက်နှစ်ဖက်ဖြင့် ပေးခြင်း၊ ယူခြင်း စသည်ပြုခြင်းဖြင့် ရိုသေလေးစားကြရပေသည်၊ ရိုသေလေးစား မှုပြုသောကြောင့် ပြုသူ၌ ဂုဏ်သိက္ခာကျခြင်းစသည့် မကောင်းကျိုးများ မခံစား ရပေ။

ဂါရဝဟူသော ရိုသေလေးစားခြင်းရှိသကဲ့သို့ အဂါရဝဟုခေါ်သော မရို မသေမလေးမစားပြုခြင်းလည်းရှိပေသေးသည်၊ ရိုသေလေးစားထိုက်သူတို့အား ရိုသေလေးစားခြင်းကြောင့် မင်္ဂလာရှိသည်၊ ရိုသေလေးစားထိုက်သူတို့အပေါ် မရိုမသေ၊မလေးမစားပြုလျှင် အမင်္ဂလာဖြစ်ပေသည်၊ အမင်္ဂလာသည် ကြီးပွား ချမ်းသာဖို့အကြောင်းမဖြစ်ပေ၊ ဂါရဝတရားမရှိသူကို အခြားသူတို့က ရှေ့တွင် ဖြစ်စေ၊ ကွယ်ရာ၌ဖြစ်စေ ကဲ့ရဲ့လေ့ရှိကြပေသည်။

## ဂါရဝတရား ၁၀-ပါး

ဂါရဝတရား ၁၀-ပါး ရှိသည်ဟု အင်္ဂုတ္တိုရ်၌ ဟောတော်မူခဲ့သည်။

ငင်း၁၀-ပါးတို့မှာ -

၁။ **ဗုဒ္ဓဂါရဝ** - ဘုရားရှင်သက်တော်ထင်ရှားရှိစဉ် ဘုရားရှင်ကို အရိုအသေပြုခြင်း၊ လေးစားခြင်း၊ ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် ဘုရားရှင်ကိုယ်စား စေတီ၊ ရုပ်ပွား၊ ဗောဓိပင်စသည်၌ အရိုအသေပြုခြင်း၊ စေတီရင်ပြင်တော်ပေါ်၌ ထီးမဆောင်းခြင်း၊ ဖိနပ်မစီးခြင်း၊ တံတွေးမထွေးခြင်းစသည်ဖြင့် အရိုအသေပြု လေးစားခြင်းသည် ဗုဒ္ဓဂါရဝမည်၏။

၂။ **ဓမ္မဂါရဝ** - တရားနာရန် တရားပွဲ၊ ဓမ္မာရုံစသည့် တရားဌာနများသို့ သွားရောက်ကာ တရားမှတ်ခြင်း၊ တရားကျင့်ခြင်း၊ တရားစာပေများ ဟောပြောပို့ချခြင်းစသည်တို့သည် ဓမ္မဂါရဝမည်၏။

၃။ **သံဃဂါရဝ** - သံဃာတော်တို့အထံသို့ သွားရောက်ဆည်းကပ်ခြင်း၊ သံဃာတော်တို့ရှေ့၌ ရိုသေစွာနေထိုင်ပြောဆိုခြင်းစသည်တို့သည် သံဃဂါရဝမည်၏။

၄။ **သိက္ခာဂါရဝ** - ရဟန်းဖြစ်စေ၊ လူဝတ်ကြောင်ဖြစ်စေ မိမိကျင့်ကြံရမည့် သိက္ခာတို့၌ ကောင်းမွန်စွာစောင့်ရှောက်ကျင့်သုံးနေထိုင်မှုသည် သိက္ခာဂါရဝမည်၏။

၅။ **သမာဓိဂါရဝ** - လော်လည်မှုအမျိုးမျိုးမပြုလုပ်ဘဲ အေးငြိမ်းတည်ကြည်စွာ နေထိုင်နေမှုသည် သမာဓိဂါရဝမည်၏။

၆။ **အပ္ပမာဒဂါရဝ** - ကုသိုလ်ကောင်းမှုလုပ်ငန်းများပြုလုပ်ရန် မမေ့မလျော့ဖြင့် လေးလေးစားစား သတိထားမှုသည် အပ္ပမာဒဂါရဝမည်၏။

၇။ **ပဋိသန္ထာရဂါရဝ** - ပျူပျူငှာငှာ လောကဝတ်ပြုခြင်း၊ စကားအနေဖြင့်ဖြစ်စေ၊ တရားအနေဖြင့်ဖြစ်စေ အစေ့အစပ်ပြောဆိုခြင်း၊ နုတ်ခွန်းဆက်စကားပြောဆိုခြင်းစသည်သည် ပဋိသန္ထာရဂါရဝမည်၏။

၈။ **ဟိရိဂါရဝ** - မကောင်းမှုပြုရမည်မှ ရှက်သဖြင့် ရိုသေလေးစားစွာ ရှောင်ကြဉ်ခြင်းသည် ဟိရိဂါရဝမည်၏။

၉။ သြဂ္ဂဝပ္ပဂါရဝ - မကောင်းမှုပြုရမည်မှ ကြောက်သဖြင့် ရိုသေလေးစား စွာရှောင်ကြဉ်ခြင်းသည် သြဂ္ဂဝပ္ပဂါရဝမည်၏။

၁၀။ အညမညဂါရဝ - ဆရာနှင့်တပည့်၊ မိဘနှင့်သားသမီးစသည်ဖြင့် အချင်းချင်း ရိုသေလေးစားမှုပြုခြင်းသည် အညမညဂါရဝမည်၏။

## အသက်ကြီးသူကို လေးစားသော တိရစ္ဆာန်များ

ဟိမဝန္တာအရပ်ရှိ ညောင်ပင်ကြီးတစ်ပင်ကိုအမှီပြုလျက် ခါ၊ မျောက်နှင့် ဆင်တို့အတူတကွနေထိုင်ကြသည်၊ တစ်ကောင်နှင့်တစ်ကောင်ရိုသေခြင်းမရှိ ကြ၊ တစ်နေ့သ၌ သူတို့သုံးကောင်သည် အချင်းချင်းတိုင်ပင်ကြလျက် ကြီးသူကို အရိုအသေပြု၍ နေရန်သဘောတူကြသည်၊ သို့ဖြင့် မည်သူသည် အသက် အကြီးဆုံးဖြစ်သည်ဟု သိနိုင်ရန် သူတို့မှီခိုနေရသော ညောင်ပင်ကြီးကို စံထား လျက် အပြန်အလှန် မေးမြန်းစိစစ်ကြသည်။

### ဆင်ကိုမေးကြပုံ

ခါနှင့် မျောက်တို့က ဆင်ကိုဤသို့မေးကြည့်ကြသည်။

"အဆွေဆင်၊ ဤညောင်ပင်ကြီးကို သင်အဘယ်အခါမှစ၍ သိခဲ့သနည်း"

ထိုအခါ ဆင်က "ငါ ဆင်ငယ်ဆင်ပေါက်ကလေးဖြစ်စဉ် ဤညောင်ပင်ကို ငါ၏ပေါင်ကြားဗိုက်အောက်မှထားကာ သွားလာခဲ့ရသည်၊ နောက်မှတဖြည်း ဖြည်းကြီးလာကာ ချက်အထိဖြစ်လာသည်၊ ထိုအချိန်ကပင်စ၍ ဤညောင်ပင် ကို ငါသိခဲ့သည်"ဟု ဖြေကြားသည်။

### မျောက်၏ အဖြေစကား

ထို့နောက် ခါနှင့်ဆင်တို့က မျောက်ကို ဤသို့မေးကြပြန်သည်။

"အဆွေမျောက်၊ ဤညောင်ပင်ကို သင်ဘယ်အခါမှစ၍ သိခဲ့သနည်း"

"အဆွေတို့၊ ငါ မျောက်ငယ်လေးဘဝတွင် မြေကြီး၌ ထိုင်ကာ ဤ ညောင်ပင်၏ အညွန့်များကို ခူးယူစားခဲ့သည်၊ ဤအခါမှစ၍ ညောင်ပင်ကို ငါသိခဲ့သည်"ဟု ပြန်လည်ပြောကြားသည်။

တစ်ဖန် ဆွင်နှင့်မျောက်တို့က ခါကို ဤသို့ မေးမြန်းကြပြန်သည်။

"အဆွေခါ၊ ဤညောင်ပင်ကို သင်ဘယ်အခါမှစ၍ သိခဲ့သနည်း"

## ညောင်ပင်မပေါက်မီက ငါသိခဲ့

ထိုအခါ ခါက "ရှေးအခါတုန်းက ဤနေရာ၌ ညောင်ပင်မရှိသေး၊ အခြားအရပ်ဒေသတစ်ခု၌သာ ညောင်ပင်ကြီးတစ်ပင်ရှိခဲ့သည်၊ ထိုအပင်ကြီးသို့ သွားပြီး ငါသည် ညောင်သီးများကိုစားခဲ့သည်၊ ငါစားလာခဲ့သောညောင်သီး မစင်ဖြစ်လာသောအခါ ဤညောင်ပင်ပေါက်ရာနေရာတွင် ငါမစင်စွန့်ခဲ့သည်၊ ငါစွန့်ခဲ့သောမစင်မှ ဤညောင်ပင်ပေါက်လာခဲ့သည်"ဟု ခါက ရှင်းလင်းပြောပြသည်။



ထိုအခါတွင်မှ ခါ၊ မျောက်နှင့် ဆင်တို့သည် သူတို့သုံးကောင်တို့တွင် ခါသည် အသက် အကြီးဆုံးဖြစ်သည်ကို သိသွားကြသည်။

ထိုအခါ မျောက်နှင့်ဆင်တို့က "အဆွေ ခါ၊ ငါတို့သုံးကောင်တွင် သင်သည် အသက်အရွယ်အားဖြင့် အကြီးဆုံးဖြစ်သည်၊ သို့ဖြစ်၍ ငါတို့သည် သင့်အား အရိုအသေပြုကြမည်၊ ပူဇော်ဖွယ်တို့ဖြင့် ပူဇော်မည်၊ သင်၏ဝတ်ကြီးဝတ်ငယ်

တို့ကိုလည်း ငါတို့ပြုလုပ်ပေးကြမည်၊ သင်သည် ငါတို့အား အဆုံးအမစကား ပြောကြားပေးလျက် မကောင်းသည်ကို တား၊ ကောင်းရာကိုညွှန်ပြလျက်နေပါလော"ဟု ပြောဆိုတောင်းပန်ကြသည်။

ထိုအခါမှစ၍ ခါ၊ မျောက်နှင့်ဆင်တို့သည် အချင်းချင်းညီညွတ်စွာဖြင့် နေထိုင်ကြသည်၊ ခါ၏စကားကိုလည်း နားထောင်ကာ ခါကို အရိုအသေပေးလျက် အသက်ထက်ဆုံးနေသွားကြသည်။

[ဇာတ်တော်ငါးရာ့ငါးဆယ်၊ ဧကကနိပါတ်၊ တိတ္တိရဇာတ်]

## ဆရာရှိရာသို့ ဦးခေါင်းထား ကျိန်းစက်သူ

အရှင်သာရိပုတ္တရာ မထေရ်ကြီးသည် ဘုရားရှင်၏ တပည့်သာဝကတို့တွင် ပညာအရာ၌ ဧတဒဂ်ရ လက်ယာရံ အဂ္ဂသာဝကမထေရ်ကြီးတစ်ပါး ဖြစ်တော်မူသည်၊ ငယ်စဉ်က ဗြာဟ္မဏအယူရှိပြီး ပုဏ္ဏားတို့ တတ်အပ်သော ဗေဒင်ပညာတို့၌ တစ်ဖက်ကမ်းရောက် တတ်မြောက်တော်မူခဲ့သည်၊ အရွယ်ရောက်လာသော တစ်နေ့တွင် ပွဲလမ်းသဘင်ကြည့်ရှုနေစဉ် သေခြင်းတရားနှင့် ပတ်သက်၍ သံဝေဂဉာဏ်ဖြစ်ပေါ်လာပြီး မသေရာတရားကို ရှာမည်ဟု မိတ်ဆွေကောလိတပုဏ္ဏားနှင့်အတူ သဥ္စယဗေလဋ္ဌပုတ္တဟူသော သိဥ္စည်း ဆရာကြီးထံ ရဟန်းပြုခဲ့သည်။

သိဥ္စည်းဆရာကြီးထံ၌ တတ်သိအပ်သမျှ ပညာကုန် သင်ယူခဲ့သည်၊ မအိုမနာမသေရာသို့ရောက်စေနိုင်သည့် အမတတရား ထိုဆရာကြီးထံမှ မရခဲ့သဖြင့် အလိုရှိသောတရားကို ရှာဖွေနေခဲ့သည်။

### အရှင်အဿဇိထေရ်ကို ဖူးတွေ့ရပုံ

တစ်နေ့တွင် အလွန်ကြည်ညိုဖွယ်ရှိလှသော အရှင်အဿဇိမထေရ် ဆွမ်းခံကြွနေသည်ကို ဖူးတွေ့ရသည်၊ အရှင်အဿဇိမထေရ်သည် ဘုရားရှင်၏ လက်ဦးတပည့်ရင်းများဖြစ်သော ပဥ္စဝဂ္ဂီ ငါးပါးတို့တွင် တစ်ပါးအပါ

အဝင်ဖြစ်သည်၊ ဆွမ်းခံကြွနေသော မထေရ်နောက်မှ ထက်ကြပ်မကွာ လိုက်ပါရင်း မထေရ် ဆွမ်းဘုဉ်းပေးပြီးသောအခါ မထေရ်ထံသို့ ချဉ်းကပ်ကာ ဤသို့ မေးလျှောက်ခဲ့သည်။

"အရှင်ဘုရား၊ အရှင်ဘုရားသည် ကြည်ညိုဖွယ်ကောင်းလှသော ဣန္ဒြေတော်တို့နှင့်ပြည့်စုံလှပါသည်၊ အရှင်ဘုရား၏ဆရာသည် အဘယ်သူ ဖြစ်ပါနည်း၊ အဘယ်သူ၏ တရားကို အရှင်ဘုရား နှစ်သက် ယုံကြည်တော်မူပါသနည်း"

အဿဇိမထေရ်သည် ဘုရားရှင်ကို ရည်ညွှန်းကာ "ထိုရဟန်းကြီးသည် ငါ၏ဆရာဖြစ်၏၊ ထိုရဟန်းကြီး၏တရားကို ငါနှစ်သက်ယုံကြည်၏"ဟု ဖြေကြားခဲ့သည်။

ဤသို့မထေရ်က မိန့်တော်မူသော် "အရှင်ဘုရား၏ဆရာသည် အဘယ်သို့သော တရားများကို အရှင်ဘုရားအား သင်ကြားဟောကြားပါသနည်း၊ တပည့်တော်အား ထိုတရားများကို ဟောကြားတော်မူပါ"ဟု ဆက်၍လျှောက်ထားသည်။

## အဿဇိထေရ်ဟောသောတရား

ထိုအခါ အဿဇိမထေရ်က "ငါသည် ရဟန်းဖြစ်ခါစဖြစ်၍ ငါ၏ဆရာဟောကြားသောတရားအားလုံးကို ပြန်၍ဟောပြခြင်းငှာမစွမ်းနိုင်"ဟု မိန့်တော်မူသည်။

"အရှင်ဘုရား နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ လိုရင်းဖြစ်သော အနက်အဓိပ္ပာယ်တစ်ခုကိုသာ ဟောပြတော်မူပါ"ဟု ထပ်မံလျှောက်ထား၍ မထေရ်က "ယေဓမ္မာဟေတုပ္ပဘဝါ" အစချီသော တရားတော်ကို ဟောတော်မူသည်။

အရှင်သာရိပုတ္တရာလောင်းလျာဖြစ်သော ဥပတိဿသည် အရှင်အဿဇိမထေရ်ထံမှ

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊
တေသံ ဟေတုံ တထာဂတော အာဟ

ဟူသောတရား နှစ်ပိုဒ်ကို နာကြားရသည်နှင့်ပင် တရားသိကာ သောတာပန် ဖြစ်တော်မူသွားသည်။

အရှင်သာရိပုတ္တရာ မထေရ်လောင်းလျာသည် လွန်ခဲ့သော တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလ အနောမဒဿီဘုရားရှင်လက်ထက်ကပင် အဂ္ဂသာဝကရဟန်းအဖြစ် ဆုတောင်းကာ ပါရမီဖြည့်ခဲ့သည်၊ ထိုသို့အဂ္ဂသာဝကပါရမီတော်များ ဖြည့်ဆည်းတော်မူရင်း ဘဝသံသရာ၌ ကျင်လည်လာခဲ့ကာ ယခုဂေါတမ ဘုရားရှင်လက်ထက်တော်တွင် ရာဇဂြိုဟ်ပြည်အနီးဥပတိဿရွာရှိ ဝင်္ကန္တ ပုဏ္ဏားကြီးနှင့် ရူပသာရိပုဏ္ဏေးမကြီးတို့အထံ၌ လူဖြစ်လာခဲ့သည်။

ပဉ္စဝဂ္ဂီငါးပါး အဖွဲ့ဝင် အရှင်အဿဇိထံမှ တရားနာပြီးသောအခါ သူသည် သူ၏မိတ်ဆွေ ကောလိတထံသွား၍ သူနာကြားခဲ့ရသော တရားကို ဟောပြသည်။ ထို့နောက် မိတ်ဆွေနှစ်ဦးသည် အရှင်အဿဇိ မထေရ်ညွှန်ပြရာ ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူနေသော ဘုရားရှင်ထံသွားသည်၊ ဘုရားရှင်ထံ၌ "ဧဟိဘိက္ခု"ရဟန်းအဖြစ်ရတော်မူသည်၊ ထို့နောက် ရဟန်းဖြစ်ပြီး ၁၅-ရက်အကြာတွင် ရဟန္တာဖြစ်တော်မူသည်၊ ပညာကြီးသောအရာ၌ ဧတဒဂ်ရတော်မူသော မထေရ်ကြီးလည်းဖြစ်၏။

## ကျေးဇူးတော်ကိုလေးစား

ဤမထေရ်မြတ်ကြီးသည် အရှင်အဿဇိမထေရ်၏ ကျေးဇူးတော်ကို အမြဲသတိရ လေးစားသောအားဖြင့် ကျိန်းစက်တော်မူလျှင် အရှင်အဿဇိမထေရ်ရှိရာအရပ်ကို ဦးခေါင်းထားကာ ကျိန်းစက်တော် မူလေ့ရှိသည်၊ ဆရာအပေါ် အလေးထားကျင့်ကြံတော်မူသည်ကို ရဟန်းအချို့က အထင်အမြင်လွဲကြသည်၊ မိစ္ဆာအယူရှိခဲ့ဖူး၍ မိစ္ဆာအယူအတိုင်းပင် ဤမထေရ်ကြီးသည် အရပ်မျက်နှာတို့ကို ရှိခိုးသည်ဟု ဘုရားရှင်ထံ လျှောက်ထားကြသည်။

ထိုအခါ ဘုရားရှင်က ရဟန်းတို့၊ သာရိပုတ္တရာသည် အရပ်မျက်နှာတို့ကို ရှိခိုးနေခြင်းမဟုတ်၊ အရှင်အဿဇိထံမှ တရားနာခဲ့၍ သောတာပန်ဖြစ်ခဲ့သည်၊ ဤကျေးဇူးကြောင့် ဆရာကိုရှိခိုးလျက် ဆရာရှိရာအရပ်ကို ဦးခေါင်းထားကျိန်း

စက်ခြင်းဖြစ်သည်ဟု ရှင်းလင်းမိန့်တော်မူသည်၊ ထိုအခါမှ အခြားရဟန်းတို့က သံသယရှင်းလင်းကာ တရားသိတော် မူသွားကြသည်။

[ဓမ္မပဒ ဗြာဟ္မဏဝဂ်၊ အရှင်သာရိပုတ္တရာဝတ္ထု]

## နိဝါတမင်္ဂလာ

မာန်မာနကင်းစွာဖြင့် မိမိကိုယ်ကို နှိမ့်ချနေထိုင်သူသည် နိဝါတမင်္ဂလာနှင့် ပြည့်စုံသူဖြစ်သည်၊ နိဝါတမင်္ဂလာနှင့်ပြည့်စုံသူသည် ပစ္စုပ္ပန်ဘဝ၌ ခင်မင်သူ၊ လေးစားသူ၊ မြတ်နိုးသူပေါ်များသည်၊ နောင်သံသရာ၌လည်း နိဝါတမင်္ဂလာနှင့် ပြည့်စုံသူဖြစ်၍ ဒုဂ္ဂတိသို့မလားနိုင်ပေ၊ ထိုသို့ ပစ္စုပ္ပန်၊ သံသရာနှစ်ဖြာသောလောက၌ ကြီးပွားချမ်းသာခြင်း၏ အကြောင်းဖြစ်သောကြောင့် မာနကင်းစွာဖြင့် နှိမ့်ချနေထိုင်ခြင်းကို နိဝါတမင်္ဂလာရှိသူဟု ဘုရားရှင် ဟောတော်မူခြင်းဖြစ်သည်။

မာန်၊ မာနကြီးသူသည် နိဝါတမင်္ဂလာနှင့် ပြည့်စုံဖို့ ခက်ခဲသည်၊ မာနကြီးသူ၏ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့သည် ကြမ်းတမ်းတတ်သည်၊ တစ်ဖက်သားကို အရေးမစိုက်အလေးမထားခြင်းများပြုတတ်သည်၊ မာနထန်တတ်ခြင်း၊ မာန်မာနကြီးခြင်း၏အကြောင်းများမှာ အာဏာရှိခြင်း၊ ပစ္စည်းဥစ္စာကြွယ်ဝခြင်း၊ ရုပ်ချောခြင်း၊ ခွန်အားဗလကြီးခြင်းစသည်တို့ဖြစ်ကြသည်။

### မာန်မာနသုံးမျိုး

မာနသည် (၁) အမြတ်စားမာန - သေယျမာန်၊ (၂)တန်းတူမာန - သဒိသမာန်၊ (၃) အညံ့စား မာန-ဟီနမာန်ဟု ကျမ်းဂန်တို့၌ သုံးမျိုး ခွဲပြကြသည်။

၁။ ငါသည် သူတစ်ပါးထက် ရုပ်အဆင်းအားဖြင့်လည်းကောင်း၊ ခွန်အားဗလအားဖြင့်လည်းကောင်း၊ အမျိုးအနွယ်၊ စည်းစိမ်ဥစ္စာနှင့် ခြွေရံသင်းပင်းအာဏာအားဖြင့် လည်းကောင်း အခြားသူတို့ထက် သာလွန်သည်ဟု ထင်မြင်ကာ မာန်တက်နေခြင်းသည် သေယျမန်တက်နေခြင်းဖြစ်သည်။

၂။ ရုပ်ရည်ရူပကာယ၊ စည်းစိမ်ပညာ၊ ခြွေရံသင်းပင်၊ ရာထူးအာဏာအား ဖြင့် သူနှင့်ငါသည် တူညီသည်၊ ထို့ကြောင့် ငါသည် သူ့ကို ဂရုစိုက်စရာမလိုဟု ယူဆကာ သူတစ်ပါးအပေါ် မလေးမစားတန်ဖိုးမထားဘဲ မာန်တက်နေမှုသည် သဒိသမာန်ဖြစ်သည်။

၃။ မိမိသည် ရုပ်ရည်ရူပကာယ၊ စည်းစိမ်ဥစ္စာ၊ ရာထူးဂုဏ်သိမ်စသည်အား ဖြင့် သူတစ်ပါးထက်နိမ့်ကျနေမှန်းသိပါလျက် အခြားသူတို့အပေါ် အရေးစိုက် စရာမလိုဟု မာန်တက်နေခြင်းသည် ဟီနမာန်ဖြစ်သည်။

မာနမှန်သမျှ အဘယ်မာနမှ မိမိကို ကောင်းကျိုးမပြုပေ၊ မာနတရား မထားဘဲ ကျင့်ကြံပြောဆိုနေထိုင်ခြင်းသည်သာလျှင် သူတော်သူမြတ်၊ လူကြီး လူကောင်းတို့၏ အကျင့်ဖြစ်သည်၊ ထိုသူကိုသာ အစစ်အမှန်အားဖြင့် တန်ဖိုး ထား လေးစားတတ်ကြသည်၊ မာနတစ်မျိုးမျိုးဖြင့် မာန်တက်နေသူကို ရှေ့မျက် မှောက်တွင် ထိုသူအလိုကျ ချီးမွမ်းကြပေမည်၊ ထိုသို့ ချီးမွမ်းခြင်းမှာ တကယ် တန်ဖိုးထား လေးစားမြတ်နိုး၍ ချီးမွမ်းခြင်းမဟုတ်၊ မလွှဲသာမရှောင်သာ၍ အခြေအနေအရ ချီးမွမ်းခြင်းသာဖြစ်သည်၊ တစ်နည်းအားဖြင့် ချီးမွမ်းခြင်း အစစ်ဟု မခေါ်ဆိုနိုင်ဘဲ အတုအယောင် ချီးမွမ်းခြင်းသာဖြစ်ပေသည်။

သာမန် လူသားတို့ မာနကင်းစွာ နေထိုင် ပြောဆိုရန်မှာ ခက်ခဲသည်၊ တရားရှင်တို့ပင် တစ်ခါတရံ၌ သတိလက်လွတ်ဖြစ်ကာ မာနကြီးနေတတ် သေးသည်၊ “ဂုဏ ဝန္တေ ပသံသန္တိဇနာ”ဟု ဟောတော်မူသည့်အတိုင်း လောက ၌ ဂုဏ်ရှိသူတို့သာ ချီးမွမ်းခံရလေ့ရှိသည်၊ ဂုဏ်ရှိရန် ကြိုးစားရှာဖွေ စုဆောင်း ကြရသည်၊ ဂုဏ်ရှိမှ၊ ဂုဏ်တစ်မျိုးမျိုးနှင့် ပြည့်စုံမှ လူရာဝင်ပြီး လူ့အသိုင်း အဝိုင်းက အထင်ကြီးတတ်ကြသည်၊ ထို့ကြောင့်လည်း လူတို့သည် ဂုဏ် ပကာသနကို အမှီပြုပြီး မာန်တက်နေကြသည်မှာ လူ့လောက၏ ဖြစ်ရိုးဖြစ်စဉ် ဖြစ်နေပေပြီ။

## သုဘလုလင်

မာန်မာန ထောင်လွှားမှု၏ မကောင်းကျိုးကို ဘုရားရှင်သည် သုဘလုလင်အား ဤသို့ဟောကြားခဲ့သည်။

အို . . . သုဘလုလင်၊ ဤလောက၌ မာန်မာန ထောင်လွှားသော ယောကျ်ား၊ မိန်းမတို့သည် အရိုအသေပြုရှိခိုးထိုက်သူကို ရှိမခိုး၊ ခရီးဦး ကြိုဆိုထိုက်သူကို ခရီးဦး ကြိုဆိုခြင်းမပြု၊ နေရာပေးထိုက်သူကို နေရာမပေး၊ လမ်းဖယ်ပေးသင့်သူကို လမ်းဖယ်ပေးခြင်းမပြု၊ ကောင်းစွာပြုစုထိုက်သူကို မပြုစု၊ ရိုသေထိုက်သူကို မရိုသေ၊ မြတ်နိုးထိုက်သူကို မမြတ်နိုး၊ ပူဇော်ထိုက်သူကို ပူဇော်ခြင်းမပြုဘဲ နေကြ၏။

ထိုသူတို့သည် ထိုသို့ မာန်မာနထောင်လွှားမှု အကုသိုလ်ကြောင့် သေသော် အပါယ်ဒုဂ္ဂတိသို့ လားရောက်ရ၏၊ အကယ်၍ လူဖြစ်ခဲ့သော် ယုတ်နိမ့်သော အမျိုးအနွယ်၌ဖြစ်ရာ၏။

အို . . . သုဘလုလင်၊ ဤမာန်မာနထောင်လွှားခြင်းသည် ယုတ်နိမ့်သူတို့၏ အကျင့်ပေတည်း။

အို . . . သုဘလုလင်၊ မာန်မာနထောင်လွှားမှုမရှိသော ယောကျ်ား၊ မိန်းမတို့သည် ရှိခိုးထိုက်သူကို ရှိခိုး၏၊ ခရီးဦးကြိုဆိုထိုက်သူကို ကြိုဆို၏၊ လိုက်လံပို့ဆောင်သင့်သူကို လိုက်လံပို့ဆောင်ပေး၏၊ နေရာပေးထိုက်သူကို နေရာပေး၏၊ လမ်းဖယ်ပေးသင့်သူကို လမ်းဖယ်ပေး၏၊ ကောင်းစွာပြုစုထိုက်သူကို ကောင်းစွာပြုစု၏၊ ရိုသေထိုက်သူကို ရိုသေ၏၊ မြတ်နိုးထိုက်သူကို မြတ်နိုး၏၊ ပူဇော်ထိုက်သူကို ပူဇော်ကြ၏။

ထိုသူတို့သည် မာန်မာနထောင်လွှားမှုမရှိခြင်း၊ နှိမ့်ချသောစိတ်ရှိခြင်းကြောင့် ကွယ်လွန်သော် နတ်ရွာသုဂတိသို့လားရောက်ကြရ၏၊ လူဖြစ်ခဲ့သော် မြင့်မြတ်သောအမျိုး၌ဖြစ်ကြရ၏။

အို. . . သုဘလုလင်၊ မာန်မာနထောင်လွှားမှု မရှိခြင်းသည် မြင့်မြတ်သော အမျိုး၌ ဖြစ်စေတတ်သော အကျင့်တည်း။

[ဥပရိပဏ္ဏာသပါဠိတော်၊ စူဠကမ္မဝိဘင်္ဂသုတ်]

## နိဝါတတရားနှင့် ပြည့်စုံ၍ ရဟန္တာဖြစ်သွားသူ

စိတ္တအမည်ရှိ သူကြွယ်သည် မစ္ဆိကာသဏ္ဍ မြို့သားဖြစ်သည်၊ တစ်နေ့ ပဥ္စဝဂ္ဂီ ငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော မဟာနာမ်ထေရ်မြို့တွင်းသို့ ဆွမ်းခံ ကြွလာသည်၊ ကြည်ညိုဖွယ်ကောင်းလှသော မထေရ်ကို ဖူးမြင်ရသဖြင့် အိမ်သို့ပင့်ကာ ဆွမ်းဆက်ကပ်သည်၊ မထေရ်ဟောသော ဆွမ်းအနုမောဒနာ တရားကြားနာရ၍ သူကြွယ် သောတာပန်ဖြစ်သွားသည်၊ သူကြွယ်သည် သာသနာတော်၌ ပိုမိုသက်ဝင်ယုံကြည်လာသော သဒ္ဓါတရားကြောင့် သူပိုင် အမ္ဗာဋကဥယျာဉ်(ရွှေးပင်တော)ကို မဟာနာမ်ထေရ်ထံ ရေစက်သွန်းချ လှူဒါန်းသည်၊ အမ္ဗာဋကဥယျာဉ်ကျောင်း၌ ကျောင်းထိုင်အဖြစ် သီတင်းသုံး သောရဟန်းတော်မှာ ဦးသုဓမ္မဖြစ်သည်။

## အနာဂါမ်ဖြစ်ပြီ

အခါတစ်ပါး၌ အဂ္ဂသာဝကမထေရ်နှစ်ပါးဖြစ်သော အရှင်သာရိပုတ္တရာ နှင့် အရှင်မဟာမောဂ္ဂလာန်တို့ ကြွလာကြသည်၊ သူကြွယ်က သူဆောက်လုပ် လှူဒါန်းထားသော ရွှေးပင်တောဥယျာဉ်ကျောင်းသို့ပင့်ဆောင်သည်၊ ကျောင်း သို့ ရောက်သော် အရှင်သာရိပုတ္တရာ၏တရားကို ကြားနာရပြန်သဖြင့် သူကြွယ် သည် အနာဂါမ်ဖြစ်သွားသည်၊ နောက်နေ့တွင် အိမ်သို့ ဆွမ်းစားကြွရန် အဂ္ဂသာဝက မထေရ်ကြီးနှစ်ပါးကို ဦးစွာပထမ ပင့်သည်၊ နောက်မှ ကျောင်း ထိုင် မထေရ် ဦးသုဓမ္မကို ပင့်ဆောင်သည်။

ဦးသုဓမ္မသည် အဂ္ဂသာဝကမထေရ်ကြီးနှစ်ပါးကို အရင်ပင့်ပြီးမှ သူ့ကို ပင့်ရပါမည်လားဟု ဒေါသဖြစ်သည်၊ ဆွမ်းစားပင့်သည်ကို လက်မခံဘဲ ငြင်း ပယ်သည်၊ သူကြွယ်က တောင်းပန်သည်၊ သို့သော် ကျောင်းထိုင် ဦးသုဓမ္မက လက်မခံခဲ့။

## တစ်ခုတော့ လိုနေသည်

သူကြွယ်သည် ဦးသုဓမ္မထံမှ ပြန်လာပြီး ဆွမ်းဆက်ကပ် ပွဲအတွက် လိုအပ်သည်များ ပြင်ဆင် ချက်ပြုတ်စီစဉ်သည်၊ ကျောင်းထိုင်ဦးသုဓမ္မသည်

သူကြွယ်အိမ်သို့ စောစောကြွလာပြီး ဆွမ်းကပ်ရန် ပြင်ဆင်ထားသည်တို့ကို ကြည့်ရှုသည်၊ "အားလုံးပြည့်စုံသလောက်တော့ ရှိပါသည်၊ တစ်ခုသာလိုနေသည်"ဟုပြောသည်၊ လိုနေသောအရာကို သူကြွယ်ကမေးသည်၊ နှမ်းပျစ်မုန့်လိုနေသည်ဟု ထပ်မံ မိန့်ကြားသည်၊ သူကြွယ်၏ မျိုးရိုးတွင် နှမ်းပျစ်မုန့်ရောင်းသူရှိဖူး၍ နှိမ့်ချသောအမြင်ဖြင့် မိန့်ကြားခြင်းဖြစ်သည်။



သူကြွယ်က ဤသို့ ပြန်လည်လျှောက်ထားသည်။

"အရှင်ဘုရား၏စကားသည် လူ့စကားလည်းမဟုတ်၊ ရဟန်းစကားလည်း မမည်ဖြစ်နေပါသည်၊ အောက်ကလိအာနှင့်အာကလိအောက်ဟုတွန်သော ကြက်တွန်သံနှင့် တူနေပါသည်၊ ရှေးအခါက ကြက်မနှင့် ကျီးဖိုတို့ညားရာမှ ပေါက်လာသော ကြက်ကလေးသည် တွန်သောအခါ ဖခင်ဘက်လိုက်၍ အာကလိအောက်ဟု တွန်သည်၊ မိခင်မျိုးရိုးလိုက်သောအခါ အောက်ကလိအာဟု တွန်ကြောင်း ကြားသိရဖူးပါသည်"

ကျောင်းထိုင် မထေရ်သည် စိတ်ဆိုးလျက် ဤကျောင်းကား သင်၏ ကျောင်းဖြစ်သည်၊ ငါမနေတော့ဟု မိန့်ကြားလျက် ဘုရားရှင်ထံသွားရောက်လျှောက်ထားသည်၊ စိတ္တသူကြွယ်ကလည်း ဘုရားရှင်ထံအဖြစ်စုံ လျှောက်ထားသည်။

ထိုအခါ ဘုရားရှင်က ဦးသုဓမ္မအား "သင်သည် သဒ္ဓါတရားရှိသော ဒါယကာကို ဖျက်ဆီးသည်၊ ကျေနပ်အောင်တောင်းပန်"ဟု မိန့်ကြားလိုက်သည်၊ မထေရ်သည် မာနထောင်လွှားမိသော သူ၏အဖြစ်ကို သိရှိကာ မိမိကိုယ်ကိုနှိမ့်ချလျက် သူကြွယ်ထံ သွားရောက်တောင်းပန်သည်၊ သူကြွယ်က လက်မခံ၊ ဘုရားရှင်ထံ ပြန်ကြွလာပြီး သူကြွယ်က လက်မခံပါဟု ပြန်လည်လျှောက်ထားသည်။

## နိဝါတတရားရှိရှိဖြင့် နေထိုင်ပါ

ထိုအခါ ဘုရားရှင်က ရဟန်းမည်သည် ငါ၏နေရာ၊ ငါ၏ကျောင်း၊ ငါ၏ဒါယကာစသည်ဖြင့် မာနတံခွန်မထူရန်၊ နိဝါတတရားရှိရှိဖြင့် နေထိုင်ရန် ဆုံးမတော်မူသည်၊ အခြားရဟန်းတစ်ပါးကို ဦးသုဓမ္မနှင့်အတူ လိုက်သွားစေကာ ထပ်၍တောင်းပန်စေရန်လည်း စေလွှတ်သည်၊ ဘုရားရှင်က ဤသို့စေလွှတ်ခြင်းမှာ ဦးသုဓမ္မသည် မာနမရှိတော့၊ နိဝါတတရားရှိနေပြီဟု သိတော်မူသောကြောင့်ဖြစ်သည်။ ဦးသုဓမ္မသည် ဘုရားရှင်၏အမိန့်တော်အတိုင်း ကျောင်းဒါယကာ သူကြွယ်ထံ ဒုတိယအကြိမ်သွားရောက်တောင်းပန်သည်၊ သူကြွယ်ကလည်း ကျေနပ်စွာဖြင့် ခွင့်လွှတ်ကြောင်းလျှောက်ထားသည်၊ သူ၏အပြစ်ကိုပါ ခွင့်လွှတ်သည်းခံပါရန် ပြန်လည်တောင်းပန်သည်။

ကျောင်းထိုင် ဦးသုဓမ္မသည် ဘုရားရှင်၏ အမိန့်တော်ကိုလည်း နာခံကျင့်သုံးပြီးပြီ၊ ဒါယကာသူကြွယ်ကလည်း အပြစ်ကိုခွင့်လွှတ်ပြီဟု သိကာ စိတ်ကြည်လင်စွာဖြင့် ဝိပဿနာတရားပွားများအားထုတ်သည်၊ မကြာမီပင် ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်တော်မူသည်။

[ဓမ္မပဒ၊ ဗာလဝဂ်၊ စိတ္တသူကြွယ်နှင့်ဦးသုဓမ္မဝတ္ထု]

## သန္တုဋ္ဌိ မင်္ဂလာ

သန္တုဋ္ဌိ၏အဓိပ္ပာယ်မှာရောင့်ရဲတင်းတိမ်မှု၊ ကျေနပ်မှုဟူ၍ဆိုလိုပေသည်၊ မတရားသောနည်းဖြင့် ရှာဖွေကာ ပစ္စည်းဥစ္စာရမှုကို ပယ်စွန့်လျက် တရားသဖြင့်

ရရှိသော ပစ္စည်းဥစ္စာများဖြင့် နှစ်သက်စွာ၊ ကျေနပ်စွာနေနိုင်မှုပင်ဖြစ်သည်၊ ရသမျှ၊ ရှိသမျှဖြင့် ရောင့်ရဲတင်းတိမ်မှုဟု အချို့က အဓိပ္ပာယ်ဖွင့်ကြသည်၊ ထို အဓိပ္ပာယ်ဖွင့်ဆိုမှုမှာ လုံ့လဝီရိယကို တားသည့်သဘော သက်ရောက်နေသလားဟု တင်မြင်မိပေသည်၊ ရသမျှ၊ ရှိသမျှထက် ပိုမိုရရှိအောင် ကြိုးစားအားထုတ်ရပေမည်၊ သို့သော် မတော်လောဘနောက်သို့ လိုက်ရန်မဟုတ်ပေ၊ အရာရာတိုင်း၌ ရသမျှဖြင့် တင်းတိမ်ရောင့်ရဲနေ၍ မဖြစ်ပေ။

ပညာရေး၊ ကျန်းမာရေး၊ ကုသိုလ်ရေးတို့၌ ရသမျှ၊ ရှိသမျှဖြင့် ကျေနပ်နေဖို့ မသင့်၊ ရှေ့တိုး၍ ရှာဖွေရမည်၊ ဆည်းပူးရမည်၊ ကျင့်ကြံကြရမည်၊ အချို့က ရသမျှ၊ ရှိသမျှအခြေအနေထက် တိုးပွားအောင်စိတ်မကူးဘဲ၊ မလုပ်ဆောင်ဘဲ သင့်တော်သလိုနေခြင်းကို သန္တုဋ္ဌိဟု လွဲမှားစွာ အဓိပ္ပာယ်ကောက်ယူနေကြလေသည်။

## အဓိပ္ပာယ်ကောက်မှုမလွဲသင့်

ထိုသို့ အဓိပ္ပာယ်ကောက်ယူပါက သန္တုဋ္ဌိမင်္ဂလာသည် ကြီးပွားတိုးတက်ရေးကို တားမြစ်သော အမင်္ဂလာ ဖြစ်သွားပေလိမ့်မည်၊ အမှန်အားဖြင့် မင်္ဂလာ၏ အဓိပ္ပာယ်ကိုယ်နှိုက်က ကြီးပွားမှု၊ တိုးတက်မှုကိုဖြစ်စေသည့်တရားဖြစ်၍ ယင်းသို့သော အဓိပ္ပာယ်ကို မယူသင့်ပေ။

ဘုရားရှင်သည် သန္တုဋ္ဌိပရမံဓနံဟု ဟောတော်မူခဲ့သည်၊ ရောင့်ရဲမှု၊ တင်းတိမ်မှုရှိခြင်းသည် လွန်မြတ်သောဥစ္စာဟု ဆိုလိုရင်းဖြစ်သည်၊ ရောင့်ရဲမှု၊ တင်းတိမ်မှုမရှိဘဲ မတော်လောဘဖြင့် ရှာဖွေခြင်း၊ စုဆောင်းခြင်းသည် အဆုံး၌ စိတ်မချမ်းသာမှုကိုသာ ဖြစ်စေပေသည်၊ ထိုသို့သော လုပ်ဆောင်မှုကိုသာ ဘုရားရှင်က တားမြစ်တော်မူခြင်းဖြစ်သည်။

သမထ ဝိပဿနာတရားများကို ပွားများအားထုတ်ရာ၌ မိမိရောက်ရှိနေသော၊ သို့မဟုတ် မိမိသိရှိထားသော တရားမျှဖြင့် ရောင့်ရဲ တင်းတိမ်နေခြင်းမရှိဘဲ မဂ်တရား ဖိုလ်တရားများရရှိအောင် ရှေ့သို့တိုး၍ လုံ့လဝီရိယကြီးမားစွာဖြင့် ကြိုးစားအားထုတ်ရမည် ဖြစ်ပေသည်။

## ရသမျှနှင့် မရောင့်ရဲနိုင်သူ

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးမင်းပြုနေစဉ် ဘုရားအလောင်းတော်သည် ပုဏ္ဏားမျိုးတွင် ပုဏ္ဏားတစ်ယောက်ဖြစ်နေခဲ့သည်၊ အရွယ်ရောက်လတ်သော် အမျိုးတူ ပုဏ္ဏေးမတစ်ဦးနှင့်အိမ်ထောင်ပြုသည်၊ နန္ဒာ၊ နန္ဒာဝတီနှင့် သုန္ဒရီ နန္ဒာဟူ၍ သမီးသုံးယောက်ရရှိသည်၊ သမီးသုံးယောက်တို့ အိမ်ထောင်မကျမီ ဖခင်ပုဏ္ဏားကွယ်လွန်ကာ ရွှေဟင်္သာမျိုးတွင် ဖြစ်နေခဲ့ရသည်။

ရွှေဟင်္သာသည် မိမိဖြစ်ခဲ့ဖူးသော ဘဝဟောင်းကို သိနိုင်သော ဇာတိဿရဉာဏ်ရရှိသဖြင့် သူ၏ဘဝဟောင်းကို ပြန်လည်စဉ်းစားကြည့်သည်၊ ထိုအခါ ပုဏ္ဏားတစ်ယောက်ဖြစ်ခဲ့ပုံ၊ ပုဏ္ဏေးမနှင့် အိမ်ထောင်ကျကာ သမီးသုံးယောက် ရရှိခဲ့ပုံတို့ကိုသိမြင်သည်၊ သူ့ဇနီး ပုဏ္ဏေးမနှင့် သမီးသုံးယောက်တို့ ဆင်းဆင်းရဲရဲဖြင့် သူတစ်ပါးအိမ်တွင် အခစားအဖြစ် အသက်မွေးနေထိုင်ကြရပုံကိုလည်း သိမြင်သွားသည်။

တစ်နေ့တွင် ရွှေဟင်္သာသည် မိမိ၏ ရွှေအတောင်တို့ကို ဘဝဟောင်းမှ တော်စပ်ခဲ့သော မိသားစုတို့အားပေးလျှင် ထိုသူတို့ ချမ်းသာစွာနေနိုင်မည်ဟု အကြံဖြစ်သည်၊ သို့ဖြစ်၍ မိသားစုတို့ရှိရာ အိမ်ခေါင်အုပ်အစွန်းတွင် သွားရောက်နားနေသည်၊ အိမ်ခေါင်စွန်းတွင် နားနေသော ရွှေအတောင်တို့ဖြင့် ဝင်းလက်နေသည့် ရွှေဟင်္သာကိုမြင်သော် မိသားစုတို့က "ရွှေဟင်္သာ၊ ဘယ်ကလာသနည်း၊ ဘာအကြောင်းရှိ၍ ဤအိမ်ခေါင်မိုးသို့ လာရသနည်း"ဟု မေးမြန်းကြသည်။

### ချမ်းချမ်းသာသာနေဖို့ ရွှေအတောင်များပေးရန်

ရွှေဟင်္သာသည် မိသားစုတို့ ချမ်းချမ်းသာသာနေနိုင်ရန် သူ့ကိုယ်မှ ရွှေအတောင်များ ပေးမည်၊ တစ်ယောက်လျှင် အတောင်တစ်ခုစီယူပြီး ရောင်းစားကြ၊ သူတစ်ပါးအိမ်၌ အခစား လုပ်နေရသည့်ဘဝမှ လွတ်မြောက်လျက် ချမ်းချမ်းသာသာ နေရမည်ဟု ပြောပြလျက် အတောင်တစ်ခုစီကို နုတ်ယူခွင့်ပြုသည်၊ မိသားစုတို့သည် ရွှေတောင်တို့ကို ရောင်းချခြင်းဖြင့် တစ်နေ့တခြားအဆင်ပြေလာကာ အခစား ဘဝမှလည်း လွတ်လာကြသည်။

## ပို၍ချမ်းသာလိုသူ ဇနီးဟောင်း

ရွှေဟင်္သာ၏ဇနီးဟောင်းပုဏ္ဏေးမသည် ရွှေအတောင်များ ရောင်းစား၍ ရလာသော ငွေကြေးဖြင့် ချမ်းသာလာရာမှ ပို၍ချမ်းသာချင်လာသည်၊ ပို၍ ချမ်းသာရန် ရွှေအတောင်များ ယခုရနေသည်ထက်များများ နုတ်ယူလိုနေသည်၊ သို့ဖြင့် သမီးတို့အား ဤသို့ ပြောဆိုသည်။



"သမီးတို့၊ ရွှေဟင်္သာသည် တိရစ္ဆာန်ဖြစ်သည်၊ တိရစ္ဆာန်၏ စိတ်သည် အမြဲတမ်း ကောင်းမနေနိုင်၊ လူတို့စိတ်ပင် ဖောက်ပြန်ပြောင်းလဲတတ်သေးသည်၊ နောင် ယခုလိုလာပေးချင်မှပေးလိမ့်မည်၊ သည်တစ်ခါလာလျှင် သူ့အတောင်များကို အကုန်နုတ်ယူထားကြ"

## တစ်ချိန်က ဖခင်ဖြစ်၍ သမီးတို့က သဘောမတူ

မိခင်က ထိုသို့ ပြောသော်လည်း သမီးများက သဘောမတူ၊ ဘဝချင်း မတူသော်လည်း "တစ်ချိန်က ဖခင်"ဟူသော သံယောဇဉ်အသိဖြင့် ရွှေဟင်္သာ နာကျင်မည့်အရေးကို တွေးမိကြသည်၊ သို့ဖြင့် ထိုသို့ မလုပ်ရန်တားကြသည်။

သို့သော် ရလေလိုလေ အိုတစ္ဆေဖြစ်နေသူ မိခင်က သမီးတို့ စကားကို

နားမထောင်၊ ချမ်းသာရေးအတွက် လောဘဇောတက်နေသည်၊ သမီးတို့က အကျိုးအကြောင်းဖြင့် ပြောသည်ကို လက်မခံ၊ သို့ဖြင့် ပုံမှန် ရွှေအတောင် လာပေးနေသော ရွှေဟင်္သာရောက်လာသောအခါ ရွှေဟင်္သာကို လက်ဖြင့် ဖမ်းဆုပ်၍ အတောင်အားလုံး နုတ်ယူထားလိုက်သည်၊ သူ့လက်၌ ပါလာသောအတောင်တို့သည် ရွှေတောင်များမဟုတ်ဘဲ ဗျိုင်းတောင်များ ဖြစ်ကုန်ကြသည်။ ငှက်တို့၏အားသည် အတောင်မဟုတ်ပါလော၊ အတောင်ရှိလျှင် ကောင်းကင်သို့ ပျံနိုင်သည်၊ အတောင်မရှိလျှင် လူတို့အကြား၌ နေရမည်၊ မပျံနိုင်လျှင် အသက်အန္တရာယ်ပင် ကြုံရနိုင်သည်။

ယခုအခါ ရွှေဟင်္သာ၌ အတောင်များ မရှိတော့၊ အမွေးအတောင်အားလုံးကို လောဘဇောတိုက်သူ မယားဟောင်းပုဏ္ဏေးမက အကုန်နုတ်ယူထားပြီးပြီ၊ ဟင်္သာသည် အတောင်မရှိတော့၍ ကောင်းကင်သို့ပျံတက်လျက် သူ့ဌာနေသို့ မသွားနိုင်တော့၊ အမွေးအတောင်ဗလာဖြင့် လုံးတီးဖြစ်နေ၍ ဌာနေမပျံနိုင်သော ရွှေဟင်္သာကို မိသားစုတို့က အိုးစရည်းတစ်လုံး၌ လှောင်ထားပြီး မွေးမြူထားကြသည်၊ ရွှေဟင်္သာသဘောမတူဘဲ နုတ်ယူခဲ့သော အမွေးအတောင်တို့သည်လည်း ရွှေတောင်များဖြစ်မလာကြဘဲ ဗျိုင်း၏အတောင်များကဲ့သို့ ဖြူဖြူဖွေးဖွေးနှင့် ရွှေရောင်မဟုတ်သော အတောင်များ ဖြစ်သွားကြသည်၊ ရောင်းစား၍လည်း မရတော့။

အချိန်အတော်ကြာ မွေးထားသဖြင့် ရွှေဟင်္သာ၌ အမွေးအတောင်များ ပြန်ပေါက်လာကြသည်၊ သို့သော် ရွှေရောင်မထွက်၊ ရွှေတောင်မဟုတ်၊ ဗျိုင်းတောင်ကဲ့သို့ ဆွတ်ဆွတ်ဖြူသော အမွေးအတောင်တို့သာ၊ အမွေးအတောင်တို့ စုံလာသောအခါ ရွှေဟင်္သာသည် ဌာနေသို့ပြန်သွားတော့သည်၊ နောက်ထပ်တစ်ကြိမ်မှ ပြန်မလာတော့၊ အလိုကြီးလျှင် အရနည်းတတ်သည်မဟုတ်လော၊ ဤသည်မှာအလိုကြီးပြီး ရသမျှဖြင့် ရောင့်ရဲသင့်ပါလျက် မရောင့်ရဲသူတို့ရရှိသည့် မကောင်းကျိုးဖြစ်သည်။

**[ဇာတ်တော်ငါးရာ့ငါးဆယ်၊ ဧကကနိပါတ်၊ သုဝဏ္ဏဟံသဇာတ်]**

## သန္တုဌိမဂ်လာနှင့် ပြည့်စုံသူ

ဗာရာဏသီပြည်မှ လှည်းကုန်သည်ငါးရာတို့သည် ကုန်ရောင်းဝယ်ရန် ပစ္စည်း အမျိုးမျိုးတင်ဆောင်လျက် ကုန်သွယ်ဖို့ ခရီးထွက်လာခဲ့ကြသည်၊ အကြီး အမှူးဖြစ်သူ လှည်းကုန်သည်မှူးသည် အသိ ဉာဏ်အမြင်နှင့် ပြည့်စုံသည်၊ အရာရာ၌ ချင့်ချိန်စဉ်းစား ဆင်ခြင်တတ်သူဖြစ်သည်၊ ခရီးထွက်လာရင်း လမ်းမှားသဖြင့် ကန္တာရကြီးထဲသို့ ရောက်သွားကြသည်၊ ခရီးလမ်းစ ရှာဖွေရင်း ဟိုဟိုသည်သည် လှည့်လည်ကြစဉ် ညောင်ပင်ကြီး တစ်ပင်ကို တွေ့မြင်ကြသည်။

ကုန်သည်တို့သည် ညောင်ပင်ရှိရာသို့လာခဲ့ကြပြီး ညောင်ပင်ရင်း၌ လှည်းနွားများချွတ်ကာ စခန်းချနားနေကြသည်၊ ညောင်ပင်ကြီးသည် သဲကန္တာရ၌ ပေါက်နေသော်လည်း စိမ်းလန်းစိုပြည်နေသည်၊ ထိုအပင်ကြီးကို စောင့်ရှောက်နေသူမှာ တန်ခိုးကြီးသော နဂါးမင်းကြီးဖြစ်သည်။

### ညောင်ကိုင်းများကို ခုတ်လိုက်သော်

လှည်းကုန်သည်တို့သည် အစာရေစာပြတ်လပ်နေချိန်ဖြစ်၍ ညောင်ပင်ကြီးကိုကြည့်ရသည်မှာ ရေများစီးဆင်းနေသကဲ့သို့ ထင်ရ၏၊ ထို့ကြောင့် တွေ့ရသော စိမ်းစိုနေသည့်ညောင်ပင်ပေါ်သို့ ကုန်သည်တစ်ဦးက တက်ကာ အရှေ့ဘက်မှအကိုင်းကို ခုတ်ဖြတ်ကြည့်သည်၊ ထိုအခါ ကြည်လင်နေသော ရေများ ထွက်လာကြသည်၊ ထိုရေများကို သောက်သုံးရသဖြင့် ကုန်သည်တို့ ဝမ်းသာနေကြသည်၊ ထို့နောက် တောင်ဘက်မှ အကိုင်းကို ခုတ်ဖြတ်ကြပြန်သည်၊ အကိုင်းဖြတ်ရာမှ စားသောက်ဖွယ် အမျိုးမျိုးထွက်လာ၍ ၎င်းစားသောက်ဖွယ်တို့ကို စားသောက်လျက် အသက်ဆက်နေကြရသည်။

ကုန်သည်တို့သည် အနောက်ဘက်မှ အကိုင်းကို ခုတ်ဖြတ်ရာ အမျိုးသမီးများ ထွက်ပေါ်လာလျက် ကုန်သည်တို့ကို ပြုစုကြသည်၊ မြောက်ဘက်မှ အကိုင်းကို ခုတ်ဖြတ်ရန်တိုင်ပင်လျက် ခုတ်ဖြတ်လိုက်သော် ရွှေငွေ စသော ရတနာများနှင့် အဝတ်အထည်များ ပေါ်ထွက်လာကြသည်၊ ၎င်းတို့ကို အလိုရှိတိုင်းယူကြကာ ဝမ်းသာပီတိ ဖြစ်နေကြသည်။



## အမြစ်မှတူးလိုက်ရပါလျှင်

ညောင်ပင်ကြီး၏ လေးဖက်လေးတန်၌ရှိသော အကိုင်းအခက်များကို ဖြတ်တောက်ရာမှ ရေနှင့် အစားအသောက်များရရှိကြသည့်အပြင် ရတနာမျိုးစုံနှင့် သက်ရှိအလုပ်အကျွေး အမျိုးသမီးများကို ရပါသော်လည်း တင်းတိမ်ရောင့်ရဲမှုမရှိဘဲ ထိုထက်ပို၍ ရချင်၊ လိုချင်၊ ချမ်းသာချင်သော လောဘဖြင့် ညောင်ပင်ကို အမြစ်မှ တူးဖြိုခုတ်လှဲရန် အချင်းချင်းတိုင်ပင် ပြင်ဆင်ကြသည်၊ ထိုအခါ ကုန်သည်မှူးကြီးက အားလုံးကိုခေါ်ကာ ဤသို့သတိပေးစကား ပြောကြားသည်။

## ရောင့်ရဲတင်းတိမ်သင့်ပြီ

"မိတ်ဆွေတို့၊ ညောင်ပင်ကြီးသည် သင်တို့ကို ဘက်ပေါင်းစုံမှ အမျိုးမျိုး အကျိုးပြုခဲ့ပြီးပြီ၊ သင်တို့အပေါ် စော်ကားသည့်အလုပ်၊ သင်တို့ကို အကျိုးမဲ့ ပျက်စီးစေမည့် အလုပ်ဟူ၍ ဘာတစ်ခုမျှမလုပ်ခဲ့၊ သူ့အရိပ် ခိုဖူးရုံမျှဖြင့်ပင် သူ့ကျေးဇူးကိုသိဖို့၊ သူ့ အကိုင်းအခက်ကို မဖျက်ဆီးဖို့ ဆုံးမစကားရှိသည်၊

ယခုတော့ သင်တို့က အမြစ်ပါ တူးဖြိုရန် ပြင်ဆင်နေကြသည်၊ ဤသို့သော အလုပ်မျိုးမလုပ်ကြနှင့်၊ ရပြီးသမျှဖြင့် ရောင့်ရဲတင်းတိမ်သင့်ကြသည်”

အသိအလိမ္မာ ဉာဏ်ပညာရှိသူ လှည်းကုန်သည်မှူး၏ ပြောစကားကို နားမထောင်ဘဲ ညောင်ပင်ကြီးကို အမြစ်မှတူးဖော်ဖြတ်တောက်ရန် ပါလာခဲ့သော တူးရွင်း၊ တုတ်၊ ဓားတို့ကိုထုတ်ကာ အားထုတ်နေကြသည်။

## မရောင့်ရဲနိုင်သူများကို ဖျက်ဆီးပြီ

ညောင်ပင်စောင့်နဂါးမင်းကြီးသည် “လှည်းကုန်သည်မှူးကြီးမှ တစ်ပါး အခြားသော လှည်းကုန်သည်တို့သည် ရောင့်ရဲတင်းတိမ်နိုင်သည့် သန္တုဋ္ဌိ မင်္ဂလာမရှိကြ၊ ရလေလိုလေ အိုတဏှာ ဟူသည့်အတိုင်း လောဘဇောသာ တက်နေကြသည်၊ သင်းတို့အား အကျိုးပြုပေးနေခြင်းထက် ရှင်းပစ်ဖို့သာ သင့်သည်”ဟု စဉ်းစားကာ တပည့်လက်သား နဂါးစစ်သည်တို့ကို စုရုံးကာ လှည်းကုန်သည်မှူးကြီးမှတစ်ပါး အားလုံးကို သတ်ဖြတ် ဖျက်ဆီးပစ်ကြရန် ခိုင်းစေလိုက်သည်။

နဂါးစစ်သည်တို့ သည် နဂါးမင်းကြီး၏စေခိုင်းချက်အတိုင်း လောဘဇော တိုက်နေသည့် လှည်းကုန်သည်တို့ကို သတ်ဖြတ်ပစ်လိုက်ကြသည်၊ ရသမျှဖြင့် မရောင့်ရဲနိုင်သူတို့၏ ဘဝကား ဤသို့ ဇာတ်သိမ်းရမြဲပင်ဖြစ်သည်။

လှည်းကုန်သည်မှူးကြီးကိုမူ လှည်းအားလုံး၌ ရတနာ ရွှေငွေစသော ပစ္စည်းအစုံ တင်ဆောင်ပေးလျက် ဗာရာဏသီမြို့ရှိ အိမ်သို့အရောက် ပြန်ပို့ပေးလိုက်ကြသည်၊ လှည်းကုန်သည် မှူးကြီးသည် ရရှိသော ပစ္စည်းဥစ္စာတို့ဖြင့် ကောင်းမှုကုသိုလ်များပြုကာ ချမ်းသာစွာ နေထိုင်ရသည်၊ နဂါးစစ်သည်တို့လည်း ကုန်သည်မှူးကြီးကို ပန်ကြားပြီး နဂါးပြည်သို့ ပြန်သွားကြသည်။

[ဇာတ်တော်ငါးရာ့ငါးဆယ်၊ ပဏ္ဏတ္ထကနိပါတ်၊ မဟာဝါဏိဇ္ဇဇာတ်]

## ကတညုတာမင်္ဂလာ

ဤမင်္ဂလာတရားသည် သူတစ်ထူးက မိမိအပေါ် ပြုခဲ့ဖူးသော ကျေးဇူးကိုသိတတ်ရန်၊ ကျေးဇူးသိတတ်မှု၏တန်ဖိုးကို ဟောကြားထားသည့် မင်္ဂလာတရားတစ်ပါးဖြစ်သည်၊ ကျေးဇူးသိတတ်လျှင်၊ သိသောကျေးဇူးကို ပြန်ဆပ်လျှင် ဤမင်္ဂလာတရားနှင့် ပြည့်စုံသူဖြစ်သည်၊ သို့မဟုတ်က မင်္ဂလာမရှိသူဖြစ်သွားမည်ဖြစ်သည်၊ မင်္ဂလာတရားရှိလျှင် ကြီးပွားချမ်းသာ၍ မင်္ဂလာတရားမရှိလျှင် ဆင်းရဲဒုက္ခ တွေ့ကြုံရပေမည်။

ကျေးဇူးတရားကို အများနားလည်လွယ်စေရန် "အကြွေး"နှင့် နှိုင်းယှဉ်၍ ပြောဆိုဆုံးမ ရေးသားလေ့ရှိကြသည်၊ အကြွေးရှိလျှင်၊ အကြွေးယူထားလျှင်၊ ထိုအကြွေးကို ပြန်ဆပ်ရသည်၊ အလားတူ မိမိအပေါ် ကျေးဇူးပြုဖူးလျှင်၊ ထိုကျေးဇူးတရားကို ပြန်ဆပ်ရန်လိုပေသည်၊ သို့မှသာ အကြွေး ယူထားသူက အကြွေးပြန်ဆပ်လျှင် အကြွေးကျေသကဲ့သို့ ကျေးဇူးတရားလည်း ပြေပေလိမ့်မည်၊ သို့ရာတွင် အကြွေးနှင့်ကျေးဇူးတို့၏ သဘောသည် နေရာတိုင်း၊ အရာရာတိုင်း၌ ထပ်တူဖြစ်ချင်မှဖြစ်မည်။

## ကျေးဇူးပြုသူအမျိုးမျိုး

ကျေးဇူးပြုသည်ဆိုရာ၌ ကျေးဇူးပြုသူရော၊ ကျေးဇူးပြုပုံပါ အမျိုးမျိုးရှိသည်၊ အဓိကအားဖြင့် ဘုရား၊ တရား၊ သံဃာဟူသော ရတနာသုံးပါး၊ မိဘဆရာသမားနှင့် မိတ်ကောင်းဆွေကောင်းတို့သည် မိမိ၏ကျေးဇူးရှင်များဖြစ်ကြသည်၊ ရတနာသုံးပါးသည် ပစ္စုပ္ပန်၊ သံသရာနှစ်ဖြာသော လောကအတွက် ကောင်းကျိုးပြု၍ ကျေးဇူးရှင်ဖြစ်သည်၊ မိဘတို့သည် မိမိအားယေ်စဉ်ဘဝမှစ၍ ဘက်စုံပြုစုပျိုးထောင်ပေးခဲ့သူများဖြစ်၍ ကျေးဇူးရှင်များဖြစ်ကြသည်၊ အလားတူဆရာကောင်း၊ သမားကောင်းနှင့် မိတ်ကောင်းဆွေကောင်းတို့သည်လည်း မိမိအားကောင်းကျိုးပြုကာ ကောင်းစေလိုသူများဖြစ်၍ ကျေးဇူးရှင်များပင်ဖြစ်သည်။

ပထမဦးဆုံးအနေဖြင့် ကျေးဇူးပြုဖူးသူကို ကျေးဇူးရှိသူဟု သိထားဖို့လိုသည်၊ ထို့အပြင် အခါသင့်၍ အခွင့်သာတိုင်း ထိုသူ၏ကျေးဇူးကို ထုတ်ဖော်

ပြောဆိုနိုင်ရမည်ဖြစ်သည်၊ ဒုတိယအနေဖြင့် ပြုခဲ့ဖူးသော ကျေးဇူးတရားကို ပြန်ဆပ်ဖို့ လိုသည်၊ ကျေးဇူးဆပ်နည်းလည်း အမျိုးမျိုးရှိသည်၊

---

## အရှင်သာရိပုတ္တရာ ကျေးဇူးဆပ်ပုံ

ရာဓသည် သာဝတ္ထိမြို့သား ပုဏ္ဏားအိုကြီးတစ်ယောက်ဖြစ်သည်၊ သူသည် ဆင်းရဲသည်၊ ဆင်းရဲသဖြင့် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးကြသော ရဟန်းတော်တို့ကို အမှီပြုလျက် အသက်မွေးနေရသည်၊ ကျောင်းတော်အတွင်း ပေါက်ရောက်နေသော ပေါင်းပင်၊ မြက်ပင်များကို ရှင်းလင်းပေးသည်၊ ကျောင်းတော်တွင်း၌ တံမြက်လှည်းသည်၊ ရဟန်းတော်တို့အတွက် သောက်ရေသုံးရေများ ခပ်ပေးထားသည်၊ ဤသို့ရဟန်းတော်တို့၏ ဝတ်ကြီးဝတ်ငယ်များကို ဖြည့်ဆည်းပြုလုပ်ပေးသည်။

## ပုဏ္ဏားကြီး ကြုံလှီပိန်ချုံးလာပြီ

ရဟန်းတော်တို့သည် ရာဓပုဏ္ဏားကြီးအား သနားသဖြင့် စားသောက်ဖွယ်ရာများပေးကြသည်၊ သို့သော် ပုဏ္ဏားကြီးကို ရဟန်းပြုပေးလိုသော ဆန္ဒမရှိကြ၊ ပုဏ္ဏားကြီးသည် ရဟန်းတော်တို့အထံ၌ ရဟန်းပြုကာ နေထိုင်လိုသောဆန္ဒရှိနေသည်၊ စားသောက်နေထိုင်ရေးအတွက် သူ့မှာပူပင်ကြောင့်ကြစရာမရှိ၊ ကောင်းကောင်းမွန်မွန်စားသောက်နေထိုင်နေနိုင်သည်၊ သို့သော် သူတစ်နေ့တခြား ကြုံလှီပိန်ချုံးလာနေသည်။

## ချီးမြှင့်ထောက်ပံ့မှုရရဲ့လား

ဘုရားရှင်သည် ကျွတ်ထိုက်သောပုဂ္ဂိုလ်များကို ကြည့်ရှုတော်မူသော် ရာဓပုဏ္ဏားကြီးကိုမြင်တော်မူသည်၊ ရာဓပုဏ္ဏားကြီးသည် တရားသိနိုင်သော၊ တရားရနိုင်သောအခြေအနေနှင့် ပြည့်စုံနေသည်၊ ဘုရားရှင်သည် ညချမ်းအချိန်တွင် ကျောင်းတော်တွင်းလှည့်လည်စဉ် ပုဏ္ဏားကြီးရှိရာသို့ ကြွတော်မူသွားသည်၊ ပုဏ္ဏားကြီးနှင့် တွေ့သောအခါ ဤသို့မေးတော်မူသည်။

"ပုဏ္ဏားကြီး၊ မည်သည့်အလုပ်များ လုပ်ကိုင်နေပါသနည်း"

"ရဟန်းသံဃာတော်တို့၏ ဝေယျာဝစ္စများ ပြုလုပ်ပေးနေပါသည်ဘုရား"

"ရဟန်း သံဃာတော်တို့အထံမှ ချီးမြှင့်ထောက်ပံ့မှုများ ရပါရဲ့လား"

"အစာအာဟာရကိုတော့ ရပါသည်ဘုရား၊ တပည့်တော်ဖြစ်လိုသော ဆန္ဒရှိသည့် ရဟန်းအဖြစ်ကိုတော့ ပြုပေးခြင်းမရှိ၍ မရပါဘုရား"

ပုဏ္ဏားကြီးပြန်လည်လျှောက်ထားသောစကားကိုကြားတော်မူသော် ဘုရားရှင်က ရဟန်းသံဃာတော်များကို စည်းဝေးစေသည်၊ ရဟန်းသံဃာတော်တို့၏ အစည်းအဝေး၌ ဘုရားရှင်က ရာဓပုဏ္ဏားကြီး၏ကျေးဇူးပြုမှုခံယူရဖူးသော ရဟန်းသံဃာရှိသလားဟု မေးတော်မူသည်။

## ဆွမ်းတစ်ယောက်မစာ လှူဖူးပါသည်

ထိုအခါ အရှင်သာရိပုတ္တရာမထေရ်ကြီးက ဤသို့လျှောက်ထားသည်။

"အရှင်ဘုရား၊ ရာဓပုဏ္ဏားကြီးသည် တစ်ချိန်တုန်းက တပည့်တော်ဆွမ်းခံသွားစဉ် ဆွမ်းတစ်ယောက်မစာမျှ လောင်းလှူဖူးပါသည်ဘုရား"

"သာရိပုတ္တရာ၊ မိမိအားပြုဖူးသော ကျေးဇူးရှိသူကို သံသရာ ဆင်းရဲအပေါင်းတို့မှ လွတ်စေခြင်းငှာသင့်လျော်သော ကျေးဇူးတုံ့ပြန်မှု ပြုပေးသင့်သည်မဟုတ်ပါလား"

ဘုရားရှင်သည် သံဃာ့ပရိသတ်အလယ်၌ ယင်းသို့ မိန့်ကြားခဲ့သည်။

အရှင်သာရိပုတ္တရာမထေရ်ကြီးသည် ဘုရားရှင်မိန့်ကြားစကားကို ကြားသော် ရာဓပုဏ္ဏားကြီးအား ကျေးဇူးတုံ့ပြန် သောအားဖြင့် ရဟန်းပြုပေးတော်မူသည်၊ ရဟန်းဖြစ်သွားသော် ရဟန်းတော် ရာဓသည် ဆွမ်းစားဇရပ်၌ သီတင်းသုံးနေသည်၊ ရာဓရဟန်းကြီးဆွမ်းဘောဇဉ် လုံလုံလောက်လောက်ရရှိစေရန် အရှင်သာရိပုတ္တရာမထေရ်ကြီးက မိမိနှင့်အတူ ဆွမ်းခံသွားရာသို့ ခေါ်ဆောင်သွားသည်၊ ရဟန်းတော်တစ်ပါးအနေဖြင့် သိသင့်သိထိုက်သည့် ဝိနည်းသိက္ခာပုဒ်တော်များကိုလည်း ဟောကြားပြသသင်ကြားပေးသည်။

ရဟန်းတော် ရာဓမထေရ်သည် အရှင်သာရိပုတ္တရာ မထေရ်သင်ကြား

ပြသသည့်အတိုင်း လိုက်နာကျင့်ကြံ နေထိုင်သဖြင့် မကြာမီပင် တရား သိမြင်ကာ ရဟန္တာဖြစ်တော်မူသည်။

## ဘုရားရှင်ထံ အဖူးအမြော်ဝင်ပြီ

တစ်နေ့တွင် အရှင်သာရိပုတ္တရာမထေရ်ကြီးသည် ရဟန်းတော်ရာဓကို ခေါ်သွားပြီး ဘုရားရှင်ထံ အဖူးအမြော်ဝင်သည်၊ ဘုရားရှင်က ပုဏ္ဏားကြီးရာဓဘဝမှရဟန်းဖြစ်လာသော ရာဓမထေရ်အကြောင်း မေးတော်မူသည်၊ ရာဓမထေရ်သည် ပြောဆိုဆုံးမရလွယ်ကူပါသည်၊ ပြောဆိုဆုံးမစကားကိုလည်း ကောင်းစွာလိုက်နာပြုကျင့်ပါသည်၊ အပြစ်တွေ့၍ ပြောဆိုဆုံးမလျှင်လည်း စိတ်မဆိုးဘဲ ပြုပြင်ကျင့်သုံးနေထိုင်ပါသည်ဟု ပြန်လည်လျှောက်ထားသည်။

ထိုအခါ ဘုရားရှင်က ရာဓလိုပြောဆိုဆုံးမစကားနားထောင်လိုက်နာကျင့်ကြံသူအတူနေ တပည့်ရလျှင် တပည့်ပေါင်းဘယ်လောက်လိုချင်သနည်း၊ ရာဓကဲ့သို့သော တပည့်အရေအတွက် ဘယ်လောက်ကိုပြုစုစောင့်ရှောက်ပေးလိုသနည်းဟု မေးတော်မူသည်၊ ထိုကဲ့သို့သော တပည့်များစွာကို တပည့်တော်ပြုစုစောင့်ရှောက်နိုင်ပါသည်ဟု အရှင်သာရိပုတ္တရာမထေရ်ကြီးက ပြန်လည်လျှောက်ထားသည်။

တရားသဘင်တစ်ခုတွင် ရဟန်းတော်တို့က အရှင်သာရိပုတ္တရာမထေရ်ကြီးသည် ဆွမ်းတစ်ယောက်မစာမျှ လှူဖူးသော ဆင်းရဲလှသည့်ရာဓပုဏ္ဏားကြီးကို ရဟန်းပြုပေးတော်မူသည်၊ ပြုဖူးသော သူတစ်ပါးကျေးဇူးကို သိတော်မူသည်၊ သိတော်မူသည့်အတိုင်းလည်း ပြန်လည်ကျေးဇူးဆပ်သော မထေရ်ကြီးဖြစ်သည် စသည်ဖြင့် ရဟန်းသံဃာတော်တို့ အချင်းချင်းပြောကြားကြသည်။

[ဓမ္မပဒ၊ ပဏ္ဍိတဝဂ်၊ ရာဓမထေရ်ဝတ္ထု]

---

## တိပိဋကဓရ ဆရာတော်ကြီး၏ ကျေးဇူးဆပ်နည်း

တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဖြစ်တော်မူသော ဆရာတော်ဘုရားကြီးဦးဝိစိတ္တသာရာ ဘိဝံသ၏ ရဟန်းဒါယကာများမှာ ဆာဦးသွင် မိသားစုဖြစ်

သည်၊ တစ်နေ့တွင် ဆရာတော်ဘုရားကြီးက ကျေးဇူးတရားနှင့်ဆက်စပ်၍ တရားပွဲတစ်ခု၌ ဟောတော်မူရင်း ဆရာတော်ကြီးကိုယ်တိုင် ကျေးဇူးဆပ်ပုံကို ဤသို့မိန့်တော်မူသည်ဟု မှတ်သားရဖူးပါသည်။

"ရဟန်းဒါယကာ ဒါယိကာမတို့ ကျေးဇူးကို ပိဋကတ်သုံးပုံ အာဂုံဆောင်လျက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့ဖြင့် ကျေးဇူးဆပ်ခဲ့ပြီ"

ဤသို့ မိန့်တော်မူခြင်းမှာ ပစ္စည်းပစ္စယမျိုးစုံဖြင့် ကျေးဇူးဆပ်ခြင်းထက် ပိုမိုမြင့်မြတ်သော ဓမ္မဖြင့် ကျေးဇူးဆပ်ခဲ့ပုံကို သိစေလို၍ဖြစ်ပေသည်။

သားသမီးတို့သည် မိဘများအား လိုအပ်သလို ဘက်ပေါင်းစုံမှ တတ်နိုင်သမျှ ပြုစုစောင့်ရှောက်ပေးခြင်းဖြင့် လည်းကောင်း၊ တပည့်တို့သည် ဆရာသမားတို့၏ ဆုံးမသွန်သင်မှုကို လိုက်နာလျက် ကောင်းမွန်စွာ နေထိုင်ခြင်းဖြင့်လည်းကောင်း၊ ကျေးဇူးပြုဖူးသူ မိတ်ကောင်း၊ ဆွေကောင်းတို့အား လိုအပ်သလို ကူညီတုံ့ပြန်ဆောင်ရွက်ပေးခြင်းအားဖြင့် လည်းကောင်း တင်ရှိဖူးသော ကျေးဇူးကို ပြန်ဆပ်သင့်ပေသည်။

အချို့က ကျေးဇူးရှိမှ ကျေးစွပ်လို့ရသည်ဟု ပြောဆိုလျက် ရှိဖူးသောကျေးဇူးကို မဆပ်ရုံမက အကျိုးပျက်စီးအောင်လုပ်ကာ ကျေးစွပ်တတ်ကြသည်၊ ထိုသို့ပြုလုပ်သူများမှာ ကတညုတမင်္ဂလာမဲ့သူများဖြစ်၍ မင်္ဂလာမဲ့သူတို့ရရှိမည့် ဆိုးကျိုးတရားများသာ ရရှိခံစားရပေလိမ့်မည်။

---

## ကျေးဇူးပြုသူ ရွာသားနှင့် ကျေးဇူးဆပ်သူ မင်း

ဗာရာဏသီပြည်၌ ဘုရားအလောင်းတော်သည် မင်းအဖြစ်စိုးစံအုပ်ချုပ်လျက် မင်းကျင့်တရားများနှင့်အညီ နေထိုင်ကျင့်သုံးလျက်ရှိသည်၊ တစ်နေ့တွင် သူပုန်သူကန်တို့ထကြွသောင်းကျန်းနေသောဒေသကို သွားရောက်နှိမ်နင်းသည်၊ နှိမ်နင်းရာ၌ မအောင်မြင်၍ အရေးနိမ့်ကာ ဆုတ်ပြေးလာခဲ့ရသည်၊ မြင်းကိုစီးလျက် ရွာတစ်ရွာသို့ဝင်လာခဲ့ရာ ရွာသားအချို့က ကြောက်ရွံ့သဖြင့် ပြေးလွှားပုန်းအောင်းကြသည်၊ ရွာသားတစ်ဦးကမူ ပုန်းအောင်းခြင်းမပြုဘဲ မြင်းစီးလျက် ရွာတွင်းဝင်လာသူကို ခရီးဦးကြိုဆိုသည်၊ အကျွန်ုပ်တို့မင်းသည်

သောင်းကျန်းနေသည့်ဒေသသို့သွားလျက် သောင်းကျန်းမှု ငြိမ်းအောင်ဆောင် ရွက်နေသည်ဟုလည်း ရှင်းပြသည်၊ မင်းကြီးကိုမူ မင်းကြီးမှန်းမသိ၍ အဆွေ သည် အဘယ်သူနည်းဟု မေးသည်၊ မင်းကြီးက မင်းချင်းယောက်ျားတစ် ယောက်ပါဟု သာမန်သာ ပြောပြသည်။

ရွာသားသည် မင်းကြီးအား အိမ်သို့ခေါ်ဆောင်သွားသည်၊ ကောင်းမွန်စွာ ပြုစုသည်၊ အစားအသောက်တို့ကိုလည်း ကျွေးမွေးသည်၊ အိပ်ရာနေရာပြင်ပေး သည်၊ မင်းကြီးကား စိတ်ရောကိုယ်ပါမောပန်းလာသဖြင့် ရွာသားပြင်ပေးသော အိပ်ရာပေါ်၌ မကြာမီအိပ်ပျော်သွားခဲ့သည်။

## အိမ်ပြန်တော့မည်၊ အကြောင်းရှိလျှင်လာခဲ့

အိမ်ရှင်ရွာသားသည် မင်းကြီးစီးလာသောမြင်းကို ကကြိုးတန်ဆာစသည် တို့ ချွတ်ပေးသည်၊ အမောပြေစေရန် အစာကျွေးသည်၊ ရေတိုက်သည်၊ ဆီဖြင့် လူးကာ မြင်း၏ကျောကို နှိပ်နယ်ပေးသည်၊ သုံးလေးရက်ခန့် ကြာသော် မင်းကြီးက "အဆွေ၊ အကျွန်ုပ် အိမ်ကိုပြန်တော့မည်၊ အကျွန်ုပ်ကို မြင်းစီးကြီးဟု ခေါ်ကြသည်၊ အကျွန်ုပ်အိမ်မှာ မြို့အလယ်၌ရှိသည်၊ အကြောင်းကိစ္စရှိလျှင် အရောက်လာခဲ့ပါ၊ ကူညီမည်၊ မြို့၏တောင်တံခါးရောက်လျှင် အကျွန်ုပ် အကြောင်းမေးပါ"ဟု မှာထားခဲ့သည်။

မင်းကြီးသည် တောင်တံခါးသို့ရောက်သော် တံခါးမှူးအား "မြင်းစီးကြီး အိမ်ကိုပြပါဟုပြောပြီး ရွာသားတစ်ဦး ရောက်လာလျှင် ငါ့ထံသို့ အရောက် ခေါ်ခဲ့ပါ"ဟု မှာထားလျက် နန်းတော်သို့ ပြန်ခဲ့သည်။

မင်းကြီးကို ကျွေးမွေးပြုစုခဲ့သည့်ရွာသားသည် ရက်အတန်ကြာသည့်တိုင် နန်းတော်သို့ရောက်မလာ၊ သို့ဖြင့် ထိုရွာသားလာစေရန် ရည်ရွယ် လျက် ရွာသားနေသောရွာကို မင်းကြီးက သုံးကြိမ်တိုင်အောင် ဆက်တိုက်အခွန် တောင်းစေလိုက်သည်၊ ဆက်တိုက်အခွန်တောင်းသည့်ဒဏ်ကို ခံရသောအခါ ရွာသားတို့ မကျေမနပ်ဖြစ်ကြသည်၊ မြင်းစီးကြီးလာပြီးနောက် ယခုကဲ့သို့ အခွန်တောင်းခံရသည်၊ ထို့ကြောင့် ရွာသားတို့ စည်းဝေးကြပြီး အများ သဘောတူညီမှုအရ မြင်းစီးကြီး တည်းခိုနေထိုင်ခဲ့ဖူးသောအိမ်ရှင်ကို မြင်းစီး

ကြီးထံသို့လွှတ်ပြီး အကူအညီတောင်းရန် သဘောတူ ဆုံးဖြတ်ကြသည်၊ သို့ဖြင့် ထိုရှာသားသည် လက်ဆောင်ပဏ္ဏာအမျိုးမျိုး ယူလျက် အခွန်လွတ်ငြိမ်းအောင် ပြောဆိုရန် မြို့တော်သို့လာခဲ့သည်။

## ရှာသားကို မင်းကြီးထံပို့ပြီ

ရှာသားသည် အများစုပေါင်းပေးလိုက်သော လက်ဆောင်ပဏ္ဏာများ ယူဆောင်လျက် မြို့တော်သို့လာခဲ့ရာ တောင်တံခါးသို့ ရောက်လာခဲ့သည်၊ တောင်တံခါး ၌ တံခါးမှူးကိုတွေ့လျှင် "အဆွေ၊ မြင်းစီးကြီးနှင့်တွေ့လိုပါသည်၊ မြင်းစီးကြီးအိမ် အဘယ်မှာ ရှိပါသနည်း၊ ကျေးဇူးပြုကာ လိုက်ပြစေလိုပါသည်"ဟု ပန်ကြားလိုက်သည်၊ တံခါးမှူးသည် မင်းကြီးမှာထားခဲ့သည့်အတိုင်း ရှာသားကိုခေါ်ကာ မင်းကြီးထံ အရောက်ပို့လိုက်သည်။

မင်းကြီးသည် ရောက်လာသော ရှာသားကို လှိုက်လှိုက်လှဲလှဲဖြင့် ဝမ်းသာအားရကြိုဆိုသည်၊ ရှာသားသည် ယူလာခဲ့သောလက်ဆောင်ပစ္စည်းမျိုးစုံကို မင်းကြီးထံ ပေးအပ်သည်၊ မင်းကြီးသည် အမတ်တစ်ယောက်ကို ခေါ်ကာ ရှာသား၏ ဆံမုတ်ဆိတ်တို့ကို ပြုပြင်ပေးစေသည်၊ အမွှေး နံ့သာရည်တို့ဖြင့်လည်း ရှာသားကို ရေချိုးပေးစေသည်၊ ထို့နောက် မင်းမြောက်တန်ဆာများ ဆင်မြန်းပေးလျက် ငါ့ထံခေါ်ခဲ့ဟု အမိန့်ပေးလိုက်သည်။

အမတ်သည် မင်းကြီး၏အမိန့်အတိုင်း ဆောင်ရွက်ကာ ရှာသားကို မင်းကြီးထံ ပြန်ခေါ်ခဲ့သည်၊ မင်းကြီးသည် တစ်ပြည်လုံးသိစေရန် စည်လည်စေလျက် ထီးဖြူအလယ်၌ မျဉ်းသားစေကာ ရှာသားအား တိုင်းပြည်၏ထက်ဝက်မင်းပြုစေရန် မင်းအဖြစ် ပေးတော်မူလိုက်သည်။

## မကျေနပ်သူတို့၏လုပ်ရပ်

ထိုအခါ မင်းကြီးဆောင်ရွက်ပုံကို မကျေနပ်သူတို့က မင်းကြီး၏သားတော်အကြီးထံသွားကာ အကျိုးအကြောင်းလျှောက်ထားလျက် တားမြစ်ပေးရန် တင်လျှောက်ကြသည်၊ သားတော်ကြီးသည် မင်းကြီးထံသို့သွားကာ မကျေမနပ်ဖြစ်နေသူတို့၏ သဘောထားကို လျှောက်ထားသည်။

ထိုအခါ မင်းကြီးက သူပုန်သူကန် သောင်းကျန်း၍ နိမ်နင်းစဉ်က စစ်ရှုံးသဖြင့် သူပြေးခဲ့ရပုံ၊ ရွာသားက ကယ်ဆယ်ကူညီလျက် ကျေးဇူးပြုပြီး ကျွေးမွေးစောင့်ရှောက်ထားခဲ့ပုံ၊ သူ့အကူအညီကြောင့် အသက်ရှင်ခွင့် ရလာလျက် မင်းအဖြစ် ပြန်ရပုံကို ရှင်းလင်းမိန့်ကြားပြသည်။

ထို့နောက် "ကျေးဇူးရှိသူတို့အား ကျေးဇူးဆပ်ရန်သိခြင်း၊ သိ၍ဆပ်နိုင်ခြင်းသည် သူတော်ကောင်းတို့၏ အလုပ်ဖြစ်သည်၊ ထို့ကြောင့် ယခုလို မင်းအဖြစ်တိုင်းပြည်တစ်ဝက် ခွဲပေးခြင်းဖြစ်သည်၊ လောက၌ ကျေးဇူးဆပ်သင့်သူအား ကျေးဇူးဆပ်လျှင် ကိုယ်ရောသူပါ ကိုယ်စိတ်နှစ်ပါးချမ်းသာသည်၊ ဘေးရန်နှင့် ကြုံလျှင် ကူညီမည့်သူပေါ်လာသည်၊ ဖြောင့်မှန်သူတို့အား ပြုအပ်သော ကျေးဇူး တရားသည် နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ အလွန်အကျိုးများသည်"ဟု မင်းကြီးက မိန့်ကြားလိုက်သည်။

မင်းကြီး မိန့်ကြားသည့်စကားကို ကြားသော် သားတော်ကြီးနှင့်တကွ အမတ်တို့သည် နောက်ထပ်တစ်စုံတစ်ရာသော စကားကိုမျှ မဆိုဝံ့ကြတော့။

[ဇာတ်တော် ငါးရာ့ငါးဆယ်၊ စတုက္ကနိပါတ်၊
မဟာအဿာရောဟဇာတ်]

---

## ကျေးဇူးရှင်ကို ကျေးစွပ်၍ သေရသူ

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုနေချိန်ကဖြစ်သည်၊ ဘုရားအလောင်းတော်သည် ရသေ့ဝတ်ကာ ဈာန်သမာပတ်ချမ်းသာဖြင့် တောရကျောင်း တစ်ကျောင်း၌နေသည်၊ တစ်နေ့တွင် ဗာရာဏသီသူဌေး၏ သမီးတစ်ယောက်ဖြစ်သော ဒုဋ္ဌကုမာရီအမည်ရှိ အမျိုးသမီးသည် ကျွန်အမှုလုပ်တို့ကိုခေါ်လျက် ဂင်္ဂါမြစ်သို့ သွားသည်၊ သူမသည် ဒုဋ္ဌကုမာရီဟူသောအမည်နှင့် လိုက်ဖက်စွာပင် အပြုအမူ၊ အပြောအဆို ကြမ်းတမ်းသည်၊ အတွေးအကြံပက်စက်သည်၊ ထို့ကြောင့် သူ့ကို ဒုဋ္ဌကုမာရီဟု ခေါ်ကြသည်။

## အကွက်ကောင်းရပြီ

ဂင်္ဂါမြစ်၌ ဒုဌကုမာရီနှင့် ကျွန်အမှုလုပ်တို့ ရေကစားနေစဉ် မိုးကြီး ပြင်းထန်စွာ ရွာသည်၊ ကျွန်အမှုလုပ်တို့သည် သူတို့အပေါ် ကြမ်းကြမ်းတမ်းတမ်း ပြောဆို ဆက်ဆံလေ့ရှိသဖြင့် ဒုဌကုမာရီကို မုန်းနေကြသည်၊ ရေကစားနေတုန်း မိုးကြီးရွာလာ၍ အကွက်ကောင်းရပြီဟုဆိုကာ ဒုဌကုမာရီကို မြစ်ထဲ၌ထားခဲ့ပြီး ထွက်ပြေးလာခဲ့ကြသည်။

## ရေမျောလာသော ခြေနှစ်ချောင်းကို ကယ်မိသူ

သူဌေးသမီး ဒုဌကုမာရီသည် မှောင်ကလည်း မှောင်၊ မိုးကလည်းသည်းထန်၊ ကူညီမည့်သူလည်းမရှိ၍ အော်ဟစ်ငိုယိုရင်း ရေထဲမျောပါသွားသည်၊ မြစ်ထဲမှအမျိုးသမီးအော်သံကြား၍ မြစ်ကမ်းအနီးတောရကျောင်းနေ ရသေ့ကြီးက မြက်ကိုမီးရှို့လျက် မြက်မီးအရောင်ဖြင့် မြစ်တွင်းဆင်းကာ သူဌေးသမီးကို ဆယ်ယူသည်၊ ရသေ့ကြီး၏ ကျောင်း၌ပင်ထားကာ အိပ်ရာနေရာပေးသည်၊ အစား အသောက်ကျွေးမွေးသည်၊ ညအိပ်သောအခါ သူဌေးသမီးကို ကျောင်းတွင်း၌ အိပ်စေသည်၊ ရသေ့ကြီးကိုယ်တိုင်ကမူ ကျောင်းဆောင်ပြင်ပ လွင်တီးခေါင်၌ အိပ်သည်။

သုံးလေးရက်ခန့်ကြာသော် ရသေ့ကြီးက "နှမ၊ အမျိုးသမီးနှင့် ရသေ့အတူနေ၍ မသင့်လျော်၊ နေရပ်သို့ပြန်လော့"ဟု ပြောဆိုတိုက်တွန်းသည်၊ သို့သော် ဒုဌကုမာရီက မပြန်ဘဲနေသည်၊ ညအချိန်သို့ ရောက်သော် မ, တို့၏ မာယာဖြင့် မြူဆွယ်ဖြားယောင်းလျက် ကျေးဇူးရှင် ရသေ့ကြီး၏ သီလကို ဖျက်ဆီးသည်၊ ရသေ့ကြီး သီလပျက်သဖြင့် ရရှိထားသောဈာန်အဘိညာဉ်တို့ ကွယ်ပျောက်သွားကြတော့သည်၊ "ခြေနှစ်ချောင်း မကယ်ကောင်း"ဟု အချို့သူတို့ ပြောစကားရှိသည်၊ ကယ်သူကို ဒုက္ခပေးတတ်၍ ပြောဆိုခဲ့ကြခြင်းဖြစ်ပေမည်။

ရသေ့ကြီးသည် အမျိုးသမီးနှင့် ဇနီးခင်ပွန်းအဖြစ် ပေါင်းသင်းလျက် ရွာငယ်တစ်ခု၏ ရွာတံခါးအနီးတွင် အိမ်ဆောက်နေထိုင်သည်၊ ရေလေးပုံတစ်ပုံပါ

သော ဒိန်ချဉ်ကို ရက်တက်ရည်ဟုခေါ်သည်၊ ဒိန်ချဉ် ရက်တက်ရည်ကိုရောင်းပြီး အသက်မွေးသဖြင့် ရသေ့လူထွက်ကို တက္ကပဏ္ဍိတဟု ခေါ်ကြသည်။

တစ်နေ့တွင် ထိုရွာလေးကို လူဆိုးတို့က ဝင်ရောက်ဖျက်ဆီးလုယက်ကြသည်၊ ရွာသားအချို့ကို ပစ္စည်းထမ်းအဖြစ် ခေါ်သွားကြသည်၊ တက္ကပဏ္ဍိတ၏ဇနီးလည်းပါသွားသည်၊ သူတို့စခန်းသို့ ရောက်သောအခါ ရွာသားတို့ကို ပြန်လွှတ်ပေးကြသည်၊ တက္ကပဏ္ဍိတ၏ဇနီးကိုမူ ပြန်ခွင့်မပေး၊ လူဆိုးကြီးက မယားအဖြစ် သိမ်းယူထားလိုက်သည်၊ သူဌေးသမီးသည် စားဖွယ်သောက်ဖွယ်အစုံဖြင့် ဇိမ်ကျကျနေရ၍ တက္ကပဏ္ဍိတ၏ဇနီးဘဝထက် သာသည်ဟုယူဆကာ ပျော်ရွှင်နေသည်၊ တက္ကပဏ္ဍိတလာခေါ်မှာကို စိုးရိမ်နေသည်။

## လင်ကြီးကို အပြတ်ရှင်းမည်

သို့ဖြင့် လင်ကြီးဖြစ်သူ တက္ကပဏ္ဍိတကို အပြတ်ရှင်းရန်ကြံစည်သည်၊ သူ့အကြံမှာ တစ်ဖက်လှည့်သဘောဖြင့် တက္ကပဏ္ဍိတအား သူမကို လာခေါ်ခိုင်းမည်၊ တက္ကပဏ္ဍိတ ရောက်လာလျှင် လူဆိုးကြီးက သတ်မည်၊ ဤအကြံဖြင့် တက္ကပဏ္ဍိတကို ခေါ်ခိုင်းလိုက်သည်။

တက္ကပဏ္ဍိတကမူ ဇနီးသည်က သံယော ဇဉ်မပြတ်၍ ခေါ်ခိုင်းသည်ထင်ပြီး အရောက်လာခဲ့သည်၊ သူ့ကိုသတ်ဖို့ခေါ်သည်ဟု မသိ၊ ရောက်လာသောတက္ကပဏ္ဍိတကို ဇနီးသည်က ထမင်းကျွေးသည်၊ အဆောက် အအုံတစ်ခုထဲ၌ခဏနေရန်၊ လောလောဆယ် နှစ်ယောက်အတူ ထွက်ပြေးလျှင် သူခိုးကြီးသိကာ နှစ်ယောက်စလုံးသတ်ခံရလိမ့်မည်ဟုလည်း အမျိုးသမီးက လှည့်စားပြောကြားထားသည်။

## ရန်သူရောက်နေသည်ဟု ပြောကာ

ညနေအချိန်ရောက်သော် သူခိုးကြီးသေရည်မူးနေစဉ် အဆောက်အအုံအတွင်း ရန်သူရောက်နေသည်ဟု သူခိုးကြီးကို ပြောပြသည်၊ သူခိုးကြီးက တက္ကပဏ္ဍိတကို တွေ့သွားပြီး ခေါ်ထုတ်လာလျက် ရိုက်နှက် ထုထောင်းသည်၊ ထိုအခါ တက္ကပဏ္ဍိတက ဤစကား လေးခွန်းကိုသာ မပြတ်ပြောဆိုနေသည်။

၁။ မိန်းမတို့ သဘောသည် အမျက်ထွက်လွယ်သည်၊

၂။ ကျေးဇူးကို မသိတတ်၊

၃။ ကုန်းတိုက် တတ်သည်၊

၄။ ကျေးဇူးရှင်ကို ပြစ်မှားတတ်သည်။

သူခိုးကြီးက ရိုက်နှက်တိုင်း တက္ကပဏ္ဍိတက ဤစကားလေးခွန်းကိုသာ ထပ်ကာထပ်ကာ ပြောဆိုနေသည်၊ ဘာကြောင့် ဤသို့ပြောဆိုနေရသနည်းဟု သူခိုးကြီးက မေးကြည့်သည်။



ထိုအခါ တက္ကပဏ္ဍိတက သူ့မယားဒုဋ္ဌကုမာရီ အား မြစ်တွင်းမျောလာစဉ် ဒုက္ခခံ၍ ကယ်ဆယ်ထားခဲ့ပုံ၊ ကျွေးမွေးပြုစုထား ခဲ့ပုံမှအစ ယခုလာခေါ်ပါဟု ဆို၍ ရောက်လာရပုံ၊ ရောက်လာပြီး ယခုလို အရိုက်အနှက် ခံနေရပုံတို့ကို အပြည့်အစုံပြောပြလိုက်သည်။

**ကျေးစွပ်သူတို့ဘဝနိဂုံး**

သူခိုးကြီးသည် "ဤမိန်းမကား ကျေးဇူးကြီးလှသောတရားရှင်ရသေ့ကိုပင် ဖျက်ဆီးသည်၊ ချစ်ခင်စွာလုပ်ကျွေးခဲ့သော လင်ကြီးကိုပင် ရက်ရက်စက်စက်

သတ်ဖို့ ကြံစည်လုပ်ဆောင်သည်၊ ကျေးဇူးကြီးသူကိုပင် ကျေးစွပ်ကာ ပျက်စီးစေဖို့လုပ်ဆောင်လျှင် ငါ့ကိုလည်းတစ်နေ့လုပ်ဆောင်လိမ့်မည်၊ သူ့ကို အရှင်ထား၍မဖြစ်" စဉ်းစားလျက် တက္ကပဏ္ဍိတကို အကျိုးအကြောင်းပြောထားကာ တက္ကပဏ္ဍိတကိုရော ဒုဋ္ဌကုမာရီကိုပါ ခေါ်လျက် အပြင်သို့ ထွက်လာခဲ့သည်၊ တစ်နေရာသို့ရောက်သော် တက္ကပဏ္ဍိတကိုသတ်မည်ဟုဟန်ပြင်ပြီး ဒုဋ္ဌကုမာရီကို ဓားဖြင့်ခုတ်သတ်လိုက်သည်၊ ကျေးစွပ်သူတို့၏ ဘဝနိဂုံးပင်။

ထို့နောက် ခိုးသူကြီးနှင့် တက္ကပဏ္ဍိတတို့နှစ်ယောက် စခန်းသို့ ပြန်လာကြသည်၊ နောက်နှစ်ရက် သုံးရက်ကြာသော် လူ့ဘောင်၏အပြစ်ကို မြင်ကာ နှစ်ဦးသဘောတူ တောထွက်လျက် ရသေ့ဝတ်ကာ တရားအားထုတ်နေလိုက်ကြသည်။

**[ဇာတ်တော်ငါးရာ့ငါးဆယ်၊ စေကကနိပါတ်၊ တက္ကပဏ္ဍိတဇာတ်]**

---

## ကျေးဇူးဆပ်သော တိရစ္ဆာန်များ

လွန်လေပြီးသောအခါက ဘုရားလောင်းသည် ဗာရာဏသီပြည်ရှိ ဥဒိစ္စပုဏ္ဏားမျိုး၌ ပုဏ္ဏားတစ်ယောက်ဖြစ်နေခဲ့သည်၊ အရွယ်ရောက်လာသော် လူ့ဘောင်၌ ငြီးငွေ့၍ ရသေ့ဝတ်ကာ တပည့်အခြံအရံငါးရာနှင့်အတူ ဟိမဝန္တာတောင်ခြေရင်းတွင် နေထိုင်သည်။

## တိရစ္ဆာန်တို့အတွက် ရေရရန်

ဟိမဝန္တာတောင်ခြေသည် ပူပြင်းသော ရာသီဖြစ်နေ၍ ထိုအချိန်က ရေရှားပါးနေသည်၊ လူများအတွက်ရော တိရစ္ဆာန်တို့ အတွက်ပါ ရေရရန် ခက်ခဲသည်၊ ရှိသောရေတို့သည်လည်း နွေအပူရှိန်ကြောင့် ခန်းခြောက်ကုန်ကြသည်၊ အထူးသဖြင့် တိရစ္ဆာန်တို့ ရေမသောက်ရ၍ အချို့သေကြရသည်၊ ဘုရားလောင်းရသေ့ကြီး၏တပည့် ရသေ့တစ်ပါးသည် တိရစ္ဆာန်တို့အတွက် သုံးရေ သောက်ရေ ထည့်ထားရန် သစ်ပင်တစ်ပင်ကို ခုတ်ပြီး စားကျင်းထွင်းသည်၊ ထို့နောက် တိရစ္ဆာန်တို့အတွက် ရေအမြဲရစေရန် ရေဖြည့်ပေးထားသည်၊

စားကျင်းထဲ၌ အမြဲတမ်း ရေကုန်လိုက်ဖြည့်ပေးလိုက်လုပ်ရင်း ရေရရန် အား ထုတ်နေရ၍ ထိုရသေ့သည် အစာအာဟာရအတွက် သစ်သီးသစ်ဥ ရှာချိန် မရတော့။

## ရသေ့အတွက် သစ်သီးသစ်ဥ ရှာပေးကြပုံ

ဤအကြောင်းကို မြင်သိကြသော သားငှက် တိရစ္ဆာန်အပေါင်းတို့ စုဝေး တိုင်ပင်ကြသည်၊ သစ်သီးသစ်ဥရှာချိန်မရသော ရသေ့အတွက် မည်သို့တုံ့ပြန် ကျေးဇူးဆပ်ကြမည်ကို စဉ်းစားကြသည်၊ ထိုအခါ သားငှက်တိရစ္ဆာန် အချို့က မိမိတို့တတ်နိုင်သမျှ ရသေ့အတွက် တစ်နိုင်တစ်ပိုင်သစ်သီးသစ်ဥ ရှာဖွေယူခဲ့ ကြမည်ဟု ကတိပေးကြသည်၊ ထိုကတိအရ ရေသောက်ရန် လာကြသော သားငှက် တိရစ္ဆာန်တို့သည် နိုင်သမျှသစ်သီးသစ်ဥ စသည်တို့ကို ရသေ့အတွက် သယ်ယူလာကြသည်။

သားငှက်တိရစ္ဆာန်တို့ သယ်ယူလာသော အသီးအရွက် သစ်သီးသစ်ဥ တို့သည် ရသေ့တစ်ပါးအတွက်သာမက ရသေ့ငါးရာစလုံးပင် စားသုံး၍ မကုန် နိုင်ဖြစ်နေသည်၊ ထို့ကြောင့် ရသေ့ငါးရာတို့သည် အစာအာဟာရအတွက် ကြောင့်ကြပူပန်စရာမလို၊ နေ့စဉ်ပင် ချမ်းချမ်းသာသာ သုံးဆောင်ကြရသည်၊ မိမိတို့ တရားလုပ်ငန်းကိုလည်း ပို၍ကြိုးစားအားထုတ်ချိန်ရသွားကြသည်။

## ရသေ့ကြီး၏ဆုံးမစကား

ရသေ့တို့ ဦးဆောင်၊ ဆရာရသေ့ကြီးသည် ရသေ့များကို စုဝေးစေကာ ဤသို့ဆုံးမစကားမိန့်ကြားသည်။

"တပည့်တို့၊ ဉာဏ်ပညာနှင့် စဉ်းစားချင့်ချိန်တတ်သော အသိရှိသူသည် အမြဲတမ်း လုံ့လဝီရိယပြုကာ မိမိရော သူတစ်ပါးအတွက်ပါ အကျိုးပြုနေ ရမည်၊ ပျင်းရိခြင်းမရှိရာ၊ လုံ့လဝီရိယနှင့် ဉာဏ်ပညာရှိသူ ရသေ့တစ်ပါးကြောင့် ရသေ့ပေါင်းများစွာတို့ ယခု ချမ်းချမ်းသာသာ နေထိုင်စားသောက် တရား အလုပ်လုပ်နေနိုင်သည်"

ဦးဆောင်ရသေ့ကြီး၏ဆုံးမစကားကြားရသဖြင့် သားငှက်တို့အတွက် ရေမပြတ်စေရန် အခြားရသေ့တို့ကပါ ဝိုင်းဝန်း၍ရေဖြည့်ပေးကြသည်၊ သားငှက်တို့သည်လည်း တစ်ကောင်နှင့်တစ်ကောင် ဆက်သွယ်မိကာ ရေရှိသောနေရာ သိကုန်ကြပြီး ငှက်များစွာတို့ နေ့စဉ် ရေလာသောက်ကြသည်။

**[ဇာတ်တော်ငါးရာ့ငါးဆယ်၊ ဧကကနိပါတ်၊ အမ္ဗဇာတ်]**

---

## ကာလေန ဓမ္မဿဝနမင်္ဂလာ

သင့်တင့် လျော်ပတ်သောအခါ၌ တရားနာခြင်းသည် ကြီးပွား ချမ်းသာခြင်း၏အကြောင်းဖြစ်သောကြောင့် မင်္ဂလာဟု ဘုရားရှင် ဟောတော်မူသည်။

သင့်တင့်လျော်ပတ်သော အခါဆိုသည်မှာ အဘယ်သို့သောအခါနည်း၊ မိမိစိတ် ကြည်လင်နေသောအခါသည် တရားနာရန် သင့်တင့်လျော်ပတ်သောအခါဖြစ်သည်၊ စိတ်သည် အမြဲတမ်း ကြည်လင်နေသည် မဟုတ်ပေ၊ စိတ်၏သဘောမှာ မူလပထမ အနေအထားအရ ကြည်လင်နေသည်၊ သို့သော် အာရုံတစ်မျိုးမျိုးနှင့် ထိတွေ့ရသောအခါ ကြည်လင်နေသော စိတ်သည် အနေအထား ပြောင်းသွားသည်၊ ကောင်းသည့်အာရုံနှင့် ထိတွေ့လျှင် စိတ်သည် စိတ်ကောင်းဖြစ်သည်၊ မကောင်းသည့် အာရုံနှင့်ထိတွေ့လျှင် စိတ်သည် မကောင်းစိတ်ဖြစ်သည်။

အာရုံငါးပါးတွင် ကာမဂုဏ်အာရုံစိတ် ဖြစ်နေလျှင် ထိုစိတ်ကို ဖယ်ရှားနိုင်ရန် တရားနာသင့်သည်၊ သူတစ်ပါးအကျိုး ပျက်စီးအောင်လုပ်ချင်နေသည့် စိတ်ဖြစ်နေလျှင် ထိုစိတ်ကို ပယ်ရှားနိုင်အောင်တရားနာသင့်သည်၊ သူတစ်ပါးအပေါ် ညှဉ်းပန်းနှိပ်စက်လိုသည့် စိတ်ဖြစ်နေလျှင်လည်း ထိုစိတ်ကို ပယ်ရှားနိုင်ရန် တရားနာသင့်သည်၊ မကောင်းစိတ်များဖြစ်နေလျှင် စိတ်ကြည်လင်မှု မရှိပေ၊ မကောင်းစိတ်များ ပယ်ရှားနိုင်မှ စိတ်ကြည်လင်ပေသည်။

## တရားနာခြင်း၏ အကျိုးငါးပါး

တရားနာကြားလျှင် ထိုသူအတွက် အောက်ပါအတိုင်း အကျိုးတရား ငါးပါးရသည်ဟု ဘုရားရှင်ဟောတော်မူထားသည်။

ထိုအကျိုးတရား ငါးပါးမှာ -

၁။ မကြားဖူးသည်များကို ကြားနာရခြင်း၊

၂။ ကြားဖူးသည်များကို ရှင်းလင်းစွာနားလည်ရခြင်း၊

၃။ ရှိနေသော ယုံမှားသံသယ ကင်းရှင်းသွားခြင်း၊

၄။ မှန်ကန်သော အယူအမြင် ရရှိခြင်း၊

၅။ သဒ္ဓါ၊ ပညာ တိုးပွား၍ စိတ်ကြည်လင်ခြင်း။

တရားနာကြားရသော်လည်း ကောင်းကျိုးမခံစားရသူများလည်း ရှိတတ်ကြသည်၊ ဥပမာ အချို့သူတို့သည် တရားဟောသူကို ရှုထောင့်တစ်မျိုးမျိုးမှ ကြည့်မြင်ကာ ကဲ့ရဲ့သည်၊ ဟောကြားသောတရားနှင့်ဟောကြားသူအပေါ် အပြစ်ရှာချင်သောစိတ်ဖြင့် တရားနာသည်၊ ထိုသူတို့ကား တရားနာသော်လည်း ကောင်းကျိုးမခံစားရသူများ ဖြစ်ကြသည်။

## တရားနာရ၍ တိရစ္ဆာန်ဘဝမှ နတ်သားဖြစ်သူ

အခါတစ်ပါး၌ ဘုရားရှင်သည် စမ္ပာပြည်ရှိ ဂဂ္ဂရာမိဖုရား တူးဖော်သော ဂဂ္ဂရာရေကန်အနီး သီတင်းသုံးနေတော်မူလျက် သတ္တဝါအများအား တရားဟောတော်မူသည်၊ ထိုအချိန်တွင် ကန်အတွင်းမှ ဖားတစ်ကောင်သည် ရေထဲမှ တက်လာလျက် ပရိသတ်အစွန်းတစ်နေရာ၌ ဝပ်နေသည်၊ ဘုရားရှင်ဟောကြားသော တရားတော်၏အသံကိုလည်း အာရုံပြုလျက် နာကြားနေသည်။

နွားကျောင်းသားတစ်ယောက်သည် ထိုနေရာသို့ရောက်လာကာ တရားဟောတော်မူနေသော ဘုရားရှင်နှင့် တရားနာပရိသတ်ကိုမြင်၍ ပရိသတ်အစွန်တွင် နှင်တံတုတ်ကို ထောက်လျက် ရပ်နေသည်၊ ဘုရားရှင်ဟောသော တရားတော်၌လည်း စိတ်အာရုံညွတ်နေသည်၊ ဖားကိုမူ သူက မမြင်မိ၊

သူထောက်ထားသော နှင်တံတုတ်သည် ဖား၏ခေါင်းကို ထောက်မိလျက်သား ဖြစ်နေသည်။

## မဏ္ဍုကဒေဝပုတ္တ နတ်သားဘဝသို့

ဖားသည် ထိုထောက်မိသောတုတ်ဒဏ်ရာဖြင့် သေလွန်ကာ တာဝတိံသာ နတ်ပြည်၌ နတ်သားဖြစ်သည်၊ ထိုနတ်သားသည် ရွှေဗိမာန်၌ နတ်သမီးနတ်သားအခြံအရံများစွာဖြင့် စံစားနေရသည်၊ မဏ္ဍုကဒေဝပုတ္တ = ဖားနတ်သားဟု အမည်တွင်သည်။

တင့်တယ်လှသော နတ်သားဘဝတွင် အဘယ့်ကြောင့်ဖြစ်လာရသနည်းဟု ဖားနတ်သားက စဉ်းစားဆင်ခြင်ကြည့်သည်၊ ထိုအခါ လွန်ခဲ့သောဘဝက ဖားဖြစ်ကာ ရေကန်၌နေရပုံ၊ ရေထဲမှတက်ကာ တရားနာပရိသတ်၏ အစွန်ရောက်နေပုံနှင့် နွားကျောင်းသား၏တုတ်ဖြင့် ခေါင်းကိုထောက်မိသောဒဏ်ရာကြောင့် သေခဲ့ရပုံတို့ကို သိမြင်သည်၊ သို့ဖြင့် ဖားနတ်သားသည် နတ်သမီးနတ်သားအခြံအရံများနှင့်တကွ လူ့ပြည်သို့ လာသည်၊ တရားမဏ္ဍပ်အတွင်း၌ တရားဟောတော်မူနေသည့် ဘုရားရှင်ကို သွားရောက်ဖူးမြော်သည်။

## တရားနာပရိသတ်တို့ သိစေရန်

တရားနာနေသော ပရိသတ်တို့သည် အခြံအရံများနှင့်တကွ ဘုရားရှင်၏ ရှေ့တော်သို့ရောက်လာသော နတ်သားကို တွေ့မြင်ရသော် အံ့ဩမဆုံးဖြစ်နေကြသည်၊ ဘုရားရှင်သည် နတ်သားနှင့်အခြွေအရံတို့အကြောင်း တရားနာနေသူတို့သိစေရန် ရည်ရွယ်လျက် နတ်သားကို ဤသို့မေးတော်မူသည်။

"အခြံအရံများစွာတို့ဖြင့် တင့်တယ်သောအရောင်အဆင်းကို ဆောင်ကာ ငါ၏ခြေတော်ရင်းသို့လာရောက်ဦးခိုက်ရှိခိုးနေသူကား အဘယ်သူနည်း"

ထိုအခါ နတ်သားက သူသည် အတိတ်ဘဝက ဖားအဖြစ်စုံနှင့် ယခုစံစားနေရသော နတ်သားဘဝသို့ ရောက်ရှိခဲ့ရပုံကို ဘုရားရှင်အား ပြန်လည်လျှောက်ထားသည်။

ဘုရားရှင်သည် နတ်သားနှင့်တကွ ပရိသတ်တို့အား တရားနာရခြင်း၏

အကျိုးကိုလည်းကောင်း၊ နိဗ္ဗာန်ရောက်ကြောင်းတရားတော်တို့ကို လည်းကောင်း ဆက်လက်ဟောကြားတော်မူသည်၊ တရားတော်၏ အဆုံးတွင် ဖားနတ်သားသည် သောတာပန်ဖြစ်သွားသည်၊ ကျန်သော တရားနာ ပရိသတ်တို့သည်လည်း တရားနာရခြင်း၏ ကောင်းကျိုးများ သိရှိခံစားရကာ ဝမ်းမြောက်ဝမ်းသာဖြစ်သွားကြသည်။

[ဝိမာနဝတ္ထုတော်ကြီး၊ မဏ္ဍူကဒေဝပုတ္တဝတ္ထု]



## စပါးကြီးမြွေဘဝမှ သေလွန်ကာ နတ်ပြည်၌ဖြစ်ရသူ

ကဿပဘုရားရှင်လက်ထက်တော်၌ ရဟန်းတော်အချို့သည် အဘိဓမ္မာဒေသနာတော်လာ အာယတနကထာကို သင်ယူကြသည်၊ မိမိတို့သင်ယူခဲ့သော အာယတနကထာကိုလည်း နေ့စဉ်ရွတ်ဖတ်ကြသည်၊ ထိုရဟန်းတို့အနီးတစ်နေရာ၌နေသော စပါးကြီးမြွေတစ်ကောင်သည် အာယတနကထာသင်ယူရွတ်ဆိုသော ရဟန်းတို့၏အသံကိုနေ့စဉ်ကြားနေရသည်၊ ထိုစပါးကြီးမြွေသေလွန်သော် အာယတနကထာကို ကြားနာခဲ့ရသော တရားအာရုံကြောင့်

နတ်ပြည်၌ဖြစ်ရသည်၊ ဂေါတမဘုရားရှင် ပရိနိဗ္ဗာန် ပြုတော်မူသောအခါ နတ်ပြည်မှစုတေကာ ပုဏ္ဏားမျိုး၌ လူဖြစ်လာရသည်။

ထိုပုဏ္ဏားအရွယ်ရောက်လာသော် အာဇီဝကတို့အထံ၌ အာဇီဝကရဟန်းပြုသည်၊ ဇနသောဏဟု အမည်တွင်သည်၊ ဗိန္ဒုသာရမင်း၏ မိဖုရားကြီးဓမ္မာ၏ဆရာဖြစ်လာသည်၊ မိဖုရားကြီးဝမ်း၌ ထိုသတို့သား ပဋိသန္ဓေနေလာသော် ခြေတစ်ဖက်ဖြင့် လကို၊ အခြားခြေတစ်ဖက်ဖြင့် နေကို နင်းထားချင်သောချင်ခြင်းနှင့် ကြယ်တာရာ တိမ်အစဉ်၊ တီနှင့်သစ်ပင်အပေါင်းတို့ကိုလည်း စားလိုသည်ဟု မိဖုရားကြီးချင်ခြင်းအာသာဆန္ဒဖြစ်သည်။

## ချင်ခြင်းကိုဖြေဖျောက်ရန်

ဗိန္ဒုသာရမင်းကြီးသည် မိဖုရား၏ချင်ခြင်းအာသာကို ဖြေဖျောက်ပေးနိုင်ရန် နည်းပရိယာယ်ဆင်လျက် ဤသို့ စီစဉ်ဆောင်ရွက်သည်၊ ကြီးစွာသော အိုးကင်းဖြင့် မုန့်နှစ်ယှက်ကို ကြော်စေသည်၊ တစ်ယှက်ကိုလ၊ တစ်ယှက်ကို နေဟု ပြောပြသည်၊ မုန့်ကွဲသဲကို ကြယ်တာရာသဏ္ဌာန်လုပ်စေသည်၊ မင်းရင်ပြင်ကိုလည်း ရှင်းလင်းသုတ်သင်စေလျက် အပေါက်ရှိသော ဖျာကိုခင်းစေသည်၊ ဖျာပေါက်မှ ထွက်ကျလာသောစားဖွယ်တို့ကို ယူလျက် ဤအရာတို့ကား တီနှင့်သစ်ပင် အပေါင်းအစုတို့တည်းဟု ပြောပြလျက် မိဖုရားကိုပေးသည်၊ မိဖုရားသည် မင်းကြီးစီစဉ်ပေးသည်တို့ကို အသုံးပြုရသဖြင့် သူ့၌ဖြစ်ပေါ်နေသော အာသာဆန္ဒချင်ခြင်း ပြေပျောက်သွားသည်၊ မိဖုရားကြီး၌ဖြစ်သော အာသာဆန္ဒချင်ခြင်း၏အကျိုးအပြစ်တို့ကို ဇနသောဏအာဇီဝကထံ မင်းကြီးကမေးမြန်းကြည့်သည်။

## အာဇီဝကရှင်းပြပုံ

ဇနသောဏအာဇီဝက က "မြတ်သောမင်းကြီး၊ မိဖုရားကြီးသည် ဘုန်းလက္ခဏာတို့နှင့်ပြည့်စုံသော သားကိုဖွားမြင်လိမ့်မည်"ဟု သာမန်သာ မိန့်ကြားသည်၊ ထို့နောက် မိဖုရားကြီးထံသွားပြီး အာသာဆန္ဒ ချင်ခြင်းအကြောင်းကို ဤသို့ ရှင်းလင်းပြောပြသည်။

"မိဖုရားကြီး၊ ဖွားမြင်လာသော သားသည် မင်းဖြစ်မည်၊ လနှင့်နေတို့ကို ခြေဖြင့်နင်းထားချင်သော ချင်ခြင်း၏အဓိပ္ပာယ်သည် ဇမ္ဗူဒိပ်ကျွန်းရှိတစ်ရာ့တစ်ပါးသောမင်းတို့သည် သင့်သား၏ခြေရင်း၌ အလုပ်အကျွေးများဖြစ်ကြရမည့် ရှေ့ပြေးနိမိတ်ဖြစ်သည်၊ တိမ်ကို စားချင်သည်ဟူသော ချင်ခြင်း၏ အဓိပ္ပာယ်မှာ မှားယွင်းသော မိစ္ဆာအယူကို ပယ်စွန့်ဖြတ်တောက်ပြီး ဘုရားသာသနာတော်ကို ချီးမြှောက်မည့်ရှေ့ပြေးအတိတ်နိမိတ်ဖြစ်သည်၊ တီကိုစားချင်သည်ဟူသော ချင်ခြင်းသည် မြေကြီးအောက် တစ်ယူဇနာရှိသော အရပ်တိုင် အောင်အာဏာပျံ့နှံ့မည့် ရှေ့ပြေး အတိတ်နိမိတ်ဖြစ်သည်၊ သစ်ပင်အပေါင်းကို စားချင်သည်ဟူသော ချင်ခြင်းသည် အထက်ကောင်းကင်၌ တစ်ယူဇနာတိုင်အောင် သူ၏အာဏာပျံ့နှံ့မည့် ရှေ့ပြေးနိမိတ်ဖြစ်သည်"

အာဇီဝကသည် မိဖုရားကြီးအား ယင်းသို့ရှင်းလင်းပြကာ အတိတ်နိမိတ်ဖတ်ကြားပြောပြပြီးနောက် တစ်ယူဇနာဝေးသောအရပ်ဒေသသို့ သွားရောက်နေထိုင်နေသည်။

ဖွားမြင်လာသော သတို့သားကို အသောကဟု အမည်မှည့်ခေါ်ကြသည်၊ သတို့သား အရွယ်ရောက်၍ မင်းဖြစ်လာသောအခါ မိဖုရားကြီးသည် သားဖြစ်သူအား သူကိုယ်ဝန်ဆောင်ထားရသော အချိန်၌ဖြစ်ခဲ့သည့် အာသောဆန္ဒချင်ခြင်းမျာအကြောင်းနှင့် သူ့ဆရာအာဇီဝက ဟောကြားသောအတိတ်နိမိတ် အကြောင်းတို့ကို ပြန်ပြောပြသည်၊ အသောကမင်းကြီးသည် ထိုသို့အတိတ်နိမိတ်ဖတ်သောအာဇီဝကကို ပူဇော်လိုသဖြင့် ရွှေဝေါယာဉ်နှင့် အမှုထမ်း ယောကျ်ားတို့ကို အာဇီဝကထံ စေလွှတ်သည်။

## လမ်းခရီးတစ်နေရာသို့ရောက်သော်

အာဇီဝကသည် မင်းမှုထမ်းတို့ ပင့်ဆောင်ရာသို့ လိုက်လာခဲ့သည်၊ လမ်းခရီးတစ်နေရာသို့ရောက်သော် အရှင်အဿဂုတ္တမထေရ် သီတင်းသုံးရာနေရာကိုမြင်၍ ယာဉ်ပေါ်မှ ဆင်းကာ မထေရ်ထံသွားသည်၊ မထေရ်၏မေတ္တာတရားကြောင့် တစ်ကောင်နှင့်တစ်ကောင် ရန်ပြုခြင်းမရှိဘဲ ချစ်ခင်စွာနေနေကြသော

ခြသေ့်၊ ကျား စသည်တို့ကို မြင်သွားသည်၊ ထိုအခါ အာဇီဝက က ဤသတ္တဝါတို့ကား အဘယ်သို့သော သတ္တဝါတို့နည်းဟု မေးသည်။

အရှင် အဿဂုတ္တမထေရ်သည် အာဇီဝက၏ရှေးဘဝအကြောင်းတို့ကို စဉ်းစားဆင်ခြင်ကြည့်တော်မူသည်၊ ထိုသို့ ကြည့်တော်မူသော် အာယတနကထာ တရားနာခဲ့ရသည့် အကြောင်းကို မြင်သိတော်မူသည်၊ ထို့ကြောင့် အာဇီဝကအား ဤသတ္တဝါတို့ကား အာယတနတို့တည်းဟု ဖြေတော်မူလိုက်သည်၊ ဇနသောဏအာဇီဝကသည် အာယတနဟူသော စကားကို ကြားရ၍ မထေရ်၏ ရှေ့၌ ရိုသေစွာထိုင်သည်၊ အာ ိဝကအား မထေရ်က ရေသနုပ်တော်ကို ပေးသည်။

ထို့နောက် အာဇီဝကသည် အဿဂုတ္တမထေရ်အထံ၌ ရဟန်းပြုကာ ဝိပဿနာတရားကို ပွားများအားထုတ်ရာ အရဟတ္တဖိုလ်သို့ ရောက်တော်မူသည်။

[မဟာဝင်ဋီကာ]

## ပညာရှင်တို့၏စာပေစကား

ရိုသေအပ်စွာ၊ ဆရာသမား၊ ဘိုးဘွားမိဘ၊ နောင်လှတစ်သီး၊ အစ်မကြီးနှင့်၊ ရွယ်နီးသက်ရင့်၊ ဂုဏ်မြင့်ကြီးမား၊ မျိုးအားမြတ်မူ၊ ထိုမျှလူကို၊ ကြည်ဖြူနှိမ့်ချ၊ ဂါရဝဖြင့်၊ ခယချစ်မူ၊ စရိုက်ပြု၍၊ ရွယ်နုမျက်ဖြေ၊ ပြုတတ်စေလော့။

[ မာတောဝါဒဆုံးမစာ ]

လေခြည်ဝါမြူး၊ မြင့်မိုရ်ဦးသို့၊ ကျေးဇူးဆဆ၊ ကြီးမြတ်လှသား၊ မိဘဘိုးဘွား၊ သက်ကြီးအားလျှင်၊ ပြစ်မှားကျူးထွေ၊ မရိုသေက၊ သရေမတက်၊ ဂုဏ်ရည်ပျက်၏။

[ ဩဝါဒထူးပျို့ ]

သူမြတ်တို့အား၊ ခြေရင်းထား၊ ပလ္လားမအိပ်နှင့်၊ သူမြတ်တို့ရှေ့၊ မသိမ်မွေ့၊ တိုး၍မနေသင့်။

[ သုတရတနာဆုံးမစာ ]

ရှိင်းစိုင်းနိုးကပ်၊ မကိုင်းညွတ်ဘဲ၊ မတ်တတ်တိုး၍မသွားနှင့်၊ ဆရာနေခင်း၊ အင်းပျဉ်ညောင်စောင်း၊ လဲလျောင်းဘုံလျှို၊ ထိုထိုထက်မှာ၊ မနေရာသည်၊ မြင့်ရာ မသင့်၊ မထိုင်နှင့်။

စားဖွယ်သောက်ရာ၊ ကပ်သောခါလည်း၊ ချဉ်းလာနီးစေ၊ ခြေ စုံနေ၍၊ ရိုသေကိုင်းညွတ်၊ ချဉ်း၍ကပ်။

ရှေ့ကစူးစူး၊ ဒူးလက်ကိုထောင်၊ ထိုင်ဆောင့်ကြောင့်နှင့်၊ ပေါင်ထောင်လက် ကား၊ အပါးကြုပ်ကြုပ်၊ မနေအပ်။

[ ရှင်မဟာသီလဝံသ ]

သုံးပါးရတနာ၊ ဆရာသမား၊ ဘိုးဘွားမိဘ၊ စိုးရသခင်၊ ဂုဏ်အင်ကြီးသူ၊ ကိုယ်တူရင်ရှည်၊ ဖြစ်သည်သူအား၊ ခြေရင်းထား၍၊ ပေါ့စားလွယ်ကာမအိပ်နှင့်။

[ သုတမဥ္စူသာဆုံးမစာ ]

ဆရာရှေ့မှောက်၊ ရောက်လတ်သောခါ၊ ဝေးစွာအနီး၊ မမှီးရှေ့နောက်၊ မြင့်မောက်လေညာ၊ ခြောက်ပြစ်ခွာ၊ သင့်ရာနေထိုင်ကြ။

[ သုတသောမ ]

အကယ်ရှေးက၊ ကြီးမာနနှင့်၊ နှိမ့်ချမကျိုး၊ ရှိခိုးထိုက်စွာ၊ ဂုဏ်ဝါကြီးမား၊ သူတို့အားလျှင်၊ မပြားမဝပ်၊ မပျပ်မကိုင်း၊ မိုက်ရိုင်းမထေ၊ ရိုသေကင်းထ၊ သဂါရဝ၊ သက္ကစ္စဖြင့်၊ နှိမ့်ချကော်ရော်၊ ပူဇော်လေးမြတ်၊ ပြုတုံတတ်က၊ သေဌ နွယ်ရိုး၊ လူမျိုးရိုညွတ်၊ မျိုးမြတ်ထွက်၏။

[ မဃဒေဝ-၃၂၉ ]

ကာလဝတ္တမာန်၊ ပစ္စုပ္ပန်၌၊ တော်တန်ရုံစွ၊ ရသမျှနှင့်၊ အားရအမြဲ၊ ရောင့်ရဲ တတ်သူ၊ ထိုရှင်လူကား၊ မပူမပင်၊ လွန်ကြည်လင်ရှင့်။

[ မဃဒေဝ-၄၂၆ ]

မေတ္တာရှေးဦး၊ ပြုပေးဖူးကို၊ ကျေးဇူးသိမှု၊ ကတညုတည်း၊ ထိုသူထက်ပင်၊ ကျေးဇူးတင်ကို၊ ထင်ထင်မချွတ်၊ ပြောဆိုတတ်က၊ သူမြတ်မှန်လျှ၊ ကတဝေဒီ၊ ဟူတုံပြီရှင့်၊ လောကီလူစု၊ မြတ်ညဏ်နုတို့၊ သူပြုအထူး၊ သူ့ကျေးဇူးကို၊ ကြည်နူး ဝမ်းမြောက်၊ မခေါက်မရက်၊ နှစ်သက်အင်ရွှ၊ သိတတ်ခဲ၏။

[ မဃဒေဝ-၂၅၅ ]

ကြောင်းကျိုးမသိ၊ လူဒိဋ္ဌိကား၊ မိုးရိုလောက်စင်၊ ပြုပါချင်လျက်၊ မတင်ကျေး ဇူး၊ ဖျောက်ထိမ်မြူး၏၊ အထူးကြီးလှ၊ စကြဝတေး၊ စည်းစိမ်ပေးလည်း၊ မိုက်မှေး မောဟ၊ ကြီးလောဘနှင့်၊ အားရမရှိ၊ ပြစ်မှားဘိ၏။

**[ မဃဒေဝ-၂၀၈ ]**

ရှေးကတင်ဖူး၊ သူ့ကျေးဇူးကို၊ အထူးဆပ်မှသာ၊
ကျေးဇူးသိက၊ ဖြစ်သမျှ၊ နှစ်ဝသုခိတာ၊
ကျေးဇူးချေပစ်၊ တရားလစ်၊ နွမ်း၊ ညစ်စည်းစိမ်ပါ၊
ကျေးဇူးမပစ်၊ စည်းစိမ်ဖြစ်၊ ဆန်းသစ်လပမာ၊
တစ်နေ့ထက်ကို၊ တစ်နေ့ပို၊ မောက်မိုဘုန်းသမ္ဘာ။

**[ သုတရတနာဆုံးမစာ ]**

သူ့ကျေးဇူးကို အထူးသိမှ စည်းစိမ်တည်သည်၊ လာမည့်ဘေးကို အဝေး ကမြင်မှ အသက်ရှည်သည်၊ သူ့အကျိုးကိုလိုမှ ကိုယ့်အကျိုးရောက်သည်။

**[ ကျည်းကန်ရှင်ကြီး ]**

သူမြတ်တို့ထံ၊ နာခံတရား၊ လျှောက်ထားမေးခြင်း၊ မပြုလျှင်းက၊ ညံ့ဖျင်း ပညာ၊ နုံ့ထိုင်းစွာ၏။

ထောင်ရာမက၊ မိုးကြီးချသို့ ဆုံးမတပဲ၊ ချင်းပြားတဲနှင့်၊ သောင်သဲပေါ်တွင်၊ ရေမတင်သို့၊ အမြင်နည်းပါး၊ လူမိုက်နား၌၊ တရားဘယ်ခါ၊ မတည်ရာဘူး၊ မိစ္ဆာဖျင်းသုန်း၊ တရားမုန်းက၊ ပျက်ပြုန်းကြောင်းသာ၊ မချွတ်စွာတည့်၊ သမ္မာစင် စစ်၊ တရားချစ်မူ၊ ဆန်းသစ်လနှယ်၊ စီးပွားကယ်ရှင့်။

**[ မဃဒေဝ-၂၅၁ ]**

အလေးအပင်၊ စကားလွင်ကို၊ ပျော်ရွှင်ရယ်ဟက်၊ ပြောသည်ထက်ကား၊ မထွက်သံခြေ၊ ဆိတ်ဆိတ်နေမူ၊ ကုဋေဆပွား၊ အကျိုးများ၏၊ စကားမပွက်၊ နေသည့်ထက်တုံ၊ တစ်ချက်ဗုဒ္ဓ၊ ဓမ္မသံဃာမ်း၊ သရဏာမ်းနှင့်၊ ထပ်မွမ်းမေတ္တာ၊ ဘာဝနာကမ္မဋ္ဌာန်း၊ တစ်ခွန်းခွန်းကို၊ စီးဖြန်းပါမိ၊ စိတ်မရှိလည်း၊ မသိနိုင်အောင်၊ အကျိုးဆောင်၏၊ နားထောင်မိကာ၊ သံတော်သာကို၊ ခန္ဓာရုပ်နာမ်၊ မှတ်ကြံ ဝေခွဲ၊ မသိဘဲလျက်၊ လွန်ကဲကျိုးရောက်၊ အံ့လောက်ထင်ထင်၊ ဖြစ်ကျင်

လေငြား၊ လင်းနို့သားတို့၊ ပြန့်ပွားဘုန်းစည်၊ ထက်နတ်ပြည်ဝယ်၊ ကျင်လည်ပြီးမှ၊ မင်္ဂဖိုလ်ရ၍၊ သုခအောင်မြေ၊ ရောက်ဖူးလေဟု၊ သက်သေ ဆတ်ဆတ်၊ သည်သို့မှတ်လျက်၊ ကြည်ညွတ်စိတ်ထက်၊ တရားနက်ကို၊ စုံမက်မငြီး၊ သဒ္ဓါဖြီး၍၊ ကောင်းချီးငြာစေကုန်သတည်း။

[ ဓမ္မရာသိပျို့ ]

လောကလူတွင်၊ ငါသာလျှင်တိ၊ ငါပြင်မရှိ၊ ထင်ဘိမှတ်ယောင်၊ မောဟဆောင်၍၊ အန်ထောင်မာန၊ မမူရတည့်၊ သုတတရား၊ မြင်ကြားအသိ၊ များစွာရှိလည်း သတိမယှဉ်၊ သမ္ဗဇဉ်မမှီး၊ မာနကြီးက၊ ခွေးမြီးပမာ၊ မည်စပါခဲ့၊ ထောင်ကာမတ္တ၊ သုံးမကျရှင့်၊ သူများကိုသာ၊ နှိပ်လိုစွာနှင့်၊ ရန်ရှာထိပါး၊ အပြစ်များ၏၊ သွားတပြပြ၊ သုနခသို့၊ ဒေါသမောဟ၊ ခြံရံကြွ၍၊ မာနမည်ငြား၊ ဤတရားကို၊ မလွှားစေအပ်၊ ကျိုးမနပ်ဘူး။

[ မဃဒေဝ-၂၀၃ ]

သတ္တမဂါထာဖြင့် ဟောကြားတော်မူသည့်
မင်္ဂလာတရားတော်များနှင့် ဝတ္ထုများပြီး၏။

* * *

# အဋ္ဌမဂါထာဖြင့် ဟောကြားသည့် မင်္ဂလာတရား လေးပါး

ခန္တီစ၊ သောဝစဿတာ အစရှိသော အဋ္ဌမဂါထာတော်ဖြင့် ဘုရားရှင်သည် ဤမင်္ဂလာတရား လေးပါးကို ဟောတော်မူသည်။

၁။ ခန္တီ = သည်းခံခြင်းသည် မင်္ဂလာ။

၂။ သောဝစဿတာ = ဆိုဆုံးမရလွယ်ကူခြင်းသည် မင်္ဂလာ။

၃။ သမဏာနဉ္စဒဿနံ = ဘုရား၊ ရဟန္တာ၊ အရိယာသူတော်စင်များ၊ ရဟန်း သံဃာတော်များကို ဖူးမြင်ရခြင်းသည် မင်္ဂလာ။

၄။ ကာလေနဓမ္မသာကစ္ဆာ = သင့်လျော် လျောက်ပတ်သောအခါ၌ တရားဆွေးနွေးခြင်းသည် မင်္ဂလာ။

ဤမင်္ဂလာတရားလေးပါးသည် ၃၈-ဖြာ မင်္ဂလာတရားတို့တွင် ဘုရားရှင် အဋ္ဌမ ဟောကြားတော်မူသည့် မင်္ဂလာတရားများဖြစ်ကြသည်။

ဤမင်္ဂလာတရားလေးပါးကို သိမှတ်ရ လွယ်ကူစေရန် ဆရာကြီး ဒဂုံဦးထွန်းမြင့်က ဤသို့ လင်္ကာစီကုံးထားခဲ့သည်။

၁။ ဝတ်စားနေထိုင် ရန်ခပ်သိမ်း၊ စိတ်ကိုချုပ်ထိန်းသည်းခံလေ၊
၂။ ကျိုးကြောင်းပြည့်နှန်းဆုံးမစကားကို ပြောကြားလာကနာလွယ်စေ၊
၃။ သူမြတ်ပုဂ္ဂိုလ်ဟူသမျှ မကြာခဏ တွေ့ဆုံလေ၊
၄။ သဘာဝတွေး မှန်ကန်ရေး ဆွေးနွေးမပြတ်ပေ၊
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

## စကားလုံးတို့၏ အဓိပ္ပာယ်

## ခန္တီ = သည်းခံခြင်းမင်္ဂလာ

သည်းခံခြင်းသည် လောကကျိုး တမလွန်ကျိုးကိုဖြစ်စေပြီး ကြီးပွားချမ်းသာခြင်း၏အကြောင်းဖြစ်၍ မင်္ဂလာဟု ဘုရားရှင်ဟောတော်မူသည်။

ခန္တီဟူသောပါဠိဝေါဟာရ၏ အဓိပ္ပာယ်သည် သည်းခံခြင်းဟူ၍ဖြစ်သည်၊ ချမ်းသာခြင်းကို ကြုံတွေ့ရသော်လည်း မတက်ကြွ၊ မြတ်နိုးခြင်း ခံရပြန်လျှင်လည်း မလှုပ်ရှား၊ မိမိကို မထေမဲ့မြင်ပြုလျှင်လည်း ခွင့်လွှတ်၏၊ ကာယကံမှု၊ ဝစီကံမှုတို့ဖြင့် ကျူးကျော်စော်ကားလာလျှင်လည်း မည်သို့မျှ မတုံ့ပြန်ဘဲ နေထိုင်နိုင်ခြင်း စသည်တို့ကို ခန္တီဟုဆိုလိုပေသည်။

အဘိဓမ္မာသဘောအရ ခန္တီဟူသောသည်းခံခြင်း၏တရားကိုယ်သဘောမှာ အဒေါသ = မေတ္တာတရားဖြစ်သည်၊ မိမိကိုစော်ကားလာသူအပေါ် မေတ္တာမပျက်ခြင်းပင်ဖြစ်သည်၊ မေတ္တာသက်ဝင်ပြီဆိုလျှင် အပြစ်မမြင်တော့ပေ၊ တစ်နည်းအားဖြင့် ခန္တီဟူသောသည်းခံမှုသည် မတရားမှုအဓမ္မသဘောကို ရှင်းလင်းဖယ်ရှားရာ၌ အထက်မြက်ဆုံးသော ဓမ္မနည်းဖြစ်သည်၊ ထို့ကြောင့် ဘုရားရှင်ကိုယ်တော်မြတ်က သည်းခံခြင်းထက်လွန်မြတ်ကောင်းမွန်သော တရားမရှိဟု ဟောတော်မူခြင်းဖြစ်သည်။

လောကဓမ္မတာသဘောအရ ကာယကံအားဖြင့်ဖြစ်စေ၊ ဝစီကံအားဖြင့်ဖြစ်စေ မိမိကိုတစ်နည်းနည်းဖြင့် ရန်ပြုလာလျှင် မိမိကလည်း ပြန်၍တုံ့ပြန်ချင်ကြပေသည်၊ "ကိုယ်တိုင်မတတ်ပေမယ့် လက်ဖက်ထုပ်တတ်သည်"ဟူသော စကားအရ ကိုယ်တိုင်တုံ့ပြန်နိုင်သော အင်အားမရှိလျှင်သော်မှ အခြားတစ်နည်းနည်းဖြင့် တုံ့ပြန်ချင်ကြပေသည်၊ ဤသို့သော သဘောထားနှင့် လုပ်ဆောင်မှုများမှာ ဓမ္မသဘောဘက်မှကြည့်လျှင် တရားသော အလုပ်များ၊ သူတော်သူမြတ်များ ပြုလုပ်ကြသော အလုပ်များမဟုတ်ကြပေ။

ဤသို့လုပ်ဆောင်ပါက အဓမ္မသဘောဖြစ်၍ သူတော်သူမြတ်တို့လုပ်ဆောင်သောအလုပ်မဟုတ်သဖြင့် အဓမ္မအကျိုးဆက်များသာ ဖြစ်ပေါ်လာ

ကြပေမည်၊ ရန်ကိုရန်ချင်းတုံ့ပြန်ခြင်းဖြင့် ရန်မငြိမ်းနိုင်၊ ရန်မလိုမှသာ ရန်ပြိုကာ ရန်ငြိမ်းပေသည်။

## သည်းခံခြင်း၏အကျိုးငါးပါး

သည်းခံသူတို့ရရှိသည့်အကျိုးတရား ငါးပါးရှိသည်၊ ၎င်းငါးပါးမှာ-

၁။ **ဗဟုဇနမနာပ** = လူအများ၏ချစ်ခင်နှစ်သက်မှုရရှိခြင်း၊

၂။ **န ဝေရ ဗဟုလ** = ရန်မများခြင်း၊

၃။ **န ဝဇ္ဇဗဟုလ** = အပြစ်မများခြင်း၊

၄။ **အသံမုဠ္ဍ ကာလင်္ကတ** = မတွေမဝေ သေရခြင်းနှင့်

၅။ **သဂ္ဂပရာယန** = နတ်ရွာ သုဂတိသို့ လားရောက်ရခြင်းတို့ ဖြစ်ကြပေသည်။

## သည်းမခံခြင်း၏အပြစ်ငါးပါး

သည်းမခံသူတို့ရရှိသည့် အကျိုးတရားငါးပါးလည်းရှိသည်၊၎င်းငါးပါးမှာ-

၁။ သူတော်သူမြတ်တို့၏ ကဲ့ရဲ့မှုခံရခြင်း၊

၂။ လူမုန်းများခြင်း၊

၃။ နတ်တို့ မနှစ်သက်ခြင်း၊

၄။ တွေဝေလျက် သေရခြင်းနှင့်

၅။ သေပြီးနောက် အပါယ်သို့လားရခြင်းတို့ ဖြစ်ကြသည်။

အချို့ဆရာတို့က သည်းမခံနိုင်လျှင် ဒေါသဖြစ်သည်၊ ဒေါသသည် အကုသိုလ်ဖြစ်၍ အကုသိုလ်မဖြစ်စေနှင့်၊ အခက်အခဲ ဟူသမျှကို သည်းခံနိုင်မှ ခန္တီဖြစ်နိုင်သည်ဟု ဆုံးမကြသည်၊ လောကဓံနှင့်ကြုံလာလျှင် သည်းခံစိတ်ရှိရမည်၊ ပူခြင်း၊ အေးခြင်း စသော သဘာဝ ဘေးတို့နှင့် ကြုံလာလျှင်လည်း ခန္တီဟူသော သည်းခံမှု၊ စိတ်ရှည်မှုတို့ဖြင့် ကြံ့ကြံ့ခံနိုင်အောင် နေထိုင်လေ့ကျင့်ထားရမည်၊ သို့မှ သူတော်သူမြတ်တို့စိတ်ထားနှင့်ပြည့်စုံသူဖြစ်သည်ဟု ဩဝါဒပေးကြသည်။

## သည်းခံသူ ခန္တိဝါဒီရသေ့ကြီး

ဗာရာဏသီပြည်၌ ကလာဗုမင်းကြီးစိုးစံနေစဉ် ဘုရားအလောင်းတော်သည် ကုဋေရှစ်ဆယ်ကြွယ်ဝသော ပုဏ္ဏားမျိုး၌ဖြစ်နေသည်၊ အမည်အားဖြင့် ကုဏ္ဍလဟုခေါ်သည်၊ ကုဏ္ဍလလုလင်သည် အရွယ်ရောက်သော် တက္ကသိုလ်ပြည်သို့သွားရောက်ပညာသင်ကြားသည်၊ မိဘတို့ကွယ်လွန်သွားကြသောအခါ ငါ့မိဘတို့သည် ပစ္စည်းဥစ္စာတို့ကို ယူမသွားနိုင်ဘဲ ကွယ်လွန်သွားကြပြီဟု စဉ်းစားကာ ရှိသမျှ ပစ္စည်းအားလုံး စွန့်ကြဲပေးကမ်းထားခဲ့ပြီး ရသေ့ဝတ်၍ ဟိမဝန္တာတွင် သူတော်သူမြတ်တို့ အကျင့်ကျင့်နေသည်။

## မင်းဥယျာဉ်၌ သီတင်းသုံးနေပြီ

တစ်နေ့သ၌ ရသေ့သည် ဗာရာဏသီမြို့တွင်းသို့ ဆွမ်းခံလှည့်လည်ရင်း စစ်သူကြီးအိမ်တံခါးသို့ရောက်သွားသည်၊ စစ်သူကြီးသည် ရသေ့ကိုကြည်ညိုသဖြင့် အိမ်သို့ပင့်ပြီး ဆွမ်းဆက်ကပ်လှူဒါန်းသည်၊ ထို့နောက် ရသေ့အား အကျိုးအကြောင်းလျှောက်ထားကာ မင်းဥယျာဉ်၌ ကျောင်းဆောက်လှူဒါန်းပြီး သီတင်းသုံးနေစေသည်။

မင်းကြီးသည် အရက်သေစာသောက်စား ပျော်ပါးရန် ကချေသည်မ တို့ခြံရံလျက် ဥယျာဉ်သို့သွားသည်၊ ဥယျာဉ်သို့ရောက်သောအခါ မင်္ဂလာကျောက်ဖျာ၌ နေရာခင်းစေပြီး ကချေသည်မ တစ်ဦး၏ရင်ခွင်တွင် အိပ်ပျော်သွားသည်၊ မင်းကြီး အိပ်ပျော်နေသဖြင့် တီးမှုတ်ကခုန်နေကြသော ကချေသည်တို့သည် ဖျော်ဖြေမှုများကို ရပ်နားကာ ဥယျာဉ်တွင်းရှိ အင်ကြင်းပင်ရင်း၌ ထိုင်နေသော ရသေ့ထံသွား၍ တရားနာကြသည်။

## ဖျော်ဖြေနေသူတို့ကိုမတွေ့သော်

အိပ်ရာမှ နိုးလာသောမင်းကြီးသည် ဖျော်ဖြေနေသူတို့ကို မတွေ့ရ၍ မေးသည်၊ ရသေ့တစ်ပါးထံသွားပြီး တရားနာနေကြသည်ဟု ကချေသည်မက ဖြေ ကြားသည်၊ မင်းကြီးသည် စိတ်ဆိုးဒေါသထွက်ပြီး သန်လျက်ကိုကိုင်ကာ

ရသေ့ထံအမြန် လိုက်သွားသည်၊ ရသေ့ကိုတွေ့သောအခါ "ရသေ့၊ သင်သည် အဘယ်ဝါဒရှိသနည်း"ဟုမေးမြန်းသည်၊ "ခန္တီဝါဒ"ရှိပါသည်ဟု ရသေ့က ဖြေကြားသည်၊ ထိုအခါ မင်းကြီးက ခန္တီဝါဒ ဆိုသည်မှာ အဘယ်သို့နည်းဟု ထပ်မံမေးပြန်သည်။

## ခန္တီဝါဒဆိုသည်မှာ

ရသေ့ကြီးက ခန္တီဝါဒဆိုသည်မှာ မိမိကိုဆဲဆိုသူအားဖြစ်စေ၊ ရိုက်နှက်သူ၊ ညှဉ်းပန်းနှိပ်စက်စော်ကားသူအားဖြစ်စေ အမျက်ဒေါသမဖြစ်စေဘဲသည်းခံခြင်း ဖြစ်သည်ဟု မိန့်ကြားသည်။

မင်းကြီးသည် သူ၏လက်မရွံ့အာဏာပါးကွက်သားကို ခေါ်လိုက်သည်၊ ဆူးတပ်သော ကျိန်ဖြင့် ရသေ့၏ ကျော၊ ရင်နှင့် နံဘေးနှစ်ဖက်တို့တွင် အချက်ပေါင်း နှစ်ထောင် ရိုက်ခိုင်းသည်၊ အာဏာပါးကွက်သားက ရိုက်ပြီးသော် "ရသေ့၊ သင်အဘယ်ဝါဒရှိသနည်း"ဟု မင်းကြီးက မေးမြန်းပြန်သည်၊ "ခန္တီဝါဒ"ရှိသည်ဟုပင် ရသေ့က ပြန်ဖြေသည်၊ ထိုအခါ ရသေ့၏ လက်နှင့်ခြေတို့ကို အဖြတ်ခိုင်းပြီးနောက် "ရသေ့၊ အဘယ်ဝါဒ ရှိသနည်း"ဟုမေးပြန်သည်၊



ရသေ့ကြီးက ရှေ့နည်းအတိုင်း ပြန်ဖြေကြားသည်၊ ရသေ့၏နား၊ နှာခေါင်းတို့ကို အဖြတ်ခိုင်းပြန်ပြီး ထပ်၍မေးမြန်းသည်၊ ရသေ့ကြီးကား အပြောင်းအလဲ မရှိဘဲ ခန္တီဝါဒရှိသည်ဟုပင် ထပ်မံဖြေကြားသည်။

## ရသေ့၏ရင်ဝကိုခြေဖြင့်ကန်လျက်

ထိုအခါ မင်းကြီးက သင့်ခန္တီဝါဒကို သင်ပဲ ဆက်လက်ထိန်းသိမ်းနေပေတော့ဟု ပြောပြီးလျှင် ရသေ့၏ရင်ဝကို ခြေထောက်ဖြင့်ကန်ကာ ရသေ့အနီးမှထွက်ခွာသွားတော့သည်၊ မင်းကြီးထွက်ခွာသွားပြီး မကြာမီ စစ်သူကြီးရောက်လာသည်၊ စစ်သူကြီးသည် ရသေ့ကိုယ်၌တွေ့မြင်ရသောသွေးများကို သုတ်သင်သန့်ရှင်းပေးပြီး ဤသို့လျှောက်ထားသည်။

"အရှင်ဘုရား၊ အမျက်ထွက်လိုလျှင် အပြစ်ကျူးလွန်သော မင်းကိုသာ အမျက်ထွက်တော်မူပါ၊ တိုင်းသူပြည်သားများအပေါ် အမျက်မထားပါနှင့်ဘုရား"

## မင်းကြီး သက်တော်ရှည်ပါစေ

ထိုအခါ ရသေ့ကြီးက "ငါကဲ့သို့သော ပညာရှိတို့သည် မည်သူ့ကိုမျှ အမျက်မထွက်တတ်ကြပါ၊ ငါ့အား ညှဉ်းပန်းနှိပ်စက်လျက် လက်၊ ခြေ၊ နှာခေါင်းတို့ကို ဖြတ်သော မင်းကြီးသည်လည်း သက်တော်ရှည်ပါစေ"ဟု ဆုတောင်းပေးလေသည်။

ရသေ့ကြီးအား ညှဉ်းပန်းနှိပ်စက်ကာ ရသေ့ကြီးအနီးမှ ထွက်ခွာသွားသော မင်းကြီးသည် ရသေ့ကြီးမြင်နိုင်ရာအရပ်ကို လွန်သွားသော် မြေမျိုခံရကာ အဝီစိငရဲသို့ ကျရောက်သွားလေ၏။

ရသေ့ကြီးသည် ညှဉ်းပန်းနှိပ်စက်ခံရသော ဒဏ်ရာတို့ကြောင့် မကြာမီ ကွယ်လွန်သွားသည်၊ ရသေ့ကြီး၏ ရုပ်အလောင်းကို ပြည်သူတို့က အမွှေးနံ့သာတို့ဖြင့် ပူဇော်ကာ မီးသင်္ဂြိုဟ်လိုက်ကြသည်။

[ဇာတ်တော်ငါးရာ့ငါးဆယ် ခန္တီဝါဒီဇာတ်]

## သည်းခံခြင်း တရားနှင့်ပြည့်စုံသော ပုဏ္ဏမထေရ်

ပုဏ္ဏသည် သုနာပရန္တတိုင်းသားတစ်ဦးဖြစ်သည်၊ လှည်းဖြင့်ကုန်အရောင်းအဝယ်ပြုသည်၊ တစ်နေ့သူသည် သာဝတ္ထိမြို့သို့ရောက်သွားရာ ဘုရားရှင်ထံမှ တရားနာကြားရသဖြင့် ရဟန်းပြုလိုစိတ်ဖြစ်ပေါ်လာသည်၊ သို့ဖြင့် သူ၏ဘဏ္ဍာစိုးကိုခေါ်လျက် ငါ၏ဥစ္စာပစ္စည်းအားလုံးကို ငါ့ညီစူဠပုဏ္ဏအား ပေးပါဟုမှာကြားကာ ပေးထားခဲ့ပြီး ဘုရားရှင်ထံ၌ ရဟန်းပြုခဲ့သည်။

## သာဝတ္ထိမြို့၌နေကာ တရားအားထုတ်သော်လည်း

ရဟန်းဖြစ်ပြီးနောက် ပုဏ္ဏမထေရ်သည် သာဝတ္ထိမြို့၌ပင်နေထိုင်သီတင်းသုံးလျက် ကမ္မဋ္ဌာန်းတရားပွားများအားထုတ်သည်၊ သို့သော် ထူးထူးခြားခြားတရားမရပေ၊ သို့အတွက် ဤအရပ်ဒေသတွင် ဆက်လက် မနေတော့ဘဲ သုနာပရန္တတိုင်းသို့ပင် သွားမည်ဟုကြံစည်သည်၊ ထိုတိုင်းသို့ သွားလိုကြောင်းကိုလည်း ဘုရားရှင်ထံ အခွင့်တောင်းသည်၊ ဘုရားရှင်သည် ပုဏ္ဏမထေရ်အားဆုံးမဩဝါဒများ မိန့်ကြားသည်၊ ခန္တီတရားနှင့်ပြည့်စုံသော မထေရ်ဟုသိတော်မူသဖြင့် သုနာပရန္တတိုင်းသို့သွားရန် ခွင့်ပေးတော်မူသည်။

ထို့နောက် ဘုရားရှင်က ဤသို့မေးတော်မူသည်။

"ပုဏ္ဏ၊ သုနာပရန္တတိုင်းသားတို့သည် အမျက်ထွက်လွယ်တတ်ကြကုန်၏၊ ကြမ်းတမ်းကြကုန်၏၊ သင့်ကို သူတို့က ဆဲရေးကြသော် သင်မည်သို့သဘောထားမည်နည်း"

ပုဏ္ဏမထေရ်က ဘုရားရှင်အား ဤသို့ ပြန်ကြားလျှောက်ထားသည်။

## အလွန်ကောင်းကြပါ၏ဟု သဘောထားပါမည်

"အရှင်ဘုရား၊ သူတို့က တပည့်တော်ကို ဆဲရေးရုံသာ ဆဲရေးကြပါသေးသည်၊ လက်ဖြင့် ကာယကံမြောက် ရိုက်နှက်ပုတ်ခတ်ခြင်း မပြုကြသေးပါ၊ သို့အတွက် သူတို့သည် ကောင်းကြပါပေကုန်၏၊ အလွန်ပင် ကောင်းကြပါပေကုန်၏ဟု သဘောထားပါမည်ဘုရား"

ထို့နောက် ဘုရားရှင်ကမေးမြန်းသဖြင့် မထေရ်ကလည်း ဆက်၍ပြန်လည်ဖြေကြားသည်။

"ပုဏ္ဏ၊ သူတို့က လက်ဖြင့် ကာယကံမြောက် ရိုက်နှက်ပုတ်ခတ်ကြသော် သင်မည်သို့ သဘောထားမည်နည်း"

## လက်ဖြင့်ရိုက်နှက်သော်လည်း ခဲဖြင့်မပစ်သေး၍

"အရှင်ဘုရား၊ သူတို့သည် တပည့်တော်ကို ကာယကံမြောက်လက်ဖြင့် ပုတ်ခတ်ရိုက်နှက်ကြသော် ခဲဖြင့် မပစ်ကြသေး၍ သူတို့သည်ကောင်းကြပါပေကုန်၏၊ အလွန်ပင်ကောင်းကြပါပေကုန်၏ဟု သဘောထားပါမည်ဘုရား"

"ပုဏ္ဏ၊ ခဲဖြင့် ပစ်ခတ်ကြသော် သင်မည်သို့သဘောထားမည်နည်း"

## တင်းပုတ်ဖြင့် မထုသေး၍

"အရှင်ဘုရား၊ ခဲဖြင့်ပစ်ကြသော်လည်း တောင်ဝှေး၊ တင်းပုတ်တို့ဖြင့် မရိုက်မထုကြသေး၍ သူတို့သည် ကောင်းကြပါပေကုန်၏၊ အလွန်ပင်ကောင်းကြပါပေကုန်၏ဟု သဘောထားပါမည်ဘုရား"

"ပုဏ္ဏ၊ တောင်ဝှေး၊ တင်းပုတ်တို့ဖြင့် ရိုက်ပုတ်ကြသော် သင်မည်သို့ သဘောထားမည်နည်း"

"အရှင်ဘုရား၊ တောင်ဝှေး၊ တင်းပုတ်တို့ဖြင့် ရိုက်ပုတ်ထုနှက်ကြသော်လည်း ထက်စွာသော ဓားလက်နက်ကိရိယာတို့ကို အသုံးမပြုကြသေး၍ သူတို့သည်ကောင်းကြပါပေကုန်၏၊ အလွန်ပင်ကောင်းကြပါပေကုန်၏ဟု သဘောထားပါမည်ဘုရား"

"ပုဏ္ဏ၊ ထက်စွာသော ဓား လက်နက်ကိရိယာတို့ကို အသုံးပြုကြသော် သင်မည်သို့ သဘောထားမည်နည်း"

## အသက်သေအောင် မသတ်ကြသေး၍

"အရှင်ဘုရား၊ ထက်စွာသောဓားလက်နက်ကိရိယာတို့ကို အသုံးပြုကြသော်လည်း အသက်သေအောင် မသတ်ကြသေး၍ သူတို့သည် ကောင်းကြပါပေကုန်၏၊ အလွန်ပင်ကောင်းကြပါပေကုန်၏ဟု သဘောထားပါမည်ဘုရား"

"ပုဏ္ဏ၊ အသက်သေအောင် သတ်ကြသော် သင်မည်သို့ သဘောထားမည်နည်း"

"အရှင်ဘုရား၊ အသက်သေအောင်သတ်ကြသော် ဘုရားရှင်၏တပည့်တို့တွင် အချို့သည် ကိုယ်အားဖြင့်ဖြစ်စေ၊ အသက်အားဖြင့်ဖြစ်စေ၊ အသက်ရှည်နေရခြင်းကို ငြီးငွေ့နေကြပါကုန်၏၊ ထို့ကြောင့် ထိုသို့ အသက်သေအောင် ပြုလုပ်ပေးကြသဖြင့် သူတို့သည် ကောင်းကြပါပေကုန်၏၊ အလွန်ပင်ကောင်းကြပါပေကုန်၏ဟု သဘောထားပါမည်ဘုရား"

မထေရ်က ထိုသို့ဖြေကြားသော် သာဓု၊ သာဓု၊ သာဓုဟု ဘုရားရှင်က ခေါ်ဆိုတော်မူ၏၊ ထို့နောက် ခန္တီတရားနှင့် ပြည့်စုံသောသင်သည် သုနာပရန္တတိုင်း၌ နေနိုင်လိမ့်မည်ဟု မိန့်ကြားလျက် သွားခွင့်ပြုတော်မူသည်။

ပုဏ္ဏမထေရ်သည် သုနာပရန္တတိုင်းသို့ ကြွသွားကာ မကုလကကျောင်း၌ ဝါဆိုဝါကပ်ပြီး နေထိုင်သီတင်းသုံးသည်၊ သီတင်းသုံးရာကျောင်းတွင် တရားဘာဝနာ ပွားများအားထုတ်သဖြင့် ဝိဇ္ဇာသုံးပါး ရရှိပြီးနောက် ပရိနိဗ္ဗာန်စံဝင်တော်မူသည်။

[ ပုဏ္ဏောဝါဒသုတ် ]

## သည်းခံစိတ်မရှိ၍ မြေမျိုခံရသူ

ဗာရာဏသီပြည်၌ မဟာပတာပမင်းကြီး စိုးစံအုပ်ချုပ်နေသည်၊ မိဖုရားကြီးမှာ စန္ဒာဒေဝီဖြစ်သည်၊ ဘုရားအလောင်းတော်ကား ထိုမင်းမိဖုရား တို့၏ သားတော်လေးဖြစ်နေသည်၊ အမည်အားဖြင့် စူဠဓမ္မပါလဟုခေါ်ကြသည်။

### သားလေးနှင့်ကျီစယ်နေစဉ်

မင်းသားလေးစူဠဓမ္မပါလ ခုနစ်နှစ်သားအရွယ်ရောက်သော် မယ်တော်ကြီး စန္ဒာဒေဝီသည် ချစ်မြတ်နိုးလှသော သားလေးကို သူ့အခန်းတွင်း၌ ကလူကျီစယ်နေသည်၊ မင်းကြီးမဟာပတာပအခန်းတွင်းသို့ ဝင်လာသည်ကို မိဖုရား

ကြီးက သတိမထားမိလိုက်၊ သို့ဖြင့် နေရာမှထပေးခြင်း၊ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုစကားပြောမိခြင်းလည်း မရှိဖြစ်သွားသည်။

## မင်းကြီး သည်းမခံနိုင်ဖြစ်သွား၍

မိဖုရားကြီးက သားလေးကို ကျီစယ်ကာနှစ်နှစ်ကာကာ မြတ်နိုးနေသည်ကို မြင်ရသဖြင့် မင်းကြီးမကျေမနပ်ဖြစ်သွားသည်၊ ဒေါသလည်းထွက်လျက် မိဖုရားကြီး၏ပြုလုပ်နေထိုင်ပုံကို ခွင့်မလွှတ်၊ သည်းမခံနိုင်ဖြစ်သွားသည်၊ သို့ဖြင့် မင်းကြီးသည် ရာဇပလ္လင်ကိုပင် မဆည်နိုင်တော့ဘဲ မိဖုရားကြီးအခန်းမှ သုတ်သီးသုတ်ပျာ ပြန်ထွက်သွားသည်၊ ဤမိဖုရားကြီးသည် သားငယ်စဉ်ကပင် သားကိုအားကိုးလျက် သားမာန်တက်နေသည်၊ သည်သားကြီးလာလျှင် ငါ့ကို လေးလေးစားစား မရှိသည့်အပြင် လူရာပင် သွင်းချင်လိမ့်မည်မဟုတ်၊ သည်သားကို ယခုလို ငယ်ရွယ်စဉ်ကပင် အပြတ်ရှင်းပစ်မှ ဖြစ်မည်ဟု ကြံစည်စိတ်ကူးကာ အခန်းတွင်းမှ ထွက်လာခဲ့ခြင်းဖြစ်သည်။

မိဖုရားကြီးသည် မင်းကြီး၏ အမူအရာကို နားလည်လိုက်သောကြောင့် ဝမ်းနည်းပက်လက်ဖြစ်ကာ သားတော်လေးကို ယုယုယယ ပိုက်ထွေးထားလျက် ငိုနေသည်။

ထိုအခိုက် အာဏာပါးကွက်သားအချို့ မင်းကြီး၏အမိန့်အရ မိဖုရားကြီးအခန်းတွင်းသို့ ဝင်လာကြသည်၊ သူတို့သည် နီသောပန်းများ ပန်ဆင်ထားပြီး ပခုံး၌ ပုဆိန်များလွယ်ထားကြသည်၊ လက်ထဲ၌ စဉ်းတီတုံးကိုလည်း ကိုင်ထားကြသည်၊ ထို့နောက် မိဖုရားကြီးကျောပြင်ကို ထုနှက်ရိုက်ပုတ်ကာ သားတော်လေးကို တရကြမ်းဆွဲယူသွားကြသည်။

မင်းကြီးရှေ့တော်သို့ရောက်သော် အရှင်မင်းကြီး၊ သားငယ်ကို မည်သို့ဆက်လက်ပြုလုပ်ရပါမည်နည်းဟု လျှောက်ထားမေးမြန်းကြသည်၊ မင်းကြီးက ပျဉ်ပြားတစ်ချပ်ပေါ်တွင် ပက်လက်ချထားကြဟု အမိန့်ပေးသည်။

## မိမိ၏လက်ကိုသာဖြတ်ပါ

ထိုခဏမှာပင် သည်းထန်စွာငိုကြွေးရင်း မိဖုရားကြီး ရောက်လာသည်၊

သားငယ်လေး၏ လက်နှစ်ဖက်ကို ဖြတ်ပစ်ရန် မင်းကြီးက အမိန့်ပေးသည်၊ မိဖုရားကြီးက သူ၏လက်နှစ်ဖက်ကို ထိုးပေးသည်၊ သားငယ်မှာ ဘာအပြစ်မှ မရှိပါ၊ မိမိသာအပြစ်ရှိသူဖြစ်၍ မိမိ၏လက်ကိုသာ ဖြတ်ပါဟုလည်း လျှောက်ထားသည်။



သို့သော် အမိန့်အရ အာဏာပါးကွက်သားတို့က မင်းသားလေး၏ လက်နှစ်ဖက်ကိုသာ ဖြတ်လိုက်ကြသည်၊ ပြတ်သွားသော လက်နှစ်ဖက်ကို မိဖုရားကြီးက ကောက်ယူထားလိုက်သည်။

## ကျွန်မလုပ်ကျွေးပါမည်၊ သားငယ်ကိုပေးပါ

မင်းသားငယ်၏ခြေနှစ်ဖက်ကိုဆက်၍ ဖြတ်ကြဟု မင်းကြီးက အမိန့်ပေးပြန်သည်၊ မိဖုရားကြီးက သူ့ခြေထောက်များကို ထိုးပေးရင်း မင်းသားလေး၏ ခြေထောက်မဖြတ်ရန်တောင်းပန်သည်၊ သို့သော် မရ၊ ဖြတ်ပစ်လိုက်ကြသည်၊ ပြတ်သွားသော ခြေထောက်ကလေးများကို ကောက်ယူရင်း အရှင်မင်းကြီး၊ လက်ခြေမရှိသောသားကို ကျွန်မပြုစုလုပ်ကျွေးပါမည်၊ သားငယ်ကို ပေးပါဟု တောင်းဆိုသည်။ မင်းကြီးသည် မိဖုရားကြီးတောင်းပန်သော စကားကို

အလေးမထား၊ တန့်နိုခံစားနေရသော ခန္တီကင်းမဲ့သည့် စိတ်ထားဖြင့် မင်းသားလေး၏ခေါင်းကိုပါ ဖြတ်ပစ်လိုက်ကြဟုဆက်၍ မိန့်ကြားသည်၊ မိဖုရားကြီးက သူ၏ဦးခေါင်းကို ညွှတ်ပေးရင်း သူ့ခေါင်းကိုသာဖြတ်ပါဟု ဆက်၍တောင်းပန်လျှောက်ထားသေးသည်၊ သို့ရာတွင် မင်းသားလေး၏ခေါင်းကိုသာ ဖြတ်လိုက်ကြသည်၊ ထို့နောက် မင်းသားလေး၏ကျန်သော ကိုယ်ခန္ဓာကိုအပေါ်သို့မြှောက်ကာအောက်မှ ဓားဖြင့်ခံလျက် ကစားစေသည်။

စန္ဒာဒေဝီမိဖုရားကြီးသည် မျက်မြင်တွေ့ရသော အနိဋ္ဌာရုံများနှင့် ခန္တီတရားကင်းမဲ့လှသော မင်းကြီး၏ စိတ်နေသဘောထားများကြောင့် ပြင်းထန်စွာသောက မီးတောက်လောင်လျက် နှလုံးကွဲကာ ကွယ်လွန်သွားရှာတော့သည်၊ မဟာပတာပမင်းကြီးသည် ထိုခဏမှာပင် နန်းပြာသာဒ်ပေါ်မှ မြေပြင်သို့ ဆင်းလာသည်၊ သူမြေပြင်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် မြေမျိုခံရပြီး သူသည် အဝီစိငရဲသို့ ကျရောက်သွားလေတော့သည်။

စူဠဓမ္မပါလ မင်းသားသည် ဘုရားအလောင်းတော်ဖြစ်သည်၊ မဟာပတာပမင်းကား ဒေဝဒတ်လောင်းလျာ၊ စန္ဒာဒေဝီမိဖုရားကြီးသည် မိထွေးတော်မဟာပဇာပတိဂေါတမီလောင်းလျာဖြစ်သည်။

[ ဇာတ်တော်ငါးရာ့ငါးဆယ်၊ ပဉ္စကနိပါတ်၊ စူဠဓမ္မပါလဇာတ် ]

---

## သောဝစဿတာမင်္ဂလာ

အကျိုးအကြောင်းပြောဆို ဆုံးမရ လွယ်ကူသူကို သုဗ္ဗစ၊ တစ်နည်းအားဖြင့် သုဝစဟုခေါ်သည်၊ ထိုသုဝစဂုဏ်နှင့် ပြည့်စုံသူကို သောဝစဿတာ မင်္ဂလာရှိသူဟု ဘုရားရှင်ဟောတော်မူသည်၊ ပြောဆိုဆုံးမသည်ကို လွယ်ကူစွာလက်ခံလိုက်နာခြင်းသည် ပစ္စုပ္ပန် သံသရာနှစ်ဖြာသော ကောင်းကျိုးကိုရစေနိုင်၊ ဖြစ်စေနိုင်သောကြောင့် မင်္ဂလာဟု ဘုရားရှင် ဟောတော်မူခြင်း ဖြစ်သည်။

ဆန့်ကျင်ဘက်အားဖြင့် အကျိုးအကြောင်းပြကာ ပြောဆို ဆုံးမသော်လည်း မလိုက်နာသူ၊ အပြောရ အဆိုရခက်သူကို ဒုဗ္ဗစဟုခေါ်သည်၊ ဒုဗ္ဗစ

ပုဂ္ဂိုလ်သည် ကောင်းစေလို၍ ပြောဆိုသည်ကို လိုက်နာ လုပ်ဆောင်မှု မရှိသဖြင့် သူ့အတွက် ကောင်းကျိုးမင်္ဂလာ မဖြစ်နိုင်ပေ၊ ကောင်းကျိုးမင်္ဂလာ မရှိသူသည် ပစ္စုပ္ပန် သံသရာ နှစ်ဖြာသော လောက၌လည်း ကောင်းကျိုးကို ရရှိခံစားရလိမ့်မည် မဟုတ်ပေ။

လောကဓမ္မတာအားဖြင့် လူတိုင်းလူတိုင်းသည် ကောင်းကျိုးကိုသာ ရလို၊ ခံစားလိုကြသည်၊ မကောင်းကျိုးကိုမူ မရလိုကြ၊ မခံစားလိုကြ၊ သို့ဖြစ်လျှင် မင်္ဂလာရှိသော အလုပ်ကိုသာလုပ်ကြရမည်၊ မင်္ဂလာမဲ့သော အမင်္ဂလာအလုပ်ကို မလုပ်သင့်ပေ။

## ဆရာအစဉ်အဆက်တို့ပြောဆိုပုံ

ပြောဆိုဆုံးမသည်ကို လိုက်နာပြုကျင့်ရာ၌ သုံးမျိုးရှိကြောင်း ဆရာအစဉ်အဆက်တို့ ပြောဆိုလေ့ ရှိကြသည်။

**ပထမတစ်မျိုးမှာ** မိဘ၊ ဆရာသမား စသူတို့က အကျိုးအကြောင်းပြလျက် ပြောဆိုဆုံးမကြသည်ကို လွယ်ကူစွာ လိုက်နာပြုကျင့် လုပ်ဆောင်တတ်ခြင်း၊

**ဒုတိယတစ်မျိုးမှာ** တန်းတူရွယ်တူ၊ အသိတူ၊ အဆင့်တူလုပ်ဖော်ကိုင်ဖက်တို့က အကျိုးအကြောင်းပြကာ ပြောဆိုအကြံပေးကြသည်၊ ထိုသို့အကြံပေးသည်ကို လွယ်ကူစွာလိုက်နာလုပ်ဆောင်တတ်ခြင်း၊

**တတိယအမျိုးအစားမှာ** မိမိ၏သားသမီး၊ မိမိအောက်အဆင့်နိမ့်သူ၊ တပည့်စသည်တို့က အကျိုးအကြောင်းပြကာ တင်ပြကြသည်၊ ထိုသို့ တင်ပြကြသည်ကို လွယ်ကူစွာလိုက်နာလုပ်ဆောင်တတ်ခြင်းတို့ဖြစ်သည်။

ငါသိ၊ ငါတတ်၊ ငါကအကြီးစသည်ဖြင့် မောက်မာသောသဘောထားမရှိဘဲ အကျိုးအကြောင်းပြပြောဆိုသမျှ လိုက်နာလုပ်ဆောင်လျှင် အကျိုးရှိသည်သာဖြစ်သည်၊ ဘုရားမှတစ်ပါး လူတိုင်းသည် အမှားမကင်းနိုင်ပေ၊ အချို့က အသက်ကြီး၍၊ ရာထူးကြီး၍၊ အသိပိုရှိသည်ဟု ယူဆတတ်ကြသည်၊ ဤအယူအဆမှာ ခြွင်းချက်ရှိသည်၊ နေရာတိုင်းမမှန်နိုင်ပေ။

အသက်နှင့်အသိသည် တခြားစီဖြစ်သည်၊ အသက်ကြီးတိုင်း ပို၍ အသိရှိသည်ဟု မဆိုနိုင်ပေ၊ အသက်ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ အကျိုးအကြောင်း မှန်မှန်ဖြင့် ပြောဆိုသည်ကို လက်ခံတတ်ဖို့သာ လိုရင်းဖြစ်သည်။

## ဆရာ့စကားနားထောင်၍ မင်းဖြစ်သူ

သားတော်ပေါင်းတစ်ရာရှိသည့်ဗြဟ္မဒတ်မင်းကြီးသည် ဗာရာဏသီပြည်၌ မင်းပြုစိုးစံနေသည်၊ သားတော်အငယ်ဆုံးမှာ သံဝရမင်းသားဖြစ်သည်၊ သူ့ကို ပညာသင်ပေးသောအမတ်သည် ဘုရားအလောင်းတော်ဖြစ်သည်၊ မင်းကြီးသည် သားတော်များအား အမတ်တစ်ယောက်စီအထံ၌ ပညာသင်ပေးရန် အပ်နှံသည်၊ ပညာသင်ပြီးသော သားတော်တို့ကို ဇနပုဒ်မြို့များသို့ စေလွှတ်သည်၊ သားတော်တို့ရောက်ရာ ဇနပုဒ်များကိုလည်း သူတို့အတွက် အပိုင်စားပေးသည်။

သားတော်အငယ်ဆုံးသံဝရမင်းသားသည် အခြားသားတော်တို့ကဲ့သို့ ဇနပုဒ်ဒေသများသို့ မသွားလို၊ ထိုဒေသများသို့ မသွားရစေရန်နည်းလမ်းပေးဖို့ ဆရာဖြစ်သူ ဘုရားလောင်းအမတ်ထံ အကြံဉာဏ်တောင်းသည်၊ ဘုရားလောင်းအမတ်ကား စဉ်းစားချင့်ချိန်တတ်သည်၊ မင်းရေးမင်းရာတို့၌ လိမ္မာသည်၊ ကျွမ်းကျင်သည်၊ သံဝရမင်းသားကိုလည်း ဇနပုဒ်များသို့ မသွားရစေရန် ဤသို့လျှောက်ထားဟု အကြံပေးသည်။

## အနီး၌နေကာ ပြုစုလိုပါသည်

"ခမည်းတော်ဘုရား၊ သားတော်သည် အငယ်ဆုံးသားတော်ဖြစ်ပါသည်၊ သားတော် ဇနပုဒ်သို့ သွားလျှင် ခမည်းတော်ခြေရင်း၌ လုပ်ကျွေးပြုစုမည့် သားတော်မရှိဖြစ်နေပါသည်၊ သို့အတွက် သားတော်သည် ခမည်းတော်ကြီး၏ အနီး၌နေကာ လုပ်ကျွေးပြုစုလိုပါသည်"

သားတော်လျှောက်ထားသော စကားကို မင်းကြီးလွန်စွာ သဘောကျသည်၊ သို့အတွက် သားတော်အငယ်ဆုံး သံဝရမင်းသားကို သူ၏အနီး၌ နေကာ ခြေရင်းအလုပ်အကျွေးအဖြစ် ပြုစုရန် ခွင့်ပေးလိုက်သည်။

သံဝရမင်းသားသည် မင်းကြီးအနီး၌ နေခွင့်ရသော် အခြားဆက်လက်လုပ်ဆောင်ရမည့် အလုပ်များနှင့် ထမ်းဆောင်သင့်သည့် တာဝန်များကို ဆရာဖြစ်သူ အမတ်ထံ အကြံဉာဏ်တောင်းသည်၊ ဆရာ၏ညွှန်ကြား ဆုံးမမှု အတိုင်း လိုက်နာလုပ်ဆောင်သည်၊ ဥယျာဉ်များတွင် ပန်းပင်များ၊ စားပင် သီးပင်များစိုက်ပျိုးရန် ဆရာ၏ အကြံပြုချက်အတိုင်း စိုက်ပျိုးသည်၊ ထွက်ရှိသော ပန်းများနှင့် စားသောက်ဖွယ် အသီးအရွက်တို့ကို အမတ်ကြီးများ၊ စစ်မှုထမ်းများနှင့် ထောက်ပံ့ပေးကမ်းသင့်သူတို့အား ပေးကမ်းချီးမြှင့်သည်၊ အခြားသော နန်းတွင်းသူ နန်းတွင်းသားများအား ကျွေးမွေးရမည့်တာဝန်ကို လွှဲယူလျက် အများသဘောကျအောင် ဆောင်ရွက်ပေးသည်။

မင်းသား၏ လုပ်ဆောင်ချက်များ ကောင်းမွန်သဖြင့် နန်းတွင်းနန်းပြင်ရှိ ပြည်သူများက သံဝရမင်းသားကို ချစ်ခင်လေးစား မြတ်နိုးလာကြသည်၊ မင်းသား၏ ကောင်းသတင်းသည် ပြည်လုံးအနှံ့ကျော်ကြားလာသည်၊ တစ်နေ့တွင် ခမည်းတော်မင်းကြီး မကျန်းမမာဖြစ်၍ ညောင်စောင်းတော်၌ လဲလျောင်းနေသည်၊ ထိုအခါ အမတ်တို့က အကယ်၍ မင်းတရားကြီး နတ်ရွာစံသော်မည်သည့် သားတော်အား ထီးနန်းအရိုက်အရာ လွှဲအပ်ရပါမည်နည်းဟု လျှောက်ထားမေးမြန်းကြသည်၊ "ငါ့သားတော်အားလုံး ထီးနန်းအရိုက်အရာနှင့်ထိုက်တန်သူချည်း ဖြစ်သည်၊ သင်တို့နှစ်သက်သူကို ထီးနန်းပေးကြ"ဟု မင်းကြီးက ပြန်လည်မိန့်ကြားခဲ့သည်။

## သံဝရမင်းသားကို မင်းမြှောက်ကြပြီ

နောက်မကြာမီ မင်းကြီးနတ်ရွာစံသွားသည်၊ အမတ်များသည် မင်းကြီး၏ ရုပ်ကလာပ်ကို ကောင်းစွာသင်္ဂြိုဟ်ကြကာ သံဝရမင်းသားအား အဘိသိက်သွန်းလျက် မင်းအဖြစ် တင်မြှောက်လိုက်ကြသည်၊ သံဝရမင်းသားသည် မင်းကျင့်တရားများနှင့်အညီ အုပ်ချုပ်သည်၊ ပြည်သူပြည်သားတို့ကလည်း အေးချမ်းစွာ နေထိုင်ရသဖြင့် မင်းသားအပေါ် မေတ္တာထားကာ မင်းသား၏ အုပ်ချုပ်မှု အောက်၌ပင် ပျော်ရွှင်စွာ နေထိုင်နေကြသည်။

ခမည်းတော်မင်းကြီးကွယ်လွန်ကာ အငယ်ဆုံးညီထွေး သံဝရမင်းသား ထီးနန်းစံနေသည်ဟူသော သတင်းကြောင့် ဇနပုဒ်ရောက်နေသူ ကိုးဆယ့်ကိုး ယောက်သော နောင်တော် မင်းသားတို့က မကျေနပ်ကြ၊ အားလုံး စုဝေး တိုင်ပင်ကြပြီး နောင်တော်အကြီးဆုံး ဥပေါသထမင်းသားကို နန်းတင်ရန် ဆုံးဖြတ်ကြသည်၊ ထိုသို့ ဆုံးဖြတ်ကြပြီး စစ်သည်ဗိုလ်ပါ စုဆောင်းလျက် နေပြည်တော်သို့ ချီတက်လာကြသည်၊ စစ်တိုက်မည်လော၊ ထီးနန်းအပ်မည် လောဟု ရာဇသံပေးပြီး မြို့ကို ဝိုင်းထားကြသည်။

## ဆရာစကား နားထောင်လိုက်နာသည့် အကျိုး

သံဝရမင်းသားသည် ဆရာဖြစ်သူ၏ညွှန်ပြအကြံပြုချက်နှင့်အညီ ဤသို့ ပြန်ကြားလိုက်သည်။

"နောင်တော်တို့နှင့်စစ်မထိုးလိုပါ၊ ခမည်းတော်၏အမွေအစုစုကို အပုံ တစ်ရာပုံလျက် ကိုးဆယ့်ကိုးပုံကို နောင်တော်တို့ယူကြပါ"

မင်းဖြစ်နေသူညီငယ်ထံမှ ယင်းသို့ အကြောင်းပြန်စာရရှိသဖြင့် ညီနောင် မင်းသားများက သူတို့ ၏သဘောထားပြောင်းရန် တိုင်ပင်ဆုံးဖြတ်ကြသည်၊ ညီငယ်သည် ငါတို့အပေါ် ရန်မလို၊ စစ်လည်းမတိုက်လို၊ အဖအမွေကိုလည်း အသီးသီးလာယူကြပါဟု ကမ်းလှမ်းသည်၊ တိုင်းသူပြည်သားများနှင့် နန်းတွင်း သူနန်းတွင်းသားများကလည်း ညီငယ်၏အုပ်ချုပ်မှုကို လက်ခံကျေနပ်နေကြ သည်၊ တရားနှင့်အညီ အုပ်ချုပ်သူဟုလည်း သိမှတ်ထားကြသည်၊ ညီငယ်သာ မင်းပြုပါစေ၊ ဤသို့ သဘောတူဆုံးဖြတ်လျက် မြို့တွင်းသို့ နောင်တော်တို့ ဝင်လာကြသည်။

သံဝရမင်းကြီးသည် နောင်တော်တို့အား ကောင်းမွန်စွာ ခရီးဦးကြိုဆို ဧည့်ခံသည်၊ နောင်တော်များက အခြေအနေအကြောင်းစုံကို သိရှိကြပြီဖြစ်၍ "ညီငယ်သာဆက်လက်မင်းပြုပါ၊ ညီငယ်၏မင်းအဖြစ်ကို နောင်တော် ၉၉ ယောက်တို့အားလုံး သဘောတူကြပါသည်"ဟု ကတိပေးပြီး သူတို့ဒေသ အသီးသီးသို့ ပြန်သွားကြသည်။

ဤသည်မှာ အမြော်အမြင်ရှိသူ ဆရာ၏စကားကို လိုက်နာပြုကျင့်သဖြင့် မင်းအဖြစ်ရရှိခံစားစံစားရသည့်အကျိုးတရားပင်ဖြစ်သည်။

**[ဇာတ်တော်ငါးရာ့ငါးဆယ်၊ ဧကာဒသကနိပါတ်၊ သံဝရဇာတ်]**

## တပည့်စကား နားမထောင်၍ သေရသူ

ရှေးလွန်လေပြီးသောအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြု စိုးစံနေသည်၊ ဘုရားအလောင်းလုလင်သည် လှံခုန်အတတ်ပညာရှင်ဆရာတစ်ဦးအထံ၌ ထိုအတတ်ပညာသင်ယူနေသည်၊ ဘုရားလောင်း၏ ဆရာသည် လှံလေးစင်းထောင်ထားသည်ကို လွန်မြောက်အောင် ခုန်နိုင်သူဖြစ်သည်၊ ဆရာ တပည့်နှစ်ယောက်တို့သည် မြို့ရွာအနှံ့သို့ လှည့်လည်ကာ ထိုပညာကို ပြသခြင်းဖြင့် အခကြေးငွေ ရယူကြသည်။

ဆရာဖြစ်သူသည် အရက်သေစာ သောက်စားမူးယစ်တတ်သည်၊ သူ၏ အရက်သောက်မှုကြောင့် တစ်ခါတစ်ခါ ပညာပြရင်း မအောင်မမြင် ဖြစ်တတ်သည်၊ တစ်နေ့သ၌ ရွာငယ်တစ်ရွာသို့အရောက်တွင် လှံလေးစင်း လွတ်အောင် ခုန်နိုင်သော ဆရာတပည့်ပညာပြမည်ဟု ကြားသိကြ၍ လူအများလာရောက်ကြည့်ရှုကြသည်၊ ထိုနေ့က ဆရာအရက်မူးနေသည်၊ အရက်မူးနေသောကြောင့်စကားကို မှန်မှန်မပြောနိုင်၊ လှံငါးစင်းထောင်ထားပါ၊ လွတ်အောင်ခုန်ပြမည်ဟု ပြောနေသည်၊ သို့ဖြင့် လှံငါးစင်းထောင်ထားကြသည်။

တပည့်လုလင်က ထိုသို့မပြုလုပ်ရန် တားသည်၊ ဆရာတတ်ထားသော ပညာမှာ လှံလေးစင်း တန်းစီထောင်ထားသည်ကိုသာ လွတ်အောင်ခုန်နိုင်သော အတတ်ပညာဖြစ်သည်၊ လှံငါးစင်း ထောင်ထားပြီး ခုန်လျှင် ဆရာ့အတွက် အန္တရာယ်ဖြစ်နိုင်သည်၊ သို့အတွက် လှံလေးစင်းကိုသာ တန်းစီထောင်ခိုင်းပြီး ပညာပြပါဟု တပည့်ကတောင်းပန်သည်။

### တပည့်အကြံဉာဏ်ကိုပယ်၍

သို့သော် ဆရာသည် တပည့်ပေးသော အကြံဉာဏ်ကို လက်မခံ၊ ငါက ဆရာဖြစ်သည်ဟုပြောကာ တပည့်စကားကို ငြင်းပယ်သည်၊ တပည့်သည်

အကျိုးအကြောင်းပြကာ ပြောဆိုသော်လည်း ဆရာကမလိုက်နာ၊ သို့ဖြင့် တပည့်သည် အခြားပွဲကြည့်ပရိသတ်နှင့်အတူ ဆရာခုန်မည့် အခြေအနေကိုသာ စိတ်မချမ်းမြေ့စွာဖြင့် စောင့်ကြည့်နေသည်၊ ဆရာသည် ထောင်ထားသော လှံငါးစင်းကို ခုန်လိုက်ရာ လေးစင်းကို ကျော်လွှန်သွားသည်၊ ငါးစင်းမြောက်ထောင်ထားသော လှံကိုမူ မကျော်နိုင်ချေ၊ ဆရာသည် ထိုငါးစင်းမြောက်လှံ၌ ပန်းသီထားသကဲ့ စူးသီနေကာ အသက်ဆုံးရှုံးသွားတော့သည်။

## အသက်နှင့်အသိ

အရာရာ၌ အသက်ကြီး၍၊ ဆရာဖြစ်၍၊ ငယ်သူထက်သာသည်၊ တပည့်ထက် ပိုမိုစဉ်းစားဉာဏ်ရှိသည်ဟု တရားသေ မယူဆသင့်ပေ၊ အချို့နေရာ၌ အသက်ကြီးမှုသည် အသိကြီးမှုနှင့်မဆိုင်၊ အရင်မွေး၍ အသက်ကြီးတိုင်း အသိပညာ ပိုကြီးသည်ဟုမဆိုနိုင်၊ အပြောအဆိုခက်သည့်အရာ၌ ကြီးငယ်မဟူ အပြောအဆို ခက်သူ ဒုဗ္ဗစများ ရှိတတ်ကြသည်၊ အချို့က အသက်ငယ်ငယ်ရွယ်ရွယ်ဖြင့် ဒုဗ္ဗစလေးများဖြစ်နေကြသည်၊ အချို့ကမူ အသက်ကြီးသော်လည်း အသိမကြီးဘဲ ဒုဗ္ဗစကြီးများဖြစ်နေတတ်သူများလည်းရှိကြသည်။

အပြောရ အဆိုရခက်သူ ဒုဗ္ဗစများသည် ဆိုးကျိုးနှင့် ရင်ဆိုင်ရတတ်သည်၊ ငယ်သူဖြစ်စေကာမူ အကျိုးသင့်အကြောင်းသင့် စဉ်းစားတတ်သူများရှိကြသည်၊ မည်သို့ပင်ဖြစ်စေ ကြီးငယ်မဟူ သုဗ္ဗစဖြစ်၍၊ အပြောရ၊ အဆိုရလွယ်ကူသူများ၊ အကြောင်းအကျိုးပြ ပြောဆိုသည်ကို လိုက်နာလုပ်ဆောင်တတ်သူများသည်သာ သောဝစဿတာ မင်္ဂလာနှင့် ပြည့်စုံသူဖြစ်သည်၊ သောဝစဿတာမင်္ဂလာနှင့် ပြည့်စုံအောင်သာ ကြိုးစားလိုက်နာ လုပ်ဆောင်နေထိုင်သင့်ကြပေသည်။

[ဇာတ်တော်ငါးရာ့ငါးဆယ်၊ ဧကကနိပါတ်၊ ဒုဗ္ဗစဇာတ်]

## မြင်းဆရာ ကေသီ

ဘုရားရှင် လက်ထက်တော်အခါက ကေသီအမည်ရှိ မြင်းဆရာကြီး တစ်ယောက်ရှိသည်၊ မြင်းများကို စနစ်တကျ လေ့ကျင့်ပေးသူဖြစ်သည်၊ သူ သင်ကြားလေ့ကျင့်ရသော မြင်းများတွင် လွယ်လွယ်ဖြင့် သင်ကြား၍ရသော မြင်းများရှိသကဲ့သို့ ခက်ခက်ခဲခဲ သင်ပြလေ့ကျင့်ရသော မြင်းများလည်း ပါရှိသည်၊ အမိန့်မနာခံသော သင်ကြားရခက်သည့် ဒုဗ္ဗစမြင်းများကို ကေသီက သတ်ပစ်တတ်သည်။

ကေသီသည် မြင်းများကို လေ့ကျင့်သင်ကြားရာ၌ ဤနည်း သုံးမျိုးကို အသုံးပြုသည်။

### ကေသီ၏ နည်းသုံးမျိုး

**ပထမနည်းမှာ** အနုနည်းဖြစ်သည်။

**ဒုတိယနည်းမှာ** အကြမ်းနည်းဖြစ်သည်၊

**နောက်ဆုံး** တတိယနည်းမှာ အနု၊ အကြမ်းရော၍ သုံးသည့် အနုအကြမ်းနည်း ဖြစ်သည်။

ကောင်းမွန်သော အစားအစာများ ကျွေးမွေးလျက် သက်သောင့် သက်သာဖြင့် လေ့ကျင့်သောနည်းသည် အနုနည်းဖြစ်သည်၊ ထိုနည်းဖြင့် မြင်းအချို့ကို လေ့ကျင့်သည်၊ ထိုနည်းဖြင့် မရလျှင် လက်ခြေ၊ ဒူးစသည်ကို ချည်တုပ်ခြင်း၊ ဇက်ကြိုးတပ်၍ နှင်တံဖြင့် ထိုးဆွကာ ကြိမ်ဖြင့် ရိုက်၍လေ့ကျင့်ခြင်းများကိုလည်း ပြုလုပ်သည်၊ ထိုနည်းသည် အကြမ်းနည်းဖြစ်သည်၊ အချို့မြင်းများကိုမူ ဤနည်း နှစ်မျိုးစလုံးသုံးကာ လိုအပ်သလို လေ့ကျင့်သင်ကြားပေးသည်။

တစ်နေ့တွင် ဘုရားရှင်ထံ ကေသီရောက်လာသည်၊ ထိုအခါ ဘုရားရှင်က မြင်းများကို ဘယ်နည်းဖြင့် လေ့ကျင့်သင်ကြားပေးသလဲဟု မေးတော်မူသည်၊ ကေသီက နည်းသုံးမျိုးဖြင့် လေ့ကျင့်သင်ကြားပေးပုံ၊ ထိုနည်းများဖြင့် သင်ကြားလေ့ကျင့်၍မရသော မြင်းများ သတ်ပစ်လိုက်ပုံတို့ကို ဘုရားရှင်ထံ လျှောက်ကြားသည်။

ထို့နောက် ကေသီက ဘုရားရှင်ကိုလည်း ဤသို့ လျှောက်ထားမေးမြန်းသည်။

## ကေသီက မေးမြန်းပုံ

"အရှင်ဘုရား၊ ဘုရားရှင်သည် ဆုံးမသွန်သင်တော်မူရာ၌ အတုမဲ့ ဖက်ပြိုင်နိုင်သူမရှိသော "အနုတ္တရော ပုရိသဒမ္မသာရထိ" ဂုဏ်တော်နှင့် ပြည့်စုံတော်မူပါသည်၊ ဆုံးမသင့်သူ တပည့်တို့ကို ဆုံးမရာ၌ အဘယ်နည်းဖြင့် ဆုံးမတော်မူပါသလဲဘုရား"

ထိုအခါ ဘုရားရှင်က ကေသီ၏ အမေးကို ဤသို့ ဖြေကြားတော်မူသည်။

## ဘုရားရှင်ဖြေကြားပုံ

"ကေသီ၊ တပည့်တို့ကို ဆုံးမရာ၌ ငါဘုရားသည် နည်းသုံးမျိုးဖြင့် ဆုံးမတော်မူသည်၊ ပထမနည်းမှာ အနုနည်းဖြစ်သည်၊ အနုနည်းဟူသည် ကာယသုစရိုက်အကြောင်း၊ ဝစီသုစရိုက်အကြောင်း၊ မနောသုစရိုက် အကြောင်း ပြောဆိုဆုံးမသော နည်းဖြစ်သည်၊ ဤကဲ့သို့သော ကာယ သုစရိုက်ကို ပြုကျင့်လျှင် ကောင်းကျိုးများခံစားရသည်၊ ဤကဲ့သို့ ပြောဆိုခြင်းသည် ဝစီသုစရိုက်ဖြစ်သည်၊ ဝစီသုစရိုက်ကို ကျင့်သုံးလျှင် ကောင်းကျိုးများခံစားရမည်၊ ဤကဲ့သို့ ကြံစည် တွေးတောခြင်းသည် မနောသုစရိုက်ဖြစ်သည်၊ မနောသုစရိုက်ကို ကျင့်သုံးလျှင် လူနတ်နိဗ္ဗာန်သုံးတန်သော ကောင်းကျိုးများခံစားရမည်ဖြစ်သည်၊ ဤသို့ ဆုံးမသည်၊ ဤနည်းသည် ငါဘုရားသုံးသည့် ပထမနည်း ဖြစ်သည်"

"ဒုတိယဆုံးမသောနည်းမှာ အကြမ်းနည်းဖြစ်သည်၊ ဤအရာကို ကာယဒုစရိုက်နည်း"ဟုခေါ်သည်၊ ဤကာယဒုစရိုက်ကို ကျင့်သုံးလျှင် မကောင်းကျိုးများရရှိခံစားရမည်၊ ဤအရာသည် ဝစီဒုစရိုက်ဖြစ်၍ ဝစီဒုစရိုက်ကို ကျင့်သုံးလျှင် မကောင်းကျိုးခံစားရမည်၊ ဤအရာသည် မနောဒုစရိုက်ဖြစ်သည်၊ မနောဒုစရိုက်ကို ကျင့်သုံးလျှင် မကောင်းကျိုးများရရှိမည်၊ မကောင်းကျိုးဆိုသည်မှာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘဝသို့ ရောက်ရှိရသော အကျိုးဖြစ်သည်။

"တတိယနည်းမှာ အနူ၊ အကြမ်းနှစ်မျိုးကို သုံးကာဆုံးမခြင်းဖြစ်သည်၊ အနုအကြမ်းရောသောနည်းဟူသည်မှာ သုစရိုက်ရော၊ ဒုစရိုက်နည်းပါ ပြဆို ဆုံးမခြင်းဖြစ်သည်"

ဘုရားရှင်က ထိုသို့ မိန့်တော်မူသော်ကေသီက ဤသို့ထပ်မံ လျှောက်ထား ပြန်သည်။

"အရှင်ဘုရား၊ ထိုနည်းသုံးမျိုးဖြင့် ဆုံးမသွန်သင်သော် တပည့်အားလုံး လိုက်နာကျင့်ကြံကြပါသလော၊ ဆုံးမသည်ကိုမလိုက်နာသော တပည့်များရှိ လျှင် ထိုတပည့်တို့အား အဘယ်သို့ ဆုံးမတော်မူပါသနည်းဘုရား"

## ဆုံးမမရလျှင် သတ်ပစ်သည်

"ကေသီ၊ ဤဆုံးမ နည်းသုံးမျိုးဖြင့် ဆုံးမသော်လည်း မရသော တပည့် တို့ကို ငါဘုရားက သတ်ပစ်လိုက်သည်"

"အရှင်ဘုရား၊ ဘုရားရှင်သည် ပါဏာတိပါတ-သူ့အသက်သတ်ခြင်းအမှု ကို ကိုယ်တော်တိုင်လည်း မပြု၊ အခြားသူတို့ကိုလည်း မပြုလုပ်ရန် ဟောကြား ဆုံးမတော်မူပါသည်၊ သတ်ပစ်လိုက်သည်ဟု အရှင်ဘုရားမိန့်ကြားတော် မူသောစကားသည် ဘုရားရှင်ဟောကြားတော်မူခဲ့သည့် ဓမ္မဒေသနာ တော်များနှင့် မဆန့်ကျင်ပါလားဘုရား"

"ကေသီ၊ ဆုံးမနည်းသုံးမျိုးဖြင့် ဆုံးမ မရသူကို ငါဘုရားက ပြောဆိုသင့်သူ၊ ဆုံးမသင့်သူဟု အသိအမှတ်မပြုတော့၊ ငါဘုရား၏တပည့်များကလည်း အတူသီတင်းသုံးဖော်၊ အတူသီတင်းသုံးသင့်သူအဖြစ် သူ့ကို အသိအမှတ် မပြုကြတော့၊ ဤသို့ အသိအမှတ်မပြုဘဲ ဒဏ်ထားကာ ကြဉ်ထားခြင်းကိုပင် ငါဘုရားက သတ်ပစ်လိုက်သည်ဟု ဟောတော်မူခြင်း ဖြစ်သည်"

ကေသီသည် ဘုရားရှင်၏ရှင်းလင်းဟောပြမှုကို ချီးကျူးသည်၊ လက်ခံ သည်၊ သဘောကျသည်၊ ထို့ကြောင့် သရဏဂုံကို ဆောက်တည်ကာ ဥပါ သကာအဖြစ် ခံယူသွားသည်။

[ကေသီသုတ်]

## သမဏာနဉ္စဒဿနမင်္ဂလာ

ရဟန်းသံဃာတော်တို့သည် ကိလေသာအပူမီး ငြိမ်းအေးစေရန် ကျင့်ကြံအားထုတ်နေကြသော ပုဂ္ဂိုလ်များဖြစ်၍ သမဏဟုခေါ်သည်၊ ရဟန်းသံဃာတော်တို့ကို တွေ့မြင်လျှင် ထိုရဟန်းသံဃာတော်တို့ သန္တာန်၌ရှိသော ကိလေသာ အပူမီးငြိမ်းအောင် အားထုတ်မှု၊ ကျင့်ကြံမှု၊ စာပေသင်ကြားမှု၊ ပို့ချမှု၊ သာသနာ့ တာဝန်ထမ်းဆောင်နေမှုစသော ဂုဏ်တို့ကို ဉာဏ်၌ ထင်မြင်လာအောင် အာရုံပြုကြည့်ရှုခြင်းကို သမဏဒဿန ဟုခေါ်သည်၊ ထိုသို့ မကြည့်ရှုဘဲ ကိုရင်၊ ရဟန်း၊ ဘုန်းကြီး စသော သာမန်အခေါ်အဝေါ်နောက်သို့လိုက်ကာ ဗဟိဒ္ဓအပြင်အဆင်နှင့် ဝတ်စားထားမှုများကိုသာ ကြည့်ရှုနေလျှင် ရဟန်းသံဃာတော်တို့ကိုမြင်ရာ၊ ကြည့်ရှုရာ၊ ဖူးမြင်ရာမရောက်ပေ၊ ထိုသို့ မရောက်လျှင် သမဏာနဉ္စဒဿန မင်္ဂလာမဖြစ်နိုင်။

## သံဃာတော်ဖူးမြင်ရခြင်းသည်မင်္ဂလာ

အရိယာဖြစ်တော်မူကြသည့် ရဟန်းသံဃာတော်တို့သည် သီလ၊ သမာဓိ၊ ပညာတို့ ပြည့်စုံတော်မူကြသည်၊ သမ္မုတိ သံဃာတော်တို့တွင်လည်း သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံတော်မူသော ရဟန်း သံဃာတော်တို့ ရှိသကဲ့သို့ ထိုတရားတို့နှင့်ပြည့်စုံရန် ကျင့်ကြံအားထုတ်နေသော သံဃာတော်များလည်း ရှိကြသည်၊ ထိုသို့သော ရဟန်းသံဃာတော်တို့ကို ဖူးမြင်ရခြင်းသည် ကောင်းကျိုးချမ်းသာကို ဖြစ်စေတတ်သောကြောင့် မင်္ဂလာဟု ဘုရားရှင် ဟောတော်မူခြင်းဖြစ်သည်။

အရှင်သာရိပုတ္တရာလောင်းလျာ ဥပတိဿပရိဗိုဇ်သည် အရှင်အဿဇိထေရ်ကို ဖူးမြင်ရ၍ တရားကြားနာရသဖြင့် သောတာပန်ဖြစ်ခဲ့သည်၊ တစ်ပါးသောကမင်းသည် နိဂြောဓသာမဏေလေးကို ဖူးမြင်ရချိန်မှစကာ မကောင်းသောအယူဝါဒများကို စွန့်လွှတ်ခဲ့သည်၊ သမ္မာအယူရှိသူလည်း ဖြစ်လာခဲ့သည်၊ အနော်ရထာမင်းစောသည် အရှင်အရဟံခေါ် ရဟန်းတော်ကို ဖူးမြင်ရရာမှ အယူမှန်ဝါဒမှန်ကို သိရှိကျင့်သုံးလာနိုင်ခဲ့သည်။

ဤသို့လျှင် ရဟန်းသံဃာတော်တို့ကို ဖူးမြင်ရခြင်းသည် ကောင်းကျိုးကို ဖြစ်စေသည်၊ မင်္ဂလာရှိစေသည်။

## ဖူးမြင်ခြင်းနှစ်မျိုးရှိ

ရဟန်း သံဃာတို့ကို ဖူးမြင်ခြင်းဟူရာ၌ ဖူးမြင်ခြင်းနှစ်မျိုးရှိသည်၊ ပထမအမျိုး အစားမှာ ပကတိမျက်စိဖြင့် ရဟန်းသံဃာတို့ကို ကြည့်ခြင်း၊ မြင်ခြင်းဖြစ်သည်။

ဒုတိယအမျိုးအစားမှာ ဉာဏ်မျက်စိဖြင့် သံဃာတော်တို့ ကျင့်သုံးနေသော ဂုဏ်ကိုအောက်မေ့သတိရကာကြည့်မြင်ဖူးမြော်ခြင်းဖြစ်သည်၊ ဤနေရာ၌ ဒုတိယအမျိုးအစားဖြင့် ကြည့်မြင် ဖူးမြော်ခြင်းကိုသာ သမဏာဒဿနမင်္ဂလာဟု ဆိုအပ်ပေသည်။

---

## ရဟန်းတော်ကို ပြစ်မှားမိ၍ ခွေးကိုက်ခံရပြီး သေဆုံးသူ

သက်တော်ထင်ရှား ဘုရားရှင် လက်ထက်တော်၌ ကောက အမည်ရှိ မုဆိုးသည် တောလိုက်သွားရန် သူ့ခွေးများနှင့်အတူ အိမ်မှထွက်လာခဲ့သည်၊



ဆွမ်းခံကြွလာသော ရဟန်းတော်တစ်ပါးနှင့် လမ်းတွင် ဆုံမိသည်၊ ထိုအခါ မုဆိုးက ယနေ့ ငါသည်လမ်းခရီး၌ သူယုတ်ကိုတွေ့ရပြီ၊ တောမှသားကောင် တစ်ကောင်မျှ ရတော့မည်မဟုတ်ဟုတွေးကာ စိတ်မပါ့တပါဖြင့်ပင် တောသို့ ဆက်၍လာခဲ့သည်။

## ခွေးများဖြင့် ရှူးတိုက်ပုံ

ဆွမ်းခံကြွလာခဲ့သော ရဟန်းတော်သည် ဆက်လက်ကြွတော်မူကာ ရွာအတွင်းဝင်ပြီး ဆွမ်းခံသည်၊ ဆွမ်းဘောဇဉ်ပြည့်စုံသောအခါ ရွာအတွင်းမှ ကျောင်းတော်သို့ပြန်ကြွသည်၊ တောမှ ပြန်လာသောမုဆိုးနှင့် ရဟန်းတော်တို့ လမ်းခုလတ်၌ ဆုံမိကြပြန်သည်၊ ရဟန်းတော်ကိုမြင်ရပြန်သောအခါ မုဆိုး သည် အလွန်ဒေါသဖြစ်သည်၊ နံနက်ကလည်း သည်သူယုတ်နှင့် တွေ့ခဲ့ရ၍ သားကောင်မရခဲ့၊ ယခုလည်းတွေ့ရပြန်ပြီဟု ကြိမ်းဝါးကာရဟန်းတော်ကို သူ၏တောလိုက်ခွေးများနှင့် ရှူးတိုက်သည်၊ ခွေးများသည် ရဟန်းတော်ထံ တစ်ရှိန်ထိုးပြေးလိုက်ကြသည်။

ရဟန်းတော်သည် ခွေးများရန်မှ လွတ်ကင်းစေရန် အနီးရှိ သစ်ပင်တစ်ပင်ပေါ် သို့ တက်သည်၊ လက်ခုပ်တစ်ဖောင်၊ လူ့တစ်ရပ်ကျော်ကျော် အမြင့် သို့ရောက်သော် ဆက်လက်မတတ်ဘဲ ငြိမ်နေသည်၊ မုဆိုး၏ တောလိုက် ခွေးများသည် ရဟန်းတော်ကို မမိလိုက်သဖြင့် သစ်ပင်အရင်း ပတ်ပတ်လည်မှ ဝိုင်းရံစောင့်နေကြသည်၊ မုဆိုးသည် "အသင်ရဟန်း၊ သစ်ပင်ပေါ် တက်နေ သော်လည်း သေဘေးမှမလွတ်နိုင်"ဟု ပါးစပ်မှပြောရင်း ပါလာသော မြားဦး ချွန်ဖြင့် ရဟန်းတော်၏ ခြေဖဝါးတစ်ဖက်ကို လှမ်းထိုးသည်။

ရဟန်းတော်သည် ထိုသို့မပြုလုပ်ပါနှင့်ဟု အကြိမ်ကြိမ်တောင်းပန်သည်၊ မုဆိုးကား ရဟန်းတော်၏ တောင်းပန်မှုကို အလေးမထား၊ ရဟန်းတော်၏ ခြေဖဝါးကို မြားချွန်ဖြင့် အပြင်းအထန် အကြိမ်ကြိမ်ထိုးသည်၊ ခြေတစ် ဖက်မြားဒဏ် ခံနေရသောကြောင့် အခြားခြေတစ်ဖက်ဖြင့် လဲလှယ်ခံပေး သည်၊ ပါးစပ်မှလည်း ရဟန်းတော်က အကြိမ်ကြိမ် ပြောဆိုတောင်းပန်သည်၊

ခြေနှစ် ဖက်စလုံး မြားထိုးခံရသဖြင့် အလွန်နာကျင်သောကြောင့် သတိလွတ် မတတ်ဖြစ်နေစဉ် ရဟန်းတော်၏ သင်္ကန်းသည် အောက်သို့ကျလာကာ မုဆိုးကို ခြုံပေးလိုက်သကဲ့သို့ ဖြစ်သွားသည်။

## မုဆိုးသေရကာ ခွေးများပြေးကြပြီ

မုဆိုး၏ခွေးများသည် ရဟန်းတော်ထံမှ ကျလာသောသင်္ကန်းဖြင့် ခြုံမိနေသော သူတို့သခင် မုဆိုးကို သင်္ကန်းအတွင်းဝင်ကာ ကိုက်ဖဲ့ကြသည်၊ ခွေးများ ကိုက်ဖဲ့ခြင်းခံရသဖြင့် မုဆိုးသည် အသားအရေများ စုတ်ပြတ်လျက် ထိုနေရာ၌ပင် သေဆုံးသွားတော့သည်။

ရဟန်းတော်သည် သစ်ကိုင်း အခြောက်များဖြင့် အောက်၌ရှိနေသော ခွေးများကို ပစ်ခတ်လျက် ခြောက်လှန့်သည်၊ ရဟန်းတော်ကို မြင်ကြရသောအခါ ငါတို့သခင်ကို ငါတို့ကိုက်သတ်မိပြီဟုသိကာ ခွေးများသည်အဝေးသို့ ထွက်ပြေးသွားကြသည်။

ရဟန်းတော်သည် ခွေးများထွက်ပြေးကြသော် သစ်ပင်ပေါ်မှ ဆင်းလာခဲ့သည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေသော ဘုရားရှင်ထံသွားသည်၊ မုဆိုးသေသွားသဖြင့် သူ့သီလသိက္ခာပုဒ်ပျက်စီးမှုရှိမရှိ ရဟန်းအဖြစ်ဖြင့် သာသနာတော်၌ ဆက်လက်နေနိုင်၊ မနေနိုင် ဘုရားရှင်ထံ လျှောက်ထားသည်၊ ကြုံခဲ့သည့်အဖြစ်စုံကိုလည်း ဘုရားရှင်ထံ တင်ပြလျှောက်ထားသည်။

ထိုအခါ ဘုရားရှင်က "ချစ်သား၊ သင်၏ သီလသိက္ခာသည် အကျိုးအပျက် မရှိ၊ အပြစ်အနာအဆာ လုံးဝကင်းရှင်းသည်၊ မုဆိုးသေရခြင်းမှာ မပြစ်မှားအပ်သူကို ပြစ်မှား၍ သူ့မကောင်းမှု ကံအကျိုး သူခံစားရခြင်းသာ ဖြစ်သည်"ဟု မိန့်တော်မူသည်။

[ဓမ္မပဒ၊ ပါပဝဂ်၊ ကောကခွေးမုဆိုးဝတ္ထု]

## ကာလေန ဓမ္မသာကစ္ဆာမင်္ဂလာ

သင့်တင့်လျောက်ပတ်သော အချိန်အခါ၌ တရားဆွေးနွေးခြင်းသည် ပစ္စုပ္ပန်သံသရာနှစ်ဖြာသော ကောင်းကျိုးကိုဖြစ်စေနိုင်သောကြောင့် မင်္ဂလာဟု ဘုရားရှင်ဟောတော်မူသည်။

### စကားလုံးတို့၏အဓိပ္ပာယ်

ကာလေန - သင့်တင့်လျောက်ပတ်သောအချိန်ဟူသည်မှာအဘယ်နည်း။

ညတစ်ညကို ပဌမယံ - ပဌမပိုင်းအချိန်၊ မဇ္ဈိမယံ - အလယ်ပိုင်းအချိန်၊ ပစ္ဆိမယံ- နောက်ဆုံးအချိန်ဟု သုံးမျိုးခွဲထားသည်၊ ပဌမပိုင်း ညဦးယံ အချိန်ကို တရားဆွေးနွေးသည့် ရဟန်းတော်တို့အတွက် သင့်တင့်လျောက်ပတ်သော အချိန်ဟု သတ်မှတ်ကြသည်၊ ထိုသို့ သတ်မှတ်ကြခြင်းမှာ ညဦးယံ အချိန်သည် လေးလံထိုင်းမှိုင်းမှု တရားများဖြစ်သည့် ထိနမိဒ္ဓတရားနည်းခြင်း၊ အသံဗလံ စသည်တို့ ဆိတ်ငြိမ်ခြင်းကြောင့်ဟု အယူရှိကြသည်။

အမှန်အားဖြင့် ဆွေးနွေးသူတို့ အားလပ်ချိန်၊ အနှောင့်အယှက် ကင်းကင်းဖြင့် ဆွေးနွေးနိုင်သောအချိန်သည် သင့်တင့်လျောက်ပတ်သောအချိန်ဟု ဆိုရပေမည်။

ဓမ္မ အရ တရားဟူသည်မှာ လောကုတ္တရာတရား၊ နိဗ္ဗာန်ရောက်ကြောင်းတရား၊ မဂ်ဖိုလ်တို့နှင့်စပ်လျဉ်းသော တရား၊ ကံကံ၏အကျိုးနှင့်စပ်လျဉ်းသော တရား၊ ဒါန၊ သီလ၊ ဘာဝနာနှင့် စပ်လျဉ်းသော တရားများဖြစ်ကြသည်။

လောကီရေးအရ အပြစ်မရှိသော လောကီစီးပွားရေး၊ ကြီးပွားရေး၊ တိုင်းပြည် သာယာရေး စသည်တို့သည်လည်း ဓမ္မသဘောတွင် ပါဝင်သည်၊ ဆွေးနွေးသင့် သော တရားများပင်ဖြစ်သည်။

သာကစ္ဆာ ဟူသည်မှာ အတူတကွ အပြန်အလှန် ပြောဆိုခြင်း၊ ညှိနှိုင်းခြင်း၊ အသိအမြင် ဖလှယ်ခြင်း၊ သိလိုသူအတွက် သိသူက ပြောပြခြင်းစသည်တို့ ဖြစ်ကြသည်။

## မိလိန္ဒမင်းနှင့် အရှင်နာဂသိန်

မိလိန္ဒမင်းသည် အတိတ်ဘဝကပြုခဲ့သော ကောင်းမှုနှင့်ဆုတောင်းအရ အသိအမြင် ကျယ်သည်၊ သို့သော် မသိသေးသည်များလည်း ရှိသေးသည်၊ ထိုသို့ မသိသေးသည်ကို သိချင်သော အချက်အလက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးဖော်ဆွေးနွေးဖက်တို့နှင့် ဆွေးနွေးသည်၊ ပညာရှင်အစုံ၊ ဂိုဏ်းဆရာ အစုံတို့အပြင် ရဟန်းသံဃာတို့နှင့်ပါ ဆွေးနွေးသည်။

သို့သော် အကြောင်းကြောင်းတို့ကြောင့် သူသိလိုသည့် ပြဿနာတို့၏ အဖြေမှန်ကို မရခဲ့၊ သို့ဖြင့် နောက်ဆုံး အရှင်နာဂသိန်နှင့် ဆွေးနွေးဖို့ အခြေအနေ ကြုံလာသည်၊ အရှင်နာဂသိန်နှင့်ဆွေးနွေးလို၍ အရှင်နာဂသိန်မထေရ်ကို သူ့နန်းတော်သို့ပင့်ဆောင်သည်။

## ပညာရှင်တို့ ဆွေးနွေးနည်းဖြင့်

နန်းတော်သို့ အရှင်နာဂသိန်ကြွလာသောအခါ အဘယ်နည်းဖြင့် ဆွေးနွေးမည်နည်း၊ မင်းတို့၏ဆွေးနွေးနည်းဖြင့် ဆွေးနွေးမည်လော၊ ပညာရှင်တို့၏နည်း ဖြင့် ဆွေးနွေးမည်လောဟု မထေရ်ကမေးသည်၊ မင်းတို့၏ဆွေးနွေးမှုမှာ အကြောင်းအရာအမှန်ကို သိရေးထက် သူ့ဘက်မှအသာစီးရရေး၊ အနိုင်ရရေးအတွက် မင်းအာဏာပါ အသုံးပြုတတ်သည်၊ ထို့ကြောင့် မင်းတို့၏ ဆွေးနွေးနည်းဖြင့် မဆွေးနွေးလို၊ ပညာရှင်တို့၏ ဆွေးနွေးနည်းမှာအသိမှန်၊ အမြင်မှန်ရရေးအတွက် အဓိကထား ဆွေးနွေးခြင်းဖြစ်သည်၊ ထိုနည်းဖြင့် ဆွေးနွေးမှသာ ဆွေးနွေးမည်ဟု မထေရ်က အမိန့်ရှိသည်။

သို့ဖြင့် မထေရ်နှင့် မိလိန္ဒမင်းတို့သည် မထေရ်မိန့်တော်မူသည့်နည်း ဖြစ်သော ပညာရှင်တို့ အသိအမြင်ဖလှယ်သောနည်းဖြင့် ဆွေးနွေးကြသည်၊ ထိုသို့ ဆွေးနွေးသောကြောင့် မိလိန္ဒမင်းသည် နောက်ဆုံး၌ သိလိုသည့် ပြဿနာများကို သိသွားသည်၊ သိသွားရာမှ လက်တွေ့ကျင့်သုံးကြည့်သည်၊ သို့ဖြင့် တရားလမ်းစဉ်အတိုင်း တရား၏အထွတ်အထိပ်ကိုသိရှိ ရရှိလျက် ရဟန္တာဖြစ်တော်မူကာ မင်းကြီး မိလိန္ဒအဖြစ်မှ ရဟန္တာ အရှင်မိလိန္ဒဖြစ်သွားခဲ့သည်။

## ငြင်းခုံပွဲများသာ

လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်ကာလ ဘုရားရှင်လက်ထက်တွင် အယူဝါဒရှင်များဖြစ်သော တိတ္ထိဆရာကြီးများ၊ ပုဏ္ဏားပညာရှိများ၊ မုနိအမည်ခံ ရသေ့များ၊ ပရိဗိုဇ်များ၊ အာဇီဝကတက္ကတွန်းများသည်လည်း တွေ့ဆုံဆွေးနွေး ပွဲများ ကျင်းပလျက် ဆွေးနွေးခဲ့ကြဖူးသည်၊ သို့သော် သူတို့အများစု၏ဆွေးနွေး ပွဲများမှာ ပြိုင်ပွဲများ၊ သူထက်ငါအနိုင်ရရေးအတွက် ပြောဆိုကြသည့်ငြင်းခုံပွဲ များသာ များကြသည်။

မိမိသိသည်၊ တတ်သည်၊ ကျွမ်းကျင်သည်၊ ငါလိုလူမရှိဟု မာနထောင်လွှား လျက် လူစုစုရှိသည့်နေရာတိုင်း အာဘောင်အာရင်းသန်သန်ဖြင့် ပြောဆိုကြ ခြင်းမှာ ဓမ္မသာကစ္ဆာမဟုတ်ပေ။

## ဆွေးနွေးတိုင်ပင်သူတို့ ရှောင်ကြဉ်သင့်သည့်နေရာများ

မိလိန္ဒပညာကျမ်း၌ ဆွေးနွေးတိုင်ပင်သူတို့ ရှောင်ရှားရမည့်အရပ်ဒေသများ နှင့် ရှောင်ရှားရမည့်အကြောင်းများကို ဤသို့ဖော်ပြထားသည်။

၁။ **မညီညွတ်သော အရပ်ဒေသ၊** ဤအရပ်ဒေသ၌ ဆွေးနွေး တိုင်ပင် လျှင် စိတ်တည်ငြိမ်မှု ရရန်ခက်ခဲ၍ ရှောင်ကြဉ်သင့်သည်။

၂။ **ဘေးအန္တရာယ်ရှိသော အရပ်ဒေသ၊** ဤအရပ် ဒေသသည် အန္တရာယ်ရှိသဖြင့် ဆွေးနွေးမှုကို အကျိုးမပြုသောကြောင့် ရှောင်ကြဉ်သင့် သည်။

၃။ **လေထန်လွန်းသောအရပ်ဒေသ၊** ဤအရပ်ဒေသသည် တစ်ဦးစကား တစ်ဦး ကြားနာရာ၌ ခက်ခဲမှုရှိသောကြောင့် ရှောင်ကြဉ်သင့်သည်။

၄။ **နံရံစသည့်အကာအကွယ်ဖြစ်နေသော အရပ်ဒေသ၊** ဤအရပ် ဒေသသည် ချောင်းမြောင်း၍ မလိုသူတို့ နားထောင်သိရှိသွားနိုင်သဖြင့် ရှောင်ကြဉ်သင့်သည်။

၅။ **နတ်စင်၊ နတ်ကွန်း၊** ဤအရပ်ဒေသသည် ဆွေးနွေးမှု၏ အကျိုး ကြာမြင့်မှ ရတတ်၍ရှောင်ကြဉ်သင့်သည်။

၆။ **ခရီးလမ်းမ**၊ ခရီးလမ်းမသည် အများသူငါတို့သွားလာနေ၍ ဆွေးနွေးတိုင်ပင်မှုကို အနှောင့်အယှက်ဖြစ်စေသောကြောင့် ရှောင်ကြဉ်သင့်သည်။

၇။ **စစ်မြေပြင်**၊ အန္တရာယ်ရှိ၍ စိတ်တည်ငြိမ်မှုမရနိုင်သောကြောင့် ဤအရပ်ဒေသကိုလည်း ရှောင်ကြဉ်သင့်သည်။

၈။ **ရေချိုးရာရေဆိပ်စသည်အရပ်ဒေသ**၊ အများနှင့်ဆက်ဆံနေသဖြင့် ဤအရပ်ဒေသကိုလည်း ရှောင်ကြဉ်သင့်သည်။

---

## ပညာရှင်တို့၏ စာပေစကား

ခြေလက်ကစ၊ ဖြတ်ခံရ၊ ပို့သမေတ္တာ၊ သည်းခံကာ၊
ကလာဗုမင်း၊ ရက်စက်ညှဉ်း၊ ချက်ချင်း မြေမျိုခံရပါ။

ခန္တီရာဇမ္မ၊ အကောဓရာဇမ္မ၊ ဤနှစ်ဝကို၊ လုံ့လနှစ်၍၊ အားသစ်တော်မူပါ၊ ခန္တီကို အားသစ်လျှင်၊ အပြစ်စိုးစဉ်း၊ ကပ်လာချဉ်းသော်လည်း၊ သည်းသည်းခံလေ့၊ စိတ်တော်မွေ့ကြောင့်၊ လောက်လေ့ပွားစီး၊ ဒေါသမီးလည်း၊ မကြီးနိုင်ပြီ၊ ခန္တီဟန့်ဆီး၊ ဒေါသမီးလည်း၊ မကြီးလေက၊ ရမည်အပြစ်၊ ကြီးသည်ဖြစ်သော်၊ အဆစ်သေးသွယ်၊ သိမ်ငယ်လေရာ၊ သတ္တဝါတို့၊ ချမ်းသာရန်များ၊ နတ်ရှင်အားလည်း၊ အမှားနည်းရာ၊ ပါယ်လေးရွာနှင့်၊ ကင်းကွာမည်အကြောင်း၊ လမ်းဟောင်းတည့်မတ်ရာပါသည်။

**[ မုံရွေးဆရာတော် ]**

ထုံးလောကီဥပမာ၊ ဓမ္မတာလမ်းကြောင်းမှာ၊ အကြီးတွင်တဏှာ၊ အပူမှာကိလေသာ၊ အမွှေးမှာမေတ္တာ၊ အအေးတွင်မြတ်သီလာ၊ နူရမည့်ဌာနမှာ၊ အကောဓ မြတ်ခန္တီ၊ ပါရမီဆယ်ဆင့်၊ အမြင့်မှာနိဗ္ဗာန်၊ အရောင်မှာပညာဉာဏ်။

**[ ကုလပုတ္တအာစရိယလင်္ကာ ]**

ငယ်ကပေါင်းသင်း၊ ကျွမ်းဝင်ခြင်းဖြင့်၊ နီးရင်းမှီကပ်၊ ချစ်အပ်သက်တူ၊ ဤသူတစ်ဦး၊ ကိုယ့်ကျေးဇူးကို၊ အထူးမပြတ်၊ ပြုတတ်တုံမြောက်၊ ထိုနှစ်ယောက်တို့၊ ယွင်းဖောက်စိုးစိ၊ ပြစ်ဆာရှိလည်း၊ ခံဘိသည်းညည်း၊ ကျေးဇူးကြီး၏။

**[ မဃဒေဝ-၁၈၁ ]**

ပါရမီ ရင့်ညောင်း၊ သူတော်ကောင်းတို့၊ မကောင်းရာပြင်၊ ကောင်းရာသင်၍၊ ယူငင်ပြတတ်၊ စကားမြတ်ကို၊ စွဲမှတ်ခံနာ၊ တည်စေရာ၏။

| မုံရွေးဆရာတော် |

ရှက်ရမှန်စွာ၊ သားပုတ္တာကို၊ မှန်စွာငယ်က၊ မဆုံးမမူ၊ မိဘတစ်လည်၊ ရန်သူမည်ဟု၊ ဆိုသည့်စကား၊ ထုံးစံများကို၊ မှတ်သားကုန်ကြ။

| ပုတ္တောဝါဒဆုံးမစာ |

ဆုံးမသင့်လျက်၊ မဆုံးမလျှင်၊ မဆုံးမသူရဲ့အပြစ်ဖြစ်ရသည်၊ မဆုံးမသင့်သည်ကို၊ ဆုံးမသဖြင့်လည်း၊ ဆုံးမသူ၏အပြစ်ဖြစ်ရသည်။

| လုံးတော်ဆရာတော် |

ယမဏာပြာဟ္မဏ၊ ဘိက္ခုစသည်၊ နာမခေါ်ညွှန်း၊ ရဟန်းရသေ့၊ ဟူသရွေ့ကို၊ ဖူးတွေ့မြော်ရှု၊ ကြည်ညိုမှုလည်း၊ တစ်ခုမှတ်လေ။

သိမ်မွေ့အာစာ၊ ခေမာရည်မှန်း၊ ရဟန်းတို့အား၊ ရန်ပြုများသော်၊ လေးပါးပါယ်ငွေ့၊ ဆင်းရဲတွေ့၏။

သူမြတ်အများ၊ ရဟန်းအားမူ၊ ပြစ်မှားမရှိ၊ ရှိသေဘိက၊ ဖြန့်ချိမေတ္တာ၊ ကိုယ့်လိုပါ၏။

ဆူးနှင့် ဖက်သွင်၊ လူနှင့်ရှင်ကား၊ ဆူးတွင်ဖက်ကျ၊ ဆူးကျဖက်ပေါက်၊ အပြစ် ရောက်၏။

| ဩဝါဒထူးပျို့ |

နီးဝေးဒိသာ၊ ရပ်မျက်နှာ၌၊ အာဂန္တုက၊ လာသည်စသား၊ ပြည်ပပြည်တွင်း၊ သီတင်းသုံးနေ၊ စာပေကျမ်းဂန်၊ တပ်ပွန်ခေါင်အား၊ သူမြတ်များကို၊ လေးပါးပစ္စည်း၊ ဖြည့်သိမ်းဆည်း၍၊ အိုးလှဲရေဟန်၊ စွန့်ကြဲသွန်လျက်၊ နိဗ္ဗာန်လမ်းကြောင်း၊ ထွင်အပ်ရှောင်း၏။

| ရွှေဟသ်ာမင်းပျို့-၉၄ |

ကျောင်းနှင့်သင်္ကန်း၊ ဆွမ်းပန်းမွှေးကြူ၊ ဆေးဝါးဟူသား၊ အလှူပစ္စည်း၊ ဆည်းသသူအား၊ အများချစ်မျိုး၊ သူတို့မှီအပ်၊ နှံ့စပ်သတင်း၊ မကင်းတရား၊

လားလည်း နတ်ဘုံ၊ အင်ငါးစုံဟု၊ ယုံကြည်ဝမ်းသာ၊ ဤအခါဝယ်၊ ဆရာကားမိုး၊ ကျွန်ုပ်မျိုးတည့်၊ မညှိုးရအောင်၊ ရှာသွန်းဆောင်လော့။

[ မုဒုလက္ခဏာပျို့ ]

အနန္တဒါန၊ ဟာရကြည်ဖြူ၊ ဆွမ်းအလှူဖြင့်၊ သက်လျှအာယု၊ မန္တာတုသို့၊ ရှည်မူလွှံ့ပေါ်၊ သက်တမ်းကျော်၏၊ တစ်ဖော်ဆင်မြန်း၊ ဝတ်သက်န်းကို၊ လှူဒါန်းသည့်သူ၊ အဆင်းလျှုတည့်၊ နတ်လူတို့ဘောင်၊ ဖြစ်တိုင်းနောင်ဝယ်၊ အခေါင်ဦးစွန်း၊ ကိုယ်ရောင်ထွန်း၍၊ တုကျွန်းလွှတ်ကွာ၊ မယ်ဥမ္မာနှင့်၊ ပဘာဝတီ၊ နတ်တို့ပြီသို့၊ အညီနှိုင်းရှိ၊ လှခေါင်ထိလိမ့်၊ ဆီမီးအလှူ၊ မျက်စိဟူရှင့်၊ ယာဉ်မူလှူသီး၊ ချမ်းသာကြီး၍၊ ခိုမှီးအာဝါ၊ သာယာရိပ်ချမ်း၊ ကျောင်းသခ်မ်းကား၊ ဆုံးကမ်းမရှိ၊ ကြီးဘိကျိုးရပ်၊ နိဗ္ဗာန်ခပ်အောင်၊ မဟာပွလံ၊ ရှစ်ရပ်တည့်၊ နက်တံသာရ၊ နုသာသဖြင့်၊ ဓမ္မတရား၊ သူတစ်ပါးအား၊ ဟောကြားပြသ၊ ဆုံးမတတ်သူ၊ အမြိုက်ဟူသည်၊ အလှူမျှော်မင်း၊ အခေါင်ချင်းဟု၊ ကျမ်းရင်း ဓမ္မစက်၊ မိန့်တော်ထွက်သည်၊ တုဖက်မစံမခိုင်းတည်း။

[ မဃဒေဝ-၅၀၇ ]

ထက်မြက်ဝှန်သူ၊ အဆိပ်ဟူသည်၊ သင့်သူမျှသာ၊ သေတတ်စွာရှင့်၊ သမဏပြာဟ္မဏာ၊ အရိယာဟု၊ သံဃာရဟန်း၊ ကျင့်ခန်းမြတ်သူ၊ အဆိပ်မူကား၊ ရှင်လူနီးရင်း၊ ရွှေသင်းပင်းနှင့်၊ မကြွင်းပျက်စီး၊ လောင်သည့်မီးသို့၊ သေပြီးဆက် ဆက်၊ ငရဲကျက်၏။

[ မဃဒေဝ-၁၇၃ ]

အဋ္ဌမဂါထာဖြင့် ဟောကြားတော်မူသည့်
မင်္ဂလာတရားတော်များနှင့် ဝတ္ထုများပြီး၏။

* * *

# နဝမင်္ဂါထာဖြင့် ဟောကြားသည့်
# မင်္ဂလာတရား လေးပါး

**တပေါ စ ဗြဟ္မစရိယဉ္စ** အစရှိသော နဝမဂါထာတော်ဖြင့် ဘုရားရှင်သည် ဤမင်္ဂလာတရား လေးပါးကို ဟောတော်မူသည်။

၁။ **တပေါစ** = ခြိုးခြံစွာကျင့်ခြင်းသည် မင်္ဂလာ။

၂။ **ဗြဟ္မစရိယဉ္စ** = မြတ်သောအကျင့်ကို ကျင့်ခြင်းသည် မင်္ဂလာ။

၃။ **အရိယသစ္စာနဒဿနံ** = အရိယသစ္စာတို့ကို သိမြင်ခြင်းသည် မင်္ဂလာ။

၄။ **နိဗ္ဗာနသစ္ဆိကိရိယာစ** = နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည် မင်္ဂလာ။

ဤမင်္ဂလာတရားလေးပါးသည် ၃၈-ဖြာ မင်္ဂလာတရားတို့တွင် ဘုရားရှင် နဝမဟောကြားတော်မူသည့် မင်္ဂလာတရားများဖြစ်ကြသည်။

ဤမင်္ဂလာတရားလေးပါးကို သိရမှတ်ရလွယ်ကူစေရန် ဆရာကြီးဒဂုံဦးထွန်းမြင့်က ဤသို့ လင်္ကာစီကုံးထားခဲ့သည်။

၁။ လောကီအာရုံ ဇိမ်ယစ်မူးလို့ ပျော်မကြူးနဲ့ ခြိုးခြံလေ၊
၂။ မေတ္တာဗြဟ္မစိုရ် လက်ကိုင်သုံးလို့ သူမြတ်ကျင့်ထုံး ယွင်းမသွေ၊
၃။ လေးပါးသစ္စာ ဉာဏ်မြင်ကြည့်လို့ အမှန်သိအောင် ကြိုးစားလေ၊
၄။ ဒုက္ခလွတ်ကင်း နိဗ္ဗာန်ချဉ်း အလင်းပေါက်နိုင်စေ၊
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

## စကားလုံးတို့၏အဓိပ္ပာယ်

## တပမင်္ဂလာ

ခြိုးခြံစွာကျင့်သုံးနေထိုင်ခြင်းသည် ပစ္စုပ္ပန်သံသရာနှစ်ဖြာသောဘဝတို့၌ ကောင်းကျိုးကိုဖြစ်စေသောကြောင့် မင်္ဂလာဟု ဘုရားရှင်ဟောတော်မူသည်။

တပ - ခြိုးခြံစွာကျင့်သုံးနေထိုင်ခြင်းဟူသည်မှာ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော အကုသိုလ်ဝင်ပေါက်များကို ပိတ်ဆို့ကာ အကုသိုလ်မဖြစ်အောင် စောင့်ထိန်းနေထိုင်ခြင်းကို ခြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းဟု ဆိုလိုပေသည်၊ ဤသို့နေထိုင်ခြင်းသည်ပင် တပမင်္ဂလာနှင့်အညီ နေထိုင်ခြင်းဖြစ်ပေသည်။

တစ်နည်းအားဖြင့် စက္ခု၊ သောတ စသော ဣန္ဒြေတို့၌ လော်လည်ခြင်း မဖြစ်စေဘဲ ဣန္ဒြေငါးပါးကို သတိဖြင့် ထိန်းချုပ်နေထိုင်ခြင်းဟူသော ဣန္ဒြိယသံဝရ သီလစောင့်ထိန်းခြင်းကိုပင် တပအကျင့်ကျင့်ခြင်းဖြစ်ပေသည်။

---

## အလိုက္ကစ္ဆာနည်း၍ ဘုရားရှင်ချီးမွမ်းခံရသူ

သာဝတ္ထိမြို့တော်နှင့်မနီးမဝေးရှိ ရွာနိဂုံးတစ်ခုတွင် တိဿလုလင်ကို မွေးဖွားသည်၊ သူသည် သာသနာတော်ကို ယုံကြည်လေးစားသဖြင့် သာသနာ့ဘောင်သို့ ဝင်သည်၊ ရှင်ရဟန်းပြုသည်၊ ရဟန်းဖြစ်ပြီးသောအခါ ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းယူပြီး သူမွေးဖွားခဲ့ရာ ရွာနိဂုံး၌ပင် သီတင်းသုံးနေထိုင်သည်၊ ထို့ကြောင့် ဤမထေရ်ကို နိဂမဝါသီ တိဿမထေရ်ဟု သိမှတ်ခေါ်ဝေါ်ကြသည်၊ မထေရ်သည် ဘုရားရှင် ဟောကြားတော်မူသည့် နည်းနာနယနှင့်အညီ ကမ္မဋ္ဌာန်းတရားကို ပွားများအားထုတ်သည်၊ အလိုနည်းသော မထေရ်တစ်ပါးဖြစ်သကဲ့သို့ ရောင့်ရဲလွယ်သော၊ ခြိုးခြံစွာကျင့်သုံးနေထိုင်သော မထေရ်လည်း ဖြစ်သည်။

## သပ္ပာယဖြစ်အောင်နေထိုင်ပုံ

ထိုအချိန်က အနာထပိဏ်၊ ဝိသာခါ၊ ကောသလမင်းကြီးစသူတို့သည် ဘုရားရှင်အမှူးရှိသော သံဃာတော်တို့အား အမြဲမပြတ် အလှူဒါနများပြုကြချိန်ဖြစ်သည်၊ ဘုရားရှင်တစ်ဆူတစ်ဆူ လက်ထက်တော်၌ တစ်ကြိမ်တစ်ခါသာဖြစ်ပေါ်သော အသဒိသ(အတူမရှိသော) အလှူကြီးသည်လည်း ထိုအချိန်က ဖြစ်ပေါ်လှူဒါန်းနေသော အချိန်ကာလဖြစ်သည်၊ အခြားရဟန်းတော်တို့ ထိုထိုအလှူဒါနပြုရာဌာနများသို့ ကြွရောက်အလှူခံကြသော်လည်း ဤနိဂမဝါသီ တိဿမထေရ်ကား ကြွရောက်အလှူခံလေ့မရှိ၊ သီတင်းသုံးရာဒေသမှ လှူဒါန်းကြသော ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဟူသော ပစ္စည်းလေးပါးဖြင့် ပင် မထေရ်သည် သပ္ပါယဖြစ်အောင် နေထိုင်သည်။

အခြားအခြားသော ရဟန်းသံဃာအချို့က ဤမထေရ်ကို ဒေသစွဲကြီးလွန်းသူ၊ ကိုယ့်ရပ်ရွာဒေသမှာရှိသောဆွေမျိုးတို့နှင့်သာ ဆက်ဆံနေထိုင်လိုသူ စသည်ဖြင့် အပြစ်တင်ကဲ့ရဲ့ကြသည်၊ မထေရ်၏သဘောမှာ အခြားသော ရဟန်းသံဃာတို့ ကဲ့ရဲ့အပြစ်တင်သောသဘောကဲ့သို့မဟုတ်၊ အခြားသော ပွဲလမ်းသဘင်ကြီး၊ အလှူကြီးစသည်တို့သို့ ကြွသွားပြီး ကုန်လွန်မည့်အချိန်ကို မိမိသီတင်းသုံးရာ၌သာ နေထိုင်ပြီး တရားဘာဝနာ ပွားများအားထုတ်ခြင်းဖြင့် ကုန်လွန်စေရန် ရည်ရွယ်ခြင်းသာဖြစ်သည်။

## ဘုရားရှင်က ခေါ်၍မေးပြီ

အခြားသောရဟန်းတော်တို့ ကဲ့ရဲ့ပြောဆိုသံသည် ဘုရားရှင်ထံသို့ ရောက်သွားသည်၊ ထိုအခါ ဘုရားရှင်က ဤမထေရ်နှင့် အခြားသော ရဟန်းတော်တို့ကိုပါ ရှေ့တော်သို့ခေါ်တော်မူပြီး ကြားသိရသည့်အကြောင်းအရာများကို မေးမြန်းတော်မူသည်။

ထိုအခါ မထေရ်က "မြတ်စွာဘုရား၊ ဘုရားတပည့်တော်သည် အဆွေအမျိုးတို့နှင့် ရောနှောဆက်ဆံနေထိုင်ခြင်း မရှိပါဘုရား၊ ဤ အဆွေအမျိုးတို့ထံမှ စားလောက်ရုံမျှသော အစာအာဟာရဖြင့်သာ မျှတသုံးဆောင်ပါသည်

ဘုရား၊ ဤသို့ အစာအာဟာရမျှတစွာ ရရှိသုံးဆောင်နေရပါလျက် နောက်ထပ် တစ်ဖန် အခြားသော အရပ်ဒေသ၌ ဆွမ်းအာဟာရကို ရှာမှီးခြင်းဖြင့် အဘယ် အကျိုးရှိပါမည်နည်းဘုရား"ဟု လျှောက်ထားသည်။

## အဘိညာဉ်ခြောက်ပါးရ ရဟန္တာ

မထေရ် လျှောက်ထားသည့်စကားများကြားသိသော် ဘုရားရှင်သည် မထေရ်ကို ချီးမွမ်းတော်မူသည်၊ ဤမထေရ်ကဲ့သို့ နေထိုင်ကျင့်သုံးရန်၊ မိမိ နေထိုင်ရာဒေသကို မိမိက အကျိုးပြုရန် စသည်တို့ကိုလည်း ဟောကြားတော်မူ သည်၊ ထိုသို့ ဟောကြားသည့် ဒေသနာတော်ကို ကြားနာရသဖြင့် နိဂမဝါသီ တိဿမထေရ်သည် အဘိညာဉ်ခြောက်ပါးနှင့်ပြည့်စုံသော ရဟန္တာဖြစ်တော်မူ သည်။

[ ဓမ္မပဒ၊ အပ္ပမာဒဝဂ်၊ နိဂမဝါသီတိဿမထေရ်ဝတ္ထု]

---

## ဗြဟ္မစရိယမင်္ဂလာ

ဗြဟ္မစရိယအကျင့်သည် ပစ္စုပ္ပန် - သံသရာနှစ်ဖြာသော ဘဝတို့၌ ကောင်း ကျိုးကိုဖြစ်စေသောကြောင့် မင်္ဂလာဟု ဘုရားရှင်ဟောတော်မူသည်။

ဗြဟ္မစရိယအကျင့်ဟူသည် မြတ်သောအကျင့်ဖြစ်သည်၊ မြတ်သော အကျင့်ဟူသည်မှာ မေထုန်မှုမှ ရှောင်ကြဉ်ခြင်းစသည်ကို ခေါ်သည်၊ မေထုန်မှုမှ ရှောင်ကြဉ်လျှင် မြတ်သောအကျင့် ဗြဟ္မစရိယဖြစ်သည်၊ မေထုန်မှုကို မရှောင် ကြဉ်နိုင်လျှင် အဗြဟ္မစရိယဖြစ်၍ မမြတ်သောအကျင့်ဖြစ်သည်။

ကာမဂုဏ်မေထုန်မှုကို ယုတ်ညံ့သောအကျင့်၊ ရွာသူရွာသားတို့၏ အကျင့်၊ ပုထုဇဉ်တို့၏အကျင့်၊ သူတော်သူမြတ်တို့ကျင့်သုံးသောအကျင့်မဟုတ်၊ မကောင်းကျိုးကိုဖြစ်စေသောအကျင့်ဟု ဓမ္မစကြာတရားတော်၌ ဘုရားရှင် ဟောတော်မူသည်။

ကာမဘုံသားသတ္တဝါအများစုသည် ကာမဂုဏ်အာရုံကို တပ်မက်နှစ် သက်စွာခံစားကြသည်၊ အထူးသဖြင့် ဖောဋ္ဌဗ္ဗာရုံဟူသော အတွေ့၊ အထိ၊

အာရုံကို တရှိုက်မက်မက်သာယာကြသည်၊ လွန်ကဲသောကာမဂုဏ်ခံစားလိုမှု ကို အကြောင်းပြုလျက် အချင်းချင်းသတ်ကြ၊ ဖြတ်ကြ၊ ညှဉ်းပန်းမှုကိုလည်း ပြုကြသည်၊ အချို့ပုဂ္ဂိုလ်တို့က မိမိ၏ကာမဂုဏ်အာရုံခံစားမှုကို မိမိ၏အသိ တရားဖြင့် ထိန်းချုပ်နိုင်ကြသည်၊ အချို့ကား မထိန်းချုပ်နိုင်ကြ၊ ထိန်းချုပ်မှုမပြု နိုင်လေ ဒုက္ခသုက္ခ များလေဖြစ်သည်။

အထူးသဖြင့် အပြဟွစရိယဟူသော မေထုန်မှုလွန်ကဲလျှင် ကိုယ်လက် ကိုက်ခဲမှု၊ ရုပ်ရည်ခြောက်ခန်းမှု၊ မလန်းမဆန်းဖြစ်ကာ ထုံထုံထိုင်းထိုင်းဖြစ်မှု၊ အားအင်နည်းမှုများ ဖြစ်ပွားလာတတ်ကြသည်။

ထိုသို့ဖြစ်ရာမှ မှတ်ဉာဏ်နည်းခြင်း၊ သတိမေ့လျော့ခြင်းစသည့် မကောင်း ကျိုးများ ဆက်လက်ခံစားကြရသည်၊ အပြန်အလှန်အားဖြင့် မေထုန်မှု ကို ရှောင်ကြဉ်လျှင် အထက်ပါ ဆိုးကျိုးများမှ လွတ်ကင်းကာ စိတ်ရွှင်လန်းမှု၊ ကြည်ကြည်လင်လင်ဖြင့်နေရမှု၊ ကျန်းမာမှုစသော ကောင်းကျိုးများရရှိခံစားကြ ရသည်။

ယောက်ျားမိန်းမတို့နှစ်ဦးသား လိင်ဆက်ဆံမှုကို မေထုန်ကြီးဟုခေါ်ပြီး မေထုန်ငယ်ဟုခေါ်သော အမှုခုနစ်မျိုးလည်း ရှိသေးသည်။

## မေထုန်ငယ် ခုနစ်မျိုး

မေထုန်ငယ် ခုနစ်မျိုး ဟူသည်မှာ-

၁။ ကျားနှင့်မတို့ အချင်းချင်း ဆုပ်နယ်နှိပ်နင်း ပွတ်သပ်ပေးမှုများကို သာယာခြင်း၊

၂။ ကျားနှင့်မတို့အချင်းချင်းပြုံးကာ၊ ရယ်ကာ၊ တို့ကာ၊ ဆိတ်ကာနေထိုင် ရမှုကို သာယာခြင်း၊

၃။ ကျားနှင့်မတို့ အချင်းချင်း မျက်နှာချင်းဆိုင်နေထိုင်လျက် ကြည့်ရှုနေ ရသည်ကို သာယာခြင်း၊

၄။ မျက်ကွယ်နေရာမှ ကျား၊ မတို့အချင်းချင်းရယ်မြူးသံကို သာယာခြင်း၊

၅။ ရှေးက ကျားနှင့်မတို့ ပျော်ရွှင်မြူးထူးကာနေခဲ့သည်ကို ပြန်ပြောင်းတွေး တောပြီး သာယာခြင်း၊

၆။ အခြားသောဇနီးမောင်နှံတို့ပျော်မြူးရွှင်လန်းစွာ ကျီစယ်နေထိုင်ကြသည်ကို သာယာခြင်း၊

၇။ ယခုဘဝ၌ ပြုစုအားထုတ်ရသော သီလကုသိုလ်ကြောင့် လူမင်း၊ နတ်မင်း၊ လူမိဖုရား၊ နတ်မိဖုရားစသည်ဖြစ်ရမှုကို မျှော်လင့်တောင့်တလျက် သာယာခြင်းတို့ ဖြစ်သည်။

ဤအပြဟ္မစရိယ အကျင့်ကို အချို့က ဥပုသ်သီတင်း သီလစောင့်သုံးခြင်းဖြင့် တစ်ရက်ဖြစ်စေ၊ ဥပုသ်နေ့တိုင်းဖြစ်စေ ကျင့်သုံးကြသည်၊ အချို့က ရသေ့ရဟန်းဘဝသို့ ကူးပြောင်းကာ တစ်သက်တာကာလပတ်လုံး စောင့်ထိန်းကြသည်၊ မည်သည့်နည်းဖြင့် စောင့်ထိန်းကြသည်ဖြစ်စေ တစ်ရက် စောင့်ထိန်းသူသည် တစ်ရက်မြတ်သော အကျင့်ကို ကျင့်သူဖြစ်သည်၊ ဥပုသ်နေ့တိုင်း စောင့်ထိန်းသူသည် ဥပုသ်နေ့တိုင်းမြတ်သောအကျင့်ကို ကျင့်သူ၊ တစ်သက်တာ စောင့်ထိန်းသူသည်ကား တစ်သက်တာလုံးမြတ်သော အကျင့်ကို ကျင့်သူဖြစ်၍ ဗြဟ္မစရိယမင်္ဂလာနှင့် ပြည့်စုံကြသူများဖြစ်ကြပေသည်။

## ပန်းကုံးခြားအိပ်သူ ဇနီးမောင်နှံ

ထိုသူနှစ်ဦးမှာ အရှင်မဟာကဿပမထေရ်လောင်းလျာပိပ္ပလိလုလင်နှင့် ဘဒ္ဒကာပိလာနီထေရီလောင်းလျာဘဒ္ဒါတို့ဖြစ်ကြသည်၊ ပိပ္ပလိလုလင်သည် ရာဇဂြိုဟ်ပြည် မဟာတိတ္ထရွာသားကပိလပုဏ္ဏားကြီး၏သားဖြစ်သည်၊ မိဘများမှာ ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝသော ပုဏ္ဏားများဖြစ်ကြသည်၊ ဘဒ္ဒါသည် ဘဒ္ဒတိုင်းသာဂလမြို့သား ကောသိယပုဏ္ဏား၏သမီးဖြစ်သည်၊ မိဘများမှာလည်း ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝသူများဖြစ်ကြသည်။

### ဇနီးမောင်နှံဖြစ်လာကြသော်လည်း

သူတို့နှစ်ဦးသည် အရွယ်ရောက်လာကြသည့်တိုင် အိမ်ထောင် မပြုလိုကြ၊ မိဘများက အိမ်ထောင်ပြုကြရန် တိုက်တွန်းကြသည်၊ သူတို့နှစ်ဦးစလုံးက

ငြင်းနေကြသည်၊ ထို့ရာတွင် မျိုးရိုးမတိမ်ကောစေရန် ရည်ရွယ်ချက်ဖြင့် သူတို့ နှစ်ဦးကို မိဘများက ပေးစားလိုက်ကြသည်၊ ဇနီးမောင်နှံ ဖြစ်လာကြသော်လည်း နှစ်ဦးစလုံး၌ ကာမဂုဏ် ခံစားလိုစိတ်မရှိကြ၊ မိဘပေးစား၍သာ ဇနီးမောင်နှံအဖြစ် နေထိုင်ကြသည်၊ အိပ်ရာဝင်သော် နှစ်ဦးအကြား၌ ပန်းကုံးခြားပြီး အိပ်ကြသည်၊ ပန်းကုံးညှိုးသူဘက်မှ ကိလေသာကာမစိတ်ရှိသူဟု သတ်မှတ်ထားကြခြင်းဖြစ်သည်။

ဤသို့မောင်နှမသဖွယ် နေလာကြရာမှ မိဘများကွယ်လွန်သော် အမွေရပစ္စည်းအားလုံး စွန့်ကြပေးကမ်း လှူဒါန်းခဲ့ကြသည်၊ ဈေးထဲမှ ဖန်ရည်ဆိုးအဝတ်ကို ဝယ်ယူဝတ်ဆင်လျက် အပြန်အလှန် ခေါင်းရိတ်ပြီး သူတို့နေထိုင်ရာပြာသာဒ်မှ ဆင်းလာခဲ့ကြသည်။

လမ်းခရီးတွင် လမ်းနှစ်ခွသို့ ရောက်သောအခါ လုလင်က လက်ယာလမ်းအတိုင်း ဆက်လက်လျှောက်လှမ်းသွားသည်၊ ဘဒ္ဒါက လက်ဝဲလမ်းသို့ဆက် လက်လိုက်သွားခဲ့သည်၊ ဇနီးမောင်နှံ အတူသွားနေလျှင် တွေ့မြင်သူတို့က ရသေ့ ရဟန်းဘဝရောက်သည့်တိုင် သံယောဇဉ်မဖြတ်နိုင်သေးသူများဟု ကဲ့ရဲ့မှုမှ လွတ်ကင်းစေရန်ဖြစ်သည်။



ဇနီးမောင်နှံတို့ လမ်းခွဲသွားသောအခါ မဟာပထဝီမြေကြီးသည် ကြီးကျယ်စွာတုန်လှုပ်သည်၊ တောတောင်တို့၌ ပဲ့တင်သံများမြည်ဟည်းကြသည်၊ ဘုရားရှင်သည် ထိုအသံများကြားတော်မူသဖြင့် အကြောင်းကို ဆင်ခြင်ကြည့်တော်မူသည်၊ ပိပ္ပလိလုလင်နှင့်ဘဒ္ဒါတို့ကို အကြောင်းပြုလျက် ပထဝီမြေတုန်လှုပ်ကာ ပဲ့တင်ထပ်သံများ ထွက်ပေါ်ခြင်းဟု သိတော်မူသဖြင့် သုံးဂါဝုတ်ခရီးသို့ ကြွချီကာ "ဤပုဂ္ဂိုလ်နှစ်ဦးသည် ငါဘုရားကို ရည်မှန်းလျက် ရဟန်းပြုရန်လာကြပြီ"ဟု သိတော်မူသဖြင့် ချီးမြှောက်တော်မူရန် ရာဇဂြိုဟ်နှင့် နာလန္ဒာမြို့အကြား ဗဟုပုတ္တက ညောင်ပင်ရင်းသို့ ကြွလာတော်မူခဲ့သည်။

## ရဟန်းပြုကာ ရဟန္တာဖြစ်ပြီ

အရှင်မဟာကဿပ လောင်းလျာပိပ္ပလိလုလင်သည် ဘုရားရှင်ထံတော်၌ ရဟန်းပြုသည်၊အရှင်မဟာကဿပဟုသာသနာ့သမိုင်းတွင်ထင်ရှားကျော်ကြားသည်၊ ခုတင် ၁၃ ပါးဆောင်သည်၊ ရဟန်းဖြစ်ပြီး ရှစ်ရက်မြောက်နေ့ အရုဏ်တက်ချိန်၌ ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်တော်မူသည်။

ဘဒ္ဒကာပိလာနီထေရီ လောင်းလျာဘဒ္ဒါ အမျိုးသမီးကား ပရိဗိုဇ်ကျောင်းတိုက်သို့ သွားသည်၊ မဟာပဇာပတိဂေါတမီထေရီကြီးကို အကြောင်းပြုကာ အမျိုးသမီးများ ဘိက္ခုနီပြုခွင့်ရသောအခါမှ မိထွေးတော် မဟာပဇာပတိဂေါတမီ ထေရီကြီးအထံ၌ ဘိက္ခုနီပြုသည်၊ နောက်တစ်ချိန်တွင် ဝိပဿနာပွားများသဖြင့် အရဟတ္တဖိုလ်သို့ ရောက်တော်မူသည်။

**[သံယုတ္တနိကာယ်၊ ဘဒ္ဒါ-ပိပ္ပလိဝတ္ထု]**

---

## အရိယသစ္စာနဒဿနမင်္ဂလာ

အရိယာတို့သိအပ်သော သစ္စာလေးပါးကို ပဋိဝေဓအသိဖြစ်သော မဂ်ဉာဏ်ဖြင့် ထိုးထွင်းသိမြင်မှုသည် သံသရာဒုက္ခကို လွန်မြောက်ရခြင်း၏ အကြောင်းဖြစ်သောကြောင့် မင်္ဂလာဟု ဘုရားရှင်ဟောတော်မူသည်။

## အရိယာ လေးမျိုး

အရိယာဟူသော စကား၌ အရိယာလေးမျိုး ရှိသည်။

၎င်းတို့မှာ-

၁။ အာစာရ အရိယာ - အရိယာ၏ အကျင့်တရား၌ တည်သူ၊

၂။ ဒဿနအရိယာ - ရုပ်ဆင်း သဏ္ဌာန်အရ ဖြစ်စေ၊ လျောင်း-ထိုင်-ရပ်-သွားဟူသော ဣရိယာပုတ် လေးပါးဖြင့်ဖြစ်စေ ကြည်ညိုဖွယ် ဂုဏ်နှင့် ပြည့်စုံသူ၊

၃။ လိင် အရိယာ - အဝတ်အရုံ အသွင်အပြင်အားဖြင့် ရဟန်းနှင့် တူသောပုဂ္ဂိုလ်၊

၄။ ပဋိဝေဓ အရိယာ - ဘုရား၊ ပစ္စေကဗုဒ္ဓါနှင့် အရိယာသာဝကများ၊

## သစ္စာ သုံးမျိုး

သစ္စာဟူသည် မဖောက်မပြန် မှန်ကန်ခြင်းဖြစ်သည်၊ သစ္စာသုံးမျိုးရှိသည်။

၎င်းတို့မှာ

၁။ **သမ္မုတိသစ္စာ** - အများသူငါတို့ အသိအမှတ်ပြု သုံးနှုန်းပြောဆိုနေကြသည့် မိဘကို မိဘဟုပြောဆိုခြင်း၊ ဆရာကို ဆရာဟုသိမှတ်ခေါ်ဝေါ်ခြင်း စသည်တို့သည် အများစုက အသိအမှတ်ပြုခေါ်ဝေါ်သမုတ်ထားခြင်းကြောင့် သမ္မုတိသစ္စာဟု ခေါ်သည်၊ သတ်မှတ်ထားသော၊ သမုတ်ထားသော အမှန်တရားဖြစ်သည်။

၂။ **ပရမတ္ထသစ္စာ** - ပင်ကိုသဘောမှ ပြောင်းလဲ ဖောက်ပြန်ခြင်းမရှိမြတ်သော အမှန်တရား၊ ဥပမာ-စိတ်သည် သိခြင်း သဘောမှ အခြားသို့ ပြောင်းလဲ ဖောက်ပြန်ခြင်းမရှိ၊ ရုပ်သည်ပြောင်းလဲဖောက်ပြန်သည့်သဘောတရားမှ မပြောင်းမလဲသည့် သဘောသို့ မရောက်၊ ထို့ကြောင့် ကိုယ့်ပင်ကိုယ်သဘောမှ ပြောင်းလဲ ဖောက်ပြန်ခြင်းမရှိ၍ ထိုတရားတို့ကို ပရမတ္ထသစ္စာဟု ခေါ်သည်။

၃။ **အရိယသစ္စာ** - ဖြူစင်မြင့်မြတ်သောဘုရား၊ ရဟန္တာ အရိယာတို့ သိအပ်သော အမှန်တရား။

## အရိယသစ္စာ လေးပါး

အရိယသစ္စာသည် လေးပါးရှိသည်။

၎င်းတို့မှာ-

၁။ ဒုက္ခသစ္စာ - ဆင်းရဲခြင်း အမှန်တရား၊

၂။ သမုဒယသစ္စာ - ဆင်းရဲဖြစ်ကြောင်း အမှန်တရား၊

၃။ နိရောဓသစ္စာ - တဏှာချုပ်ငြိမ်းရာ အမှန်တရား၊

၄။ မဂ္ဂသစ္စာ - ဆင်းရဲကင်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း လမ်းစဉ် အမှန်တရား။

**ဒုက္ခသစ္စာ** - ဆင်းရဲခြင်း၊ အမှန်တရားဟူသည်မှာ ဘဝတစ်ခု၌ ဇာတိ-ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲ၏၊ ဇရာ-အိုရခြင်းသည် ဆင်းရဲ၏၊ ဗျာဓိ - နာရခြင်းသည် ဆင်းရဲ၏၊ မရဏ-သေရခြင်းသည် ဆင်းရဲ၏၊ မချစ်မနှစ်သက် အပ်သူနှင့် ပေါင်းဖော်ရခြင်းသည် ဆင်းရဲ၏၊ ချစ်နှစ်သက်အပ်သူနှင့် ကွေကွင်းရခြင်းသည် ဆင်းရဲ၏၊ ရတာမလို လိုတာမရခြင်းသည် ဆင်းရဲ၏၊ အချုပ်အားဖြင့် ခန္ဓာငါးပါးရုပ်နာမ်တရားအားလုံးတို့သည် ဆင်းရဲခြင်းအမှန်တရားသာဖြစ်ကုန်၏ဟု သိမြင်ခြင်းသည် ဒုက္ခသစ္စာကို သိမြင်ခြင်းမည်၏။

**သမုဒယသစ္စာ** - ဆင်းရဲခြင်းဖြစ်ကြောင်းအမှန်တရားဟူသည်မှာ ဆင်းရဲဒုက္ခအားလုံးဖြစ်ရခြင်း၏ အရင်းခံအကြောင်းသည် တဏှာဟူသော လောဘဖြစ်သည်၊ လောဘသည် လိုချင်၏၊ တပ်မက်၏၊ စွဲလမ်း၏၊ ထိုသို့ လိုချင်ခြင်း၊ တပ်မက်ခြင်း၊ စွဲလမ်းခြင်းစသည်ကို အကြောင်းခံကာ ဒုက္ခအမျိုးမျိုးဖြစ်ရသည်ဟု သိခြင်းသည် သမုဒယသစ္စာကို သိမြင်ခြင်းမည်၏။

**နိရောဓသစ္စာ** - ဆင်းရဲဒုက္ခတို့၏ဖြစ်ကြောင်းတဏှာဟူသော လောဘ၏ချုပ်ငြိမ်းရာနိဗ္ဗာန်ကို နိရောဓဟုခေါ်သည်၊ ဤသို့အမှန်အားဖြင့် သိမြင်ခြင်းကို နိရောဓသစ္စာကို သိမြင်ခြင်းဖြစ်သည်။

**မဂ္ဂသစ္စာ** - နိရောဓသစ္စာ နိဗ္ဗာန်သို့ရကြောင်း၊ ရောက်ကြောင်းတရားသည် မဂ္ဂင်ရှစ်ပါးသာရှိသည်၊ ထိုသို့ မှန်ကန်စွာသိခြင်းကို မဂ္ဂသစ္စာကို သိမြင်ခြင်းဟု ခေါ်သည်။

သိခြင်း၊ မြင်ခြင်းဟူရာ၌ အက္ခရာစာလုံးများဖြင့် ရေးသားရှင်းပြထားခြင်း၊ ပါးစပ်ဖြင့်ပြောဆိုခြင်း၊ ဟောပြခြင်းတို့၌ သိခြင်း၊ မြင်ခြင်းကို ဆိုလိုသည် မဟုတ်ပေ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် ထိုးထွင်းသိမြင်ခြင်းကိုသာ ဆိုလိုပေသည်။

## ဥပါသကာတစ်ဦးနှင့် တရားဟောဆရာတော်

တရားပွဲတစ်ခု၌ တရားပွဲမစမီ တရားဟောကြားမည့်ဘုန်းတော်ကြီးထံ ဥပါသကာတစ်ယောက်လာပြီး ဘုန်းတော်ကြီးကို ဤသို့လျှောက်ထားသည်။

"အရှင်ဘုရား၊ တပည့်တော်သည် သစ္စာလေးပါးရှိသည့်အနက် နိရောဓသစ္စာမှ တစ်ပါး ကျန်သစ္စာ ၃ ပါးကို သိပါပြီ၊ နိရောဓသစ္စာကို တပည့်တော်သဘောမပေါက်နိုင်ဖြစ်နေရပါသဖြင့် နိရောဓသစ္စာအကြောင်း ဤတရားပွဲတွင် အထူးဟောကြားတော်မူပါ"

ထိုအခါ ဘုန်းတော်ကြီးက

"ဒါယကာ၊ ငါသည် သစ္စာတစ်ပါးကိုမျှ မသိသေးပါဘူး၊ ဒါယကာက သစ္စာ-၃ပါး သိနေပြီဆိုလျှင် တရားပလ္လင်ပေါ်တက်ပြီး ဟောပြပါ၊ ငါတို့က ဒါယကာကို ရှိခိုးဦးချလျက် အောက်မှနေပြီး တရားနာပါမည်"

ဘုန်းတော်ကြီးက ထိုသို့ မိန့်တော်မူလိုက်မှ "စာသဘော၊ ပါးစပ်ဖြင့် ရှင်းလင်းပြမှုသဘောအရ သိတာပါဘုရား"ဟု ဒါယကာက ပြန်လျှောက်ထားကြောင်း ဆရာအစဉ်အဆက်တို့ ပြောပြကြဖူးသည်ကို မှတ်သားရဖူးပါသည်၊ သစ္စာလေးပါးကို သိမြင်ခြင်းဟူရာ၌ ထိုဒါယကာကဲ့သို့ မဖြစ်စေရန် အရေးကြီးပေသည်။

## သစ္စာလေးပါး သိမြင်သွားသူ ပဋာစာရီ

ပဋ္ဌာစာရီလောင်းလျာ အမျိုးသမီးသည် ပဒုမုတ္တရနှင့် ကဿပဘုရားရှင်တို့၏ လက်ထက်တော်မှစ၍ ပါရမီဖြည့်လာခဲ့သူဖြစ်သည်။

ဤဂေါတမမြတ်စွာဘုရားရှင်လက်ထက်တွင်မူ သာဝတ္ထိပြည်၌ သူဌေးသမီးအဖြစ်ဖြင့် လူ့ဘဝသို့ ရောက်လာခဲ့သည်၊ အရွယ်ရောက်လာသောအခါ

သူတို့အိမ်မှ အလုပ်သမားတစ်ဦးနှင့် လိုက်ပြေးသွားခဲ့သည်၊ သူတို့နှစ်ဦး ရွာတစ်ရွာ၌ ပေါင်းသင်းနေထိုင်ကြရင်း သားဦး ကိုယ်ဝန်ရလာသည်။

## သားနှစ်ယောက်ဖွားမြင်ပုံ

သားဦးမီးဖွားဖို့ မိဘအိမ်ပြန်ရန် ခင်ပွန်းကို အကြိမ်ကြိမ် ပန်ကြားသည်၊ ခင်ပွန်းက ယောကျ္ခမများကို ကြောက်လန့်သဖြင့် နေ့ရွှေ့ ညရွှေ့ဖြင့် လိုက်မပို့ဘဲ နေနေသည်၊ သို့ဖြင့် ခင်ပွန်းမသိအောင် မိဘအိမ်သို့ ထွက်လာခဲ့သည်၊ သို့သော် ခင်ပွန်းသည် သိသွားသဖြင့် နောက်မှလိုက်လာခဲ့ရာ လမ်းခုလတ်တွင်ပင် သားဦးလေးကို မွေးဖွားပြီး သူတို့နေရာ ရွာကလေးသို့ ပြန်နေခဲ့ကြသည်၊ ထိုနည်းတူပင် ဒုတိယကလေး ကိုယ်ဝန်ရင့်လာသောအခါတွင်လည်း အိမ်မှ ထွက်လာခဲ့သည်၊ မိဘအိမ်မရောက်မီ ခင်ပွန်းလိုက်မီလာခဲ့ရာ ညကြီးသန်းခေါင်အချိန်တွင် တောထဲ၌ ဒုတိယသားကလေးကို မွေးဖွားခဲ့ရပြန်သည်။

ထိုညက မိုးကြီးလေကြီး ကျရောက်နေသည်၊ မီးနေသည်သားအမိအတွက် မီးဖိုပေးရန် ညကြီးသန်းခေါင် ထင်းရှာသွားစဉ် မြွေကိုက်ခံရသဖြင့်



ခင်ပွန်းကွယ်လွန်သွားသည်၊ သားအမိသုံးယောက် မိဘရှိရာသို့ ဆက်လာခဲ့သည်၊ အစိရဝတီမြစ်သို့ ရောက်လာသော် သားကြီးကို သည်မှာဘက်ကမ်း၌ ထားခဲ့ပြီး သားငယ်ကိုပွေ့ချီလျက် ဟိုမှာဘက်ကမ်းသို့ ပို့ထားခဲ့သည်၊ သားကြီးခေါ်ရန် ပြန်လာစဉ် စွန်ကြီးတစ်ကောင်က မွေးကင်းစသားငယ်လေးကို စားစရာ အသားတစ်ထင်သဖြင့် သုတ်ချီသွားတော့သည်၊ သားငယ်လေးပြန်ရရန် အော်ဟစ်၍ စွန်ကြီးကို ချောက်လှန့်သည်၊ ထိုသို့ချောက်လှန့်သောအသံကို ကမ်းတစ်ဖက်၌ ရှိနေသူ သားကြီးကြားသော် မိခင်က သူ့ကိုခေါ်သည်ဟု မှတ်ထင်ကာ ရေထဲဆင်းလာရာမှ ရေတွင်မျောပါသွားတော့သည်။

ခင်ပွန်းသည် မြွေကိုက်ခံရ၍ ကွယ်လွန်သွားပြီးနောက် သားငယ်ကို စွန်ချီခံရကာ သားကြီးက ရေထဲမျောပါလျက် ကွယ်လွန်သွားရပြန်သည်၊ သို့ဖြင့် မိဘများရှိရာသို့ တစ်ဦးတည်း ဆက်လာခဲ့သည်၊ လမ်းတွင် သာဝတ္ထိပြည်သားတစ်ဦးနှင့်တွေ့၍ မိဘများအကြောင်း မေးကြည့်သည်၊ 'ညက လေကြီးမိုးကြီးကျ၍ တိုက်ပျိုကျသောကြောင့် သင့်မိဘနှစ်ပါးရော သင့်မောင်ပါ ကွယ်လွန်သွားကြပြီ'ဟု ခရီးသွားက ပြောပြသည်။

သားနှစ်ဦးလည်း သေ၊ လင်ပါဆုံးသွားသဖြင့် အပူသည်ကြီးဘဝဖြင့် မိဘတို့မေတ္တာရိပ်သို့ ပြန်ခိုလှုံရန်လာခဲ့သော ပဋာစာရီသည် အေးရိပ်သာနန်းသို့ ပြန်မရောက်ခင်ပင် သောကအပူလုံးကြီးက သူ၏နှလုံးသားနှင့် ဦးနှောက်အတွင်းသို့ တရကြမ်းပြေးဆောင့်ဝင်လာခဲ့ပေပြီ၊ မိဘ နှစ်ဦးနှင့် မောင်ဖြစ်သူပါ ကွယ်လွန်သွားကြပြီဟူသော အသံကိုကြားရသည်နှင့် ပဋာစာရီသည် လောကကြီးတစ်ခုလုံးကို မမြင်ရတော့၊ ဆက်သွားရမည့် ခရီးကိုလည်း မတွေးနိုင်မမြင်နိုင်၊ လာခဲ့သော ခရီးကိုလည်း မမှတ်မိတော့၊ သူ့ကိုယ်၌ အဝတ်ပါသည်၊ မပါသည်ကိုပင် သတိမထားမိတော့ဘဲ ခြေဦးတည့်ရာသို့ လျှောက်ပြေးကာ နှုတ်မှတစာစာ အော်ဟစ်ငိုကြွေးနေသည်၊ တွေ့မြင်သူတို့က သူဌေးသမီးပဋာစာရီကိုမမှတ်မိကြတော့ပေ၊ ကိုယ်၌ဝတ်ဆင်ထားသည့် အဝတ်အစားလည်းမရှိတော့၊အဝတ်ဗလာဖြစ်နေသည့်အရူးမဟုသာပြောဆိုကြတော့သည်၊ သူတို့အနီးသို့ ရောက်လာသောအခါ ပဋာစာရီကို မောင်းထုတ်ကြသည်။

## ရောက်သင့်ရာရောက်သွားရှာပြီ

သို့သော် အပူသည်ကြီးဖြစ်နေသော ပဋာစာရီသည် အခြားသူတို့မောင်းထုတ်သဖြင့် လွင့်ချင်ရာသို့လွင့်ကာ ရောက်ချင်ရာသို့ရောက်သွားသည်တော့ မဟုတ်ပေ၊ ရောက်သင့်ရာသို့ ရောက်သွားရှာသည်။

ဘုရားရှင်သည် တစ်နေရာ၌ ပရိသတ်လေးပါးအား တရားဟောပြတော်မူနေသည်၊ ထိုနေရာသို့ အရူးမ ပဋာစာရီရောက်သွားသည်၊ အချို့က အဝတ်များပေးကြသည်၊ ပေးသောအဝတ်ဖြင့် သူ၏ခန္ဓာကို ဖုံးအုပ်လျက် ဘုရားရှင်၏တရားတော်ကို ကြားနာသည်၊ ဘုရားရှင်၏တရားတော်သည် အပူကိုအေးစေနိုင်သကဲ့သို့ သောက၊ ဒေါသ၊ လောဘတို့ကြောင့် ရူးနေရသည်ကိုလည်း အကောင်းပကတိဘဝသို့ ပြန်ရောက်စေနိုင်ကာ ကောင်းသည်ထက် ကောင်းသောဘဝသို့ ပို့ဆောင်နိုင်စွမ်းရှိသည်မဟုတ်ပါလော။

ပဒုမုတ္တရနှင့်ကဿပ ဘုရားရှင်တို့ လက်ထက်တော်ကတည်းက ဖြည့်ခဲ့သော ပါရမီတို့သည် တစ်ဆင့်ထက်တစ်ဆင့် ရင့်ကျက်ကာ ယခုအခါ ရဟန္တာအဖြစ်သို့ ပို့ဆောင်ရန် ပဋာစာရီအတွက် အချိန်ရောက်ပေပြီ။

ပဋာစာရီသည် ဘုရားရှင်၏တရားတော်ကို နာကြားရရာမှ တရားသိလျက် တရားရလေပြီ၊ သောတာပန်ပဋာစာရီဖြစ်ရပြီ၊ ဘိက္ခုနီတို့ထံ သွားကာ အမျိုးသမီးရဟန်းအဖြစ် ခံယူသည်၊ တရားဘာဝနာဆက်လက်အားထုတ်သည်၊ သို့ဖြင့်သောက၊ ပရိဒေဝအားလုံးတို့ အေးငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုလျက် ရဟန္တာဖြစ်တော်မူသည်။

[ဓမ္မပဒ သဟဿဝဂ်၊ ပဋာစာရီထေရိဝတ္ထု]

## နိဗ္ဗာန သစ္ဆိကိရိယမင်္ဂလာ

နိဗ္ဗာန - တဏှာချုပ်ငြိမ်းရာ၊ တဏှာမှလွတ်မြောက်ရာကို နိဗ္ဗာန်ဟုခေါ်သည်၊ (နိဗ္ဗာန = နိ+ဝါန=နိ-မရှိခြင်း၊ ကင်းခြင်း၊ ဝါန-တဏှာ) နိဗ္ဗာန်ကို ဉာဏ်

ဖြင့် တိုက်ရိုက်အာရုံပြုသိလိုက်ရခြင်းကို မျက်မှောက်ပြုသည်၊ (သစ္စိကရဏ)ဟု ခေါ်သည်။

နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည် ချမ်းသာအစစ်ဖြစ်သည်၊ ဤချမ်းသာသည် သန္တိသုခ - အေးငြိမ်းသောချမ်းသာအစစ်ဖြစ်သည်၊ ထို့ကြောင့် ဤချမ်းသာကို မင်္ဂလာဟု ဟောတော်မူသည်၊ နိဗ္ဗာန်ကို ရသည်၊ ရောက်သည်ဟု ဆိုရာ၌ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ဖြင့် အာရုံပြုသောအားဖြင့် ရောက်ခြင်း၊ ရခြင်းဖြစ်သည်။

ဤမင်္ဂလာပါ "နိဗ္ဗာန သစ္ဆိကိရိယ"ဟူသော ပါဠိအရ နိဗ္ဗာန်ဟူသည် အရဟတ္တဖိုလ်ကို ဆိုလိုသည်၊ အရဟတ္တဖိုလ်ကို နိဗ္ဗာန်ဟုဆိုလိုကြောင်း အဋ္ဌကထာ၌ ဖွင့်ဆိုထားသည်။

## ဘုရားရှင်၏မိဘဟောင်း ပုဏ္ဏားကြီးမိသားစု

ဘုရားရှင်သည် အဥ္စနအမည်ရှိ တောအုပ်၌ သီတင်းသုံးတော်မူစဉ် သာကေတမြို့သို့ ဆွမ်းခံကြွတော်မူသည်၊ မြို့တံခါးသို့ရောက်သော် အသက်အရွယ်ကြီးသူ ပုဏ္ဏားကြီးတစ်ယောက်နှင့် တွေ့ရသည်။

ပုဏ္ဏားကြီးက "ချစ်သား၊ အချိန်ကာလ ဤမျှကြာအောင် အဘယ်သို့ သွားနေသနည်း၊ မိအိုဖအိုတို့ကို မစောင့်ရှောက်တော့ဘူးလား၊ ချစ်သား၏ မယ်တော်ကြီးနှင့်တွေ့ဖို့ အိမ်သို့ကြွပါဦး"ဟု ဘုရားရှင်ကို ပင့်ဆောင်လျှောက်ထားလေတော့သည်။

### သင်တို့နောင်တော်ကို နှုတ်ဆက်ကြ

ဘုရားရှင်သည် ပုဏ္ဏားကြီး၏ပင့်လျှောက်ချက်အရ ပုဏ္ဏားကြီးတို့အိမ်သို့ လိုက်ပါကြွလာခဲ့သည်၊ အိမ်သို့ရောက်သော် ပုဏ္ဏေးမကြီးကလည်း ပုဏ္ဏားကြီးနှင့် ဘုရားရှင်တွေ့ဆုံစဉ်က နှုတ်ဆက်ပြောဆိုသကဲ့သို့ပင် လှိုက်လှိုက်လှဲလှဲ ဝမ်းပန်းတသာဖြင့် ဆီးကြိုနှုတ်ဆက်သည်၊ သားသမီးတို့ကိုခေါ်ကာ သင်တို့ နောင်တော်ကြီးကို နှုတ်ဆက်ကြဟုလည်း ပြောဆိုတိုက်တွန်းသည်။

ထို့နောက် ပုဏ္ဏားကြီးမိသားစုတို့က ဘုရားရှင်နှင့်တကွ နောက်ပါသံဃာတော်တို့အား ဆွမ်းဘောဇဉ်များ ဆက်ကပ်လှူဒါန်းကြသည်၊ နောင်အမြဲတမ်းသူတို့အိမ်သို့ ဆွမ်းခံကြွပါဟုလည်း ဝမ်းသာအားရ ဖိတ်ကြားပင့်ဆောင်ကြသည်။ ထိုအခါ ဘုရားရှင်က "ဘုရားရှင်တို့မည်သည် တစ်နေရာတည်း၊ တစ်အိမ်တည်းသို့ အမြဲတမ်း ဆွမ်းခံကြွလေ့မရှိ၊ အများသတ္တဝါတို့အတွက် နေရာဒေသ အနှံ့သို့ကြွသွားလျက် အလှူခံရသည်"ဟု မိန့်ကြားသည်။

ထိုအခါ ပုဏ္ဏားကြီးမိသားစုက "ဆွမ်းကပ်လှူ သူမရှိလျှင် တပည့်တော်တို့ကို အကြောင်းကြားပါ"ဟု ထပ်မံ ပင့်ဖိတ်ကြပြန်သေးသည်။

နောက်ပိုင်းရက်များတွင် ပုဏ္ဏားကြီးတို့ အိမ်သို့ ဘုရားရှင် မကြာမကြာ ကြွလာလျက် ဆွမ်းအလှူခံသည်၊ ဆွမ်းဘုဉ်းပေးသည်၊ ဆွမ်းအနုမောဒနာနှင့်တကွ တရားပြလျက် တရားဟောတော်မူသည်၊ မကြာမကြာ တရားနာကြားရသဖြင့် ဘုရားရှင်၏မိဘဟောင်း ပုဏ္ဏားကြီးတို့ အနာဂါမ်ဖြစ်သွားကြသည်။

ဘုရားရှင်သည် ဝါတွင်းသုံးလတိုင်တိုင် ပုဏ္ဏားကြီးတို့၏အပြုအစုကိုခံယူ



ကာ မိဘဟောင်းဇနီးမောင်နှံကို တရားပြတော်မူသည်၊ တစ်နေ့ ပုဏ္ဏားကြီးဇနီးမောင်နှံသည် အတိတ်နှင့်ပစ္စုပ္ပန်ဘဝတွင် ပြုခဲ့သော ကောင်းမှုအဖုံဖုံနှင့်ဝိပဿနာဘာဝနာအဟုန်တို့ကြောင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုလျက် နိဗ္ဗာန်စံဝင်သွားကြတော့သည်။

## ဘုရားရှင်နှင့် ပုဏ္ဏားကြီးတို့၏အတိတ်ဘဝများ

တရားသဘင်၌ ရဟန်းတော်တို့က "ဘုရားရှင်၏မယ်တော်၊ ခမည်းတော်တို့သည် သုဒ္ဓေါဒနမင်းကြီးနှင့် မယ်တော်မာယာတို့ဖြစ်ကြသည်၊ သို့ပါလျက် ပုဏ္ဏားအိုကြီးဇနီးမောင်နှံတို့က ဆွမ်းခံကြွလာသော ဘုရားရှင်ကို "ချစ်သား"ဟု ခေါ်ဝေါ်လျက် အိမ်သို့ ပင့်ဆောင်သွားကြသည်ဟု ပြောဆိုနေကြသည်။

ထိုရဟန်းတို့အား ဘုရားရှင်က "ဤပုဏ္ဏားကြီးဇနီးမောင်နှံသည် ဘဝငါးရာတို့တိုင်တိုင် ငါဘုရား၏မယ်တော်၊ ခမည်းတော်တို့ဖြစ်ခဲ့ကြဖူးသည်၊ နောက်ဘဝငါးရာတို့တိုင်တိုင် ဘထွေး၊ မိထွေးအဖြစ်လည်းကောင်း၊ ဘကြီး၊ မိကြီးအဖြစ်လည်းကောင်း ဖြစ်ခဲ့ကြဖူးသည်၊ ငါဘုရားသည်လည်း ဘဝတစ်ထောင့်ငါးရာတိုင်တိုင် ဤပုဏ္ဏားကြီးတို့၏သားဖြစ်ခဲ့ဖူးသည်"ဟု အတိတ်အကြောင်းကို ဟောပြတော်မူသည်၊ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုသွားသော ပုဏ္ဏားကြီးတို့ဇနီးမောင်နှံ၏ရုပ်ကလာပ်များကိုလည်း သုသာန်အထိဘုရားရှင်ကြွတော်မူလျက် ပို့ဆောင်ပေးတော်မူခဲ့သည်။

[ဓမ္မပဒ၊ ကောဓဝဂ်၊ ဘုရားရှင်၏ မိဘဟောင်းများ ဝတ္ထု]

---

## ပညာရှင်တို့၏စာပေစကား

ညွှန်တဏှာဝ၊ သံသာရမှ၊ ထွက်ရလွယ်ကြောင်း၊ ရည်ဆုတောင်း၍၊ ထိန်းကျောင်းကိုယ်နှုတ်၊ ဥပုသ်သီတင်း၊ ခြိုးခြံခြင်းဖြင့်၊ ဖြောင့်စင်းစွဲသုံး၊ နှလုံးမကျန်း၊ ကျင့်တန်းမှန်စွာ၊ စောင့်စည်းရာ၏။

[ မုံရွေးဆရာတော် ]

အစတည်ဘိ၊ ပါတိမောက္ခ၊ သတိမလျက်၊ ဉာဏ်အညီ၊ ခန္တီဝီရိယ၊ သံဝရဟု၊ ဓမ္မအပြား၊ ထိုငါးပါးတွင်၊ ရှေ့ဖျားဖော်ထုတ်၊ ပါတိမုတ်ကား၊ ပေါင်းစုများဗိုလ်၊ အကုသိုလ်မှ၊ ကိုယ်နှုတ်နှလုံး၊ လွတ်အောင်သုံး၏၊ ပေါင်းရုံးခြောက်ခု၊ စက္ခုကြန္ဒြိယ၊ စသည်မပြတ်၊ စောင့်စည်းတတ်၍၊ မည်မှတ်သတိ၊ သဘောရှိ၏၊ ကြီးဘိဉာဏ်ပုံ၊ စိုးမိုးခြုံလျက်၊ လေးစုံပစ္စည်း၊ သိမ်းဆည်း သန်လှ၊ ဉာဏ

သံဝရ၊ သဘောပြ၏၊ ချမ်းမြပူဆာ၊ တွေ့သောခါ၌၊ နှစ်ဖြာအပြီ၊ စံချင်းညီ၍၊ ခန္တီမည်မှတ်၊ မယွင်းချွတ်တည့်၊ ဖြစ်တတ်ရာရာ၊ ကာမာဝိတက်၊ နှစ်သက်မြူးစံ၊ မကြံစပါ၊ သုဒ္ဓါဇီဝ၊ ဝီရိယဟု၊ သံဝရငါးပါး၊ သဘောပြား၏။

[ဓမ္မရာသိပျို့]

လူပျင်းတို့သွေး၊ ကျင့်မူရေးကား၊ အေးလည်းအေးဟူ၊ ပူလည်းပူစွ၊ ညလည်းညသော၊ စောလည်းစောစွာ၊ ဆာလည်းဆာနှင့်၊ ဝပါတုံလျှင်း၊ ဝမ်းတောင့်တင်းဟု၊ အပျင်းဖို့သာ၊ ယိုးမယ်ရှာ၍၊ လိုရာကိစ္စ၊ မပြုရဘူး။

[မဃဒေဝ-၄၃၂]

မရှိလှံ့လ၊ ပျင်းပိုးထသော်၊ သုတပညာ၊ ဘယ်မှာရလိမ့်၊ ဝိဇ္ဇာသိပ္ပ၊ တတ်မရမူ၊ ခနဉစ္စာ၊ ဘယ်ကလာခဲ့၊ ဉစ္စာမရှိ ဖြစ်တုံဘိက၊ မိမိမိတ်ဆွေ၊ ဘယ်ရချေတုံ၊ မရေမရာ၊ မိတ်မရှာမူ၊ ချမ်းသာလွေ့လွေ့၊ ဘယ်မှာတွေ့အံ့၊ မပြေ့သုခ၊ ပူပန်ကတုံ၊ ပုညကုသိုလ်၊ ဘယ်လိုဖြစ်အံ့၊ ကျမ်းဆိုအဟုတ်၊ ကောင်းမှုယုတ်က၊ ဝိသုဒ္ဓိမည်၊ နိဗ္ဗာန်ပြည်သို့၊ သာကြည်ထုတ်ချောက်၊ ဘယ်မှာရောက်အံ့၊ ရှေ့နောက်မြော်တင်း၊ နှလုံးသွင်းလျက်၊ မပျင်းရိသာ၊ လုံ့လရာ၏။

[သားရွှေဉဆုံးမစာ]

အနှစ်ဘဏ္ဍာ၊ ဉစ္စာလိုလျှင်း၊ မရိပျင်းနှင့်၊ အပျင်းကြီးလစ်၊ သူ့ကျွန်ဖြစ်၏။

[သြဝါဒထူးပျို့]

ကြံကြံစည်စည်၊ လူတို့ပြည်တွင်၊ ကျင်လည်ရာရာ၊ ဉစ္စာရှာဆည်း၊ ရေကြည်းပတ်လျှောက်၊ ရောင်းဖောက်ကစား၊ စီးပွားမြတ်ခြင်း၊ တင်းတင်းစားစား၊ သွားလာငြင်ငြို၊ ထိုထိုအမှု၊ ပြုပြုသမျှ၊ ကံကိစ္စ၌၊ မိန်းမယောကျ်ား၊ စိတ်သွားသောလျှောက်၊ မရောက်တချို့၊ ရောက်တချို့နှင့်၊ ကိုယ့်ဖို့ ပြည့်စုံ၊ မကုံလည်းရှိ၊ ကုံလည်းရှိ၏၊ မမိလည်းဖမ်း၊ မိလည်းဖမ်းလျက်၊ ကိုယ်စွမ်းအားကိုး၊ ဆော်ပင့်နှိုးကာ၊ ကောင်းကျိုးရှိရာစမြဲတည်း။

[ဇနကပျို့]

စီးပွားဟူက၊ အားထုတ်မှသာ၊ ရမြဲရာတည့်၊ ကြံကာမတ္တ၊ မလုံ့လဘဲ၊ မရ မြဲဟု၊ ဝမ်းထဲယူငင်၊ နှလုံးထင်နှင့်၊ သင်တို့တကာ၊ မှတ်ကုန်ရာတည်း။

[ဇနကပျို့]

ကံဟုမူလ၊ သမ္မဒ္ဒတို့ ဟောပြသည်မှာ၊ အရင်းသာရှင့်၊ ဉစ္စာဘောဂ၊ ဇီဝိတနှင့်၊ သုခပွားရန်၊ ဤလူ့ဌာန်၌၊ ဉာဏ်ဝီရိယ၊ ပယောဂတည့်၊ ကာလဒေသ၊ ပုဂ္ဂလကို၊ နှိုင်းဆအပ်တုံ၊ ကံကိုယုံ၍၊ မီးပုံအတွင်း၊ မဆင်းထိုက်စွာ၊ ကျားရဲရာလည်း၊ ကြမ္မာအကြောင်း၊ မရိုးကောင်းရှင့်၊ သူဟောင်းရှေးက၊ ဆိုကုန်ကြ၏။

လုံ့လမထူ၊ ဉာဏ်မကူဘဲ၊ အယူတစ်ချောင်း၊ ကံတစ်ကြောင်းမျှ၊ မကောင်းလည်းကံ၊ ကောင်းလည်းကံဟု၊ ကံကိုချည်းသာ၊ မကိုးရာဘူး၊ ပညာဉာဏ်ဖြင့်၊ သင့်မသင့်ကို၊ အခွင့်ရှု၍၊ အပြုလုံ့လ၊ ရှိအပ်စွတည့်၊ ကံမွဲဉာဏ်နုံ့၊ မလုံ့မလ၊ နတ်မမဘူး၊ ကိုယ်လည်းလုံ့လ၊ နတ်လည်းမ၏။

[မဃဒေဝ-၂၄၅]

လေးပါးမျိုးမည်၊ လူတို့ပြည်၌၊ အရှည်စီးပွား၊ များကြောင်းကောင်းလျှင်၊ သူကောင်းမျိုးနွယ်၊ သူကြွယ်တခြား၊ ပုဏ္ဏားတစ်သီး၊ မင်းကြီးတကွဲ၊ သူဆင်းရဲတို့၊ အမြဲစဉ်တိုက်၊ အလိုက်အလိုက်၊ မိရိုက်ဖရာ၊ တတ်အပ်စွာသား၊ လယ်ယာကုန်သွယ်၊ ကြွေးဆယ်မြီချ၊ စသည်ထွေပြား၊ အတတ်များကို၊ သွေးသားလျှလျှ၊ တတ်ချင်မူဖြင့်၊ ပျင်းထူလုံ့လ၊ ငယ်သော်ကလျှင်၊ မထပျင်းပိုး၊ တတ်အောင်ကြိုး၍၊ နွံကျိုးသေချာ၊ သင်ကုန်ရာသည်၊ တံထွာလူတို့စရိုက်တည်း။

[ရွှေဟင်္သာမင်းပျို့]

လုံ့လအပ်စွာ၊ အရာရာ၊ ကံသာမရိုးနှင့်၊
လုံ့လနှင့်ကံ၊ မျှအောင်ကြံ၊ ဉာဏ်မလွတ်စေနှင့်၊
လုံ့လအရာ၊ ဘယ်အခါ၊ ပညာမကင်းကြစေနှင့်၊
ပညာဟူသည်၊ အရင်းတည်၊ ကြံစည်မကင်းကြစေနှင့်၊

ပညာနှိုင်းညှိ၊ ကြံခွင့်ရှိ၊ သတိမလစ်ကြစေနှင့်၊
သတိနှင့်ပြု၊ အမှုမှု၊ တစ်ခုမလစ်ဟင်းစေနှင့်။

[သုတရတနာဆုံးမစာ]

သူ့မယား မျက်လှည့်ကောင်က၊ ပြုံးယောင်နှင့်ရယ်ယောင်ကာ၊ ဗျာပါဆံကိုခါတဲ့၍၊ ဆာသလား ပန်းသလား ချော့စား မော့စား၍၊ အကြော့များ မြှူတဲ့လျှင်၊ အပူကြီးဘေးပျောက်လို့ နတ်ရွာသို့ရောက်သည့်နှယ်၊ သပေါက်ကြီးတစ်တွေမှာ၊ သည်အနေနှင့်မြင့်ကြာ၍၊ သံသရာနယ်ကြောမှာ၊ အပေါပေါရှိကြသည်။

အညှိမင်၍၊ ပျော်ရွှင်မြူးထူး၊ ကာမကြူးလျှင် မွဲတတ်သည်၊ သေရည်ကြူးလျှင် ဆဲတတ်သည်၊ အတည်တည်အဝဝ၊ အနိစ္စမှန်းဒုက္ခမှန်း၊ ရော်ရမ်းမမြင်၊ ပျော်ရွှင်မြူးထူး၊ သဘင်ကြူးလျှင် အရှုးဆိုသည့် ဂုဏ်တံဆိပ်နှင့် ငရဲထိပ်ပိတ်၊ အဝီစိသို့ ရောက်မှ သိမည်သတိထား။

[ကျည်းကန်ရှင်ကြီး]

တစ်သက်တစ်ခါ၊ သေမည်သာ၊ စိတ်မှာမပြတ်စွဲ၊
သေသောအခါ၊ လမ်းငါး ဖြာ၊ ပါယ်ရွာလွတ်အောင်လွှဲ၊
ပါယ်ရွာလွတ်လို၊ အကုသိုလ်၊ တွန်းဖို့ရှောင်ကြဉ်ဖဲ၊
ဒါနသီလာ၊ ဘာဝနာ၊ ကိုယ်မှာကြပ်ကြပ်မြဲ၊
ထွန်းပရောင်ဝါ၊ သာသနာ၊ ခုခါမင်္ဂဖိုလ်ပွဲ၊
မိမိကိုယ်ကို၊ ချမ်းသာလို၊ မဂ်ဖိုလ်ရအောင်ခဲ။

[သုတရတနာဆုံးမစာ]

နဝမဂါထာဖြင့် ဟောကြားတော်မူသည့်
မင်္ဂလာတရားတော်များနှင့် ဝတ္ထုများပြီး၏။

* * *

## ဒသမဂါထာဖြင့် ဟောကြားသည့် မင်္ဂလာတရား လေးပါး

ဖုဋ္ဌဿ လောကဓမ္မေဟိ အစရှိသော ဒသမဂါထာတော်ဖြင့် ဘုရားရှင်သည် ဤမင်္ဂလာတရားလေးပါးကို ဟောတော်မူသည်။

၁။ **စိတ္တံအကမ္ပနံ** = လောကဓံတရားရှစ်ပါးတို့နှင့် တွေ့ကြုံရသော် စိတ်၏တုန်လှုပ်မှုမရှိခြင်းသည် မင်္ဂလာ။

၂။ **အသောကံ** = စိုးရိမ်မှုကင်းခြင်းသည် မင်္ဂလာ။

၃။ **ဝိရဇံ** = ကိလေသာ တဏှာရမ္မက်ဟူသော မြူအညစ်အကြေးမရှိခြင်းသည် မင်္ဂလာ။

၄။ **ခေမံ** = ဘေးရန်ကွင်းကွာခြင်းသည် မင်္ဂလာ။

ဤမင်္ဂလာတရားလေးပါးသည် ၃၈-ဖြာ မင်္ဂလာတရားတို့တွင် ဘုရားရှင် ဒသမ ဟောကြားတော်မူသည့် မင်္ဂလာတရားများဖြစ်ကြသည်။

ဘုရားရှင်သည် မင်္ဂလာတရားများကို ဟောကြားတော်မူခဲ့ရာ ဤမင်္ဂလာတရားလေးပါးနှင့်ဆိုလျှင် ၃၈-ဖြာမင်္ဂလာတရားအားလုံးပြီးပြည့်စုံပြီဖြစ်သည်။

ဤမင်္ဂလာတရားလေးပါးကို သိမှတ်ရလွယ်ကူစေရန် ဆရာကြီးဒဂုံဦးထွန်းမြင့်က ဤသို့ လင်္ကာစီကုံးထားခဲ့သည်။

၁။ ဆင်းရဲချမ်းသာသဘာဝ တွေ့ကြုံနေကြ လူတိုင်းပေ၊

၂။ ကောင်းဆိုးနှစ်တန် အစုံတွဲလို့၊ တလဲစီလှည့် အမြဲနေ၊

၃။ လောကဓံကြုံ မဖြုန်တမ်းပေါ့၊ မတုန်စမ်းနဲ့ စိတ်ခိုင်စေ၊

၄။ သောကကိုထိန်း၊ ရမ္မက်သိမ်း၊ အေးငြိမ်းချမ်းသာပေ၊

အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

## စကားလုံးတို့၏အဓိပ္ပာယ်

## စိတ္တအကမ္ပနမင်္ဂလာ (စိတ်တုန်လှုပ်မှုမရှိခြင်းမင်္ဂလာ)

လောကဓံ တရားများနှင့် တွေ့ကြုံရသော်လည်း စိတ်ဓာတ်အားဖြင့် တုန်လှုပ်မှု မရှိခြင်းကို စိတ္တအကမ္ပနမင်္ဂလာဟု ဘုရားရှင် ဟောတော်မူခြင်းဖြစ်သည်။

### အကောင်းနှင့်အဆိုး လောကဓံများ

လောကဓံတရား ရှစ်ပါးရှိသည်၊ အဆိုးလောကဓံတရား လေးပါးနှင့် အကောင်းလောကဓံတရားလေးပါးတို့ဖြစ်ကြသည်။

အဆိုးလောကဓံတရားလေးပါးမှာ အလာဘ - လာဘ်မရခြင်း၊ လာဘ်လာဘ နည်းပါးခြင်း၊ အယသ - အခြွေအရံမရခြင်း၊ အခြွေအရံ မရှိခြင်း၊ နိန္ဒာ- သူတစ်ပါးအကဲ့ရဲ့ ခံရခြင်းနှင့် ဒုက္ခ - ဆင်းရဲဒုက္ခ တွေ့ကြုံ ခံစားရခြင်းတို့ဖြစ်သည်။

အကောင်းလောကဓံတရားလေးပါးမှာ လာဘ-လာဘ်ရခြင်း၊ လာဘ်ပေါများခြင်း၊ ယသ-အခြွေအရံပေါများခြင်း၊ ပသံသာ-ကောင်းသည်၊ တော်သည် စသည်ဖြင့် ချီးမွမ်းခံရခြင်း၊ သုခ - ချမ်းသာခြင်းတို့ ဖြစ်ကြသည်။

တည်ကြည်သူ၊ သမာဓိရှိသူ၊ အကောင်းအဆိုးအကြောင်းအကျိုးကို စဉ်းစားချင့်ချိန်နိုင်သူ၊ ယောနိ သောမနသိကာရ-အသင့်အတင့်၊ အလိုက်အထိုက်၊ အကျိုးသင့်အကြောင်းသင့် စဉ်းစားတတ်သူ၊ သိသူတို့သည် အဆိုးလောကဓံတရားများဖြင့် တွေ့ကြုံရသော်လည်း စိတ်ရောကိုယ်ပါဒုက္ခခံစားရမှု အနည်းငယ်သာ ခံစားရမည်ဖြစ်သည်၊ ထို့အတူ အကောင်းလောကဓံတရားများနှင့် တွေ့ကြုံရ၍ ဝမ်းသာစရာကြုံတွေ့ခံစားရသော်လည်း လွန်လွန်ကဲကဲ မရှိကြပေ၊ အထူးသဖြင့် ဘုရား၊ ရဟန္တာစသော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မွန်တို့၏ စိတ်ထားတို့သည် ဤလောကဓံ တရားတို့ကြောင့် တုန်လှုပ်မှု၊ ယိမ်းယိုင်မှု မရှိကြပေ။

ပုထုဇဉ်လောကသားများမှာမူ ဒုက္ခနှင့်တွေ့ကြုံရလျှင် ဝမ်းနည်းကြသည်၊ သုခနှင့်တွေ့ကြုံရလျှင် ဝမ်းသာဝမ်းမြောက်ကြသည်၊ ဤသို့ဖြစ်ရသည်မှာ အသိဉာဏ်ရင့်ကျက်မှု နည်းခြင်းကြောင့်ဖြစ်သည်၊ ဘုရား၊ ရဟန္တာအရှင်မြတ်ကြီးများကဲ့သို့ စိတ်ဓာတ်ကြံ့ခိုင်မှု၊ ရင့်ကျက်မှုမရှိသေးသောကြောင့်လည်း ဖြစ်ကြပေသည်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ဝေရဥ္စာပြည်၌ ဝါဆိုဝါကပ်ကာ သီတင်းသုံးတော်မူစဉ် မုယောဆန်ကြမ်းဆွမ်းကို သုံးဆောင်ဘုဉ်းပေးတော်မူနေရဖူးသည်၊ ဧကနာဋပုဏ္ဏားရွာတွင်းဆွမ်းခံကြွစဉ် မာရ်နတ်နှောင့်ယှက်ထား၍ အလှူရှင်တို့ ဆွမ်းမလောင်းနိုင်ကြသဖြင့် ဆွမ်းမရဖြစ်ကာ ဆေးကြောထားမြဲ သပိတ်တော်ကို ပိုက်ကာ ဆွမ်းဘောဇဉ်မရဘဲ ပြန်ကြွလာတော်မူခဲ့ရဖူးသည်။

ယသော - အယသော လောကဓံအရ အခြွေအရံရှိလျှင် ဝမ်းသာသည်၊ မရှိလျှင်၊ နည်းလျှင်ဝမ်းနည်းစရာဖြစ်ရသည်၊ ဤသို့ဖြစ်ရသည်ကို အသိဉာဏ်ရင့်ကျက်သူတို့ ခံနိုင်ရည်ရှိကြသည်၊ အသိဉာဏ် မရင့်ကျက်သူတို့ တုန်လှုပ်ကြသည်၊ ဘုရားရှင်နှင့် ဘုရားရှင်၏တပည့်များ အခြွေအရံများ၍ ဒေဝဒတ်၊ တိတ္ထိဂိုဏ်းဆရာများနှင့် တပည့်တို့က နည်းပေါင်းစုံဖြင့် နှောင့်ယှက်တိုက်ခိုက်ခဲ့ကြသည်၊ သုန္ဒရီ ပရိဗိုဇ်မကဲ့သို့သော သူတို့၏ အဖျက်လုပ်ရပ်များသည် ဤယသ၊ အယသ စသော အခြွေအရံ ရမှု၊ မရမှု စသည်ကို အကြောင်းပြုကာ ဖြစ်ခဲ့ကြရခြင်းဖြစ်သည်။

နိန္ဒာ - ကဲ့ရဲ့ခံရမှု၊ ပသံသာ၊ ချီးမွမ်းခံရမှုတို့သည် အသိရှင်၊ တရားရှင်တို့အတွက် တုန်လှုပ်ဖွယ်ရာများ မဟုတ်ပေ။

## ကံကိုယုံကြည်သူများဖြစ်၍

သုခံ - ဒုက္ခံ ဆင်းရဲရမှု၊ ချမ်းသာရမှုသည်လည်း ဗုဒ္ဓဘာသာတရားကို သိရှိသူ၊ နားလည်ထားသူ၊ လက်ခံကျင့်သုံးနေသူတို့အနေဖြင့် တုန်လှုပ်ဖွယ်ရာများမဟုတ်ပေ၊ တရားသိလျှင်၊ တရားရှိလျှင် တရားသဘောအရ ဖြေသိမ့်နေနိုင်ကြပေသည်။

သဗ္ဗေသတ္တာ ကမ္မဿကာ ဟူသော ဘုရားရှင်ဟောကြားတော်မူခဲ့သည့် တရားတော်ကို ဗုဒ္ဓဝါဒီတို့ ယုံကြည်ကြပြီးဖြစ်သည်၊ အရာရာတိုင်းသည် မိမိတို့ စိတ်ဆန္ဒအတိုင်းဖြစ်ကြသည်မဟုတ်ပေ၊ ဓမ္မနိယာမ - တရားသဘောအရဖြစ် နေကြသည်၊ ကမ္မနိယာမ - ကံသဘောအရအတိတ်ကပြုလုပ်ခဲ့သောကံ၊ ယခု ပြုနေဆဲဖြစ်သော ကံတို့နှင့်အညီဖြစ်နေကြသည်၊ ကြောင်းကျိုးဆက်စပ်နေ သည့် တရားသဘောအရ ဖြစ်နေကြခြင်းဖြစ်သည်၊ သို့အတွက် အစိန္တိတမ္ပိ ဘဝတိ = ဖြစ်စေရန်မကြံစည်သော်လည်း ဖြစ်တတ်ကြသည်များရှိသည်၊ စိန္တိတမ္ပိ ဝိနဿတိ - ဖြစ်အောင်ထားထုတ်ကြိုးစားသော်လည်း ပျက်တတ် ကြသေးသည်၊ ပျက်သွားသည်များရှိသေးသည်။

အနိစ္စ - အမြဲမဟုတ်၊ ဒုက္ခ - ဆင်းရဲခြင်း၊ အနတ္တ-ကိုယ့်အလိုအတိုင်း မဖြစ်ခြင်းသည် ဓမ္မသဘောတရားအရ ဖြစ်နေ၊ ပျက်နေကြသည်ဟု နားလည် သိရှိထားဖို့လိုပေသည်၊ ထိုသို့ သိရှိထားလျှင် လာဘဟူသော လာဘ်ရမှု၊ အလာဘဟူသော လာဘ်မရမှုစသော လောကဓံတရားတို့သည် အမြဲတည်ရှိ နေသောတရားများမဟုတ်ကြသည်ကို သဘောပေါက်နိုင်ပေသည်၊ ဆင်းရဲ နေသူသည် ပြုခဲ့သော၊ ပြုနေသော ကံတရားအရ ချမ်းသာသူများ ဖြစ် လာနိုင်ကြသကဲ့သို့ ချမ်းသာမှု အဝဝနှင့်ပြည့်စုံနေသူများ၊ စည်းစိမ်အမျိုးမျိုးခံစား နေရသူများနှင့် အာဏာရှိသူတို့သည်လည်း ရရှိထားသော စည်းစိမ်များ ပျက်စီးကာ အာဏာရှင်ဘဝမှ နိမ့်လျှောသွားကြရသည်ကို လောကတွင် မျက်မြင်ကိုယ်တွေ့အဖြစ်အပျက်များ များစွာရှိ ပေသည်။

---

## ကဲ့ရဲ့တတ်သူ အတုလတို့လူစု

အခါတစ်ပါး၌ ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေသည်၊သာဝတ္ထိပြည်သား အတုလ ဥပါသကာနှင့် အပေါင်းအဖော် ၅၀၀ တို့သည် တရားနာရန် ကျောင်းတော်သို့ ရောက်လာခဲ့ ကြသည်၊ အရှင်ရေဝတ သီတင်းသုံးနေရာသို့ ပထမ သွားရောက်ကြသည်၊

အရှင်ရေဝတမထေရ်ကား သမာပတ်ချမ်းသာဖြင့်သာ အမြဲတမ်းနေသည်၊ စကားပြောခြင်း၊ တရားဟောခြင်းပြုလေ့မရှိ၊ အတုလတို့တစ်စုရောက်လာပြီး ရှိခိုးကန်တော့ကြသည်၊ မထေရ်က စကားတစ်ခွန်း၊ တရားတစ်ပုဒ်မျှမဟော ကြားသဖြင့် အတုလတို့က ကဲ့ရဲ့စကားအမျိုးမျိုးပြောကြားကာ မထေရ်ထံမှ ထွက်လာခဲ့ကြသည်၊ စကားမပြော၍ ကဲ့ရဲ့ခံရခြင်းဖြစ်သည်။

## တရားများများဟော၍ ကဲ့ရဲ့ကြပြန်ပြီ

အတုလဥပါသကာတို့ လူစုသည် အရှင်သာရိပုတ္တရာမထေရ်ကြီးထံ ဆက်လက်ရောက်သွားကြသည်၊ မထေရ်ကြီးက မေးသော် အရှင်ရေဝတ အကြောင်း ပြောဆိုကဲ့ရဲ့ကြသည်၊ ထိုအခါ အရှင်သာရိပုတ္တရာမထေရ်ကြီးက နက်လည်းနက်နဲ၊ ခက်လည်းခက်ခဲပြီး သိမ်မွေ့နူးညံ့လှသည့်အဘိဓမ္မတရား တော်ကို ခပ်ရှည်ရှည်၊ ခပ်ကြာကြာဟောကြားတော် မူလိုက်သည်။

ထိုအခါ ဒီလောက်ရှည်ပြီး ခက်လည်းခက်ခဲ၊ နက်နဲလည်းနက်နဲပြီး သိမ်မွေ့ သောတရားတို့ကို ဤမျှများများ ဟောရပါမည်လားဟု ကဲ့ရဲ့စကားပြောကာ အတုလတို့လူစု မထေရ်ကြီးအထံမှ ထွက်လာခဲ့ကြပြန်သည်။

အရှင်သာရိပုတ္တရာကို ကဲ့ရဲ့စကားဆိုကာထွက်လာခဲ့ကြသော အတုလ တို့လူစုအရှင်အာနန္ဒာထံရောက်လာခဲ့ကြသည်၊ အရှင်အာနန္ဒာက လာရသည့် အကြောင်းမေးသည်၊ တရားမဟော၍ အရှင်ရေဝတထံမှ ထွက်လာခဲ့ကြရပုံ၊ တရားများများရှည်ရှည်ဟော၍ အရှင်သာရိပုတ္တရာထံမှလည်း ပြန်လာကာ အရှင်အာနန္ဒာထံ တရားနာလို၍ လာကြပုံများကို လျှောက်ထားကြသည်။

## နည်းနည်းဟောတော့လည်း နည်းလို့

ထိုအခါ အရှင်အာနန္ဒာက အတုလတို့ဆန္ဒနှင့်ညီစေရန် တရားဟော သည်၊ သိလွယ်သော၊ သဘောပေါက်လျက် မှတ်သားလွယ်သော တရားများ ကို ဟောသည်၊ သို့သော် မရှည်လွန်းစေရန် အကျဉ်းချုပ်ဟောတော်မူသည်၊ ဥပါသကာတစ်စုကသိလွယ်၍ နားလည်ကြသည်၊ သို့သော် အတိုင်းအတာ ပမာဏထားပြီး တိုတိုဟောကြားသဖြင့် သူတို့ဆန္ဒမပြည့်ကြ။

အတုလတို့လူတစ်စုက အရှင်အာနန္ဒာကိုလည်း သဘောမကျကြပြန်တော့၊ သဘောမကျရခြင်းအကြောင်းမှာ ဘုရားရှင်သည် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကို သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟု ခွဲခြား၍ ပိဋကသုံးဖြာ ဟောကြားထားပါလျက် အရှင်အာနန္ဒာက တရားကိုနှုတ်မြွက်နေသည်၊ သိလွယ်သည့် တရားကို သည်ထက်ပိုဟောသင့်ပါလျက် မဟောဘဲနေသည်၊ တရားဟောသည်ကိုပင် အတိုင်းအတာထားနေရသေးသည်၊ နှုတ်မြွက်နေသည် စသည်ဖြင့် ကဲ့ရဲ့စကားဆိုကြသည်၊ ထို့နောက် သူတို့တစ်စုသည် အရှင်အာနန္ဒာကိုလည်း ကြံဖန်ကဲ့ရဲ့ကာ ဘုရားရှင်ထံ ဆက်လာခဲ့ကြသည်။

ဘုရားရှင်သည် အတုလဥပါသကာတို့အား ရောက်လာရပုံကို အကျိုးအကြောင်း မေးတော်မူသည်၊ အတုလတို့က အရှင်ရေဝတမှအစ အရှင်သာရိပုတ္တရာ၊ အရှင်အာနန္ဒာတို့ထံ တရားနာရန် ရောက်သွားခဲ့ပုံ၊ အားလုံးတို့အပေါ် မကျေနပ်၍ ဘုရားရှင်ထံ ဆက်လက်ရောက်လာကြရပုံကို အကျယ်တဝင့်လျှောက်ထားကြသည်။

အတုလဥပါသကာတို့ဖူးမြော်ခဲ့သော မထေရ်တို့တွင် အရှင်ရေဝတ သည် ရဟန္တာ၊ သမာပတ်ချမ်းသာဖြင့်သာ အေးအေးဆေးဆေး သီတင်းသုံးတော်မူနေသောမထေရ်၊ အရှင်သာရိပုတ္တရာမထေရ်ကြီးသည်လည်း ရဟန္တာ၊ အရှင်အာနန္ဒာကား ထိုအချိန်က သောတာပန်၊ အတုလတို့က အားလုံးကို ကဲ့ရဲ့ပြစ်တင်ကြသည်။

## ကဲ့ရဲ့ခြင်းသည် ကမ္ဘာဦးကတည်းက ရှိခဲ့သည့်တရား

ဘုရားရှင်ထံရောက်လာသောအခါ ဘုရားရှင်က "အတုလတို့၊ ကဲ့ရဲ့ခြင်းဆိုသော သဘောတရားသည် ယခုမှ၊ သင်တို့လက်ထက်ရောက်မှ ဖြစ်ပေါ်လာသည်မဟုတ်၊ ကမ္ဘာဦးကာလကတည်းက ရှိခဲ့သောတရားဖြစ်သည်၊ သက်တမ်းကြာလှပြီ၊ သမဏီရှည်လှပြီ၊ အအေးဓာတ်ပေးသော၊ အလင်းရောင်ရစေသော လစန္ဒာကိုအေးလို့၊ အလင်းရောင်ပေးလို့ ကဲ့ရဲ့ခဲ့ကြသည်၊ အပူဓာတ်နှင့် အလင်းကိုဆောင်သော နေမင်းကိုလည်း အပူဓာတ်ပေးလို့ ကဲ့ရဲ့ခဲ့ကြသည်။

အလားတူ လေကိုလည်းကောင်း၊ ပထဝီမြေကြီးကို လည်းကောင်း၊ မင်းကျင့်တရားနှင့်အညီ ကျင့်သုံးအုပ်ချုပ်သော မင်းကိုလည်းကောင်း၊ မင်းကျင့်တရားမရှိသောမင်းကိုလည်းကောင်းကဲ့ရဲ့ခဲ့ကြသည်၊ အကဲ့ရဲ့ခံရခြင်းမှလွတ်နိုင်သော ပုဂ္ဂိုလ်ဟူ၍မရှိဟု ဘုရားရှင်က တရားပြတော်မူလိုက်သည်။

အတုလနှင့် ဥပါသကာ ၅၀၀ တို့သည် ဘုရားရှင်၏တရားဟော်ကို နာကြားရသောအခါ အားလုံးပင် တရားသိမြင်လျက် သောတာပန်ဖြစ်သွားကြတော့သည်။

[ ဓမ္မပဒ၊ အတုလဥပါသကာဝတ္ထု ]

## အသောကမင်္ဂလာ (စိုးရိမ်ခြင်းကင်းမှု)

စိုးရိမ်သောကမရှိခြင်းသည် ပစ္စုပ္ပန်သံသရာနှစ်ဖြာသော ဘဝတို့၌ ချမ်းသာခြင်းကိုဖြစ်စေသောကြောင့် မင်္ဂလာဟု ဘုရားရှင်ဟောတော်မူခြင်းဖြစ်သည်။

"သောက"ဟူသောစိုးရိမ်မှုသည် -

၁။ **ဉာတိဗျသန** - ဆွေမျိုးတို့သေကြေမှု၊ ပျက်စီးမှု၊

၂။ **ဘောဂဗျသန** - စည်းစိမ်ဥစ္စာတို့ ကုန်ဆုံးပျောက်ပျက် ဆုံးရှုံးရမှု၊

၃။ **ရောဂဗျသန** - ရောဂါအမျိုးမျိုးတို့ဖြစ်ရ၍ ဒုက္ခခံစားရမှု၊

၄။ **ဒိဋ္ဌိဗျသန** - အယူအမြင်ပျက်ယွင်းမှု၊ အယူအမြင်လွဲမှားမှု၊

၅။ **သီလဗျသန** - သီလပျက်စီးရမှု၊

ထိုအကြောင်းတို့ကြောင့် စိုးရိမ်ရမှုဟူသော သောကဖြစ်ကြရသည်၊ သောက ဖြစ်ပေါ်လာလျှင် သောကပြေပျောက်စေနိုင်သည့် အကောင်းဆုံးနှင့် အထက်မြက်ဆုံးသော နည်းလမ်းမှာ မဟာသတိပဋ္ဌာန်တရား ပွားများအားထုတ်မှုဖြစ်သည်။

မဟာသတိပဋ္ဌာန်တရားပွားများအားထုတ်မှုသည် သောကငြိမ်းစေရန်

သာမက လောကီဒုက္ခအားလုံး ကင်းပျောက်စေကာ လောကုတ္တရာ ချမ်းသာကို ခံစားရစေနိုင်သည့် ဧကောဓမ္မော - တစ်မျိုးတည်းသော တရား ဖြစ်သည်။

---

## သားသေသော်လည်း မစိုးရိမ်သူ မိသားစုများ

ဗုဒ္ဓလောင်းလျာသည် လွန်ခဲ့သော ဘဝတစ်ခု၌ ဗာရာဏသီပြည်တွင် လယ်ယာအလုပ်ဖြင့် အသက်မွေးရသူတစ်ယောက်ဖြစ်နေခဲ့ဖူးသည်၊ သူတို့ဇနီးမောင်နှံနှင့်အတူ သားတစ်ယောက်၊ သမီးတစ်ယောက်၊ ချွေးမတစ်ယောက်နှင့် ကျွန်မတစ်ယောက်တို့အတူ နေထိုင်ကြသည်။

တစ်နေ့ လယ်တောသို့ သားနှင့်အတူသွားကာ လယ်ထွန်သည်၊ သားသည် မြွေကိုက်ခံရ၍သေသွားသည်၊ ဗုဒ္ဓလောင်းလျာသည် သားအလောင်းကို သစ်ပင်တစ်ပင်အနီး၌ထားကာ လယ်ကိုဆက်ထွန်နေသည်။

မကြာမီ ရွာသို့ပြန်မည့် အိမ်နီးချင်းတစ်ယောက်ကို တွေ့ရ၍ "အမောင်၊ ငါ့အိမ်ကလူတွေကို ပြောလိုက်ပါ၊ ဒီနေ့ ထမင်းလာပို့လျှင် တစ်ယောက်စာပဲ ယူခဲ့ပါ၊ ကျွန်မတစ်ယောက်တည်း မလွှတ်ပါနှင့်၊ အိမ်ရှိလူကုန် လာခဲ့ပါ"ဟု မှာကြားလိုက်သည်။

အိမ်မှမိသားစုတို့ရောက်လာသောအခါ သားအလောင်းကိုကောင်းမွန်စွာ မီးသဂြိုဟ်ကြသည်၊ မိခင်၊ ဖခင်ရော ကျန်မိသားစုများပါ တစ်ဦးတစ်ယောက်မျှ ငိုကြွေးခြင်း၊ ပူဆွေးခြင်း၊ သောကဖြစ်ခြင်းမရှိကြ၊ ထိုသို့ နေနိုင်ကြခြင်းမှာ ဖခင်ဖြစ်သူက သေခြင်းတရားနှင့်ပတ်သက်၍ တရားပြောပြ အသိပေးထားခြင်းကြောင့်ဖြစ်သည်၊ သက်ရှိတိုင်း သေကြရမည်၊ သေရခြင်းသည်မြဲ၍ အသက်ရှင်ရခြင်းကား မမြဲ၊ အနိစ္စသဘောဖြစ်၍ သက်ရှိတိုင်း တစ်နေ့ သေရမည်၊ ကောင်းကင်မှာတက်၍ ပုန်းနေနေ၊ မြေအောက်သို့ လျှိုးသွားသွား၊ ရေနက်ထဲအထိ ဆင်းပုန်းနေနေ တစ်နေ့သေရမည်မှာ အမှန်တရားဟု မိသားစုကို ဖခင်က တရားပြထားသည်။

သေသူကို သင်္ဂြိုဟ်ရာ၌ မိခင်၊ ဖခင်ရော ကျန်သူများပါ ငိုကြွေးခြင်း မရှိ၍ သိကြားမင်းက ပထမဦးစွာ ဖခင်ထံလာပြီး မေးသည်။

ထိုအခါ ဖခင်က ဤသို့ ဖြေကြားသည်။

## ဖခင်၏ အဖြေစကား

"ငါ့သားသည် မြွေများအရေခွံလဲသလို၊ ယခုဘဝ၏ ခန္ဓာဟောင်းကြီးကို စွန့်ပစ်လျက် အခြားဘဝသို့ ပြောင်းလဲသွားပြီ၊ ငါ့သား၏ ဤခန္ဓာအဟောင်းကြီးသည် ခံစားမှုဆိုတာ မရှိတော့၊ ငါ၏ငိုကြွေးသံကို သေသွားပြီဖြစ်သည့် ငါ့သားသည် မကြားတော့ပါ၊ ငါငိုကြွေးပူဆွေးနေခြင်းဖြင့်လည်း ငါ့သားသည် အသက်ပြန်ရှင်လာမှာမဟုတ်၊ သူပြုထားသည့်ကောင်းမှုကံ၊ မကောင်းမှုကံတို့၏ အကျိုးအားလျော်စွာ သူရောက်ရှိရမည့်ဘဝသို့ သူကိုယ်တိုင်သွားခြင်း ဖြစ်၍ ငါသည် သားအတွက် မငိုကြွေးပါ"



## မိခင်ကို မေးပြန်သော်

ထို့နောက် သိကြားမင်းသည် မိခင်ထံသွား၍ မေးမြန်းသည်၊ ထိုအခါ မိခင်က ဤသို့ဖြေကြားပြန်သည်။

"အကျွန်ုပ်၏သားသည် အကျွန်ုပ်တို့ခေါ်သည်မဟုတ်ဘဲလျက် အကျွန်ုပ်တို့ထံ ဘဝတစ်ပါးမှ အရောက်လာခဲ့သည်၊ ယခုလည်း အကျွန်ုပ်တို့က ခွင့်ပြုစေခိုင်းသည်မဟုတ်ဘဲလျက် ဘဝတစ်ပါးသို့ သူ့ကံအားလျော်စွာ ပြန်ပြောင်းသွားသည်၊ အကျွန်ုပ် ငိုကြွေးနေသော်လည်း သေသွားသူသားသည် မကြားနိုင်၊ မသိနိုင်တော့၊ သို့အတွက် စိတ်ဆင်းရဲခံကာ ငိုကြွေးခြင်းမပြုပါ"

## နှမငယ်၏ အဖြေစကား

သေသူ၏တစ်ဦးတည်းသောနှမငယ်ထံသွားပြီး သိကြားမင်းက မငိုရသည့်အကြောင်းကိုမေးပြန်သည်၊ ထိုအခါ နှမငယ်က ဤသို့ ပြောဆိုဖြေကြားလိုက်လေသည်။

"ကျွန်မငိုနေလျှင် ကျွန်မဆင်းရဲရသကဲ့သို့ ကျွန်မငိုသံကြောင့် ဆွေမျိုးတို့သည်လည်း စိတ်မကောင်းဖြစ်ကြရမည်၊ သေသွားသူ ကျွန်မအစ်ကိုကား ကျွန်မအသံကို မကြားနိုင်၊ မသိနိုင်၊ သံသရာခရီးသည်ပြီပြီ ကျွန်မအစ်ကိုသည် တစ်ဘဝမှ တစ်ဘဝသို့ သံသရာခရီးလမ်းအဆုံးတိုင် မရောက်သေးသမျှ ယခုကဲ့သို့ပင် ကူးပြောင်းသွားလာနေရဦးမည်၊ ဤသို့သိထား၍ ကျွန်မပူဆွေးသောကဖြစ်ကာ ငိုကြွေးခြင်းမပြုပါ"

## သေသူ၏ဇနီးမယားကို မေးသောအခါ

သေသူ၏ဇနီးမယားကလည်း သူ မငိုသည့်အကြောင်းကို ဤသို့ ရှင်းပြပြောဆိုလိုက်သည်။

"ကောင်းကင်၌ တွေ့မြင်နေရသော လပြည့်ဝန်းကြီးကိုကြည့်ကာ လိုချင်နေသော ကလေးသည် လပြည့်ဝန်းကိုရအောင်ယူပေးဖို့ မိခင်ကို ပြောသော်လည်းမိခင်သည် သူ့ကလေး ဆန္ဒပြည့်ဝစေရန် လပြည့်ဝန်းကို ယူမပေးနိုင်၊ ဤနည်းတူပင် ကံအကြောင်းအားလျော်စွာ ဘဝတစ်ပါးသို့ ပြောင်းသွားသော ချစ်ခင်ပွန်းကို တောင့်တလှ၍ ငိုကြွေးနေသော်လည်း ခင်ပွန်းကား ကျွန်မထံပြန်မလာနိုင်၊ သို့အတွက် ကျွန်မငိုကြွေးပူဆွေးမှုမပြုပါ"

## သေသူ၏ ကျွန်မကို မေးမြန်းပြန်သော်

သေသွားသူ၏ အိမ်နေကျွန်မထံသွားကာ သိကြားမင်းက "သေသူက ညှဉ်းပန်းနှိပ်စက်ကာ အလုပ်အကိုင် ခိုင်းစေခဲ့ဖူးသဖြင့် နာကြည်း၍ မငိုသလော၊ အခြားမည်သို့သော အမုန်းတရား အာဃာတများရှိသနည်း" စသည်ဖြင့် ရေလာမြောင်းပေးစကားများ ပြောပြလျက် မေးသည်။

"သေသူသည် ကျွန်မကို ညှဉ်းပန်းနှိပ်စက်ကာ ခိုင်းစေခြင်းမပြုခဲ့ဖူးသကဲ့သို့ သူ့အပေါ် နာကြည်းစရာခံစားရမှုလည်း ကျွန်မမှာမရှိပါ၊ ကွဲသွားသော မြေအိုးသည် တစ်ဖန်ပြန်၍မဆက်နိုင်သကဲ့သို့ သေသူသည်လည်း သေသွားပြီးနောက် ကျွန်မငိုကြွေး၍ အသက်ပြန်ရှင်မလာနိုင်ပါ၊ ဤသို့ သိထား၍ ငိုကြွေးခြင်းမပြုပါ"

သိကြားမင်းသည် မိသားစုတို့အားလုံးထံ တစ်ယောက်ပြီးတစ်ယောက် လှည့်လည်မေးသော်လည်း မိသားစုထဲမှ တစ်စုံတစ်ဦးကမျှ ပူဆွေးသောကမရှိကြ၊ တရားသိကာ တရားနှင့်အညီနေကြသည်တို့ကို သိရှိရသဖြင့် မိသားစုအားလုံးကို အထူးသဖြင့် လေးစားသွားသည်၊ တရားရှင်များဟုလည်း သိမှတ်သွားသည်၊ အကြောင်းစုံကို သေသူ၏ဖခင်ထံ သူမေးမြန်းခဲ့သမျှ အသိပေးပြန်ပြောကြားခဲ့ သည်။

ထို့နောက် သိကြားမင်းသည် သူ့ဌာနေသို့ ပြန်လာခဲ့သည်။

[ပဥ္စကနိပါတ် ပထမဝဂ်၊ ဥရဂဇာတ်]

---

## ဝိရဇမင်္ဂလာ (ရမ္မက်ဟူသောမြူမရှိခြင်းမင်္ဂလာ)

ရမ္မက်ဟူသောတပ်မက်မှု ရာဂ - လောဘ၊ မုန်းတီးမှုဟူသောဒေါသနှင့် မောဟတို့ကို အညစ်အကြေးမြူမှုန်ဟုခေါ်သည်၊ ထိုအညစ်အကြေးမြူမှုန် မရှိခြင်းသည် ပစ္စုပ္ပန် သံသရာနှစ်ဖြာသောဘဝတို့၌ ကောင်းကျိုးကိုဖြစ်စေသောကြောင့် မင်္ဂလာဟု ဘုရားရှင်ဟောတော်မူခြင်းဖြစ်သည်။

မြူမှုန်တို့သည် ကျရောက်လေရာအရပ်ဌာနတို့၌ ပေရေညစ်ညူးစေကုန်

သကဲ့သို့ ရာဂ၊ ဒေါသ၊ မောဟတို့သည်လည်း ကိန်းအောင်းနေသူတို့၏ စိတ်ကို ညစ်ညူးစေကုန်၊ ပျက်စီးစေကုန်သောကြောင့် မြူဟုဟောတော်မူသည်၊ ဤနေရာ၌ မြူမှုန်ဟူသည် ရာဂ၊ လောဘ၊ ဒေါသနှင့် မောဟတို့ကို ဆိုလိုရင်းဖြစ်သည်။

---

## ရာဂမြူမှုန်ကြောင့် သေရသူ

ဝေသာလီပြည်သား ဆတ္တာသည်တစ်ယောက်သည် ရတနာသုံးပါး၌ ကြည်ညိုသောသဒ္ဓါတရားရှိ၏၊ စိတ်ကောင်းစိတ်မြတ်နှင့်ပြည့်စုံသည်၊ သီလ ဆောက်တည်သည်၊ သူ၏အလုပ်မှာ မင်း၊ နန်းတွင်းသား နန်းတွင်းသူတို့၏ ဆံပင်နှင့် မုတ်ဆိတ်တို့ကို ပြုပြင်ပေးရသော ဆတ္တာသည် အလုပ်ဖြစ်သည်။

## မင်းသမီးကိုမရလျှင် သေရပါတော့မည်

တစ်နေ့သ၌ ဆတ္တာသည်သည် နန်းတွင်းသို့ သူလုပ်နေကျလုပ်ငန်းများ လုပ်ဆောင်ရန်သွားရာ၌ သူ၏သားကိုခေါ်သွားခဲ့သည်၊ နန်းတွင်းသို့ရောက်သော် နန်းတွင်းသူ အချောအယဉ် အလှ အမျိုးသမီးတစ်ဦးကို တွေ့မြင်သွားသည်။

ထိုနန်းတွင်းသူမှာ လိစ္ဆဝီမင်းသမီးဖြစ်သည်၊ အလှတွင် အယဉ်ဆင့်နေသူဖြစ်၍ ဆတ္တာသည်၏သားသည် ထိုမင်းသမီး၌ တန်းတန်းစွဲ ဖြစ်သွားသည်၊ အိမ်သို့ ပြန်ရောက်သောအခါ မင်းသမီး၌ စွဲလမ်းနေသော စိတ်ကို ဖြေဖျောက်မရဖြစ်ကာ အိပ်ရာပေါ်သို့သွားပြီးအိပ်သည်၊ မိဘများအား ထိုမင်းသမီးကိုမှ မရလျှင် သေရပါတော့မည်ဟုပြောသည်၊ ကျွေးသမျှအစာအာဟာရကိုလည်း မစား။

ဖခင်သည် သား၏ဆန္ဒကို သိရသောအခါ မစွဲလမ်းသင့်သူ၌ စွဲလမ်းခြင်း မရှိနှင့်၊ ရာဂမြူမှုန်ကပ်နေလျှင် အမှန်တရားကိုမသိနိုင်၊ မမြင်နိုင်၊ မိမိကား ဆတ္တာသည်၏ သား၊ မင်းသမီးကား မင်းမျိုးမင်းနွယ်၊ မတူခြားနားသူကို အကြောင်းပြုလျက် ဒုက္ခမရှာနှင့် စသည်ဖြင့် ဆုံးမသည်၊ အမျိုးအနွယ်တူသူနှင့် ပေးစားမည်ဟုလည်း ဖြေသိမ့်သည်။

## သားကွယ်လွန်သွားရှာပြီ

သို့သော် သားသည် ဖခင်၏စကားကို နားမထောင်၊ နန်းတွင်းသူ မင်းသမီးကို တမ်းတမ်းတတဖြစ်နေသည်၊ ရက်ကြာလာသောအခါ အာဟာရပြတ်ကာ ဆတ္တာသည်၏သား ကွယ်လွန်သွားတော့သည်။

ဤသည်မှာ ရာဂမြူမှုန်ကြောင့် သေရခြင်းဖြစ်သည်။

[ဒုကနိပါတ်၊ ပထမဝဂ်၊ သိင်္ဂါလဇာတ်]

# မိန်းမကိုစွဲလမ်း၍ လေးဘဝဆက် အသတ်ခံရသူ

ငါ့မယားသည် ငါ့ထက်ပို၍ချစ်သူမရှိနိုင်ဟု အယူအစွဲရှိသူ အမျိုးသားတစ်ယောက်သည် တစ်အိမ်တည်း၌ သူ့မယားအပြင် ညီဖြစ်သူကိုပါခေါ်ထားပြီး အတူနေထိုင်ကြသည်၊ ဤသို့နေထိုင်ရာမှ ထိုသူ၏မယားသည် လင့်ကွယ်ရာ၌ လင်၏ညီဖြစ်သူနှင့် ပေါင်းသင်းနေထိုင်သည်၊ လင်ငယ်ကိုလည်း လင်ကြီးထက် ပို၍စွဲလမ်းသည်။

## အစ်ကိုကိုသတ်ပါ

တစ်နေ့ လင်ကြီးမရှိခိုက် လင်ငယ်နှင့်ပျော်ပါးနေရင်း "တို့နှစ်ဦး၏အဖြစ်ကို အခြားသူများရော အစ်ကိုဖြစ်သူပါ သိသွားလျှင် အရှက်တကွဲအကျိုးနည်းလည်းဖြစ်မည်၊ အသက်အန္တရာယ်လည်းရှိသည်၊ သို့ဖြစ်၍ အစ်ကိုဖြစ်သူကို အပြတ်ရှင်းကာ သတ်ပါလေ"ဟု မယားက စေခိုင်းသည်။

လင်ငယ်ဖြစ်သူညီသည် မိမိ၏အစ်ကိုကြီးအား သတ်ပစ်ရမည်ကို မဝံ့မရဲဖြစ်နေသည်၊ သို့သော် မိမိနှင့်ဖောက်ပြန်နေသော မရီး၏သုံးလေးကြိမ်မျှ အကြပ်ကိုင်တိုက်တွန်းမှုကြောင့် အစ်ကိုကြီးအား သတ်ပစ်လိုက်သည်။

သေသွားသူအစ်ကိုသည် မယားအပေါ် စွဲလမ်းလွန်းသော တဏှာကြောင့် ထိုအိမ်၌ပင် နောက်ဘဝ၌ ကျိုင်းကောင်ကြီးဖြစ်နေရသည်၊

ကျိုင်းကောင်ကြီးသည် ဘဝခြားနေသူမယား သွားလေရာလိုက်သွားသည်၊ ထိုမိန်းမထိုင်လျှင်အနီး၌ထိုင်၍ ရပ်လျှင်အနီး၌ပင် လိုက်ပါရပ်နေသည်၊

ထိုမိန်းမသည် ဤကျိုင်းကောင်ကြီးကား ငါ့အပေါ် စွဲလမ်းလွန်းလှသူ ငါ့လင်ကြီး ဖြစ်မည်ဟု တွက်ဆကာ သတ်စေပြန်သည်။

ကျိုင်းကောင်ကြီးသည် ဘဝဟောင်းမှ မယား၏လက်ချက်ကြောင့် သေရပြန်ကာ ထိုအိမ်၌ပင် ခွေးဘဝသို့ရောက်သွားရပြန်သည်။

ထိုခွေးသည် ထိုမိန်းမ သွားလေရာလိုက်လံနေသဖြင့် အခြားသူများက ခွေးနှင့်ပေးစားလျက် ပြောင်လှောင်ပြောဆိုကြသည်၊ ထို့ကြောင့် ထိုခွေးကိုလည်း မိန်းမက သတ်စေလိုက်ပြန်သည်။

## လူ့ဘဝပြန်ရောက်လာရပြန်သော်

ခွေးသည် ထိုမိန်းမ၏လက်ချက်ဖြင့်သေကာ ထိုအိမ်၌ပင် တတိယဘဝတွင် နွားဖြစ်နေရပြန်သည်၊ မိန်းမသွားလေရာ လိုက်ပါနေသဖြင့် ထိုနွားကိုလည်း မိန်းမက သတ်စေလိုက်ပြန်သည်။

သုံးဘဝအလွန်က တော်ခဲ့သော မယားဟောင်း၏ လက်ချက်ဖြင့်သေခဲ့ရသော်လည်း နွားသည် မိန်းမအပေါ် အစွဲအလမ်း တဏှာမကင်းပြတ်နိုင်သဖြင့် ဘဝပြောင်းလျက် ထိုမိန်းမ၏ဝမ်း၌ပင် ပဋိသန္ဓေပြန်နေရကာ လူဖြစ်လာရပြန်သည်။ သို့သော် သူငယ်သည် ထိုမိန်းမ၏ အချီအပွေ့ အယုအယကို မခံတော့ပေ၊ ထိုမိန်းမ၏လက်သို့သူရောက်တိုင်း ရှိုက်ကြီးတငင် ငိုကြွေးသည်၊ ချော့၍ မတိတ်၊ အငိုမရပ်သဖြင့် အဘွားကထိန်းကျောင်းမွေးမြူ ပြုစုရသည်၊ ယခုဘဝတွင်မူ သူငယ်သည် အတိတ်ဘဝအချို့က ပြုခဲ့သောကောင်းမှုနှင့် ဆုတောင်းကြောင့် လွန်ခဲ့သောဘဝအချို့ကို သိနိုင်သည့်ဇာတိဿရဉာဏ်ရသူ ဖြစ်လာခဲ့သည်၊ ထို့ကြောင့် ယခုဘဝမိခင်ဖြစ်နေသူ၏လွန်ခဲ့သော ဘဝများက သူ့ကိုသတ်ခဲ့မှုများကို သူငယ်က မြင်သိနေသည်။

သူငယ်သိတတ်သောအရွယ်ရောက်သော် အဘွားဖြစ်သူက မိခင်၏ အပြုအစုမခံသည့်အကြောင်းကို မေးကြည့်သည်၊ သူငယ်က ထိုမိန်းမသည် သူ၏လွန်ခဲ့သောဘဝများက သူ့ကို သတ်ခဲ့သူ သူ၏ရန်သူဖြစ်ခဲ့သောကြောင့်ဟု ပြန်ပြောပြသည်။

အဘွားသည် မြေးငယ်ကိုဖက်ကာ ငိုကြွေးသည်၊ ထို့နောက် ဤအိမ်၌



ဆက်၍မနေသင့်ဟု အကျိုးအကြောင်းပြောကာ မြေးငယ်ကို ခေါ်လျက် အိမ်မှ ထွက်လာခဲ့ကြသည်၊ ကျောင်းတစ်ကျောင်းသို့သွားကာ သာသနာတွင်းဝင်ကြသည်၊ ထိုကျောင်း၌ပင် နေထိုင်သီတင်းသုံးလျက် ဘဝါဘဝကပြုခဲ့သော ကောင်းမှုနှင့်လက်ရှိဘဝ၌ ကြိုးစားအားထုတ်ပွားများသော ဘာဝနာတို့ကြောင့် မြေးငယ်ရော အဘွားပါ နှစ်ယောက်စလုံး ဘဝဒုက္ခအဖုံဖုံမှ ကျွတ်လွတ်ရာ အရဟတ္တဖိုလ်ချမ်းသာကို ရရှိခံစားသွားကြတော့သည်။

[တိကအင်္ဂုတ္တရအဋ္ဌကထာ]

---

## ခေမမင်္ဂလာ = ဘေးရန်မရှိခြင်းမင်္ဂလာ

ဘဝဒုက္ခတို့၌ သစ်စေးနှင့်ကပ်ထားသကဲ့သို့ စွဲမြဲစွာယှဉ်စပ်တွဲကပ်ထားသောတရားကို ယောဂဟုခေါ်သည်၊ ယောဂလေးမျိုးရှိသည်၊ ကာမယောဂ၊ ဘဝယောဂ၊ ဒိဋ္ဌိယောဂ၊ အဝိဇ္ဇာယောဂတို့ဖြစ်သည်၊ တရားကိုယ်အားဖြင့် လောဘ၊ ဒိဋ္ဌိနှင့်မောဟတို့ ဖြစ်ကြသည်၊ ၎င်းတို့ကို မဂ်တရားဖိုလ်တရားတို့၏

ဘေးရန်ဟုသတ်မှတ်ပြီး ထိုဘေးရန်တို့မှ ကင်းခြင်းကို ခေမမင်္ဂလာဟု ဘုရားရှင် ဟောတော်မူသည်။

ပုထုဇဉ်တို့အနေဖြင့် လောဘ၊ ဒေါသ၊ မောဟဟူသော ဘေးရန်မှ အပြီးအပြတ်ကင်းရန်မှာ မလွယ်ပေ၊ ပုထုဇဉ်တို့သည် ပုထုဇဉ်ပီပီလောဘလည်းရှိကြသည်၊ ဒေါသလည်းရှိကြသည်၊ မောဟလည်းရှိကြသည်၊ ထိုတရားဆိုးများ ရှိနေ၊ ကိန်းအောင်းနေသေးသောကြောင့်ပင် ပုထုဇဉ်ဖြစ်နေခြင်းဖြစ်သည်။

အရိယာရှစ်ပါးတို့တွင် ပထမဦးဆုံးအဆင့်ဖြစ်သော အရိယာဖြစ်သည့် သောတာပန်မှအစ အမြင့်ဆုံးအရိယာဖြစ်တော်မူသည့် ရဟန္တာပုဂ္ဂိုလ်တို့အဆုံး ဤအရိယာတို့သည်သာ အဆင့်အလိုက် လောဘ၊ ဒေါသနှင့် မောဟတရားတို့ကို အပြီးအပြတ် ပယ်သတ်နိုင်ကြပေသည်။

သို့ရာတွင် ပုထုဇဉ်ပုဂ္ဂိုလ်တို့၌ အသိဉာဏ် အနုအရင့်အလိုက် ဤတရားဆိုးများနည်းနိုင်သမျှ နည်းအောင် ကျင့်ကြံကြိုးကုတ်အားထုတ်နေသူများလည်းရှိပေသည်၊ မည်သူမဆို အကုသိုလ်တရားဖြစ်သည့်လောဘ၊ ဒေါသနှင့် မောဟတရားများကို ကိုယ့်အသိနှင့်ကိုယ် ထိန်းချုပ်နိုင်ကြလျှင် ထိန်းချုပ်နိုင်သလောက် ခေမဟူသော ဘေးကင်းသည့် မင်္ဂလာနှင့်ပြည့်စုံနိုင်ပေသည်၊ မကျင့်မကြံဘဲနေခြင်းထက် တတ်နိုင်သမျှ ကြိုးစားအားထုတ်ကျင့်ကြံနေလျှင်မူ အချည်းနှီးကားမဖြစ်နိုင်ပေ၊ ထိုက်သင့်သောကောင်းကျိုးမင်္ဂလာများ ရရှိခံစားကြရပေမည်။

---

## နတ်သားဖြစ်မှနောက်ဘဝကို ယုံကြည်သွားသူ

အရှင်ကုမာရကဿပမထေရ်သည် ကောသလတိုင်းသို့ ဒေသစာရီကြွတော်မူသည်၊ သေတဗျမြို့သို့ရောက်သော် ယင်းတိုက်တောကျောင်း၌ သီတင်းသုံးနေတော်မူသည်၊ သေတဗျမြို့ကို အုပ်စိုးသူ ပါယာသိရာဇညသည် မထေရ်ထံ ရောက်လာကာ ဤသို့လျှောက်ထားသည်။

“အရှင်ဘုရား၊ တပည့်တော်သည် နောက်ဘဝရှိသည်ကို မယုံကြည်ပါ၊

ကောင်းကင်မှကျလာသူ ဩပပါတိက သတ္တဝါရှိ သည်ဟုလည်း လက်မခံပါ၊ ကောင်းမှုပြုလျှင် ကောင်းကျိုးရသည်၊ မကောင်းမှုပြုလျှင် မကောင်းကျိုး ခံစားရသည်ဟူသော ကံ၏အကျိုးကိုလည်း မယုံကြည်ပါ"

## လနှင့်နေဥပမာပြ၍

ထိုအခါ မထေရ်က ဤသို့ ပြန်လည်မိန့်တော်မူသည်။

"တကာတော်၊ လနှင့်နေတို့သည် ဤလူ့ပြည်လောက,ကလော၊ အခြားလောက, ကလော"

"အရှင်ဘုရား၊ လူ့ပြည်မှတစ်ပါး အခြားသော လောကမှဖြစ်ကြပါသည်"

"တကာတော်၊ သင်၏အဖြေဖြင့်ပင် အခြားတစ်ပါးသော လောကရှိသည်ကို ယုံနိုင်ပြီမဟုတ်ပါလော"

## ငရဲဥပမာဖြင့် ဟောပြ

"အရှင်ဘုရား၊ တပည့်တော် မယုံနိုင်သေးပါ၊ အကြောင်းမှာ တပည့်တော်၏ မိတ်ဆွေအချို့သည် မကောင်းမှုများဖြစ်သော သူ့အသက်သတ်ခြင်း၊ ပစ္စည်းခိုးခြင်းစသည်ကို ပြုလုပ်ပါသည်၊ သူတို့ထံသွားကာ မကောင်းမှုပြုလျှင် မကောင်းကျိုးခံရသည်၊ သေလျှင်ငရဲသို့ ကျရသည်၊ သင်တို့ ငရဲသို့ရောက်လျှင် ငါ့ထံသို့ခဏပြန်လာခဲ့၊ တို့တစ်တွေငရဲသို့ ကျနေသည်ဟု လာပြောပါ ဟု မှာကြားထားပါသည်၊ သို့သော် သူတို့ကိုယ်တိုင်ဖြစ်စေ၊ အခြားကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ မည်သူတစ်ဦးတစ်ယောက်မျှ ပြန်ပြောသည်ကို မကြားရပါ၊ သို့ပါ၍ နောက်ဘဝရှိကြောင်း စသည်ကို တပည့်တော်မယုံကြည်ပါ"

"တကာတော်၊ ခိုးမှုကျူးလွန်သူကိုမိ၍ သူ့ကိုခေါ်ဆောင်လျက် သုသာန်တွင် ခေါင်းဖြတ်သတ်ဟု အမိန့်ချထားသည်၊ သုသာန်သို့ရောက်သော် ခိုးသူက ခဏဆိုင်းငံ့ပါ၊ မှာကြားစရာရှိသည်ကို မှာကြားပြီး ဆွေမျိုးတို့ထံမှ ပြန်လာပါမည်ဟုဆိုလျှင် လက်ခံမည်လော"

"လက်မခံနိုင်ပါ၊ အမိန့်အတိုင်း သုသာန်ရောက်လျှင် ခေါင်းဖြတ် သတ်ပါမည်"

"လူအချင်းချင်းတောင်းပန်သည်ကိုပင် ခွင့်မပြုနိုင်လျှင် ငရဲသားက ငရဲထိန်းထံတောင်းပန်ပြီး သင့်ထံအကြောင်းကြား မည်ကို ငရဲထိန်းတို့က အဘယ်မှာခွင့်ပြုကြလိမ့်မည်နည်း၊ ပြန်၍အကြောင်းမကြားနိုင်သောကြောင့် မကြားခြင်းသာဖြစ်သည်၊ ငရဲပြည်ဟူသော တမလွန်ဘဝကားရှိသည်ဟု မှတ်ပါလော"

နတ်ဥပမာပြသော်လည်း

"အရှင်ဘုရား၊ တပည့်တော် လက်မခံနိုင်သေးပါ၊ အကြောင်းမှာ တပည့်တော်၏မိတ်ဆွေအချို့သည် ကောင်းမှုများပြုကြပါ သည်၊ သူတို့ထံသွားကာကောင်းမှုပြု၍ နတ်ပြည်ရောက်လျှင် ငါ့ထံပြန်လာပြီး နတ်ဖြစ်နေကြောင်းပြောပါဟု မှာထားပါသည်၊ သို့သော် တစ်ဦးတစ်ယောက်မျှ ပြန်ကြားပြောဆိုသူမရှိသောကြောင့် လက်မခံနိုင်ခြင်းဖြစ်ပါသည်"

"တကာတော်၊ မစင်တွင်းထဲကျနေသူကို ဆယ်တင်လျက် ရေချိုးကာအမွှေးအကြိုင်လိမ်းပေးထားသည်၊ ဝတ်ကောင်းစားလှများ ဆင်မြန်းလျက်အပျော်အပါးတို့ဖြင့် ဖျော်ဖြေထားသည်၊ ထိုသူသည် မစင်တွင်းထဲသို့ ပြန်သွားချင်ပါဦးမည်လော"



"ပြန်သွားချင်လိမ့်မည်မဟုတ်ပါ၊ မစင်တွင်းသည် ရွံဖွယ်နေရာဖြစ်ပါသည်"

"တကာတော်၊ လူတို့၏အနံ့သည် နတ်တို့အနေဖြင့် ရွံရှာဖွယ်ဖြစ်သည်၊ အဝေးကပင် လူတို့အနံ့ကို မခံချင်ကြပါ၊ ကုသိုလ်ပြု၍ နတ်ပြည်ရောက်နေသူ နတ်သားသည် သင့်ထံပြန်၍ အဘယ်မှာလျှင် ပြောချင်လိမ့်မည်နည်း၊ သို့ဖြစ်၍ တမလွန်ဟူသော နောက်ဘဝကားရှိသည်ဟုမှတ်ပါ"

"အရှင်ဘုရား၊ မယုံကြည်နိုင်သေးပါ၊ တပည့်တော်၏မိတ်ဆွေ သီလမြဲသူတို့ထံသွားပြီး သင်တို့သည် သီလမြဲသူများဖြစ်ကြသည်၊ သီလမြဲသူတို့ သေလျှင် တာဝတိံသာနတ်ပြည်သို့ရောက်သည်ဟု ကြားသိထားပါသည်၊ သင်တို့ ကွယ်လွန်ပြီး တာဝတိံသာ နတ်ပြည်ရောက်လျှင် ငါ့ထံလာ၍ ပြောပါဟုမှာထားပါသည်၊ သို့သော် တစ်ဦးတစ်ယောက်မျှ လာပြောသူမရှိပါ၊ သို့ဖြစ်၍ မယုံနိုင်သေးပါ"

## တာဝတိံသာဥပမာဖြင့်ပြလျက်

"တကာတော်၊ လူတို့၏ အနှစ်တစ်ရာသည် တာဝတိံသာ၌ တစ်နေ့နှင့် တစ်ည၊ ထိုတစ်နေ့နှင့်တစ်ည သုံးဆယ်သည် တစ်လ၊ တစ်ဆယ့်နှစ်လသည် တစ်နှစ်၊ ထိုနှစ်ပေါင်း တစ်ထောင်သည် တာဝတိံသာနတ်တို့၏ သက်တမ်းဖြစ်သည်၊ တာဝတိံသာရောက်နေသူသည် နှစ်ရက်၊ သုံးရက်နေပြီးလျှင်ပင် လူ့သက်တမ်းအရ အနှစ်နှစ်ရာသုံးရာဖြစ်နေပြီ၊ သင့်ထံပြန်လာရန် သတိရ၍ လာပြောလျှင် သင်အသက်ရှင်လျက် ရှိနေပါဦးမည်လော"

"အရှင်ဘုရား၊ သက်တမ်းသည် ထိုမျှမရှည်သောကြောင့် တပည့်တော် အသက်ရှင်လျက် မရှိနိုင်တော့ပါ၊ အရိုးများပင် ဆွေးနေလောက်ပါပြီ၊ သို့သော် တာဝတိံသာ နတ်ရှိသည်၊ ထိုမျှအသက်ရှည်သည်ဟု အရှင်ဘုရားကို မည်သူပြော၍ သိရပါသနည်း"

## မျက်မမြင်သူဥပမာ

"တကာတော်၊ အမိဝမ်းတွင်းမှာကတည်းက ကန်းလာသူ ဝမ်းတွင်းကန်းသည် အဖြူ အမည်းစသော အရောင်ကိုလည်း မမြင်၊ မြေပြင်ညီ၊ မညီ စသည်

ကိုလည်း မမြင်ဖူး၊ နေ၊ လနှင့်ကြယ်တာရာတို့ကိုလည်း မမြင်၊ သို့အတွက် သူက ၎င်းတို့မရှိဟု ပြောလျှင် လက်ခံရမည်လော”

“လက်မခံရပါ”

“တကာတော်၊ သင်သည် ဝမ်းတွင်းကန်းသူနှင့်တူနေသည်၊ တာဝတိံသာ၊ တာဝတိံသာ နတ်သက်တို့ကို သင်မမြင်နိုင်၊ မသိနိုင်၍ မယုံကြည်ဟု ပြောနေသည်။

“သင်၏ပကတိမျက်စိဖြင့် မမြင်သော်လည်း ဈာန်အဘိညာဉ်ကိုဖြစ်စေ၍ ဒိဗ္ဗစက္ခုအဘိညာဉ်ရသူတို့သည် တာဝတိံသာကိုလည်းကောင်း၊ အခြားသော တမလွန်လောကကိုလည်းကောင်း မြင်ကြ၊ သိကြသည်၊ သို့အတွက် တမလွန်လောကစသည်တို့ ရှိသည်ဟု မှတ်ထားပါ”

“အရှင်ဘုရား၊ တပည့်တော် မယုံကြည်သေးပါ၊ သီလ၊ သမာဓိရှိ ရဟန်းပုဏ္ဏားနှင့် သူတော်စင် စသူတို့သည်လည်း အသက်ရှည်ခြင်း၊ ချမ်းသာခြင်း စသည်ကို အလိုရှိကြပါသည်၊ သေပြီးနောက် နတ်စသည်တို့ဖြစ်လျက် ယခုဘဝထက် သာလွန်သည်ဟု ယုံကြည်လျှင် အဆိပ်စား၍ဖြစ်စေ၊ ကြိုးဆွဲချ၍ဖြစ်စေ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ သေကြောင်းကြံစည်ကာ သေဖို့ကြိုးစားကြပါလိမ့်မည်၊ သို့သော် ထိုသို့ ပြုလုပ်သူမရှိ၍ တမလွန် စသည်ကို မယုံကြည်နိုင်ပါ”

## ပုဏ္ဏေားမတို့ဥပမာဖြင့်

“တကာတော်၊ ဥပမာ ပုဏ္ဏားတစ်ဦးသည် မယားနှစ်ယောက် ရှိသည်၊ တစ်ဦးမှာ ဆယ်နှစ်အရွယ်သားတစ်ယောက်ရှိသည်၊ အခြားတစ်ဦးက ကိုယ်ဝန်နှင့်၊ ပုဏ္ဏားကြီးရုတ်တရက် ကွယ်လွန်သွားသည်၊ ဆယ်နှစ်အရွယ်ရှိသားက ကိုယ်ဝန်နှင့်ဖြစ်နေသူ မိထွေးထံ ဖခင်၏အမွေခွဲဝေပေးရန် တောင်းသည်၊ ကိုယ်ဝန်သည် မိထွေးက ငါမီးဖွားသည်အထိ စောင့်ပါ၊ သားမွေးလျှင် သင့်ကို ထက်ဝက်ပေးမည်၊ သမီးမွေးလျှင် သင့်အလုပ်အကျွေးဖြစ်စေမည်ဟု ရှင်းပြသည်၊ နှစ်ကြိမ်၊ သုံးကြိမ်တောင်းလာပြန်၍ ကိုယ်ဝန်သည်က အခန်းတွင်း

ဝင်လျက် သားလား၊ သမီးလားဟုသိရန် သူ့ဗိုက်ကို သူခွဲဖောက်ကြည့်သည်၊ ကျိုးကြောင်းမှန်မမှန် မစဉ်းစားတတ်ဘဲ သားမွေးလျှင် သူပါအမွေရမည် ဟူသော လောဘဇောဖြင့် ဗိုက်ခွဲသောကြောင့် အသက်သာ သေသွားတော့သည်၊ သင် သည်လည်း တမလွန်လောကအကြောင်းစသည်ကို ကျိုးကြောင်းမှန်မသိ၊ ထို့ကြောင့် သင်သည် ကောင်းကျိုးချမ်းသာမခံစားရနိုင်၊ သီလရှိသူတို့သည် ပို၍ကောင်းမွန်သော ဘဝစည်းစိမ်ရရှိရန် မိမိအသက်ကို သေချိန်မတန်ဘဲ သေစေရန် မကြိုးစားကြ၊ သို့သော် တမလွန်လောက စသည်ကားရှိကိုရှိသည်ဟု သင် ယုံကြည်ပါ"

"အရှင်ဘုရား၊ မယုံကြည်နိုင်သေးပါ၊ အကြောင်းမှာ ဖမ်းမိထားသော ခိုးသူကို အသက်ရှင်လျက်ပင် အိုးတစ်ခုအတွင်း သွင်းထားသည်၊ အလုံလည်း ပိတ်ထားသည်၊ ထို့နောက်မီးပေါ်တင်လျက် မီးနှင့်အပူတိုက်သည်၊ သေလောက်ပြီဟု ယူဆသဖြင့် အိုးကိုဖွင့်ကာ အသက်ထွက်သွားသည်ကိုမြင်ရန် ကြည့် ကြသည်၊ အသက်ထွက်သွားသည်ကို မမြင်ရသောကြောင့် သေပြီးနောက် ဘဝရှိသည်ဟု မယုံကြည် နိုင်သေးပါ"

## အိပ်မက်ဥပမာဖြင့်တစ်နည်း

"တကာတော်၊ သင်သည် နေ့အခါ အိပ်ပျော်စဉ် အခြားတစ်နေရာ ဖြစ်သော ပန်းဥယျာဉ်စသည်အတွင်း ရောက်သွားသည် စသည်ဖြင့် အိပ်မက် မက်ဖူးပါသလော၊ မက်ဖူးလျှင် သင့်ကို စောင့်ရှောက်နေသူတို့သည် သင့် အသက်သည် ဥယျာဉ်အတွင်းသို့ ရောက်သွားကာ ထိုနေရာတို့မှ ပြန်လာ သည်ကို မြင်ကြကုန်သလော၊ မမြင်နိုင်ကြပါ၊ အရှင်လတ်လတ် ဖြစ်နေသည့် သင်၏ခန္ဓာကိုယ်မှ သင်၏အသက်ထွက်ကာ အခြားနေရာရောက်သွားသည် ကို မမြင်ရလျှင် သေပြီး သူ၏အသက်ထွက်သွားသည်ကို အဘယ်မှာ မြင်နိုင် မည်နည်း၊ သို့သော် တမလွန်လောက စသည်ကားရှိကိုရှိသည်ဟု ယုံကြည်ပါ"

"အရှင်ဘုရား မယုံကြည်နိုင်သေးပါ၊ အကြောင်းမှာ ခိုးသူကို အသက် မသေမီ ခန္ဓာငါးပါးရှိနေစဉ် ချိန်ခွင်ဖြင့် ချိန်ကြည့်သည်၊ ထိုခိုးသူကို သတ်ပြီး

တစ်ခါပြန်ချိန်ကြည့်သော် ရုပ်ခန္ဓာတစ်ပါးတည်သာရှိပါလျက် အသက်ရှင်စဉ်၊ ခန္ဓာငါးပါးရှိစဉ် ချိန်ကြည့်သည်ထက်ပို၍ လေးနေပါသည်၊ သို့အတွက် အရှင်ဘုရားဟောပြပုံကို မယုံကြည်နိုင်ပါ"

## သံတုံးသံခဲ ဥပမာ

"တကာတော်၊ မီးဖုတ်ထားသဖြင့် ရဲနီနေသော သံတုံးသံခဲနှင့် အေးနေသော သံတုံးသံခဲကို နှိုင်းယှဉ်၍ ချိန်ကြည့်သော် မည်သည့်အရာက လေးသနည်း"

"အရှင်ဘုရား၊ ရဲရဲနီမီးဖုတ်ထားသော သံတုံးသံခဲသည် တေဇော၊ ဝါယောတို့နှင့်တကွ ဖြစ်၍ပေါ့ပါသည်၊ မီးငြိမ်းဆဲ သံတုံးသံခဲကား တေဇော၊ ဝါယောတို့ မရှိသောကြောင့် လေးပါသည်"

"တကာတော်၊ ဤနည်းတူ အသက်ဟူသော အာယု၊ ကမ္မဇတေဇောနှင့် ဝိညာဉ်တို့ရှိစဉ် ချိန်ကြည့်၍ ပေါ့သည်၊ ဤသုံးပါး မရှိသောကြောင့် သေသူ၏ ခန္ဓာကိုယ်သည် လေးသည်၊ သို့အတွက် တမလွန် စသည်ရှိ၏ဟု ယုံကြည်ပါလော"

## ခရုသင်းဥပမာဖြင့်

"အရှင်ဘုရား၊ တပည့်တော်လက်ခံခြင်းမပြုနိုင်ပါ၊ အကြောင်းမှာ ခိုးသူအသက်ထွက်သည်ကို မြင်လို၍ သူ၏အရေထူ၊ အရေပါး၊ အရိုး၊ အကြောစသည် မပျက်စီးစေဘဲ သတ်ဖြတ်ရန် စေခိုင်းသည်၊ သေခါနီး၌ ခိုးသူကို ပက်လက်ထား၍လည်းကောင်း၊ မှောက်ခုံထား၍ လည်းကောင်း အသက်ထွက်သည်ကို ကြည့်ကြရာမမြင်ရပါ၊ သူ့မှာ မျက်စိ၊ နား၊ နှာခေါင်းစသည်တို့ ရှိသေးသော်လည်း မြင်ခြင်း၊ ကြားခြင်းစသည့်အာရုံခံစားခြင်းလည်း မပြုတော့ပါ၊ ထို့ကြောင့် သေလွန်ပြီး အခြားဘဝသို့ ကူးသွား၍ တမလွန် စသည်ရှိသည်ဟု ဆိုခြင်းကို လက်မခံနိုင်ပါ"

"တကာတော်၊ ရှေးအခါက ခရုသင်းမှုတ်သူတစ်ဦးသည် တောရွာတစ်ရွာသို့ ရောက်လျှင် ရွာလယ်၌ရပ်၍ ခရုသင်းကို သုံးကြိမ်မှုတ်သည်၊ ရွာသားတို့

ဝိုင်းအုံလာပြီး ဘာသံလဲဟု မေးကြသည်၊ ဤခရုသင်း၏အသံဟုပြော၍ ရွာသားတို့က ခရုသင်း ကို ပက်လက်၊ မှောက်ခုံ၊ ဘေးစောင်းစသည်ထားလျက် "ဟဲ့ ခရုသင်း၊ အသံမြည်ပြုပါ"ဟုပြောကြသည်၊ ခရုသင်းမှအသံမမြည်၊ ခရုသင်းမှုတ်သမားက အသိဉာဏ်နည်းကြလှချေတကားဟုပြောကာ ခရုသင်း ကို မှုတ်ပြသော် အသံမြည်လာသည်၊ ရွာသားတို့က အချင်းတို့၊ ခရုသင်းသည် လူ၊ လူ၏လုပ်ဆောင်မှုနှင့်လေတို့ရမှအသံမြည်သည်၊ သို့မဟုတ်က အသံ မမြည်ဟု သိသွားကြသည်။

"တကာတော်၊ သင်သည် ခရုသင်းအသံမြည်ခိုင်းသူ ရွာသားတို့နှင့် တူနေ ပေ၏၊ ခန္ဓာကိုယ်၌ အသက်၊ ကမ္မဇတေဇောနှင့် ဝိညာဉ်တို့ရှိမှ သွားလာလှုပ် ရှားခြင်း၊ မြင်သိခြင်းစသည်အာရုံခံစားမှုပြုနိုင်သည်၊ သို့မဟုတ်က မပြုနိုင်ဟု အသိဉာဏ် ရှိရှိဖြင့် ဆင်ခြင်လျက် တမလွန်စသည်တို့ရှိသည်ဟုယုံကြည်ပါ"ဟု မထေရ်က ဟောပြတော်မူသည်။

## မီးပွတ်ခုံဥပမာဆောင်လျက်

"အရှင်ဘုရား၊ တပည့်တော် မယုံကြည်နိုင်သေးပါ၊ အကြောင်းမှာ ခိုးသူ အသက်ထွက်သည်ကို မြင်လို၍ သူ၏အရေထူ၊ အရေပါးကို ဖြတ်ကြည့်သည်၊ အသက်ထွက်မသွားပါ၊ အလားတူအကြော၊ အသားစသည်ကို တစ်ခုပြီးတစ်ခု ဖြတ်ကြည့်သော်လည်း အသက်ထွက်လာသည်ကို မမြင်ရပါ၊ သို့ပါ၍ မယုံ ကြည်နိုင်သေးပါ"

"တကာတော်၊ ဥပမာအားဖြင့် သူငယ်တစ်ဦးကို မွေးစားထားသူ မီးလုပ် ကျွေးသည့်ရသေ့တစ်ပါးသည် ခရီးသွားစရာရှိသဖြင့် မွေးစားထားသူ သူငယ် ကို "ငါခရီးသွားမည်၊ မီးကို မငြိမ်းအောင်၊ မသေအောင် လုပ်ကျွေးရစ်ပါ၊ မီးငြိမ်း မည်ထင်လျှင် ဤပဲခွပ်၊ ထင်း၊ ပွတ်ခုံတို့ဖြင့် မီးရအောင်လုပ်ပြီး လုပ်ကျွေးပါဟု မှာထားပြီး ခရီးသွားသည်၊ သူငယ်ကစားနေစဉ် မီးငြိမ်းသွား၍ သူငယ်က ပဲခွပ်ဖြင့် မီးပွတ်ခုံ၊ ပွတ်ကျည်တို့ကို ခုတ်ပြီး မီးရရန် ရှာသည်၊ မီးကားမရ၊ သို့ဖြစ်၍ ပဲခွပ်ဖြင့် ပွတ်ခုံတို့ကို အစိတ်စိတ် ဖြတ်တောက်လျက် မီးရလေ

မလားဟု ပြုလုပ်နေစဉ် ရသေ့ကြီးပြန်ရောက်လာသည်၊ သူငယ်က မီးရဖို့ လုပ်ကိုင်ပုံများကို ပြောပြသည်၊ သို့သော် မီးမရ၊ ရသေ့ကြီးက မီးပွတ်ခုံ၊ ပွတ်ကျည်တို့သုံးလျက် မီးရအောင်လုပ်ပြပြီး သင်သည် လူညံ့၊ မှားသော နည်းဖြင့် မီးကို ရှာဖွေသည်ဟု ပြောသည်။

"တကာတော်၊ သင်သည်လည်း မီးရှာသူ သူငယ်ကဲ့သို့ မှားသောနည်းဖြင့် တမလွန်လောကစသည်ကို ရှာဖွေနေသည်၊ ဤမှားသောနည်းဖြင့် ရှာလျှင် ရလိမ့်မည်မဟုတ်၊ သို့သော် တမလွန်လောကစသည်ကားရှိသည်ဟု လက်ခံယုံကြည်ပါ"

"အရှင်ဘုရား၊ တပည့်တော်လက်ခံယုံကြည်နိုင်ခြင်းမရှိသေးပါ၊ အကြောင်းမှာ ကောသလမင်းကြီးသည်လည်းကောင်း၊ အခြားသောမင်းများသည်လည်းကောင်း တပည့်တော် ဤအယူရှိသည်ကို သိကြပါသည်၊ ဤအယူကို တပည့်တော်စွန့်လိုက်က သူတို့က တပည့်တော်ကိုလူညံ့၊ သူများပြောစကားကြောင့် ကိုယ့်အယူကို စွန့်သူဟု ပြောကြပါလိမ့်မည်၊ သူတို့လည်း စိတ်ဆိုးကြပါလိမ့်မည်၊ သို့အတွက် တပည့်တော်၏အယူကို စွန့်လျက် အရှင်ဘုရားဟောပြသည်ကို လက်မခံနိုင်ပါ"

## လျှည်းကုန်သည်နှစ်ယောက်ဥပမာ

"တကာတော်၊ ရှေးအခါက၊ လှည်းကုန်သည်နှစ်ဦးရှိသည်၊ တစ်ဦးသည် လှည်းသားငါးရာဖြင့် ကုန်ရောင်းဝယ်ရန်သွားသည်၊ နွားစာရေလူစာပါတင်လျက် ခရီးထွက်ခဲ့သည်၊ လမ်း၌ မျက်ထောက်နီနီ၊ အဝတ်စိုများ ဝတ်လျက် ကိုယ်ကို ရွှံ့များ သုတ်ထားသူနှင့်တွေ့သည်၊ ထိုသူက ရှေ့မှာ မိုးတွေရွာနေသည်၊ မြက်၊ ထင်း၊ ရေစသည့်လူစာရော၊ နွားစာပါ အလေးခံပြီး သယ်မသွားနှင့်ဟု ပြောသည်၊ ထိုသူ့စကားယုံပြီး တင်လာခဲ့သော နွားစာလူစာနှင့် ရေတို့ကို စွန့်ပစ်ထားခဲ့သည်၊ ရှေ့ဆက်သွားစဉ် ခုနစ်ရက်ကြာသည့်တိုင် မိုးလည်းမရွာ၊ ရေလည်းမတွေ့၍၊ လူစာနွားစာတို့ ပြတ်လပ်ပြီး နွားရောလူပါ သေကုန်ကြ

သည်၊ တွေ့ခဲ့သူ မျက်ထောက်နီသည်လည်း ဘီလူးဖြစ်သည်၊ လှည်းကုန် သည်နှင့် အပေါင်းပါတို့အားလုံးသည် ဘီလူးစာများ ဖြစ်သွားခဲ့ကြရသည်။

"နောက် လှည်းကုန်သည် တစ်ယောက် လှည်းသား ငါးရာနှင့်အတူ လူစာ၊ နွားစာ စသည်တင်လျက်လာခဲ့သည်၊ လူယောင်ဆောင်ထားသူနှင့် လမ်းခရီး၌ တွေ့ရပြန်သည်၊ ရှေ့လှည်းသားများကို ပြောသကဲ့သို့ ထိုသူက ပြောသေးသည်၊ အစဉ်းစားအဆင်ခြင်ဉာဏ်ရှိသူတို့ဖြစ်၍ နောက်လှည်းသားတို့က သူ့စကားကိုလက်မခံ၊ ရှေ့ဆက်လာခဲ့သော် ဘီလူးတို့စားထားသော လူ၊ နွားအရိုးစုတို့နှင့် ပစ္စည်းပေါင်းစုံ တွေ့သွားကြသည်၊ ဒုတိယလာသူ လှည်းကုန်သည် လူစုသည် ရှေ့လှည်းကုန်သည်တို့ကဲ့သို့ အစာရေစာလည်း ဒုက္ခမရောက်ဘဲ လိုရာခရီးသို့ ရောက်သွားကြသည်။

"တကာတော်၊ သင်သည် ဘီလူးစားခံရသော လှည်းကုန်သည်နှင့် တူနေသည်၊ သင့်အတွေးအမြင်အသိမမှန်၍ သင်သည် သံသရာခရီး၌ ဒုက္ခရောက်ရလိမ့်မည်၊ သင်၏မှားယွင်းနေသောအယူကို စွန့်လော့၊ သို့မှ သံသရာခရီးမှ လွတ်ကာ ဘေးကင်းရာ သို့ ရောက်လိမ့်မည်"

သို့သော် ပါယာသိသည် သူ၏ အယူကို မစွန့်လွှတ်နိုင်သေးကြောင်း ကျိုးကြောင်းမဲ့ ထပ်ကာထပ်ကာ လျှောက်ထားနေပြန်သည်၊ သို့အတွက် မထေရ်က ဝက်မွေးသူဉပမာ၊ ကြွေအန်မိုျသူဉပမာ၊ လျှော်ထမ်းသူ ဉပမာတို့ဖြင့် ဆက်လက် ဟောတော်မူသည်။

## ယုံကြည်ပါပြီ၊ ဉပါသကာအဖြစ်သိမှတ်ပါ

ထိုအခါမှ ပါယာသိက "အရှင်ဘုရား၊ တပည့်တော်နားလည်လက်ခံပါပြီ၊ ပထမဦးစွာ ဟောပြသော လ-နေ ဉပမာဖြင့်ပင် တမလွန်လောကရှိသည်၊ ကံ၊ ကံ၏ အကျိုးရှိသည်ကို ယုံကြည်ပါသည်၊ သို့ရာတွင် ဆန်းကြယ်စွာ တရားဟောကြားတတ်သူဟု အရှင်ဘုရား၏ အကြောင်းကို ကြားသိထား၍ ဆန့်ကျင်မှုပြုကာ လျှောက်ထားနေခဲ့ပါသည်၊ အရှင်ဘုရားသည် မှောက်ထားသော အိုးကိုလှန်ပြလိုက်သကဲ့သို့၊ ဖုံးထားသည်ကို ဖွင့်ပြလိုက်သကဲ့သို့၊ လမ်းမှား၊ အသိမှားနေသူကို လမ်းမှန်၊ အသိမှန်ရောက်အောင် လမ်းပြပေးသူကဲ့သို့

ပြုလုပ်နိုင်သူဖြစ်ပါသည်၊ အမိုက်အမှောင်တွင်းမှ ထုတ်ဆောင်ကာ တပည့်တော်ကို အသိအမြင်မှန်သူဖြစ်အောင် ဆန်းကြယ်စွာ ဟောပြတော် မူနိုင်ပါပေ၏၊ တပည့်တော်သည် ဘုရားရှင်ကို လည်းကောင်း၊ ဘုရားရှင်၏ တရားတော်ကိုလည်းကောင်း၊ ဘုရားရှင်၏ တပည့်သား သံဃာတော်ကိုလည်းကောင်း၊ ကိုးကွယ်ပါ၏၊ ယုံကြည်ပါ၏၊ ဆည်းကပ်ပါ၏၊ တပည့်တော်အား ရတနာ သုံးပါးကို ကိုးကွယ်ယုံကြည်ဆည်းကပ်သူ ဥပါသကာအဖြစ် သိမှတ်တော်မူပါ”ဟု လျှောက်ထားသည်။

အရှင်ကုမာရကဿပမထေရ်သည် ပါယာသိအား ဤသို့ ဆက်လက်၍ တရားဟောပြသည်။

“တကာတော်၊ အလှူဒါနပြုရာ၌ နွား၊ ဆိတ်၊ ဝက်စသည်ကို သတ်ဖြတ်၍ လှူသူက လှူပြီး အလှူခံသူကလည်း သီလမစင်ကြယ်ဘဲ မိစ္ဆာဒိဋ္ဌိ အယူရှိသူဖြစ်လျှင် ထိုအလှူဒါနသည် ကောင်းကျိုးမပေးသလို သစ်ငုတ် စသည် မရှင်းလင်းဘဲ မြေကလည်း ညံ့သောလယ်၌ စပါးစိုက်ပျိုးလျှင် မိုးလည်းမရွာ၍ ကောင်းစွာ အကျိုးမရှိနိုင်ဖြစ်သည်၊ လယ်ယာမြေကောင်းသဖွယ်ဖြစ်သော သံဃာ၌ လှူ လျှင် ပစ္စုပ္ပန်၊ သံသရာနှစ်ဖြာသော ကောင်းကျိုးကိုရစေနိုင်သည်”

မထေရ်ဟောသောတရားကို နှစ်သက်သဘောကျသဖြင့် ပါယာသိသည် အရှင်ကုမာရကဿပနှင့်တကွ ရဟန်းသံဃာ ငါးရာကို ခုနစ်ရက်ပတ်လုံး အလှူကြီးပေးလှူသည်။

ထို့နောက် ဆန်ကွဲထမင်း၊ ပုန်းရည်ဟင်းစသည်ဖြင့် ခရီးသွား၊ သူတောင်းစားစသူတို့အား မရိုမသေဖြင့် ကျွေးမွေးသည်။

## နတ်သားဖြစ်ပြီ

ထိုအလှူနှစ်ရပ်တွင် အရှင်ကုမာရကဿပနှင့် ရဟန်းသံဃာတော်တို့အား ပေးလှူသော အလှူက အရင်အကျိုးမပေးသေးမီ အသက္ကစ္စဒါနအဖြစ် လှူသော နောက်အလှူက ပထမဦးစွာ အကျိုးပေးသောကြောင့် ပါယာသိ ကွယ်လွန်သော် သေရီသကဗိမာန်၌ အခြေအရံ ကင်းမဲ့စွာဖြင့် နတ်သားဖြစ်ရသည်။




ပါယာသိသည် စတုမဟာရာဇ်နတ်ပြည် သေရီသက ဗိမာန်၌ နတ်သား ဖြစ်နေစဉ် ရဟန္တာဂဝံပတိမထေရ်သည် ထိုနတ်သားကို မြင်တော်မူ၍ အကြောင်း အကျိုးမေးသည်၊ ပါယာသိနတ်သားက လူ့ဘဝက မိစ္ဆာဒိဋ္ဌိအယူ ရှိခဲ့ပုံ၊ အရှင်ကုမာရကဿပချေချွတ်၍ ထိုအယူစွန့်ခဲ့ပုံတို့ကို မထေရ်အား လျှောက်ထားသည်၊ ခရီးသွားနှင့် သူတောင်းစားစသူတို့အား အသက္ကစ္စဂါရဝ ဖြင့် အလှူဒါနပြုခဲ့၍ နတ်သမီးနတ်သား အခြွေအရံကင်းမဲ့သော ဤဗိမာန်၌ ဖြစ်နေရပုံတို့ကိုပါ ဆက်လက်လျှောက်ထားသည်။

ထို့နောက် နတ်သားက သူ့အဖြစ်ကို လျှောက်ထားပြီး လူ့ဘဝက သူ၏ အခြွေအရံဖြစ်ခဲ့သူတို့အား ကုသိုလ်ပြုရာ၌ ကောင်းကောင်းမွန်မွန် ယုံယုံကြည် ကြည်ဖြင့်ပြုရန် မထေရ်မှတစ်ဆင့် လျှောက်ထားမှာကြားသည်။

**[ ဝိမာနဝတ္ထုတော်ကြီး၊ ဥတ္တရဝိမာန၊ သေရီသက ဝိမာန၊ ပါယာသိသုတ်အဋ္ဌကထာပါယာသိရာဇညဝတ္ထု ]**

## ပညာရှင်တို့၏ စာပေစကား

ပြောင်းပြန်ရောနှော၊ အလာဘောနှင့်၊ လာဘောတူကွ၊ အယသနှင့်၊ ယသမှတ်ကြံ၊ သုခံဒုက္ခ၊ နိန္ဒပသံသာ၊ ရှစ်ဖြာလောကဓံ၊ ဆက်ဆံရစ်ငွေ့၊ ကြုံလေတွေ့လည်း၊ ခါ၍မခုန်၊ မတုန်မလှုပ်၊ စောင့်ချုပ်မယိမ်း၊ မတိမ်းမပြို၊ ထိုပုဂ္ဂိုလ်၏၊ နကိုတည်တည်၊ စိတ်မြွတ်သည်လည်း တစ်မည်မင်္ဂလာ။

[ မုံရွေးဆရာတော် ]

လောကဓံတရား၊ တွေ့ကြုံငြား၊ စိတ်ထားတင်းတင်းမာပါစေ။

ရံဖန်ရံဖန်၊ လောကဓံ၊ ဖောက်ပြန်ဖြစ်မြဲပေ။

ဖောက်ပြန်သဘော၊ အာသဝေါ၊ လျှော်အောင် မဂ်ဖြင့်ခြေ။

မဂ်ကိုရမှ၊ ခြေနိုင်ကြ၊ မဂ်ရတရားမွေ။

မဂ်ကိုရကြောင်း သူတော်ကောင်း၊ လမ်းကြောင်းလိုက်ကြလေ။

သူငါ ဆက်ဆံ၊ လောကဓံ၊ ပူပန်စိုးရိမ်၊ ဖျောက်တတ်စေ။

[ သုတရတနာဆုံးမစာ ]

လာဘဓမ္မာ၊ ကြုံသောခါမူ၊ ဒိသာရှစ်ပါး၊ လာဘ်သပ်များလျက်၊ သွားလေရာရာ၊ အသင့်သာတည့်၊ အိမ်မှာအလိုက်၊ နေသောခိုက်လည်း၊ စိုက်စိုက်လာဘ၊ ရောက်လာကြ၍၊ မိုးလချိန်ခါ၊ မိုးကြီးရွာသို့၊ ထားရာမရ၊ ပေါများလှ၏၊ ဓမ္မဓမ္မာ၊ ချို့တဲ့ခါတွင်၊ အလာဘ၌၊ ကြုံသည့်ခိုက်မူ၊ စိုက်စိုက်ထိုခါ၊ လိုက်၍ရှာလည်း၊ ပန်းကာရုံမျှ၊ ရှားပါးလှလျက်၊ နွေလသန်ထောက်၊ မိုးရေပေါက်ကို၊ သောက်ရရုံမျှ၊ ရှာမရသို့၊ လောကဓမ္မတာ၊ သတ္တဝါတို့၊ ဝိပ္ပလ္လာသ၊ အလာဘနှင့်၊ လာဘမသွေ၊ ဤနှစ်ထွေလည်း၊ ဒီရေပြောက်သည့်နှယ်တည်း။

[ ဓမ္မဓဇပျို့ ]

ထိုမှရှင်စော၊ အမှန်ဟောသား၊ ယသောဓမ္မာ၊ ကြုံသောခါမူ၊ ကောင်းစွာမွေ့သိမ်၊ နတ်စည်းစိမ်သို့၊ အိမ်တွင်နေငြား၊ ခြွေရံများလျက်၊ သွားလည်းညံညံ၊ ဝန်းရွေရံလျက်၊ ယာဉ်ပျံဆင်မြင်း၊ နေရာခင်းနှင့်၊ မနင်းမြေထက်၊ သော်တာထွက်သော်၊ ဝန်းလျက်ရံကာ၊ ကြယ်များပါသို့၊ နေရာတိုင်းပင်၊ ခြွေရံခင်၍၊

မြင်အောင်ခယ၊ မျက်နှာပြ၍၊ ထိုမှလျင်ဆော၊ အယသောနှင့်၊ သဘောကြံ့ခါ၊ ဉာတကာမှ၊ ဆွေမျိုးစသည်၊ ရှေးကအလျင်၊ ကျေးဇူးတင်သား၊ အကြင်သူများ၊ ဝေးရာရှားလျက်၊ သွားလည်းလွဲအောင်၊ ကျားကိုရှောင်သို့၊ လမ်းစောင်တသီး၊ ထိုခရီးသို့၊ မနီးကွာကွာ၊ ဝေးအောင်ခွာ၍၊ လွတ်ရာကပင်၊ နေကြချင်လိမ့်၊ နေဝင်ခါရက်၊ မြေပြင်ထက်တွင်၊ ခက်လက်လည်းဖြုတ်၊ တိုအောင်ခုတ်ထား၊ သစ်ငုတ်ပမာ၊ ခြံရံကွာ၍၊ ဓမ္မတာဟော၊ အယသောနှင့်၊ ယသောဆက်ဆံ၊ များခြွေရံလည်း၊ သက်တံရောက်သည့်နှယ်သာတည်း။

[ ဓမ္မဓဇပျို့ ]

ထိုမှတစ်ဝ၊ ကုသလကြောင့်၊ သုခတရား၊ ကြုံကြိုက်ငြားလည်း၊ သွားလည်းချမ်းသာ၊ လာလည်းချမ်းမြေ့၊ နေ့လည်းချမ်းမြ၊ ညလည်းချမ်းငြိမ်၊ နတ်စည်းစိမ်သို့၊ အိမ်လည်းရိပ်မြုံ၊ မိုးနေလုံလျက်၊ ဆွေပုံမျိုးနှင့်၊ ဆယ်ပါးကျင့်သား၊ မင်းလက်ထက်မှာ၊ နေရပါသို့၊ ချမ်းသာခဏ၊ ခံစားရ၍၊ ဒုက္ခတရား၊ ဆိုက်လာငြားမူ၊ သွားလည်းဘေးရှာ၊ လာလည်းဘေးတွေ့၊ နေ့လည်းဘေးရ၊ ညလည်းဘေးကြိမ်၊ ကိုယ့်စည်းစိမ်လည်း၊ မငြိမ်မသက်၊ ရန်သူဖျက်၍၊ ပျက်ခဲ့ရှင်းရှင်း၊ တရားယွင်းသား၊ မင်းတို့လက်ထက်၊ နေရချက်သို့၊ အသက်ခန္ဓာ၊ တစ်သက်လျာတွင်၊ နာနာဘာဝ၊ ဝိနာစသည်၊ အညထာက၊ ဘယာဘေဒ၊ ဥပ္ပါဒကို၊ တွေ့ကြစမြဲ၊ ဤဆင်းရဲနှင့်၊ မကွဲမကွာ၊ ဖောက်ပြန်လာသား၊ ချမ်းသာတစ်ရံ၊ ဤသုခံလည်း၊ ကြယ်ပျံပျောက်သည့်နှယ်သာတည်း။

[ ဓမ္မဓဇပျို့ ]

သားသေတုံလျက်၊ မထွက်မျက်ရည်၊ စိတ်ကောင်းတည်သည့်၊ ခိုင်ကျည်နှလုံး၊ ငါးယောက်ထုံးကို၊ စွဲသုံးမိလျက်၊ သေမင်းလက်သို့၊ ဝင်ထွက်ရမည်၊ ကြောက်မူနည်းဖြင့်၊ နေ့ရှည်ရက်သွေး၊ မနှောင့်နှေးတည်း။

[ ဥတိန္နပျို့-၁၁၀ ]

ပြည်ခေါင်ထိပ်ဖျား၊ ရောက်လိုငြားမူ၊ တရားညီစွာ၊ ရဥစ္စာကို၊ သဒ္ဓါမနှေး၊ အလှူပေးလော့၊ မနှေးစင်ကြယ်၊ သည့်ပြင်ဝယ်လည်း၊ အကယ်တည်းဖြောင့်၊

သီလစောင့်လော့၊ မနှောင့်ယှက်ရာ၊ ဘာဝနာနှင့်၊ မေတ္တာကမ္မဋ္ဌာန်း၊ စီးဖြန်းတွတ်တွတ်၊ မပြတ်ရွတ်လော့၊ မချွတ်မလွဲ၊ သို့ကျင့်မြဲက၊ အောင်ပွဲနိဗ္ဗာန်၊ ဘေးရန်ခပ်သိမ်း၊ ကင်းလွတ်ငြိမ်း၏။

[ သားရွှေဥဆုံးမစာ ]

ဒသမဂါထာဖြင့် ဟောတော်မူသည့်
မင်္ဂလာတရားတော်များနှင့် ဝတ္ထုများပြီး၏

* * *

## နိဂုံးဂါထာဖြင့် ဟောကြားသည့် မင်္ဂလာတရားကျင့်သုံးသူတို့ရရှိနိုင်သည့်အကျိုးတရား

ဘုရားရှင်သည် ဖော်ပြခဲ့ပြီးသော ဆယ်ဂါထာတို့ဖြင့် မင်္ဂလာတရား ၃၈ ပါးကို ဟောတော်မူခဲ့သည်၊ နောက်ဆုံးဂါထာဖြစ်သော ဧတာဒိသာနိ ကတွာန စသော နိဂုံးဂါထာဖြင့် မင်္ဂလာတရား ကျင့်သုံးသူတို့ ရရှိနိုင်သည့် အကျိုးတရားနှစ်ပါးကို ဤသို့ဟောတော်မူသည်။

၁။ သဗ္ဗတ္ထမပရာဇိတာ = မင်္ဂလာတရား ကျင့်သုံးလျက် မင်္ဂလာတရားနှင့်အညီ နေထိုင်သူတို့သည် နေရာတိုင်း၌ ကျက်သရေမင်္ဂလာရှိလျက် ပစ္စုပ္ပန်သံသရာ နှစ်ဖြာလုံး၌ အရှုံးမရှိဘဲ ကျိန်းသေအောင်ပွဲများ ခံကြရမည်။

၂။ သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ = မင်္ဂလာတရား ကျင့်သုံးလျက် မင်္ဂလာတရားနှင့်အညီ နေထိုင်သူတို့သည် နေရာတိုင်း၌ လောကီ၊ လောကုတ္တရာ ချမ်းသာသုခများ ရရှိကြမည်။

ဤကျမ်းစာ၏ ရှေ့ပိုင်းတွင် မင်္ဂလာတရားတစ်ပါးစီနှင့် ဆိုင်သော ဝတ္ထုကြောင်းများ ဖော်ပြထားပြီးဖြစ်ပါသည်၊ ၎င်းဝတ္ထုကြောင်းများတွင် မင်္ဂလာတရားနှင့်အညီ ကျင့်သုံးနေထိုင်သူ လူနတ်ပြဟ္မာတို့ ကောင်းကျိုးများ ရရှိကြသည်၊ မင်္ဂလာတရားနှင့်အညီ နေထိုင်ကျင့်သုံးခြင်းမရှိသူတို့ မကောင်းကျိုးများ ရရှိခံစားကြရပုံကိုလည်း ဖော်ပြထားပါသည်။

## လက်တွေ့ကျင့်သုံးကြည့်ပါ

ဤကမ္ဘာမြေတစ်ခွင်တွင် ၃၈ ဖြာမင်္ဂလာတရားတို့ကို မကျင့်သုံးဘဲ ကြီးနိုင်ငယ်ညှဉ်း လုပ်နေကြသည်၊ အင်အားရှိသူက အင်အားမရှိသူကို၊ ကြီးသူက ငယ်သူကို၊ ဖွံ့ဖြိုးသူက မဖွံ့ဖြိုးသေးသူကို စသည်ဖြင့် ကူညီမစရမည့်အစား မကူညီဘဲ အနိုင်ကျင့်နေကြသည်။

ဤကမ္ဘာပေါ်ရှိ လူမျိုးအသီးသီး၊ တိုင်းပြည် အသီးသီးတို့သည် ဤမင်္ဂလာတရား ၃၈ ပါးကိုသာ လက်တွေ့ကျင့်သုံးလိုက်နှာ နေထိုင်ကြပါလျှင် ကမ္ဘာမြေတစ်ခွင်သည် ဘေးရန်အပေါင်းမှ ကင်းကွာလျက် အေးချမ်းသာယာပေလိမ့်မည်။

နိဂုံးဂါထာနှင့် ဆက်စပ်ပြီး ဆရာကြီးဒဂုံဦးထွန်းမြင့်က ဤသို့ လင်္ကာစီကုံးထားခဲ့သေးသည်။

### ဆရာကြီး ဒဂုံဦးထွန်းမြင့်၏ နိဂုံးဂါထာလင်္ကာ

၁။ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတို့၊ ပျက်ပြားနေကြ ကမ္ဘာမြေ၊
၂။ ဟိုတိုင်း၊ ဒီပြည် ရန်စစ်ခင်းလို့၊ လူနှင့်လူချင်းသတ်ကာနေ၊
၃။ ငြိမ်းချမ်းပါစေ အာသီသနဲ့ စွမ်းနိုင်ရာက ကူညီသလေ၊
၄။ သုံးဆယ့်ရှစ်ပါး မင်္ဂလာတရား ရေးသားဖြန့်ကာဝေ၊
အဖိုးတန်တဲ့ ဗုဒ္ဓဝါဒ ကမ္ဘာက သိပါစေ။

မကောင်းကျိုးများကို ပယ်ဖျောက်ကာ ကောင်းကျိုးချမ်းသာ အဖြာဖြာကို ရစေနိုင်သော ဤမင်္ဂလသုတ်လာ ၃၈-ဖြာသော မင်္ဂလာတရားများကို ပထမအဆင့် အနေဖြင့် လူသားအားလုံးတို့ သိရှိကြပါစေ၊ မင်္ဂလာ တရား သိရှိသူ လူသားအားလုံးတို့ မင်္ဂလာတရားတော်နှင့်အညီ နေထိုင်ကျင့်ကြံနိုင်ကြပါစေ၊ မင်္ဂလာတရားတော်နှင့်အညီ နေထိုင်ကြ ကျင့်ကြံသူအားလုံး မင်္ဂလာရှိကြပါစေ။

နိဂုံးဂါထာဖြင့် ဟောကြားတော်မူသည့်
မင်္ဂလာတရားကျင့်သုံးသူတို့ရရှိနိုင်သော အကျိုးတရားများပြီး၏။

* * *

# မင်္ဂလသုတ်ပါဠိတော်

ယံ မင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံသု သဒေဝကာ၊
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတ္တိံသ ဉ္စ မင်္ဂလံ။
ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗပါပ ဝိနာသနံ၊
သဗ္ဗလောကဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမ ဟေ။
ဧဝံ မေ သုတံ၊

ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ၊ အထ ခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တ ဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ၊

ယေန ဘဂဝါ တေ နုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ၊ ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

## မင်္ဂလာတရားဟောရန် နတ်သားတောင်းပန်

ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ၊
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလမုတ္တမံ။

## ပထမဂါထာဖြင့် ဟောကြားသော မင်္ဂလာတရားသုံးပါး

၁။ အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ၊
ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလမုတ္တမံ။

ဒုတိယဂါထာဖြင့် ဟောကြားသော မင်္ဂလာတရားသုံးပါး

၂။ ပတိရူပ ဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ၊
အတ္တသမ္မာပဏိဓိ စ၊ ဧတံ မင်္ဂလမုတ္တမံ။

တတိယဂါထာဖြင့် ဟောကြားသောမင်္ဂလာတရားလေးပါး

၃။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော၊
သုဘာသိတာ စ ယာ ဝါစာ၊ ဧတံ မင်္ဂလမုတ္တမံ။

စတုတ္ထဂါထာဖြင့် ဟောကြားသောမင်္ဂလာတရားသုံးပါး

၄။ မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော၊
အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလမုတ္တမံ။

ပဉ္စမဂါထာဖြင့် ဟောကြားသောမင်္ဂလာတရားလေးပါး

၅။ ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော၊
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလမုတ္တမံ။

ဆဋ္ဌမဂါထာဖြင့် ဟောကြားသောမင်္ဂလာတရားလေးပါး

၆။ အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာ စ သံယမော၊
အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလမုတ္တမံ၊

သတ္တမဂါထာဖြင့် ဟောကြားသော မင်္ဂလာတရားငါးပါး

၇။ ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌိ စ ကတညုတာ၊
ကာလေန ဓမ္မဿဝနံ၊ ဧတံ မင်္ဂလမုတ္တမံ။

အဋ္ဌမဂါထာဖြင့် ဟောကြားသောမင်္ဂလာတရားလေးပါး

၈။ ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ၊
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလမုတ္တမံ။

နဝမဂါထာဖြင့် ဟောကြားသောမင်္ဂလတရားလေးပါး

၉။ တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ၊
နိဗ္ဗာန သစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလမုတ္တမံ။

ဒသမဂါထာဖြင့် ဟောကြားသောမင်္ဂလာတရားလေးပါး

၁၀။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ၊
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလမုတ္တမံ။

မင်္ဂလာတရားကျင့်သုံးသူတို့ရရှိမည့် အကျိုးတရား

ဧတာဒိသာနိ ကတ္វာန၊ သဗ္ဗတ္ထ မပရာဇိတာ၊
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလမုတ္တမံ။

မင်္ဂလသုတ်ပါဠိတော်ပြီး၏။

* * *

# မင်္ဂလသုတ်ပါဠိတော် နိဿယ

သဒေဝကာ၊ နတ်နှင့်တကွသောလူတို့သည်။ ယံ မင်္ဂလံ၊ အကြင်မင်္ဂလာတရားတော်ကို။ ဒွါဒသဟိ၊ တစ်ဆယ့်နှစ်နှစ်တို့ကာလပတ်လုံး။ စိန္တယိံသု၊ စဉ်းစားကြံစည်ခဲ့ကြကုန်၏။ စိန္တယန္တာပိ၊ စဉ်းစားကြံစည်ခဲ့ကြကုန်သော်လည်း။ သောတ္ထာနံ၊ စီးပွားချမ်းသာခြင်း၏အကြောင်းဖြစ်သော။ အဋ္ဌတ္တိံသဥ္စ၊ သုံးဆယ့်ရှစ်ပါးအပြားရှိသည်လည်းဖြစ်သော။ တံ မင်္ဂလံ၊ ထိုမင်္ဂလာတရားတော်ကို။ နာဓိ ဂစ္ဆန္တိ၊ မသိနိုင်ခဲ့ကြကုန်သည်။

ဒေဝဒေဝေန၊ နတ်တကာတို့ထက်မြက်သော ဝိသုဒ္ဓိနတ်ဖြစ်တော်မူသောဘုရားရှင်သည်။ သဗ္ဗလောက ဟိတတ္ထာယ၊ တစ်လောကလုံး၏ အကျိုးစီးပွားအလို့ငှာ။ ဒေသိတံ၊ ဟောတော်မူအပ်သော။ သဗ္ဗပါပဝိနာသနံ၊ မကောင်းမှုအားလုံးကို ပယ်ဖျောက်ပေတတ်သော။ တံ မင်္ဂလံ၊ ထိုမင်္ဂလာ တရားတော်ကို။ ဟေ-အိုသူတော်ကောင်း အပေါင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ဖတ်ကြပါကုန်အံ့။

ဘန္တေကဿပ၊ အရှင်မဟာကဿပ။ က္ကဒံသုတ္တံ၊ ဤမင်္ဂလသုတ်တော်ကို။ မေ-မယာအာနန္ဒတ္ထေရေန၊ တပည့်တော်အာနန္ဒာမထေရ်သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သမ္မုခါ၊ မျက်မှောက်တော်မှ။ ဧဝံ၊ ဤသို့။ သုတံ၊ ကြားနာခဲ့ရပါ၏။ ဥပလက္ခိတံ၊ မှတ်သားခဲ့ရပါ၏။ ဥပဓာရိတံ၊ ဆောင်ယူခဲ့ရပါ၏အရှင်ဘုရား။

ဧကံသမယံ၊ အခါတစ်ပါး၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ အနာထပိဏ္ဍိကဿ၊ အနာထပိဏ်သူဌေး၏။ အာရာမေ၊ ကျောင်းအရာမ်၌။ ဝိဟရတိ၊ နေတော်မူ၏။ အထခေါ၊ ထိုအခါ၌။ အညတရာ၊

အမျိုးအမည်အားဖြင့် မထင်ရှားသော။ ဒေဝတာ၊ နတ်သားသည်။ အဘိက္ကန္တာယ၊ ညဉ့်ဦးယံကိုလွန်ပြီးသော။ ရတ္တိယာ၊ ညဉ့်သန်းခေါင်အခါ၌။ အဘိက္ကန္တဝဏ္ဏာ၊ အလွန်နှစ်သက်ဖွယ်သော အဆင်းရှိသည်ဖြစ်၍။ ကေဝလကပ္ပံ ဇေတဝနံ၊ ဇေတဝန်ဥယျာဉ်တစ်ခုလုံးကို။ ဩဘာသေတွာ၊ ကိုယ်ရောင် ကိုယ်ဝါဖြင့် ထွန်းလင်းတောက်ပစေ၍။ ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အတ္ထိ၊ ရှိတော်မူ၏။ တေန၊ ထိုအရပ်သို့။ ဥပသင်္ကမိ၊ ချဉ်းကပ်လာ၏။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်လာပြီး၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ အဘိဝါဒေတိ၊ ရှိခိုး၏။ အဘိဝါဒေတွာ၊ ရှိခိုးပြီး၏။ ဧကမန္တံ၊ သင့်တင့်လျောက်ပတ်သောအရပ်၌။ အဋ္ဌာသိ၊ ရပ်တည်နေ၏။ ဧကမန္တံ၊ သင့်တင့်လျောက်ပတ်သောအရပ်၌။ ဌိတာခေါ၊ ရပ်တည်နေပြီးသော။ သာဒေဝတာ၊ ထိုနတ်သားသည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဂါထာယ၊ ဂါထာစကားဖြင့်။ အဇ္ဈဘာသိ၊ လျှောက်ထားလေ၏။ ကိံ အဇ္ဈ ဘာသိ၊ အဘယ်သို့လျှောက်သနည်း ဟူမူကား။

ဘန္တေဘဂဝါ၊ ဘုန်းတော်ကြီးတော်မူလှသော မြတ်စွာဘုရား။ ဗဟူ၊ များစွာကုန်သော။ ဒေဝါစ၊ နတ်တို့သည်လည်းကောင်း။ မနုဿာစ၊ လူတို့သည်လည်း ကောင်း။ သောတ္ထာနံ၊ ကောင်းကျိုးချမ်းသာကြီးပွားကြောင်း မင်္ဂလာကို။ အာကင်္ခမာနာ၊ သိလိုမြင်လိုပြည့်စုံလိုကြကုန်သည်ဖြစ်၍။ မင်္ဂလာနိ၊ ကောင်းမြတ်ချမ်းသာ မင်္ဂလာတို့ကို။ အစိန္တယုံ၊ စဉ်းစားကြံစည်ခဲ့ကြကုန်ပြီ။ ဥတ္တမံ၊ အမှန်မုချ မြတ်လွန်းလှသော။ မင်္ဂလံ၊ မင်္ဂလာစစ်တရားနှစ်ကို။ ဗြူဟိ၊ ဟောတော် မူပါလော။ ဣတိ၊ ဤသို့။ အဇ္ဈဘာသိ၊ လျှောက်ထားလေ၏။

**မင်္ဂလသုတ် နိဒါန်း နိဿယ ပြီး၏။**

၁။ ဘောဒေဝပုတ္တ၊ အို . . . နတ်သား။ ဗာလာနံ၊ မကင်းဒုစရိုက် သူ အမိုက်တို့ကို။ အသေဝနာစ၊ ဆရာအမှတ်၊ မိတ်အမှတ်ဖြင့် မဆည်းကပ်၊ မပေါင်းမဖော်ရခြင်းသည် လည်းကောင်း။ ပဏ္ဍိတာနံ၊ ဒုစရိုက်အပေါင်း ကင်းလွတ်ရှောင်းလျက် ကျိုးကြောင်းမြင်သိ ပညာရှိတို့ကို။ သေဝနာစ၊ ဆရာ အမှတ်၊ မိတ်အမှတ်ဖြင့် ဆည်းကပ်ပေါင်းဖော်ရခြင်းသည်လည်းကောင်း။ ပူဇနေယျာနံ၊ ဂုဏဝုဒ္ဓိ၊ ဝယဝုဒ္ဓိ၊ ကျေးဇူးရှိနှင့်မိဘဆရာ၊ ရတနာသုံးပါး၊ တရားကျင့်သူ စင်ဖြူစရိုက် ပူဇော်ထိုက်သောသူတို့ကို။ ပူဇာစ၊ ရိုသေသမှု အပြုအမူ ပျူငှာဆေးလေး ကျွေးမွေးပေးကမ်း လျှဒါန်းပူဇော်ရခြင်းသည် လည်းကောင်း။ ဧတံ၊ ဤတရားသုံးပါးသည်။ ဥတ္တမံ၊ အများလောက သမုတ်ကြသော ဒိဋ္ဌ၊ သုတ၊ မုတမင်္ဂလာစသည်တို့ထက် ဆတက်လွန်ကျူး အထူးမြင့်မြတ်သော။ မင်္ဂလံ၊ လောကီလောကုတ္တရာ ချမ်းသာပွားကြောင်း ကောင်းသော မင်္ဂလာမည်၏။

၂။ ဘောဒေဝပုတ္တ၊ အို . . . နတ်သား။ ပတိရူပ ဒေသဝါသော စ၊ မိမိနှင့် သင့်တော်လျောက်ပတ်သော အရပ်ဒေသ၌ နေရခြင်းသည် လည်းကောင်း။ ပုဗ္ဗေ၊ ရှေးဘဝ၌။ ကတပုညတာ စ၊ ပြုခဲ့ဖူးသော ကောင်းမှုကုသိုလ် ရှိသည်၏အဖြစ်လည်းကောင်း။ အတ္တသမ္မာပဏိဓိ စ၊ မိမိစိတ်ကို အလိုမလိုက် ဒုစရိုက်သို့ လိုက်ခွင့်မပေး ယဉ်ကျေးလိမ္မာ ကောင်းမြတ်ရာ၌သာ အမြဲတည် စေရခြင်းသည်လည်းကောင်း။ ဧတံ၊ ဤတရားသုံးပါးသည်။ ဥတ္တမံ၊ အများ လောက သမုတ်ကြသော ဒိဋ္ဌ၊ သုတ၊ မုတမင်္ဂလာစသည်တို့ထက် ဆတက် လွန်ကျူး အထူးမြင့်မြတ်သော။ မင်္ဂလံ၊ လောကီလောကုတ္တရာ ချမ်းသာ ပွားကြောင်း ကောင်းမြတ်သော မင်္ဂလာမည်၏။

၃။ ဘောဒေဝပုတ္တ၊ အို . . . နတ်သား။ ဗာဟုသစ္စဥ္စ၊ များသော အကြားအမြင်နှင့်ပြည့်စုံရခြင်းသည် လည်းကောင်း။ သိပ္ပဥ္စ၊ လက်မှုပညာ အစ ရှိသော အပြစ်မရှိသောအတတ်တို့ကို တတ်ရခြင်းသည်ကောင်း။ သုသိက္ခိ တော၊ ကောင်းစွာ သင်အပ်သော။ ဝိနယော စ၊ အမိအဖတို့၌ ပြုရမည့်

အကျင့်ဝတ္တရားနှင့် ပြည့်စုံရခြင်းသည်လည်းကောင်း။ သုဘာသိတာ၊ နာဖွယ် အကျိုးလို ကောင်းစွာဆိုအပ်သော။ ယာဝါစာ စ၊ အကြင်စကားကောင်းသည် လည်းကောင်း။ ဧတံ၊ ဤတရားလေးပါးသည်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာမည်၏။

၄။ ဘောဒေဝပုတ္တ၊ အို . . . နတ်သား။ မာတာပိတု၊ အမိအဖကို။ ဥပဋ္ဌာနဥ္စ၊ လုပ်ကျွေးမွေးမြူပြုစုရခြင်းသည်လည်းကောင်း။ ပုတ္တဒါရဿ၊ သမီး နှင့် သား ကြင်မယားကို။ သင်္ဂဟော စ၊ သားသမီးဝတ်၊ မယားဝတ်ကို မချွတ် ယွင်းစေဘဲ ထောက်ပံ့ရခြင်းသည်လည်းကောင်း။ အနာကုလာ၊ အနှောင့် အယှက်မရှိကုန်သော။ ကမ္မန္တာစ၊ အမှုတို့ကို ပြုရခြင်းသည် လည်းကောင်း။ ဧတံ၊ ဤတရား သုံးပါးသည်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာမည်၏။

၅။ ဘောဒေဝပုတ္တ၊ အို . . . နတ်သား။ ဒါနဥ္စ၊ ပေးကမ်းစွန့်ကြဲခြင်းသည် လည်းကောင်း။ ဓမ္မစရိယာ စ၊ သုစရိုက်တရားတို့ကို ကျင့်ရခြင်းသည်လည်း ကောင်း။ ဉာတကာနံ၊ အဆွေအမျိုးတို့ကို။ သင်္ဂဟော စ၊ ကူညီထောက်ပံ့ ရခြင်းသည်လည်းကောင်း။ အနဝဇ္ဇာနိ၊ အပြစ်မဲ့ကင်း သန့်ရှင်းကုန်သော။ ကမ္မာနိ၊ ကာယကံမှု၊ ဝစီကံမှုနှင့်မနောကံမှုတို့သည်လည်းကောင်း။ ဧတံ၊ ဤတရား လေးပါးသည်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာမည်၏။

၆။ ဘောဒေဝပုတ္တ၊ အို . . . နတ်သား။ ပါပါ၊ မကောင်းမှုမှ။ အာရ တီစ၊ ဝေးစွာရှောင်ကြဉ်ရခြင်းသည်လည်းကောင်း။ ဝိရတီစ၊ အထူးရှောင် ကြဉ်ရခြင်းသည်လည်းကောင်း။ မဇ္ဇပါနာ၊ သေရည် သေအရက်တို့ကို သောက် ခြင်းမှ။ သံယမောစ၊ ကောင်းစွာ စောင့်ရှောက်ရခြင်းသည်လည်းကောင်း။ ဓမ္မေသု၊ ပုညကိရိယာတရားဆယ်ပါးတို့၌။ အပ္ပမာဒေါစ၊ မမေ့မလျော့ရခြင်း သည်လည်းကောင်း။ ဧတံ၊ ဤလေးပါးသောတရားသည်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာမည်၏။

၇။ ဘောဒေဝပုတ္တ၊ အို . . . နတ်သား။ ဂါရဝေါစ၊ ရိုသေထိုက်သောသူ တို့၌ ရိုသေရခြင်းသည်လည်းကောင်း။ နိဝါတောစ၊ နှိမ့်ချထိုက်သောသူတို့၌

နှိမ့်ချရခြင်းသည် လည်းကောင်း။ သန္တုဋ္ဌီစ၊ ရောင့်ရဲလွယ်ရခြင်းသည်လည်း ကောင်း။ ကတညုတာစ၊ ထမင်းတစ်လုတ်၊ ရေတစ်မှုတ်မျှ မ,စပေးဖူး၊ သူ့ကျေး ဇူးကို အထူးသိတတ်ရခြင်းသည်လည်းကောင်း။ ကာလေန၊ သင့်လျော် လျောက်ပတ်သောအခါ၌။ ဓမ္မဿဝနံ၊ သူတော်ကောင်းတရားကို နာကြား ရခြင်းသည်လည်းကောင်း။ ဧတံ၊ ဤတရားငါးပါးသည်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာ မည်၏။

၈။ ဘောဒေဝပုတ္တ၊ အို . . . နတ်သား။ ခန္တီစ၊ ချမ်းသာတွေ့သော်လည်း မတက်ကြွ၊ ဒုက္ခကြုံသော်လည်းမဖြုန်ဘဲသည်းခံနိုင်ခြင်းသည်လည်းကောင်း။ သောဝစဿတာ၊ ဆိုဆုံးမမှုကို နာခံလွယ်သူ၏အဖြစ်လည်းကောင်း။ သမဏာ နံ၊ ရဟန်းပုဏ္ဏားတို့ကို။ ဒဿနဉ္စ၊ ဖူးမြော်ရခြင်းသည်လည်းကောင်း။ ကာ လေန၊ သင့်တင့်လျောက်ပတ်သောအခါ၌။ ဓမ္မသာကစ္ဆာစ၊ တရားဆွေးနွေး မေးမြန်းရခြင်းသည် လည်းကောင်း။ ဧတံ၊ ဤလေးပါးသော တရားသည်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာမည်၏။

၉။ ဘောဒေဝပုတ္တ၊ အို . . . နတ်သား။ တပေါစ၊ ခြိုးခြံစွာ ကျင့် ရခြင်းသည်လည်းကောင်း။ ဗြဟ္မစရိယဉ္စ၊ မြတ်သောအကျင့်ကို ကျင့်ရခြင်း သည်လည်းကောင်း။ အရိယသစ္စာနံ၊ အရိယသစ္စာလေးပါးတို့ကို။ ဒဿနဉ္စ၊ ပြက်ပြက်ထင်ထင် ဉာဏ်၌မြင်ရခြင်းသည်လည်းကောင်း။ နိဗ္ဗာနသစ္ဆိကိရိယာစ၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုရခြင်းသည်လည်းကောင်း။ ဧတံ၊ ဤလေးပါးသော တရားသည်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာမည်၏။

၁၀။ ဘောဒေဝပုတ္တ၊ အို . . . နတ်သား။ လောကဓမ္မေဟိ၊ လောကဓံ တရားရှစ်ပါးတို့နှင့်။ ဖုဋ္ဌဿ၊ တွေ့ကြုံရသော။ ယဿ၊ အကြင်ရဟန္တာပုဂ္ဂိုလ် ၏။ စိတ္တံ၊ စိတ်သည်။ နကမ္ပတိ၊ မတုန်လှုပ်။ အသောကံ၊ စိုးရိမ်ခြင်းလည်း မရှိ။ ဝိရဇံ၊ ရာဂဟူသော မြူလည်းမရှိ။ ခေမံ၊ အတ္တာနုဝါဒဘေး ပရာနုဝါဒ ဘေးတို့မှလည်း ကင်းဝေ၏။ တဿ၊ ထိုရဟန္တာပုဂ္ဂိုလ်၏။ ဧတံ၊ ဤလေးပါး သော တရားသည်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာမည်၏။

၁၁။ ဘောဒေဝပုတ္တ၊ အို . . . နတ်သား။ ဧတာဒိသာနိ၊ ဤသို့သဘော ရှိကုန်သော။ အဋ္ဌတ္တိံသမင်္ဂလာနိ၊ သုံးဆယ့်ရှစ်ဖြာသော မင်္ဂလာတရားတို့ကို။ ကတွာန၊ ပြုကျင့်ရသောကြောင့်။ သဗ္ဗတ္ထ၊ ရောက်လေရာ၊ နေလေရာ အရပ် တကာတို့၌။ အပရာဇိတာ၊ လောကီလောကုတ္တရာတို့မှ ဆုံးရှုံးခြင်းမရှိ ကုန် သည်ဖြစ်၍။ သဗ္ဗတ္ထ၊ ရောက်လေရာ၊ နေလေရာအရပ်တကာတို့၌။ သောတ္ထိံ၊ ကောင်းမြတ်ချမ်းသာမင်္ဂလာနှင့် ပြည့်စုံခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ရကုန်၏။ တေသံ၊ ထိုမင်္ဂလာတရား တွေးကြံရှာမှီးနေသူ နတ်လူအပေါင်းတို့အား။ တံ၊ ထိုသုံး ဆယ့်ရှစ်ဖြာသော မင်္ဂလာတရား အပေါင်းသည်သာလျှင်၊ ဥတ္တမံ၊ မြတ် သော။ မင်္ဂလံ၊ မင်္ဂလာမည်၏။

ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဝေါစ၊ ဟောကြားတော် မူ၏။ ဣတိ၊ ဤသို့။ သုတံ၊ ကြားနာအပ်ပါ၏။

မင်္ဂလသုတ် ပါဠိတော်နိဿယ ပြီး၏။

ဤတွင် ပုံတော်စုံ သုံးဆယ့်ရှစ်ဖြာမင်္ဂလာဝတ္ထု

ပြီးပြီ။

* * *

# ဦးအောင်ညွှန့်ဝင်း၏ ထုတ်ဝေပြီး စာအုပ်များ

၁။ အစွမ်းထက်မြက်တန်ခိုးထက်သည့်
**အန္တရာယ်ကင်းပရိတ်တော်များ** (ဒီဇင်ဘာ၊ ၂၀၀၁)

၂။ မိလိန္ဒမင်းနှင့်အရှင်နာဂသိန်တို့၏
အမေးအဖြေများဖော်ပြထားသော
**မိလိန္ဒမင်း** (ဖေဖော်ဝါရီ၊ ၂၀၀၃)

၃။ အယူတော်မင်္ဂလာဦးနိုး၏
အတိတ်၊ နိမိတ်၊ တဘောင်၊ စနည်း၊ ဘဝေါ၊
**ပညာပေးလျှောက်ထုံးများ** (ဧပြီ၊ ၂၀၀၇)

၄။ နိပါတ်တော်လာ ဇာတ်တော်
**ငါးရာ့ငါးဆယ်အနှစ်ချုပ်** (မတ်၊ ၂၀၀၈)

၅။ ဗုဒ္ဓလောင်းလျာ၏ရင့်မာတစ်ကျိပ်ဘဝ
ဖြစ်တော်စဉ်များဖော်ပြထားသော
**ပုံတော်စုံဇာတ်တော်ကြီးဆယ်ဘွဲ့** (ဩဂုတ်၊ ၂၀၀၈)
**အနှစ်ချုပ်**

၆။ **ဓမ္မစကြာ**
အဓိပ္ပာယ်ရှင်းလင်းချက်နှင့်
အရှင်ကောဏ္ဍညအတ္ထုပ္ပတ္တိ (မတ်၊ ၂၀၀၉)

၇။ သက်တော်ထင်ရှားရှိစဉ် ၄၅-ဝါအတွင်း
ဟောကြားသည့် ဝတ္ထုနှင့် ဒေသနာများ ဖော်ပြထားသော
**ဓမ္မပဒဝတ္ထုတော်ကြီး အနှစ်ချုပ်** (ဇန်နဝါရီ၊ ၂၀၁၁)

၈။ ပုံတော်စုံ
**၃၈-ဖြာမင်္ဂလာဝတ္ထု** (၂၀၁၂)

# မင်္ဂလသုတ်နှင့်ရတနာရွှေကြုတ်

၃၈-ဖြာ မင်္ဂလာများဖော်ပြထားသော မင်္ဂလသုတ်ကို စိန်,ရွှေ,ငွေ, ရတနာအစုံတို့ထည့်ထားသည့် "ရတနာ"ရွှေကြုတ်နှင့်တူသည်ဟု ပညာရှင်တို့က ညွှန်းဆိုကြသည်။ ယင်းညွှန်းဆိုချက်နှင့်အညီ ဤစာအုပ်၏ ရှေ့အဖုံးကို ရတနာရွှေကြုတ်ဖြင့် ပုံဖော်ပြထားပါသည်။

ရတနာရွှေကြုတ်သည် လူသားတို့ တန်ဖိုးအထားဆုံး စိန်,ရွှေ,ငွေ, ပတ္တမြား စသည့်ရတနာစုံတို့ ထည့်ထားရာဖြစ်သကဲ့သို့ မင်္ဂလသုတ်သည်လည်း လောကသားအားလုံးတို့ အလေးထား ကျင့်သုံးရမည့် ၃၈-ဖြာမင်္ဂလာတို့ကို ဖော်ပြပေးထားသည့် ကျမ်းစာဖြစ်သည်။

၃၈-ဖြာ ဤမင်္ဂလာဝတ္ထုကား မင်္ဂလာတရားနှင့်အညီ နေထိုင်သူနှင့် မနေသူတို့ ရရှိနိုင်သည့် ကောင်းကျိုး-ဆိုးကျိုးများကို ရာဇဝင်၊ မဟာဝင်၊ ငါးရာ့ငါးဆယ်နှင့် ဓမ္မပဒစသည်တို့၌ ပါရှိသော ဝတ္ထုသက်သေ သာဓကတို့ကို ထုတ်နုတ်ရေးသားဖော်ပြထားသည့် စာအုပ်ဖြစ်သည်။

ဤမင်္ဂလာတို့ကို လိုက်နာကျင့်သုံးသူ မည်သူမဆို
မင်္ဂလာရှိမည်၊ ကျက်သရေရှိမည်၊ ကောင်းကျိုးအဖြာဖြာတို့
ရရှိမည်။ သို့အတွက် ပထမ မင်္ဂလာတရားတို့ကို သိရှိအောင်
ကြိုးစားပါ။ သိရှိပြီးလျှင် မင်္ဂလာတရားနှင့်အညီ နေထိုင်ကျင့်သုံးပါ။

ခင်ချိုထွန်း စာပေ
အမှတ်-၈၆၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။